ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁









၂၀၁၆ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန

# အမျိုးသားပညာရေး
# မဟာဗျူဟာစီမံကိန်း
## ၂၀၁၆ - ၂၀၂၁

ဥယျောဇဉ်
စာမျက်နှာ ၄

ကျေးဇူးတင်လွှာ
စာမျက်နှာ ၆

ES
အစီရင်ခံစာအနှစ်ချုပ်
စာမျက်နှာ ၈

၁
မြန်မာ့ပညာရေးစနစ်၏ ယေဘုယျ နောက်ခံ အခြေအနေ
စာမျက်နှာ ၃၂

၃
အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက် အပြောင်းအလဲများ
စာမျက်နှာ ၆၆

၅
မူကြိုနှင့်သူငယ်တန်းပညာရေး
စာမျက်နှာ ၇၈

၇
အခြေခံပညာသင်ရိုးညွှန်းတမ်း
စာမျက်နှာ ၁၂၆

၉
ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှု
စာမျက်နှာ ၁၅၆

၁၁
ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး
စာမျက်နှာ ၁၇၄

၁၃
စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့်အရည်အသွေး အာမခံမှု
စာမျက်နှာ ၂၂၆














၂
ပညာရေးကဏ္ဍစီမံခန့်ခွဲမှုများ
စာမျက်နှာ ၄၈





၅
၂၁ ရာစုအတွက် အခြေခံပညာ
ပြုပြင်ပြောင်းလဲမှုများ
စာမျက်နှာ ၉၄





၆
အခြေခံပညာရေး-
အခွင့်အလမ်း၊
အရည်အသွေးနှင့်
လူတိုင်းအကျုံးဝင်မှု
စာမျက်နှာ ၁၁၀





၈
ပညာရည်စစ်ဆေး
အကဲဖြတ်ခြင်းနှင့်
စာမေးပွဲများကျင်းပခြင်း
စာမျက်နှာ ၁၄၂





၁၁
နည်းပညာနှင့်သက်မွေး
ပညာရေးနှင့်လေ့ကျင့်ရေး
စာမျက်နှာ ၁၉၀

၁၂
အဆင့်မြင့်ပညာရေး
စာမျက်နှာ ၂၀၈





၁၄
အမျိုးသားပညာရေး
မဟာဗျူဟာစီမံကိန်းအတွက်
ဘဏ္ဍာငွေထောက်ပံ့ခြင်း
စာမျက်နှာ ၂၅၂





နောက်ဆက်တွဲများ၊
အတိုကောက်
စကားလုံးများနှင့်
ကျမ်းကိုးစာရင်း
စာမျက်နှာ ၂၇၄

# ဥယျောဇဉ်



လာမည့် (၅)နှစ်တာကာလအတွင်း ကျောင်းသားများ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာပညာသင်ယူမှုရရှိနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးစနစ်ကို အဓိကထားပြောင်းလဲပေးရပါမည်။ ထိုကဲ့သို့ပြောင်းလဲပေးရာတွင် အရည်အသွေးနှင့် သာတူညီမျှမှုရှိပြီး ကလေးများနှင့် လိုက်လျောညီထွေမှုရှိသော ပညာရေးစနစ်သည် မရှိမဖြစ်လိုအပ်လာပါသည်။ သို့မှသာ ကလေးများအနေဖြင့် အသိပညာသစ်များနှင့် တတ်ကျွမ်းမှုများ၊ တီထွင်ဖန်တီးခြင်းနှင့် ဆန်းစစ်ဝေဖန်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် ကျင့်ဝတ်များရရှိကာ မိမိတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများကို ရွေးချယ်တတ်လာစေခြင်းဖြင့် ၂၁ရာစု မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်မည် ဖြစ်ပါသည်။

ပညာရေးဟူသည်မှာ မွေးဖွားချိန်မှ အစပြုကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူရမည့် အရာဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရင်းအနှီးဖြစ်ပါသည်။ ခေတ်မီလုပ်သား ဈေးကွက်များ၌ ယှဉ်ပြိုင်နိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများရှိသည့် လူငယ်များဖြစ်လာစေရန် တီထွင်ဖန်တီးမှု အခွင့်အလမ်းများပေးကာ ဆန်းသစ်တီထွင်မှုများကို ဖြစ်ပေါ်စေခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသော မောင်းနှင်အားတစ်ရပ် ဖြစ်ပါသည်။

ပညာရေးသည် ဆင်းရဲမွဲတေမှုကိုလျှော့ချ၍ သာတူညီမျှမှုရှိစေခြင်း၊ မိသားစုဝင်ငွေမြင့်မားစေခြင်း၊ တစ်ဦးချင်းစီနှင့် မိသားစုကျန်းမာရေးမြှင့်တင်ပေးခြင်း၊ လူမှုအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်း၊ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးတည်ဆောက်မှုလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

အရည်အသွေးရှိသော အမျိုးသားပညာရေးစနစ်၏အကျိုးသက်ရောက်မှုများကို အပြည့်အဝသိရှိနားလည်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁) ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းသည် လာမည့် (၅)နှစ်တာကာလအတွင်း ပညာရေးစနစ်တစ်ခုလုံးကို ပြုပြင်ပြောင်းလဲပေးမည့်ဘက်စုံလွှမ်းခြုံနိုင်သောအထောက်အထားများအပေါ်တွင် အခြေပြုထားသည့် လမ်းပြမြေပုံဖြစ်ပါသည်။

လာမည့်နှစ်များအတွင်း အစိုးရ၏ အဓိကပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအနက် ဝေးလံဒေသများတွင်ရှိသော ကလေးများအပါအဝင် ကလေးအားလုံးအတွက် ကစားခြင်းကို ဗဟိုပြုသည့်အရည်အသွေးရှိ၍ ကျန်းမာရေးနှင့် ညီညွတ်သော မူကြိုနှင့် သူငယ်တန်းပညာရေးကို ဦးစားပေး၍ စတင်အကောင်အထည် ဖော်ပါမည်။ မူကြိုနှင့် သူငယ်တန်းပညာရေးဟုဆိုရာ၌ ၃ နှစ် မှ ၆ နှစ် အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ ဘာသာစကား၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

အခြေခံပညာရေးနှင့်ပတ်သက်၍ ကလေးအားလုံး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ပညာရေးကို အောင်မြင်စွာပြီးမြောက်ပြီး ဆီလျော်မှုရှိသော သင်ယူမှုဆိုင်ရာ တတ်ကျွမ်းမှုများကို ရရှိအောင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ အခြေခံပညာရေးသည် ကလေးများအား နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သို့မဟုတ် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူနိုင်မည့်ခိုင်မာသည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ တက္ကသိုလ်ပညာကိုသာ အဆင့်မြင့်ပညာဟု ယူဆမှုကို ပြောင်းလဲရပါမည်။

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာ သင်ယူမှုအခွင့်အလမ်း နည်းပါးသော မသန်စွမ်းကလေးများ၊ နွမ်းပါးသောကလေးများ၊ ဝေးလံဒေသများမှ ကလေးများအတွက် ရည်ရွယ်သည့် ပညာရေးအစီအစဉ်များလည်း လိုအပ်လျက်ရှိပါသည်။

ထို့အတူ အခြေခံပညာသင်ရိုးညွှန်းတမ်းကို ၂၁ ရာစု အသိပညာနှင့် ကျွမ်းကျင်မှုများ အလေးပေးကာ ပြန်လည်ပြုပြင်မွမ်းမံ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော် ဆောင်ရွက်မှုအဆင်ပြေချောမွေ့စေရန် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်သင် ဆရာများအားလုံးကို အရည်အသွေးရှိ လုပ်ငန်းခွင်သင်တန်းများပေးပြီး အနီးကပ်လေ့လာခြင်းဖြင့် ကြီးကြပ်ပေးရပါမည်။


ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေးရှိပြီး လက်လှမ်းမီသော ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်ဖြင့် ပညာရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခဲ့သည့် လူငယ်များ၊ အရွယ်ရောက်သူများ၏ လူမှုဘဝ အရည်အသွေးမြင့်မားရေးအတွက် ကြိုးစားရပါမည်။

နိုင်ငံ၏လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်သည့် ကမ္ဘာ့အဆင့်အတန်းမီသော ပညာရေးစနစ် ဖြစ်လာစေရန် သုတေသနလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုများကို အလေးထားပြီး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါသည်။

အမျိုးသားစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေးမြင့်မားစေရန် စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်ပေးရပါမည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များနှင့် ကျောင်းသားများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များ ဖြည့်ဆည်းပေးရန် လိုအပ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးကဏ္ဍများနှင့် လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အမျိုးသားပညာရေးစနစ် ရေရှည်ဖွံ့ဖြိုးတိုးတက်မြင့်မားရန် ကျောင်းများနှင့်ပညာသင်ယူရာဌာနများတွင် အရည်အသွေး အာမခံမှုစနစ်တစ်ရပ် ထားရှိရမည်ဖြစ်ပါသည်။ ထိုစနစ်သည် အမျိုးသားပညာရေးအရည်အသွေး အဆင့်အတန်းမီစေပြီး သင်ကြားသင်ယူမှုအပိုင်းကို တိုးတက်မြင့်မားစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့ပြင် နည်းပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းများ၊ သင်တန်းဌာနများနှင့် တက္ကသိုလ်များမှ ဦးဆောင်သူများ၏အရည်အသွေးကို မြှင့်တင်ပေးမည့် သင်တန်းအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကလေးများ၏ပညာရေး၊ ၎င်းတို့ပတ်ဝန်းကျင်၌ရှိသော ကျောင်းများနှင့်ပညာသင်ယူရာဌာနများတွင် မိဘများ တက်ကြွစွာပါဝင်လာရန် ပံ့ပိုးကူညီရပါမည်။ အမျိုးသားပညာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများက ပံ့ပိုးကူညီနိုင်မည့် နည်းလမ်းများ ထားရှိရပါမည်။

နိဂုံးချုပ်အနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းသားများ၊ မိဘများ၊ ဆရာများ၊ ကျောင်းများတွင် ဦးဆောင်သူများ၊ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှမိတ်ဖက်အဖွဲ့အစည်းများအား ပညာရေးဝန်ကြီးဌာနနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုလိုပါသည်။ ဤစီမံကိန်းသည် အမျိုးသားပညာရေးစနစ်တစ်ခုကို ပြုပြင်ပြောင်းလဲပေးမည့်အစီအစဉ်ဖြစ်ပြီး ကျောင်းများနှင့် ပညာသင်ယူရာဌာနများ၏ သင်ကြားသင်ယူမှုများကို တိုးတက်မြင့်မားစေရန်အတွက် အထောက်အကူပြုမည့် စီမံကိန်းဖြစ်ပါသည်။



**ဒေါ်အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကျေးဇူးတင်လွှာ



လွန်ခဲ့သော (၃)နှစ်ခွဲတာကာလအတွင်း ပညာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ အမျိုးသားအကြံပေးပညာရှင်များ၊ နိုင်ငံတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ ပံ့ပိုးမှုဖြင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားလူငယ်လူရွယ်များ၏ အလုပ်အကိုင်နှင့် ဘဝတစ်သက်တာ သင်ယူမှုဆိုင်ရာ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ပညာရေးအခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း၏ အဓိကအောင်မြင်မှုတစ်ရပ်မှာ ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်းဆွေးနွေးပြီး အထောက်အထားအခြေပြု ဘက်စုံလွှမ်းခြုံမှုရှိသည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) တစ်ခု ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ဤစီမံကိန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားအတွက် ပညာရေးကဏ္ဍအတွင်း အနှစ်သာရရှိပြီး တိုင်းတာသိရှိနိုင်သည့်အပြောင်းအလဲများဖြစ်ပေါ်စေရန် သက်ဆိုင်သူအားလုံး စုပေါင်းကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ပါသည်။

မြန်မာ့ပညာရေးစနစ်၏ရည်ရွယ်ချက်မှာ ကျောင်းသားများ၊ သင်ယူသူ လူငယ်လူရွယ်များကို ၂၁ ရာစုအတွက် လိုအပ်သောအသိပညာနှင့် ကျွမ်းကျင်မှုများ တတ်မြောက်လာစေရန်ဖြစ်ပါသည်။ နောင်လာမည့်နှစ်များအတွင်း ကျောင်းသားလူငယ်များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စွမ်းရည်ကို အပြည့်အဝအသုံးချနိုင်ရေးနှင့် ဘဝတစ်လျှောက်လုံးပညာသင်ယူလိုစိတ်ဖြစ်ထွန်းလာစေရေးတို့အတွက် သင်ယူမှုအခွင့်အလမ်းသာတူညီမျှမှုရှိပြီး အရည်အသွေးရှိသောပညာရေးစနစ်တစ်ခုကို ထူထောင်ရန် ရည်ရွယ်မျှော်လင့်ထားပါသည်။ ပညာရေးစနစ်သည် နိုင်ငံသားတိုင်းသင်ယူတတ်မြောက်ရန် သတ်မှတ်ထားသည့် အမျိုးသားအဆင့် အနိမ့်ဆုံးစံသတ်မှတ်ချက်များကိုပြည့်မီခြင်း၊ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်ရန်နှင့် တီထွင်ဖန်တီးစိတ်ကူးနိုင်ရန် သင်ယူခြင်း၊ လူမှုအဖွဲ့အစည်းအတွင်း တစ်ဦးကိုတစ်ဦး ကူညီပေးနိုင်သည့် ဦးဆောင်မှုစွမ်းရည်ရှိလာခြင်းနှင့် နိုင်ငံသားအားလုံး၏ ရပိုင်ခွင့်နှင့်တာဝန်များကို နားလည်မှုရှိပြီး လေးစားလိုက်နာဖြည့်ဆည်းပေးနိုင်ခြင်း စသည်တို့ကို ဖြစ်ထွန်းစေသည့် စနစ်တစ်ခု ဖြစ်ရပါမည်။

လွန်ခဲ့သော (၃)နှစ်ခွဲတာကာလအတွင်း ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့် (၃)ဆင့်ကိုအောင်မြင်မှုရရှိအောင် နေ့မအားညမနားကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင် တန်ဖိုးရှိသည့် မဟာဗျူဟာမြောက်အကြံဉာဏ်များ ပံ့ပိုးပေးခဲ့ကြသော အမျိုးသားအကြံပေးပညာရှင်များကိုလည်း ကျေးဇူးတင်ပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၂ ခုနှစ်မှအစပြုကာ နည်းပညာ၊ ဘဏ္ဍာငွေနှင့် အခြားပံ့ပိုးမှုများကိုရေရှည်ပံ့ပိုးပေးခဲ့ကြသည့် ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်များကို လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းလည်း ဖော်ပြလိုပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက် ယခုအခါ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ရေးအတွက် အတူတကွအာရုံစိုက်၍ ပူးပေါင်းဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတစ်ဝန်းလုံးရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများထံမှ ပံ့ပိုးမှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရတော့မည်လည်းဖြစ်ပါသည်။ နောင်လာမည့် (၅)နှစ်အတွင်း ဤကဲ့သို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ပညာရေးစနစ်ကို ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်ရှိမှု၊ ထိရောက်မှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် ပြုပြင်ပြောင်းလဲနိုင်ပြီး သင်ယူတတ်မြောက်မှုစံနှုန်းများ ပိုမိုမြင့်မားလာစေနိုင်မည်ဟု ယုံကြည်ပါသည်။




**ဒေါက်တာမျိုးသိမ်းကြီး**
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ES

# အစီရင်ခံစာအနှစ်ချုပ်






၁

# အစီရင်ခံစာအနှစ်ချုပ်

## နိဒါန်း

ယနေ့ကမ္ဘာ့စီးပွားရေးလောကတွင် နိုင်ငံတစ်နိုင်ငံ၏အောင်မြင်မှုသည် အခြေခံအားဖြင့် ထိုနိုင်ငံရှိနိုင်ငံသားများ၏ အသိပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများပေါ်တွင် အဓိကမူတည်လျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် ဦးစားပေး ရင်းနှီးမြှုပ်နှံသော နိုင်ငံများသည် လူမှုရေး၊ စီးပွားရေးကြွယ်ဝဖွံ့ဖြိုးတိုးတက်ခြင်းကဲ့သို့သော ကြီးမားသည့်ရေရှည်အကျိုးဖြစ်ထွန်းမှုများကို ရရှိခံစားကြပါသည်။

ပညာရေးသည် နိုင်ငံသားတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရန် အခွင့်အလမ်းများ ဖန်တီးပေးပြီး မိမိတို့ရပ်ရွာဒေသအသိုက်အဝန်းတွင် အောင်မြင်သောသူများဖြစ်လာရုံသာမက အမျိုးသားလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ပံ့ပိုးကူညီပေးပါသည်။ မြန်မာ့လူမှုဝန်းကျင်တွင် ပညာရေးသည် လူမှုရေးဆိုင်ရာအဆင့်ဆင့်တိုးတက်ပြောင်းလဲမှု (social mobility) အတွက် အဓိက ဖော်ဆောင်ပေးသကဲ့သို့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိက အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်လက်ခံထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်ကို အထောက်အကူပြုရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအနေဖြင့်ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံဖြစ်လာရေးဟူသည့် အမျိုးသားရည်မှန်းချက်ကိုပါ ပေါက်မြောက်အောင်မြင်စေရန်အတွက် အဓိကတွန်းအားနှစ်ရပ်အဖြစ် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို သတ်မှတ်ထားပါသည်။

မကြာမြင့်သေးသည့်ကာလများအတွင်း ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ကျောင်းသားများ၊ မိဘများ၊ လုပ်ငန်းရှင်များအပါအဝင် နိုင်ငံသားများ၏ မျှော်မှန်းချက်များ မြင့်မားလာခြင်းကြောင့် ပြည်သူလူထုသည် မြန်မာ့အမျိုးသားပညာရေးစနစ်နှင့် စပ်လျဉ်း၍ စိစစ်သုံးသပ်မှုများနှင့် ဝေဖန်ဆွေးနွေးမှုများကို တိုးမြှင့်ပြုလုပ်လာကြပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် မူကြို၊ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေးစသည့် ပညာရေးကဏ္ဍ အသီးသီး၌ အခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှရှိမှုတို့ တိုးတက်စေရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။ နောင်လာမည့်နှစ်များအတွင်းတွင် အမျိုးသားပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် အရေးပါသောအပြောင်းအလဲများလိုအပ်သည်ဟု ကျယ်ပြန့်သော သဘောတူညီမှု တစ်ရပ်ရှိပါသည်။ ထိုအပြောင်းအလဲများက ကျောင်းသားများသည် ပညာရေးခရီးလမ်းကြောင်း၌ အဆင့်ဆင့် တိုးမြှင့်သင်ယူကာ အရည်အသွေးရှိသော သင်ယူမှုစံသတ်မှတ်ချက်များနှင့်အညီ ပေါက်မြောက်အောင်မြင်စေပြီး အသက်မွေးဝမ်းကျောင်းနှင့် ဘဝတစ်သက်တာသင်ယူမှုဆိုင်ရာပန်းတိုင်နှင့် မျှော်မှန်းချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

အဆိုပါမျှော်လင့်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ပညာရေးဝန်ကြီးဌာနသည် (၃)နှစ်ခွဲတာ ကာလအတွင်း အချိန်တိုအတွင်းအကဲဖြတ်ခြင်း (အဆင့်-၁)၊ အသေးစိတ် လေ့လာဆန်းစစ်ခြင်း (အဆင့်-၂)နှင့် အထောက်အထားအခြေပြုကုန်ကျစရိတ် လျာထားချက်ပါဝင်သော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) (National Education Strategic Plan-NESP) ရေးဆွဲခြင်း(အဆင့်-၃) စသည့် အဆင့်(၃)ဆင့်ပါသော ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း(Comprehensive Education Sector Review-CESR)ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် အမျိုးသားပညာရေးစနစ်ရှိ အဆင့်တိုင်း၌ ကျောင်းသားများအတွက် အရည်အသွေးပြည့်ဝသော ပညာရေးအခွင့်အလမ်းရရှိမှုကို အထူးမြှင့်တင်ပေးမည့် အစီအမံဖြစ်သည်။ ဤအမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းသည် လာမည့် (၅)နှစ်တာကာလအတွင်း ကဏ္ဍအလိုက်ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် နိုင်ငံတော်အစိုးရ၊ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများနှင့် ပြည်သူတစ်ရပ်လုံးအတွက် အသေးစိတ်လမ်းပြမြေပုံ (road map) တစ်ရပ်လည်းဖြစ်ပါသည်။

## အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်

ပညာရေးဝန်ကြီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အကုန်တွင် **“ကျောင်းများနှင့် ပညာသင်ယူရာ ဌာနအားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများဖြစ်ထွန်းလာစေရေး”** ဟူသော ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်မည်ဟု သတ်မှတ်ထားပါသည်-

အဆိုပါ ရည်မှန်းချက်ပန်းတိုင်ထားရှိရခြင်း၏ အဓိကအကြောင်းရင်း (၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) မိဘနှင့်ကျောင်းသားများ၏ မျှော်မှန်းချက်များ မြင့်မားခြင်း

အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းနှင့် စပ်လျဉ်းသော ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရာ၌ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူအားလုံး၏ သဘောတူညီချက်တစ်ရပ်မှာ မိဘများသည် အမျိုးသားပညာရေးစနစ်၏အဆင့်တိုင်းတွင် ၎င်းတို့သားသမီးများ၏ သင်ယူတတ်မြောက်မှုများကို သိသာထင်ရှားစွာ တိုးတက်ရန်လိုလားနေခြင်းဖြစ်ပါသည်။အဆိုပါမျှော်မှန်းချက်များကိုဖြည့်ဆည်းပေးသည့်အနေဖြင့် လာမည့် (၅)နှစ်တာကာလအတွင်း မူကြိုကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် ပညာသင်ယူရာဌာနများအားလုံးမှ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအမျိုးမျိုး၊ ဆန်းသစ်သော မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။



### (ခ) အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းပါ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာများသည် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေခြင်း

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာများသည် အဓိက နေရာမှ ပါဝင်ရမည့်သူများဖြစ်ကြောင်း နိုင်ငံတွင်းနှင့် နိုင်ငံတကာသုတေသန အထောက်အထားများက အလေးပေးဖော်ပြထားပါသည်။ ဥပမာ - အခြေခံပညာရေးမှ ဆရာများသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ အကောင် အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သကဲ့သို့ ဆရာနှင့် ကျောင်းသား အပြန်အလှန်ဆက်သွယ်မှုရှိသော သင်ကြားနည်းအတတ်ပညာများနှင့် အကဲဖြတ်ခြင်းစနစ်အသစ်ကို အကောင်အထည်ဖော်ကျင့်သုံးရာတွင်လည်း ပါဝင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဆရာများသည် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း ရည်မှန်းချက်ပန်းတိုင်၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်မည် ဖြစ်ပါသည်။

### (ဂ) မြန်မာနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေးတို့သည် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်ခြင်း

လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရန် မြန်မာ့စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေးမြင့်မားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် အထူးလိုအပ်သည်။ လာမည့်နှစ်များတွင် စိုက်ပျိုးရေး၊ စွမ်းအင်၊ ကုန်ထုတ်လုပ်မှု၊ သတင်းအချက်အလက် နည်းပညာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်း၊ ဆောက်လုပ်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ကျွမ်းကျင် လုပ်သားများစွာ လိုအပ်လာပါမည်။ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်သည် သင်ယူသူများအား မိမိတို့၏အလုပ်အကိုင်ဆိုင်ရာ မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးပြုလာနိုင်စေမည့် အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုများ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

အဆင့်မြင့်ပညာရေးသည် အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍနှင့် စက်မှုလက်မှု လုပ်ငန်းတို့အတွက် လိုအပ်သော အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ် (Human Capital)ကို ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပါသည်။ အဆင့်မြင့်ပညာ ကျောင်းများအနေဖြင့် ကမ္ဘာ့တစ်ဝန်းစီးပွားရေးယှဉ်ပြိုင်မှုများပြားသည့် လူမှုဝန်းကျင် တွင် လိုအပ်သော သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ဆန်းသစ်တီထွင် ဖန်တီး နိုင်သော တွေးခေါ်ကြံဆမှုများ ပြုစုပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။

## အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက် ပန်းတိုင်ကို ပေါက်မြောက် အောင်မြင်စေနိုင်မည့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ ပုံ (၁)တွင် ဖော်ပြထားပါသည်။ မဟာဗျူဟာမြောက်အပြောင်းအလဲဆိုသည်မှာ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေး ကဏ္ဍ တစ်ခုချင်းစီ၏ ရည်ရွယ်ထားသော အနာဂတ်အခြေအနေကို ဖော်ပြထားသည့် မျှော်မှန်းချက်ဖြစ်ပါသည်။

အရေးကြီးဆုံးအနေဖြင့် မဟာဗျူဟာမြောက် အပြောင်းအလဲ (၉)ရပ်သည် “လူသားအားလုံး အကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာ သင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး” ဟူသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် - ၄ (Sustainable Development Goal - 4)ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေါက်မြောက်အောင်မြင်နိုင်ရန် သိသာထင်ရှားစွာ အထောက်အကူပြုပါမည်။

**ပုံ (၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ(၉)ရပ်**





## အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ အဓိကကဏ္ဍခွဲများ

မဟာဗျူဟာမြောက်အပြောင်းအလဲ(၉)ရပ်ကို ပေါက်မြောက်အောင်မြင်စေရန် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများရှိ တာဝန်ယူဆောင်ရွက်ရမည့် ဦးစီးဌာနများသည် အပြန်အလှန်ဖြည့်ဆည်းမှုရှိသည့် မဟာဗျူဟာများနှင့် အစီအစဉ်များကို ကဏ္ဍအားလုံးလွှမ်းခြုံပြီး ကောင်းစွာပေါင်းစပ်ညှိနှိုင်းလျက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။ ပညာရေးကဏ္ဍအတွင်း နိုင်ငံတော်အစိုးရနှင့် အလှူရှင်များ၏ ပံ့ပိုးမှုကို ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် အဆိုပါ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုသည် အရေးကြီးပါသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်တွင် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို အကောင်အထည်ဖော်ရာတွင် ပေါက်မြောက်အောင်မြင်စေနိုင်မည့် ကဏ္ဍအလိုက် မဟာဗျူဟာများ၊ အစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်များကို အောက်တွင်ဖော်ပြထားပါသည်-

### မူကြိုနှင့် သူငယ်တန်းပညာရေး

နိုင်ငံတော်အစိုးရသည်အမျိုးသားအဆင့်စီးပွားဖွံ့ဖြိုးမှုတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ဆဲ လူမှုရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အဓိက အစိတ်အပိုင်းတစ်ခုအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အရည်အသွေးရှိသော မူကြိုနှင့်သူငယ်တန်းပညာရေး အခွင့်အလမ်းများကို တိုးမြှင့်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါသည်။ စီးပွားရေး ပညာရှင်များ၊ ကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ လူမှုရေးမူဝါဒဆိုင်ရာ သုတေသနပညာရှင်များက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဝန်ဆောင်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အဓိကရင်းနှီးမြှုပ်နှံမှုများထဲမှ တစ်ခုဖြစ်ကြောင်းနှင့် ထိုသို့ရင်းနှီးမြှုပ်နှံခြင်းသည် တခြားပညာရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းကိုလည်း ပိုမို၍ အကျိုးသက်ရောက်မှုမြင့်မားစေသည်ဟု သတ်မှတ်ကြပါသည်။

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၏ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(ပ)တွင် "ရှေးဦးအရွယ် ကလေးသူငယ် ပညာရေးဆိုသည်မှာ မွေးစမှအသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသော နည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုသည်။" အခန်း(၁) ပုဒ်မ ၂၊ပုဒ်မခွဲ (ဇ)တွင် " မူကြိုပညာရေးဆိုသည်မှာ အသက် သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးနှင့် အခြေခံပညာဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင် ပေးသော ပညာရေးကိုဆိုသည်။" အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (တ)တွင် "သူငယ်တန်း ပညာရေးဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်ငါးနှစ် ပြည့်ပြီးကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်" ဟု ဖော်ပြထားပါသည်။ အခန်း (၅) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)တွင် "သူငယ်တန်းပညာရေးကို မူလတန်းအဆင့် ပညာရေး၏ အခြေခံအတန်းအဖြစ် သတ်မှတ်သည်" ဟု ဖော်ပြထားသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ မူကြိုပညာရေးဆိုင်ရာ အခွင့်အလမ်းများသည်အာရှပစိဖိတ်ဒေသရှိ နိုင်ငံအများစုနှင့်နှိုင်းယှဉ်လျှင် များစွာနောက်ကျလျက်ရှိပါသည်။ အရည်အသွေးရှိသော မူကြိုနှင့် သူငယ်တန်းပညာရေးဆိုင်ရာ အခွင့်အလမ်း ရရှိမှု အကန့်အသတ်ဖြင့်သာရှိနေခြင်းကြောင့် ကလေးများကျောင်းတက်ရန် အဆင်သင့်ဖြစ်ရေး၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုရလဒ်မြင့်မားရေး၊ ရပ်ရွာလူထု၏ ကောင်းကျိုးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးသက်ရောက်မှုတို့ကို ထိခိုက်စေပါသည်။

မူကြိုနှင့်သူငယ်တန်းပညာရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ဇယား (၁)တွင် ဖော်ပြထားပါသည်။

**ဇယား (၁) မူကြိုနှင့် သူငယ်တန်းပညာရေးဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကလေးသူငယ်တိုင်း အရည်အသွေးရှိ မူကြိုနှင့် သူငယ်တန်း(KG) ပညာသင်ယူခွင့်ရရှိခြင်းဖြင့် ၎င်းတို့၏ လေ့လာသင်ယူမှုလမ်းကြောင်း တစ်လျှောက်လုံးအတွက် အစကောင်းစေမည်။ | | | |
|---|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>မူကြိုဝန်ဆောင်မှုဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၂)**<br>ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ ကလေးများအတွက် မူကြိုဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ(၃)**<br>မူလတန်းကျောင်းသို့ ဝင်ရောက်မည့် ကလေးများကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးရန် မူကြိုကျောင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း။ | **မဟာဗျူဟာ(၄)**<br>အရည်အသွေးရှိ သူငယ်တန်း ပညာရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | မူကြိုကော်မတီများ၏ မူကြိုဝန်ဆောင်မှုများအပေါ် ပိုမိုကောင်းမွန်သည့် အုပ်ချုပ်မှုနှင့်ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မူကြိုပညာရေးကို ထိရောက်စွာဆောင်ရွက်ခြင်း။ | ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များ အရည်အသွေးရှိ မူကြိုဝန်ဆောင်မှု အခွင့်အလမ်း ပိုမိုရရှိလာခြင်း။ | အရည်အသွေးပြည့် မူကြိုသင်ယူခွင့်ရရှိသော ကလေးများသည် သူငယ်တန်းတွင် သင်ယူရန် ပိုပြီး အဆင်သင့်ဖြစ်ခြင်း။ | သူငယ်တန်းပြီးမြောက်ပြီးကလေးများသည် ပထမတန်းသို့ အောင်မြင်စွာ ကူးပြောင်းနိုင်ခြင်း။ |

## ၂၁ ရာစုအတွက် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ

အခြေခံပညာကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရမည့် အဓိကနယ်ပယ်များ ဖြစ်သည့် (က)အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ (ခ) သင်ရိုးညွှန်းတမ်း၊ (ဂ) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း၊ (ဃ) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုစသည့် နယ်ပယ်များအကြား အပြန်အလှန် အမှီသဟဲရှိမှုနှင့်ဖြည့်စွက်ပံ့ပိုးမှုတို့ကို အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင် ပုံ (၂) တွင် ဖော်ပြထားပါသည်။ ထို့ပြင် ဤအညွှန်းဘောင်တွင် အရေးကြီးသည့် လမ်းညွှန်အခြေခံမှု (၄)ရပ်ကို အလေးပေးဖော်ပြထားပါသည်။

### အခြေခံမှု(၁) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အစီအစဉ်များကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို အမြင့်မားဆုံး တိုးတက်စေခြင်း

ဤအခြေခံမှုသည် အခြေခံပညာရေး- အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတို့ရှိ မဟာဗျူဟာမြောက်ပြုပြင်ပြောင်းလဲမှုများကို လာမည့်(၅)နှစ်တာကာလအတွင်း ထိရောက်မှုရှိသည့် အစီအစဉ်တကျ ညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးပေးဖော်ပြထားပါသည်။ အဆိုပါကဏ္ဍများရှိ ပြုပြင်ပြောင်းလဲမှုများသည် အပြန်အလှန်ချိတ်ဆက်နေသောကြောင့် ၎င်းတို့ကို အပြည့်အဝ ဟန်ချက်ညီမျှမှုရှိသော ချဉ်းကပ်နည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### အခြေခံမှု (၂) ကျောင်းသားများ၏ သင်ယူမှုတိုးတက်ကောင်းမွန်စေရန် တက်ကြွပြီး အပြန်အလှန်တာဝန်ခံ၊ တာဝန်ယူမှုရှိစေခြင်း

အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် အမျိုးသားပညာရေးစနစ် အဆင့်အားလုံးရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ တက်ကြွပြီး အပြန်အလှန်တာဝန်ခံ၊ တာဝန်ယူမှုရှိစေခြင်း အပေါ်တွင် မူတည်နေသည်။ ဥပမာအားဖြင့် မြို့နယ်ပညာရေးမှူးများသည် ကျောင်းများရှိ သင်ကြားသင်ယူမှု တိုးတက်ကောင်းမွန်စေရေးအတွက် ကျောင်းအုပ်များကို တာဝန်ခံကြပ်မတ်သည့်နည်းတူ ကျောင်းအုပ်များကလည်းဆရာများအတွက် အရည်အသွေးရှိ လုပ်ငန်းခွင်သင်တန်းများနှင့် ကျောင်းထောက်ပံ့ကြေးများရရှိရေးတို့ကို မြို့နယ်ပညာရေးမှူးများထံမှ တောင်းဆိုရမည်ဖြစ်ပါသည်။

### အခြေခံမှု (၃) မြို့နယ်နှင့် ကျောင်းအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုခြင်း

အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းများတွင် ပြောင်းလဲမှုများပြုလုပ်နိုင်ရန် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများအား ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များ ပိုမိုအပ်နှင်းထားရန် လိုအပ်ပါသည်။ ထို့ပြင် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျောင်းများကို ပံ့ပိုးနိုင်ရန် မြို့နယ်အဆင့် ပညာရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား လုပ်ပိုင်ခွင့်ပေးရန် လိုအပ်ပါသည်။


### အခြေခံမှု(၄) အခြေခံပညာပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုရန် ကျောင်းများကို လုပ်ပိုင်ခွင့်ပေးသော နည်းလမ်းများ ဖော်ထုတ်ခြင်း

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ရေရှည်တည်တံ့စေရန်နှင့် အထောက်အကူပြုနိုင်ရန်အတွက် ကျောင်းများကို လုပ်ပိုင်ခွင့်ပေးသောနည်းလမ်းများအဖြစ် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းအရည်အသွေးအာမခံမှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျောင်းအရည်အသွေး ထောက်ပံ့ကြေးတို့ကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်တွင် ဖော်ပြထားသော အခြေခံမှု(၄)ရပ် ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန် ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ဇယား (၂)တွင် ဖော်ပြထားပါသည်။

ဇယား (၂) ၂၁ ရာစုအတွက် အခြေခံပညာပြုပြင်ပြောင်းလဲမှုများဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကလေးအားလုံး အရည်အသွေးရှိ အခြေခံပညာကို သင်ယူခွင့်ရရှိပြီး အတန်းစဉ်အဆင့်ဆင့် ဆက်လက် သင်ယူပြီးမြောက်နိုင်ကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>မူဝါဒ၊ ဥပဒေနှင့်စနစ်များကို အားကောင်းစေခြင်း။ | **မဟာဗျူဟာ (၂)**<br>ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း။ | **မဟာဗျူဟာ(၃)**<br>ထောက်ခံအားပေးမှုရယူခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလအပြီး ရလဒ်များ | စာသင်ခန်းတွင်းသင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ တိုးတက်မြင့်မားလာစေရန် ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒဖြင့် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများကို လုပ်ပိုင်ခွင့်ပိုမိုအပ်နှင်းခြင်း။ | အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရာတွင် ပညာရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်း အသီးသီးက ပိုမိုတက်ကြွစွာ ဆောင်ရွက်လာခြင်း။ | အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ ထောက်ခံအားပေးမှု၊ ပံ့ပိုးကူညီမှုရရှိလာခြင်း။ |

ပုံ (၂) အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်



## အခြေခံပညာရေး - အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု

အရည်အသွေးရှိအခြေခံပညာ သင်ယူမှုအခွင့်အလမ်းများ တိုးတက်မြင့်မားရေးသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သာတူညီမျှမှုရှိရေးအတွက် အရေးကြီး ပါသည်။ ၂၀၁၄ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေသည် နိုင်ငံသားတိုင်း ပညာသင်ယူဆည်းပူးနိုင်သည့် အခွင့်အရေးနှင့် အထူးသဖြင့် အခမဲ့ မသင်မနေရ မူလတန်းပညာ သင်ယူခွင့်တို့ကို အသိအမှတ်ပြုထားသည်။ အဆိုပါဥပဒေတွင် ပညာရေးအရည်အသွေး အာမခံမှုစနစ်တစ်ရပ် ထူထောင်ရန်လည်း ပြဋ္ဌာန်းသတ်မှတ်ပေးထားပြီး သူငယ်တန်းအပါအဝင် အခြေခံပညာသင်ကာလကို (၁၃)နှစ်အထိ တိုးမြှင့်ထားပါသည်။ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှု ကိုသင်ယူခွင့်ပြုပြီး တိုင်းရင်းသားဘာသာစကားကို စာသင်ခန်းသုံး ဘာသာစကား အဖြစ် အသုံးပြုရန် ခွင့်ပြုထားပါသည်။ ထို့ပြင် အမျိုးသားပညာရေးဥပဒေတွင် လူတိုင်း အကျုံးဝင်ပညာရေး၏ အဓိပ္ပာယ်ကိုဖွင့်ဆိုထားပြီး ၎င်းနှင့်ပတ်သက်၍ ကတိကဝတ်လည်း ပြုထားပါသည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ပညာရေးစနစ်ကို ဦးတည် ဖော်ဆောင်ရန်လည်း သတ်မှတ်ထားပါသည်။ အစိုးရကျောင်းမဟုတ်သည့် တခြားကျောင်း အမျိုးအစားများကိုလည်း အမျိုးသားပညာရေးဥပဒေက အသိအမှတ်ပြုထားပါသည်။

လွန်ခဲ့သောနှစ်များအတွင်း အခြေခံပညာပြုပြင်ပြောင်းလဲမှုများတွင် ပေါက်မြောက်အောင်မြင်မှုများရှိခဲ့သော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ အဆိုပါ စိန်ခေါ်မှုများတွင် ပညာသင်ယူမှုအခွင့်အလမ်း၊ ကျောင်းနေမြဲမှု၊ လူတိုင်းအကျုံးဝင်မှု၊ သာတူညီမျှမှုနှင့် ပညာရေးအရည်အသွေးစံနှုန်းများဖြင့် ကျောင်းအရည်အသွေး အာမခံမှုတို့ ပါဝင် ပါသည်။

အခြေခံပညာရေး - အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန်အပြန်အလှန် ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ(၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ဇယား (၃)တွင် ဖော်ပြထားပါသည်။

**ဇယား (၃) အခြေခံပညာရေး- အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကလေးအားလုံး အရည်အသွေးရှိ အခြေခံပညာကို သင်ယူခွင့်ရရှိပြီး အတန်းစဉ်အဆင့်ဆင့် ဆက်လက် သင်ယူပြီးမြောက်နိုင်ကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ကလေးအားလုံးအခမဲ့အခြေခံပညာကိုသင်ယူခွင့်ရရှိစေရန်ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၂)**<br>မသင်မနေရနှင့် လူတိုင်းအကျုံးဝင် ပညာရေးကို အားကောင်းစေရန်ပံ့ပိုးခြင်း။ | **မဟာဗျူဟာ (၃)**<br>ကျောင်းအရည်အသွေး အာမခံမှုစနစ်ဖြင့် ကျောင်းများ၏ အရည်အသွေးကို တိုးတက်စေခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | ကလေးအားလုံး ယောကျ်ားလေး၊ မိန်းကလေး ညီတူညီမျှ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူကြခြင်း။ | - ကျောင်းသားများသည် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပိုမိုပြီးမြောက်ခြင်း။<br><br>- ကျောင်းပြင်ပရောက်ကလေးများ ကျောင်းတွင်းသို့ ပိုမိုပြန်လည်ဝင်ရောက်လာပြီး ကျောင်းနေမြဲခြင်း။ | အရည်အသွေးတိုးတက်လာသည့်စာသင်ခန်းများ၊ ကျောင်းများတွင် ကျောင်းသားများ သင်ယူခွင့်ရရှိခြင်း။ |

## အခြေခံပညာသင်ရိုးညွှန်းတမ်း

အရည်အသွေးရှိသော အခြေခံပညာသင်ရိုးညွှန်းတမ်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသောအခြေခံအုတ်မြစ်ဖြစ်ပြီး အရည်အသွေးရှိသည့်ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု မြှင့်တင်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သည်။

သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရာတွင် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ ကျောင်းသားအားလုံး အခြေခံပညာရေးပြီးဆုံးသည်အထိ ကျောင်းနေလိုစိတ်ကို လှုံ့ဆော်ပေးနိုင်ပြီး ကျောင်းသားများ၏ ဘဝနှင့်ဆက်စပ်ဆီလျော်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်ဖြစ်သည်။

သို့ဖြစ်၍ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills)၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ (Soft Skills) နှင့် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုဆိုင်ရာကျွမ်းကျင်မှုများ (Higher Order Thinking Skills) ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

အရေးတကြီးလိုအပ်လျက်ရှိသည်မှာ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်သည် (က) စာသင်နှစ် တစ်နှစ်အတွင်းတွင် ဆရာများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာအားလုံးကို ခြုံငုံမိစေရန်နှင့် (ခ) ကျောင်းသားများအနေဖြင့်လည်း ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်များအရ သင့်လျော်ကိုက်ညီသည့် အတွေးအခေါ် အယူအဆသစ်များကို နားလည်သဘောပေါက်ပြီး အဆင့်မြင့်စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်တို့အတွက် လုံလောက်သော အချိန်ရရှိရန် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို လျှော့ချရမည်ဖြစ်ပါသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ဇယား(၄)တွင်ဖော်ပြထားပါသည်။

**ဇယား (၄) အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကျောင်းသားအားလုံးတွင် မိမိဘဝနှင့်ဆီလျော်ပြီး မြန်မာနိုင်ငံ၏ ၂၁ ရာစုလူမှုစီးပွားရေး အခြေအနေအရလိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ သဘောထားများနှင့်တတ်ကျွမ်းမှုများ ဖွံ့ဖြိုးတိုးတက်လာကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို ၂၁ ရာစုဆိုင်ရာကျွမ်းကျင်မှုများ အလေးပေးပြီး ခေတ်နှင့်လျော်ညီအောင် ပြန်လည်မွမ်းမံခြင်း။ | **မဟာဗျူဟာ (၂)**<br>သင်ရိုးညွှန်းတမ်းအသစ် ရေးဆွဲသူများ၏ အတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ | **မဟာဗျူဟာ (၃)**<br>သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်း အသစ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ထိရောက်စွာ အားဖြည့်ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | - ကျောင်းသားများအနေဖြင့် ၂၁ ရာစု စွမ်းရည်များကို အလေးပေးထားသည့် အခြေခံပညာသင်ရိုးညွှန်းတမ်း အပေါ် တန်ဖိုးထားပြီး လိုလားမှုရှိခြင်း။<br><br>- ဆရာနှင့် ကျောင်းသားများသည် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ အစရှိသည့် သင်ရိုးညွှန်းတမ်း အသစ်ဆိုင်ရာ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကိုစိတ်ပါဝင်စားစွာဖြင့် အောင်မြင်စွာအသုံးပြုနိုင်ခြင်း။ | - သင်ရိုးညွှန်းတမ်းရေးဆွဲရေး အဖွဲ့များ (Curriculum Development Teams-CDTs)မှ တတ်ကျွမ်းမှုများ (အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ)ကို အသုံးပြု၍ ၂၁ ရာစု ကျွမ်းကျင်မှုများ၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှုနှင့်အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ အဆင့်မြင့်စဉ်းစား တွေးခေါ်တတ်သည့် ကျွမ်းကျင်မှုများပါဝင်သော အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်နှင့် ဆက်စပ်သင်ရိုးညွှန်းတမ်း အထောက်အကူပြုပစ္စည်းများကိုရေးဆွဲခြင်း။<br><br>- အခြေခံပညာသင်ဆရာများမှ သင်ရိုးသစ် မိတ်ဆက် သင်တန်းများ တက်ရောက်ပြီးနောက် သင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားရန် အသင့်ဖြစ်ခြင်း။ | - သင်ရိုးညွှန်းတမ်းဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များသည် သင်ရိုးအကောင်အထည်ဖော်မှုကို အဆက်မပြတ် စောင့်ကြည့်ကြီးကြပ်ခြင်းဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းကို အောင်မြင်စွာအကောင်အထည်ဖော်ခြင်းနှင့် လတ်တလောတွေ့ရှိရသည့်စိန်ခေါ်မှုများကို ချက်ချင်းဖြေရှင်းခြင်းနှင့် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ အချိန်မီဖြန့်ဝေနိုင်မှုကို အဆက်မပြတ် စောင့်ကြည့်ကြီးကြပ်ခြင်းတို့ အကျိုးဝင်သော အခြေခံပညာ သင်ရိုးညွှန်းတမ်းကို အောင်မြင်စွာစီမံခန့်ခွဲနိုင်ခြင်း။<br><br>- အခြေခံပညာဆရာများသည် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ (ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များ)ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း။<br><br>- အခြေခံပညာ သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ပြင်ဆင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ၏တတ်မြောက်မှု တိုးတက်လာခြင်း။<br><br>- မိဘပြည်သူများအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်နှင့် စပ်လျဉ်း၍ နားလည်လက်ခံပြီး ကူညီပံ့ပိုးပေးခြင်း။ |

## ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်း၏အဓိကလုပ်ငန်းတစ်ရပ်မှာ အကြောင်းအရာအချက်အလက်များကို အလွတ်ကျက်မှတ်ဖြေဆိုရသော စာမေးပွဲစနစ်မှ ဘဝတစ်သက်တာသင်ယူနိုင်မှုအတွက် လိုအပ်သော ကျွမ်းကျင်မှု၊ ကျောင်းသားများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်က ချမှတ်ထားသော သင်ယူမှုဆိုင်ရာစံများစသည့် လေ့လာသင်ယူတိုးတက်မှုအဆင့်ဆင့်ကို စစ်ဆေးအကဲဖြတ်သော ပိုမိုဟန်ချက်ညီမျှသည့် စာမေးပွဲစနစ်သို့ ပြုပြင် ပြောင်းလဲရန် ဖြစ်သည်။

ဤပြုပြင်ပြောင်းလဲမှုလုပ်ငန်းသည်နိုင်ငံတကာပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် ကိုက်ညီဆီလျော်မှုရှိပါသည်။ ဤလုပ်ငန်းစဉ်တွင် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှု၊ ပြဿနာ ဖြေရှင်းတတ်မှုနှင့် ကိုယ်တိုင်လေ့လာသင်ယူတတ်မှုစသည့် အဆင့်မြင့်ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ခြင်းတို့ ပါဝင်ပါသည်။ ဤကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ်လိုအပ်သော ကျွမ်းကျင်မှုများဖြစ်သည့်အပြင် အရည်အသွေးမြင့်သော ကျွမ်းကျင် လုပ်သားအင်အားစု ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက်လည်း အထောက်အကူပြုပါသည်။ ထိရောက်ကောင်းမွန်သော ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်



သည် အကူအညီလိုအပ်နေသော ကျောင်းသားများနှင့် အထောက်အပံ့လိုအပ်နေသော နယ်ပယ်များကိုသိရှိစေပြီး ကူညီထောက်ပံ့မှုများကို ပြုလုပ်နိုင်သည့်အတွက် သာတူညီမျှပညာရေးစနစ်ဖြစ်ထွန်းရေးကိုလည်း အထောက်အကူပြုနိုင်ပါသည်။

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ(၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ ဇယား (၅)တွင် ဖော်ပြထားပါသည်။

**ဇယား (၅) ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့်စာမေးပွဲများ ကျင်းပခြင်းဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက်မြင့်မားရန်အတွက် အရည်အသွေး ကောင်းမွန်သော ပညာရည် စစ်ဆေးအကဲဖြတ်မှု စနစ်သစ်တစ်ရပ်ကို ဆရာများနှင့် ပညာရေး စီမံခန့်ခွဲသူများက အကောင်အထည်ဖော်ဆောင်ရွက်ကြမည်။ | |
|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်း။ | **မဟာဗျူဟာ (၂)**<br>ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုကို အားကောင်းစေခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများသည် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အသိပညာနှင့်ကျွမ်းကျင်မှုများရှိပြီး အမျိုးသား ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒနှင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း။ | ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။ |

## ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှု

သင်ကြားမှုအရည်အသွေး တိုးတက်ကောင်းမွန်စေခြင်းသည် ကျောင်းသားများ၏ နိုင်ငံတော်အဆင့် သင်ယူမှုစံသတ်မှတ်ချက်များ ပေါက်မြောက်အောင်မြင်စေရန်အတွက် အလွန်အရေးပါပါသည်။ သို့ဖြစ်ရာ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် ပေါင်းစည်းဆောင်ရွက်သော နည်းလမ်းကို ကျင့်သုံးဆောင်ရွက်ရန် လိုအပ်လာပါသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးရှိ စွမ်းဆောင်ရည်မြင့်မားသော ပညာရေးစနစ်အားလုံးကို လေ့လာမည်ဆိုပါက ပညာရေးရလဒ်များ တိုးတက်ကောင်းမွန်စေရေးအတွက် ကြိုးပမ်းရာတွင် ဆရာများ၏ အခန်းကဏ္ဍသည် ပင်မအချက်အချာဖြစ်နေကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတကာသုတေသနများက ကျောင်းသားများ၏ သင်ယူမှုရလဒ်အပေါ်တွင် ဆရာ၏သင်ကြားပြသနည်းသည် အဓိကအကျဆုံးဖြစ်ကြောင်း ဖော်ပြထားပါသည်။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တွင် ဘက်စုံလွှမ်းခြုံသော ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက် ရှင်းလင်းသော ဥပဒေမူဘောင်တစ်ရပ်ကို ချမှတ်ထားပါသည်။

လွန်ခဲ့သော နှစ်များတွင် ဆရာများနေရာချထားခြင်းနှင့် ရာထူးတိုးမြှင့်ပေးခြင်းတို့ကို ဆရာ၏စွမ်းဆောင်ရည်နှင့် ချိတ်ဆက်စဉ်းစားခြင်းမပြုဘဲ လုပ်သက်အပေါ်တွင်သာ အခြေခံစဉ်းစားပါသည်။ ဆရာများသည် အခြေခံပညာရေးစနစ်အတွင်းတွင် မူလတန်းပြရာထူးမှ အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်းခံရပါသည်။ သို့ဖြစ်ပါ၍ အရည်အသွေးရှိ ဆရာများ အလိုအပ်ဆုံးဖြစ်သည့် မူလတန်းကျောင်းများမှ ဆရာများသည် ပညာရေးအဆင့်အသီးသီးသို့ တစ်ဆင့်မြှင့်ကူးပြောင်းလုပ်ကိုင်မှုများ ဖြစ်ပေါ်လာပါသည်။ မကြာမြင့်သေးသည့်နှစ်များက အဝေးဆုံးဒေသများရှိ မူလတန်းကျောင်းများသို့ ဆရာအတတ်ပညာသင်တန်းတက်ရောက်ရခြင်း မရှိသေးသည့် နေ့စားလပေးဆရာများကို ခန့်ထားစေလွှတ်ခြင်းသည် ထိုဒေသများတွင် အတွေ့အကြုံနည်းသော ဆရာများသာ ရှိနေသကဲ့သို့ ဖြစ်နေပါသည်။ အခြေခံပညာရေးတွင် သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလ (၁၂)နှစ်သို့ တိုးမြှင့်မည်ဖြစ်သောကြောင့် လိုအပ်သော ဆရာများခန့်ထားရေးအတွက် အထောက်အထားအခြေပြု ဆရာစီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲမှုနှင့် ဆရာနေရာချထားမှုစနစ်ကို အသုံးပြုရမည်ဖြစ်ပါသည်။

သင်ရိုးညွှန်းတမ်းအသစ်ပေါ်ထွက်လာသည့်အခါ ပြဋ္ဌာန်းစာအုပ်အသစ်များကို မိတ်ဆက်ခြင်းနှင့်အတူ သင်ကြားနည်းပြောင်းလဲခြင်းများနှင့် သင်ကြားသင်ယူမှုပစ္စည်းများ အသုံးပြုသင်ကြားတတ်စေရန်အတွက် တစ်နိုင်ငံလုံးရှိ ဆရာများအား အရည်အသွေးရှိပြီး ကုန်ကျစရိတ်နှင့် ထိရောက်သော လုပ်ငန်းခွင်သင်တန်းများပို့ချလေ့ကျင့်ပေးနိုင်ရန် လိုအပ်ပါသည်။ ထို့ပြင် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးနယ်ပယ်တွင် သဘောတရားနှင့်လက်တွေ့ကို ပေါင်းစပ်သင်ကြားတတ်ရန်နှင့် ပြန်လည်သုံးသပ်သည့်အလေ့အကျင့် ရရှိရန် အပြန်အလှန်ဖြည့်ဆည်းမှုရှိသော ပြုပြင်ပြောင်းလဲမှုများလိုအပ်ပါသည်။

ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ဇယား (၆)တွင် ဖော်ပြထားပါသည်။

**ဇယား (၆) ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကျောင်းသားအားလုံး ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ဆရာနှင့်ကျောင်းသား အပြန်အလှန် ဆက်သွယ်မှုရှိသည့် သင်ကြားသင်ယူမှုကို ဆရာများက အသုံးပြု၍ ကျောင်းသားများကို ပံ့ပိုးကူညီမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှု ပိုမိုကောင်းမွန် တိုးတက်စေခြင်း။ | **မဟာဗျူဟာ (၂)**<br>လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးအရည်အသွေးတိုးမြှင့်ခြင်း။ | **မဟာဗျူဟာ (၃)**<br>လုပ်ငန်းခွင်ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု အရည်အသွေးတိုးမြှင့်ခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | - ဆရာများသည် ဆရာအတတ်ပညာသင်တန်းများ တက်ရောက်ပြီးနောက် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ပါ ကျွမ်းကျင်မှုအဆင့်များ ရရှိခြင်း။<br><br>- ဆရာခန့်ထားရေး၊ နေရာချထားရေး၊ ရာထူးတိုးမူဝါဒနှင့်စနစ်တို့ကို ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် ဆရာများတွင် သာတူညီမျှအခွင့်အလမ်းများရရှိခြင်း။ | - ဆရာအတတ်ပညာလက်မှတ်နှင့် ပညာရေး ဘွဲ့ရရှိပြီးသူ ဆရာများသည် ဆရာနှင့်ကျောင်းသား အပြန်အလှန်ပြောဆိုသင်ကြားသောနည်းဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးခြင်းနှင့် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ပါ စံသတ်မှတ်ချက်များကို ပြည့်မီခြင်း။<br><br>- ဆရာအတတ်ပညာသင်ဌာနများတွင် ပြုပြင်ရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားခြင်း။<br><br>- အထူးပြုဘွဲ့အပ်နှင်းနိုင်သော သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း။ | လုပ်ငန်းခွင်အတွင်းရှိ ဆရာများသည် ကူညီလမ်းညွှန်သင်တန်းပေးသူများ၏ သင်ကြားလမ်းညွှန်မှုလုပ်ငန်းများကိုအကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင်၍ ဆရာနှင့်ကျောင်းသား အပြန်အလှန်ပြောဆို သင်ကြားသောနည်းဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးနိုင်မည့်အပြင် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ပါ စံသတ်မှတ်ချက်များကို ပြည့်မီခြင်း။ |

## ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး

ကျောင်းထွက်သွားသောသူများတွင် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုအတွက် အထုံပါရမီ၊ စွမ်းရည်နှင့် ရည်မှန်းချက်များရှိကြသည်ဖြစ်ရာ လက်တွေ့ဘဝနှင့်ယှဉ်လျက် စီစဉ်ရေးဆွဲထားသော ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးလမ်းကြောင်းများဖြင့် လူငယ်များသည် အခြေခံပညာအထက်တန်း၊ နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာများကိုလုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ သင်ယူခွင့်ရရှိလျှင် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးသည် စွမ်းဆောင်ရည်မြင့်မားသော ပညာရေးစနစ် တစ်ရပ်လုံး၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကျောင်းပညာရေးစနစ်နှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးစနစ် ကွာခြားသည်မှာ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး စနစ်သည် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ကျောင်းပညာရေးသင်ယူခွင့်ရရှိရန် အခက်အခဲရှိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အခြေအနေနှင့် လျော်ညီစွာ လိုက်လျောဆောင်ရွက်ပေးနိုင်မှုပင် ဖြစ်သည်။ သို့ရာတွင် ကျောင်းပညာရေးစနစ်နှင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးစနစ်တို့အကြားတွင် အဓိကတူညီ သောအချက်ရှိပါသည်။ ၎င်းမှာ စနစ်နှစ်ခုကြား သင်ယူမှုများကို လွယ်ကူစွာကူးပြောင်းနိုင်စေရန်မရှိမဖြစ်လိုအပ်သော အရည်အသွေးစံနှုန်းများ တူညီမှုရှိခြင်းပင်ဖြစ်သည်။

လက်ရှိ မြန်မာ့ပညာရေးစနစ်သည် သင်ယူသူအားလုံး၏ လိုအပ်ချက်နှင့် ကိုက်ညီမှုအားနည်းနေပါသည်။ ခန့်မှန်းခြေ (အသက် ၅ နှစ်မှ ၁၆ နှစ်အတွင်း) ကလေးပေါင်း (၂.၇)သန်းခန့်သည် ကျောင်းဝင်ရောက်မှုမရှိသူများနှင့် ကျောင်းထွက်သွားသောကလေးများ ဖြစ်ကြပါသည်။ ထို့ပြင် (၁၅)နှစ် အထက် သက်ကြီး (၃.၅) သန်းခန့်သည် စာမတတ်သူများဖြစ်ကြပါသည်။

ကျောင်းပြင်ပရောက်လူငယ်များသည် နိုင်ငံ၏ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်မှုတို့ကို ကြီးမားစွာအကျိုးပြုနိုင်ပြီး နိုင်ငံအတွင်းလိုအပ်နေသော ကျွမ်းကျင်မှုများကို ကူညီဖြည့်ဆည်းပေးနိုင်သည့် အလားအလာရှိသော စွမ်းအားစုလည်းဖြစ်ပါသည်။ အဆိုပါလူငယ်များကို သင်ယူမှုနှင့် အလုပ်အကိုင်မျှော်မှန်းချက်ကို ပေါက်မြောက်အောင်မြင်စေရန် နောက်ထပ် အခွင့်အရေးတစ်ခုအဖြစ် ဖန်တီးပေးရပါမည်။ သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာနသည်ကျောင်းပြင်ပရောက်လူငယ်များအားတတ်ကျွမ်းမှုနှင့်ယုံကြည်စိတ်ချမှုကို ပေးစွမ်းနိုင်မည့် လက်လှမ်းမီနိုင်သောရွေးချယ်မှု ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး လမ်းကြောင်းများကို ဖန်တီးပေးရပါမည်။ သို့မှသာ ပိုမိုကောင်းမွန်သော လုပ်အားခနှင့် တစ်သက်တာသင်ယူမှု အခွင့်အလမ်းများကို တံခါးဖွင့်ပေးရာလည်း ရောက်ပါမည်။

ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဆိုင်ရာသင်တန်းများတက်ရောက်နိုင်မှု အခွင့်အလမ်းများနှင့် လုပ်ငန်းခွင်သို့သွားနိုင်မည့် လမ်းသွယ်များပြပုံကို ပုံ(၁၀.၁)တွင် ဖော်ပြထားပါသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ ဇယား (၇) တွင် ဖော်ပြထားပါသည်။

**ဇယား (၇) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ပညာသင်ယူသူများအနေဖြင့် ၎င်းတို့၏ ဘဝတစ်သက်တာသင်ယူမှုနှင့် အလုပ်အကိုင်မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် အရည်အသွေး အာမခံမှုရှိပြီး အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်များဖြင့် သင်ယူတတ်မြောက်လာနိုင်ကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို မြှင့်တင်ခြင်း။ | **မဟာဗျူဟာ (၂)**<br>ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာ နည်းလမ်းပေါင်းစုံဖြင့် သင်ယူခွင့် တိုးချဲ့ပေးခြင်း။ | **မဟာဗျူဟာ (၃)**<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းများ၏ အရည်အသွေးကို အားကောင်းအောင် မြှင့်တင်ခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | ပညာရေးဝန်ကြီးဌာနနှင့်အစိုးရ မဟုတ်သောအဖွဲ့အစည်းများသည်ကျောင်းပြင်ပရောက် သင်ယူသူများအတွက် အရည်အသွေးရှိသော ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်းပညာရေး တန်းညှိအစီအစဉ်များနှင့် တခြား ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခြင်း။ | ကျောင်းပြင်ပမူလတန်း၊ အလယ်တန်း ပညာရေးတန်းညှိအစီအစဉ်၊ အစိုးရခွင့်ပြုသော တခြား ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များတွင် တက်ရောက်သော ကျောင်းသားများ အောင်မြင်ပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းကိုစွမ်းဆောင်နိုင်ရန် ၎င်းတို့၏အောင်မြင်မှုကို အသိအမှတ်ပြုသည့် အစိုးရအသိအမှတ်ပြု အောင်လက်မှတ်များကို ရရှိထားခြင်း။ | ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဝန်ဆောင်မှုပေးသူများသည် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး အကောင်အထည်ဖော်မှုကို တိုးတက်ကောင်းမွန်စေရန်နှင့် အနိမ့်ဆုံး အမျိုးသားအရည်အသွေးစံသတ်မှတ်ချက်ကို ပြည့်မီလာစေရန်အတွက် နှစ်စဉ်အရည်အသွေးစံအကဲဖြတ်မှုမှ တွေ့ရှိချက်များကို အသုံးပြုနိုင်ခြင်း။ |



## နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ အဓိကရည်ရွယ်ချက်မှာ သင်ယူသူတို့အား အလုပ်အကိုင်ရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အသိပညာရပ်များ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများကို သင်ကြားပေးခြင်းဖြစ်ပါသည်။ အရည်အသွေးမြင့်မားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် လုပ်ငန်းကျွမ်းကျင်ပြီး အရည်အသွေးရှိသောလုပ်သားများကို မွေးထုတ်ပေးနိုင်၍ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူ ဖြစ်စေပါသည်။

မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်သည် စီးပွားရေးကဏ္ဍအသီးသီးရှိ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အတွက် အရည်အသွေးမြင့်မားသော လုပ်သားအင်အားစုကို မွေးထုတ်နိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများသည်လည်း အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ ကျွမ်းကျင်မှုစံများနှင့် ရင်ပေါင်တန်းနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု အားနည်းနေသော ကဏ္ဍများတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လိုသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနေသူများအတွက်လည်း သင့်လျော်ဆီလျော်မှုရှိသော လိုအပ်ချက်အခြေပြု နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သွားရန် လိုအပ်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့တွင် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လျက်ရှိခဲ့ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကဏ္ဍဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ ဇယား (၈)တွင် ဖော်ပြထားပါသည်။

**ဇယား (၈) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ပိုမိုထိရောက်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှု စနစ်အောက်တွင် ပညာရေး အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက်၏ လိုအင်နှင့် လိုက်လျောညီထွေမှုရှိသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအစီအစဉ်များကို သင်ယူသူများသည် ပိုမိုတက်ရောက်ခွင့်ရရှိလာပြီး ပြီးဆုံးသည်အထိ အောင်မြင် တတ်မြောက်လာကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသို့ တက်ရောက်လိုသူများ (မသန်စွမ်းသူများ၊ အခွင့်အလမ်းနည်းပါးသော သူများစသည်တို့ အပါအဝင်) သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၂)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၃)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | - နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသို့ တက်ရောက်လိုသူအများစုအတွက် သင်ယူမှုအခွင့်အလမ်းပိုမိုရရှိလာစေခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကိုမြို့ပြသင်ယူမှုအခွင့်အလမ်းအတိုင်းကျေးလက်ဒေသများတွင်လည်း သင်ယူနိုင်သော အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးတွင် အဆင့်တစ်ခုမှတစ်ခုသို့ ကူးပြောင်းချိတ်ဆက် သင်ကြားနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကို တက်ရောက်သူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများ ပိုမိုပေးရေး အစီအစဉ်များ အကောင်အထည် ဖော်နိုင်ခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးမှ အဆင့်မြင့်ပညာရေးသို့ ကူးပြောင်းချိတ်ဆက်သင်ကြားနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။ | - နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး စီမံအုပ်ချုပ်သူများ၊ စီမံရေးရာ ဝန်ထမ်းများ အနေဖြင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းများ၏ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း။<br><br>- လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ရောက်ဆရာများသည် ကျွမ်းကျင်မှုစံများနှင့်အညီ သင်ကြားနိုင်သော ဆရာများဖြစ်လာစေခြင်း။<br><br>- စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှလိုအပ်သော ကျွမ်းကျင်မှုနှင့် ကိုက်ညီသောသူများအဖြစ် လေ့ကျင့်သင်ကြားပေးနိုင်ခြင်း။<br><br>- ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်းများသည် အရည်အသွေးအာမခံချက်ရှိပြီး သင်တန်းပြီးဆုံးသွားသောသူများသည် ကျွမ်းကျင်မှုစံများနှင့် ကိုက်ညီသောသူများ ဖြစ်လာစေခြင်း။ | - ဝန်ကြီးဌာနအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မှုကို နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကောင်စီမှ ညှိနှိုင်းပေးခြင်း။<br><br>- လိုအပ်သော ဘဏ္ဍာငွေများကို အဆင်ပြေချောမွေ့စွာသုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်လာစေခြင်း။<br><br>- သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် စီမံခန့်ခွဲသူများအနေဖြင့် သတင်းအချက်အလက် လေ့လာဆန်းစစ်ခြင်း၊ အထောက်အထားအခြေပြုအစီရင်ခံစာများ ရေးသားခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ပိုမိုကောင်းမွန်စွာ လုပ်ဆောင်လာနိုင်ခြင်း။<br><br>- သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်ကိုယ်စားလှယ်များသည် လုပ်ငန်းစီမံချက်များနှင့် မူဝါဒများ ပိုမိုခိုင်မာလာစေရန်အတွက် သုတေသနပြုလုပ်ထားသော အချက်အလက်များကို အသုံးပြုလာနိုင်ခြင်း။<br><br>- အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေးနှင့် အခွင့်အလမ်းပိုမိုကောင်းမွန်လာခြင်း။ |



## အဆင့်မြင့်ပညာရေး

အဆင့်မြင့်ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍနှင့် စက်မှု လက်မှုလုပ်ငန်းစသည်တို့တွင် လိုအပ်နေသော အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ် (Human Capital)ကို ပြုစုပျိုးထောင်ပေးရန် အဆင့်မြင့်ပညာကဏ္ဍတွင် တာဝန်ရှိပါသည်။ အဆင့်မြင့်ပညာကျောင်းများအနေဖြင့် ကမ္ဘာ့တစ်ဝန်း စီးပွားရေးယှဉ်ပြိုင်မှု များပြားသော လူမှုဝန်းကျင်တွင် လိုအပ်၍တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် လူတို့၏ စွမ်းဆောင်ရည်ကိုလည်း ဖွံ့ဖြိုးစေနိုင်ပါသည်။ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုး တိုးတက်ပြီး နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ့ အဆင့်မြင့်ပညာကျောင်းများအား မြင့်မား၍ထက်မြက်သော ပညာရပ်များကို ဖွံ့ဖြိုး စေလျက် အသိပညာထုတ်ကုန်များ (Knowledge production) ပိုမိုထုတ်လုပ်နိုင်မည့် ပြုပြင်ပြောင်းလဲမှုများဖြင့် အထောက်အကူပြုနိုင်ပါသည်။ ထို့အတူ အဆင့်အတန်း မြင့်မားသော သုတေသနဗဟိုဌာနများ ထူထောင်ဖွင့်လှစ်ပေးခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်ပါမည်။

အဆင့်မြင့်ပညာရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန် အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ ဇယား (၉)တွင် ဖော်ပြထားပါသည်။

**ဇယား (၉) အဆင့်မြင့်ပညာရေးဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေး စနစ်ဖြင့် ကျောင်းသားများ သာတူညီမျှ ပညာဆည်းပူးခွင့်ရ၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကာ ပညာအခြေပြုစီးပွားရေး တည်ဆောက်ရာတွင်လည်း တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခွင့် ရရှိစေမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>အဆင့်မြင့်ပညာရေး၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု အားကောင်းစေခြင်း။ | **မဟာဗျူဟာ (၂)**<br>အဆင့်မြင့်ပညာ၏ ဆက်စပ်ဆီလျော်မှုနှင့် အရည်အသွေးမြင့်မားလာအောင် ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၃)**<br>အဆင့်မြင့်ပညာ သင်ယူခွင့် သာတူညီမျှ ရရှိမှုကို တိုးချဲ့ပေးခြင်း။ |
| စီမံကိန်းကာလအပြီး ရလဒ်များ | အရည်အသွေးပြည့်မီသော အဆင့်မြင့်ပညာသင်ယူခွင့်ကို ပိုမိုရရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများရှိအဆင့်မြင့်ပညာကျောင်းများမှ စီမံခန့်ခွဲရေးအရာထမ်းများ၏ ပံ့ပိုးမှုဖြင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုကို အားကောင်းစေခြင်း။ | - အဆင့်မြင့်ပညာကဏ္ဍရှိ စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ထမ်းများသည် စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။<br>- ဆရာများသည် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။ | ကျောင်းသားများ လူမှုစီးပွား နောက်ခံအခြေအနေကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ အဆင့်မြင့်ပညာကို သာတူညီမျှလေ့လာ သင်ယူခွင့်ရှိခြင်း။ |

## စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေး အာမခံမှု

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အထောက်အထားအခြေပြုလေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ခဲ့ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများ ရေရှည်တည်တံ့ခိုင်မြဲမှုကို ပံ့ပိုးပေးနိုင်မည့် ပြောင်းလဲရေး ဆိုင်ရာမဟာဗျူဟာမြောက်တွန်းအား (၅)ရပ်ကို ဖော်ထုတ်ခဲ့ပါသည်။ ထိုပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာမြောက်တွန်းအား (၅)ရပ်မှာ-

| | |
|---|---|
| (၁) | ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ် (Ministry of Education Quality Assurance System-MQAS ) |
| (၂) | ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများ |
| (၃) | စီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ပစ္စည်းများ |
| (၄) | လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည် |
| (၅) | အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်း |

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)တို့တွင် ပညာရေးဝန်ကြီးဌာနတစ်ခုလုံး၏ ပေါင်းစပ်ညှိနှိုင်းမှု၊ စီမံခန့်ခွဲမှုဖွဲ့စည်းပုံနှင့် စနစ်များကို ပိုမိုအားကောင်းစေရန် နိုင်ငံအဆင့်စုစည်းမှုရှိသော အနာဂတ်မျှော်မှန်းချက်တစ်ရပ်ကို ချမှတ်ထားပါသည်။

စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု ဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ဇယား (၁၀)တွင် ဖော်ပြထားပါသည်။



**ဇယား (၁၀) စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ အဆင့်မြင့်ရလဒ်အညွှန်းဘောင်**


| | | | |
|---|---|---|---|
| မဟာဗျူဟာမြောက် အပြောင်းအလဲ | ပညာရေးကဏ္ဍအသီးသီးရှိ ပညာရေးစီမံခန့်ခွဲသူများသည် အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချခြင်းကိုအသုံးပြုပြီး ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် တိုးတက်အောင်မြင်သော သင်ကြားသင်ယူမှုအတွက် တာဝန်ယူ ဆောင်ရွက်စေမည်။ | | |
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေး နည်းလမ်းများကို အားဖြည့်ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၂)**<br>ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ပစ္စည်းများ အားကောင်းလာစေခြင်း။ | **မဟာဗျူဟာ (၃)**<br>ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊ ပညာရေးနှင့် ဆက်စပ်ဆောင်ရွက်သူများအားလုံးသည် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်လာခြင်းဖြင့် အရည်အသွေးပြည့်ဝသော ပညာသင်ယူရန်အခွင့်အလမ်း ပိုမိုရရှိခြင်း။ | အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်နှင့် ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင်၎င်းတို့၏စွမ်းဆောင်ရည်အပေါ် တာဝန်ခံမှုရှိစေရန် ပညာရေးစီမံခန့်ခွဲသူများတွင် လုပ်ပိုင်ခွင့်ရှိလာခြင်း။ | အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းလုပ်ငန်းအစီအစဉ်များနှင့် ဘဏ္ဍာရေးအစီအစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးစီမံခန့်ခွဲသူများတွင် အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်လာခြင်း။ |


## အလုပ်အကိုင်နှင့် ဘဝတစ်သက်တာ လေ့လာသင်ယူမှုဆိုင်ရာ ပညာရေးလမ်းသွယ်များ

ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဘဝတစ်သက်တာ သင်ယူမှု မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ဆောင်ကြဉ်းပေးနိုင်မည့်

ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးလမ်းသွယ်များကို ပညာရေး လမ်းသွယ်ပြပုံ ပုံ (၃)တွင် ဖော်ပြထားပါသည်။ လာမည့် (၅)နှစ်မှ (၁၀)နှစ် အတွင်းအဆိုပါ ပညာရေးလမ်းသွယ်ပြပုံတွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံတွင်းရှိ ကျောင်းသားအားလုံး နေရာဒေသမရွေး အရည်အသွေးရှိသော ပညာရေးလမ်းသွယ် များသို့ဝင်ရောက်နိုင်သော အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပါမည်။

**ပုံ (၃) ပညာရေးလမ်းသွယ်ပြပုံ**





အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ် ချီးမြှင့်ရေး သင်တန်း အစီအစဉ်
လူငယ်ပညာရေး အောင်လက်မှတ်
N
ကျောင်းပြင်ပ နည်းပညာနှင့် သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး
NF-TVET
ပုံမှန် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး (အထက်တန်းကျောင်းများ)
နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး (စင်တာများ)
TVET
TVET-HS
အလယ်တန်းပညာရေး ပြီးမြောက်မှု စာမေးပွဲ
MS
နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး (ကောလိပ်များ)
TVET
အလုပ်နှင့် ဘဝတစ်သက်တာ သင်ယူမှု
HS
အထက်တန်းကျောင်း ၃ နှစ်
M
အထက်တန်းပညာရေး ပြီးမြောက်မှု စာမေးပွဲ (တက္ကသိုလ်ဝင် စာမေးပွဲ)
Univ.
အဆင့်မြင့်ပညာရေး (တက္ကသိုလ်များ) ၄ နှစ်
MS
အလယ်တန်းပညာရေး ပြီးမြောက်မှု စစ်ဆေးခြင်း
TEI
ဆရာအတတ်ပညာသင် ဌာနများ

## အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အဆင့်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် (၂၀၁၆-၂၀၂၁) ကာလအတွက် ယေဘုယျမဟာဗျူဟာမြောက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ခုကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ သို့သော် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖော်ပြထားသော ပြုပြင်ပြောင်းလဲမှုများကိုအောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက်(၅)နှစ်ထက် ပိုမိုကြာမြင့်နိုင်မည်ဖြစ်ကြောင်း သိရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အဆင့်အလိုက် အကောင်အထည်ဖော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆင့်-၁ (၂၀၁၆-၂၀၂၁)တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို ပေါက်မြောက်အောင်မြင်စေရန်အတွက် တိုက်ရိုက်အထောက်အကူပြုမည့် ဦးစားပေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပြီး အကောင်အထည်ဖော်ရန် အလေးထားဆောင်ရွက်မည်ဖြစ်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အဆင့်-၂ (၂၀၂၂-၂၀၂၇)တွင် အဆင့်-၁ မှ ဦးစားပေးပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာပြီးမြောက်အောင် ဆောင်ရွက်၍ အဆိုပါ မဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်နှင့် ပြုပြင်ပြောင်းလဲမှုများ ပေါက်မြောက်အောင်မြင်စေရန်အလို့ငှာ လိုက်ဖက်သော ထပ်ဆောင်းပြုပြင်ပြောင်းလဲမှုများကို ဖြည့်စွက်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အဆင့်-၁ တွင် ပညာရေးဝန်ကြီးဌာနသည် နှစ်အလိုက် ဦးစားပေးဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ထုတ်မည်ဖြစ်ပြီး ၎င်းတို့ကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှစ်အလိုက် ဦးစားပေးလုပ်ငန်းများ စီမံကိန်း (Annual Priorities Plan) တွင် စာရင်းပြုစုဖော်ပြထားမည်ဖြစ်သည်။ ဤလုပ်ငန်းအစီအစဉ်သည် မူဝါဒသစ်ထုတ်ပြန်ကြေညာချက်များ၊ စွမ်းဆောင်မှုဆိုင်ရာ အချက်အလက်အသစ်များ၊ သုတေသနတွေ့ရှိချက်များ၊ သဘာဝဘေးအန္တရာယ်ကဲ့သို့ မျှော်မှန်းမထားသည့် အခြေအနေများစသည့် လွန်ခဲ့သော တစ်နှစ်တာကာလအတွင်း ပေါ်ပေါက်ခဲ့သော ပညာရေးကဏ္ဍ အဓိကအပြောင်းအလဲများနှင့်အညီ လုပ်ငန်းများကို ညှိနှိုင်းပြင်ဆင်ပြီး ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာနအား အထောက်အကူပြုမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှု အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသအခြေအနေနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲဆောင်ရွက်နိုင်ခြင်းသည် အရေးကြီးကြောင်း ပညာရေးစနစ်စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံများတွင် တွေ့ရှိရပါသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် အဆိုပါအရေးကြီးသော တွေ့ရှိချက်အား ထည့်သွင်းစဉ်းစား၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း နှစ်အလိုက် ဦးစားပေးလုပ်ငန်းများစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်မည် ဖြစ်ပါသည်။




၁

# မြန်မာ့ပညာရေးစနစ်၏ ယေဘုယျနောက်ခံအခြေအနေ






၂
၁

အခန်း ၁

# မြန်မာ့ပညာရေးစနစ်၏ ယေဘုယျနောက်ခံ အခြေအနေ

## ၁.၀။ မြန်မာနိုင်ငံနှင့်အကူးအပြောင်းကာလ

မြန်မာနိုင်ငံသည်ဒီမိုကရေစီအုပ်ချုပ်မှုစနစ်ဖော်ဆောင်ခြင်း၊ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟူသည့် အဓိကအပြောင်းအလဲသုံးရပ် ပါဝင်သော ကြီးမားသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပြောင်းအလဲများကို စတင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ဤအပြောင်းအလဲများသည် ပြည်သူလူထုအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် သာယာဝပြောမှုကို မျှဝေခံစားရန်သာမက အာရှတိုက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလျင်မြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ရန် အလားအလာရှိပါသည်။

အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ဒေသတွင်း လူဦးရေသိပ်သည်းမှု အနိမ့်ဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မြေဆီသြဇာကြွယ်ဝသော လယ်မြေများ၊ ဖော်ထုတ်အသုံးမပြုရသေးသော စိုက်ပျိုးရေးအလားအလာများနှင့် သဘာဝအရင်းအမြစ်ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားတည်ရှိနေပါသည်။ အဆိုပါ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် ဒေသတွင်းကုန်သွယ်ရေးအရ အဓိကအချက်အချာကျသော နိုင်ငံဖြစ်လာပြီး တွင်းထွက်ပစ္စည်းများ၊ သဘာဝဓါတ်ငွေ့နှင့် စိုက်ပျိုးရေးထွက်ကုန်များ အဓိကဖြန့်ဖြူးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အခြေအနေဖန်တီးပေးလျက်ရှိသည်။

မကြာမြင့်သေးသည့်နှစ်များတွင် မြန်မာ့လူ့အဖွဲ့အစည်းအပေါ် အဘက်ဘက်၌ အကျိုးသက်ရောက်မှုရှိစေမည့် ရည်မှန်းချက်ကြီးမားသော စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရသည် ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ လူမှုရေးကဏ္ဍများတွင် အရည်အသွေးပြည့်ဝသော အခြေခံလူမှုရေးဝန်ဆောင်မှုလုပ်ငန်းများရရှိခံစားနိုင်မည့် အခွင့်အလမ်းများတိုးတက်လာစေရန် နိုင်ငံသားအားလုံးအတွက် အဓိကအပြောင်းအလဲများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်ရရှိသော နိုင်ငံတစ်ခုဖြစ်လာစေရေးဟူသည့် အမျိုးသားရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များကို အထောက်အကူပြုရေးတို့အတွက် ပညာရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို အဓိကမောင်းနှင်အားနှစ်ခုအဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ထားပါသည်။

အရည်အသွေးပြည့်ဝပြီး လူတိုင်းလက်လှမ်းမီသည့် ပညာရေးသည် ကျောင်းသင်၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလမ်းသွယ်များမှတစ်ဆင့် ကျောင်းသားများကို အလုပ်အကိုင် ဘဝတစ်သက်တာ သင်ယူမှုဆိုင်ရာ ပန်းတိုင်များနှင့်မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် ပံ့ပိုးပေးရန် အခြေခံဖြစ်ကြောင်း နိုင်ငံတော်အစိုးရက သိရှိထားပြီးဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းကိုလည်း ကောင်းစွာသိရှိထားပါသည်။

ယနေ့ ကမ္ဘာ့စီးပွားရေးလောကတွင် နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုသည် အခြေခံအားဖြင့် ထိုနိုင်ငံရှိ နိုင်ငံသားများ၏ အသိပညာ၊ ဗဟုသုတ၊ တတ်ကျွမ်းမှုများနှင့် စွမ်းရည်များအပေါ်တွင် မူတည်လျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသော နိုင်ငံများသည် ရေရှည်အကျိုး ဖြစ်ထွန်းမှုများစွာရှိပြီး စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်ပါသည်။ ပညာရေးသည် နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့အတွက်လည်း အခြေခံကျပါသည်။ ထို့ပြင် ပညာရေးသည် လူတစ်ဦးချင်းစီကို ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးဖန်တီးပေးပြီး မိမိရပ်ရွာအသိုက်အဝန်းတွင် အောင်မြင်သောသူများဖြစ်လာရုံသာမက အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးပါသည်။

## ၁.၁။ အစိုးရ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများ

အစိုးရ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၂။ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိကလေးများ စသည့်ကလေးများအတွက် အလေးထားဆောင်ရွက်သည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

၃။ ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်း တိုင်းရင်းသားကလေးများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကားသင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့်သင်ကြားပေးခြင်း အပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို ပံ့ပိုးပေးရန်နှင့် မြှင့်တင်ပေးရန်ဆောင်ရွက်ခြင်း။

၄။ သင့်လျော်သော ဆရာကျောင်းသားအချိုး ရရှိရန် ဆောင်ရွက်ပေးခြင်း။

၅။ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှု စွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း။

၆။ အခြေခံပညာရေးကို လူတိုင်းပိုမို လက်လှမ်းမီနိုင်ရန်အတွက် ဖွံ့ဖြိုးမှုအားနည်းသော ဒေသများရှိကျောင်းများ (အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ) ၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၇။ ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ အရည်အသွေးတိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း။

၈။ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

၉။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့်တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

၁၀။ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း။

၁၁။ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန် ဆောင်ရွက်ပေးခြင်း။

၁၂။ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကိုအခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## ၁.၂။ မြန်မာ့ပညာရေးစနစ်၏ ယေဘုယျ နောက်ခံအခြေအနေ

မြန်မာနိုင်ငံပညာရေးကဏ္ဍတစ်ခုလုံး၏ အခြေအနေကို အောက်တွင် အကျဉ်းချုပ် ခြုံငုံသုံးသပ်ဖော်ပြထားပါသည် -

### ၁.၂.၁။ ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့သည်ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း များကို ဦးစီးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများပေးရာ၌ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများ ကလည်း ရပ်ရွာပြည်သူလူထုကို တက်ကြွစွာ ပံ့ပိုးပေးလျက်ရှိပါသည်။

### ၁.၂.၂။ အခြေခံပညာရေး

လက်ရှိအခြေခံပညာရေးစနစ်တွင် မူလတန်းပညာရေး (၅)နှစ် (သူငယ်တန်းမှ စတုတ္ထတန်း)၊ အလယ်တန်းပညာရေး(၄)နှစ်နှင့်အထက်တန်းပညာရေး (၂)နှစ် ပါဝင်ပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြန်မာနိုင်ငံ၌ အခြေခံပညာကျောင်းပေါင်း (၄၇,၃၆၃)ရှိပြီး ကျောင်းသားဦးရေမှာ (၉.၂၆)သန်းခန့်ရှိသည်။ ဇယား(၁.၁)တွင် ဖော်ပြထားပါသည်။ ဤကျောင်းအများစုကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာဦးစီးဌာနက စီမံအုပ်ချုပ်ပါသည်။ ထို့ပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိက၊ ရပ်ရွာဒေသနှင့် ပညာရေးဝန်ဆောင်မှုပေးသော တခြားကျောင်းများမှ တစ်ဆင့် အခြေခံပညာကို သင်ယူခွင့်ရရှိနေကြသော ကျောင်းသားများလည်း ရာခိုင်နှုန်း အတိုင်းအတာတစ်ခုထိ ရှိနေပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်ရှိသော အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားဦးရေစာရင်းကို ဇယား(၁.၁)တွင် ဖော်ပြထားပါသည်။

**ဇယား(၁.၁) အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားဦးရေ**

| ကျောင်းအမျိုးအစား | အခြေခံပညာ ကျောင်းအရေအတွက် (၂၀၁၅-၂၀၁၆) | အခြေခံပညာ ဆရာအရေအတွက် (၂၀၁၅-၂၀၁၆) | အခြေခံပညာ ကျောင်းသားအရေအတွက် (၂၀၁၅-၂၀၁၆) |
|---|---|---|---|
| အထက်တန်းကျောင်း | ၃,၅၁၃ | ၃၄,၃၉၃ | ၈၇၃,၈၃၂ |
| အလယ်တန်းကျောင်း | ၆,၂၂၄ | ၁၂၉,၉၄၅ | ၂,၇၉၅,၆၀၇ |
| မူလတန်းကျောင်း | ၃၅,၆၅၀ | ၁၅၈,၁၇၆ | ၅,၁၈၄,၀၄၁ |
| ဘုန်းတော်ကြီးသင်ပညာရေးကျောင်း | ၁,၅၃၈ | ၁၁,၀၄၄ | ၂၉၇,၀၃၉ |
| ပုဂ္ဂလိကကျောင်း | ၄၃၈ | ၇,၃၉၇ | ၁၀၇,၄၅၁ |
| စုစုပေါင်း | ၄၇,၃၆၃ | ၃၄၀,၉၅၅ | ၉,၂၅၇,၉၇၀ |

**ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန (၂၀၁၅-၂၀၁၆)**

### ၁.၂.၃။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး

ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပရောက် ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းပညာရေးတန်းညှိအစီအစဉ်နှင့် အရွယ်ရောက်သူများအတွက် နွေရာသီ အခြေခံစာတတ်မြောက်ရေးအစီအစဉ်တို့ကို ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးသင်ယူမှု အခွင့်အလမ်းအဖြစ် စီစဉ်ဖန်တီးပေးထားသည်။ ကျောင်းပြင်ပ မူလတန်းပညာရေး တန်းညှိအစီအစဉ်ကို သင်ယူသူ (၁၁,၂၃၄)ဦးအတွက် မြို့နယ်ပေါင်း (၈၉)မြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိသည်။ နွေရာသီ အခြေခံစာတတ်မြောက်ရေးအစီအစဉ်ကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ပြီး သင်ယူသူ (၂၂,၄၄၄)ဦးကို သင်ကြားပေးနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် သင်ယူသူ (၄၆,၄၇၈)ဦးကို သင်ကြားပေးနိုင်ခဲ့ပါသည်။

### ၁.၂.၄။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး

မြန်မာနိုင်ငံ၌ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများကို ဆက်စပ် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့က နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ကျောင်းပေါင်း (၃၇၂)ကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

### ၁.၂.၅။ အဆင့်မြင့်ပညာရေး

မြန်မာနိုင်ငံတွင် ဝန်ကြီးဌာန (၈)ခုအောက်၌ အဆင့်မြင့်ပညာကျောင်း (ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်) စုစုပေါင်း (၁၇၁) ကျောင်းရှိပါသည်။ ၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသားပေါင်း (၂၂၅,၁၇၈)ဦးသည် ပညာရေး ဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်ပညာကျောင်းများတွင် အချိန်ပြည့် တက်ရောက်ခဲ့ပြီး ကျောင်းသား (၄၁၁,၁၆၄)ဦးသည် အဝေးသင်တက္ကသိုလ်များတွင် အဆင့်မြင့်ပညာကို သင်ယူနိုင်ခဲ့ကြပါသည်။

## ၁.၃။ အောင်မြင်ဖြစ်ထွန်းမှုများ

နိုင်ငံတော်အစိုးရသည် အရည်အသွေးရှိသော ပညာရေးကို သင်ယူခွင့်တိုးချဲ့ပေးရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက လွန်ခဲ့သော (၄)နှစ်တာ ကာလ အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများနှင့် အမျိုးသားအဆင့်အစီအစဉ်များတွင် သိရှိနိုင်ပါသည်။ အဆိုပါ ကာလ အတွင်း ပညာရေးကဏ္ဍတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် အဓိကအောင်မြင်မှုတချို့ကို ကောက်နုတ်တင်ပြထားပါသည်။

### ၁.၃.၁။ အထောက်အထားအခြေပြုဥပဒေများရေးဆွဲခြင်းနှင့် (၅)နှစ် မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း

ပညာရေးဝန်ကြီးဌာနသည် လွန်ခဲ့သော (၃)နှစ်ခွဲကျော်ကာလအတွင်း အမျိုးသား ပညာရေးစနစ်၏ အားသာချက်၊ အားနည်းချက်များကို ဆန်းစစ်အကဲဖြတ်ရန် ဘက်စုံလွှမ်း ခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR) ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၂၁ ကာလအတွက် အထောက် အထားအခြေပြု အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတစ်ရပ်ရေးဆွဲခဲ့ပါသည်။ CESR ၏ ကနဦးလုပ်ဆောင်ချက်များအပြင် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ မူဝါဒဆိုင်ရာ အသေးစိတ်လေ့လာဆန်းစစ်မှုများဖြင့် အမျိုးသားပညာရေးဥပဒေနှင့် ကဏ္ဍအလိုက် ဥပဒေမူကြမ်းများကို ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၏ လုပ်ငန်းစဉ် များနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းစဉ်များသည် ရှေ့ဆောင်လမ်းပြ လုပ်ငန်းစဉ်များဖြစ်ပါသည်။ အဆိုပါနှစ်ဖွဲ့သည် ပထမအချက်အနေဖြင့် ပညာရေး ဥပဒေပြင်ဆင်ရေးဆွဲရန်နှင့် (၅)နှစ်တာ မဟာဗျူဟာစီမံကိန်းရေးဆွဲနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီအရည်အသွေးမြင့်ပြီး လွှမ်းခြုံမှုရှိသော အထောက်အထား အခြေပြုမှုကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဒုတိယအချက်အနေဖြင့် ပညာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ အဆင့်မြင့်ပညာကျောင်း (တက္ကသိုလ်)များမှ ပညာရှင် များ၏ ဦးဆောင်မှုဖြင့် ပေါင်းစပ်ညှိနှိုင်းကာ သုတေသနပြုလုပ်ပြီး အဓိကနောက်ခံအချက် အလက်များပါဝင်သော အစီရင်ခံစာကို ရေးသားပြုစုခဲ့ပါသည်။ ၎င်းတို့သည် ဥပဒေသစ် ရေးဆွဲခြင်းနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ရေးဆွဲခြင်းတို့အတွက် အထောက်အကူဖြစ်ခဲ့ပါသည်။ တတိယအချက်အနေဖြင့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍ အတွက် ပံ့ပိုးပေးသော နိုင်ငံတွင်းနှင့်နိုင်ငံတကာပညာရှင်များနှင့် အဖွဲ့အစည်းများ၏ မဟာဗျူဟာမြောက် အကြံပြုချက်များကို မှတ်တမ်းတင်ထားရှိနိုင်မည့် ပွင့်လင်းမြင်သာ စွမ်းဆောင်ရည်ရှိသော စနစ်တစ်ခုကို ချမှတ်ထားနိုင်ခဲ့သည်။

စတုတ္ထအချက်အနေဖြင့် အထောက်အထားအခြေပြု မဟာဗျူဟာစီမံကိန်းရေးဆွဲ ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာနအရာရှိများ၏ စွမ်းဆောင် ရည်ကို မြှင့်တင်ပေးခဲ့ပါသည်။ ပဉ္စမအချက်အနေဖြင့် နိုင်ငံတစ်ဝန်းရှိပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ချမှတ်ကျင့်သုံးနိုင်စေခဲ့ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၁နှင့် အဆင့်-၂ တို့၏ အဓိကရလဒ်များမှာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေး ဆွဲရာတွင် အထောက်အကူပြုနိုင်သော အစီရင်ခံစာများထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအစီရင်ခံစာများမှာ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းအဆင့်-၁ အချိန်တိုအတွင်း အကဲဖြတ်ခြင်းအစီရင်ခံစာနှင့် ဘက်စုံလွှမ်းခြုံနိုင် သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်-၂ ကဏ္ဍခွဲ အစီရင်ခံစာ တို့ဖြစ်ပါသည်။ ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အဓိကရလဒ်များမှာ လုပ်ငန်းအဖွဲ့ (၁၈)ဖွဲ့၏ ဘာသာရပ်နယ်ပယ်အလိုက် အစီရင်ခံစာများ ပြုစုနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အဓိကအောင်မြင်မှုတစ်ရပ်မှာ အမျိုးသားပညာရေးစနစ်၏ အရည်အသွေး၊ ထိရောက်မှုနှင့် စွမ်းဆောင်ရည် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အတွက် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင် သည့် ဥပဒေ(၂၀၁၅)တို့ကို လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးခြင်းပင်ဖြစ်သည်။ ဤဥပဒေနှစ်ရပ်သည် အမျိုးသားပညာရေးစနစ်အတွင်း အပြန်အလှန် ဖြည့်ဆည်း ချိတ်ဆက်ပေးသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေး အတွက် အထူးကောင်းမွန်သော အမျိုးသားအဍ္ဍန်းဘောင် တစ်ရပ်အဖြစ် ပံ့ပိုးပေးခြင်းပင်ဖြစ်သည်။ အဆိုပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ အခြေခံပညာ မူလတန်းကို အခမဲ့မသင်မနေရပညာရေးအဖြစ် နိုင်ငံသားတိုင်း သင်ယူခွင့်ရရှိရေးကို အသိအမှတ်ပြုခြင်း၊ စံသတ်မှတ်ချက်အခြေပြု ပညာရေးအရည်အသွေးအာမခံမှုစနစ် တစ်ခုရေးဆွဲထူထောင်ခြင်း၊ အခြေခံပညာရေးစနစ်ကို(၁၃)နှစ်သို့တိုးမြှင့်ခြင်း၊ တိုင်းရင်းသား မျိုးနွယ်စုတို့၏ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို သင်ယူခွင့်ရရှိရေး အတွက် ပံ့ပိုးခြင်း၊ ပညာရေးစနစ်အတွင်း ဗဟိုချုပ်ကိုင်မှုပိုမိုလျှော့ချခြင်းတို့ပင် ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေ၏ အကျိုးရလဒ်တစ်ခုအနေဖြင့် ယခုအခါ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ကာလသည် တခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံပညာသင် ကာလနှင့်ကိုက်ညီသွားပြီဖြစ်ပါသည်။ ဇယား(၁.၂) တွင် ဖော်ပြထားပါသည်။

**ဇယား(၁.၂) အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပညာရေးစနစ်**

| နိုင်ငံများ | အခြေခံပညာရေးစနစ် | ကျောင်းနေသော နှစ်ပေါင်း | ကျောင်းစတက်ရောက်သည့် အသက် |
|---|---|---|---|
| ကမ္ဘောဒီးယား | ၆-၃-၃ | ၁၂ | ၆ |
| အင်ဒိုနီးရှား | ၆-၃-၃ | ၁၂ | ၆ |
| လာအို | ၅-၄-၃ | ၁၂ | ၆ |
| မလေးရှား | ၆-၃-၂-၂ | ၁၃ | ၆ |
| ဖိလစ်ပိုင် | ၆-၄-၂ | ၁၂ | ၆ |
| ထိုင်း | ၆-၃-၃ | ၁၂ | ၆ |
| ဗီယက်နမ် | ၆-၃-၃ | ၁၂ | ၆ |
| မြန်မာ | ၅-၄-၃ | ၁၂ | ၆ |



## ၁.၃.၂။ ပညာရေးအတွက် အစိုးရ၏ ဘဏ္ဍာငွေပံ့ပိုးမှု သိသာစွာ တိုးမြင့်လာခြင်း

လွန်ခဲ့သော (၄)နှစ်အတွင်း ပညာရေးကဏ္ဍအတွက် အစိုးရ၏ ဘဏ္ဍာငွေ ပံ့ပိုးမှုသည် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မြန်မာကျပ်ငွေ (၃၁၀) ဘီလီယံရှိရာမှ ၂၀၁၅-၂၀၁၆ ခုနှစ် တွင် မြန်မာကျပ်ငွေ (၁,၃၉၉) ဘီလီယံအထိ လေးဒသမငါးဆ တိုးမြင့်လာခဲ့သည်။ (အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အခန်း (၁၄) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်း ကဏ္ဍတွင် ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေ အသုံးစရိတ်များနှင့် စပ်လျဉ်းပြီး အသေးစိတ်လေ့လာနိုင်ပါသည်။)

## ၁.၃.၃။ မူကြိုပညာရေးသင်ယူခွင့်တိုးချဲ့မှု ပုံမှန်တိုးတက်လာခြင်း

မကြာမြင့်သေးသည့် နှစ်များအတွင်း ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ကောင်းမွန်သော တိုးတက်မှုများရရှိခဲ့ပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးအစီအစဉ်များတွင် တက်ရောက်နေသည့် သုံးနှစ်မှ ငါးနှစ် အရွယ် ကလေးသူငယ် ရာခိုင်နှုန်းသည် ၂၀၀၀ ခုနှစ်တွင် ၉ ရာခိုင်နှုန်းမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၂၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။ ထိုတိုးတက်မှုများနှင့်အတူကျောင်းအဆောက်အအုံအသစ်များအရေအတွက်သည်လည်းတိုးတက်လာခဲ့ပါသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူကြိုကျောင်းအရေအတွက် (၇,၅၂၈) ကျောင်းမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် (၁၂,၁၁၆) ကျောင်းအထိတိုးမြင့်လာခဲ့ပါသည်။ ကျောင်းအခြေပြု မူကြိုကျောင်းအရေအတွက်သည် ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၄၅ ရာခိုင်နှုန်း အထိ သိသာထင်ရှားစွာ တိုးတက်လာခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကလေးပေါင်း (၅၀,၀၁၈) ဦးကို ဝန်ဆောင်မှုပေးနေသော မူကြိုကျောင်းပေါင်း (၂,၂၇၂) ကျောင်းရှိရာမှ ၂၀၁၄ ခုနှစ်တွင် ကလေးသူငယ်ပေါင်း (၁၃၄,၃၁၉) ဦးကို ဝန်ဆောင်မှုပေးသည့် မူကြိုကျောင်းပေါင်း (၄,၁၁၉) ကျောင်းအထိရှိလာခဲ့သည်။

## ၁.၃.၄။ အခြေခံပညာရေး ကုန်ကျစရိတ်လျှော့ချခြင်းနှင့် ကျောင်းတက်ရောက်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း

အခြေခံပညာကျောင်းများတွင် တက်ရောက်သည့် ကလေးအရေအတွက်သည် ၂၀၁၁ မှ ၂၀၁၄ ခုနှစ်အတွင်း (၈.၂ သန်းမှ ၈.၆ သန်းသို့) ကျောင်းသားဦးရေ (၄)သိန်းခန့် တိုးတက်လာခဲ့သည်။ ၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံ အနေဖြင့် လူတိုင်းအတွက်ပညာရေး (Education for All-EFA)ပန်းတိုင်ဖြစ်သည့် သူငယ်တန်း အသားတင်ကျောင်းဝင်နှုန်း ရည်မှန်းချက် ၉၈ ရာခိုင်နှုန်းကို ကျော်လွန်သောနှစ်ဖြစ်သည်။ ထို့အတူ ၂၀၁၀-၂၀၁၁ နှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း အသားတင်ကျောင်းနေနှုန်းနှင့် အဆင့်ကူးပြောင်းနှုန်းများမှာလည်း တိုးတက်ခဲ့ပါသည်။ အထူးသဖြင့် အလယ်တန်း အဆင့် ကျောင်းနေနှုန်းသည် သိသာထင်ရှားစွာတိုးတက်ခဲ့ပါသည်။

ဤတိုးတက်မှုများ၏ အဓိကအကြောင်းရင်းမှာ နိုင်ငံတော်အစိုးရက အခမဲ့ မူလတန်းပညာရေး အစီအစဉ်ကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင်အစပြုခဲ့ပြီး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အခမဲ့ အလယ်တန်းပညာရေးကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အခမဲ့ အထက်တန်းပညာရေးကိုလည်းကောင်း ဆက်တိုက်ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဤအစီအစဉ်တွင် အစိုးရကျောင်းအားလုံးရှိ ကျောင်းသားအားလုံးအတွက် ကျောင်းသုံးစာအုပ်များပံ့ပိုးခြင်း၊ မူလတန်းအဆင့်ကျောင်းသားများအတွက် ကျောင်းဝတ်စုံများ ပံ့ပိုးခြင်းနှင့် ကျောင်းဝင်ကြေး၊ စာအုပ်စာတမ်းကြေးနှင့် မိဘဆရာအသင်းကြေးများ ကောက်ခံမှုမရှိခြင်းတို့ပါဝင်ပါသည်။ ထို့ပြင်ရပ်ရွာအသိုက်အဝန်းက ပံ့ပိုးရသည့် ကျောင်းများ၏ ပုံမှန်လည်ပတ် စရိတ်ကို လျှော့ချနိုင်ရန်အတွက် အခြေခံပညာကျောင်းများအားလုံးကို နိုင်ငံတော်က ကျောင်းထောက်ပံ့ကြေးများ ပေးအပ်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်များသည် မိသားစုများ၏ ပညာရေးကုန်ကျစရိတ်ကို သိသာစွာ လျှော့ချပေးနိုင်ခြင်းကြောင့် မိဘပြည်သူများ၏ ကျယ်ကျယ်ပြန့်ပြန့်အားပေးထောက်ခံမှုကို ရရှိလာခဲ့ပါသည်။

## ၁.၃.၅။ ကျောင်းများ၏ အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်စေရေးအတွက် အဓိကရင်းနှီးမြှုပ်နှံမှုများ

လွန်ခဲ့သော လေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာနသည် ကျောင်းများ၏ အခြေခံအဆောက်အအုံများအတွက် အဓိက ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ခဲ့သည်။ ဇယား(၁.၃) တွင် ဖော်ပြထားပါသည်။ ဤကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကြောင့် သက်ဆိုင်ရာကျောင်းများတွင် သင်ကြားသင်ယူမှုဝန်းကျင်ကို သိသာစွာ တိုးတက်ပြောင်းလဲလာစေခဲ့ပါသည်။

ဇယား (၁.၃) ပညာရေးဝန်ကြီးဌာန ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း ကျောင်းများ၏ အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှု

| အမျိုးအစား | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ကျောင်းအသစ်များ ဆောက်လုပ်ခြင်း | ၂၈၀ | ၁,၀၅၉ | ၁,၃၇၇ | ၃,၀၀၉ | ၁,၈၉၁ | ၇,၆၁၆ |
| လက်ရှိကျောင်းများကို ပြုပြင်မွမ်းမံခြင်း (အဆောက်အအုံအားလုံး) | ၁၆၈ | ၁,၀၇၈ | ၁,၉၈၉ | ၂,၀၅၈ | ၃,၆၅၂ | ၈,၉၄၅ |
| စာသင်ခန်းအသစ်များ ဆောက်လုပ်ခြင်း | ၃၀၁ | ၂,၀၅၈ | ၁,၉၀၉ | ၄,၂၈၆ | ၃,၂၂၂ | ၁၁,၇၇၆ |
| လက်ရှိစာသင်ခန်းများကို ပြုပြင်မွမ်းမံခြင်း | ၈၈၁ | ၀ | ၄,၇၉၂ | ၄,၇၁၆ | ၃,၁၆၆ | ၁၃,၅၅၅ |
| အခြားအခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း | ၂ | ၄ | ၅၂ | ၁၂၅ | ၁၀၁ | ၂၈၄ |

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန (၂၀၁၅-၂၀၁၆)

### ၁.၃.၆။ နွမ်းပါးသော မိသားစုမှ ကျောင်းသားများ ကျောင်းနေနိုင်ရေး ကူညီပံ့ပိုးခြင်း

၂၀၁၁-၂၀၁၂ပညာသင်နှစ်တွင် နိုင်ငံတော်အစိုးရသည် နွမ်းပါးသော မိသားစုမှ ကျောင်းသားများကို ရည်ရွယ်လျက် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကို စတင်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်အရ မြို့နယ်ပေါင်း (၃၃၀)ရှိ ကျောင်းသား (၁၆,၀၀၀)ခန့်ကို ထောက်ပံ့ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အနည်းဆုံးကျောင်းသား (၁၀၀,၀၀၀)ထိ တိုးချဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေး တိုးချဲ့ရေးအစီအစဉ်သည် ကျောင်းထွက်ရန် အလားအလာမြင့်မားသည့် ကလေးများဖြစ်သော စတုတ္ထတန်းမှ ဒသမတန်းအထိ ကျောင်းသားများကို အဓိကထား ဦးစားပေးမည်ဖြစ်ပါသည်။

### ၁.၃.၇။ အခြေခံပညာသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးကို အစပြုဆောင်ရွက်ခြင်း

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ နိဝင်ဘာလတွင် သင်ရိုးဝင်အကြောင်းအရာများပြားလွန်းသော ဘာသာရပ်များတွင် လျှော့ချရန်နှင့် သင်ရိုးဝင်အကြောင်းအရာတချို့ကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ရန်အတွက် လက်ရှိကျောင်းသုံးစာအုပ်များကို ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် မူလတန်းတွင် စာရိတ္တနှင့်ပြည်သူ့နီတိအတွက် ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းခြင်း၊ စိုက်ပျိုးရေးကို တွဲဖက်သင်ရိုးဝင်ဘာသာအဖြစ် မိတ်ဆက်သင်ကြားခြင်းနှင့် အထက်တန်းတွင် ဘဝတစ်သက်တာကျွမ်းကျင်စရာဘာသာရပ်အတွက် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ ပြဋ္ဌာန်းခြင်းတို့ဖြင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များသင်ကြားရေးကို အားကောင်းစေရန် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်သည် ပညာသင်နှစ် (၁၁) နှစ်ရှိသော အခြေခံပညာရေးစနစ်မှ သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်း (၁၂)နှစ်ရှိသော အခြေခံပညာရေးစနစ်သစ်သို့ ပြောင်းလဲဖွဲ့စည်းရန် သတ်မှတ်ထားသည်။ သို့ပါ၍ သင်ရိုးဝင်အကြောင်းအရာအသစ်များ၊ ပိုမိုကောင်းမွန်သော သင်ကြားနည်းနှင့် စစ်ဆေးအကဲဖြတ်နည်းများ၊ (၂၁)ရာစုကျွမ်းကျင်မှုများ၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အဓိကအလေးပေးထားသော အခြေခံပညာအဆင့် အမျိုးသားသင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို အသစ်ပြောင်းလဲဖွဲ့စည်းထားသော အခြေခံပညာရေးစနစ်နှင့်အညီ ရေးဆွဲပြုစုပြီး ဖြစ်ပါသည်။ ထို့ပြင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်နှင့် ဆက်စပ်နေသော သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို အသုံးပြုနိုင်ရန်ပြုစုရေးဆွဲပြီးဖြစ်ပါသည်။



## ၁.၃.၈။ အခြေခံပညာစစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိုအစပြုဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၏ အခြေခံပညာကျောင်းများတွင် စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်၍ အတန်းတင်ပေးသောစနစ်ကို အဓိက စစ်ဆေးအကဲဖြတ်နည်းအဖြစ် ဆယ်စုနှစ်တစ်ခု ကျော်ကြာ အသုံးပြုခဲ့ပါသည်။ မူလတန်းအဆင့်တွင် အခန်းဆုံးစစ်ဆေးအကဲဖြတ်ခြင်းဖြင့် စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်၍ အတန်းတင်ပေးရန် သတ်မှတ်ထားပြီး၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင်မူ အခန်းဆုံး စစ်ဆေးခြင်းနှင့် ဒုတိယနှစ်ဝက်ဆုံး စစ်ဆေးခြင်းတို့ကို ပေါင်းစပ်ခြင်းဖြင့် စဉ်ဆက်မပြတ်အကဲဖြတ်၍ အတန်းတင်ပေးရန်သတ်မှတ်ထားပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပသည့် တစ်ခုတည်းသော နိုင်ငံတော်အဆင့်စာမေးပွဲဖြစ်ပြီး၊ အထက်တန်း အဆင့် အပြီးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးတိုင်းတာခြင်းဖြစ်သည်။

သို့ရာတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းကူညီမှု ဖြင့် ဒုတိယတန်းနှင့် စတုတ္ထတန်းကလေးများ၏ သင်္ချာနှင့် စာရေးစာဖတ် တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်သည့် သင်ယူတတ်မြောက်မှုကြီးကြပ်လမ်းညွှန်ခြင်း (Monitoring of Learning Achievement-MLA) ကို စီမံကိန်းမြို့နယ် (၃၁) မြို့နယ်တွင် စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ အလားတူပင် သူငယ်တန်းမှ ဒုတိယတန်းအထိ ကလေးများ၏ မြန်မာဘာသာစကား ကနဦးစာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်ခြင်း (Early Grade Reading Assessment-EGRA) ကိုလည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနသည် အဆိုပါ ရှေ့ပြေးလုပ်ငန်းများ၏ အတွေ့အကြုံများပေါ်တွင် အခြေခံလျက် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို လေ့လာကြီးကြပ်နိုင်မည့် စစ်ဆေး အကဲဖြတ်မှုစနစ်ကို ထူထောင်သွားမည်ဖြစ်ပါသည်။

ထို့ပြင်ပညာရေးဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ်တွင် အလယ်တန်းနှင့် အထက်တန်းသို့ ကူးပြောင်းမည့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို တိုင်းတာရန် စတုတ္ထတန်းနှင့် အဋ္ဌမတန်းပြီးမြောက်ကြောင်း စာမေးပွဲများကို နိုင်ငံတစ်ဝန်းတွင် ပြန်လည်ကျင့်သုံးခဲ့ပါသည်။

## ၁.၃.၉။ ဆရာများနှင့် ပညာရေးဝန်ထမ်းများအတွက် လစာငွေ တိုးမြှင့်ပေးခြင်း

၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် ဝန်ထမ်းအားလုံး၏ လစာများအပြင် အပိုဆုကြေး လစဉ် (၃၀,၀၀၀) ကျပ် ထပ်ဆောင်းချီးမြှင့်ခဲ့သည်။ ထို့ပြင် ရှားပါးစရိတ်ကို နိုင်ငံတော်တစ်ဝန်းရှိ ဝေးလံခေါင်ဖျားဒေသ (၈၇) ခုတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာများကိုလည်း ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော် အနေဖြင့် ဝန်ထမ်းများ၏ လစာထပ်မံတိုးပေးမှုကို အတည်ပြုခဲ့ခြင်းကြောင့် ပညာရေးဝန်ထမ်းများလည်း အကျိုးခံစားခွင့် ရရှိစေခဲ့ပါသည်။



## ၁.၃.၁၀။ ဆရာဦးရေ တိုးမြှင့်ခန့်ထားခြင်း

အခြေခံပညာကျောင်းများတွင် ဆရာများအလုံအလောက်ရှိစေရန်အတွက် ပညာရေး ဝန်ကြီးဌာနသည် လွန်ခဲ့သော သုံးနှစ်အတွင်း နေ့စားလပေးဝန်ထမ်း ဆရာအသစ် (၇၂,၀၀၀) ခန့်ကို ခန့်အပ်ခဲ့ပြီး လုပ်ငန်းခွင်အကြို တစ်လသင်တန်းပို့ချခဲ့ပါသည်။ ယခုအခါ အဆိုပါ ဝန်ထမ်းများကို မူလတန်းပြဆရာများအဖြစ် ခန့်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနသည်အဆိုပါဝန်ထမ်းများအား အရည်အသွေးပြည့်ဝသောဆရာများ ဖြစ်လာစေရေးအတွက် အသိပညာနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးနိုင်သော မဟာဗျူဟာနှင့် အစီအစဉ်များကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများအတွက် လေ့ကျင့်သင်ကြားပြီးသော ဆရာဦးရေတိုးမြှင့်ရရှိစေရန် ပညာရေးကောလိပ်များကို ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်လည်းကောင်းတိုးချဲ့ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှစတင်၍ ပညာရေးဝန်ကြီးဌာနသည် နွမ်းပါးသော မိသားစုများမှ ကျောင်းသားများကို ဆရာများအဖြစ် ပိုမိုမွေးထုတ်ပေးနိုင်ရန်နှင့် စားသောက်စရိတ်ကာမိစေရန်အတွက် ပညာရေးကောလိပ်များတွင် တက်ရောက်လျက်ရှိသော သင်တန်းသားတစ်ဦးချင်းစီကို လစဉ် (၃၀,၀၀၀) ကျပ် ပံ့ပိုးပေးခဲ့သည်။ ထိုနည်းတူ ပညာရေးတက္ကသိုလ်များတွင်လည်း အဆောင်နေသင်တန်းသားများကို စားသောက်စရိတ်အဖြစ် လစဉ် (၃၀,၀၀၀) ကျပ် ပံ့ပိုးပေးခဲ့ပါသည်။ ယခုအခါ ပညာရေးဘွဲ့သင်တန်းများ၏ သင်တန်းကာလကို လက်တွေ့သင်ကြားမှု စွမ်းရည်တိုးတက်စေရန် ယခင်လေးနှစ်မှ ငါးနှစ်သို့ တိုးမြှင့်ပေးခဲ့ပါသည်။

## ၁.၃.၁၁။ ဆရာအတတ်ပညာရေးကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ပညာရေးဝန်ကြီး ဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ဆရာအတတ်ပညာရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစပြုဆောင်ရွက်ခဲ့သည်။ ဆရာများ၏ အရည်အသွေး အာမခံမှုအတွက် ဆရာအတတ်ပညာ တတ်ကျွမ်းမှုဆိုင်ရာ စံသတ်မှတ်ချက်များပြုစုခြင်းနှင့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးအတွက် မူဝါဒအညွှန်းဘောင်ရေးဆွဲပြုစုခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် ကလေးပျော်ကျောင်းဆရာအတတ်ပညာသင်တန်း၊ ကလေးဗဟိုပြုချဉ်းကပ်မှုဆိုင်ရာသင်တန်း၊ ကျောင်းအခြေပြု လုပ်ငန်းခွင် ဆရာအတတ်ပညာရေးနှင့် ကျောင်းအုပ်ကြီးများအတွက် သင်ကြားသင်ယူမှု ဆိုင်ရာ ဦးဆောင်မှု သင်တန်းများအပါအဝင် လုပ်ငန်းခွင် ဆရာအတတ်ပညာသင်တန်း အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။

ပညာရေးကောလိပ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် ပညာရေးဝန်ကြီးဌာနသည် ဆရာအတတ်ပညာသင်ကြားပို့ချသူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အင်္ဂလိပ်ဘာသာစကားကို မိခင်ဘာသာစကားအဖြစ်အသုံးပြုသော အင်္ဂလိပ်ဘာသာပြဆရာများကို ပညာရေးကောလိပ်များတွင် တွဲဖက်တာဝန်ပေးခြင်းအစီအစဉ်ဖြင့် ဆရာအတတ်ပညာ သင်ကြားပို့ချသူများ၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ပညာရေးဝန်ဆောင်မှုပေးသော တခြားကျောင်းများမှ ဆရာများ၏ အရည်အသွေးကို မြှင့်တင်ပေးရန်အတွက် နည်းလမ်းအမျိုးမျိုးကို အသုံးပြုလျက်ရှိပါသည်။ အဆိုပါ နည်းလမ်းများတွင် မော်ဂျူးအခြေပြုသင်တန်းများနှင့် ရွေ့လျားသင်တန်းများလည်း ပါဝင်ပါသည်။

## ၁.၃.၁၂။ အခြားသော အခြေခံပညာရေးဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုအားကောင်းစေခြင်း

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် အခြေခံပညာဝန်ဆောင်မှုပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အလျောက် အဆိုပါကျောင်းများမှ ဆရာများအား လစာငွေချီးမြှင့်နိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရက ပံ့ပိုးမှုများပြုလုပ်ပေးခဲ့ပါသည်။ ထို့အတူ ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် ဥပဒေနှင့်အညီ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပုဂ္ဂလိကကျောင်း (၇၂) ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

## ၁.၃.၁၃။ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးတိုးချဲ့ပေးခြင်း

ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍမိတ်ဖက်များ၏ အထောက်အပံ့ဖြင့် လွန်ခဲ့သော လေးနှစ်အတွင်း ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအခွင့်အလမ်းများကို တိုးမြှင့်ပေးခဲ့ပါသည်။ အခြေခံ စာတတ်မြောက်ရေး အစီအစဉ်များကို ၂၀၁၅ ခုနှစ်တွင် မြို့နယ် (၆၈) မြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်များ (Non-formal Primary Education Programmes-NFPEP) ကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မြို့နယ်ပေါင်း (၈၉) မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနသည် ကျောင်းပြင်ပ မူလတန်းပညာရေးသင်ရိုးညွှန်းတမ်းကို ကျွမ်းကျင်မှုအခြေပြုအဖြစ် ပြုပြင်မွမ်းမံခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စံပြုစစ်ဆေးလွှာဖြင့် စစ်ဆေးခြင်းကို ကျောင်းပြင်ပ မူလတန်း ပညာရေးအစီအစဉ်များတွင် စတင်ကျင့်သုံးခဲ့ပါသည်။ လက်ရှိတွင် ကျောင်းပြင်ပ အလယ်တန်းပညာရေး တန်းညှိအစီအစဉ်အတွက်လည်း သင်ရိုးညွှန်းတမ်းကို ရေးဆွဲထားပြီး ဖြစ်ပါသည်။

သက်ကြီးစာတတ်မြောက်ရေးနယ်ပယ်တွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း စာတတ်မြောက်နှုန်း တိုးတက်မြင့်မားစေရန် အထူးဦးစားပေးဆောင်ရွက်ပါသည်။ ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သော ပညာရေးဝန်ကြီးဌာန၏ နွေရာသီအခြေခံစာတတ်မြောက်ရေး အစီအစဉ်အရ ၂၀၁၄ ခုနှစ်တွင် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် တက်ရောက်သင်ကြားသူ အရေအတွက် နှစ်ဆရှိလာပြီး သင်ယူသူဦးရေပေါင်း (၄၆,၄၇၈)ဦးထိ မြင့်တက်ခဲ့သည်။

## ၁.၃.၁၄။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပိုမို အားကောင်းလာစေရန်အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း

နိုင်ငံတော်အစိုးရသည် မြို့ပြဒေသများတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်နှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်နိုင်ရန် အတွက် ကျွမ်းကျင်လုပ်သားများ လုပ်သားဈေးကွက်တွင် ပိုမိုလိုအပ်လျက်ရှိသည်ဟု သိရှိထားပြီးဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် လွန်ခဲ့သောနှစ်များအတွင်း နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး စနစ်ပိုမိုအားကောင်းစေရန် အဓိကကျသော ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် လုပ်ငန်းခွင်သို့ဝင်ရောက်သောသူများနှင့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီးသောသူများအတွက် ကျွမ်းကျင်မှုအမျိုးမျိုးဖွံ့ဖြိုးတိုးတက်လာစေရန် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (Employment and Skills Development Law-ESDL) တစ်ရပ်ကို လွှတ်တော်မှ အတည်ပြုပေးခဲ့သည်။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် အမျိုးသားကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (National Skills Development Agency - NSDA) တစ်ခု ထူထောင်ရန်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (Levy Fund) ထူထောင်ရန် ထည့်သွင်းရေးဆွဲခဲ့သည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်ကို ခေတ်မီလာစေရေးအတွက် တီထွင်ဆန်းသစ်သော နည်းလမ်းများဖြစ်ပါသည်။

အမျိုးသားကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ကျွမ်းကျင်မှုစံများ ရေးဆွဲပြုစုထားခြင်းသည် ကျောင်းပြင်ပကာလတို လုပ်ငန်းခွင်အခြေပြုသင်တန်းများကို အသိအမှတ်ပြုနိုင်မည်ဖြစ်ပြီး ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်နိုင်ရန် အတွက်လည်း အထောက်အကူဖြစ်စေပါသည်။ ဤပြုပြင်ပြောင်းလဲမှုများသည် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အစပြုဆောင်ရွက်ခဲ့သည့် လိုအပ်ချက်အခြေပြုသင်တန်းများအတွက် စဉ်ဆက်မပြတ် ဘဏ္ဍာငွေထောက်ပံ့မှုရှိစေရန် အလွန်အရေးကြီးသော ဆောင်ရွက်ချက်များဖြစ်သည်။ နောက်ထပ်အရေးပါသော ဆောင်ရွက်ချက်တစ်ခုမှာ မကြာမြင့်သေးသည့် နှစ်များအတွင်း စက်မှုသင်တန်းကျောင်း (၆)ကျောင်းကို စက်မှုဝန်ကြီးဌာန ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်း (Competency-based Short Course) များကို စမ်းသပ်ဖွင့်လှစ်သည့်အနေဖြင့် စင်္ကာပူ-မြန်မာ သက်မွေးသင်တန်းကျောင်း (Singapore Myanmar Vocational Training Institute) ကိုလည်း ထူထောင်ခဲ့ပါသည်။ လုပ်ငန်းခွင်နှင့် သင်တန်းကျောင်း အပြန်အလှန် တွဲဖက်သင်ကြားနိုင်သည့် အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း (Centre for Vocational Training) ကို ပုဂ္ဂလိကမှ ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါသင်တန်းကျောင်းမှ သင်တန်းပြီးဆုံးသောသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ထို့ပြင် အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)သည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (Myanmar Economic Corporation) နှင့် ပူးပေါင်းဖွင့်လှစ်ထားသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနအချင်းချင်းသာမက အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာတိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ (TVET Task-Force) ကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အဆိုပါအဖွဲ့သည် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဥပဒေ(မူကြမ်း) ရေးဆွဲနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်နှင့် အစိုးရနှင့်ပုဂ္ဂလိက ချိတ်ဆက်မှု ပိုမိုအားကောင်းစေရန်အတွက် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်သော အလုပ်အကိုင်အခွင့်အလမ်းများကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ (Employment Opportunities Sector Working Group-EOSWG) ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၎င်းအပြင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းများ၏ အချက်အလက်များကို ကြည့်ရှုနိုင်သော website (www.tvetmyanmar.org) ကို ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီဖြင့် တည်ထောင်နိုင်ခဲ့ပါသည်။ ထို website တည်ထောင်ခဲ့ခြင်းကြောင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တစ်ခု ပေါ်ပေါက်လာရေးကို များစွာအထောက်အကူပြုခဲ့ပါသည်။

## ၁.၃.၁၅။ အဆင့်မြင့်ပညာရေးစနစ် အားကောင်းစေရန် ဆောင်ရွက်ခြင်း

မကြာမြင့်သေးသည့်နှစ်များတွင် နိုင်ငံတော်အစိုးရကဆောင်ရွက်ခဲ့သော အဆင့်မြင့်ပညာရေးအတွက် အဓိက ပြုပြင်ပြောင်းလဲမှုတစ်ရပ်မှာ အဆင့်မြင့်ပညာကျောင်းများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျောင်းများအဖြစ် ပြောင်းလဲရန် စီစဉ်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အဆင့်မြင့်ပညာရေး၏ သင်ယူမှုအခွင့်အလမ်းနှင့် အရည်အသွေး နှစ်မျိုးစလုံးအပေါ် အကျိုးသက်ရောက် ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ဥပမာ-တချို့တက္ကသိုလ်များသည် မိမိတက္ကသိုလ်၏ ပဋိညာဉ်စာတမ်းအပေါ် အခြေပြု၍ ကျောင်းဝင်ခွင့် လိုအပ်ချက်များကို စတင်သတ်မှတ်ရန်ကြိုးပမ်းအားထုတ်လျက်ရှိကြပါသည်။

တက္ကသိုလ်(၁၂)ခုတွင် ဌာနတွင်းအရည်အသွေးအာမခံမှု (IQA) ယူနစ်များ တည်ထောင်ပေးခြင်းဖြင့် အဆင့်မြင့်ပညာကျောင်းများတွင် သင်ကြားပို့ချသည့် ပညာရေးအရည်အသွေးကိုလည်း မြှင့်တင်ပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် တက္ကသိုလ် (၆)ခုတွင် (Centres of Excellence-COE)များ ထူထောင်နိုင်ခဲ့သည်။ အပြုသဘောဆောင်သော အခြားတိုးတက်မှုတစ်ခုမှာ တက္ကသိုလ်များသည် အာဆီယံအရည်အသွေးအညွှန်းဘောင်နှင့် ချိတ်ဆက်ထားသော အမျိုးသားအရည်အသွေးမူဘောင်တစ်ခုကို ရေးဆွဲရန် ဆွေးနွေးလျက်ရှိကြောင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံရှိ အဆင့်မြင့်ပညာကျောင်းများနှင့် နိုင်ငံတကာ အဆင့်မြင့်ပညာကျောင်းများအကြား နားလည်မှုစာချွန်လွှာများရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းအားဖြင့် တချို့သောတက္ကသိုလ်များအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေသော သုတေသနနှင့်အသိပညာမျှဝေရေး မိတ်ဖက်များကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။ မြန်မာကျောင်းသားများ ပြည်ပတွင် ပညာသင်ကြားနိုင်ရန် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆု အစီအစဉ်သစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့သည်။ တက္ကသိုလ်များသည်လည်း ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကျောင်းသားဝန်ဆောင်မှုဌာနများ အစပြုတည်ထောင်လျက်ရှိပြီး ဖြစ်ပါသည်။



## ၁.၃.၁၆။ ပညာရေးစီမံအုပ်ချုပ်မှုဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း

မကြာမြင့်သေးသည့်နှစ်များက နိုင်ငံတော်အစိုးရသည် ပညာရေးစီမံခန့်ခွဲမှုများ၌ ဗဟိုချုပ်ကိုင်မှု ပိုမိုဖြေလျှော့ပေးရန် အရေးပါသောလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှစတင်၍ မြို့နယ်နှင့်ခရိုင်ပညာရေးမှူးများသည် သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များ၊ စီမံခန့်ခွဲရေးနှင့် အကောင်အထည်ဖော်ရေးတာဝန်များကို ဆောင်ရွက်ကြရပါသည်။ အဆိုပါ ဆောင်ရွက်ချက်များကို အထောက်အပံ့ဖြစ်စေရန် နိုင်ငံတော်အစိုးရသည် ပညာရေးမှူးရုံးများ၏ ဖွဲ့စည်းပုံကိုပြင်ဆင်ပြီး ဝန်ထမ်းအရေအတွက်ကိုလည်း တိုးချဲ့ခန့်ထား ပေးခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများသည် နေ့စားဆရာများအပါအဝင် ဆရာများခန့်ထားခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခွင့်ရှိလာခဲ့သည်။ အမျိုးသားပညာရေးဥပဒေတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများ၏ ဆုံးဖြတ်ချက်ချခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အသုံးစရိတ်များဆိုင်ရာ တာဝန်ယူခြင်းတို့နှင့်စပ်လျဉ်းသည့် အခန်းကဏ္ဍကို တိုးမြှင့်ပေးထားပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အစိုးရ၏ ကျောင်းထောက်ပံ့ကြေး အစီအစဉ်အရ လုပ်အားခမပါဟုတ်သော သာမန်အသုံးစရိတ်များ စီမံခန့်ခွဲရာတွင် ကျောင်းများကို လုပ်ပိုင်ခွင့်နှင့် ညှိနှိုင်းဆောင်ရွက်ခွင့်တို့ ပိုမို ပေးအပ်ထားပါသည်။

## ၁.၃.၁၇။ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း

ပညာရေးဝန်ကြီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းလျက် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများနှင့် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ပညာရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (Education Sector Co-ordination Committee- ESCC) ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင်တည်ထောင်ခဲ့သည်။ ဤလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံတွင် ပထမဆုံးထူထောင်ခဲ့သည့် အဖွဲ့ဖြစ်ပြီး အစိုးရနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်တို့အကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်ရေးအတွက် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် နေပြည်တော်သဘောတူညီချက်ကို ထုတ်ပြန်ပြီးသည့်နောက် ပညာရေးကဏ္ဍတွင်သာမက အခြားသောကဏ္ဍများတွင်လည်း အလားတူလုပ်ဆောင်မှုများ ရှိလာခဲ့ပါသည်။

## ၁.၄။ ခြုံငုံသုံးသပ်ချက်

မကြာမြင့်သေးသည့် နှစ်များအတွင်း ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ခဲ့သော အဓိက ပြုပြင်ပြောင်းလဲမှုတချို့ကို လေ့လာသုံးသပ်ကြည့်လျှင် အချိန်တိုအတွင်း ကြီးမားသော အောင်မြင်မှုရရှိခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားပညာရေးစနစ်အားလုံးရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ (Stakeholders)၏ ခိုင်မာသည့် ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုရန် အရေးကြီးပါသည်။

မြန်မာနိုင်ငံတွင် ပညာရေးဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်း၍ အရေးပါသော ပြုပြင်ပြောင်းလဲမှုများကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှစီမံခန့်ခွဲသည့်ပုဂ္ဂိုလ်များ၏ တက်ကြွစွာညှိနှိုင်းဆွေးနွေးမှုရှိသည့် ဦးဆောင်မှုဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုနည်းတူ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော ပညာရေးကဏ္ဍမူဝါဒအသစ်များနှင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရန် နိုင်ငံတစ်ဝန်းရှိ ကျောင်းများနှင့် ပညာသင်ယူရာဌာနများမှ ကျောင်းအုပ်များ၊ ဆရာများ၊ ကျောင်းသားများနှင့် မိဘများ၏ လက်တွဲပါဝင်ကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်ပြုရန်လိုအပ်သည်။ ထိုသို့ အားလုံးပါဝင်ဆောင်ရွက်မှသာလျှင် ပြုပြင် ပြောင်းလဲမှုများသည် အရည်အသွေးရှိသော ပညာသင်ယူမှု အခွင့်အလမ်းများကို တိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောင်းတက်သည့် ကလေးဦးရေပိုမိုများပြားလာမှုရှိသော်လည်း ရရှိခဲ့သော အချက်အလက်များအရ ၎င်းတို့သည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အနိမ့်ဆုံးသင်ယူမှုစံသတ်မှတ်ချက်များကို ပြည့်မီမှုမရရှိကြသေးပေ။ ထို့ပြင် အလယ်တန်းနှင့် အထက်တန်းပညာရေးကို ပြီးမြောက်ခြင်းမရှိဘဲ ကျောင်းထွက်သွားသည့် ကျောင်းသားဦးရေ မြင့်မားကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရ၏ မူဝါဒထုတ်ပြန်ချက်များနှင့် အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တို့တွင် ဖော်ပြထားသည့် အစိုးရ၏ကတိကဝတ်များကို ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ထားသည့် မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များပါဝင်သော အရည်အသွေးရှိသည့် ကာလဝက်မဟာဗျူဟာစီမံကိန်း တစ်ခုဖြင့် ပံ့ပိုးဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဆိုပါတွေ့ရှိချက်များကို အခြေခံ၍ ပညာရေးဝန်ကြီးဌာနသည် အထောက်အထားအခြေပြု အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းဖြင့် ပညာရေးကဏ္ဍဆိုင်ရာ ဥပဒေများ၊ မူဝါဒများနှင့်ကာလဝက် မဟာဗျူဟာများနှင့် အစီအစဉ်များအကြား ချိတ်ဆက်မှုကို အားကောင်းလာစေရန် ဆောင်ရွက်နိုင်ပါမည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကိုရေးဆွဲခဲ့သည့် အဓိကအခြေခံမှုများကို ဆက်လက်ဖော်ပြထားပါသည်။

## ၁.၅။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရေးဆွဲရာတွင် အခြေခံသည့်မှုများ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကိုရေးဆွဲရာတွင် အောက်ပါအကောင်းဆုံး လုပ်ထုံးလုပ်နည်းဆိုင်ရာမှုများကို အသုံးပြုထားပါသည်-

### ၁.၅.၁။ အထောက်အထားအခြေပြုရေးမှု

လွန်ခဲ့သော(၂)နှစ်အတွင်း ပညာရေးဝန်ကြီးဌာနသည် ချိတ်ဆက်လျက်ရှိသော သတင်းအချက်အလက်အရင်းအမြစ်(၅)ခုကို ဖော်ထုတ်ဆန်းစစ်ခဲ့ပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို ရေးဆွဲခဲ့ပါသည်။ ပုံ (၁.၁)တွင် ဖော်ပြထားပါသည်။ အဆိုပါ သတင်းအချက်အလက် အရင်းအမြစ်(၅)ခုကို အပြန်အလှန်နှိုင်းယှဉ်လေ့လာပြီး (၂၀၁၆-၂၀၂၁)ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဦးစားပေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ထုတ်ထားပါသည်။

### ၁.၅.၂။ ညှိနှိုင်းဆွေးနွေးရေးမှု

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစီရင်ခံစာများ၏ သိသာထင်ရှားသော အောင်မြင်မှုတစ်ရပ်မှာ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများနှင့် နိုင်ငံတစ်ဝန်းတွင် ကျယ်ပြန့်စွာ ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ဝင်များသည် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူ (၃,၁၉၉) ဦးနှင့် ညှိနှိုင်းဆွေးနွေးပွဲ (၁၀၇)ကြိမ် ပြုလုပ်ခဲ့ပြီး ဆွေးနွေးချက်များကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းမူကြမ်း(၉)စောင်တွင် ထည့်သွင်းရေးသားပြုစုခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းရုံးမှ အဖွဲ့ဝင်များသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းမူကြမ်းများကို တစ်နိုင်ငံလုံးရှိ ခရိုင်ပေါင်း(၄၃)ခု၌ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူ(၁၃,၀၀၀)ဝန်းကျင်ကို တစ်ရက်တာညှိနှိုင်းဆွေးနွေးပွဲများကျင်းပပြီး ရှင်းလင်းတင်ပြခဲ့ကြသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲများတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်၊ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများက ထောက်ခံ၍ အကြံပြုချက်များရရှိခဲ့ကြပါသည်။


### ၁.၅.၃။ အရည်အသွေးကို အလေးပေးရေးမှု

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းဆိုင်ရာ အထောက်အထား အခြေပြု အချက်အလက်များကို အသေးစိတ်လေ့လာသုံးသပ်ရာတွင် အရည်အသွေးရှိသော ပညာရေးသည် အဓိကကျသော အချက်တစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါ တွေ့ရှိချက်အရ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ပညာရေးကဏ္ဍခွဲအားလုံးတွင် အရည်အသွေးအလေးပေးသော ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ မဟာဗျူဟာများနှင့် အစီအစဉ်များကို ထည့်သွင်းထားပါသည်။

### ၁.၅.၄။ ချိတ်ဆက်ပေါင်းစည်းထားရေးမှု

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် ပညာရေးကဏ္ဍခွဲများနှင့် အဆင့်အလိုက် ပြုပြင်ပြောင်းလဲမှုများချိတ်ဆက်မှုကို အထူးအလေးပေးသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများဖြစ်ရန် ဘက်စုံလွှမ်းခြုံသည့် ချဉ်းကပ်နည်း စနစ်တစ်ခုကို ရေးဆွဲချမှတ်ခဲ့ပါသည်။

**ပုံ (၁.၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲရန် သတင်းအချက်အလက်အရင်းအမြစ်များ**





### ၁.၅.၅။ ပြောင်းလဲမှုကို တိုင်းတာရေးမူ

ပညာရေးပြုပြင် ပြောင်းလဲမှုအတွက် သုတေသနများ ပြုလုပ်ခြင်းနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို မူကြမ်းရေးဆွဲခြင်းစသည့် ကနဦးအဆင့်ကပင် ပညာရေးစီမံခန့်ခွဲသူများအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းမဟာဗျူဟာများနှင့် အစီအစဉ်များ၏ အကျိုးသက်ရောက်မှုများကို စဉ်ဆက်မပြတ် တိုင်းတာနိုင်မည့်စနစ်များ ချမှတ်ရန် အရေးကြီးကြောင်း ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များက အလေးအနက် ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ အကျိုးသက်ရောက်မှုကို တိုင်းတာရန်အတွက် ပညာရေးဝန်ကြီးဌာန၏ ကတိကဝတ်ထားရှိမှုကို ပြောင်းလဲမှုသီအိုရီ (Theory of Change-ToC) ပုံစံတွင် မြင်တွေ့နိုင်သည်။ ဤပုံစံသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်တို့၏ အောင်မြင်ဖြစ်ထွန်းမှုကို စနစ်တကျလေ့လာတိုင်းတာနိုင်ရန်အတွက်ရေးဆွဲထားခြင်းဖြစ်သည်။

### ၁.၅.၆။ ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်ရေးမူ

ပညာရေးဝန်ကြီးဌာနသည် (၅)နှစ်တာကာလအတွင်းဆောင်ရွက်ရန် အဆိုပြုထားသော မဟာဗျူဟာများနှင့် အစီအစဉ်များအတွက် နိုင်ငံတော်အစိုးရနှင့်ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ခန့်မှန်းထားသော ရန်ပုံငွေ ပံ့ပိုးနိုင်မှုအခြေအနေနှင့်ကိုက်ညီစေရန် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကုန်ကျစရိတ်ခန့်မှန်း တွက်ချက်မှုကို ဆောင်ရွက်ခဲ့သည်။ ကုန်ကျစရိတ်လေ့လာစိစစ်မှုလုပ်ငန်းသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ကဏ္ဍအလိုက်လုပ်ငန်းစီမံကိန်း (၉)ခုတွင် ဖော်ပြထားသော ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ မဟာဗျူဟာများနှင့် အစီအစဉ်များကို ဦးစားပေးအဆင့် သတ်မှတ်နိုင်ရန် လွန်စွာ အထောက်အကူပြုသည်။ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၅) နှစ်တာ အကောင်အထည်ဖော်ဆောင်ရွက်မှုကာလအတွက် ခန့်မှန်းကုန်ကျစရိတ်လေ့လာစိစစ်မှုကို အထောက်အကူပြုရန် ဘက်စုံလွှမ်းခြုံသော ကုန်ကျစရိတ်တွက်ချက်မှုပုံစံတစ်ခုရေးဆွဲခဲ့သည်။ ထိုပုံစံအသုံးပြု၍ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း၏ လျာထားချက်များကို အပြောင်းအလဲပြုလုပ်ကြည့်ခြင်းဖြင့် အနာဂတ်ကုန်ကျစရိတ်ဖြစ်နိုင်ခြေအမျိုးမျိုးကို ထည့်သွင်းစဉ်းစားနိုင်ခဲ့သည်။

### ၁.၅.၇။ လက်လှမ်းမီရေးမူ

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ပြည်သူလူထုတစ်ရပ်လုံးက လက်လှမ်းမီနိုင်ရန် အထူးအလေးပေးဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအခြေခံသဘောတရား အောင်မြင်ဖြစ်ထွန်းစေရန် ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းကိုအဆင့် (၂)ဆင့်ဖြင့် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ပါသည်။ အဆင့်-၁ အနေဖြင့် အဓိကပညာရေးကဏ္ဍများအတွက် အသေးစိတ်ပြုစုထားသော ကဏ္ဍအလိုက်လုပ်ငန်း စီမံကိန်း (၉)ခုကို ရေးသားပြုစုခဲ့ပါသည်။ ဇယား(၁.၅) တွင် ဖော်ပြထားပါသည်။ အဆိုပါလုပ်ငန်းစီမံကိန်းများသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ မဟာဗျူဟာများ၊ အစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်များကို အထောက်အထားအခြေပြု လေ့လာဆန်းစစ်မှုများဖြင့် ရေးဆွဲခဲ့ကြောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော်မှုစီမံကိန်း အသေးစိတ်ကိုလည်း ဖော်ပြထားသည်။ အဆိုပါ စီမံကိန်းများသည် ပညာရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသူများအတွက် လာမည့်နှစ်များအတွင်း နိုင်ငံတော် ဘတ်ဂျက်ရေးဆွဲရာတွင် နှစ်စဉ်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာငွေ လျာထားချက်များကို ရေးဆွဲထားသည့်အတွက် တန်ဖိုးရှိသော လမ်းညွှန်မှုများ ပေးနိုင်မည် ဖြစ်ပါသည်။

**ဇယား-၁.၅ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ကဏ္ဍအလိုက်လုပ်ငန်းစီမံကိန်းများ**

| | |
|---|---|
| ၁ | မူကြိုနှင့် သူငယ်တန်းပညာရေးလုပ်ငန်းစီမံကိန်း |
| ၂ | အခြေခံပညာရေး- အခွင့်အလမ်း၊ အရည်အသွေးနှင့်လူတိုင်းအကျုံးဝင်မှု လုပ်ငန်းစီမံကိန်း |
| ၃ | အခြေခံပညာသင်ရိုးညွှန်းတမ်း လုပ်ငန်းစီမံကိန်း |
| ၄ | ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း လုပ်ငန်းစီမံကိန်း |
| ၅ | ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှု လုပ်ငန်းစီမံကိန်း |
| ၆ | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လုပ်ငန်းစီမံကိန်း |
| ၇ | နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး လုပ်ငန်းစီမံကိန်း |
| ၈ | အဆင့်မြင့်ပညာရေး လုပ်ငန်းစီမံကိန်း |
| ၉ | စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့်အရည်အသွေးအာမခံမှု လုပ်ငန်းစီမံကိန်း |

ပညာရေးဝန်ကြီးဌာနသည် အဆင့်-၁ ကဏ္ဍအလိုက်လုပ်ငန်းစီမံကိန်း (၉)ခု ရေးဆွဲပြီးနောက် အဆင့် -၂ တွင် ကဏ္ဍအလိုက် အစီရင်ခံစာအနှစ်ချုပ်များကို ပြုစုပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းခဲ့ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းကို အမျိုးသားပညာရေးစနစ်အတွင်းရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူအားလုံး ဖတ်ရှုနားလည်နိုင်စေရန် လွယ်ကူရှင်းလင်းသောပုံစံဖြင့် ရေးဆွဲပြုစုထားပါသည်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ထုတ်ပြန်ကြေညာမှုအပြီးတွင် ပညာရေးဝန်ကြီးဌာနသည် ကျောင်းများနှင့်ပညာသင်ယူရာဌာနအားလုံးသို့ ပိုမိုကျစ်လျစ်သော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအနှစ်ချုပ်ကို ထုတ်ဝေဖြန့်ဖြူးပါမည်။

### ၁.၅.၈။ လိုက်လျောညီထွေမှုရှိရေးမူ

ပညာရေးဝန်ကြီးဌာနက ရေးဆွဲခဲ့သော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းသည် အစိုးရ၏ ပညာရေးပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများနှင့် အပြည့်အဝ လိုက်လျောညီထွေမှု ရှိပါသည်။


အထက်ဖော်ပြပါအချက်အလက်များမှာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရေးဆွဲရာတွင် အဓိကထည့်သွင်းစဉ်းစားသော အခြေခံသဘောတရားများဖြစ်ပြီး လာမည့်အခန်းတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းဖြင့် ဖြေရှင်းဆောင်ရွက်ရန် ရည်ရွယ်ထားသော ပညာရေးကဏ္ဍ၏ အဓိကစိန်ခေါ် မှုများကို ဆက်လက်တင်ပြထားပါသည်။

# ၂

# ပညာရေးကဏ္ဍစီမံခန့်ခွဲမှုများ






၁
၂

အခန်း ၂

# ပညာရေးကဏ္ဍစိန်ခေါ်မှုများ

## ၂.၀။ နိဒါန်း

ဤအခန်းတွင် မြန်မာနိုင်ငံပညာရေးစနစ်အနေဖြင့် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုများကို ကောက်နုတ်ဖော်ပြထားပါသည်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်း (၉)ခုကို လေ့လာဆန်းစစ်ပြီး အဆိုပါ စိန်ခေါ်မှုများအား ဖော်ထုတ်သတ်မှတ်ထားပါသည်။ ယင်းလုပ်ငန်းစီမံကိန်းများတွင်-

- လွန်ခဲ့သော ငါးနှစ်အတွင်း ပညာရေးစနစ် အားဖြည့်ဆောင်ရွက်မှုနှင့် ပညာရေးဝန်ဆောင်မှု ဆိုင်ရာ အဓိက အောင်မြင်ဖြစ်ထွန်းမှုများ၊
- ဥပဒေနှင့် မူဝါဒများ၊
- ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)၏ ထောက်ခံအကြံပြုချက်များနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ မူဝါဒများ၊
- နိုင်ငံတွင်းနှင့် နိုင်ငံတကာသုတေသနများမှ ဆီလျော်သော သင်ခန်းစာများနှင့် တွေ့ရှိချက်များ၊
- လာမည့်ငါးနှစ်အတွင်း ဖြေရှင်းရမည့် အဓိကစိန်ခေါ်မှုများပါဝင်ပါသည်။

အောက်ဖော်ပြပါ စိန်ခေါ်မှုများကို ရှုထောင့်မျိုးစုံမှ စိစစ်သုံးသပ်ထားပြီး အများစုမှာ ပညာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဓိကအယူအဆများဖြစ်သည့် အခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှမှုစသည်တို့နှင့် သက်ဆိုင်ပါသည်။ စိန်ခေါ်မှုများအနက် တချို့မှာ လူမှုစီးပွားရေးဆိုင်ရာ အကြောင်းရင်းများ၏ အခြေအနေနှင့် ဆက်စပ်ပြီးတချို့သည် စနစ်၏ထိရောက်မှု၊ စွမ်းဆောင်မှု၊ အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်မှုစသည့် ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများ အပေါ် အလေးပေးထားပါသည်။ တချို့စိန်ခေါ်မှုများမှာ ပညာရေးဝန်ထမ်း တစ်ဦးချင်းစီသော်လည်းကောင်း၊ အဖွဲ့အစည်းအဆင့်တွင်သော်လည်းကောင်း စွမ်းဆောင်ရည်မြှင့်တင်မှု လိုအပ်ချက်များနှင့် လည်း ဆက်စပ်နေပါသည်။

## ၂.၁။ စိန်ခေါ်မှုများ

အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းတွင် ပါဝင်သည့်ကဏ္ဍခွဲအလိုက် နယ်ပယ် (၉)ခု အတွက် စိန်ခေါ်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

### နယ်ပယ်(၁) မူကြိုနှင့် သူငယ်တန်းပညာရေး

မူကြိုနှင့်သူငယ်တန်းပညာရေးတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှု(၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ ကလေးများ အတွက် မူကြိုဝန်ဆောင်မှု အခွင့်အလမ်း**

မကြာမြင့်သေးသည့် နှစ်များအတွင်း မြန်မာနိုင်ငံ မူကြိုကျောင်းဝင်နှုန်း တိုးတက်လာသော်လည်းမူကြိုဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်မှုသည် မြို့ပြဒေသများမှ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေမြင့်မားသော မိသားစုများမှ ကလေးများကို ပိုမိုအကျိုးပြုကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသတွင် နေထိုင်သော ကလေးများ အတွက် ရည်ရွယ်၍ အရည်အသွေးရှိသော မူကြိုဝန်ဆောင်မှုအခွင့်အလမ်း ရရှိအောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**(ခ) မူကြိုဝန်ဆောင်မှုများနှင့် မူကြိုဆရာအတတ်သင်တန်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်မှု**

နိုင်ငံတစ်ဝန်း ရပ်ရွာအတွင်းရှိ တချို့သော မူကြိုကျောင်း အစီအစဉ်များသည် အရည်အသွေးကောင်းမွန်သော်လည်း ဝန်ဆောင်မှုပေးသူအများစုအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က သတ်မှတ်ပြုစုထားသော မူကြိုဆိုင်ရာ အနိမ့်ဆုံး အရည်အသွေးစံသတ်မှတ်ချက်များ (Minimum Quality Standards)ကိုပင် ပြည့်မီရန် လိုအပ်လျက်ရှိနေပါသေးသည်။ ဤအချက်သည် ယေဘုယျအားဖြင့် မူကြိုဝန်ဆောင်မှုပေးသူများကို အရည်အသွေးမြှင့်တင်ရန်လိုကြောင်းနှင့် မူကြို ပညာရေးဆိုင်ရာ အရည်အသွေးအာမခံမှုစနစ် အလျင်အမြန်တည်ဆောက် ပေးရန် လိုအပ်ကြောင်း ဖော်ပြလျက်ရှိပေသည်။ ထို့ပြင် အရည်အသွေးရှိ မူကြို ပညာရေးကို ထိရောက်စွာ အကျိုးပြုစေမည့် အဓိကအကြောင်းရင်း တစ်ရပ်မှာ အရည်အသွေးရှိသော မူကြိုဆရာအတတ်သင်တန်းကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

**(ဂ) မူကြိုဆိုင်ရာထိရောက်သော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် အမျိုးသားအဆင့် သတင်းအချက်အလက်စနစ်**

နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာအဆင့်များ၌ အရည်အသွေး ပြည့်ဝသော မူကြိုဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ပိုမိုထိရောက်သော မူကြိုပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ ထူထောင်ရန်လိုအပ်ပါသည်။ ထို့ပြင် မူကြိုပညာရေး စီမံခန့်ခွဲမှုတွင် မိဘများက ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်ရန်လိုအပ်ပါသည်။ မူကြိုကျောင်း တိုးချဲ့ရာတွင် အထောက်အကူပြုရန် အဆင့်တိုင်းရှိ တာဝန်ရှိ ပုဂ္ဂိုလ်များသည် မူကြိုဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေးနှင့် မူကြို ကျောင်းများ၏လွှမ်းခြုံမှုတို့နှင့်စပ်လျဉ်းပြီး ယုံကြည်စိတ်ချနိုင်သည့် တိကျသော သတင်းအချက်အလက်ရရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် ထိရောက်သော စီမံခန့်ခွဲမှုနှင့် စီမံကိန်းရေးဆွဲရေးအတွက် အမျိုးသားအဆင့် မူကြိုဆိုင်ရာ အချက်အလက်များစုစည်းထားသည့်နေရာ (Database) တည်ထောင်ရေး သည် အလွန်အရေးကြီးပါသည်။





### (ဃ) သူငယ်တန်းသင်ရိုးသစ်စီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း

ကလေးအားလုံးနှင့်သင့်လျော်ပြီး အရည်အသွေးပြည့်ဝသော အစောပိုင်းကာလသင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းရရှိစေရန် မူလတန်းကျောင်းတိုင်းတွင် သူငယ်တန်းပညာသင်နှစ်တစ်နှစ် အကောင်အထည်ဖော်ခြင်းသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးမှုနှင့်ကိုက်ညီသော၊ ယဉ်ကျေးမှုနှင့်လိုက်လျော ညီထွေရှိသော၊ ပညာရေးအရ ဆီလျော်အပ်စပ်မှုရှိသော သူငယ်တန်း သင်ရိုးညွှန်းတမ်းသည် အဓိက ဦးစားပေးရမည့်အချက် ဖြစ်ပါသည်။

## နယ်ပယ်(၂) အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်း အကျုံးဝင်မှု

အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှု(၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) အခြေခံပညာသင်ယူရန်အတွက် သာတူညီမျှမှုနှင့် အခွင့်အလမ်းရရှိမှု

မြန်မာနိုင်ငံတွင် ကလေးတိုင်း ပညာသင်ယူမှု အခွင့်အလမ်းအပြည့်အဝ မရရှိသေးသည့်အပြင် တချို့ကလေးအများစုသည် ကျောင်းဝင်လာသည့်တိုင် ပုံမှန်ကျောင်းတက်နိုင်ခြင်းမရှိဘဲ အခြေခံပညာမပြီးဆုံးမီကျောင်းထွက်နေကြရပါသည်။ မူလတန်းမှ အလယ်တန်းသို့ ကူးပြောင်းစဉ်နှင့် အလယ်တန်းမှ အထက်တန်းသို့ ကူးပြောင်းစဉ်တွင် ကျောင်းထွက်နှုန်း မြင့်မားလျက်ရှိပါသည်။ ကျောင်းများ၏ နယ်မြေလွှမ်းခြုံမှုနှင့် ပထဝီအနေအထားအလိုက် ကျောင်းနေအရွယ် ကလေးဦးရေကို ဖော်ပြပေးနိုင်သော စာရင်းအင်းအချက်အလက်များ မရှိခြင်းကြောင့် အထက်ပါပြဿနာကို ဖြေရှင်းရန် အားထုတ်ရာတွင် ခက်ခဲမှုများရှိနေပါသည်။ ကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ရာတွင် အထောက်အထားအခြေပြုပြီး ဒေသလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ပေးသည့်စနစ်ကို ထူထောင်ရန်လည်း လိုအပ်လျက်ရှိပါသည်။ အခြေခံပညာရေးအတွက် မိဘများနှင့် ရပ်ရွာအဖွဲ့အစည်းများက ကျခံရသည့် ကုန်ကျစရိတ်များ သက်သာစေရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါအခမဲ့ အခြေခံပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### (ခ) ကျောင်းအရည်အသွေးတိုးတက်ကောင်းမွန်မှု

မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများတွင် ထိရောက်သော သင်ကြားမှု၊ ပိုမိုကောင်းမွန်သော သင်ယူမှုဝန်းကျင်၊ သင်ထောက်ကူပစ္စည်းများပြည့်စုံမှု၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးစံနှုန်းများ၊ ရေနှင့်မိလ္လာစနစ် ပြည့်စုံကောင်းမွန်မှုစံနှုန်းများနှင့်အညီ အဆောက်အအုံများ ဆောက်လုပ်မှုစသည်တို့တွင် တိုးတက်ကောင်းမွန်ရန် လိုအပ်ချက်များ ရှိနေပါသေးသည်။ ကျောင်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရေးနှင့် တာဝန်ယူမှုရှိသော စီမံခန့် ခွဲမှု ဖြစ်စေရေးအတွက် လုံလောက်သော အရည်အသွေးနှင့် လေ့လာကြီးကြပ်မှုစနစ်မရှိခြင်းသည် အထက်တွင် ဖော်ပြခဲ့သည့် အရည်အသွေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အခက်အခဲ ပိုမိုဖြစ်ပေါ်စေပါသည်။

မြန်မာနိုင်ငံတွင် သင်ကြားရေးဆိုင်ရာစံသတ်မှတ်ချက်များ၊ ကျောင်းစီမံခန့်ခွဲမှုဆိုင်ရာစံသတ်မှတ်ချက်များ၊ ကျောင်းအဆောက်အအုံပုံစံနှင့် ကျောင်းသုံးပစ္စည်းများဆိုင်ရာစံသတ်မှတ်ချက်များပါဝင်သည့် ကျောင်းအရည်အသွေး စံသတ်မှတ်ချက်အာမခံမှုအညွှန်းဘောင်ရေးဆွဲရန် လိုအပ်နေပါသေးသည်။ ကျောင်းအုပ်များ၏ ဦးဆောင်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ဆောင်မှုများနှင့်တာဝန်ခံမှုတို့ကို အလေးပေးကြည့်ရှုသည့် အညွှန်းကိန်းများသည်လည်း အားနည်းပါသည်။ ထိုသို့အားနည်းသဖြင့် ကျောင်းများ၏ အရည်အသွေးတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရာတွင်လည်း အားနည်းလျက်ရှိပါသည်။ ထို့ပြင် ကျောင်းစီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကိုလည်း ဗဟိုကချမှတ်ထားပြီး ဒေသဆိုင်ရာအဆင့်က ဖြည့်စွက်ခွင့် (သို့မဟုတ်) အကြံပေးခွင့်နှင့် ဆုံးဖြတ်ချက်ချခွင့်မှာ အနည်းငယ်သာရှိပါသည်။ ကျောင်းအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်မှာ နည်းပါးလျက်ရှိပါသည်။ ကျောင်းအုပ်များ၊ အခြားစီမံခန့်ခွဲမှု ဝန်ထမ်းများ၊ ပညာရေးအရာရှိများ၏ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုအတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းနည်းပါးနေသောကြောင့် အရင်းအမြစ်စီမံခန့်ခွဲမှု၊ သင်ကြားသင်ယူမှုဆိုင်ရာဦးဆောင်မှုတို့တွင် အားနည်းလျက်ရှိပါသည်။

ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် သင်ကြားရေးတိုးတက်စေမှုတို့အတွက် အခြေခံပညာကျောင်းများတွင် မိမိကျောင်း၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် စွမ်းဆောင်ရည်ပံ့ပိုးမှု လိုအပ်နေပါသည်။ ယခုအခါ ကျောင်းတချို့ (ဥပမာ-မွန်ပြည်နယ်)တွင် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲခြင်းနှင့် ကျောင်းအခြေအနေ ဆန်းစစ်အကဲဖြတ်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသော်လည်း တစ်နိုင်ငံလုံးအနေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်နေပါသေးသည်။ ထိုသို့ အရည်အသွေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မိဘများ၏ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်ပေးရန်လိုအပ်ပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍနှင့် တာဝန်များကိုလည်း ရှင်းလင်းစွာ သတ်မှတ်ရန် လိုအပ်နေပါသည်။ ထိုသို့ သတ်မှတ်ရာတွင် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းမှုအတွက် ပံ့ပိုးပေးရမည့် အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ အလေးပေးဖော်ဆောင်သင့်ပါသည်။

### (ဂ) မိဘဆရာအသင်းများကို အားကောင်းစေခြင်းနှင့် ပိုမိုပါဝင်ဆောင်ရွက်ခွင့်ပေးခြင်း

ကျောင်းအားလုံးတွင် မိဘဆရာအသင်းများကို အားကောင်းစေရန်နှင့် ပိုမိုပါဝင်ဆောင်ရွက်ခွင့်များပေးရန် လိုအပ်ပါသည်။ သို့မှသာ ကျောင်းသားများ၏ သင်ယူမှုတိုးတက်လာစေရန် အထောက်အကူပြုပြီး ကျောင်းအရည်အသွေး စံသတ်မှတ်ချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် လေ့လာကြီးကြပ်မည့်လုပ်ငန်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

### (ဃ) လူတိုင်းအကျုံးဝင်မှု

ကလေးများ အခြေခံပညာသင်ယူခွင့်ရရှိရန် ဆင်းရဲနွမ်းပါးမှုသည် အဓိက အတားအဆီးဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပါသည်။ မြန်မာနိုင်ငံရှိ ကလေးတိုင်းသည် အခြေခံပညာသင်ယူခွင့်ကို သာတူညီမျှမရရှိသေးပါ။ အခြေခံပညာသင်ယူခွင့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုနှင့်တစ်ခုအကြား ကွာဟနေပါသေးသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာ သုံးသပ်ရေးလုပ်ငန်း အဆင့်-၂ ၏ လေ့လာဆန်းစစ်ချက်အရ ဝေးလံခေါင်ဖျား ကျေးလက်ဒေသများမှ ကလေးများကဲ့သို့သော အခွင့်အလမ်းနည်းပါးသည့် မိသားစုများမှ ကလေးများသည် အလယ်တန်းကျောင်းတက်ရောက်ရန် အလားအလာ အနည်းဆုံးဖြစ်နေပါသည်။ အဆိုပါကလေးများသည် အလယ်တန်းပညာရေးသို့ ရောက်သည့်တိုင် ကျောင်းသင်ဘာသာရပ်များကို အဆင့်ဆင့်သင်ယူမှုအားနည်းခဲ့သည့်အတွက် ကျောင်းထွက်နိုင်ခြေ ပိုမိုမြင့်တက်နိုင်ပါသည်။ ဘာသာစကား အခက်အခဲသည်လည်း တိုင်းရင်းသားလူမျိုးစုကလေးများအတွက် ကျောင်းထွက်ရသည့် အကြောင်းအရင်းများအနက် တစ်ချက်ဖြစ်နိုင်ပါသည်။

လူမှုစီးပွား အခြေအနေနှင့် ဆက်စပ်ကြည့်လျှင် အခြေခံပညာမူလတန်းပြီးမြောက်မှုတွင် ၇၉ ရာခိုင်နှုန်းမှာ အချမ်းသာဆုံး မိသားစုများမှဖြစ်ပြီး၊ ၃၁ရာခိုင်နှုန်း



မှာ အဆင်းရဲဆုံးမိသားစုများမှဖြစ်ပါသည်။ ထို့အတူ အလယ်တန်းနှင့် အထက်တန်းအဆင့်ပြီးမြောက်မှုတွင်လည်း အချမ်းသာဆုံးမိသားစုများမှ ၈၅ ရာခိုင်နှုန်းရှိသော်လည်း ဆင်းရဲသောမိသားစုများမှ ၂၈ရာခိုင်နှုန်းသာ ရှိနေပါသည်။

၂၀၁၀ခုနှစ်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းမှုစစ်တမ်းကောက်ယူမှုအရ မသန်စွမ်းကလေး ထက်ဝက်ခန့်သည် ကျောင်းလုံးဝမနေဖူးကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းကလေးများအတွက် အရင်းအမြစ်လုံလောက်မှုမရှိခြင်း၊ သင်ယူမှုဆိုင်ရာပံ့ပိုးမှု (သင်ထောက်ကူပစ္စည်း၊ ကျွမ်းကျင်ဆရာ) မရှိခြင်း၊ အထူးပညာရေးကျောင်းများနှင့် အခြေခံပညာကျောင်းများအကြားတွင် ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုအားနည်းခြင်းနှင့် မသန်စွမ်းကလေးများဆိုင်ရာ အချက်အလက်များရရှိမှု နည်းပါးခြင်းသည် မသန်စွမ်းကလေးများအနေဖြင့် အခြေခံပညာသင်ယူခွင့်တွင် သာတူညီမျှမှုရရှိရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေရသော မိသားစုများမှ ကလေးများသည် အခြေခံပညာသင်ယူရန် အခက်အခဲရှိနေပါသည်။ ထို့ကြောင့် အဆိုပါကလေးများအတွက် ပညာရေးဝန်ဆောင်မှုကို နည်းလမ်းအမျိုးမျိုးဖြင့် တိုးမြှင့်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

ဤစိန်ခေါ်မှုများသည် နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများတွင် ကျောင်းသားများသင်ယူတတ်မြောက်မှု အားနည်းရခြင်း၏ အကြောင်းရင်းများ ဖြစ်ပါသည်။ အထောက်အထား တချို့အရ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းသားများ၏ အတန်းအလိုက် သင်ယူတတ်မြောက်မှုသည် နိုင်ငံတော်အဆင့် စံသတ်မှတ်ချက်များကို မပြည့်မီသေးကြောင်း ညွှန်ပြနေပါသည်။ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးလွှမ်းခြုံထားသည့် လေ့လာမှုများမရှိသေးသော်လည်း ၂၀၁၄ ခုနှစ်၌ စီမံချက်မြို့နယ်တချို့တွင် ပြုလုပ်ခဲ့သည့် သင်ယူတတ်မြောက်မှု အစီရင်ခံစာအရ သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်းကျောင်းသားအများစုသည် စာဖတ်၍နားလည်နိုင်စွမ်းတွင် အားနည်းနေကြောင်း တွေ့ရှိရပါသည်။

## နယ်ပယ်(၃) အခြေခံပညာသင်ရိုးညွှန်းတမ်း

အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှု(၃) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) အခြေခံပညာသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၁ရာစုကျွမ်းကျင်မှုကို အလေးပေးပြီး အဆင့်မြှင့်တင်ခြင်း

လက်ရှိ အခြေခံပညာသင်ရိုးညွှန်းတမ်းကို လေ့လာဆန်းစစ်ရာတွင် ၂၁ရာစုနှင့်ကိုက်ညီသည့် သင်ယူမှုရလဒ်နှင့် တတ်ကျွမ်းမှုများကို ပိုမိုကောင်းမွန်စွာ ဖော်ပြရန်လိုအပ်ပြီး ရှင်းလင်းတိကျသော စံသတ်မှတ်ချက်များဖြင့် အားဖြည့်ပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။

၂၁ရာစုကျွမ်းကျင်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့ "The Partnership for 21st Century Skills (2009)"တွင် ဖော်ပြထားသော ၂၁ရာစု သင်ယူမှုရှုထောင့်အရ ကျောင်းသားများ၏ သင်ယူမှုရလဒ်ဆိုသည်မှာ သင်ယူမှုနှင့် ကနဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ သတင်းအချက်အလက်များ၊ မီဒီ ယာအချက်အလက်များ၊ နည်းပညာ ကျွမ်းကျင်မှုများနှင့် ဘဝတစ်သက်တာကျွမ်းကျင်မှုတို့ ပေါင်းစပ်ပါဝင်သော ၂၁ရာစု ကျွမ်းကျင်မှုများနှင့် အဓိကဘာသာရပ်များတွင် ကျွမ်းကျင်ပိုင်နိုင်မှုဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ သို့ဖြစ်၍ ၂၁ ရာစုဆိုင်ရာ ကျောင်းသားများ၏သင်ယူမှုရလဒ်ကိုရရှိစေမည့် သင်ရိုးညွှန်းတမ်းကို ပြန်လည်ပုံဖော်ရန် လိုအပ်နေခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းသည် တိုင်းရင်းသားလူမျိုးစုများ၏ရိုးရာယဉ်ကျေးမှုများကို ထင်ဟပ်စေသည့် ဒေသဆိုင်ရာဘာသာစကားစာအုပ်များ ပြုစုရေးသားနိုင်ရေးကို ရည်ရွယ်ဦးတည်ပါသည်။ အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသည့်အတိုင်း တိုင်းရင်းသား ဘာသာစကား သင်ရိုးညွှန်းတမ်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များကို တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

### (ခ) သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးအတွက် အတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း

အမျိုးသားပညာရေးစနစ်အတွင်းရှိ အဆင့်တိုင်းတွင် စီစဉ်ရေးဆွဲထားသော အပြောင်းအလဲများ၏ နယ်ပယ်အကျယ်အဝန်းနှင့်အညီ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည် ဖြည့်တင်းပေးရန် လိုအပ်နေသည်။ သို့ဖြစ်၍ စိန်ခေါ်မှုတစ်ခုစီတွင် သင်ရိုးညွှန်းတမ်းသစ်စတင်သည်နှင့် မူဝါဒချမှတ်သူများ၊ အစီအစဉ်ရေးဆွဲချမှတ် အကောင်အထည်ဖော်သူများအတွက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်နေပါသည်။ ပညာရေးဝန်ကြီးဌာနရှိ သင်ရိုးညွှန်းတမ်းရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့သည် ပညာရေးဆိုင်ရာ အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူများပါဝင်သော်လည်း သင်ရိုးညွှန်းတမ်းရေးဆွဲ အကောင်အထည်ဖော်မှု၊ လေ့လာကြီးကြပ်မှုတို့နှင့် ပတ်သက်၍ ပညာရပ်ဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အခွင့်အလမ်းနည်းပါးစွာရရှိသော အဖွဲ့ငယ်တစ်ခုဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းရေးဆွဲသူ ပညာရှင်များ (စာမူပြုစုသူများ၊ တည်းဖြတ်သူများ၊ စာအုပ်အပြင်အဆင်ကျွမ်းကျင်သူများနှင့် နည်းပညာရှင်များစသဖြင့်) သည် ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များနှင့် တခြားသင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြုစုခြင်းဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုအသစ်များရရှိရန် လိုအပ်ပါသည်။

ကျောင်းအုပ်နှင့် ဆရာများအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော အကြောင်းအရာများကို သိရှိနားလည်ခြင်း၊ သင်ကြားသင်ယူမှု အရင်းအမြစ်များ အသုံးပြုခြင်းနှင့် ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကျင့်သုံးခြင်းတို့ပါဝင်သော မိတ်ဆက်သင်တန်းများနှင့် စဉ်ဆက်မပြတ်ကျောင်းအခြေပြုပံ့ပိုးမှုများပေးရန် လိုအပ်ပါသည်။ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုအကောင်အထည်ဖော်ရာတွင် စနစ်တကျ စီစဉ်ရေးဆွဲထားပြီး ဘဏ္ဍာငွေပံ့ပိုးပေးနိုင်သော လုပ်ငန်းခွင်သင်တန်းများ ဆောင်ရွက်ခြင်းဖြင့် ဆရာများ၏ ရေရှည်တည်တံ့သော စွမ်းဆောင်ရည်မြင့်မားရေးကို ပိုမိုဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီအဖွဲ့ဝင်များ၏ သင်ရိုးညွှန်းတမ်းသစ် သုံးသပ်လေ့လာမှု လုပ်ငန်းကိုလည်း ပံ့ပိုးမှုပေးရန် လိုအပ်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုများကို အလေးပေးသော တိုင်းရင်းသားဘာသာစကားသင်ကြားမှုဆိုင်ရာ သင်တန်းများကို ပို့ချပေးရန်လိုအပ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ပံ့ပိုးမှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းရေးဆွဲသူများအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန် လိုအပ်သည်။ အဆိုပါ ဗဟိုအဆင့်အလုပ်ရုံ ဆွေးနွေးပွဲများကို သင်ရိုးရေးဆွဲရေးအဖွဲ့မှ နည်းပညာဆိုင်ရာပံ့ပိုးမှုများ ပြုလုပ်ပေးမည်ဖြစ်ပါသည်။

### (ဂ)သင်ရိုးညွှန်းတမ်းဆိုင်ရာစီမံခန့်ခွဲမှု၊ အကောင်အထည်ဖော်မှု၊ လေ့လာကြီးကြပ် အကဲဖြတ်မှုနှင့် အသိပညာပေးမှုတို့ကို အားဖြည့်ဆောင်ရွက်ခြင်း

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း CESR မှ အခြေခံပညာသင်ရိုးညွှန်းတမ်း ပြန်လည်သုံးသပ်ရာတွင် ခေတ်မီသင်ကြားသင်ယူမှု လိုအပ်ချက်များကို ထင်ဟပ်စေသော ရုပ်ပြပုံများ၊ ဂရပ်ဖစ်များ၊ စာမျက်နှာအထားအသို အစီအစဉ်များ၊ တင်ပြမှုပုံစံများကို အလေးပေးသော ကျောင်းသုံးစာအုပ်၏ အရည်အသွေးများမြှင့်တင်ရန် လိုအပ်ကြောင်း အလေးပေးဖော်ပြထားပါသည်။ အရည်အသွေးရှိသော ကျောင်းသုံးစာအုပ်များကို ပြုစုရေးဆွဲပုံနှိပ်ရာတွင်လည်း စံသတ်မှတ်ချက် အဆင့်မြင့်ရန် အရေးကြီးပါသည်။ ကျောင်းသုံးစာအုပ်များကို ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်စသော အခြေခံပညာရေး၏စီမံခန့်ခွဲမှုအဆင့်အမျိုးမျိုးအလိုက် စနစ်တကျနှင့် အချိန်မီဖြန့်ဝေနိုင်ရေးသည်လည်း စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ သို့ဖြစ်၍ ထိုစိန်ခေါ်မှုကို ဖြေရှင်းနိုင်ရန် အဆင့်အသီးသီးတွင် သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထူထောင်ရေးသည် မရှိမဖြစ် လိုအပ်ပါသည်။

သင်ရိုးညွှန်းတမ်းအသစ် အကောင်အထည်ဖော်ရာတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုအပေါ် အလေးပေးသည့် စနစ်ကျသောလေ့လာကြီးကြပ်မှုနှင့် အကဲဖြတ်မှုတို့လိုအပ်ပါသည်။ လေ့လာကြီးကြပ်မှုနှင့်အကဲဖြတ်မှုပြုရာမှတွေ့ရှိရသည့် လိုအပ်ချက်များကို နှစ်စဉ်သင်ရိုးညွှန်းတမ်းအသစ် ပြန်လည်သုံးသပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု ပြန်လည်ဆန်းစစ်ခြင်းတွင် အသုံးပြုရမည် ဖြစ်ပါသည်။ ထို့ပြင် ဘက်စုံလွှမ်းခြုံသော သင်ရိုးညွှန်းတမ်း ပြန်လည်သုံးသပ်သည့် အစီအစဉ်ကို ငါးနှစ်တစ်ကြိမ် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စနစ်တကျ စီစဉ်ရေးဆွဲထားသော ရေရှည်တည်တံ့မှု ရှိသည့် အသိပညာပေးမှုအစီအစဉ်များဖြင့် သင်ရိုးပြုပြင်ပြောင်းလဲမှုကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ထိုပညာရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရသည့် အကြောင်းရင်းများ၊ ပါဝင်သည့် အကြောင်းအရာများ၊ သင်ကြားသင်ယူမှုကို တိုးတက်စေရန် လုပ်ဆောင်ရမည့် နည်းလမ်းများကို မီဒီယာအမျိုးမျိုးမှတစ်ဆင့် ပညာရေးပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်မည့်သူများနှင့် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများအား အသိပညာများပေးရန် လိုအပ်ပါသည်။

## နယ်ပယ်(၄)ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်းတွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု(၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်-

### (က) ဘက်စုံလွှမ်းခြုံသော ပညာရည်စစ်ဆေး အကဲဖြတ်ခြင်း မူဝါဒတစ်ရပ်နှင့် စစ်ဆေးအကဲဖြတ်မှုအညွှန်းဘောင်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ကျောင်းများတွင် သင်ကြားသင်ယူရေး၌ အကြောင်း အရာအချက်အလက်များကို အလွတ်ကျက်မှတ်ဖြေဆိုမှုအား အလေးပေးနေမှုသည် ဘက်စုံလွှမ်းခြုံသော ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒတစ်ရပ်ချမှတ်ရန်လိုအပ်နေကြောင်း သိသာထင်ရှားစေပါသည်။ အတည်ပြုချက်ရယူပြီးပါက ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒကို ရှင်းလင်းသည့် စစ်ဆေးအကဲဖြတ်ခြင်းအညွှန်းဘောင်အဖြစ် ပြောင်းလဲရေးဆွဲရန် လိုအပ်မည်ဖြစ်သည်။ ထိုစစ်ဆေးအကဲဖြတ်ခြင်း အညွှန်းဘောင်တွင် သင်ယူစဉ်နှင့် သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်း၊ အခြေခံသင်ယူမှုနှင့် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များကို စစ်ဆေးအကဲဖြတ်ခြင်း၊ အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းမှတ်တမ်းများထားရှိ အသုံးပြုခြင်းနှင့် စွမ်းဆောင်ရည်စစ်ဆေးအကဲဖြတ်ခြင်းတို့ကဲ့သို့သော နယ်ပယ်များပါဝင်ပါသည်။

ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းမူဝါဒနှင့် အညွှန်းဘောင်များကို အောက်ပါအဆင့်အသီးသီးတွင် စနစ်တကျဆောင်ရွက်ရပါမည်-

(၁) အတန်းတွင်း ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၊

(၂) ကျောင်းအဆင့် ပညာရည်စစ်ဆေး အကဲဖြတ်ခြင်း၊

(၃) အခြေခံပညာအဆင့် အသီးသီးပြီးမြောက်မှုအတွက် စစ်ဆေးအကဲဖြတ်ခြင်း၊

(၄) နိုင်ငံတော်အဆင့် နမူနာအခြေပြု ပညာရည် စစ်ဆေးအကဲဖြတ်ခြင်း၊

### (ခ) ပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသူများ၏ ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အောင်မြင်မှုသည် အကောင်အထည်ဖော်မှု အဆင့်အသီးသီးရှိ လက်တွေ့ဆောင်ရွက်ကြသည့် ပညာရေးဝန်ထမ်းများ၏ ပညာရည်စစ်ဆေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်အပေါ်တွင် မူတည်နေပါသည်။ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်တွင် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများဖြစ်သော စစ်ဆေးမှုဆိုင်ရာနည်းလမ်းများ၊ မေးခွန်းလွှာ ပြုစုတည်ဆောက်ခြင်း အတတ်ပညာ၊ ရမှတ်များကိုစိစစ်ခြင်း၊ တွေ့ရှိချက်များကို ဆန်းစစ်ကောက်ချက်ချခြင်းနှင့် တွေ့ရှိချက်များအရသင်ကြား သင်ယူမှုလုပ်ငန်းကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းတို့ကို အလေးထားဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု မြင့်မားလာစေရန်ဖြစ်ပါသည်။ နိုင်ငံတော်အဆင့်ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စံပြုစစ်ဆေးလွှာများကို ဆောင်ရွက်နိုင်စေရန် ဝန်ထမ်းများအတွက် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ စာရင်းအင်း သီအိုရီများနှင့် ခေတ်မီစစ်ဆေးအကဲဖြတ်ခြင်း အတတ်ပညာများကို ပြည်ပတွင် သင်ယူလေ့ကျင့်မှုများ ပြုလုပ်ရန်လိုအပ်နေပါသည်။

### (ဂ) ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် ကျောင်းသားမိဘများနှင့်ပြည်သူများကို အသိပေးခြင်းလုပ်ငန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သက်ဆိုင်သောဌာနများ၏ စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်းတို့ကို ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းဆောင်တာများနှင့် တာဝန်ဝတ္တရားများအရ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရန်မှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရည်စစ်ဆေးခြင်းနှင့် သက်ဆိုင်သောဌာနများ၏ စွမ်းဆောင်ရည်အပေါ်တွင် မူတည်နေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်စေရန် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းပညာရှင်များဖြင့် ဖွဲ့စည်းထားရန် အထူးလိုအပ်နေပါသည်။ ထို့ပြင် ပညာရည် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် သတင်းအချက်အလက်နည်းပညာကို ထောက်ပံ့ပေးမည့် ပစ္စည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မည့် အခြေခံအဆောက်အအုံများကို တိုးမြှင့်သုံးစွဲရန် လိုအပ်ပါသည်။

ဆက်စပ်ဦးစီးဌာနများ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားအောင် ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကို လုပ်ဆောင်ရန် လိုအပ်နေပေသည်။ (က)အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်းများအား ကြီးကြပ်ခြင်းနှင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၊ (ခ) ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်






ရေးဦးစီးဌာနအနေဖြင့် စစ်ဆေးအကဲဖြတ်ခြင်းကို သင်ရိုးညွှန်းတမ်းများ ရေးဆွဲအကောင်အထည်ဖော်သည့် လုပ်ငန်းတစ်ရပ်အနေဖြင့် အလေးထား၍ လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ (ဂ) အဆင့်မြင့်ပညာဦးစီးဌာန (ဆရာအတတ်ပညာဌာနခွဲ)အနေဖြင့် ဆရာအတတ်ပညာ သင်တန်းများ၏ သင်ရိုးညွှန်းတမ်းတွင် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းကို မြှင့်တင်ပေးခြင်းနှင့်ဆရာအတတ်ပညာရှင်များ၏ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်များ တိုးတက်လာအောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ထို့ပြင် ပညာရည်စစ်ဆေးအကဲဖြတ်မှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းသစ်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် လေ့လာကြီးကြပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် လက်တွေ့အကောင်အထည်ဖော်မှု နည်းလမ်းများကို ရေးဆွဲရန်လိုအပ်ပါသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်း ထိရောက်အောင်မြင်စေရန်ကျောင်းသားမိဘများနှင့် ပြည်သူများ၏ နားလည်သဘောပေါက်မှုသည် အရေးကြီးသောအချက်တစ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ်၏ သဘောသဘာဝနှင့် လုပ်ငန်းစဉ်များကို ကျောင်းသားမိဘများနှင့် ပြည်သူများ နားလည်သဘောပေါက်စေရေးအတွက် အသိပညာပေးရန် လိုအပ်နေပါသည်။

## နယ်ပယ် (၅) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု

ဆရာအတတ်ပညာရေးတွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၃)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### (က) အရည်အသွေးရှိ ဆရာများအား ပြုစုပျိုးထောင်ရေးနှင့် ဆရာအဖြစ် ရေရှည်တည်မြဲရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများ

အရည်အသွေးရှိ ဆရာများအား ပြုစုပျိုးထောင်ရေးနှင့် ဆရာအဖြစ် ရေရှည်တည်မြဲရေးအတွက် အောက်တွင်ဖော်ပြထားသည့် ဆရာများနှင့်ပတ်သက်သော စီမံခန့်ခွဲမှုလုပ်ငန်းများ အားကောင်းရန်လိုအပ်ပါသည်။

(၁) ဆရာခန့်ထားခြင်း၊

(၂) ဆရာနေရာချထားခြင်း၊

(၃) ဆရာအရည်အသွေး အကဲဖြတ်ခြင်း၊ (ဆရာ့လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်း)

(၄) ဆရာ ရာထူးတိုးမြှင့်ခြင်း၊ (ဆရာ့လုပ်ငန်းစွမ်းဆောင်ရည်၊ လုပ်သက် အတွေ့အကြုံနှင့် ဆရာ့အသက်မွေးဝမ်းကျောင်းအဆင့်ဆင့် လမ်းသွယ်စနစ်အပေါ် အခြေခံ၍)

(၅) အရည်အသွေးရှိ ဆရာများ ဆရာအဖြစ် ရေရှည်တည်မြဲရေးအတွက် ချီးမြှင့်ခြင်း၊

ဆရာခန့်ထားရေးနှင့်စပ်လျဉ်း၍ လက်တွေ့ကျပြီးလုပ်ဆောင်ရန်ဖြစ်နိုင်သည့် နည်းဗျူဟာများကို ရေးဆွဲရန်အထူးလိုအပ်ပါသည်။ သို့မှသာ အရည်အသွေးရှိသော ဆရာကောင်းများဖြစ်လာမည့် ဆရာအသစ်များကို ခန့်ထားနိုင်ပါမည်။ ဆရာများ နေရာချထားရေး ကိစ္စရပ်များတွင် ဘာသာရပ်အလိုက်ဆရာများကို လိုအပ်နေသော ကျောင်းများသို့ လိုအပ်သလို ပြောင်းရွှေ့နေရာချထားပေးခြင်းနှင့် ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသများသို့ အရည်အသွေးရှိ ဆရာများအား ခန့်အပ်နေရာချထားခြင်းတို့ကို အလေးထားဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။ ဆရာအရည်အသွေးအကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ဆရာအရည်အသွေးအကဲဖြတ်သည့် စနစ်ကို ပြန်လည်သုံးသပ်ပြီး တိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ရန် လိုအပ်ပါသည်။ လုပ်ဆောင်ချက်အခြေပြု ဆရာအသက်မွေးဝမ်းကျောင်း အဆင့်ဆင့် လမ်းသွယ်စနစ်၊ ဆရာ ရာထူးတိုးစနစ်တို့နှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ယေဘုယျအားဖြင့် ဆရာစီမံခန့်ခွဲမှုနယ်ပယ် အသီးသီးတွင် ထိရောက်သော အားပေးချီးမြှင့်မှုစနစ်ဖြင့် ပံ့ပိုးပေးရန် လိုအပ်ပါသည်။

## (ခ) လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အရည်အသွေးမြှင့်တင်ခြင်း

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးသည် အရည်အသွေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ဥပမာ-သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများပြားခြင်းကို ပြုပြင်မွမ်းမံရန် လိုအပ်နေပါသည်။ သင်တန်းသားဆရာများသည် သင်တန်းကာလအတွင်း အသိပညာနှင့် ကျွမ်းကျင်မှုများကို စာသင်ခန်းများတွင် လက်တွေ့ လေ့ကျင့်နိုင်သည့် အခွင့်အလမ်းများ ပိုမိုလိုအပ်ပါသည်။ ဆရာအတတ်ပညာသင် သင်တန်းသားများကို သင်ကြားရေးအတတ်ပညာ ကျွမ်းကျင်မှုရရှိစေရန် အတွက် လက်တွေ့လေ့ကျင့်မှုအစီအစဉ်သစ်များ ချမှတ်ခြင်းနှင့် သင်ကြားမှုဝန်းကျင်ကောင်းများ ဖန်တီးခြင်းတို့လိုအပ်ပါသည်။ သို့မှသာ ဆရာအတတ်ပညာသင် သင်တန်းသားများသည် အခြေခံပညာကျောင်းများရှိ စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားပေးနိုင်မည်ဖြစ်ပါသည်။ ဆရာဗဟိုပြု သင်ကြားနည်းပုံစံကို ဆရာနှင့်ကျောင်းသားအပြန်အလှန်ဆက်သွယ်မှုရှိသည့် သင်ကြားနည်းပုံစံဖြင့် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ သို့မှသာ ဆရာအတတ်ပညာသင် သင်တန်းသားများသည် ၎င်းတို့၏သင်ယူမှုအတွေ့အကြုံများကို ကြွယ်ဝစေမည့် ဆွေးနွေးခြင်းနှင့် အပြန်အလှန် ပြောဆိုခြင်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်ပါမည်။

လက်ရှိ မူလတန်းနှင့် အလယ်တန်း ဆရာအတတ်ပညာသင်တန်းကာလများသည် ကျွမ်းကျင်ပိုင်နိုင်သော ဆရာဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် အချိန်လုံလောက်မှုမရှိပါ။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အတွက် ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းသစ်၊ ခေတ်မီသောသင်ကြားနည်းနှင့် စစ်ဆေးအကဲဖြတ်မှုများအပေါ် အလေးထားသော မဟာဗျူဟာများ ရေးဆွဲရန် လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ဆရာအတတ်ပညာရှင်များ၏ ဆရာအတတ်ပညာ စွမ်းရည်များတိုးမြှင့်ရန် လိုအပ်ပါသည်။

## (ဂ) အရည်အသွေးရှိသော လုပ်ငန်းခွင် ဆရာအတတ်ပညာရေးကို ရရှိနိုင်သည့် အခွင့်အလမ်း

ဆရာများ၏ စာသင်ခန်း အခြေပြုသင်ကြားနည်းအလေ့အကျင့်များ တိုးတက်ကောင်းမွန်လာစေရန် လုပ်ငန်းခွင် ဆရာများသည် အရည်အသွေးရှိ စဉ်ဆက်မပြတ် ဆရာအတတ်ပညာစွမ်းဆောင်ရည် မြင့်မားရေး အစီအစဉ်များ လိုအပ်ပါသည်။

ကျား၊ မ သာတူညီမျှမှု အလေးပေးသော ယဉ်ကျေးမှုတစ်ရပ်ကို ထွန်းကားစေပြီး ဆရာအတတ်ပညာရှင်များ၊ စီမံခန့်ခွဲသူများနှင့် ဆရာများအတွင်း အဆိုပါ ယဉ်ကျေးမှုကို အားကောင်းလာစေခြင်းသည် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးနှင့် လုပ်ငန်းခွင် ဆရာအတတ်ပညာရေးတို့အတွက် အလွန်အရေးကြီးပါသည်။ ထိုသို့ဖြင့် ကျား၊ မအားလုံး၏ ကွဲပြားခြားနားသော သင်ယူမှု လိုအပ်ချက် အမျိုးမျိုးကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

# နယ်ပယ် (၆) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍ

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှု (၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## (က) သင်ယူမှုအခွင့်အလမ်း

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရည်အဆင့်အတန်းနှင့် အသက်မွေးဝမ်းကျောင်းလမ်းသွယ်အမျိုးမျိုး ကွဲပြားနေသည့် သင်ယူသူများ၏ အဆင့်အသီးသီးရှိ မတူညီသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေးပြည့်မီပြီး ပြောင်းလွယ်ပြင်လွယ်ရရှိနိုင်သော နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ ကျောင်းထွက်သွားသော ကလေးများနှင့် လူငယ်များတွင် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုအတွက် အထုံပါရမီ၊ စွမ်းရည်နှင့် ရည်မှန်းချက်များရှိကြသည်ဖြစ်ရာ လက်တွေ့ဘဝနှင့်ယှဉ်လျက်စီစဉ်ရေးဆွဲထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလမ်းကြောင်းများဖြင့် သင်ယူခွင့်ရရှိလျှင် များစွာအကျိုးကျေးဇူးအထူးရရှိမည်ဖြစ်ပါသည်။ ထိုသို့ ကောင်းမွန်သင့်လျော်သော အထောက်အပံ့နှင့် လမ်းကြောင်းများပေးနိုင်လျှင် လူငယ်အများအပြား၏ ပင်ကိုစွမ်းရည်တို့သည် နိုင်ငံ၏ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်မှုတို့ကို အကျိုးပြုနိုင်ပြီး၊ လုပ်သားအင်အားစုအတွက် လိုအပ်နေသော ကျွမ်းကျင်မှုများကို ကူညီဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ပါသည်။ ကျောင်းပြင်ပရောက် လူငယ်များအတွက် ရွေးချယ်ခွင့်ပေးမည့် လမ်းကြောင်းများသည် ခိုင်မာမှုရှိရမည်ဖြစ်သည်။ တတ်ကျွမ်းမှုများနှင့် စွမ်းဆောင်ရည် အရည်အချင်းများကို ပေးစွမ်းနိုင်ရန် အလေးထားရပါမည်။ သို့မှသာ မြင့်မားသော လုပ်အားခနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများကို ရရှိစေနိုင်မည်ဖြစ်သည်။

အဆိုပါကျောင်းပြင်ပရောက်လူငယ်များကို ၂၁ ရာစုစီးပွားရေးအတွက် စွမ်းဆောင်ရည် အရည်အချင်းရှိသော ကျွမ်းကျင်လုပ်သားများ အဖြစ်သို့ ပြောင်းလဲစေနိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံရန်လိုအပ်ပေမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ပြန်လည်ရရှိလာမည့်အကျိုးကျေးဇူးများဖြစ်သည့် အခွန်အကောက်များတိုးမြင့် ရရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာခြင်း၊ လူမှုရေးကဏ္ဍကုန်ကျစရိတ်များ လျော့နည်းသွားခြင်းတို့နှင့် စပ်လျဉ်း၍ အဆပေါင်းများစွာ အကျိုးကျေးဇူးများ ပိုမိုဖြစ်ထွန်းလာနိုင်စရာ ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကျောင်းပြင်ပရောက် လူငယ်များအတွက် ဆန်းသစ်သော ပညာရေးနှင့် လေ့ကျင့်ရေးလမ်းသွယ်များကို ဖန်တီးပေးနိုင်ရန် စံနမူနာယူ လေ့လာနိုင်သည့်ဒေသတွင်းနှင့် နိုင်ငံတကာအတွေ့အကြုံ သင်ခန်းစာများ အများအပြားပင် ရှိပါသည်။

## (ခ) အရည်အသွေး

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် (က) သင်ရိုးညွှန်းတမ်းစံများကို သတ်မှတ်ရန်၊ (ခ) စနစ်တကျ ကြီးကြပ်အကဲဖြတ်ရန်၊ (ဂ) အရည်အသွေးအာမခံမှုစနစ် ထူထောင်ရန် လိုအပ်ပါသည်။

ထို့ပြင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆောင်ရွက်နေသူများ၊ အသက်အုပ်စုအလိုက် ကျောင်းပြင်ပရောက်ကလေးများနှင့် လူငယ်များ၊ ကျွမ်းကျင်မှုလိုအပ်ချက်များနှင့် ဒေသဆိုင်ရာအရင်းအမြစ်စသည့်အချက်အလက်များကို မှတ်တမ်းပြုစုရန်နှင့် လေ့လာဆန်းစစ်ရန်အတွက် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် တစ်ခုလိုအပ်ပါသည်။

### (ဂ) စာတတ်မြောက်ရေးအစီအစဉ်များနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လမ်းသွယ်များကို တိုးချဲ့ခြင်း

ရှေ့ဆက်ပညာသင်ယူနိုင်ရေးနှင့် သင်တန်းများ တက်ရောက်ရေးတို့အတွက် အခွင့်အလမ်း အကန့်အသတ်ဖြင့်သာ ရှိနေသေးသည့် အခြေခံစာတတ်မြောက်မှု မရှိသေးသော လူငယ်များစွာ လုပ်ငန်းခွင်တွင် ရှိနေပါသည်။ အဆိုပါ လူငယ်များ အနေဖြင့် တခြားသောပညာရေးနှင့် သင်တန်းအခွင့်အလမ်းများရရှိစေရန် အခြေခံ စာတတ်မြောက်ရေးအစီအစဉ်များနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လမ်းသွယ်အသစ်များ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်နေပါသည်။ အဆိုပါ စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး အစီအစဉ်များကို သင်ယူပြီးမြောက်သူများအတွက် အသိအမှတ်ပြု လက်မှတ်ပေးသည့်စနစ်လည်း လိုအပ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးမှသာလျှင် မိမိတို့ရွေးချယ်ထားသောအသက်မွေးဝမ်းကျောင်းနယ်ပယ်အလိုက် လုပ်သားဈေးကွက်သို့ ဝင်ရောက်နိုင်ရန် (သို့မဟုတ်) ပညာဆက်လက် သင်ယူနိုင်ရန်အတွက် အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။

### (ဃ) ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်

လက်ရှိတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဆောင်ရွက်သူများကို ကြီးကြပ်ကွပ်ကဲရန်၊ အရည်အသွေးအာမခံမှုရှိစေရန်နှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဝန်ဆောင်မှုပေးသူများကို အသိအမှတ်ပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းထားခြင်းမရှိသေးပါ။ အကျိုးဆက်အနေဖြင့် အစိုးရမဟုတ်သော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဝန်ဆောင်မှုပေးသူများသည် နိုင်ငံတော်၏ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ သီးခြားလွတ်လပ်စွာဆောင်ရွက်နေကြပါသည်။ ဤသို့ ကူညီထောက်ပံ့သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကြောင့် နိုင်ငံတစ်ဝန်း ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လုပ်ငန်းများ ရောက်ရှိစေရေးတွင် လစ်ဟာမှုများဖြစ်စေသည့်အပြင် တချို့မြို့နယ်များ၌ ရရှိပြီးနေရာတွင် ထပ်မံဆောင်ရွက်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

## နယ်ပယ်(၇) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှု(၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်--

### (က) သင်ယူမှုအခွင့်အလမ်း

မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်တွင် သင်ယူလိုသူလူငယ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် ပေါင်းကူးဆက်သွယ်နိုင်သော သက်မွေး ပညာရေးလမ်းကြောင်းများ ဖန်တီးပေးရန် လိုအပ်ချက်များရှိနေသည်။ လက်ရှိအခြေအနေတွင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများသို့ တက်ရောက်နိုင်သော ပေါင်းကူးသင်တန်းများ နည်းပါးလျက်ရှိပြီး လိုအပ်နေသော ပညာရပ်နယ်ပယ်အမျိုးမျိုးအတွက် ကျွမ်းကျင်မှုအခြေပြုသင်တန်းများ






လည်းနည်းပါးနေပါသည်။ အထူးသဖြင့် ကျေးလက်ဒေသနှင့် ဝေးလံဒေသများရှိ သင်ယူလိုသူများအတွက် သင်တန်းဖွင့်လှစ်ပေးမှု နည်းပါးလျက်ရှိသည်။ ထို့ပြင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများကိုလည်း ဖွင့်လှစ်ရန် လိုအပ်လျက်ရှိသည်။ တစ်နေရာတည်းတွင် သက်မွေးပညာရပ်မျိုးစုံ တစုတစည်းတည်း သင်ကြားနိုင်သည့် ပိုလီတက်ကနစ် ကျောင်း၊ သိပ္ပံများကိုလည်း တည်ထောင်ရန် လိုအပ်လျက်ရှိသည်။

## (ခ) အရည်အသွေး

အောက်ဖော်ပြပါ အားနည်းချက်များကို ဖြေရှင်းရန် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ အရည်အသွေးအာမခံမှုစနစ်တစ်ခုကို စနစ်တကျ ထူထောင်ရန် အရေးတကြီး လိုအပ်နေပါသည်-

(၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ၏ ကျွမ်းကျင်မှု နယ်ပယ်အသီးသီးအတွက် ကျွမ်းကျင်မှုစံများ ရေးဆွဲပြုစုရန် ကျန်ရှိနေသေးခြင်းနှင့် ၎င်းကျွမ်းကျင်မှုစံများ ရေးဆွဲပြုစုရန်အတွက် စွမ်းဆောင်ရည် အားနည်းမှုများ ရှိနေခြင်းတို့ကြောင့် သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်သင်ကြားရာတွင် အကန့်အသတ်များ ရှိနေခြင်း၊

(၂) ကျွမ်းကျင်မှုစံနှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ နည်းနေသေးခြင်းနှင့် ကျွမ်းကျင်မှုစံအသစ်များအတွက် သင်ရိုးညွှန်းတမ်းထပ်မံရေးဆွဲရန် လိုအပ်နေသေးခြင်း၊

(၃) သင်တန်းနှင့် သင်တန်းသားများကို စစ်ဆေးအကဲ ဖြတ်၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး အတွက် လုပ်ငန်းစဉ်များ အားနည်းနေခြင်း၊

သို့ဖြစ်ပါ၍ သင်တန်းပြီးဆုံးသွားသောသူများကို လုပ်ငန်းရှင်များက ယုံကြည်စိတ်ချစွာ အလုပ်ခန့်ထားရာတွင် အခက်အခဲများရှိနေသည်။ ထို့ပြင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေး မူဘောင်ကို အမျိုးသားအဆင့် အရည်အသွေး မူဘောင်၊ ဒေသတွင်း အရည်အသွေးမူဘောင်တို့နှင့် ချိတ်ဆက်၍ ရေးဆွဲရန်လိုအပ်ပါသည်။ ထို့ပြင် နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး ဆရာများကို ဆရာအတတ်သင်ကြားနည်းပညာနှင့် လက်တွေ့ကျွမ်းကျင်မှု စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် စက်ရုံ၊ အလုပ်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်ရန်လိုအပ်ပါသည်။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး စီမံခန့်ခွဲမှုများ ပိုမိုကောင်းမွန်လာစေရန်အတွက် ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်များမြှင့်တင်ရန်လည်း လိုအပ်နေပါသည်။

## (ဂ) စီမံခန့်ခွဲမှု

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ စီမံခန့်ခွဲမှုနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံမှုရှိသော ဥပဒေနှင့်မူဝါဒ အညွှန်း ဘောင်ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ လက်ရှိ အခြေအနေ၌ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအားနည်းနေခြင်း၊ သင်တန်း ကျောင်းများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများချိတ်ဆက်မှု အားနည်းခြင်းတို့ရှိနေသည်။ ထိုသို့ အားနည်းရခြင်းမှာ အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပါသည်-

(၁) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်သော မူဝါဒများမရှိခြင်းနှင့် ဥပဒေပြုမှုများ မရှိခြင်း၊

(၂) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍတွင် လေ့ကျင့်သင်ကြားပေးနေသော ဝန်ကြီးဌာနများ အချင်းချင်းပူးပေါင်းချိတ်ဆက် လုပ်ဆောင်မှု အားနည်းခြင်း၊

(၃) သင်တန်းကျောင်းများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ချိတ်ဆက်မှုအတွက် မူဝါဒနှင့် ချိတ်ဆက်ပေးနိုင်သော အဖွဲ့မရှိခြင်း၊

(၄) အစိုးရမဟုတ်သော အဖွဲ့အစည်းများက လှူဒါန်းသောငွေကြေးများ အတွက် ဘဏ္ဍာရေး စီမံခန့်ခွဲမှု အားနည်းနေခြင်း၊

(၅) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများကို အထောက်အကူပြုနိုင်ရန်နှင့် လုပ်သားဈေးကွက်နှင့် ကိုက်ညီစွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် အားနည်းနေခြင်း၊

## နယ်ပယ် (၈) အဆင့်မြင့်ပညာရေး

အဆင့်မြင့်ပညာရေးတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှု(၄)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### (က) အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးစနစ်သည် သမားရိုးကျ ဗဟိုဦးစီးစနစ်ပုံစံမှ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ တာဝန်ခံမှုနှင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုတို့ကို ဦးစားပေး၍ လုပ်ငန်း တာဝန်ခွဲဝေဆောင်ရွက်သော ပုံစံ (Corporate Model) သို့ ပြောင်းလဲရန် လိုအပ်နေပါသည်။ သို့သော် ဤပုံစံအသစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် အဆင့်မြင့်ပညာ အရာရှိကြီးများ၊ စီမံခန့်ခွဲရေးဆိုင်ရာ မန်နေဂျာများနှင့် ပညာရှင်များ၏စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန် လိုအပ် နေပါသည်။ ထို့ကြောင့် စီမံခန့်ခွဲရေး၊ ပညာပို့ချရေး၊ ဝန်ထမ်းခန့်ထားရေး၊ ဘဏ္ဍာငွေခန့်ခွဲမှုဆိုင်ရာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့် ပိုမိုရရှိစေရေးတို့နှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အသစ်များကိုရေးရှည်ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက် နိုင်ရန်အတွက် အဆင့်မြင့်ပညာကျောင်းများအား  ကူညီထောက်ပံ့ပေးရန် လိုအပ်နေပါသည်။

မြန်မာနိုင်ငံအမျိုးသားပညာရေးအဆင့် သတ်မှတ်မှုမူဘောင်ကို ထူထောင်ရာတွင် အထောက်အကူဖြစ်မည့် အဆင့်မြင့်ပညာ အရည်အသွေး အာမခံမှု အေဂျင်စီ (Higher Education Quality Assurance Agency) တည်ထောင်ရန် အရေးတကြီး လိုအပ်နေပါသည်။ တက္ကသိုလ်တချို့တွင် ကျောင်းတွင်း အရည်အသွေး အာမခံစနစ်များကို တည်ထောင်ပြီးဖြစ်ရာ ဤအလေ့အကျင့်ကောင်းများကို အဆင့်မြင့်ပညာ ကျောင်းအများစုတွင် လက်ခံကျင့်သုံးရန် လိုအပ်ပါသည်။ ထို့ပြင် အဆင့်မြင့်ပညာကို သင်ယူနေသော ကျောင်းသားများသည် အဆင့်မြင့်ပညာကျောင်းတစ်ကျောင်းမှ တစ်ကျောင်းလွယ်ကူစွာ ပြောင်းရွှေ့သင်ယူနိုင်ရန် Credit Transfer System ကို တိုးချဲ့ကျင့်သုံးရန်လည်း လိုအပ်ပါသည်။

### (ခ) အရည်အသွေး

အဆင့်မြင့်ပညာကျောင်းများ၏ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၏ အရည်အသွေးပိုင်းကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ အထူးသဖြင့်စာကြည့်တိုက်များ၊ ဓာတ်ခွဲခန်းများ၊ e-learning centre များနှင့် သင်ကြား သင်ယူရာတွင် အသုံးပြုသော အရင်းအမြစ်များ စသည်တို့ကို အဆင့်မြင့်မွမ်းမံ တည်ဆောက်ရန် လိုအပ်နေပါသည်။ ထို့ပြင် ဓာတ်ခွဲခန်းကျွမ်းကျင် ဝန်ထမ်းများအနေဖြင့်လည်း ခေတ်မီ၍ လက်တွေ့စမ်းသပ်သင်ယူလေ့လာသော နည်းများကိုတတ်ကျွမ်းစေရန်လည်း လိုအပ်နေပါ သည်။ ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားပြီး ဓာတ်ခွဲခန်းသုံးပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းနိုင်ရေးအတွက် လေ့ကျင့်ပေးရန် လိုအပ်လျက်ရှိပါသည်။

တချို့ အဆင့်မြင့်ပညာကျောင်းများတွင် အရည်အသွေးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းများရှိပြီးဖြစ်သော်လည်း သုံးစွဲလိုအားမှာ မြင့်မားနေသဖြင့် အဆိုပါ ပစ္စည်းများအလုံအလောက်ရှိရန် လိုအပ်နေပါသည်။ သို့ပါ၍ ဘွဲ့ကြို သင်တန်းသားများကို သင်ကြားပို့ချရာတွင် လက်တွေ့သုံးစွဲနိုင်ခွင့် နည်းနေပါသေးသည်။ ထို့ကြောင့် ဘွဲ့ကြိုသင်တန်းများမှ ဘွဲ့ရခဲ့သောသူများသည် စာတွေ့အပိုင်းသာ ရရှိကြပြီး လက်တွေ့ကျွမ်းကျင်မှုအပိုင်းတွင် အားနည်းနေပါ သည်။

လက်ရှိ ဗဟိုမှစီစဉ်ရေးဆွဲထားသော ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများသည် နိုင်ငံတွင်းနှင့် နိုင်ငံတကာတွင် မကြာမြင့်သေးသည့်နှစ်များ၌ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးနှင့် လူမှုရေး အပြောင်းအလဲများကို ထင်ဟပ်ခြင်းမရှိတော့ပါ။ ဤကဲ့သို့ ထင်ဟပ်ခြင်းမရှိသည့်အတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ လုပ်ကိုင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ သင်ယူလေ့လာရာတွင်လည်းကောင်း ကျောင်းသားများ၏ စွမ်းဆောင်ရည်ကို ကန့်သတ်ထားသကဲ့သို့ ဖြစ်နေပါသည်။ အလွတ်ကျက်မှတ်သည့်အလေ့အထကို အထူးအလေး ပေးနေခြင်းနှင့် မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်း လိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် အသိပညာဗဟုသုတနှင့်ကျွမ်းကျင်မှုများပေးရန် လိုအပ်နေခြင်းတို့ကြောင့် အဆင့်မြင့်ပညာရေးသည် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ICTအခြေခံအဆောက်အအုံကို တည်ဆောက်နေသော်လည်း အဆင့်မြင့်ပညာကျောင်းများ၏ အင်တာနက်အရင်းအမြစ်များ၊ ပိုမိုခေတ်မီသော စာကြည့်တိုက်များနှင့် တခြားဆက်စပ် သင်ကြားရေးသုံး ပစ္စည်းများ အသုံးပြုခွင့်ပေးနိုင်သည့် အခြေအနေမှာလည်း အားနည်းလျက်ရှိပါသည်။

အဝေးသင်ပညာရေး အရည်အသွေးမြှင့်တင်ပေးရန်အတွက် သင်ကြားရေးစနစ်၊ သင်ကြားသင်ယူရာတွင် အသုံးပြုသော အရင်းအမြစ်များ အထူးသဖြင့် ကျောင်းသားများကိုယ်တိုင်လေ့လာရမည့်  စာအုပ်စာတမ်းများအပါအဝင် အဝေးသင် ပညာရေးဆိုင်ရာ အစီအစဉ်များကို ရေးဆွဲရန် လိုအပ်ပါသည်။

အဝေးသင်ကျောင်းသားများအား ပို့ချပေးမည့်သီးသန့် ဆရာများ လိုအပ်နေခြင်းကလည်း သင်ကြားရေးအရည် အသွေးကို အားနည်းစေပါသည်။ ထို့ပြင် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ လုံလောက်မှုရှိရန် လိုအပ်နေသော ကြောင့် ပုံမှန်နေ့သင်တန်းကျောင်းသားများ၏အားလပ်ရက်တွင်သာ လက်တွေ့ခန်းများနှင့် စာသင်ခန်းများကို အသုံးပြုခွင့်ရရှိကြပါသည်။ ဆရာ ကျောင်းသားထိတွေ့မှု အားနည်းခြင်းနှင့်  သင်ကြားသင်ယူမှုအချိန် မလုံလောက်ခြင်းတို့ကြောင့် အဝေးသင်ကျောင်းသားများအနေဖြင့် ဘာသာရပ်အကြောင်းအရာများကို နားလည်ရန်အခက်အခဲရှိနေပါသည်။ ဘာသာရပ်အကြောင်းအရာကို ပို့ချရာတွင် ထိရောက်မှုရှိစေရန် ခေတ်မီနည်းပညာများ ပိုမိုအသုံးချရန်လိုအပ်နေပါသည်။

အဝေးသင်ပညာရေး၏ စစ်ဆေးအကဲဖြတ်ခြင်းနှင့်စာမေးပွဲစနစ်ကို ပြုပြင်အားဖြည့်ပေးရန်လည်း လိုအပ်နေပါသည်။ ကျောင်းသားများ၏လုပ်ဆောင်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် အမှတ်ပေးခြင်းတို့ကို နည်းပြဆရာ၏ ပုံမှန်စစ်ဆေးမှုမပါဘဲ ပညာသင်နှစ် ကုန်ဆုံးချိန်၌သာလျှင် တစ်နှစ်တစ်ကြိမ် စာမေးပွဲစစ်ဆေး၍ လုပ်ဆောင်ကြပါသည်။ ထို့ကြောင့် အဝေးသင် သင်တန်းစာတမ်းများကို စစ်ဆေးအမှတ်ပေးခြင်း အားကောင်းစေရန် အထူးလိုအပ်နေပါသည်။ ရလဒ်များကိုလည်း သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်း စနစ်တို့ဖြင့် စစ်ဆေးအကဲဖြတ်ရန် အထူးလိုအပ်နေပါသည်။

### (ဂ) အဆင့်မြင့်ပညာသင်ယူခွင့် သာတူညီမျှ ရရှိမှု

ကျောင်းသားများ အဆင့်မြင့်ပညာ သင်ယူခွင့်ကို သာတူညီမျှပိုမိုရရှိရေးအတွက် ကျေးလက်ဒေသတွင်နေထိုင်မှုအခြေအနေနှင့် ချို့တဲ့နွမ်းပါးမှုများသည် ကြီးမားသော အဟန့်အတားများဖြစ်နေပါသည်။ နေထိုင်ရေးကုန်ကျစရိတ် မြင့်မားမှုသည်လည်း အဓိက အဟန့်အတားဖြစ်နေပါသည်။ သို့ဖြစ်၍ အဆိုပါ ကုန်ကျစရိတ်များနှင့် သင်ယူခွင့်အဟန့်အတားများကို ဖြေရှင်းရန်အတွက် ကျောင်းသားများကို ပံ့ပိုးပေးမည့် အစီအစဉ်များ လိုအပ်နေပါသည်။

### (ဃ) အဆင့်မြင့်ပညာကျောင်းများတွင် သုတေသနဖွံ့ဖြိုးမှု

မြန်မာနိုင်ငံ အဆင့်မြင့်ပညာကျောင်းများတွင် အတွေးအခေါ်အသစ်များနှင့် ဆန်းသစ် တီထွင်မှုများဖွံ့ဖြိုးရေးအတွက် သုတေသနစွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်နေပါသည်။ အဆင့်မြင့်ပညာကျောင်းများရှိ သင်ကြားရေး ဝန်ထမ်းများအနေဖြင့် သုတေသနလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်ပြီး သုတေသနတွေ့ရှိချက်များကို သင်ကြားရေးတွင် ထည့်သွင်းသင်ကြားရပါမည်။ ဤသုတေသနလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအချက်အလက်စုဆောင်းခြင်းနှင့် သုတေသနတွေ့ရှိချက်များကို ဖြန့်ဝေခြင်းလုပ်ငန်းများအပြင် အခြေခံအဆောက်အအုံ၊ အချက်အလက် လေ့လာဆန်းစစ်မှု Software နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကဲ့သို့သော သုတေသနဆိုင်ရာ အထောက်အကူပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုများလည်းပံ့ပိုးပေးရန် လိုအပ်ပါသည်။

အဆင့်မြင့်ပညာကျောင်းများက တင်သွင်းသော သုတေသနအဆိုပြုလွှာများအတွက်ရန်ပုံငွေများရရှိရန်စနစ်တကျရေးဆွဲထားသောအရည်အသွေးပြည့်မီသည့် ထိုက်တန်မှုအခြေပြုထောက်ပံ့ကြေး (merit-based funding) လုပ်ထုံးလုပ်နည်းတစ်ခုလိုအပ်ပါသည်။ ရပ်ရွာလူမှုစီးပွားရေးဘဝ အကျိုးပြုသုတေသနများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေချထားပေးရေးကို နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိတွင် တက္ကသိုလ်များအနေဖြင့် သုတေသနရန်ပုံငွေရရှိရန်နှင့် သုတေသနများပူးပေါင်း ဆောင်ရွက်ရန် စက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် သုတေသနမိတ်ဖက်များအဖြစ် ဆောင်ရွက်မှု အားနည်းနေပါသေးသည်။ ထူးချွန်ဆန်းသစ် တီထွင်မှုရှိသော သုတေသနများကို ချီးမြှင့်ပေးနိုင်ရန်အတွက် သုတေသနတွေ့ရှိချက်များကိုကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေမှု၊ အသိအမှတ်ပြုမှု၊ ဆုများချီးမြှင့်မှုနှင့် နိုင်ငံခြားသင်တန်းများနှင့် လေ့လာရေးခရီးစဉ်များသွားရောက်နိုင်ရန် အခွင့်အလမ်းပေးမှုများလိုအပ်ပါသည်။

## နယ်ပယ် (၉) စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု

စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှု (၄)ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည် -

### (က) ပညာရေးကဏ္ဍအတွက် အရည်အသွေး အာမခံမှုစနစ် တစ်ခုထူထောင်ခြင်း

မကြာမြင့်သေးသည့် နှစ်များအတွင်း အခြေခံပညာကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် ပညာရေးအရည်အသွေးမြင့်မားလာစေရန်စီမံချက်နှင့် လုပ်ငန်းအစီအစဉ်အမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ပညာရေးအရည်အသွေး အာမခံမှုစနစ်တစ်ခုကို ရှင်းလင်းစွာသတ်မှတ်ပြီး အမျိုးသားအဆင့်အဖြစ် အကောင်အထည်ဖော်ခြင်း မရှိသေးသည့်အတွက် အထက်ပါ လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို အပြည့်အဝမတွေ့ ရှိရသေးပါ။

### (ခ) ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းစဉ်များ အားကောင်းစေခြင်း

မကြာမြင့်သေးသည့်နှစ်များအတွင်း မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပညာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးသော အဖွဲ့အစည်းအမျိုးမျိုး သိသာထင်ရှားစွာ များပြားသည်ကို တွေ့ရပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် တခြားသော ဝန်ကြီးဌာနများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ၊ သုတေသနဌာနများ၊ ဖောင်ဒေးရှင်းများနှင့် တခြားသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာလျှင် နိုင်ငံသားအားလုံးအတွက် အရည်အသွေးရှိသော ပညာရေးအခွင့်အလမ်းတိုးတက်မှုရရှိနိုင်သည်ကို နိုင်ငံတော်အစိုးရအနေဖြင့် အသိအမှတ်ပြုထားသည်မှာ ကောင်းမွန်သော တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းကျောင်းများနှင့် ပညာသင်ယူရာဌာနများရှိ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေမည့် အခြေအနေကောင်းများ ရရှိစေရန်အတွက် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အကြား ပေါင်းစပ်ညှိနှိုင်းမှုကို အားကောင်းစေရန် လိုအပ်ပါသည်။

### (ဂ) သတင်းအချက်အလက်နှင့် စီမံခန့်ခွဲမှုစနစ်များ အားကောင်းစေခြင်း

ပညာရေးဝန်ကြီးဌာနအတွင်း အထောက်အထားအခြေပြုဆုံးဖြတ်ချက်များချခြင်း၊ ရှေ့ပြေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို အားနည်းစေသော အဓိကစိန်ခေါ်မှုတစ်ရပ်မှာ စနစ်တကျရေးဆွဲထားပြီး လူတိုင်းလက်လှမ်းမီသည့် ကဏ္ဍအားလုံးလွှမ်းခြုံနိုင်သော စွမ်းဆောင်ရည် လေ့လာကြီးကြပ်ရေးစနစ် မရှိခြင်းဖြစ်သည်။ အဆိုပါစနစ်ရှိမှသာ အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသော အမျိုးသားပညာရေး လုပ်ငန်းအစီအစဉ် များကို စောင့်ကြည့်နိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် ပညာရေးကဏ္ဍခွဲများ၌ အမျိုးသားအဆင့်ပညာရေးလုပ်ငန်း ဆောင်ရွက်မှုများကို တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် စစ်ဆေးအကဲဖြတ်နိုင်မည့် ကွန်ပျူတာ အခြေပြုအချက်အလက်များနှင့် အမျိုးသားအဆင့် အချက်အလက်ဆိုင်ရာ စာရင်းအင်းများ နည်းပါးသည်ကို တွေ့ရှိပါသည်။ အစီရင်ခံတင်ပြထားသည့် အချက်အလက်များသည် ပညာရေးဆိုင်ရာ လုပ်ငန်းတစ်ခုချင်းစီ၏ ရလဒ်များ အပေါ်တွင်သာ အလေးထားဖော်ပြထားပါသည်။ စီမံကိန်းကာလအတွင်း လျာထားချက်များ၊ စီမံကိန်းရလဒ်များ ပေါက်မြောက်အောင်မြင်မှုနှင့်စပ်လျဉ်း၍ အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များကို စနစ်တကျ ကောက်ယူထားမှုမရှိခြင်းနှင့် အစီရင်ခံစာ တင်ပြမှုမရှိခြင်းတို့သည် စိန်ခေါ်မှုများ ဖြစ်သည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်မှုကို သုံးလတစ်ကြိမ် စောင့်ကြည့်နိုင်မည့် အချက်အလက်များ စုစည်းထားသည့် ICT အခြေပြုလေ့လာကြီးကြပ်မှုစနစ် တည်ထောင်ရန် ပညာရေးဝန်ကြီးဌာနတွင် အရေးတကြီး လိုအပ်နေပါသည်။ ဤစနစ်သည် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အမျိုးသားအဆင့်လုပ်ငန်းများလုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထို့ပြင် ဤစနစ် ထူထောင်ခြင်းအားဖြင့် ပညာရေးကဏ္ဍ တစ်ခုလုံးရှိ ပညာရေးစီမံခန့်ခွဲသူများအား ၎င်းတို့၏လုပ်ငန်းများအပေါ် တာဝန်ခံမှုရှိလာစေရန် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် တိကျ၍ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်စနစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။



### (ဃ) ထိရောက်သော စီမံခန့်ခွဲမှုအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

မကြာသေးမီက ပြန်လည်ဖွဲ့စည်းထားသော ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံသည် နိုင်ငံတော်အစိုးရ၊ ကျောင်းသားများနှင့် မိဘများအတွက် အမျိုးသားအဆင့် အစီအစဉ်များ၏ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာခြင်း၊ ပိုမိုထိရောက်လာခြင်းတို့နှင့်စပ်လျဉ်းသည့် အပြုသဘော ဆောင် သော အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေပါလိမ့်မည်။ သို့ရာတွင် အချိန်တိုအတွင်း ဖြေရှင်းရန်လိုအပ်သည့် စွမ်းဆောင်ရည် ဆိုင်ရာစိန်ခေါ်မှုများရှိနေပါသေးသည်။

ပညာရေးကဏ္ဍအဆင့်အသီးသီးရှိ စီမံခန့်ခွဲသူများ၏ အသိပညာနှင့်ကျွမ်းကျင်မှုများကို ပိုမိုမြင့်မားလာစေရန်အတွက် အမျိုးသားအဆင့် သင်တန်းအစီအစဉ်များကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပိုမိုပွင့်လင်းမြင်သာမှုရှိခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဖွဲ့ဆောင်ရွက်ခြင်းနှင့် အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချမှတ်ခြင်းများကို မြှင့်တင်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့်ဌာနတွင်း လုပ်ထုံးလုပ်နည်းများ အားဖြည့်ပေးရန် လိုအပ်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြားအဖွဲ့အစည်းများအား ကူညီပံ့ပိုးမှု၊ ဦးဆောင်မှုနှင့် ငွေကြေးကုန်ကျမှုနှင့်ထိုက်တန်သော ပညာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများစသည့် ဝန်ဆောင်မှုတန်ဖိုးများကို အမျိုးသားပညာရေးစံနှုန်းများ ပေါက်မြောက်အောင်မြင်မှုတို့ကို အသိအမှတ်ပြုခြင်းနှင့် ချိုးမြှင့်ခြင်းများကို လုပ်ဆောင်မည့် ကျွမ်းကျင်မှုအခြေပြု စီမံခန့်ခွဲမှုစနစ်ကိုပါ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

## ၂.၂။ ပညာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲမှု

မကြာမြင့်သေးသည့် နှစ်များအထိ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများသည် ပညာရေးအတွက် ငွေကြေးကို အများ ဆုံးသုံးစွဲနေရပါသည်။ ထိုကုန်ကျစရိတ်သည် ကျောင်းများနှင့် ပညာသင်ယူရာဌာနများသို့ တက်ရောက်နိုင်ရန် အခက်အခဲ ဖြစ်စေခဲ့သည်။ (၂၀၀၉-၂၀၁၀) မှ (၂၀၁၁-၂၀၁၂)အတွင်း အိမ်ထောင်စုများသည် ပညာရေးကုန်ကျစရိတ် စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကိုကျခံပြီး အစိုးရအနေဖြင့် ၃၁-၃၈ ရာခိုင်နှုန်း ကျခံပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် ပညာရေး ကုန်ကျစရိတ်ကို ပိုမိုသုံးစွဲရန် တာဝန်ယူကြိုးပမ်းအားထုတ်ပြီး နောက်ပိုင်းတွင် အိမ်ထောင်စုများအနေဖြင့် ပညာရေးကုန်ကျစရိတ် သိသိသာသာ လျော့နည်း ခဲ့ပါသည်။ ပညာရေးကုန်ကျစရိတ် မြင့်မားခြင်းသည် ကလေးများ ကျောင်းသို့ မရောက်ရှိခြင်း၏ အဓိက အကြောင်းရင်းများအနက် တစ်ခုဖြစ်သည်ဟု အစီရင်ခံစာများတွင် ဖော်ပြထားပါသည်။ အဆိုပါ အကြောင်းကြောင့် ပညာရေး စနစ်တွင် အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်အပေါ် အားထားမှုကိုလျှော့ချခြင်းသည် ပညာရေး အခွင့်အလမ်းမြှင့်တင်ရေးအတွက် အဓိကကျသည့် ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

မြန်မာ့ပညာရေးစနစ်၏ အခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှမှု တိုးမြှင့်ရန် မျှော်မှန်းချက်များ ထားရှိခြင်းကြောင့် ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေ ပိုမိုသုံးစွဲရန် လိုအပ်လာပါမည်။ ဤသို့ဖြစ်ရသည့် အကြောင်းရင်းမှာ ပညာရေး

ဝန်ဆောင်မှု လုပ်ငန်းများကိုဘဏ္ဍာငွေလုံလောက်စွာ ပံ့ပိုးနိုင်မှုမရှိခြင်းနှင့် ဘဏ္ဍာငွေပံ့ပိုးခြင်း ကွာဟမှုမြင့် မားသည့် အခြေအနေမှာ နှစ်ကာလကြာမြင့်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အာဆီယံနိုင်ငံတချို့၏ အဆင့်သို့ ရောက်ရှိနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုကို အခြားနိုင်ငံများနည်းတူများစွာ တိုးမြှင့်ရန် လိုအပ်နေပါသည်။

ဘဏ္ဍာငွေသုံးစွဲမှုအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အမှန်တကယ်သုံးစွဲခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း စိန်ခေါ်မှုများရှိပါသည်။ လက်ရှိ အခြေအနေတွင် ဘဏ္ဍာငွေ သုံးစွဲရေးဆုံးဖြတ်ချက်များကို ကြီးကြပ်ထိန်းညှိမည့် မူဝါဒနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ် ချမှတ် ထားခြင်းစနစ်တစ်ရပ် လိုအပ်နေပါသည်။ ထို့ပြင် ပညာရေးကဏ္ဍတစ်ခုလုံး၏ ဘဏ္ဍာငွေများ ခွဲဝေပေးရာတွင် သာတူညီမျှမှု အားနည်းပါသည်။ ဒေသဆိုင်ရာအစိုးရ၏ ဘဏ္ဍာငွေသုံးစွဲရေး ပြုပြင်ပြောင်းလဲမှုကြောင့်လည်းအရင်းအမြစ်ခွဲဝေ သတ်မှတ်ရေးလုပ်ငန်းစဉ်များကို ပိုမိုရှုပ်ထွေးစေပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) သည် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန် အဓိက ကနဦး ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရန်နှင့် ပညာရေးရလဒ်များမြှင့်တင်ရန် ပညာရေးကဏ္ဍအတွက် ပိုမိုရင်းနှီးမြှုပ်နှံမှုသည် မဖြစ်မနေလိုအပ်သည်။ ထို့ပြင် ပထဝီဝင်အနေအထားအရ သင်ယူမှုအခွင့်အလမ်းနည်းပါးသော ဒေသများနှင့်လူမှုစီးပွားရေး ပိုမိုနိမ့်ပါးသော ဒေသများ၏ လိုအပ်ချက်များနှင့် ကျား၊ မ လိုအပ်ချက်များအရ တိုးမြှင့်ခွဲဝေရေးဆွဲထားသော ဘဏ္ဍာငွေအသုံးစရိတ်စာရင်းများအား ပိုမိုထိရောက်စွာ ချမှတ်သုံးစွဲခြင်းဖြင့် သာတူညီမျှရှိရေးကို ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၂.၃။ အဆင့်မြင့်စိန်ခေါ်မှုများနှင့် မဟာဗျူဟာမြောက် အပြောင်းအလဲ (၉)ရပ်တို့၏ ကျိုးကြောင်းညီညွတ်မှု

ဤအခန်းတွင် လေ့လာဆန်းစစ်တင်ပြထားသော ပညာရေးကဏ္ဍအလိုက် စိန်ခေါ်မှုများသည် အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ၏ အဓိကမျှော်မှန်းချက် (၅)ခုဖြစ်သည့် အခွင့်အလမ်း၊ အရည်အသွေး၊ သာတူညီမျှမှု၊ လူတိုင်းအကျုံးဝင်မှုနှင့် စွမ်းဆောင်ရည်ရှိမှုတို့ဖြင့် ခိုင်မာစွာ ချိတ်ဆက်ထားကြောင်း တွေ့ရှိနိုင်သည်။ ထို့ကြောင့် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းသည် ပညာရေးကဏ္ဍခွဲ တစ်ခုချင်းစီအတွင်း ဖော်ပြပါမျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို အလေးပေးရမည် ဖြစ်သည်။

တခြားအရေးပါသော တွေ့ရှိချက်တစ်ခုမှာ ဖော်ပြထားသော ပညာရေးကဏ္ဍခွဲအသီးသီးရှိ စိန်ခေါ်မှုများ အပြန်အလှန် ဆက်စပ်ချိတ်ဆက်မှုဖြစ်ပါသည်။ ဥပမာအားဖြင့် နယ်ပယ် (၁)တွင် တင်ပြထားသော မူကြိုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းခြင်းသည် နယ်ပယ် (၂) အခြေခံပညာရေး ကဏ္ဍအတွက် တင်ပြဆွေးနွေးထားသော ကျောင်းထွက်ခြင်းဆိုင်ရာ စိန်ခေါ်မှုများအတွက်များစွာ အကျိုးသက်ရောက်မှုရှိစေပါသည်။ သို့သော် မူကြိုဆိုင်ရာ စိန်ခေါ်မှုများကို မဆောင်ရွက်နိုင်ခဲ့ပါလျှင် ကလေးအများအပြား မူလတန်းပညာရေးပြီးဆုံးအောင် သင်ကြားရန် ပြင်ဆင်မှုမရှိခဲ့ခြင်းကြောင့် အခြေခံပညာရေးကဏ္ဍရှိ ကျောင်းထွက်ခြင်းဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန် ပိုမိုခက်ခဲပါမည်။ ထို့ပြင် အလယ်တန်းပညာရေးကဏ္ဍမှ ကျောင်းထွက်နှုန်း မြင့်မားမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် နယ်ပယ်(၄) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းနှင့် နယ်ပယ် (၅) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုတို့ကိုပါ ပူးတွဲဖြေရှင်းမှုမရှိခဲ့လျှင် အဆိုပါ စိန်ခေါ်မှုကို ဖြေရှင်းရန် ပိုမိုခက်ခဲပါမည်။

ပညာရေးကဏ္ဍအလိုက် အဓိကစိန်ခေါ်မှုများကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဦးစီးဌာနအသီးသီးအနေဖြင့် ပညာရေးကဏ္ဍတစ်ခုလုံးတွင် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်ဖြည့်ဆည်းပေးမည့် မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များဖော်ထုတ်အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ အစိုးရနှင့်အလှူရှင်များ၏ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ငွေကြေးကုန်ကျမှုနှင့်ထိုက်တန်ပြီး စွမ်းဆောင်မှု ပိုမိုမြင့်မားရန်အတွက် ဤကဲ့သို့ ပေါင်းစပ်ညှိနှိုင်းမှုသည် မရှိမဖြစ်လိုအပ်ပါသည်။

အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ပါက အောင်မြင်ဖြစ်ထွန်းနိုင်မည် မဟုတ်ပါ။ မြန်မာနိုင်ငံရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်လာပြီး ပညာရေးစက်ဝန်းတွင် ဆက်လက်သင်ယူကာ ၎င်းတို့၏ စွမ်းရည်ပြည့်ဝစေမည့် အရည်အသွေးရှိ သင်ယူတတ်မြောက်မှုရရှိစေရန်နှင့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရန်အတွက် အဓိကအပြောင်းအလဲများ လိုအပ်ပါသည်။ ဖော်ပြပါ အဆင့်မြင့် စိန်ခေါ်မှုများ ဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနသည် ၂၁ ရာစုအတွက် မြန်မာ့အမျိုးသားပညာရေးစနစ်ကိုပြုပြင်ပြောင်းလဲမည့် မဟာဗျူဟာမြောက် အပြောင်းအလဲ(၉)ရပ်ကို ဖော်ထုတ်ထားပါသည်။ အဓိက စိန်ခေါ်မှုများနှင့် မဟာဗျူဟာမြောက် အပြောင်းအလဲ (၉)ရပ်၏ ကျိုးကြောင်းညီညွတ်မှုကို ဇယား (၂.၁) တွင် ဖော်ပြထားသည်။

**ဇယား (၂.၁) အဓိကစိန်ခေါ်မှုများနှင့်မဟာဗျူဟာမြောက်အပြောင်းအလဲ (၉) ရပ်၏ကိုက်ညီမှုရှိကြောင်းညီညွတ်မှု**

| စိန်ခေါ်မှုများ | မဟာဗျူဟာမြောက် အပြောင်းအလဲများ |
|---|---|
| ၁။ မူကြိုနှင့် သူငယ်တန်း ပညာရေး | |
| အရည်အသွေးရှိသော မူကြိုကျောင်းနှင့် သူငယ်တန်း (Kindergarten) ပညာရေးကို သင်ယူရန် အခွင့်အလမ်းများ အကန့်အသတ်ရှိနေခြင်းသည် ကျောင်းနေရန် အဆင်သင့်ဖြစ်မှု၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု၊ ရပ်ရွာလူထု၏ ကောင်းကျိုးချမ်းသာနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေလျက်ရှိပါသည်။ | ကလေးသူငယ်တိုင်း အရည်အသွေးရှိ မူကြိုနှင့် သူငယ်တန်း (KG) ပညာ သင်ယူခွင့်ရရှိခြင်းဖြင့် ၎င်းတို့၏ လေ့လာသင်ယူမှုလမ်းကြောင်း တစ်လျှောက်လုံးအတွက် အစကောင်းစေမည်။ |
| ၂။ အခြေခံပညာရေး - အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု | |
| ကလေးများ၏ အခြေခံပညာသာတူညီမျှအခွင့်အလမ်းရှိမှု၊ ကျောင်းနေမြဲမှုနှင့် အတန်းပြီးမြောက်မှုများသိသာထင်ရှားစွာ တိုးမြှင့်လာရန် လိုအပ်နေပါသည်။ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် ကျောင်းများ၏တာဝန်ယူမှုကို တိုးတက်ကောင်းမွန်စေရန် အရည်အသွေးအာမခံမှုစနစ်တစ်ခု အကောင်အထည် ဖော်ရန် လိုအပ်ပါသည်။ | ကလေးအားလုံး အရည်အသွေးရှိ အခြေခံပညာကို သင်ယူခွင့်ရရှိပြီး အတန်းစဉ် အဆင့်ဆင့်ဆက်လက်သင်ယူပြီးမြောက်နိုင်ကြမည်။ |
| ၃။ အခြေခံပညာ သင်ရိုးညွှန်းတမ်း | |
| လက်ရှိအခြေခံပညာသင်ရိုးညွှန်းတမ်းသည် သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလ (၁၂) နှစ်ပါဝင်သော ပညာရေးဖွဲ့စည်းပုံ စနစ်သစ်နှင့် ကိုက်ညီမှုရှိရန် လိုအပ်လျက်ရှိသည်။ ထို့ပြင် ၂၁ ရာစုကျွမ်းကျင်မှုများနှင့်အညီ ကျောင်းသားများအနေဖြင့် ရည်ရွယ်ထားသော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ရရှိအောင်မြင်ဖြစ်ထွန်းနိုင်ရန်နှင့် ဘဝတစ်လျှောက် ပညာဆက်လက် သင်ယူနိုင်ရေး လမ်းကြောင်းများလည်း တိုးတက်ကောင်းမွန်ရန် လိုအပ်လျှက်ရှိပါသည်။ | ကျောင်းသားအားလုံးတွင် မိမိဘဝနှင့် ဆီလျော်ပြီး မြန်မာနိုင်ငံ၏ ၂၁ရာစု လူမှုစီးပွားရေး အခြေအနေအရ လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှု များ၊ သဘောထားများနှင့် တတ်ကျွမ်းမှုများဖွံ့ဖြိုးတိုးတက်လာကြမည်။ |
| ၄။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း | |
| အမျိုးသားအဆင့် သင်ယူမှုစံသတ်မှတ်ချက်များနှင့်အညီ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်နိုင်ရေးအတွက် ပိုမိုမျှတသည့် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒနှင့် စစ်ဆေးအကဲဖြတ်ခြင်း အညွှန်းဘောင်တို့ ရေးဆွဲရန် လိုအပ်လျက် ရှိသည်။ | ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက် မြင့်မားရန်အတွက် အရည်အသွေး ကောင်းမွန်သော ပညာရည်စစ်ဆေးအကဲဖြတ်မှု စနစ်သစ် တစ်ရပ်ကို ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများက အကောင်အထည်ဖော် ဆောင်ရွက်ကြမည်။ |
| ၅။ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု | |
| ဆရာ၊ ကျောင်းသား အပြန်အလှန် ဆက်သွယ်မှုကို ဖြစ်ထွန်းစေသော သင်ကြား နည်းများကို အောင်မြင်စွာ အသုံးပြုပြီး ကျောင်းသားများ၏သင်ယူတတ်မြောက်မှု မြင့်မားစေရန် အခြေခံပညာ ဆရာများအတွက် ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြင့်မားရေး အစီအစဉ်များ လိုအပ်ပါသည်။ | ကျောင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆရာနှင့်ကျောင်းသား အပြန်အလှန် ဆက်သွယ်မှုရှိသည့် သင်ကြားသင်ယူမှုကို ဆရာများက အသုံးပြု၍ ကျောင်းသားများကို ပံ့ပိုးကူညီမည်။ |

| စိန်ခေါ်မှုများ | မဟာဗျူဟာမြောက် အပြောင်းအလဲများ |
|---|---|
| ၆။ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး (AE) | |
| အသက်မွေးဝမ်းကျောင်းဆိုင်ရာလမ်းကြောင်းများနှင့် ပညာရေးဆိုင်ရာလမ်းကြောင်းအဆင့် အသီးသီးရှိ သင်ယူသူတို့၏ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးရာတွင် အရည်အသွေး ပိုမိုကောင်းမွန်မှု၊ လူတိုင်း သင်ယူနိုင်မှု၊ လိုအင်နှင့်လိုက်လျောညီထွေရှိမှုနှင့် အသိအမှတ်ပြုမှုတို့အကျုံးဝင်သည့် လုပ်ငန်းအစီအစဉ်များဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရန် လိုအပ်လျက်ရှိသည်။ | ပညာသင်ယူသူများအနေဖြင့် ၎င်းတို့၏ ဘဝတစ်သက်တာသင်ယူမှုနှင့် အလုပ်အကိုင်မျှော်မှန်းချက်များပေါက်မြောက် အောင်မြင်စေရန် အရည်အသွေးအာမခံမှုရှိပြီး အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး အစီအစဉ်များဖြင့် သင်ယူတတ်မြောက်လာနိုင်ကြမည်။ |
| ၇။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး (TVET) | |
| သင်တန်းသားများသည်အရည်အသွေးရှိပြီးလုပ်ငန်းခွင်နှင့်ဆီလျော်မှုရှိ၍ ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများတက်ရောက်ရန် လိုအပ်နေပါသည်။ | ပိုမိုထိရောက်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်အောက်တွင် ပညာရေးအရည်အသွေး အာမခံမှုရှိပြီး လုပ်သားဈေးကွက်၏ လိုအင်နှင့်လိုက်လျောညီထွေမှုရှိသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အစီအစဉ်များကို သင်ယူသူများသည် ပိုမိုတက်ရောက်ခွင့်ရရှိလာပြီး ပြီးဆုံးသည်အထိ အောင်မြင်တတ်မြောက်လာကြမည်။ |
| ၈။ အဆင့်မြင့်ပညာရေး | |
| မြန်မာနိုင်ငံအဆင့်မြင့်ပညာရေးစနစ်တွင်အရည်အသွေး နှင့်သက်ဆိုင်သောကဏ္ဍများဖြစ်သည့်သင်ရိုးညွှန်းတမ်း၊ သင်ယူမှုဝန်းကျင်၊ သုတေသနနှင့် သင်ကြားရေးလုပ်ငန်းစဉ်များအပါအဝင် အဘက်ဘက်မှ မြှင့်တင်ပေးရန် လိုအပ်နေပါသည်။ | ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ်ဖြင့်ကျောင်းသားများ သာတူညီမျှ ပညာဆည်းပူးခွင့်ရ၍ အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိနိုင်ကာ ပညာအခြေပြုစီးပွားရေးတည်ဆောက်ရာတွင်လည်း တစ်တပ်တစ်အား ပါဝင် ဆောင်ရွက်ခွင့် ရရှိစေမည်။ |
| ၉။ စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု | |
| အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်တွက် အရည်အသွေးအာမခံမှု၊ စီမံခန့်ခွဲမှုစနစ်များ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနည်းလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။ | ပညာရေးကဏ္ဍအသီးသီးရှိ ပညာရေးစီမံခန့်ခွဲသူများသည် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကိုအသုံးပြုပြီး ကျောင်းများနှင့်ပညာသင်ယူရာဌာနများတွင် တိုးတက်အောင်မြင်သော သင်ကြားသင်ယူမှုအတွက် တာဝန်ယူဆောင်ရွက်စေမည်။ |




# ၃

# အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက် အပြောင်းအလဲများ







အခန်း ၃

# အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက် အပြောင်းအလဲများ

## ၃.၀။ နိဒါန်း

ဤအခန်းတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို ဖော်ပြထားပါသည်။ ထို့နောက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ အပြောင်းအလဲဆိုင်ရာ သီအိုရီပုံစံကိုလည်း ရှင်းလင်းဖော်ပြထားပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအဆင့်လိုက် အကောင်အထည်ဖော်ခြင်းနှင့် ပညာရေးစနစ်၏ မဟာဗျူဟာမြောက်လျာထားချက်များကိုလည်း ဖော်ပြထားပါသည်။

## ၃.၁။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် (၂၀၁၆-၂၀၂၁) စီမံကိန်းကာလအတွင်း ဘက်စုံလွှမ်းခြုံပြီး ကဏ္ဍအလိုက် ချိတ်ဆက်မှုရှိသော ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အကုန်တွင် အောက်ဖော်ပြပါ ရည်မှန်းချက် ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါသည်-

ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေး။

အဆိုပါ ရည်မှန်းချက်ပန်းတိုင် ထားရှိရခြင်း၏ အဓိကအကြောင်းရင်း(၃)ရပ်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

### (၁) မိဘနှင့်ကျောင်းသားများ၏ မျှော်မှန်းချက်များ မြင့်မားခြင်း

လွန်ခဲ့သည့် (၃)နှစ်ခွဲကာလအတွင်း ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာ သုံးသပ်ရေးလုပ်ငန်း (CESR) က ပြုလုပ်ခဲ့သော အစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများတွင် ပညာရေးဝန်ကြီးဌာနမှ အရာရှိများ၊ ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးရှိပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ထိုညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရာ၌ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူအားလုံး၏ သဘောတူညီချက်တစ်ရပ်မှာ မိဘများသည် အမျိုးသားပညာရေးစနစ်၏အဆင့်တိုင်းတွင် ၎င်းတို့သားသမီးများ၏ သင်ယူတတ်မြောက်မှုများကို သိသာထင်ရှားစွာတိုးတက်ရန် လိုလားနေခြင်း ဖြစ်ပါသည်။

အဆိုပါ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်တွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက်လာရေးကို အဓိက ထားပါသည်။ ထို့ပြင် လာမည့် (၅)နှစ်တာ ကာလအတွင်း မူကြိုကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် ပညာသင်ယူရာဌာနများအားလုံးမှ ကျောင်းသားများ၏ သင်ယူ တတ်မြောက်မှု တိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအမျိုးမျိုး၊ ဆန်းသစ်သော မဟာဗျူဟာများနှင့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွား မည်ဖြစ်သည်။



### (၂) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာများသည်အဓိက အခန်းကဏ္ဍ၌ ပါဝင်နေခြင်း

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားပညာရေးစနစ်၏ အဆင့်အားလုံးရှိ ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံများ ပြောင်းလဲရန် လိုအပ်ပါသည်။ ယခင်လုပ်ဆောင်ချက်နှင့် မတူညီသော ဆောင်ရွက်မှု ဆိုရာတွင် အမျိုးသားအဆင့် ကျောင်းအရည်အသွေး စံသတ်မှတ်ချက်အသစ်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို ဖော်ဆောင်ခြင်း၊ စာသင်ခန်းအတွင်းတွင် သင်ကြားနည်းအမျိုးမျိုးကို အသုံးပြုခြင်း၊ ကလေးများ၏သင်ယူမှုနှင့် ပတ်သက်၍ မိဘများပူးပေါင်းဆောင်ရွက်လာရန် လုပ်ငန်းဆောင်တာအသစ်များ အကောင်အထည်ဖော်ခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ သို့ရာတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ကြမည့်သူများမှာ ကျောင်းများနှင့် ပညာသင်ယူရာဌာနများအားလုံးမှ ဆရာများပင်ဖြစ်ပါသည်။

ဥပမာ - အခြေခံပညာဆရာများသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အဆင့် လုပ်ငန်းခွင်စဉ်ဆက်မပြတ် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု သင်တန်းအစီအစဉ် အသစ်ကို အကောင်အထည်ဖော်ကျင့်သုံးရာတွင်လည်း ပါဝင်ကြရမည် ဖြစ်သည်။ ထို့ပြင် ဆရာများသည် စာသင်ခန်းအခြေပြု ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်အသစ်ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ပဉ္စမတန်း၊ နဝမတန်းနှင့် ဒွါဒသမတန်းတို့အတွက် နိုင်ငံတော်အဆင့်စာမေးပွဲများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် လည်းကောင်း အဓိကအခန်းကဏ္ဍမှ ဦးစီးဆောင်ရွက်ကြရပါမည်။ ပညာရေးကောလိပ်များမှ ဆရာအတတ်ပညာရှင်များအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်နှင့် ဆရာအတတ်ပညာသင် သင်တန်းသားများအတွက် လက်တွေ့တန်းပြ ကြီးကြပ်မှုပုံစံအသစ်တို့ကို ခြုံငုံမိစေသည့် သင်ရိုးညွှန်းတမ်းအသစ်ကို ပြုစုရေးဆွဲရန် လိုအပ်

ပါသည်။ ကျောင်းသားများလုပ်ငန်းခွင် ဝင်ရောက်ရာတွင် အဆင်ပြေနိုင်စေရန်အတွက် တက္ကသိုလ်မှ ဆရာများကိုလည်း မိမိတို့၏အတန်းများတွင် ပိုမိုလက်တွေ့ကျပြီး လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသည့် သင်ကြားမှုများ ထည့်သွင်းဆောင်ရွက်စေရပါမည်။

နိုင်ငံအများအပြား၌ ဆရာများကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်စေခြင်းဖြင့် တိုးတက်မှုရှိသော ရလဒ်များစွာ ရရှိစေပါသည်။ မကြာသေးမီက စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (Organization for Economic Co-operation and Development-OECD) အဖွဲ့ဝင် (၆၅)နိုင်ငံကို လေ့လာဆန်းစစ်ရာတွင် ပညာရေးစွမ်းဆောင်ရည်မြင့်မားသော နိုင်ငံများဖြစ်သည့် စင်ကာပူ၊ တရုတ်၊ တိုင်ပေ၊ ကိုရီးယား၊ ဂျပန်နှင့် လက်ချင်စတိန်း စသည့်နိုင်ငံများတွင် ပညာရေးအရည်အသွေးတိုးတက်ရေးအတွက် ဆရာများသည် အဓိကကျပြီး ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင်လည်း ပါဝင်နေကြသည်ကို တွေ့ရပါသည်။

အထက်ဖော်ပြပါ အချက်အလက်များအရ ပညာရေးဝန်ကြီးဌာနသည် ဆရာများနှင့်အထူးသဖြင့်ကျောင်းများနှင့်ပညာသင်ယူရာဌာနများ၏စာသင်ခန်းတွင်းသင်ကြားမှုများကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်၏ အဓိကအကြောင်းအရာအဖြစ် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ပါသည်။

စာသင်ခန်းတွင်း သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးမြှင့်ရေးကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဦးစားပေးဆုံးဖြတ်နိုင်ရန် အတွက် အထောက်အကူပြုသည့် နိုင်ငံတွင်းနှင့်နိုင်ငံတကာမှ ခိုင်မာသော သုတေသန အထောက်အထားများရှိနေပါသည်။ စာသင်ခန်းတွင်း ထိရောက်သော သင်ကြားမှု၏ အဓိပ္ပာယ်နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်ကို တိုင်းတာနိုင်သည့် အသေးစိတ်ဆွေးနွေးချက်များအား နောက်ဆက်တွဲ (၃.၁) တွင် လေ့လာနိုင်ပါသည်။

### (၃) မြန်မာနိုင်ငံ၏လူမှုရေးနှင့် စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး နှင့် အဆင့်မြင့်ပညာရေး တို့သည် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်ခြင်း

လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့စေရန် မြန်မာ့စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေး မြင့်မားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် အထူးလိုအပ်သည်။ လာမည့်နှစ်များတွင် စိုက်ပျိုးရေး၊ စွမ်းအင်၊ ကုန်ထုတ်လုပ်မှု၊ သတင်းအချက် အလက်နည်းပညာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်း၊ ဆောက်လုပ်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လာပါမည်။ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးစနစ်သည် သင်ယူသူများအား မိမိတို့၏ အလုပ်အကိုင်ဆိုင်ရာ မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးပြုလာနိုင်စေမည့် အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုများဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

အဆင့်မြင့်ပညာရေးသည် အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍနှင့်စက်မှုလက်မှု လုပ်ငန်းတို့အတွက် လိုအပ်သော အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ် (Human Capital) ကို ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပါသည်။ အဆင့်မြင့်ပညာကျောင်းများ အနေဖြင့် စီးပွားရေးအရ ပြိုင်ဆိုင်မှုများပြားသော လူမှုဝန်းကျင်တွင် လိုအပ်သည့် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်သော တွေးခေါ်ကြံဆမှုများ ပြုစုပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။



**ပုံ (၃.၁) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်နှင့် မဟာဗျူဟာမြောက် အပြောင်းအလဲ (၉) ရပ်**





## ၃.၂။ မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေရန် ကဏ္ဍတစ်ခုစီအလိုက် ဆောင်ရွက်ရမည့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ မဟာဗျူဟာမြောက် အပြောင်းအလဲဆိုသည်မှာ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေးကဏ္ဍ တစ်ခုချင်းစီ၏ ရည်ရွယ်ထားသော အနာဂတ်အခြေအနေကို ဖော်ပြထားသည့် မျှော်မှန်းချက် ဖြစ်ပါသည်။ အခြေခံပညာရေးနှင့်ပတ်သက်၍ မဟာဗျူဟာမြောက် အပြောင်းအလဲ (၅)ရပ်ပါဝင်ရာ (၁) မူကြိုနှင့် သူငယ်တန်းပညာရေး၊ (၂) အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေး နှင့်လူတိုင်းအကျုံးဝင်မှု၊ (၃) အခြေခံပညာသင်ရိုးညွှန်းတမ်း၊(၄) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ (၅) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုစသည့် ကဏ္ဍတစ်ခုစီအတွက်ဖြစ်ပြီး ကျန်ရှိသောမဟာဗျူဟာမြောက် အပြောင်းအလဲ (၄)ရပ်မှာ (၆) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး၊ (၇) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၊ (၈)အဆင့်မြင့်ပညာရေးနှင့် (၉) စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေး အာမခံမှုတို့အတွက်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်အပြီးတွင် မဟာဗျူဟာ မြောက်အပြောင်းအလဲ (၉) ရပ်ကို ပေါက်မြောက်အောင်မြင်စေရန် ရည်ရွယ်သတ်မှတ်ထားပါသည်။ ဖော်ပြပါ မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်တို့ကို ပုံ (၃.၁) တွင် ဖော်ပြထားပါသည်။

ထိုမဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်သည် "လူသားအားလုံးအကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး" ဟူသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် - ၄ (Sustainable Development Goal - 4) ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေါက်မြောက်အောင်မြင်နိုင်ရန် ပံ့ပိုးပေးမည်ဖြစ်ပါသည်။

## ၃.၃။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအတွက် အပြောင်းအလဲဆိုင်ရာသီအိုရီပုံစံ

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို ၂၀၂၁ ခုနှစ် အကုန်တွင် မည်ကဲ့သို့အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်မည်ကို ရှင်းလင်းစွာတင်ပြနိုင်ရန် အပြောင်းအလဲဆိုင်ရာ သီအိုရီပုံစံတစ်ခုကို အထူးအလေးထားသုတေသနပြုရေးဆွဲခဲ့ပါသည်။ အပြောင်းအလဲဆိုင်ရာသီအိုရီပုံစံသည် ပုံ(၃.၂) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပညာရေးပြောင်းလဲမှု မည်သို့ဖြစ်ပေါ်လာမည်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။

ပညာရေးပြောင်းလဲမှုဆိုသည်မှာ ကျောင်းများနှင့် ပညာသင်ယူရာဌာနများ၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးရုံးများတွင် ပညာရေးစီမံခန့်ခွဲသူများ၊ ဆရာများ၊ ကျောင်းသားများနှင့် မိဘများ တွေ့ကြုံခံစားရမည့် သိသာထင်ရှားပြီး စဉ်ဆက်မပြတ်တည်တံ့သည့် ပြောင်းလဲမှုဖြစ်သည်။ အပြောင်းအလဲဆိုင်ရာသီအိုရီပုံစံတွင် အောက်ဖော်ပြပါ အဓိက အပိုင်း (၃)ပိုင်းပါဝင်သည်-

### အပိုင်း(၁) ပညာရေးပြောင်းလဲမှု အောင်မြင်ဖြစ်ထွန်းခြင်း

မြန်မာနိုင်ငံတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့် ပညာရေးကဏ္ဍတစ်ခုလုံးနှင့် ပညာရေးကဏ္ဍခွဲအဆင့်များတွင် ပြောင်းလဲမှုများကို တွေ့ရှိရပါမည်။

ကဏ္ဍအဆင့်တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်ကလာမည့် (၅)နှစ်အပြီးတွင် ပေါ်ပေါက်လာမည့် ပညာရေးပြောင်းလဲမှုကို ဖော်ပြထားသည်။ ၎င်းတို့မှာ ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို

ဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေးဖြစ်ပါသည်။

(၅)နှစ်တာအကောင်အထည်ဖော်မှုပြီးဆုံးသောအခါ ကဏ္ဍခွဲအဆင့်တွင် အောင်မြင်ဖြစ်ထွန်းရမည့် (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းအောင်မြင်ပြီးမြောက်မည့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကိုလည်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည်။ မဟာဗျူဟာမြောက် အပြောင်းအလဲတစ်ခုချင်းစီသည် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေးကဏ္ဍ တစ်ခုချင်းစီ၌ တွေ့ရှိရမည့် အပြောင်းအလဲများဖြစ်ပါသည်။

## အပိုင်း(၂) ပညာရေးပြောင်းလဲမှုကို ဖော်ဆောင်ခြင်း

ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပညာရေးပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရန်နှင့် ၎င်းပြောင်းလဲမှု စဉ်ဆက်မပြတ်တည်တံ့စေရန် အဆင့်ဆင့် ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ် (၄)ရပ်ကို ဖော်ထုတ်ခဲ့ပါသည်။

### (က) မဟာဗျူဟာများ (Strategies)

မဟာဗျူဟာဆိုသည်မှာ မဟာဗျူဟာမြောက်အပြောင်းအလဲတစ်ခု အောင်မြင်ဖြစ်ထွန်းရန် ပညာရေးဝန်ကြီးဌာန၏ ခိုင်မာသော ဆုံးဖြတ်ချက် သတ်မှတ်ဖော်ပြမှု တစ်ခုဖြစ်သည်။ မဟာဗျူဟာမြောက်အပြောင်းအလဲအောင်မြင်ဖြစ်ထွန်းစေရန် ကဏ္ဍတစ်ခုချင်းစီတွင် ပျမ်းမျှအားဖြင့် မဟာဗျူဟာ (၃)ရပ် ပါဝင်သည်။

### (ခ) အစီအစဉ်များ (Programmes)

အစီအစဉ်များဆိုသည်မှာ မဟာဗျူဟာတစ်ခုအောင်မြင်မှုရှိစေရန် မဟာဗျူဟာမြောက် လုပ်ငန်းဆောင်တာများအား တစုတစည်းတည်း ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် လုပ်ငန်းဆောင်တာများ အားလုံးကို အစီအစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော်ခြင်းဖြင့် မဟာဗျူဟာများအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းအောင်မြင်မှု ရရှိစေမည် ဖြစ်ပါသည်။

### (ဂ) လုပ်ငန်းအစီအစဉ်များ (Programme Components)

လုပ်ငန်းအစီအစဉ်ဆိုသည်မှာ အစီအစဉ်တစ်ခု ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပြုမည့် မဟာဗျူဟာမြောက် လုပ်ငန်းဆောင်တာ တစ်ခုဖြစ်သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအစီအစဉ်များတွင် အများဆုံးလုပ်ငန်းအစီအစဉ် (၆)ခု ထိ ပါဝင်ပါသည်။

### (ဃ) စီမံကိန်းကာလအတွင်း ရလဒ်လျာထားချက်များ (Intermediate Targets)

စီမံကိန်းကာလအတွင်းလျာထားချက်ဆိုသည်မှာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလတွင်းဖြစ်သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အကုန်တွင် ရရှိရမည့် အရေးအတွက်ဆိုင်ရာ ရလဒ်တစ်ခုအတွက် ပညာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်သတ်မှတ်ထားချက် တစ်ခုဖြစ်သည်။


## အပိုင်း(၃) ပညာရေးပြောင်းလဲမှုကို တိုင်းတာခြင်း

မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်၏ အောင်မြင်ပြီးမြောက်မှုနှင့် ပညာရေးပြောင်းလဲမှုကို တိုင်းတာရန်အတွက် ပညာရေးဝန်ကြီးဌာနတွင် နည်းလမ်း (၃)သွယ် ရှိသည်။ ၎င်းတို့မှာ-

### (၁) စီမံကိန်းကာလအပြီး ရလဒ်များ (End outcomes)

စီမံကိန်းကာလအပြီးရလဒ်သည် ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အကုန်အထိ သင်ယူခဲ့သော သူများအပေါ်၌ သက်ရောက်သွားမည့်အပြောင်းအလဲကို ဖော်ပြထားသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ပါဝင်ဆောင်ရွက်မှုကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာသည့်ရလဒ် (ဥပမာ-ဆရာများသည် လုပ်ငန်းခွင်သင်တန်းများ တက်ရောက်ပြီး စာသင်ခန်းများတွင် သင်ကြားနည်းစနစ်များကို လက်တွေ့ကျင့်သုံးခြင်း) (သို့မဟုတ်) အစီအစဉ်တစ်ခုနှင့် ဆက်စပ်မှုကြောင့် သွယ်ဝိုက်ပေါ် ပေါက်လာမည့် ရလဒ် (ဥပမာ-စာသင်ခန်း ပြုပြင်မွမ်းမံသောကြောင့် တိုးတက်ကောင်းမွန်လာသည့် သင်ယူမှုပတ်ဝန်းကျင်ကို ကျောင်းသားများ ကြုံတွေ့ခံစားရခြင်း) တို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ပုံ (၃.၂) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအတွက် ပြောင်းလဲခြင်းသီအိုရီပုံစံ



### (၂) စီမံကိန်းကာလအတွင်း ရလဒ်များ (Intermediate Outcomes)

စီမံကိန်းကာလအတွင်းရလဒ်သည် စီမံကိန်းကာလအပြီးရလဒ် အောင်မြင်ဖြစ်ထွန်းရေးကို အထောက်အကူပြုစေရန် ပေါ်ပေါက်လာရသည့် အဓိကကျသော ရလဒ်တစ်ခုဖြစ်သည်။

### (၃) အရေအတွက်ပြ ရလဒ်များ(Outputs)

အရေအတွက်ပြရလဒ်သည် လုပ်ငန်းအစီအစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သည့်လုပ်ငန်းဆောင်တာများမှ ရရှိလာသည့် ရလဒ်ကို ဆိုလိုသည်။ ယင်း ရလဒ်များသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် တိုးတက်လာသည့်အထောက်အထားများကို ဖော်ပြသည်။

### အဓိက ယူဆချက်များ

- အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပြောင်းလဲခြင်းသီအိုရီနှင့်စပ်လျဉ်း၍ အဓိက ယူဆချက်မှာ မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်သည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်အောင်မြင်ဖြစ်ထွန်းစေရန် အထောက်အကူ ပြုမည်ဟူသော အချက်ဖြစ်သည်။
- အဓိကကျသော ဒုတိယယူဆချက်မှာ စီမံကိန်းကာလအတွင်းရလဒ်များ ရရှိခြင်းသည် စီမံကိန်းကာလအပြီး ရလဒ်များရရှိစေရန်အတွက် အထောက်အကူပြုမည်ဟူသော ယူဆချက်ဖြစ်သည်။
- အဓိကကျသော တတိယယူဆချက်မှာ စီမံကိန်းကာလအတွင်းရလဒ်လျာထားချက်များ ပေါက်မြောက်အောင်မြင်ခြင်းသည် စီမံကိန်းကာလအတွင်းရလဒ်များ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် အထောက်အကူပြုမည်ဟူသော ယူဆချက်ဖြစ်သည်။

## ၃.၄။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းသည် (၂၀၁၆-၂၀၂၁) ကာလတစ်ခုလုံးအတွက် မဟာဗျူဟာမြောက်ပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း ပညာရေးဝန်ကြီးဌာနသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအများစုကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် (၅)နှစ်မကကျော်လွန်သွားမည်ဖြစ်ကြောင်း သိရှိထားပါသည်။ ဥပမာအားဖြင့် အခြေခံပညာကျောင်းများရှိ ဆရာစုစုပေါင်း (၃၃၀,၀၀၀)ကျော်အတွက် အရည်အသွေးပြည့်ဝသော လုပ်ငန်းခွင်သင်တန်းပို့ချရေး၊ နိုင်ငံတစ်ဝန်းရှိ သင်ယူလိုသူများအတွက် အရည်အသွေးရှိ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်ယူမှုအခွင့်အလမ်းတိုးချဲ့ရေး၊ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ် အဆင့်လိုက် အကောင်အထည်ဖော်ရေး၊ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးလမ်းကြောင်းများဖြင့် သင်ယူမှုအခွင့်အလမ်းတိုးမြှင့်ရေးစသည့်လုပ်ငန်းများသည် (၅)နှစ်မကကျော်လွန်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကိုအကောင်အထည်ဖော်ရာတွင်အဆင့်အလိုက်ဆောင်ရွက်မည်ဖြစ်ပါသည်။ အမျိုးသားပညာရေး မဟာဗျူဟာအဆင့်-၁ (၂၀၁၆-၂၀၂၁) သည် စီမံကိန်းရည်မှန်းချက်နှင့် မဟာဗျူဟာမြောက် အပြောင်းအလဲ (၉)ရပ်ကို အောင်မြင်ပြီးမြောက်စေရန်အတွက် တိုက်ရိုက်အထောက်အကူပြုမည့် ဦးစားပေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအဆင့်-၂ (၂၀၂၂-၂၀၂၇)တွင် အဆင့်-၁ မှ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ဦးစားပေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာ ပြီးမြောက်နိုင်ရန် ဆောင်ရွက်ပြီး ထပ်မံဖြည့်ဆည်းပေးမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဖြည့်စွက်ဆောင်ရွက်ရန် ရည်ရွယ်သည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအဆင့်-၂ ကို အဆင့်-၁ အကောင်အထည်ဖော်နေစဉ်အတွင်း ဘက်စုံလွှမ်းခြုံသော ကာလဝက် လေ့လာသုံးသပ်မှု တွေ့ရှိချက်များအပေါ်တွင် အခြေခံ၍ ရေးဆွဲမည်ဖြစ်သည်။ အဆိုပါဘက်စုံလွှမ်းခြုံသော ကာလဝက်လေ့လာသုံးသပ်မှုကို အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်သည့် တတိယနှစ်အကုန် (၂၀၁၉ ခုနှစ်၊ ဧပြီ-မေ) တွင် ဆောင်ရွက်မည်ဖြစ်သည်။

အဆင့်-၁ တွင် ပညာရေးဝန်ကြီးဌာနသည် နှစ်အလိုက်ဦးစားပေးဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ထုတ်မည်ဖြစ်ပြီး ၎င်းတို့ကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှစ်အလိုက် ဦးစားပေးလုပ်ငန်းများ စီမံကိန်း (Annual Priorities Plan) တွင် စာရင်းပြုစု ဖော်ပြထားမည်ဖြစ်သည်။ ဤလုပ်ငန်းအစီအစဉ်ဖြင့် လွန်ခဲ့သော တစ်နှစ်တာကာလအတွင်း ပေါ်ပေါက်ခဲ့သော ပညာရေးကဏ္ဍ အဓိကအပြောင်းအလဲများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ၎င်းအဓိကအပြောင်းအလဲများမှာ -

(က) နိုင်ငံတော်အစိုးရ၏ မူဝါဒသစ်ထုတ်ပြန်ကြေညာချက်များ၊

(ခ) အလျင်အမြန်ဦးစားပေးဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းကို ဖော်ထုတ်ပေးသည့် သုတေသနတွေ့ရှိချက်များနှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ အချက်အလက်အသစ်များ ပါရှိသော စာအုပ်စာတမ်းများထုတ်ဝေခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်ကဲ့သို့သော မျှော်မှန်းမထားသည့် အခြေအနေများ စသည်တို့ ဖြစ်သည်။

ပညာရေးစနစ် တိုးတက်မြင့်မားသည့်နိုင်ငံများတွင် တွေ့ရှိရသည့် သင်ခန်းစာများအရ ပြုပြင်ပြောင်းလဲမှုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ပညာရေးအခြေအနေ အပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများကို လိုက်လျောညီထွေဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးသင်ခန်းစာများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာနသည် ဤအရေးကြီးသောသင်ခန်းစာကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှစ်အလိုက် ဦးစားပေးလုပ်ငန်းများစီမံကိန်း ရေးဆွဲရာတွင် ထည့်သွင်းအသုံးပြုမည် ဖြစ်ပါသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ စီမံကိန်းသည် ပညာရေးဝန်ကြီးဌာန၏ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် (အရေအတွက်နှင့် အရည်အသွေးအခြေပြု အထောက်အထားများအရ) ထိရောက်သော အကျိုးသက်ရောက်မှုရှိသည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ ထို့ပြင်ပညာရေး ဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အစီအစဉ်များကို မျှော်မှန်းရလဒ် ရရှိနိုင်သည်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။ အကယ်၍ အရင်းအမြစ်များ လုံလောက်စွာထောက်ပံ့ပေးနိုင်ခြင်း မရှိပါက တချို့လုပ်ငန်း အစီအစဉ်များလည်း ရပ်တန့်သွားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ စီမံကိန်းသည် အရေးပါသောပြုပြင်ပြောင်းလဲမှုရလဒ်များကို အလေးထားဖော်ဆောင်ရာတွင် အဓိကကျသော စီမံခန့်ခွဲမှုနည်းလမ်းတစ်ခုဖြစ်ပါသည်။



## ၃.၅။ ပညာရေးစနစ်ဆိုင်ရာ မဟာဗျူဟာမြောက် အဆင့်မြင့်လျာထားချက်များ

ပညာရေးဝန်ကြီးဌာနသည် ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (၂၀၁၄-၂၀၁၅) နှင့် နိုင်ငံတော်မှကောက်ယူခဲ့သော သန်းခေါင်စာရင်း (၂၀၁၄) အချက်အလက်များကို အသေးစိတ်လေ့လာသုံးသပ်ခဲ့ပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စီမံကိန်းကာလအတွင်းနှင့် စီမံကိန်းကာလအပြီး သုံးသပ် အကဲဖြတ်ရာတွင် တိုင်းတာမည့် ပညာရေးစနစ်ဆိုင်ရာ မဟာဗျူဟာမြောက် အဆင့်မြင့်လျာထားချက်များကို ဖော်ထုတ်ခဲ့ပါသည်။ ဇယား (၃.၁) တွင် ဖော်ပြထားပါသည်။ ဤလျာထားချက်များသည် အမျိုးသား ပညာရေးစနစ်တစ်ခုလုံးတွင် ကြုံတွေ့ရမည့် ပညာရေးဆိုင်ရာအပြောင်းအလဲများကို ခြုံငုံဖော်ပြထားပါသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးပံ့ပိုးမှုကို အခြေခံပြီး လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေနှင့် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေ (၂) ရပ်ဖြင့် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းလျာထားချက်များကို ဖော်ထုတ်ထားပါသည်။ လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေနှင့် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေ (၂)ရပ်ကို အခန်း (၁၄) တွင် အကျယ်တဝင့်ရှင်းလင်းဖော်ပြထားပါသည်။

**ဇယား (၃.၁) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအပြီးတွင် အောင်မြင်ဖြစ်ထွန်းရမည့် အဆင့်မြင့်လျာထားချက်များ**

| အညွှန်းကိန်းများ | အခြေခံအချက်အလက်များ ၂၀၁၄-၂၀၁၅ | | | NESP လျာထားချက်များ ၂၀၂၀-၂၀၂၁ | |
|---|---|---|---|---|---|
| | ကျောင်းသား၊ | | | ကျောင်းသား၊ | |
| | ကျား(ရာခိုင်နှုန်း) | မ (ရာခိုင်နှုန်း) | စုစုပေါင်း (ရာခိုင်နှုန်း) | လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေ | မြင့်မားသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေ |
| **မူကြိုပညာရေး ( ၃ နှစ်အထက်မှ ၄ နှစ်အထက်)** | | | | | |
| ကျောင်းနေနှုန်းကြမ်း | ၂၄.၈၃ | ၂၄.၄၂ | ၂၄.၆၂ | ၃၀ | ၃၅ |
| **အခြေခံပညာရေး (Grade 1 to 11)** | | | | | |
| အသားတင်ကျောင်းနေနှုန်း -မူလတန်း | ၈၂.၀၆ | ၉၀.၈၄ | ၈၆.၄၀ | ၉၀ | ၉၅ |
| အသားတင်ကျောင်းနေနှုန်း - အလယ်တန်း | ၅၉.၉၀ | ၆၇.၂၃ | ၆၃.၅၀ | ၇၀ | ၇၅ |
| အသားတင်ကျောင်းနေနှုန်း - အထက်တန်း | ၃၀.၄၃ | ၃၃.၈၁ | ၃၂.၁၀ | ၃၆ | ၄၀ |
| အနည်းဆုံးသူငယ်တန်း (G-1) ပြီးမြောက်နှုန်း | ၉၄.၅၀ | ၉၅.၅၀ | ၉၅.၀၀ | ၉၅ | ၉၈ |
| မူလတန်းအဆင့် (G-5) ပြီးမြောက်နှုန်း | ၇၉.၈၀ | ၈၁.၅၀ | ၈၀.၅၀ | ၈၃ | ၈၅ |
| မူလတန်းမှအလယ်တန်းအဆင့်သို့ ကူးပြောင်းနှုန်း | ၈၃.၃၀ | ၈၄.၈၀ | ၈၃.၇၀ | ၈၇ | ၉၀ |
| အလယ်တန်းအဆင့် (G-9) ပြီးမြောက်နှုန်း | ၄၃.၇၀ | ၄၅.၉၀ | ၄၄.၁၀ | ၅၀ | ၅၅ |
| အလယ်တန်းမှ အထက်တန်းအဆင့်သို့ ကူးပြောင်းနှုန်း | ၇၈.၁၀ | ၇၆.၃၀ | ၇၂.၅၀ | ၇၅ | ၈၀ |
| အထက်တန်းအဆင့် (G-11) ပြီးမြောက်နှုန်း | ၂၄.၆၀ | ၂၇.၇၀ | ၂၆.၂၀ | ၃၀ | ၃၅ |
| **ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး** | | | | | |
| သက်ကြီး စာတတ်မြောက်နှုန်း (၁၅ နှစ်မှအထက်) | ၉၂.၆၄ | ၈၆.၈၈ | ၈၉.၅၂ | ၉၁ | ၉၃ |
| လူငယ် စာတတ်မြောက်နှုန်း (၁၅ နှစ်အထက်မှ ၂၄ နှစ် အထက်) | ၉၄.၅၀ | ၉၃.၅၉ | ၉၄.၀၂ | ၉၅ | ၉၆ |
| **အထက်တန်းလွန် ပညာရေးနှင့်သင်တန်း** | | | | | |
| အထက်တန်းလွန်တစ်ခုခုသို့ တက်ရောက်ခြင်း | ၁၄.၄၀ | ၁၈.၉၀ | ၁၆.၇၀ | ၂၅ | ၃၀ |
| (၁) ဒီပလိုမာ မဟုတ်သော အထက်တန်းလွန် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး | ၀.၄၀ | ၀.၅၀ | ၀.၅၀ | ၈ | ၁၂ |
| (၂) ဒီပလိုမာ အစီအစဉ် | ၀.၈၀ | ၀.၉၀ | ၀.၈၀ | ၈ | ၁၂ |
| (၃) ဘွဲ့ကြို နှင့်အထက် | ၁၃.၄၀ | ၁၈.၁၀ | ၁၅.၈၀ | ၁၈ | ၂၂ |




၄

# မူကြိုနှင့် သူငယ်တန်းပညာရေး







အခန်း ၄

# မူကြိုနှင့်သူငယ်တန်းပညာရေး

## ၄.၁။ နိဒါန်း

နိုင်ငံတော်အစိုးရသည် အမျိုးသားအဆင့်စီးပွားရေးဖွံ့ဖြိုးမှုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ဆောင်ရွက်ဆဲ လူမှုရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အရည်အသွေးရှိသော မူကြိုနှင့် သူငယ်တန်းပညာရေး အခွင့်အလမ်းများကို တိုးမြှင့်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါသည်။ မကြာမြင့်သေးသည့် နှစ်များကပင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ဦးဆောင်သော မိတ်ဖက်ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်လျက်ရှိပါသည်။ သို့ရာတွင် ဝေးလံသော ကျေးလက်ဒေသများနှင့် လူနည်းစု တိုင်းရင်းသား မျိုးနွယ်စုများနေထိုင်ရာဒေသများရှိ ကလေးငယ်များနှင့် မိသားစုများ၊ ဖွံ့ဖြိုးမှု အထူးလိုအပ်ချက်ရှိသော ကလေးငယ်များအနေဖြင့် အရည်အသွေးရှိသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုများ အများဆုံး လိုအပ်နေဆဲဖြစ်ပါသည်။ ထိုကလေးများသည် အဆိုပါ အခွင့်အလမ်းများ မရရှိနိုင်သေးပါ။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ မူကြိုဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများသည် အာရှပစိဖိတ်ဒေသရှိ နိုင်ငံအများစုနှင့် နှိုင်းယှဉ်လျှင်များစွာနောက်ကျလျက် ရှိပါသည်။ ထို့ပြင် မူကြိုဝန်ဆောင်မှု သာတူညီမျှ အခွင့်အလမ်းရရှိရေးတွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် အလွန်ပင် နည်းပါးလျက် ရှိနေပါသေးသည်။ လက်ရှိကာလ၌ မြန်မာနိုင်ငံတွင် မူကြိုဝန်ဆောင်မှုများကို လူဦးရေ ၃၀ ရာခိုင်နှုန်းသာနေထိုင်သောမြို့ပြဒေသများတွင်အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး၏ သာတူညီမျှ မရှိခြင်းဆိုင်ရာ ကမ္ဘာ့သတင်းအချက်အလက် (World Inequality Database on Education ECCD) တွင် မြန်မာနိုင်ငံအနေဖြင့် အောက်ပိုင်းအဆင့်၌ ရောက်ရှိနေပါသည်။

မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် ဝေးလံသောကျေးလက်နှင့် လူနည်းစု တိုင်းရင်းသား မျိုးနွယ်စုများနေထိုင်ရာ အခွင့်အလမ်းနည်းပါးသော ဒေသရှိကလေးများသည် လိုအပ်သော အခြေခံလူမှုရေးဝန်ဆောင်မှုမရရှိဘဲ ချို့ငဲ့မှုမြင့်မားစွာရှိနေပါသည်။ မြန်မာနိုင်ငံရှိ ကလေးအများစုသည် အလွန်ခက်ခဲသော ဘဝများတွင် အသက်ရှင်နေထိုင်ကြရသောကြောင့် ၎င်းတို့၏ ဘဝတွင် အောင်မြင်မှုများ ရရှိနိုင်မည့် အခွင့်အလမ်းများကို အဟန့်အတားဖြစ်စေသည်။ ကလေးများအား ထိခိုက်နစ်နာလွယ်သော အခြေအနေများကို ဖြစ်ပေါ်စေသည့် အဓိကအချက်များမှာ ပညာသင်ယူရန် အခွင့်အလမ်းရရှိမှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများရရှိမှု နည်းပါးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ စီးပွားရေးအခြေအနေအရ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ရခြင်း၊ ပဋိပက္ခများဖြစ်ခြင်းနှင့် နိုင်ငံတွင်း/နိုင်ငံပြင်ပ နေရာပြောင်းရွှေ့ရခြင်း၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရခြင်းနှင့် နေထိုင်မကောင်းဖြစ်ခြင်းတို့ ဖြစ်ပါသည်။

အမျိုးသားအဆင့် အညွှန်းကိန်းများသည် အခြေခံ လူမှုရေးဝန်ဆောင်မှု အခွင့်အလမ်းဆိုင်ရာ ကွာဟချက်များကို ဖော်ပြနိုင်ခြင်းမရှိပါ။ ထို့ကြောင့် အမျိုးသားအဆင့် ကိန်းဂဏန်းဆိုင်ရာအချက်အလက်များကို လေ့လာဆန်းစစ်ရာတွင် မြို့ပြ၊ ကျေးလက်အခြေအနေ၊ မိသားစု ဝင်ငွေ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ကျား၊ မ၊ ဝေးလံခေါင်းပါးမှု၊ မသန်စွမ်းမှု၊ ပဋိပက္ခအလွန်ကာလအခြေအနေများနှင့် သဘာဝဘေးဆိုင်ရာ ထိခိုက်နစ်နာမှုများစသည့် အရေးကြီးသော အရည်အသွေးဆိုင်ရာ အခြေအနေနှင့် စပ်လျဉ်းသည့် ရှုထောင့်များမှလည်း လေ့လာဆန်းစစ်ရန် အရေးကြီးပါသည်။ မူကြိုအခွင့်အလမ်းများနှင့် ပတ်သက်၍ ယုံကြည်ကိုးစားနိုင်ပြီး အသေးစိတ် ခွဲခြားကောက်ခံထားသော သတင်းအချက်အလက်များ မရှိခြင်းသည်လည်း အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေသည့်အတွက် လာမည့်နှစ်များတွင် အဆိုပါကိစ္စကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါမည်။

ရှေးဦးအရွယ် ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေးမြင့်မားပြီး ဘက်ပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းထားသည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရန် အားစိုက်ကြိုးပမ်းမှုများနှင့် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများကို အလေးပေးဆောင်ရွက်ရပါမည်။ ရှေးဦးအရွယ် ကလေးများနှင့် မိဘများ၏ ကွဲပြားခြားနားသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ရှိနိုင်သော ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ငွေကြေးကုန်ကျမှုလျော့နည်းသက်သာထိရောက်ပြီး အလွယ်တကူ အခွင့်အလမ်းရရှိနိုင်သော ဝန်ဆောင်မှုများကို သိသာစွာ အားဖြည့်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

စီးပွားရေး ပညာရှင်များ၊ ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ လူမှုရေးမူဝါဒဆိုင်ရာ သုတေသနပညာရှင်များက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အဓိကရင်းနှီးမြှုပ်နှံမှုများထဲမှ တစ်ခုဖြစ်ကြောင်းနှင့် ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းသည် တခြားပညာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုကိုလည်း ပိုမို၍အကျိုးသက်ရောက်မှုမြင့်မားစေသည်ဟု သတ်မှတ်ကြပါသည်။ သုတေသနပြုချက်များတွင် အရည်အသွေးရှိ ရှေးဦးအရွယ်ကလေးသူငယ် ပြုစု

ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ခွင့်ရသောကလေးများနှင့် ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှုတွင် ပို၍မြင့်မားသော အဆင့်ကို ရရှိခြင်း၊

(ခ) မူလတန်းကျောင်းများသို့ တက်ရောက်သောအခါ သင်ယူရန် အဆင်သင့်ဖြစ်ခြင်း၊

(ဂ) မူလတန်းအဆင့် အစောပိုင်းအတန်းများတွင် ကျောင်းထွက်နှုန်းနှင့် ထပ်ကျော့နှုန်း လျော့နည်းစေခြင်း၊

(ဃ) သင်ယူမှုရလဒ်နှင့် အတန်းပြီးမြောက်နှုန်းမြင့်မားခြင်း၊

(င) ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာဖွံ့ဖြိုးမှုရှိခြင်း၊

(စ) အန္တရာယ်မြင့်မားသော အပြုအမူများကို ရှောင်ရှားနိုင်ခြင်း၊

နိုင်ငံတကာ လေ့လာမှုများတွင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများသည် ရေရှည်လူမှုရေးဆိုင်ရာအကျိုးဆက်များ ရရှိကြောင်း ပြသထားပါသည်။ ရေရှည်အကျိုးသက်ရောက်မှုဆိုသည်မှာ ဆင်းရဲမှုလျော့ကျခြင်း၊ ရပ်ရွာကျန်းမာရေး တိုးတက်ကောင်းမွန်လာခြင်း၊ ပြစ်မှုများလျော့ချနိုင်ခြင်း၊ လူမှုရေးကုန်ကျစရိတ်များ လျော့ချနိုင်ခြင်း၊ စီးပွားရေးဆိုင်ရာ ထုတ်လုပ်နိုင်စွမ်းများနှင့် ပြိုင်ဆိုင်နိုင်စွမ်းများ တိုးတက်မြင့်မားလာခြင်း၊ နိုင်ငံတော်၏ နှစ်စဉ် အခွန်ငွေများ တိုးမြင့်လာခြင်းတို့ဖြစ်ပါသည်။ တခြားနိုင်ငံများ၏ သုတေသနများတွင် ယဉ်ကျေးမှုနှင့် ဘာသာစကားအရ လိုက်လျောညီထွေမှုရှိသော မူကြိုလုပ်ငန်းများသည် တိုင်းရင်းသားမျိုးနွယ်စုများအကြား ငြိမ်းချမ်းစွာ ဆက်ဆံရေးရရှိစေရန် ပံ့ပိုးပေးနိုင်သည်ဟု ဖော်ပြထားပါသည်။

ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အာဟာရ၊ ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်လေ့လာခြင်း၊ ကုသပေးခြင်းတို့ကို ပေါင်းစပ်ထားပြီး အထူးလိုအပ်ချက်ရှိသော ကလေးများကိုပါ လက်ခံလျက် မိဘများ တက်ကြွစွာပါဝင်မှုရှိစေသည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များသည် ရှေးဦးအရွယ်မျိုးဆက်များကို မိဘကောင်းများ၊ တက်ကြွသော ရပ်ရွာခေါင်းဆောင်များ၊ ဆန်းသစ်စွာ တွေးခေါ် တတ်သူများအဖြစ်သို့ ရောက်ရှိစေရန် ပြင်ဆင်ပေးသည့် အဓိကအချက်ဖြစ်သည်ဟု အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံအများစုက အသိအမှတ်ပြုလာကြပါသည်။ ထိုအကျိုးဆက်များသည် နိုင်ငံတော်အတွက် ကျွမ်းကျင်သော လုပ်သားအင်အားကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးတောင့်တင်းသော အင်အားရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်စေနိုင်မည် ဖြစ်ပါသည်။





## ၄.၁။ ဥပဒေနှင့် မူဝါဒနောက်ခံ

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၏ အခန်း(၁) ပုဒ်မ(၂)၊ ပုဒ်မခွဲ (ပ)တွင် "ရှေးဦးအရွယ်ကလေး သူငယ်ပညာရေးဆိုသည်မှာ မွေးစမှ အသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်၊ ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော နည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုသည်"ဟု ဖော်ပြပါရှိပါသည်။ အခန်း(၁) ပုဒ်မ(၂)၊ ပုဒ်မခွဲ(ဏ)တွင် "မူကြိုပညာရေးဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ် အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော ပညာရေး ကိုဆိုသည်"။ အခန်း(၁) ပုဒ်မ(၂)၊ ပုဒ်မခွဲ (တ) တွင် "သူငယ်တန်း ပညာရေးဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်ငါးနှစ်ပြည့်ပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကိုဆိုသည်"ဟု ဖော်ပြထားပါသည်။ ထို့ပြင် အမျိုးသားပညာရေးဥပဒေ အခန်း(၅) ပုဒ်မ(၁၆)၊ ပုဒ်မခွဲ(ခ) တွင် "သူငယ်တန်းပညာရေးကို မူလတန်းအဆင့်ပညာရေး၏ အခြေခံအတန်းအဖြစ်သတ်မှတ်သည်" ဟု ဖော်ပြထားပါသည်။

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) သည် အရည်အသွေးရှိ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ပံ့ပိုးကူညီနိုင်ရေးအတွက် မိဘများ၊ အုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာများကို ဒေသဆိုင်ရာအစိုးရများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းအားပေးပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို အတည်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၌ စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုမူဝါဒတွင် မွေးစမှ ရှစ်နှစ်အရွယ် ကလေးသူငယ်များ၏ ပညာရေးကို ပံ့ပိုးကူညီစေရန် အမျိုးသားအဆင့် ကနဦးကြိုးပမ်းမှုများကို ဖော်ပြထားပါသည်။ ထိုမူဝါဒသည် စောစီးစွာသင်ယူနိုင်မှုလုပ်ငန်းများ အရည်အသွေးမြင့်မားစေရေး၊ ဝန်ဆောင်မှုလုပ်ငန်းများကြား ကွာဟမှုမရှိစေရန် ဖြည့်ဆည်းပေးရေးနှင့် တစ်နိုင်ငံလုံး၌ အရည်အသွေးရှိ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုရေးလုပ်ငန်းများ အတတ်နိုင်ဆုံး လျင်မြန်စွာတိုးချဲ့ဆောင်ရွက်နိုင်စေရေးတို့ကို အလေးပေးထားပါသည်။

## ၄.၂။ မူကြိုနှင့် သူငယ်တန်းပညာရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ

မြန်မာနိုင်ငံတွင် မူကြိုဝန်ဆောင်မှုများ တိုးချဲ့ခြင်းအတွက် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ခြုံငုံသုံးသပ်လျှင် အလိုအပ်ဆုံး (အခွင့်အလမ်း အနည်းပါးဆုံး) ကလေးများအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးလုပ်ဆောင်ရန်လို အပ်ကြောင်း မီးမောင်းထိုးပြထားပါသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနတို့အနေဖြင့် မွေးစမှ ခြောက်နှစ်အရွယ် ကလေးများအတွက် မည်သည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဝန်ဆောင်မှု များသည် ကလေးများ ကျောင်းနေရန် ပြင်ဆင်ရာတွင် အကြီးမားဆုံး အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် လုပ်ငန်းများဖြစ်သည်ကို ဦးစားပေးဆုံးဖြတ်ရမည် ဖြစ်သည်။ နိုင်ငံတော် ၏ လာမည့် ငါးနှစ်အတွင်း မဟာဗျူဟာကျ ဦးစားပေးရမည့်လုပ်ငန်းမှာ သုံးနှစ်မှ ခြောက်နှစ်အရွယ် ကလေးများ၊ အထူးသဖြင့် အခွင့်အလမ်းနည်းပါးသော ကလေးများ၊ ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ၊ တိုင်းရင်းသား လူနည်းစုများမှ ကလေးများအတွက် အရည်အသွေးပြည့်ဝသော မူကြိုနှင့် သူငယ်တန်း ပညာရေး ဝန်ဆောင်မှု အခွင့်အလမ်း တိုးမြှင့်ရန်ဖြစ်သည်ကို နိုင်ငံတွင်းနှင့် နိုင်ငံတကာသုတေသန တွေ့ရှိချက်များက ရှင်းလင်းစွာ ထောက်ပြထားပါသည်။

ရလဒ်အနေဖြင့် ပညာရေးဝန်ကြီးဌာနသည် မူကြိုနှင့် သူငယ်တန်းပညာရေးအတွက် အောက်ပါ မဟာဗျူဟာမြောက် အပြောင်းအလဲကို သတ်မှတ်ခဲ့ပါသည်။ ထိုမဟာဗျူ ဟာမြောက် အပြောင်းအလဲသည် အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ အတွေ့ အကြုံများကို အခြေပြုပြီး ဖော်ထုတ်ထားခြင်းဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်းက ကောင်းစွာ အစီအစဉ်ရေးဆွဲချမှတ်ပြီး စနစ်ကျစွာ စီမံခန့်ခွဲဆောင်ရွက်သော ရန်ပုံငွေ လုံလောက်စွာ ဖြည့်ဆည်းထားသည့် မူကြိုနှင့် သူငယ်တန်းပညာရေး အစီအစဉ်များ ကြောင့် လူမှုစီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိခဲ့ကြသည်။

**၂၀၂၁ ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ် ထားသည့် မဟာဗျူဟာမြောက် အပြောင်းအလဲ -**

ကလေးသူငယ်တိုင်းအရည်အသွေးရှိ မူကြိုနှင့် သူငယ်တန်း(KG) ပညာ သင်ယူခွင့် ရရှိခြင်းဖြင့် ၎င်းတို့၏ လေ့လာသင်ယူမှုလမ်းကြောင်းတစ်လျှောက်လုံးအတွက် အစ ကောင်းစေမည်။

အောက်ပါအခန်းတွင် မူကြိုနှင့် သူငယ်တန်းပညာရေးဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေရန် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်မည့် မဟာဗျူဟာများနှင့် အစီအစဉ်များကို ဖော်ပြထားပါသည်။

## ၄.၃။ မူကြိုနှင့် သူငယ်တန်းပညာရေးဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက် အောင်မြင်စေမည့် မဟာဗျူဟာများ

အောက်ဖော်ပြပါ မဟာဗျူဟာများသည် နိုင်ငံတွင်းနှင့် နိုင်ငံတကာအထောက် အထားများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်ပြီး ဖော်ထုတ်ခြင်းဖြစ်ပါသည်။ အဆိုပါအထောက်အထားများတွင် ကလေးငယ်များအတွက် အရည်အသွေး အဆင့်မြင့် သော အစောပိုင်းကာလ သင်ယူမှုအစီအစဉ်များက ဘဝတစ်သက်တာ သင်ယူမှုကို ပံ့ပိုးပေးပြီး ဒီမိုကရက်တစ် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တို့ကို အားကောင်းစေကြောင်း တွေ့ရှိရပါသည်။

### ၄.၃.၁။ မဟာဗျူဟာ (၁) မူကြိုပညာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာ သုံးသပ်ရေး (Comprehensive Education Sector Review - CESR) အစီရင်ခံစာ များနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများတွင် မူကြိုဝန်ဆောင်မှု ဆိုင်ရာအုပ်ချုပ်မှုကို အားဖြည့်ပေးရန် ထောက်ခံအကြံပြုထားသည်ကို တွေ့ရှိရပါသည်။

ထိုစိန်ခေါ်မှုများကို ဖြည့်ဆည်းနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည် အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေး ဝန်ဆောင်မှုဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး အစီအစဉ်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ် ပါသည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းနှစ်ရပ် ပါဝင်ပါသည် -

#### လုပ်ငန်းအစီအစဉ် (၁) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်နှင့် ခရိုင်အဆင့် မူကြိုကော်မတီများတည်ထောင်ခြင်း။

နိုင်ငံပေါင်း(၁၅၂)နိုင်ငံ၌မူကြိုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ယူနက်စကို၏ လေ့လာတွေ့ရှိချက်များက ရှေးဦးအရွယ် ကလေးသူငယ် ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်ရာတွင်လည်းကောင်း ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ကဏ္ဍများအတွင်း ထိရောက်သောပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုလိုအပ်ကြောင်း မီးမောင်း ထိုးပြထားပါသည်။ ထို့ပြင် အရည်အသွေးရှိ မူကြိုပညာရေး ဝန်ဆောင်မှုမရရှိသည့် ကလေးအများအပြားအတွက် နည်းလမ်းစုံ ဘက်စုံပါဝင်သော စီမံကိန်းလုပ်ငန်းများ ဖြစ်လာစေရန် အစိုးရ၊ အရပ်ဖက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများသည် ကဏ္ဍပေါင်းစုံမှ ပါဝင်ဆောင်ရွက်ရပါမည်။

အရည်အသွေးရှိ မူကြိုလုပ်ငန်းများ နိုင်ငံတစ်ဝန်း၌ တိုးချဲ့ပံ့ပိုးနိုင်ရန် အဆင့် တိုင်းတွင် မိတ်ဖက်အဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်သူများ ပါဝင်ဆောင်ရွက်နိုင် ရေးအတွက် လက်ရှိအုပ်ချုပ်မှုဖွဲ့စည်းပုံတွင် အားဖြည့်ပေးရန်လိုအပ်ကြောင်း သိသာ ထင်ရှားလှသည်။ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာမူဝါဒ (၂၀၁၄)တွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ စည်းရုံးလှုံ့ဆော်ရေးနှင့် ကြီးကြပ်ရေးကော်မတီများကို အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာလူထု အဖွဲ့အစည်းအဆင့်များတွင် ဖွဲ့စည်းထူထောင်ရန်အတွက် ရှင်းလင်းသော အုပ်ချုပ်မှု ဖွဲ့စည်းပုံကို ထည့်သွင်းဖော်ပြထားပါသည်။

**လုပ်ငန်းအစီအစဉ် (၂) မူကြိုကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေ သတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံ သတင်းအချက်အလက်များ ကောက်ယူခြင်း။ (အခြေခံပညာဦးစီးဌာန၊ အခြေခံစာရင်းအင်းနှင့် ပေါင်းစည်း၍ ဆောင်ရွက်မည်)**

အမျိုးသားပညာရေးစနစ်၏ အဆင့်တိုင်းရှိ ပညာရေးဆိုင်ရာ စီမံခန့်ခွဲသူများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသူများ အနေဖြင့် နိုင်ငံတစ်ဝန်း မူကြိုများနှင့် စပ်လျဉ်းသည့်တိကျမှန်ကန်သော အရည်အသွေးရှိ သတင်းအချက်အလက်များ ရရှိရန်လိုအပ်ပါသည်။ အရည်အသွေးရှိ သတင်း အချက်အလက်များ (အချိန်နှင့်တစ်ပြေးညီ မှန်ကန် တိကျမှုရှိသော သတင်းအချက် အလက်)ရရှိမှု အားနည်းခြင်းသည် ပညာရေးစီမံကိန်း ရေးဆွဲသူများနှင့် စီမံခန့်ခွဲသူများ အတွက် မူကြိုဝန်ဆောင်မှုများ သာတူညီမျှရှိရေး ဖြေရှင်းဆောင်ရွက်ရာတွင် အခက်အခဲဖြစ်စေပါသည်။ အထောက်အထားအခြေပြု စီမံကိန်းများရေးဆွဲရေးဆိုင်ရာ ချဉ်းကပ်နည်းများကို ကျင့်သုံးရာတွင်လည်း အဟန့်အတားများဖြစ်စေပါသည်။ ထို့ပြင် အရည်အသွေးရှိ မူကြိုဝန်ဆောင်မှုများ တိုးချဲ့ရာတွင် အစိုးရနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လာစေရေးအတွက်လည်း အခက်အခဲ ဖြစ်စေပါသည်။

ထိုစိန်ခေါ်မှုများကို ဖြည့်ဆည်းနိုင်ရန် ပညာရေးဝန်ကြီးဌာနသည် မူကြိုကျောင်း များ၏ တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံ သတင်းအချက်အလက်များ လေ့လာမှုကို စီစဉ်ဆောင်ရွက်ပါမည်။ ဤလေ့လာမှုသည် အခြေခံပညာဦးစီးဌာန၏ အခြေခံပညာကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေ သတ်မှတ်ပြီးမြေပုံရေးဆွဲခြင်းနှင့်အခြေခံ သတင်းအချက်အလက်များလေ့လာမှုလုပ်ငန်း နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။

## ၄.၃.၂။ မဟာဗျူဟာ (၂) ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျား ဒေသများရှိ ကလေးများအတွက် မူကြိုဝန်ဆောင်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ခြင်း

ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသများရှိ မိသားစုများနှင့် ကလေးများအနေဖြင့် အပြန်အလှန်ဆက်နွှယ်လျက်ရှိသောစိန်ခေါ်မှုအမျိုးမျိုးကြောင့်အရည်အသွေးရှိမူကြိုဝန် ဆောင်မှုများရရှိရန် အခွင့်အလမ်း သိသိသာသာနည်းပါးလျက်ရှိပါသည်။ သို့သော် လည်း ၎င်းဒေသများတွင် နေထိုင်သော ကလေးများမှာ လိုအပ်ချက် အများဆုံးရှိသည့် ကလေးများဖြစ်သည့်အတွက် အရည်အသွေးရှိ မူကြိုဝန်ဆောင်မှု အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက လွန်စွာအကျိုးရှိမည် ဖြစ်ပါသည်။

မကြာမြင့်သေးသည့်နှစ်များက ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည် မူကြိုဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများတိုးချဲ့ရာတွင်တိုးတက်မှုများကိုတွေ့ရှိရပါသည်။ပညာရေးဝန်ကြီးဌာန သည် ၂၀၀၉ ခုနှစ်တွင် ကျောင်းအခြေပြု မူကြို (၂,၂၇၂)ကျောင်းဖွင့်လှစ်ခဲ့ပြီး ကလေးပေါင်း (၅၀,၀၁၈)ဦး တက်ရောက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မူကြိုပေါင်း (၄,၁၁၉)ကျောင်းတွင် ကလေး (၁၃၄,၃၁၉)ဦး တက်ရောက်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီး ဌာနသည် ၂၀၁၁ ခုနှစ်တွင် ဌာနတွင်း မူကြို (၆၈)ကျောင်း ဖွင့်လှစ်ခဲ့ပြီး ကလေးဦးရေ (၉,၇၂၆)ဦး တက်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဌာနတွင်းမူကြို (၇၅)ကျောင်းဖွင့်လှစ် ခဲ့ပြီး ကလေးဦးရေ (၁၁,၀၈၁)ဦး တက်ရောက်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၁ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းပေါင်း (၇၂၀)ကျောင်း ဖွင့်လှစ်ခဲ့ပြီး ကလေး (၂၁,၆၀၀)ဦး တက်ရောက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် (၈၅၁)ကျောင်း တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပြီး ကလေး (၂၅,၅၃၀)ဦး တက်ရောက်ခဲ့ပါသည်။ ကျောင်းအခြေပြု မူကြိုများ ဖွင့်လှစ်ရန် ပညာရေးဝန်ကြီးဌာန၏ မဟာဗျူဟာသည် လက်ရှိအဆောက်အအုံ အသုံး အဆောင်များ၊ (မိဘဆရာအသင်း၊ ကျောင်းအုပ်ကြီးများနှင့် ဆရာများ၊ မူကြိုကော်မတီဝင် များပါဝင်သည့်) အုပ်ချုပ်မှုအဖွဲ့အစည်း၊ လေ့ကျင့်သင်ကြားပေးပြီး အတွေ့အကြုံရှိသည့် ပညာပေးသူများစသည်တို့ကို အကျိုးရှိစွာ အသုံးပြုခဲ့ပါသည်။ သို့ရာတွင် မူလတန်းကျောင်း မရှိသည့် ရပ်ရွာများတွင်မူ ထိုလုပ်ငန်းအစီအစဉ်မှ အကျိုးကျေးဇူး မခံစားရပါ။

ဖွံ့ဖြိုးမှုအထူးလိုအပ်ချက်ရှိသောကလေးများအတွက်စောစီးစွာတိုင်းတာ၊စစ်ဆေး၊ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်ပြီး အထောက်အထားများရှိသော်လည်း မူကြိုဝန်ဆောင်မှု အခွင့်အလမ်းများရရှိရေးတွင် ကြီးမားသည့် အဟန့်အတားများ ရှိနေပါသေးသည်။ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက် များကို စောစီးစွာ ထုတ်ဖော်နိုင်ပါက ထိုလိုအပ်ချက်များကို စောစီးစွာ ဖြည့်ဆည်းပေးနိုင် မည်ဖြစ်ပြီး ကလေးများကို ပညာရေးမှတစ်ဆင့် ရှေ့သို့တိုးတက်အောင်လုပ်ဆောင် နိုင်စေပြီး ကျန်းမာ၍ အကျိုးစီးပွားဖြစ်ထွန်းသည့် ဘဝသို့ ဦးတည်စေနိုင်ပါသည်။

ဖော်ပြပါ စိန်ခေါ်မှုကို ဖြေရှင်းနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့သည် မူကြိုဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း အစီအစဉ်ကို အောက်ပါလုပ်ငန်းနှစ်ရပ်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ပါမည် -

**လုပ်ငန်းအစီအစဉ် (၁) ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျား ဒေသများ တွင် မူကြိုထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်းဖြင့် ကျောင်းအခြေပြုနှင့် ရပ်ရွာ အခြေပြု မူကြိုများတိုးချဲ့ ဆောင်ရွက်ခြင်း။**

မူကြိုဝန်ဆောင်မှု အခွင့်အလမ်းများတိုးချဲ့ရာ၌ နိုင်ငံတကာတွင် အစိုးရများ၏ လုပ်ရိုးလုပ်စဉ်တစ်ခုမှာ ပထမဦးစွာ စံသတ်မှတ်ထားသော အမျိုးသားအဆင့်လုပ်ငန်း အစီအစဉ်တစ်ခုကို ရေးဆွဲပြီး ထိုလုပ်ငန်း အစီအစဉ်ကို အကောင်အထည်ဖော်ပါသည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မြို့ပြနှင့်ဆက်သွယ်မှုလွယ်ကူသည့် ကျေးလက် ဒေသများ၊ ထိုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံး တိုးချဲ့သည့်အနေဖြင့် ဝေးလံသော ကျေးလက်ဒေသများသို့ ရောက်ရှိသည်အထိ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ အကျိုးရလဒ် အမြန်ရလိုပြီး ငွေကြေး ကုန်ကျမှုနှင့် လျော်ညီစွာ အကျိုးသက်ရောက်မှု ရရှိစေရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကလေးများဆီသို့ မူကြိုဝန်ဆောင်မှုများ ရောက်ရှိစေရန် ဆောင်ရွက်ရာတွင် မြို့ပြများနှင့် သွားလာရလွယ်ကူသော ကျေးလက်ဒေသများတွင် စတင်ဆောင်ရွက်ခြင်းဖြင့် ဝေးလံဒေသများထက် ကုန်ကျစရိတ်နည်းပါးကာ သင်ယူမှုအခွင့်အလမ်းတိုးမြှင့်နိုင် ကြောင်း ဖော်ပြလိုခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ဆောင်ရွက်သည့်နည်းဗျူဟာသည် ဝေးလံသော ကျေးလက်ဒေသများနှင့် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသများရှိ မိသားစုများနှင့် ကလေးများ အတွက် အရည်အသွေးရှိ မူကြိုဝန်ဆောင်မှု အခွင့်အလမ်းများရရှိရေးနှင့် ပတ်သက်ပြီး မကောင်းသော အကျိုးဆက်များ ဖြစ်စေပါသည်။ ပထမအရေးကြီးဆုံး အကြောင်းရင်း မှာ ဝေးလံသော ကျေးလက်ဒေသများနှင့် လူနည်းစုတိုင်းရင်းသား မျိုးနွယ်စုဒေသရှိ ကလေးများနှင့် ဖွံ့ဖြိုးမှုအတွက် အထူးလိုအပ်ချက်ရှိသော ကလေးများထက် လုပ်ငန်း ဆောင်ရွက်ရန် လွယ်ကူသည့်ဒေသများရှိကလေးများကို ဦးစားပေး ဆောင်ရွက်ခြင်းဖြင့် မူကြိုဝန်ဆောင်မှုများ သာတူညီမျှမရှိခြင်းကို ပိုမိုကြီးထွားစေမည်ဖြစ်ပါသည်။ ဒုတိယ အနေဖြင့် ထိုကဲ့သို့သော အမျိုးသားအဆင့် မူကြိုလုပ်ငန်းအစီအစဉ်သည် ဝေးလံ သော ကျေးလက်ဒေသများနှင့် လူနည်းစုတိုင်းရင်းသား မျိုးနွယ်စုများအထိ မရောက် မီပင် လုပ်ငန်းရန်ပုံငွေ လည်ပတ်ပုံနှင့် အမျိုးသားအဆင့် ဦးစားပေးအစီအစဉ်များ ယေဘု ယျအားဖြင့် ပြောင်းသွားနိုင်ပါသည်။

လက်ရှိတွင် နိုင်ငံတော်အစိုးရသည် ရပ်ရွာအခြေပြု၊ ကျောင်းအခြေပြုလုပ်ငန်း ပုံစံများဖြင့် မူကြိုဝန်ဆောင်မှုများကိုပံ့ပိုးလျက်ရှိပါသည်။ နိုင်ငံတကာ သုတေသနစာတမ်း များက အကျိုးအမြတ်မယူသော အဖွဲ့အစည်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်း၊



ပုဂ္ဂလိက ကဏ္ဍစသည်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေ ပံ့ပိုးခြင်းတို့သည် မူကြိုဝန်ဆောင်မှုနှင့် အလှမ်းဝေးနေသော ကလေးများအတွက် ဝန်ဆောင်မှု အခွင့်အလမ်းများ တိုးချဲ့ရေးကို အထောက်အကူပြုနိုင်မည်ဟု ညွှန်ပြထားပါသည်။ မြန်မာနိုင်ငံတွင် မူကြိုလုပ်ငန်းတိုးချဲ့ရေးအတွက် ခိုင်မာသော အခြေခံကောင်းချပေးနိုင်သည့် ရပ်ရွာအခြေပြုနှင့် ဘာသာရေးအခြေပြုမူကြိုဝန်ဆောင်မှုများဆိုင်ရာ အတွေ့အကြုံများ များစွာရှိပါသည်။ ထိုအတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အရည်အသွေး စံသတ်မှတ်ချက်များနှင့် ချိတ်ဆက်ခြင်း၊ ထိုစံများနှင့် လိုက်လျောညီထွေမှုရှိသော သင်တန်းပေးခြင်းနှင့် အသိအမှတ်ပြုခြင်းစသည်တို့ဖြင့် စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်ပါသည်။

အကောင်းဆုံးဆောင်ရွက်နည်းများကို လေ့လာမှုအရ နိုင်ငံတကာ အလှူရှင်များနှင့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများထံမှရရှိသော ဘဏ္ဍာရေးပံ့ပိုးမှုများ စုစည်းရယူ အသုံးပြုနိုင်ရန် ပေါင်းစပ်ညှိနှိုင်းမှုကောင်းပြီး ပွင့်လင်းမြင်သာမှုရှိသော ဘဏ္ဍာရေး ပံ့ပိုးမှုနည်းလမ်းသည် မရှိမဖြစ်လိုအပ်ကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် လာမည့်နှစ်များအတွင်း ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းရှင်များ၊ အကျိုးအမြတ် မယူသော ဖောင်ဒေးရှင်းများ၊ နိုင်ငံတကာအလှူရှင်များ၊ နိုင်ငံသားများထံမှ အရည်အသွေးရှိ မူကြိုဝန်ဆောင်မှု တိုးချဲ့ရေးအတွက် ဘဏ္ဍာငွေပံ့ပိုးမှုများ များစွာ စုစည်းရယူနိုင်မည့် အလားအလာများ ရှိသည်။

ဖော်ပြပါအချက်များကို ဖြေရှင်းဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့သည် အခွင့်အလမ်းနည်းပါးသောဒေသများအတွင်း မူကြိုဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့နိုင်ရန် မူကြိုထောက်ပံ့ကြေးပေးခြင်းပါဝင်သော မဟာဗျူဟာကျ ဦးတည်ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုပါမည်။ ဤဘဏ္ဍာရေး ထောက်ပံ့မှု အစီအစဉ်သည် အခွင့်အလမ်းနည်းပါးသော ဒေသများနှင့် တိုင်းရင်းသားများနေထိုင်သည့် ဝေးလံသော ဒေသများတွင် မူကြိုပညာရေးဝန်ဆောင်မှုကို တိုးချဲ့နိုင်စေပါမည်။

### လုပ်ငန်းအစီအစဉ် (၂) အထူးလိုအပ်ချက်ရှိသော သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများအတွက် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာစစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ (Early Childhood Intervention - ECI) ဆောင်ရွက်ခြင်း။

မသန်စွမ်းကလေးငယ်များသည် အများအားဖြင့် မူကြိုဝန်ဆောင်မှုများတွင် လျစ်လျူရှု ခံရတတ်သည်။ ယုံကြည်စိတ်ချရသော သတင်းအချက်အလက် နည်းပါးသော်လည်း မသန်စွမ်းသော ကလေးငယ်များ၊ ဖွံ့ဖြိုးမှုနှေးကွေးသော ကလေးများ၊ ပုံမှန်မဟုတ်သည့် ကလေးများ၊ နာတာရှည်ရောဂါရှိသော ကလေးများသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှု မရရှိသလောက်နည်းပါးသည်ဟု လေ့လာဆန်းစစ်မှုတစ်ခုက ဖော်ပြထားသည်။ မူကြိုဝန်ဆောင်မှုရရှိသည့် မသန်စွမ်းကလေးများသည် မူလတန်းကျောင်းသို့ ဆက်လက်တက်ရောက်မှုများပြားကြောင်း ရှေ့ပြေးစမ်းသပ်လုပ်ငန်းများတွင် တွေ့ရှိရသဖြင့် အထူးလိုအပ်ချက်ရှိသော ကလေးများ မူကြိုဝန်ဆောင်မှုရရှိခြင်း နည်းပါးသည့် အခြေအနေကို တွန်းလှန်တိုက်ဖျက်ရန် အထူးအရေးကြီးသည်။ ဤပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနသည် သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများအတွက် လိုအပ်ချက်များကို စောစီးစွာသိနိုင်စေမည့် စစ်ဆေးမှုပြု၍ ပံ့ပိုးပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ဝန်ဆောင်မှုများ ဆောင်ရွက်ပါမည်။



## ၄.၃.၃။ မဟာဗျူဟာ (၃) မူလတန်းကျောင်းသို့ ဝင်ရောက်မည့် ကလေးများကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးရန် မူကြိုကျောင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း

လက်ရှိ မူကြိုဝန်ဆောင်မှုများ၏ အရည်အသွေးသည် အမျိုးမျိုး ကွဲပြားလျက်ရှိပါသည်။ အချို့သော မူကြိုဝန်ဆောင်မှုများသည် အရည်အသွေးပြည့်ဝသော်လည်း အများစုမှာ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်းဆောင်ရွက်ထားသော အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု နည်းပါးကြပါသည်။ ထို့ပြင်လက်ရှိတွင် အမျိုးသားအဆင့် လေ့လာကြီးကြပ်ခြင်းနှင့် အရည်အသွေး အာမခံမှုစနစ် မရှိသေးပါ။

ဖော်ပြပါ စိန်ခေါ်မှုများကိုဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့သည် အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ် သုံးရပ်ပါဝင်သော မူကြိုကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည် -

### လုပ်ငန်းအစီအစဉ် (၁) ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ မူကြိုကျောင်းများအတွက် ထောက်ပံ့မှုအမျိုးမျိုးကို စုစည်းပံ့ပိုးပေးခြင်း။ (Integrated Package များ ပံ့ပိုးပေးခြင်း)

ပူးပေါင်းဆောင်ရွက်မှု အားနည်းသည့် အခြေအနေတွင် မူကြိုဝန်ဆောင်မှု ပေးသူ အမျိုးမျိုးရှိနေခြင်းကြောင့် နိုင်ငံတစ်ဝန်း မိတ်ဖက်အဖွဲ့အစည်းများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နေရာအမျိုးမျိုး၌ ပုံစံအမျိုးမျိုး ဖြစ်ပေါ်စေပါသည်။ ဤသို့ ဖြစ်ပေါ်ခြင်းကြောင့် ရပ်ရွာအခြေပြု မူကြိုလုပ်ငန်းဆောင်ရွက်ရာတွင် မိဘပြည်သူများအကြား ရှုပ်ထွေးမှုများဖြစ်ပေါ်စေပါသည်။ မူကြိုဝန်ဆောင်မှုများ၏ အရည်အသွေးမှာလည်း အမျိုးမျိုးကွဲပြားလျက်ရှိပါသည်။ မူကြိုကျောင်းများအတွက် စံပြုထားသောပုံစံမရှိခြင်းကြောင့် စနစ်တကျရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားအဆင့် အရည်အသွေးစံသတ်မှတ်ချက်များ ပြည့်မီရေးအတွက် လေ့လာကြီးကြပ်ရာတွင် အခက်အခဲများဖြစ်ပေါ်စေပါသည်။

ဖော်ပြပါ အကြောင်းအရာများကို ဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနသည် အခွင့်အလမ်းနည်းပါးသောဒေသရှိ ကျောင်းနှင့် ရပ်ရွာအခြေပြု မူကြိုကျောင်းများ၏ အရည်အသွေး မြှင့်တင်ပေးမည့် စံသတ်မှတ်ချက်ရှိသော ထောက်ပံ့မှုမျိုးစုံ ပါဝင်သည့်ပံ့ပိုးမှုများ ဖြန့်ဝေပေးရပါမည်။

### လုပ်ငန်းအစီအစဉ် (၂) အမျိုးသားအဆင့် မူကြိုဆရာအတတ်သင်တန်းနှင့် မူကြိုကော်မတီများအတွက် စီမံခန့်ခွဲမှုသင်တန်းပေးခြင်း။

အမျိုးသားအဆင့်စံသတ်မှတ်ထားသောသင်တန်းများမရှိခြင်းနှင့်မူကြိုဆရာများ၏ လစာ၊ ပညာအရည်အချင်းနိမ့်ပါးခြင်းသည်လည်း မူကြိုဆရာများ၏ သင်ကြားရေး အရည်အသွေးကို ထိခိုက်စေပါသည်။ လက်ရှိကာလတွင် မူကြိုဆရာများနှင့် စီမံခန့်ခွဲသူ ဝန်ထမ်းများအတွက် စနစ်ကျပြီး ပုံမှန်စဉ်ဆက်မပြတ်ပြုလုပ်ပေးမည့် လုပ်ငန်းခွင် သင်တန်းမှာ အနည်းငယ်သာ ရှိပါသည်။ လက်ရှိကာလတို သင်တန်းများသည်လည်း အနီးကပ်လမ်းညွှန်ပြသပံ့ပိုးမှုများပါသော နောက်ဆက်တွဲ မွမ်းမံသင်တန်းများ ဆောင်ရွက်မှုအားနည်းသဖြင့် အကျိုးသက်ရောက်မှု ရှိသင့်သလောက် မရှိပါ။ အရည်အသွေးနိမ့်သော မူကြိုလုပ်ငန်းအစီအစဉ်များသည် ကလေး၏ကျန်းမာရေးနှင့် လုံခြုံမှုကိုထိခိုက်စေပြီး ကလေးများကျောင်းထွက်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုလည်း ဖြစ်ပါသည်။ မူကြိုကျောင်းမှ ဆရာများနှင့်အတူ မူကြိုကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ရေးတွင် ပါဝင်ဆောင်ရွက်သည့် ရပ်ရွာလူထုအတွက်လည်း သင်တန်းများ လိုအပ်ပါသည်။

### လုပ်ငန်းအစီအစဉ် (၃) မူကြိုစံသတ်မှတ်ချက်များ အောင်မြင်မှုကို စစ်ဆေးအကဲဖြတ်ပြီး မူကြိုပညာရေးဆိုင်ရာ အရည်အသွေးအာမခံမှုစနစ် ထူထောင်ခြင်း။

လက်ရှိကာလတွင် နိုင်ငံတော်အစိုးရ၏ အရည်အသွေး စံသတ်မှတ်ချက်များကို မူကြိုဝန်ဆောင်မှု ပေးသူများကမည်သည့်အတိုင်းအတာအထိ အောင်မြင်ပေါက်မြောက်ကြသည်ကို ရှင်းလင်းစွာပြသနိုင်သော ပညာရေးဆိုင်ရာတာဝန်ရှိသူများအား ပံ့ပိုးပေးသည့် အမျိုးသားအဆင့် အချက်အလက်စုစည်းထားသည့်နေရာ - Database များ မရှိသေးပါ။ မူကြိုဝန်ဆောင်မှုပေးသူများကို အနိမ့်ဆုံးအရည်အသွေး စံသတ်မှတ်ချက်များ ပြည့်မီရေးအတွက် တာဝန်ခံစေရန် မဖြစ်နိုင်ပါ။ သို့ပါ၍ ဝန်ဆောင်မှုပေးသူများအနေဖြင့် အရည်အသွေးနိမ့်သော ဝန်ဆောင်မှုဖြင့်သာ လုပ်ကိုင်လျှင်လည်း ရသည့်သဘောဖြစ်နေပါသည်။ အပြန်အလှန်အားဖြင့် ထိုမူကြိုလုပ်ငန်းများအတွက် မိသားစုများ၏ ပံ့ပိုးပေးရသည့် ငွေကြေးတန်ဖိုးရလဒ်နိမ့်ကျစေပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က မူကြိုဝန်ဆောင်မှုပေးသူများ၏ အရည်အသွေးကို စနစ်တကျ စစ်ဆေးအကဲဖြတ်ခြင်းသည် မူကြိုပညာရေး၌ မိဘများရင်းနှီးမြှုပ်နှံရေးကိုအားပေးရန် အလွန်အရေးပါ ပါသည်။ ထို့ပြင် အစိုးရ၏ အရည်အသွေး စံသတ်မှတ်ချက်များ ပြည့်မီကျော်လွန်ရန်နှင့် မူကြိုဝန်ဆောင်မှုပေးသူများအား မိဘများကလိုအပ်ချက်များကို တောင်းဆိုနိုင်မည့် ယန္တရားအဖြစ်လည်း ပံ့ပိုးပါမည်။

အရည်အသွေးစံသတ်မှတ်ချက်များနှင့်အညီ တစ်နိုင်ငံလုံးရှိ မူကြိုကျောင်းများ၏ အရည်အသွေးကို ကြီးကြပ်ဆန်းစစ်ရန်အတွက် အရည်အသွေး အာမခံမှုစနစ် ပေါ်ထွန်းရန် ခရိုင်နှင့် မြို့နယ်များမှ မူကြိုပညာရေးဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းနှင့် ပေါင်းစပ်ရမည် ဖြစ်ပါသည်။

## ၄.၃.၄။ မဟာဗျူဟာ (၄) အရည်အသွေးရှိ သူငယ်တန်းပညာရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

မူကြိုမှ မူလတန်းသို့ ကူးပြောင်းသည့် အကူးအပြောင်းကာလကို အလွန်အရေးကြီးသော ကာလအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုကြပါသည်။ ထိုကာလတွင် ကလေးများကို သူတို့၏ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးဆက်လက်ပံ့ပိုးနေစဉ် မတူညီသောပညာရေးနှင့် လူမှုရေးဝန်းကျင် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် မတူကွဲပြားမှုများကို ညှိနှိုင်းယူရန်အတွက်လည်း ပံ့ပိုးရပါသည်။ ဤအကူးအပြောင်းကာလကို ပုံမှန်အားဖြင့် သူငယ်တန်းအဖြစ် သတ်မှတ်ကြသည်။

မူကြိုမှ မူလတန်းသို့ ကူးပြောင်းရာတွင် ကလေးသူငယ်များသည် ပြောင်းလဲသွားသည့် သင်ယူနည်းပုံစံ၊ မိဘများနှင့်အတူ နေထိုင်လုပ်ကိုင်မှု လျော့နည်းသွားခြင်း၊ အသစ်ဖြစ်သော စည်းမျဉ်းများ၊ ပုံမှန်လုပ်ငန်းများနှင့် ပတ်ဝန်းကျင်စသည်တို့ကို လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရေးအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရပါသည်။ ကလေးများအား သင်ယူမှုဝန်းကျင်အသစ်အတွက် ခံစားမှုဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ်ဆိုင်ရာများကို ပြင်ဆင်ပေးနိုင်လျှင် အောင်မြင်သော အကူးအပြောင်းကာလ ဖြစ်ပေါ်နိုင်ပါသည်။ အကယ်၍ ကလေးအနေဖြင့် ပြင်ဆင်မှု မရှိခဲ့ပါလျှင် ကျောင်းတွင် ပိုမို၍ အခက်အခဲတွေ့နိုင်ခြင်း သို့မဟုတ် ကျောင်းထွက်ခြင်းတို့ကို ဖြစ်စေပါသည်။ ပညာရေးအထူး လိုအပ်ချက်ရှိသော ကလေးများ၊ လူနည်းစုတိုင်းရင်းသား ကလေးများ စသည်တို့ပါဝင်သည့် ဝန်ဆောင်မှုများနှင့် အလှမ်းဝေးသော ကလေးများအနေဖြင့် ကျောင်းအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်ရနိုင်ပါသည်။ ကလေးငယ်များ ပတ်ဝန်းကျင်အသစ်သို့ ချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် သူငယ်တန်း ပညာရေးက ကူညီပေးပါသည်။

ဖော်ပြပါ စိန်ခေါ်မှုများကို ဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနသည် ကလေးများ မူလတန်းကျောင်းသို့ အခက်အခဲမရှိ အောင်မြင်စွာ ကူးပြောင်းနိုင်စေမည့် အရည်အသွေးရှိ သူငယ်တန်းပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ပါမည်။ ဤအစီအစဉ်တွင် အောက်ပါ လုပ်ငန်းများ ပါဝင်ပါသည် -

### လုပ်ငန်းအစီအစဉ် (၁) သူငယ်တန်းအတွက် လိုအပ်သော သူငယ်တန်းဆရာ၊ အဆောက်အအုံ၊ ပရိဘောဂနှင့် သင်ထောက်ကူများ ဖြည့်ဆည်းပေးခြင်း။ (အခြေခံပညာရေးနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်)

သူငယ်တန်းအတန်းများ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် တခြားသက်ဆိုင်သည့်ကျောင်းများအပါအဝင် အခြေခံပညာကျောင်းများတွင် စာသင်ခန်းအသစ်များ တည်ဆောက်ခြင်း သို့မဟုတ် လက်ရှိစာသင်ခန်းများကို ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ အကောင်းဆုံး လက်တွေ့ကျင့်သုံးမှုများက သူငယ်တန်းအခန်းများသည် နှစ်လိုဖွယ်ရှိပြီး လုံခြုံစိတ်ချရသော ဝန်းကျင်ရှိသင့်ကြောင်း ဖော်ပြထားပါသည်။ ထိရောက်သော သင်ယူမှုရရှိရေးအတွက် သူငယ်တန်းကလေးအရွယ်နှင့်ကိုက်ညီသော ပရိဘောဂများ ဖြည့်ဆည်းပေးရပါမည်။ သင်ရိုးသစ်နှင့် ကိုက်ညီသော သင်ကြားသင်ယူမှုပြုနိုင်ရန် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ လုံလောက်စွာ ဖြည့်ဆည်းပေးရပါမည်။ ထို့ပြင် ဆရာများအတွက် စီမံခန့်ခွဲမှု ကောင်းစွာဆောင်ရွက်နိုင်မည့် စာသင်ခန်းအရွယ်အစားဖြစ်ပြီး ဆရာ၊ တပည့်အချိုး မျှတရန်လည်း လိုအပ်ပါမည်။

### လုပ်ငန်းအစီအစဉ် (၂) သူငယ်တန်းပညာရေးတွင် မိဘများ ပိုမိုပါဝင်မှုရှိလာအောင် မြှင့်တင်ခြင်း။

သူငယ်တန်းပညာရေးကို အောင်မြင်စွာဆောင်ရွက်ရန် ကျောင်းအုပ်ကြီး၊ မိဘများနှင့် ရပ်ရွာလူထု၏ သဘောပေါက်နားလည်မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်းအထူးအရေးပါ ပါသည်။ မိဘများ၊ ပြုစုစောင့်ရှောက်သူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်လျှင် ကလေးများ၏ ကူးပြောင်းမှု ပိုမိုကောင်းမွန်လာမည်။ မိဘများနှင့် ပြုစုစောင့်ရှောက်သူများအားဆက်သွယ်၍ သူငယ်တန်းပညာရေးက ဆောင်ရွက်ပေးသည့် အကူးအပြောင်းဖြစ်စဉ်များကို ရှင်းလင်းပြောကြားပေးခြင်းဖြင့် မိဘများနှင့် ပြုစုသူများသည် ကလေးများကို ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်ပါမည်။ သို့ဖြစ်ရာ မိဘများနှင့် ပြုစုစောင့်ရှောက်သူများကို ဆက်သွယ်ဆောင်ရွက်ရေးသည် သူငယ်တန်းအစီအစဉ်၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ သူငယ်တန်းပညာရေးကို လေ့လာကြီးကြပ်ရေးနှင့် အရည်အသွေး စံသတ်မှတ်ချက်များ ပြည့်မီစေရေးတို့ကို ဆောင်ရွက်ရာတွင် မိဘများလည်း ပါဝင်ဆောင်ရွက်နိုင်ပါသည်။

### လုပ်ငန်းအစီအစဉ် (၃) အမျိုးသားအဆင့် သူငယ်တန်း အထူးပြုဆရာအတတ်သင်တန်း အကောင်အထည်ဖော်ခြင်း။

ကလေးများကို မူလတန်းကျောင်းအတွက် ပြင်ဆင်နေစဉ်အတွင်းမှာပင် ၎င်းတို့၏ဖွံ့ဖြိုးမှုကိုပါ ပံ့ပိုးပေးသည့် သူငယ်တန်းပညာသင်ကြားရေးဖြစ်စေရန် အပြန်အလှန်တုံ့ပြန်မှုရှိသော သင်ကြားမှု၊ ကလေး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးမှုနှင့် မိဘများနှင့် ပူးပေါင်းဆောင်ရွက်မှုစသည့် ကျွမ်းကျင်မှုများ လိုအပ်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် သူငယ်တန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်အသစ်ကို အသုံးပြုလျက် သူငယ်တန်းအဆင့်တွင် သင်ကြားနိုင်ရေးအတွက် ဆရာများကို သင်တန်းပေးရန် လိုအပ်ပါသည်။



## ၄.၄။ ရလဒ်အညွှန်းဘောင်များ

### ၄.၄.၁။ အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကလေးသူငယ်တိုင်းအရည်အသွေးရှိ မူကြိုနှင့် သူငယ်တန်း(KG) ပညာသင်ယူခွင့် ရရှိခြင်းဖြင့် ၎င်းတို့၏ လေ့လာသင်ယူမှုလမ်းကြောင်းတစ်လျှောက်လုံး အတွက် အစကောင်းစေမည်။ | | | |
|---|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ(၁)**<br>မူကြိုဝန်ဆောင်မှုဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ(၂)**<br>ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိကလေးများအတွက် မူကြိုဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ(၃)**<br>မူလတန်းကျောင်းသို့ဝင်ရောက်မည့်ကလေးများကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးရန် မူကြိုကျောင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း။ | **မဟာဗျူဟာ(၄)**<br>အရည်အသွေးရှိ သူငယ်တန်း ပညာရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |
| စီမံကိန်းအပြီး ရလဒ်များ | မူကြိုကော်မတီများ၏ မူကြိုဝန်ဆောင်မှုများအပေါ် ပိုမိုကောင်းမွန်သည့် အုပ်ချုပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မူကြိုပညာရေးကို ထိရောက်စွာဆောင်ရွက်ခြင်း။ | ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များ အရည်အသွေးရှိ မူကြို ပညာရေး သင်ယူခွင့်ရရှိလာခြင်း။ | အရည်အသွေးပြည့် မူကြိုသင်ယူခွင့် ရရှိသော ကလေးများသည် သူငယ်တန်းတွင် သင်ယူရန် ပိုမိုအဆင်သင့်ဖြစ်ခြင်း။ | သူငယ်တန်းပြီးမြောက်ပြီး ကလေးများသည် ပထမတန်းသို့ အောင်မြင်စွာ ကူးပြောင်းနိုင်ခြင်း။ |
| ရလဒ် အညွှန်းကိန်းများ | မြို့နယ်များတွင် အရည်အသွေးရှိ မူကြိုပညာရေး သင်ယူခွင့်နှင့် ပတ်သက်၍ တိုင်းတာနိုင်သော တိုးတက်မှုများကို ပြသနိုင်သည့် မူကြိုကော်မတီ ရာခိုင်နှုန်း။ | အရည်အသွေးရှိ မူကြိုပညာရေး သင်ယူခွင့်ရရှိရန် အခွင့်အလမ်းနည်းပါးသည့်ဒေသတွင် နေထိုင်သော အသက် သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးရာခိုင်နှုန်း။ | - သူငယ်တန်းသို့ဝင်ရောက်သည့် ကလေးများအနက် မူကြိုနေဖူးသည့် ရာခိုင်နှုန်း။<br><br>- အသားတင် သူငယ်တန်းကျောင်း နေနှုန်း။ | သူငယ်တန်း ပြီးမြောက်ပြီး ပထမတန်းသို့ ကူးပြောင်းသော ကလေး ရာခိုင်နှုန်း။ |

## ၄.၄.၂။ မဟာဗျူဟာ (၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ(၁) မူကြိုပညာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း။ | | |
|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | မူကြိုပညာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး အစီအစဉ် | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်နှင့် ခရိုင်အဆင့် မူကြိုကော်မတီများ တည်ထောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>မူကြိုကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေ သတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့်အခြေခံသတင်းအချက်အလက်များကောက်ယူခြင်း။ (အခြေခံပညာဦးစီးဌာန အခြေခံစာရင်းအင်းနှင့် ပေါင်းစည်း၍ ဆောင်ရွက်မည်) |
| စီမံကိန်းကာလအတွင်း ရလဒ်များ | မူကြိုကော်မတီများက မူကြိုလုပ်ငန်းများကို တက်ကြွစွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။ | မူကြိုပညာရေး စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ကောက်ယူထားသည့် အရည်အသွေးရှိအခြေခံစာရင်းများထည့်သွင်းထားသောနိုင်ငံတော်အဆင့် Database အသုံးပြုရန် အဆင်သင့်ဖြစ်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်လျာထားချက်များ<br><br>(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - မြို့နယ် (၄၀)တွင် မူကြိုကော်မတီများအား သင်တန်းပေးခြင်း၊ လုပ်ငန်းလမ်းညွှန်များနှင့် ထောက်ပံ့မှုများပေးခြင်းဖြင့် အားကောင်းအောင် ဆောင်ရွက်ခြင်း။<br><br>- မူကြိုကော်မတီများတွင် အမျိုးသမီး ၇၀ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်ခြင်း။<br><br>- မူကြိုကော်မတီများက မူကြိုလုပ်ငန်းများကို တတ်ကြွစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။ | အခြေခံပညာကျောင်းပေါင်း (၄၅,၀၀၀)၊ ရပ်ရွာအခြေပြု မူကြိုကျောင်း (၅,၀၀၀) နှင့် ကျောင်းမရှိသည့် ရွာပေါင်း (၂၀၀)၏ ကျောင်းတည်နေရာများနှင့် ကျောင်းနယ်မြေသတ်မှတ်၍ မြေပုံရေးဆွဲရေးဆိုင်ရာ အခြေခံအချက်အလက်များ ကောက်ယူခြင်း။<br><br>**မှတ်ချက်** - ၎င်းတို့သည် အခြေခံပညာရေးအတွက် သတ်မှတ်ထားသည့် ရည်မှန်းချက်နှင့် အတူပင် ဖြစ်သည်။ |

## ၄.၄.၃။ မဟာဗျူဟာ (၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

**မဟာဗျူဟာ(၂)** ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျား ဒေသများရှိ ကလေးများအတွက် မူကြိုဝန်ဆောင်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ခြင်း။

| မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ် | မူကြိုပညာရေး သင်ယူခွင့်ရရှိရေး အစီအစဉ် | |
|---|---|---|
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများတွင် မူကြိုထောက်ပံ့ကြေးများပံ့ပိုးပေးခြင်းဖြင့် ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုမူကြိုများ တိုးချဲ့ဆောင်ရွက်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>အထူးလိုအပ်ချက်ရှိသော သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများအတွက် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (Early Childhood Intervention - ECI) ဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများသည် ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု မူကြိုကျောင်းများတွင် တက်ရောက်သင်ယူခွင့်ရရှိခြင်း။ | အထူးလိုအပ်ချက်ရှိသော အသက် သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများအတွက် စောစီးစွာသိရှိရန် ဖွံ့ဖြိုးမှုစစ်ဆေးခြင်းများ ပြုလုပ်ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများရရှိခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်လျာထားချက်များ<br>(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - မူကြိုလုပ်ငန်းဆောင်ရွက်မှု ထောက်ပံ့ငွေ (Operational Preschool Service Grant Fund) ထူထောင်ခြင်း။<br>- ချိန်းမြှင့်ထောက်ပံ့ငွေ (Matching Grant) ရရှိသော ကျောင်းအခြေပြုမူကြို (၁,၄၀၀) နှင့် ရပ်ရွာအခြေပြုမူကြို (၁,၄၀၀)။ | တိုင်းဒေသကြီး/ပြည်နယ်(၃)ခုရှိ မြို့နယ် (၅) မြို့နယ်တွင်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (Early Childhood Intervention - ECI) တည်ထောင်ခြင်း။ |



## ၄.၄.၄။ မဟာဗျူဟာ(၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ(၃) မူလတန်းကျောင်းသို့ ဝင်ရောက်မည့် ကလေးများကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးရန် မူကြိုကျောင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း။ | | | |
|---|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | မူကြိုကျောင်းများ အရည်အသွေးတိုးတက်ရေး အစီအစဉ် | | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>ကျေးလက်ဒေသများနှင့် ဝေးလံခေါင်းဖျား ဒေသများရှိ မူကြိုကျောင်းများအတွက် ထောက်ပံ့မှု အမျိုးမျိုးကို စုစည်းပံ့ပိုးပေးခြင်း။ (Integrated Package များ ပံ့ပိုးပေးခြင်း) | **လုပ်ငန်းအစီအစဉ် (၂)**<br>အမျိုးသားအဆင့် မူကြို ဆရာအတတ်သင်တန်းနှင့် မူကြိုကော်မတီများအတွက် စီမံခန့်ခွဲမှု သင်တန်းပေးခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>မူကြို စံသတ်မှတ်ချက်များ အောင်မြင်မှုကို စစ်ဆေးအကဲဖြတ်ပြီး မူကြိုပညာရေးဆိုင်ရာ အရည်အသွေးအာမခံမှုစနစ် ထူထောင်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | အဆင့်မြှင့်ထားသော မူကြိုကျောင်းများတွင် ကလေးများ၏ အတန်းတက်ရောက်နှုန်းနှင့် ပါဝင်ဆောင်ရွက်မှု မြင့်မားလာခြင်း။ | မူကြိုဆရာများသည်ကလေးဗဟိုပြုသင်ကြားနည်းဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို ထိရောက်စွာ အသုံးပြုခြင်း။ | သင်တန်းရရှိပြီးဖြစ်သည့် မြို့နယ်တာဝန်ရှိသူများသည် နှစ်စဉ် မူကြိုဆိုင်ရာ Quality Standards Assessments များကို ထိရောက်စွာ ပြီးမြောက်အောင် ဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ<br>(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | - ကျောင်းအခြေပြု မူကြို (၂,၁၀၀) သို့ မူကြိုပညာရေးအတွက် ထောက်ပံ့မှု အမျိုးမျိုးကို စုစည်းပံ့ပိုးပေးခြင်း။<br>-ရပ်ရွာအခြေပြု မူကြို (၂,၁၀၀) သို့ မူကြိုပညာရေးအတွက် ထောက်ပံ့မှု အမျိုးမျိုးကို စုစည်းပံ့ပိုးပေးခြင်း။ | -အမျိုးသားအဆင့် လုပ်ငန်းခွင် သင်တန်း အစီအစဉ် အတည်ပြုခြင်း။<br>- သင်တန်းရရှိပြီး မူကြိုဆရာ ၈,၄၀၀ ဦး။<br>- ၅၀ ရာခိုင်နှုန်းသော မူကြိုဆရာများသည် သင်ကြားနည်းဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို ထိရောက်စွာအသုံးပြုခြင်း။ | -အရည်အသွေး စံသတ်မှတ်ချက်များ ဆောင်ရွက်ရန် သင်တန်းတက်ရောက်ပြီး ပံ့ပိုးမှုပေးထားသော မြို့နယ်အရာရှိ (၃၀၀)ဦး။<br>- ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု မူကြိုပညာရေး ဝန်ဆောင်မှုများ၏ အရည်အသွေး စံသတ်မှတ်ချက် စစ်ဆေးအကဲဖြတ်မှု အကြိမ် (၃၀၀၀)။ |

## ၄.၄.၅။ မဟာဗျူဟာ (၄) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ(၄) အရည်အသွေးရှိ သူငယ်တန်း ပညာရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | | | |
|---|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | အရည်အသွေးရှိ သူငယ်တန်းအတန်းများ ဖွင့်လှစ်ရေး အစီအစဉ် | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>သူငယ်တန်းအတွက် လိုအပ်သော သူငယ်တန်းဆရာ၊ အဆောက်အအုံ၊ ပရိဘောဂနှင့် သင်ထောက်ကူများ ဖြည့်ဆည်းပေးခြင်း။ (အခြေခံ ပညာရေးနှင့် ချိတ်ဆက်မည်) | **လုပ်ငန်းအစီအစဉ် (၂)**<br>သူငယ်တန်းပညာရေးတွင် မိဘများပိုမို ပါဝင်မှုရှိလာအောင် မြှင့်တင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>အမျိုးသားအဆင့် သူငယ်တန်းအထူးပြု ဆရာအတတ်သင်တန်း အကောင်အထည်ဖော်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | ကလေးအားလုံး သူငယ်တန်းပညာရေး သင်ယူခွင့် ရရှိခြင်း။ | အရည်အသွေးရှိ သူငယ်တန်း ပညာရေးကို ကျောင်းအုပ်၊ ဆရာများနှင့် မိဘများ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | သူငယ်တန်းအတန်းများတွင် ဆရာများသည် ကလေးဗဟိုပြု သင်ကြားနည်းဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို ထိရောက်စွာ အသုံးပြုခြင်း။ |
| စီမံကိန်းကာလ အတွင်း ရလဒ် လျာထားချက်များ<br><br>(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - စံသတ်မှတ်ချက်နှင့် ကိုက်ညီသော သူငယ်တန်း အခန်း (၅,၀၀၀) ဆောက်လုပ်ခြင်း။<br><br>- စံသတ်မှတ်ချက်နှင့် ကိုက်ညီသော သူငယ်တန်း အခန်း (၇,၀၀၀) ပြင်ဆင်ခြင်း။<br><br>-သူငယ်တန်းအခန်း(၄၀,၀၀၀)တွင်သင်ကြားသင်ယူမှုပစ္စည်းများလုံလောက်စွာဖြည့်ဆည်းပေးခြင်း။<br><br>- သူငယ်တန်းအခန်း (၄၀,၀၀၀)တွင် ကလေး (၃၅)ဦးလျှင် ဆရာ (၁)ဦး ရှိခြင်း။ | - ၃၀ ရာခိုင်နှုန်းသော မိဘများသည် သူငယ်တန်းပညာရေးကို စနစ်တကျ လေ့လာကြီးကြပ်သည့် အစီအစဉ်တွင် ပါဝင်ခြင်း။<br><br>- ၅၀ ရာခိုင်နှုန်းသော မိဘများသည် သူငယ်တန်းကလေးများ၏ တိုးတက်မှုကို သတင်းပေးပို့ခြင်း။ | အမျိုးသားအဆင့် သူငယ်တန်း ဆရာအတတ်သင်တန်း အစီအစဉ် အတည်ပြုခြင်း။ |

# ၅

# ၂၁ ရာစုအတွက် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ







၂၁ရာစုအတွက်အခြေခံပညာပြုပြင်ပြောင်းလဲမှုများ

အခန်း ၅

# ၂၁ ရာစုအတွက် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ

## ၅.၀။ နိဒါန်း

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းသည် အခြေခံပညာကဏ္ဍကို အလေးပေးထားပါသည်။ အကြောင်းမှာ ဤကဏ္ဍသည် နိုင်ငံတစ်ဝန်းရှိ အစိုးရအခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကအခြေခံကျောင်းများတွင် တက်ရောက် ပညာသင်ယူနေသော ကျောင်းသား (၉.၂) သန်းကျော်ကို ပညာရေးဆိုင်ရာအခွင့်အလမ်းများပေးလျက်ရှိသောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနသည် လာမည့်ငါးနှစ်တာကာလအတွင်း ဘက်စုံလွှမ်းခြုံမှုရှိပြီး အစီအစဉ်တကျပေါင်းစပ်ထားသော အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုပြုပြင်ပြောင်းလဲမှုများက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ရည်မှန်းချက်နှင့် အခြေခံပညာနှင့်သက်ဆိုင်သည့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၅)ရပ်တို့ကို ပေါက်မြောက်အောင်မြင်စေရန် သိသာထင်ရှားစွာဖြည့်ဆည်းပေးပါလိမ့်မည်။ ဤပြုပြင်ပြောင်းလဲမှုများသည် မူကြိုနှင့် သူငယ်တန်းပညာရေး၊ အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ သင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုစသည့် နယ်ပယ်များတွင် တိုးတက်ကောင်းမွန်စေရေးကို အလေးပေးထားပါသည်။ အခြေခံပညာ ပြုပြင်ပြောင်းလဲမှု (၂၅)ခုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပညာရေးဝန်ကြီးဌာနရှိ အဓိကတာဝန်ယူဆောင်ရွက်မည့် ဦးစီးဌာနများကို ဇယား (၅.၁) တွင် ဖော်ပြထားပါသည်။



**ဇယား (၅.၁) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် အဆိုပြုတင်ပြထားသော အခြေခံပညာရေးဆိုင်ရာ အဓိကပြုပြင်ပြောင်းလဲမှုများနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးစီးဌာနများ**

| ဦးစီးဌာနများ | အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ သက်ဆိုင်ရာ အခန်းများ | အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် အဆိုပြုတင်ပြထားသော အခြေခံပညာရေးဆိုင်ရာ အဓိက ပြုပြင်ပြောင်းလဲမှုများ |
|---|---|---|
| အခြေခံပညာဦးစီးဌာန | **အခန်း(၄)** မူကြိုနှင့် သူငယ်တန်း ပညာရေး | (၁) မူကြိုပညာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို အားကောင်းအောင် ဆောင်ရွက်ခြင်း။<br>(၂) ဝင်ငွေနည်းပါးသော ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျား တိုင်းရင်းသားလူနည်းစု ဒေသများရှိ ကလေးများအတွက် မူကြိုဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း။<br>(၃) မူလတန်းကျောင်းသို့ ဝင်ရောက်မည့်ကလေးများကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးရန် မူကြိုကျောင်း များ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း။<br>(၄) ၅ နှစ်အရွယ်ကလေးများအတွက် သင်ရိုးသစ်ဖြင့် သူငယ်တန်းပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |
| | **အခန်း (၅)** ၂၁ ရာစု အတွက် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ | (၅) ကျောင်းများနှင့်မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒကို ချမှတ်ပေးခြင်း။<br>(၆) ပညာရေးဝန်ဆောင်မှုပေးသူအမျိုးမျိုး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် မိတ်ဖက်လုပ်ငန်းစနစ် ရေးဆွဲခြင်း။<br>(၇) အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများဆိုင်ရာ အသိပညာပေးရန် အသိပေး စည်းရုံးလှုံ့ဆော်မှုများ ကျင်းပခြင်းနှင့် အကောင်အထည်ဖော်ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများနှင့် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ သဘောထားအမြင်များကို လေ့လာခြင်း။ |
| | **အခန်း (၆)** အခြေခံပညာရေး- အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်း အကျုံးဝင်မှု | (၈) လက်ရှိကျောင်းများကို တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းနှင့် ကျောင်းအသစ်များ ဆောက်လုပ်ခြင်း။<br>(၉) အခြေခံပညာကျောင်းများအတွက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ပံ့ပိုးခြင်း။<br>(၁၀) အခက်အခဲရှိသော ကျောင်းသားများအား အခြေခံပညာသင်ယူမှု အခွင့်အလမ်း သာတူညီမျှမှု ရရှိစေရေးအတွက် ပံ့ပိုးခြင်း။<br>(၁၁) အခြေခံပညာကျောင်းများအတွက် ကျောင်းအရည်အသွေး စံသတ်မှတ်ချက်များသတ်မှတ်ခြင်းနှင့် အရည်အသွေး အာမခံမှုဆိုင်ရာ အကဲဖြတ်စိစစ်မှုများ ဆောင်ရွက်ခြင်း။<br>(၁၂) ကျောင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ အကောင်အထည်ဖော်ရန်အတွက် ကျောင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ကြေးများဖြင့် ပံ့ပိုးခြင်း။<br>(၁၃) အရည်အသွေးမြှင့်တင်ရေးသင်တန်းများဖြင့် ကျောင်းဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုကို အားကောင်းစေခြင်း။ |
| ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန | **အခန်း (၇)** အခြေခံပညာ သင်ရိုးညွှန်းတမ်း | (၁၄) ၂၁ ရာစုဆိုင်ရာကျွမ်းကျင်မှုများကို အလေးပေးပြီး အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို ခေတ်နှင့် လျော်ညီအောင် ပြန်လည်မွမ်းမံခြင်း။<br>(၁၅) သင်ရိုးညွှန်းတမ်းအသစ်အတွက် ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များ ပြုစုခြင်း။<br>(၁၆) သင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲသူများ၏ အတတ်ပညာ ဆိုင်ရာစွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။<br>(၁၇) သင်ရိုးညွှန်းတမ်း စီမံခန့်ခွဲမှုစနစ်နှင့် သင်ရိုးညွှန်းတမ်း လေ့လာကြီးကြပ်အကဲဖြတ်ခြင်း စနစ်များကို အားကောင်းအောင်ဆောင်ရွက်ခြင်း။ |
| မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန | **အခန်း(၈)** ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း | (၁၈) အမျိုးသားပညာရည်စစ်ဆေးခြင်းဆိုင်ရာ မူဝါဒရေးဆွဲအကောင်အထည်ဖော်ခြင်း။<br>(၁၉) အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ် တစ်ခုထူထောင်ခြင်း။<br>(၂၀) ပဉ္စမတန်း၊ နဝမတန်းနှင့် ဒွါဒသမတန်း စာမေးပွဲများကို အားကောင်းစေရန် ဆောင်ရွက်ခြင်း။<br>(၂၁) မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနကို ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းပြီး၊ အဓိကကျသော နည်းပညာနယ်ပယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။<br>(၂၂) သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာစနစ်များကို အားကောင်းစေခြင်း။ |
| ဆရာအတတ်ပညာဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန | **အခန်း (၉)** ဆရာအတတ် ပညာရေးနှင့် စီမံခန့်ခွဲမှု | (၂၃) ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုကို ပိုမိုအားကောင်းစေခြင်း။<br>(၂၄) လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေး အရည်အသွေး တိုးမြှင့်ခြင်း။<br>(၂၅) လုပ်ငန်းခွင် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု အရည်အသွေး တိုးမြှင့်ခြင်း။ |


အခြေခံပညာပြုပြင်ပြောင်းလဲမှု၏ ယေဘုယျအောင်မြင်မှုကို အဆုံးအဖြတ်ပေးမည့် အဓိကကျသောအချက်တစ်ခုမှာ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများက ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအမျိုးမျိုးကို ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် အတိုင်းအတာပင်ဖြစ်ပါသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် ဆရာအတတ်ပညာရေးစသည့် ပြုပြင်ပြောင်းလဲရေး နယ်ပယ်များအကြား ပေါင်းစည်းဆောင်ရွက်မှုများ မြင့်မားလာစေရေးအတွက် ပညာရေးဝန်ကြီးဌာန၏ထိရောက်သောပေါင်းစပ်ညှိနှိုင်းမှုနှင့် ဦးဆောင်မှုသည် အလွန်အရေးကြီးပါသည်။ အပြန်အလှန်ဖြည့်ဆည်းပေးနိုင်သည့် ပညာရေးစနစ်များနှင့် ဝန်ဆောင်မှုပေးသူများ၏ စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်ကို အမြင့်မားဆုံးရရှိစေရေးအတွက်လည်း ပညာရေးဝန်ကြီးဌာန၏ ထိရောက်သော ပေါင်းစပ်ညှိနှိုင်းမှုသည် အလွန်အရေးကြီးပါသည်။ အဆိုပါစနစ်များက ကျောင်းပညာရေးစနစ်နှင့် အပြန်အလှန် ကူးပြောင်းပေးနိုင်သည့်လမ်းသွယ်များ ဖွင့်ပေးထားသောကြောင့်ဖြစ်ပါသည်။ ထိုဖြည့်ဆည်းပံ့ပိုးပေးသည့် ပညာရေးစနစ်များထဲတွင် ဥပမာအားဖြင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးစနစ်နှင့် ဘုန်းတော်ကြီးသင်ပညာရေးစနစ်တို့ ပါဝင်ပါသည်။ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုအပေါ်တွင် အကျိုးသက်ရောက်မှု အမြင့်မားဆုံးရရှိစေရန်နှင့် နိုင်ငံတော်အစိုးရနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များ အနေဖြင့် ရင်းနှီးမြှုပ်နှံသုံးစွဲလိုက်သည့် ငွေကြေးတန်ဖိုးနှင့်ညီမျှသော အကျိုးရလဒ်ရရှိစေရန်တို့အတွက် အခြေခံပညာပြုပြင်ပြောင်းလဲမှုများနှင့် အစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်မှု ရေရှည်တည်တံ့ရေးသည် အထူးအရေးကြီးပါသည်။

အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရေး အောင်မြင်စေရန် အတွက် အဓိကကျသော ဒုတိယအချက်တစ်ခုမှာ ပြုပြင်ပြောင်းလဲမှုများကို အစီအစဉ် တကျ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သောပြုပြင်ပြောင်းလဲမှုများကို ဆီလျော်စွာစီစဉ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပါက ရည်ရွယ်ထားသည့်အကျိုး ရလဒ်များ ပေါက်မြောက်အောင်မြင်ပြီး ရေရှည်တည်တံ့နိုင်ခြေ မြင့်မားပါသည်။ ဥပမာအားဖြင့် ကျောင်းအရည်အသွေးတိုးတက်ရေး ထောက်ပံ့ကြေး၏ အကျိုးရလဒ်ကို မြင့်မားစေရန်အတွက် မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များက ကျောင်းအရည်အသွေး စံသတ်မှတ်ချက်အညွှန်းဘောင် (အထက်တွင်ဖော်ပြထားသည့် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအမှတ်စဉ်-၁၁)ကို အသုံးပြုပြီးကျောင်းအရည်အသွေး တိုးတက်ရေး ထောက်ပံ့ကြေး (အထက်တွင်ဖော်ပြထားသည့် အခြေခံပညာပြုပြင်ပြောင်းလဲမှု လုပ်ငန်းအမှတ်စဉ်-၁၂) ရရှိမည့်ကျောင်းများကို အဆိုပါထောက်ပံ့ကြေးမပေးမီ စစ်ဆေး ပြီးဖြစ်နေရမည်ဖြစ်ပါသည်။ ထို့အတူ ကျောင်းအရည်အသွေးတိုးတက်ရေးထောက်ပံ့ ကြေးများမရရှိမီ ကျောင်းအုပ်များအနေဖြင့် ကျောင်းဦးဆောင်မှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း (အထက်တွင်ဖော်ပြထားသည့် အခြေခံပညာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအမှတ်စဉ် - ၁၃) ရရှိပြီးဖြစ်လျှင် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ သို့မှသာ ကျောင်းအရည်အသွေး တိုးတက်ရေး ထောက်ပံ့ကြေးများကို အသုံးပြုရေး အတွက် အခြေခံဖြစ်သည့် ကျောင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ရေးဆွဲ နိုင်မည့် အသိပညာနှင့် ကျွမ်းကျင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။



ပုံ (၅.၁) အခြေခံပညာရေးပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်



အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရေး အောင်မြင်စေရန်အတွက် အရေးကြီးသောတတိယအချက်တစ်ခုမှာ ပညာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းရှိ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများ အထူးသဖြင့် ကျောင်းသားများ၊ မိဘများနှင့်ဆရာများအား ပြုပြင်ပြောင်းလဲမှုများကို မည်သည့်အတွက်ကြောင့်ဆောင်ရွက်ရသည်၊ သင်ကြားရေးနှင့် ကျောင်းသားများ သင်ယူတတ်မြောက်မှုတို့တွင် မည်သို့သောတိုးတက်မှုများ ရရှိနိုင်သည် တို့နှင့်စပ်လျဉ်းပြီး သေချာစွာရှင်းလင်းအသိပေးရန်ဖြစ်ပါသည်။ အမျိုးသားအဆင့်ပညာရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို သိရှိနားလည်ရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရေးနှင့် ရေရှည်တည်တံ့ရေးတို့အတွက် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဆက်သွယ်ဆောင်ရွက်ရေး၏ အရေးပါမှုကို အလေးပေးဖော်ပြထားသည့် နိုင်ငံတကာသုတေသနစာတမ်း အမြောက်အမြားရှိပါသည်။ ထို့ကြောင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်အတွက် အမျိုးသားပညာရေးစနစ်၏ အဆင့်အားလုံးရှိ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများကို အဆိုပါပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ အသိပေးစည်းရုံးလှုံ့ဆော်ရန်အလွန်အရေးကြီးပါသည်။

အခြေခံပညာပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်းသည့်ထိရောက်သောပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ်တကျစီစဉ်မှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့၏ အရေးကြီးပုံ ထင်ရှားပေါ်လွင်စေရန် အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်တွင်ဖော်ပြထားပါသည်။

## ၅.၁။ အခြေခံပညာ ပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်

အခြေခံပညာကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရမည့် အဓိကနယ်ပယ်များဖြစ်သည့် (က) အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု (ခ) သင်ရိုးညွှန်းတမ်း (ဂ) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း (ဃ) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု စသည်တို့အကြား အပြန်အလှန် အမှီသဟဲရှိမှုနှင့် ဖြည့်စွက်ပံ့ပိုးမှုတို့ကို အခြေခံပညာပြုပြင်ပြောင်းလဲမှုသဘောတရားအညွှန်းဘောင်ပုံ (၅.၁) တွင် ဖော်ပြထားပါသည်။ ထို့ပြင် ဤအညွှန်းဘောင်တွင် အရေးကြီးသည့် လမ်းညွှန်အခြေခံမှု (၄)ရပ်ကို အလေးပေးဖော်ပြထားပါသည်။ ဤအခြေခံမှုများကို အောက်တွင် ရှင်းလင်းဖော်ပြထားပါသည်။

### အခြေခံမှု (၁) စီမံကိန်းလုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် အစီအစဉ်များကို စနစ်တကျပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို အမြင့်မားဆုံး တိုးတက်စေခြင်း။

ကျောင်းသားများ သင်ယူတတ်မြောက်မှု အမြင့်မားဆုံးတိုးတက်စေရန် အခြေခံပညာ ပြုပြင်ပြောင်းလဲမှု နယ်ပယ် (၄) ခုဖြစ်သည့် အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ သင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုတို့ အပြန်အလှန်ချိတ်ဆက်ပေါင်းဆုံခြင်းသည် ဤအညွှန်းဘောင်၏ အဓိကအချက်ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ရင်းနှီးမြှုပ်နှံမှုတွင် ငွေကြေးတန်ဖိုးနှင့်အညီအမြင့်မားဆုံးအကျိုးရလဒ်ကို ဖော်ပြနေပြီး စီမံကိန်းအကောင်အထည်ဖော်ရာတွင် ထိရောက်မှုမြင့်မားကြောင်းကိုလည်း ဖော်ပြနေပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသော အခြေခံပညာရေးဆိုင်ရာ အဓိကပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရေးကို သေချာစွာအစီအစဉ်တကျ ညှိနှိုင်းဆောင်ရွက်ရာတွင်အကောင်းဆုံး မျှော်မှန်းရလဒ်ကိုရရှိရန်အတွက်ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများအကြား အနီးကပ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲမှုနယ်ပယ်တစ်ခုတွင် လူသားနှင့်ငွေကြေးအရင်းအမြစ်များကို အလွန်အကျွံ ရင်းနှီးမြှုပ်နှံပြီး တခြားနယ်ပယ်များတွင် လျော့ပေါ့မြှုပ်နှံခြင်းသည် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အောင်မြင်မှုရရှိရေးကို ထိခိုက်စေနိုင်ပါသည်။ ဥပမာအားဖြင့် ဆရာများအား စာသင်ခန်းအတွင်း အပြန်အလှန်ဆက်သွယ်ပြောဆို သင်ကြားသည့်နည်းစနစ်များကို လေ့ကျင့်သင်ကြားပေးထားသော်လည်း စာသင်ခန်းများတွင် အသုံးပြုရန်အတွက် သင်ရိုးညွှန်းတမ်းနှင့်ဆိုင်သည့် သင်ထောက်ကူပစ္စည်းအသစ်များ မရရှိနိုင်ပါက သင်တန်းများမှ သင်ယူရရှိခဲ့သည်များကို လက်တွေ့အသုံးမပြုနိုင်ကြောင်းမှာ သိသာထင်ရှားသည်။ ဆရာများသည် ရှိရင်းစွဲ ဆရာဗဟိုပြုနည်းစနစ်များဆီသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိသွားနိုင်ခြေများပြီး ဆရာအတတ်သင်တန်းပို့ချမှုတွင် ရင်းနှီးမြှုပ်နှံခဲ့သည်များကို ဖြုန်းတီးရာရောက်ပါမည်။

### အခြေခံမှု (၂) ကျောင်းသားများ၏ သင်ယူမှု တိုးတက် ကောင်းမွန်စေရန် တက်ကြွပြီး အပြန်အလှန် တာဝန်ခံ၊ တာဝန်ယူမှုရှိစေခြင်း။

အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် အမျိုးသားပညာရေးစနစ်အတွင်းရှိ အဆင့်အားလုံးမှ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများအကြား ထိရောက်သောအပြန်အလှန် တာဝန်ခံမှု၊ တာဝန်ယူမှုပေါ်တွင် အပြည့်အဝမူတည်နေပါသည်။

နိုင်ငံတော်အဆင့်တွင် အဆင့်မြင့်အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသားများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကဲ့သို့သော ပြင်ပရှိ ပူးပေါင်းဆောင်ရွက်သူအားလုံးသည် ပညာရေးဝန်ကြီးဌာန၏ စွမ်းဆောင်ရည်ကို လေ့လာစောင့်ကြည့်ရာတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ဤသက်ဆိုင်သူများနှင့် ပညာရေးဝန်ကြီးဌာနအကြား အပြန်အလှန်တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေခြင်းကို အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်ပုံ (၅.၁) တွင်ဖော်ပြထားပါသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်နှင့် အလယ်အလတ် စီမံခန့်ခွဲသူများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ/စီမံခန့်ခွဲသူများအကြားခိုင်မာထိရောက်သောအပြန်အလှန်တာဝန်ခံမှု၊တာဝန်ယူမှုရှိခြင်းသည်လည်း အရေးကြီးပါသည်။ ဤသို့ အပြန်အလှန်တာဝန်ခံမှု၊ တာဝန်ယူမှုရှိခြင်းသည် ကျောင်းများတွင် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရေး အောင်မြင်ရန်အတွက်မရှိမဖြစ်လိုအပ်သော ပံ့ပိုးမှုဖြစ်ပါသည်။

သို့သော် အဓိကအကျဆုံးမှာ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်များ၊ မိဘဆရာအသင်းများအကြား အပြန်အလှန်တာဝန်ခံမှု၊ တာဝန်ယူမှုရှိခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်မှုနှင့် ကျောင်းသားများ သင်ယူတတ်မြောက်မှုတို့တွင် တိုင်းတာသိရှိနိုင်သောတိုးတက်မှုများ ရရှိစေရေးတို့အတွက် ကျောင်းများကတာဝန်ခံစေရန် မြို့နယ်ပညာရေးမှူးများတွင် တိုက်ရိုက်တာဝန်ရှိပါသည်။





## အခြေခံမှု (၃) မြို့နယ်နှင့် ကျောင်းအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာမူဝါဒ ပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုခြင်း။

ကျောင်းများနှင့်မြို့နယ်များ၏ ဒေသအလိုက် မတူကွဲပြားသော အနေအထားများကို အသိအမှတ်ပြုခြင်း မရှိပါက ဗဟိုကစီမံခန့်ခွဲသော အခြေခံပညာပြုပြင် ပြောင်းလဲမှုများကို ကျောင်းများတွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်မဟုတ်ပေ။ ဤအချက်သည် မကြာမြင့်သေးသည့်နှစ်များအတွင်းက နိုင်ငံတကာတွင်ကြုံတွေ့ခဲ့ရသည့် ပြုပြင်ပြောင်းလဲမှု မအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ ဗဟိုက စီမံခန့်ခွဲသည့် ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် အောက်ခြေမှတက်လာသော ဖြည့်စွက်ပံ့ပိုးပေးသည့်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများ၏ အရေးပါမှုကို ဝန်ကြီးဌာနများက အသိအမှတ်ပြုမှု နည်းပါးပါသည်။

အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းများတွင် အပြောင်းအလဲများပြုလုပ်နိုင်ရန် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများအား လုပ်ပိုင်ခွင့်များနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များ ပိုမိုအပ်နှင်းထားရန် လိုအပ်ပါသည်။ ထို့ပြင် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျောင်းများကို ပံ့ပိုးပေးနိုင်ရန် မြို့နယ်အဆင့် ပညာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလည်း လုပ်ပိုင်ခွင့်များပိုမိုပေးရန် လိုအပ်ပါသည်။

ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် ဤအခြေခံသဘောတရားကို လျစ်လျူရှုထားပါက ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများအနေဖြင့် မိမိတို့၏ ကျောင်းအသိုက်အဝန်းအတွင်း အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို ရေရှည်ထိန်းသိမ်းဆောင်ရွက်ရန် လုပ်ပိုင်ခွင့်မရှိခြင်းကြောင့် ပြုပြင်ပြောင်းလဲမှုများ အောင်မြင်နိုင်ခြေနည်းပါးပါလိမ့်မည်။ ဥပမာအားဖြင့် ကျောင်းအုပ်များအနေဖြင့် သင်ကြားရေးနည်းစနစ်အသစ်ကို လက်ခံအသုံးပြုရန် သို့မဟုတ် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းအသစ်များ အသုံးမပြုသည့် ဆရာများကို မြို့နယ်ပညာရေးမှူးရုံးများသို့ အစီရင်ခံတင်ပြနိုင်ရန်အတွက်ထိရောက်သောတာဝန်ယူမှုနှင့် စပ်လျဉ်းသည့်လုပ်ထုံးလုပ်နည်းများ လိုအပ်ပါသည်။ ထို့ပြင် အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို ကျောင်းအုပ်များနှင့် ဆရာများက အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် စောင့်ကြည့်လေ့လာရေးနှင့် ၎င်းတို့၏တာဝန်ခံမှုကို တောင်းဆိုရေးတို့အတွက် မိဘဆရာအသင်းများအနေဖြင့် လုပ်ပိုင်ခွင့်များရရှိရန် လိုအပ်ပါသည်။

## အခြေခံမှု (၄) အခြေခံပညာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုရန် ကျောင်းများကို လုပ်ပိုင်ခွင့်ပေးသော နည်းလမ်းများ ဖော်ထုတ်ခြင်း။

အခြေခံပညာပြုပြင်ပြောင်းလဲမှုများအကောင်အထည်ဖော်ခြင်းကိုပံ့ပိုးရေးအတွက် ကျောင်းများတွင် စီမံချက်များရေးဆွဲရန်၊ ရန်ပုံငွေရယူရန်နှင့် လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန် ထိရောက်သောနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ ရှိရပါမည်။ ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်ရွက်မှုကို ရေရှည်တည်တံ့စေရန်နှင့် အထောက်အကူပြုနိုင်ရန် ကျောင်းများကို လုပ်ပိုင်ခွင့်ပေးသောနည်းလမ်းများအဖြစ် ကျောင်းအရည်အသွေးအာမခံမှု စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များနှင့် ကျောင်းအရည်အသွေးထောက်ပံ့ကြေးများကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ အဆိုပါပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအခန်း(၆)တွင် ဖော်ပြထားပါသည်။

မြို့နယ်အခြေပြု ကျောင်းစစ်ဆေးသူများသည် ဘက်စုံလွှမ်းခြုံမှုရှိသော စံသတ်မှတ်ချက်အခြေပြု ကျောင်းအရည်အသွေး အာမခံမှုအကဲဖြတ်ခြင်းကို ဆောင်ရွက်ပြီး ကျောင်းအုပ်ထံ ကျောင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှု အစီရင်ခံစာပေးရပါမည်။ ကျောင်းအုပ်နှင့် မိဘဆရာအသင်းတို့က ကျောင်းအရည်အသွေးအကဲဖြတ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသော တွေ့ရှိချက်များကိုအသုံးပြု၍ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တစ်ခု ရေးဆွဲအကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ကျောင်းများ၏ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်နိုင်ရန် ကျောင်းအရည်အသွေး ထောက်ပံ့ကြေးများကို ပံ့ပိုးပေးမည်ဖြစ်သည်။



## ၅.၂။ အခြေခံပညာရေးဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ (ဇယား- ၅.၁) အောင်မြင်စွာ အကောင်အထည်ဖော်ရေးကို ပံ့ပိုးရန်အတွက် အောက်ဖော်ပြပါမဟာဗျူဟာ (၃) ရပ်ကို ဆောင်ရွက်ပြီး အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်ပါ အခြေခံမူ (၄) ရပ်ကို အောင်မြင်ပြီးမြောက်စေမည်ဖြစ်သည်။

### ၅.၂.၁။ မဟာဗျူဟာ (၁) မူဝါဒ၊ ဥပဒေနှင့် စနစ်များကို အားကောင်းစေခြင်း

ဤမဟာဗျူဟာကို အကောင်အထည်ဖော်ရန် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေး မူဝါဒ၊ ဥပဒေနှင့် စနစ်များအစီအစဉ်ကို အကောင်အထည်ဖော်ရပါမည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းများပါဝင်မည် ဖြစ်ပါသည် -

#### လုပ်ငန်းအစီအစဉ် (၁) ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာမူဝါဒ။

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၅)၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာ သုံးသပ်ရေးလုပ်ငန်းအဆင့်(၂) အစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစီရင်ခံစာများအားလုံးသည် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်မှုကို ပံ့ပိုးရန်နှင့် ကျောင်းသားများသင်ယူတတ်မြောက်မှု တိုးတက်လာစေရေးတို့ကိုပံ့ပိုးရန်တို့အတွက် ကျောင်းများနှင့်မြို့နယ်များတွင် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးကို ထောက်ခံအကြံပြုထားပါသည်။

အခြေခံပညာပြုပြင်ပြောင်းလဲမှုများ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရာတွင် နယ်ပယ်အားလုံးကို အတူတကွပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများက တက်တက်ကြွကြွနှင့် အင်တိုက်အားတိုက် ဦးဆောင်မှုပြုရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ကျောင်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည် ဖြစ်ပါသည်-

- ကျောင်းများတွင် သင်ကြားသင်ယူမှုအရည်အသွေး တိုးတက်မြင့်မားလာစေရန် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက်တစ်ခု ရေးဆွဲအကောင်အထည်ဖော်ရမည်။
- ဆရာများသည် ကျောင်းအုပ်စုတွင်း သင်တန်းများတက်ရောက်ပြီး စာသင်ခန်းများတွင် အပြန်အလှန် ဆက်သွယ်ပြောဆိုသင်ကြားသည့် နည်းစနစ်များ ကျင့်သုံးရမည်။
- မူလတန်း ကျောင်းသားအားလုံးသည် အခမဲ့ ပညာရေးအစီအစဉ်အရ ပညာရေးဝန်ကြီးဌာနက ပံ့ပိုးသော ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများ ရယူခွင့်ရှိသည်။
- ဆရာအားလုံးသည် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒတွင် ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ သတ်မှတ်ဖော်ပြထားသော ချဉ်းကပ်နည်းအသစ်များကို လက်ခံကျင့်သုံးရမည်။
- ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုတိုးတက်စေရေးအတွက် စာသင်ခန်းတွင်း ဆောင်ရွက်လျက်ရှိသော အပြောင်းအလဲများနှင့်ပတ်သက်ပြီး မိဘများကို သိရှိနားလည်အောင် အသိပေးဆောင်ရွက်ရမည်။

တိုးမြှင့်ထားသော ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်နိုင်ရန် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများကို ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒအသစ်ဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များ ပိုမိုအပ်နှင်းထားရမည်ဖြစ်သည်။ ဤမူဝါဒသည် ကျောင်းများတွင် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နှောင့်နှေးစေမည့် ကျောင်းနှင့် ရပ်ရွာရှိ အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းနိုင်စေမည်ဖြစ်သည်။ အလားတူပင် ကျောင်းနှင့် သက်ဆိုင်သည့်အရေးကိစ္စများတွင် မိဘများ ပိုမိုပါဝင်ခွင့်ရရှိလာရန်နှင့် ကလေးများအတွက် သင်ယူမှုအရည်အသွေးတိုးတက်ကောင်းမွန်လာရေးကို တက်ကြွစွာ တောင်းဆိုလာရန်တို့အတွက် ဒေသအလိုက်အုပ်ချုပ်ရေးအစီအမံဆိုင်ရာ အပြောင်းအလဲများသည်လည်း အရေးကြီးသောကိစ္စရပ်များဖြစ်သည်။ ထို့ပြင် မြို့နယ်ပညာရေးမှူးများ၏ ကြီးကြပ်ရေး၊ တာဝန်ခံမှုနှင့် ပံ့ပိုးအကြံပေးခြင်းများကိုလည်း အားကောင်းအောင် ဆောင်ရွက်ရန် အရေးကြီးပါသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် ကျောင်းများနှင့်မြို့နယ်များတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုင်ရာ အမျိုးသားမူဝါဒအသစ်တစ်ခုကို လေ့လာသုတေသနပြုမှုကြမ်းရေးဆွဲပြီး စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤမူဝါဒသည် ကျောင်းထောက်ပံ့ကြေးပေးခြင်းကိုတိုးချဲ့ဆောင်ရွက်ရာတွင် အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု အခန်းတွင် အဆိုပြုတင်ပြထားသော ကျောင်းအရည်အသွေးထောက်ပံ့ကြေးပေးခြင်း ပါဝင်လာစေရေးအတွက် တရားဝင်အညွှန်းဘောင်တစ်ခုကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။

ဤလုပ်ငန်းအစီအစဉ်တွင် အဓိကကျသော လုပ်ငန်းတစ်ရပ်မှာ မြို့နယ်အဆင့် ပညာရေးဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျောင်းအုပ်များနှင့် မိဘဆရာအသင်းအဖွဲ့ဝင်များကို အထက်တွင်ဖော်ပြခဲ့သည့် အမျိုးသားအဆင့် မူဝါဒအသစ်နှင့် ပတ်သက်ပြီး သင်တန်းပို့ချခြင်းဖြစ်သည်။

### ၅.၂.၂။ မဟာဗျူဟာ (၂) ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း

ဤမဟာဗျူဟာတွင် အစိုးရမဟုတ်သော လုပ်ကိုင်ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရ၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်း(Public-Private Partnership-PPP)၊ဒေသတွင်း၊ ဒေသဆိုင်ရာအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မိဘ၊ ရပ်ရွာတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်းများကိုအလေးထားဆောင်ရွက်မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနသည် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်သည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းများပါဝင်မည်ဖြစ်ပါသည်-

#### လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးဝန်ဆောင်မှုပေးသူ အမျိုးမျိုး၏ ပါဝင်ဆောင်ရွက်မှုကိုပံ့ပိုးရန် အတွက် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခုကို ရှာဖွေဖော်ထုတ်ခြင်း။

အခြေခံပညာ ပြုပြင်ပြောင်းလဲမှု အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အရေးကြီးသောအချက်တစ်ခုမှာ အဆိုပါအပြောင်းအလဲများကို အခြေခံပညာသင်ကြားပေးနေကြသည့် တခြားအဖွဲ့အစည်းများအတွင်းသို့ မည်သည့်အတိုင်းအတာအထိ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်မည်ဆိုသည့်အချက်ဖြစ်သည်။ ထိုအဖွဲ့အစည်းများထဲတွင် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများက တည်ထောင်ထားသောကျောင်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ရန်ပုံငွေပံ့ပိုးပေးသော ကျောင်းများ၊ ရပ်ရွာအခြေပြုကျောင်းများ၊ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပါဝင်ပါသည်။

အထက်ဖော်ပြပါအချက်များ ပေါက်မြောက်အောင်မြင်စေရန်အတွက် ပညာရေးဝန်ကြီးဌာနသည် ရေရှည်ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းများရှာဖွေရန်နှင့် သတင်းအချက်အလက်များမျှဝေရန် ဤအဖွဲ့အစည်းများအားလုံးကိုစုစည်းနိုင်မည့် ထိရောက်သော ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ခု လိုအပ်ပါသည်။ ဤအဖွဲ့အစည်းများနှင့် ပညာရေးဝန်ကြီးဌာနအကြား ထိရောက်သော ပေါင်းစပ်ညှိနှိုင်းမှုရှိလျှင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက် အပြောင်းအလဲ (၉) ရပ်ကို ပေါက်မြောက်အောင်မြင်စေရန် သိသာထင်ရှားသော အပြုသဘောဆောင်သည့် ကူညီပံ့ပိုးမှုပြုလုပ်နိုင်မည့် အလားအလာရှိပါသည်။

## ၅.၂.၃။ မဟာဗျူဟာ (၃) ထောက်ခံအားပေးမှုရယူခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

ဤမဟာဗျူဟာကိုအကောင်အထည်ဖော်ရန် ပညာရေးဝန်ကြီးဌာနသည်ထောက်ခံအားပေးမှုရယူရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေးအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းများ ပါဝင်မည်ဖြစ်ပါသည်-

### လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို နားလည်သဘောပေါက်စေရန် ဆက်သွယ်စည်းရုံးလှုပ်ရှားခြင်း။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို စတင်အကောင်အထည်ဖော်သည့် ပထမနှစ်တွင် ပညာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပညာရေးဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျောင်းအုပ်များ၊ ဆရာများနှင့် အခြေခံပညာကျောင်းများမှ မိဘကိုယ်စားလှယ်များကို ဦးတည်လျက် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများကို နားလည်သဘောပေါက်ရန် ဆက်သွယ်စည်းရုံးလှုပ်ရှားမှုတစ်ခုကို စီစဉ်ရေးဆွဲကာ စတင်ဆောင်ရွက်မည် ဖြစ်သည်။ ဤဆက်သွယ်စည်းရုံးလှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ စာသင်ခန်းတွင်း သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက်ရေးတို့အတွက် အခြေခံပညာပြုပြင်ပြောင်းလဲမှုများက မည်သို့ဖြည့်ဆည်းပေးမည်၊ မည်သည့်လုပ်ငန်းများပါဝင်မည်နှင့် ပတ်သက်၍ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ နားလည်သဘောပေါက်လက်ခံလာစေရန် ဖြစ်သည်။ အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုမီ ကောင်းစွာနားလည်မှုရှိစေရေးသည် ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများအတွက် အလွန်အရေးကြီးသည်။ သို့မဟုတ်ပါက နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများ၌ အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၎င်းတို့၏ ပံ့ပိုးမှုအားနည်းမည့် အလားအလာမြင့်မားနိုင်ပါသည်။

နိုင်ငံတကာသုတေသနစာတမ်းများက ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊ အထူးသဖြင့် ကျောင်းအုပ်များ၊ ဆရာများအကြား ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို နားလည်သဘောပေါက်လက်ခံယုံကြည်မှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုမရှိခြင်းသည် အကောင်အထည်ဖော်ရေးနှင့် အောင်မြင်ရေးအတွက် ပြင်းထန်စွာထိခိုက်စေကြောင်းတွေ့ရှိခဲ့သည်။ နိုင်ငံအတော်များများတွင် နားလည်သဘောပေါက်လက်ခံယုံကြည်မှုမရှိခြင်းကြောင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များပျက်စီးဆုံးရှုံးစေပြီး၊ ငွေကြေးအမြောက်အမြား ဖြုန်းတီးရုံသာမက ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကိုလည်း ထိခိုက်စေပါသည်။ စနစ်တကျစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိခဲ့သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကအမျိုးသားပညာရေးစနစ်တစ်ခုလုံးအပေါ် ကြီးမားသောရေရှည်ထိခိုက်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ပြုပြင်ပြောင်းလဲရေးကို နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့သော်လည်း တချို့သောနိုင်ငံများတွင် ကျောင်းအုပ်များ၊ ဆရာများနှင့် မိဘများကဲ့သို့သော ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများအကြား ခိုင်မာသောနားလည်သဘောပေါက်လက်ခံမှုမရှိခြင်းကြောင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုအပိုင်းတွင် တိုးတက်မှုအားနည်းပါသည်။

နိုင်ငံတစ်ဝန်းလုံးရှိကျောင်းများတွင်အခြေခံပညာပြုပြင်ပြောင်းလဲမှုများအပြည့်အဝနေသားတကျဖြစ်လာစေရန်အလို့ငှာ အနည်းဆုံး (၁၀)နှစ်ခန့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်ကိုလည်း သတိပြုမိရန်အရေးကြီးသည်။ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများတွင် ဆရာစုစုပေါင်း (၃၃၀,၀၀၀)ကျော်ရှိပြီး၊ အပြန်အလှန်ပြောဆိုဆက်သွယ်သင်ကြားမှုနည်းသစ်နှင့် စာသင်ခန်းတွင်းစစ်ဆေးအကဲဖြတ် နည်းသစ်များကိုလက်ခံအသုံးပြုရေးအတွက် ဆရာများအားလေ့ကျင့်သင်ကြားပံ့ပိုးပေးရန် အနည်းဆုံး (၁၀)နှစ် ကြာမြင့်မည် ဖြစ်သည်။ ဤ (၁၀)နှစ်တာ အချိန်ကာလကိုထည့်သွင်းစဉ်းစားလျက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ကနဦးအစကပင် နားလည်သဘောပေါက် လက်ခံယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာခိုင်မာသောအုတ်မြစ်ကိုတည်ဆောက်ရန်အထူးအရေးကြီးပါသည်။

ထို့ကြောင့် ပညာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအုပ်များ၊ ဆရာများနှင့် မိဘများနားလည်သဘောပေါက် လက်ခံလာစေရန် ရည်ရွယ်လျက် အမျိုးသားအဆင့် ဆက်သွယ်စည်းရုံးလှုပ်ရှားမှုတစ်ခုကို ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ဤဆက်သွယ်စည်းရုံးလှုပ်ရှားမှု အစီအစဉ်က အခြေခံပညာ ပြုပြင်ပြောင်းလဲမှုကို ရေရှည်ပံ့ပိုးပေးနိုင်ရန် အမျိုးသားအဆင့် အပြောင်းအလဲကို စတင်အကောင်အထည်ဖော်သူများ၏ နိုင်ငံလုံးဆိုင်ရာကွန်ရက်တစ်ခုတည်ဆောက်နိုင်ရေးအတွက် အထူးကောင်းမွန်သော အခွင့်အလမ်းတစ်ခုကို ပံ့ပိုးပေးမည်ဖြစ်သည်။

### လုပ်ငန်းအစီအစဉ် (၂) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူတို့၏ သဘောထားအမြင်များကို လေ့လာမှုပြုလုပ်ခြင်း။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်စဉ်အတွင်း အောက်ပါလုပ်ငန်းများကို လွတ်လပ်စွာ ပုံမှန်လေ့လာရန် အလွန်အရေးကြီးပါသည်-

---

(က) အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများအောင်မြင်စွာ အကောင်အထည်ဖော်ရေးကို အဟန့်အတားဖြစ်စေမည့် မျှော်လင့်မထားသော အတားအဆီးများကို သိရှိနားလည်ပြီး ဖြေရှင်းဆောင်ရွက်ခြင်း။

---

(ခ) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကောင်းစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအခြေပြု ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ အမြင်များ၊ စိုးရိမ်ပူပန်မှုများနှင့်ထောက်ခံအကြံပြုချက်များကိုမှတ်တမ်းပြုစုခြင်း။

---

အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ ယေဘုယျအောင်မြင်မှုအတွက် အဓိကကျသောအချက်မှာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်များတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ပညာရေးဝန်ကြီးဌာန၏ အကျိုးရှိထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်သည့်စွမ်းရည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ ဖြစ်ကြသော အထူးသဖြင့် ကျောင်းအုပ်များ၊ ဆရာများ၊ မိဘများနှင့် ကျောင်းသားများ၏ အမြင်များကို ပုံမှန်မှတ်တမ်းတင်နိုင်ရေးသည်လည်း အလွန်အရေးပါသည်။ ဤအချက်သည်ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်းပညာရေးဝန်ကြီးဌာနကိုလိုအပ်သည့် မဟာဗျူဟာမြောက်ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်နိုင်စေမည်ဖြစ်ပါသည်။ထိုမှတစ်ဆင့်ထိုပြုပြင်ပြောင်းလဲမှုများရေရှည်တည်တံ့စေမည့်အခွင့်အလမ်းများကိုလည်း တိုးပွားလာစေမည်ဖြစ်ပါသည်။



## ၅.၃။ ရလဒ်အညွှန်းဘောင်များ

### ၅.၃.၁။ အဆင့်မြင့် ရလဒ်အညွှန်းဘောင်

| | | | |
|---|---|---|---|
| **မဟာဗျူဟာမြောက် အပြောင်းအလဲ** | ကလေးအားလုံး အရည်အသွေးရှိ အခြေခံပညာကို သင်ယူခွင့်ရရှိပြီး အတန်းစဉ်အဆင့်ဆင့် ဆက်လက်သင်ယူ ပြီးမြောက်နိုင်ကြမည်။ | | |
| **မဟာဗျူဟာများ** | **မဟာဗျူဟာ (၁)**<br>မူဝါဒ၊ ဥပဒေနှင့် စနစ်များ အားကောင်းစေခြင်း။ | **မဟာဗျူဟာ (၂)**<br>ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း။ | **မဟာဗျူဟာ (၃)**<br>ထောက်ခံအားပေးမှုရယူခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ |
| **စီမံကိန်း ကာလအပြီး ရလဒ်များ** | စာသင်ခန်းတွင်းသင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ တိုးတက်မြင့်မားလာစေရန် ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒဖြင့် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများကို လုပ်ပိုင်ခွင့် ပိုမိုအပ်နှင်းခြင်း။ | အခြေခံပညာပြုပြင်ပြောင်းလဲမှုများအကောင်အထည်ဖော်ရာတွင် ပညာရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းအသီးသီးက ပိုမိုတက်ကြွစွာဆောင်ရွက်လာခြင်း။ | အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ ထောက်ခံအားပေးမှု၊ ပံ့ပိုးကူညီမှုရရှိလာခြင်း။ |
| **ရလဒ် အညွှန်းကိန်းများ** | - ကွင်းဆင်း လေ့လာသော ကျောင်းများအနက်မှ ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဂါဒကို အောင်မြင်စွာ အကောင်အထည်ဖော်သည့် ကျောင်း ရာခိုင်နှုန်း။<br><br>- ကွင်းဆင်းလေ့လာခဲ့သော ကျောင်းများအနက်မှ ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို ပိုမိုရရှိခြင်းဖြင့် စာသင်ခန်းတွင်း သင်ကြားရေးနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို တိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အထောက်အထားပြနိုင်သော ကျောင်းရာခိုင်နှုန်း။<br><br>- ကွင်းဆင်း လေ့လာသော ကျောင်းများအနက်မှ ကျောင်းအရေးအရာ ကိစ္စရပ်များတွင် တက်ကြွစွာပါဝင်သော မိဘဆရာအသင်းများရှိသည့် ကျောင်းရာခိုင်နှုန်း။ | - အခြေခံပညာပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးဝန်ဆောင်မှုပေးသူ အမျိုးမျိုး၏ ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခု ထူထောင်ပြီးစီးခြင်း။<br><br>- အခြေခံပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ထည့်ဝင်မှုတိုးတက်သည့်ရာခိုင်နှုန်း။ | -အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းဆိုင်ရာ အသိပညာပေးစည်းရုံးလှုံ့ဆော်ရေး အကောင်အထည် ဖော်မှုအတွက် အတည်ပြုချက်နှင့် ရန်ပုံငွေ။<br><br>-အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ရှင်းလင်းတင်ပြပေးခဲ့သော ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူအရေအတွက်။<br><br>- အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများဆိုင်ရာ စစ်တမ်းကောက်ယူခဲ့သော ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူ အရေအတွက်။<br><br>- ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများ ပါဝင်ဆောင်ရွက်ခဲ့သော လွတ်လပ်သည့် အတွေးအမြင်ဆိုင်ရာ စစ်တမ်းကောက်ယူမှု အရေအတွက်။ |

## ၅.၃.၂။ မဟာဗျူဟာ (၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၁) မူဝါဒ၊ ဥပဒေနှင့်စနစ်များ အားကောင်းစေခြင်း။ | |
|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | အခြေခံပညာရေးမူဝါဒ၊ ဥပဒေနှင့်စနစ်များအစီအစဉ် |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)** ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒ။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက် ချမှတ်သည့်မူဝါဒကို ကျောင်းအုပ်များ၊ မိဘဆရာအသင်း ကိုယ်စားလှယ်များက နားလည်သဘောပေါက်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - အတည်ပြုပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဂါဒရှိလာခြင်း။<br>- အတည်ပြုပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒနှင့်စပ်လျဉ်း၍ မိတ်ဆက်သင်တန်းတက်ရောက်ပြီးသော ကျောင်း ၅၀ ရာခိုင်နှုန်းရှိလာခြင်း |



## ၅.၃.၃။ မဟာဗျူဟာ (၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၂) ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း။ | |
|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေးအစီအစဉ်** | ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးဝန်ဆောင်မှုပေးသူအမျိုးမျိုး၏ ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခုကို ရှာဖွေဖော်ထုတ်ခြင်း။ |
| စီမံကိန်းကာလအတွင်းရလဒ်များ | ပူးပေါင်းဆောင်ရွက်မှု မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။ ပညာရေးဝန်ကြီးဌာနနှင့် ဝန်ဆောင်မှုပေးသူ အမျိုးမျိုးတို့အကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း။ |
| စီမံကိန်းကာလအတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးထားသော ဝန်ဆောင်မှုပေးသူ စုစုပေါင်း ၇၀ ရာခိုင်နှုန်းရှိလာခြင်း။ |

## ၅.၃.၄။ မဟာဗျူဟာ (၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၃) ထောက်ခံအားပေးမှုရယူခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ | | |
|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | ထောက်ခံအားပေးမှုရယူရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေး အစီအစဉ် | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>အခြေခံပညာပြုပြင်ပြောင်းလဲမှုများကို နားလည်သဘောပေါက်စေရန် ဆက်သွယ်စည်းရုံးလှုပ်ရှားခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများ၏ သဘောထားအမြင်များကို လေ့လာမှု ပြုလုပ်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် အခြေခံပညာပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ အကြား ကျယ်ပြန့်စွာ နားလည်သဘောပေါက်မှုနှင့် ထောက်ခံမှု ရရှိလာခြင်း။ | ခရိုင်များ၊ မြို့နယ်များနှင့် ကျောင်းများမှ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ လွတ်လပ်သော စစ်တမ်းကောက်ယူမှု အစီရင်ခံစာများ၌ ဖော်ပြထားသည့် ထောက်ခံအကြံပြုချက်များအပေါ် မူတည်၍ ပညာရေးဝန်ကြီးဌာနက လေ့လာသုံးသပ်ခြင်းနှင့် ဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - ကျောင်းပေါင်း (၄၅,၀၀၀)မှ ကျောင်းအုပ်များနှင့် မိဘဆရာအသင်း ကိုယ်စားလှယ်များအား အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုဆိုင်ရာ မိတ်ဆက်သင်တန်းပို့ချခြင်း။<br>- အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပြက္ခဒိန် (၁၀၀,၀၀၀) နှင့် ပိုစတာ (၁၀၀,၀၀၀)ကို ကျောင်းအားလုံးသို့ ဖြန့်ဝေပြီးခြင်း။ | - အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ လေ့လာကြီးကြပ်ခြင်း အစီအစဉ်ကို ရေးဆွဲ၊ အတည်ပြုကာအကောင်အထည်ဖော်ခြင်း။<br>- ခရိုင်များ၊ မြို့နယ်များနှင့် ကျောင်းများမှ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများကို လွတ်လပ်သော စစ်တမ်းကောက်ယူမှု (၃)ကြိမ် ပြုလုပ်ပြီး ပညာရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း။ |



# ၆

# အခြေခံပညာရေး-
# အခွင့်အလမ်း၊
# အရည်အသွေးနှင့်
# လူတိုင်းအကျုံးဝင်မှု






၈
၁
၄
၇
၂
၃
၆

အခန်း (၆)

# အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု

## ၆.၁။ နိဒါန်း

ပညာရေးဝန်ကြီးဌာနသည် ကလေးအားလုံး အရည်အသွေးပြည့်ဝသော အခြေခံပညာကို သင်ယူခွင့်ပိုမိုတိုးတက်ရရှိစေရန် ရည်ရွယ်လျက် မကြာမြင့်သေးသည့် နှစ်များအတွင်းတွင် အခြေခံပညာပြုပြင်ပြောင်းလဲမှုအစီအစဉ် အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနသည် အခမဲ့မသင်မနေရ မူလတန်းပညာရေးကို စတင်ဆောင်ရွက်ခဲ့ပြီး၊ နိုင်ငံတော်အဆင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်နှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အခြေခံပညာရေးစနစ်ကို သူငယ်တန်း (KG)မှ ဒွါဒသမတန်းအထိ တိုးမြှင့်သင်ကြားမည့်စနစ်အဖြစ်ပြန်လည်ဖွဲ့စည်းရန်စီစဉ်ခဲ့သည်။ ဆရာများအပါအဝင် ပြည်သူ့ဝန်ထမ်းများ၏လစာကို တိုးမြှင့်ပေးခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဆရာများ၏ လစာအတွက် ထောက်ပံ့ငွေများကိုလည်း စတင်ပံ့ပိုးပေးခဲ့သည်။ ထိုပြုပြင်ပြောင်းလဲမှုများကြောင့် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုရှိကြောင်း အထောက်အထားများ ပေါ်ထွက်လာနေပြီဖြစ်ပါသည်။ အစီရင်ခံစာများအရ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းဝင်နှုန်းတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထိုသို့တိုးတက်လာသည့် အကြောင်းရင်းများထဲတွင် မိဘများကကျခံရသည့် ပညာသင်ယူမှုစရိတ်ကို လျှော့ချနိုင်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာရေးကဏ္ဍ၌ မူလတန်းကျောင်း (၃၅,၆၅၀) ကျောင်း၊ အလယ်တန်းကျောင်း (၆,၂၂၄) ကျောင်း၊ အထက်တန်းကျောင်း (၃,၅၁၃) ကျောင်းတွင် ကျောင်းသားပေါင်း (၈,၈၅၃,၄၈၀) ဦး တက်ရောက်သင်ယူခဲ့ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်တွင်ရှိပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားလျက်ရှိသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (၁,၅၃၈)ကျောင်းတွင် ကျောင်းသားဦးရေ (၃၀၀,၀၀၀)နီးပါး သင်ယူခဲ့ပါသည်။ ပုဂ္ဂလိကကျောင်း (၄၃၈) ကျောင်းနှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများက တည်ထောင်ထားသောကျောင်းများကဲ့သို့ အခြေခံပညာကို သင်ကြားပေးလျက်ရှိသည့် တခြားကျောင်းများလည်းရှိပါသည်။ သို့ရာတွင် ထိုကျောင်းများနှင့်ပတ်သက်၍ ပြည့်စုံသော သတင်းအချက်အလက်များမရှိသေးပါ။ အခြေခံပညာရေးနှင့်စပ်လျဉ်းသောကိစ္စများကို အခြေခံပညာဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများ၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးရုံးများကိုလည်း ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

လွန်ခဲ့သော နှစ်များအတွင်း အခြေခံပညာကဏ္ဍ၌ အောင်မြင်မှုများရရှိခဲ့သည့်တိုင် သင်ယူမှု အခွင့်အလမ်း၊ ကျောင်းနေမြဲရေးနှင့် လူတိုင်းအကျုံးဝင်မှု၊ ကျောင်းအရည်အသွေးနှင့် အရည်အသွေး တိုးတက်မှုလေ့လာကြီးကြပ်ခြင်းတို့နှင့် ဆက်စပ်နေသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ကလေးအများစုအနေဖြင့် ကျောင်းတက်ရောက်ရန် အခွင့်အလမ်းများ ရှိကြသည်။ ကျောင်းသို့ဝင်ရောက်လာသော ကလေးများတွင်လည်း ယောကျ်ားလေးနှင့် မိန်းကလေးဦးရေမှာ တန်းတူညီမျှရှိကြပါသည်။ သို့ရာတွင် ကလေးအများစုမှာ ကျောင်းဝင်နောက်ကျကြပြီး အထူးသဖြင့် ယောကျ်ားလေးများက ပို၍ ကျောင်းဝင်နောက်ကျလျက်ရှိပါသည်။ ထို့ပြင် ပျမ်းမျှပညာသင်ကာလမှာ (၄)နှစ်ထက်ပို၍ သင်ယူခွင့်ရရှိသည့် ကလေးဦးရေမှာ အနည်းငယ်သာရှိပါသည်။ ကလေးများ ကျောင်းထွက်ရသည့် အကြောင်းရင်းများမှာ ရှုပ်ထွေးများပြားပြီး အခြေအနေအရပ်ရပ်ပေါ်တွင်လည်း မူတည်ပါသည်။ အဓိကအကြောင်းရင်းများမှာ ဆင်းရဲနွမ်းပါးခြင်း၊ ဘာသာစကား အခက်အခဲရှိခြင်း၊ မသန်စွမ်းခြင်းနှင့် စိတ်ဝင်စားမှုနည်းပါးခြင်းတို့ဖြစ်ပါသည်။

သင်ယူမှုဝန်းကျင်အရည်အသွေးပြည့်မီရန် အားနည်းသည့်ကျောင်းများ၊ သင်ယူရန် အကြောင်းအရာများလွန်းပြီး ခေတ်နှင့်လျော်ညီရန် လိုအပ်သည့် သင်ရိုးညွှန်းတမ်း၊ ဆရာဗဟိုပြု ချဉ်းကပ်သင်ကြားနည်းနှင့် အလွတ်ကျက်မှတ်မှုကို အားပေးသော စာမေးပွဲများသည် အခြေခံပညာအဆင့်ကျောင်းသားများ၏ စိတ်ဝင်စားမှုကို လျော့နည်းစေသည့်အပြင် ကလေးများကျောင်းထွက်မှုကို ဖြစ်စေပါသည်။

သင်ကြားသင်ယူမှုအရည်အသွေးကိုတိုးတက်ကောင်းမွန်စေရေးအတွက်အခြေခံပညာကျောင်းများ၏ ကျောင်းပတ်ဝန်းကျင်သည် သင်ယူမှုကို အထောက်အပံ့ဖြစ်ရန် လိုအပ်နေပါသေးသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် အရင်းအမြစ်မလုံလောက်မှုကြောင့် ကျောင်းအရည်အသွေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။ ကလေးအများစု၏သင်ယူတတ်မြောက်မှုမှာလည်း အားနည်းလျက်ရှိသည်။

ဒုတိယတန်း ကလေးအများစုသည် အခြေခံသင်္ချာတတ်ကျွမ်းမှုနှင့် စာဖတ်၍ နားလည်နိုင်စွမ်းတို့တွင် အားနည်းနေကြောင်း တွေ့ရှိရပါသည်။ ဒသမတန်းသို့ ရောက်ရှိလာသော ကျောင်းသား (၃၀၀,၀၀၀)ခန့်တွင် သုံးပုံတစ်ပုံသာ တက္ကသိုလ်ဝင် စာမေးပွဲကို နှစ်စဉ် အောင်မြင်ကြသည်။

ကျောင်းအများစုတွင် မိဘများသည် ပြင်ပကျူရှင်အတွက် ငွေကြေးအကုန်အကျ ခံနေကြရပြီး၊ ထိုကျူရှင်စရိတ်သည် မိဘများက ကျခံရသည့် ပညာသင်ယူမှုကုန်ကျ စရိတ်များထဲတွင် အကြီးမားဆုံးဖြစ်သည်။ ထို့ပြင် မိဘများကလည်း ပညာအရည် အသွေးကို ပြသခြင်းမဟုတ်သည့် စာမေးပွဲရမှတ်များကို အာရုံစိုက်နေခြင်းကြောင့် အလွတ်ကျက်မှတ်သောပညာရေးစနစ်သို့ ဦးတည်ရောက်ရှိသွားပါသည်။

မြန်မာနိုင်ငံတွင် သင်ကြားသင်ယူမှု၊ ကျောင်းစီမံခန့်ခွဲမှု၊ အဆောက်အအုံ၊ အသုံးအဆောင်များ စသည်တို့နှင့်စပ်လျဉ်းသည့် အနိမ့်ဆုံးစံသတ်မှတ်ချက်များ ပါဝင်သော ကျောင်းအရည်အသွေး အာမခံမှုအညွှန်းဘောင်လည်း မရှိသေးပါ။ အခွင့်အလမ်း၊ အရည်အသွေး၊ လူတိုင်းအကျုံးဝင်မှုတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များသည် ကျား၊ မ ပေါ်မူတည်၍ ကွဲပြားနိုင်သော်လည်း မြန်မာနိုင်ငံ၏ ပညာရေးတွင် ကျား၊ မ ကွဲပြားမှုဆိုင်ရာ လေ့လာချက်များကို အထူးပြုလေ့လာခြင်းမရှိသေးသော ကြောင့် တိကျသောအချက်အလက်များ မရရှိနိုင်သေးပါ။

မြန်မာနိုင်ငံတွင် အခြေခံပညာသင်ယူမှုအခွင့်အလမ်း တိုးတက်လာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် သာတူညီမျှရှိမှုတို့အတွက် အထူးအရေးကြီးပါသည်။ သို့ရာတွင် ပညာသင်ယူမှု အခွင့်အလမ်းတိုးတက်ရေးအတွက် အားထုတ်မှုများနှင့်အတူ အရည်အသွေးတိုးတက်ရေးအတွက် ကြိုးပမ်းမှုများဖြင့်လည်း ဖြည့်ဆည်းပံ့ပိုးပေး ရမည်ဖြစ်သည်။





## ၆.၁။ ဥပဒေနှင့် မူဝါဒနောက်ခံ

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကလေးများ၏ အခြေခံပညာသင်ယူမှုအခွင့်အလမ်းများနှင့်ပတ်သက်သည့် အခြေခံမူများကို ဖော်ပြထားသည်။ အထူးသဖြင့် အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။ (အခန်း(၁)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ))

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေနှင့် ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့က အခြေခံပညာအတွက် ဥပဒေဆိုင်ရာ အညွှန်းဘောင်ကိုဖော်ပြထားသည်။ ၂၀၁၄ခုနှစ် အမျိုးသားပညာရေးဥပဒေတွင်(၁) နိုင်ငံသားတိုင်း၏ အခြေခံပညာဆည်းပူးနိုင်သည့် အခွင့်အရေးနှင့် အခမဲ့မသင်မနေရ မူလတန်းပညာရေးတို့ကို အသိအမှတ်ပြုထားသည်။ (၂) ပညာရေးအရည်အသွေးအာမခံမှုစနစ်တစ်ရပ် တည်ထောင်ရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားသည်။ (၃) အခြေခံပညာကျောင်းနေနှစ်ကာလကို (၁၃)နှစ် (သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလ ၁၂နှစ်) အထိ တိုးမြှင့်ထားသည်။ (၄)တိုင်းရင်းသားဘာသာစကားနှင့်ယဉ်ကျေးမှုကို သင်ယူခွင့်ပြုပြီး တိုင်းရင်းသားဘာသာစကားကို စာသင်ခန်းသုံးဘာသာစကားအဖြစ်အသုံးပြုရန် ခွင့်ပြုထားသည်။ (၅) ပညာရေးစနစ်ကို ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်စနစ်သို့ ဦးတည်ဖော်ဆောင်ရန်လည်း သတ်မှတ်ထားသည်။

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)တွင် အစိုးရကျောင်းများအပြင် တခြားကျောင်းအမျိုးအစားများကိုလည်း အသိအမှတ်ပြုထားပါသည်။ ထို့ပြင် အမျိုးသားပညာရေးဥပဒေ (၂၀၁၄)တွင် လူတိုင်း အကျုံးဝင်ပညာရေး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားပြီး မသန်စွမ်းကလေးများအပါအဝင် ကလေးအားလုံး အခြေခံပညာပြီးမြောက်စေရန် အခွင့်အလမ်းများဖန်တီးပေးရမည်ဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။

## ၆.၂။ အခြေခံပညာရေး- အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ

ဤအခန်းတွင် (က) သင်ယူမှုအခွင့်အလမ်း၊ ကျောင်းနေမြဲရေးနှင့် လူတိုင်း အကျုံးဝင်မှု၊ (ခ) ကျောင်းအရည်အသွေးနှင့် အရည်အသွေးတိုးတက်မှုလေ့လာကြီးကြပ်ခြင်းတို့နှင့်စပ်လျဉ်းသည့် ကျောင်းအဆင့်၌ တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် မဟာဗျူဟာများနှင့် အစီအစဉ်များကို အဆိုပြုတင်ပြထားပါသည်။

ထို့ပြင်အခြေခံပညာကို သင်ကြားပေးနေသည့် ကျောင်းအမျိုးအစားအားလုံးအပေါ်တွင် သက်ရောက်မှုရှိသော စိန်ခေါ်မှုများကိုလည်း ထည့်သွင်းစဉ်းစား အဆိုပြုထားပါသည်။

ဤအခန်းကို ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR)၏ ထောက်ခံအကြံပြုချက်များနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများ (Education Working Group Reports)အပေါ်တွင် အခြေပြုထားသကဲ့သို့ နိုင်ငံတကာ လေ့လာတွေ့ရှိချက်အထောက်အထားများကိုလည်း အမှီပြုထားပါသည်။ ကျောင်းများ၏ အခြေခံအဆောက်အအုံကို တိုးချဲ့ခြင်း၊ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် ကလေးများ၏အခြေအနေအပေါ် မူတည်၍ငွေကြေးထောက်ပံ့ခြင်းကဲ့သို့သောကျောင်းနေမြဲရေးတိုးတက်လာစေရန်ဆောင်ရွက်ချက်များသည် ကျောင်းများသို့ ကလေးများ ပိုမိုရောက်ရှိလာစေကြောင်းကို နိုင်ငံတကာအတွေ့အကြုံများက ဖော်ပြထားပါသည်။ သို့ရာတွင် ကလေးများကျောင်းရောက်လာလျှင်လည်း ကျောင်းတွင်ရှိနေစဉ်အတွင်း၌ ကောင်းစွာသင်ယူတတ်မြောက်ရန် လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့အနေဖြင့် ကျောင်းသို့ဝင်ရောက်လာပြီးနောက် ကျောင်းနေမြဲနှုန်း ပို၍တိုးလာနိုင်ခြေရှိပါသည်။ သို့ဖြစ်ရာ ကျောင်းအရည်အသွေး တိုးတက်ကောင်းမွန်စေရေးကို အလေးထား၍ အခြေခံပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်နေပါသည်။ ဤပြုပြင်ပြောင်းလဲမှုများတွင် ကျား၊ မ ကွဲပြားမှုကြောင့်ဖြစ်လာနိုင်သည့် အခြေအနေများကိုပါ ထည့်သွင်းစဉ်စားရန် လိုအပ်ပါသည်။

ကလေးများနှင့် ၎င်းတို့၏မိဘများသည် ကျောင်း၏အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်ရန် ဆောင်ရွက်ပေးနိုင်မှုအခြေအနေအပေါ် မူတည်၍ ကျောင်းနေရေး၊ မနေရေးကို စဉ်းစားဆုံးဖြတ်ကြသည်။ နိုင်ငံတကာလေ့လာတွေ့ရှိချက်များက ကလေးများ၏ သင်ယူတတ်မြောက်မှု တိုးတက်ကောင်းမွန်လာရေးအတွက် အထိရောက်ဆုံး ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းမှာ သင်ကြားမှုအရည်အသွေးကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း တိကျရှင်းလင်းစွာ ဖော်ပြထားပါသည်။ သင်ကြားမှုအရည်အသွေးမြှင့်တင်ခြင်းကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ဆရာအတတ်ပညာရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားပါသည်။ သို့သော် ဆရာများ၏သင်ကြားမှုစွမ်းရည် တိုးတက်ကောင်းမွန်လာစေရန်နှင့် သင်ယူမှုတွင် ကလေးအားလုံး ပါဝင်လာစေရန် ပံ့ပိုးပေးနိုင်သော ကျောင်းစီမံခန့်ခွဲမှုနှင့် သင်ယူမှုဝန်းကျင်ကောင်းလိုအပ်ပါသည်။

ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေစီမံခန့်ခွဲမှုအပါအဝင် လုပ်ပိုင်ခွင့်ကို အခြေခံပညာကျောင်းများသို့ ခွဲဝေပေးထားခြင်း၊ ကျောင်းစီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုတို့တွင် မိဘနှင့်ရပ်ရွာပြည်သူလူထုကို ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းတို့သည် ကျောင်းအရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်နိုင်ပါသည်။ အရည်အသွေးစံသတ်မှတ်ချက်များသည် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များရေးဆွဲခြင်းနှင့် လေ့လာကြီးကြပ်ခြင်းတို့အတွက် အကူအညီ အထောက်အပံ့ဖြစ်စေနိုင်သည်။ ဤဆောင်ရွက်ချက်များကို အရည်အသွေးတိုးတက်ကောင်းမွန်မှုနှင့် အာမခံမှုစနစ်တွင် ထည့်သွင်းဖော်ပြထားပါသည်။

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အစီရင်ခံစာများ၊ ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာသုတေသန အထောက်အထားများနှင့် အခြေခံပညာကဏ္ဍတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို စိစစ်လေ့လာသုံးသပ်ပြီး အခြေခံပညာရေး၏ အခွင့်အလမ်း၊ အရည်အသွေးနှင့်လူတိုင်းအကျုံးဝင်မှုတို့အတွက် အောက်ဖော်ပြပါ မဟာဗျူဟာမြောက်အပြောင်းအလဲကို ဖော်ထုတ်သတ်မှတ်ထားပါသည်-

**၂၀၂၁ ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် သတ်မှတ်ထားသည့် မဟာဗျူဟာမြောက်အပြောင်းအလဲ - ကလေးအားလုံး အရည်အသွေးရှိ အခြေခံပညာကို သင်ယူခွင့်ရရှိပြီး အတန်းစဉ် အဆင့်ဆင့် ဆက်လက်သင်ယူပြီးမြောက်နိုင်ကြမည်။**

ဖော်ပြခဲ့သည့် အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာများနှင့်အစီအစဉ်များကို အောက်တွင် ဖော်ပြထားပါသည်-

## ၆.၃။ အခြေခံပညာရေး - အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

### ၆.၃.၁။ မဟာဗျူဟာ(၁) ကလေးအားလုံး အခမဲ့အခြေခံပညာကို သင်ယူခွင့်ရရှိစေရန် ဆောင်ရွက်ခြင်း

ပညာရေးဝန်ကြီးဌာနသည် လာမည့်(၅)နှစ်အတွင်း အခြေခံပညာသင်ယူဆည်းပူးနိုင်မည့်အခွင့်အလမ်းများကို ထူးထူးခြားခြားတိုးမြှင့်ဆောင်ရွက်ရန် ဆုံးဖြတ်သတ်မှတ်ထားသည်။ အဆိုပါ သတ်မှတ်ချက်သည် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် ကိုက်ညီမှုရှိပြီး လူတိုင်းအတွက် ပညာရေးနှင့် ပတ်သက်သည့် အစိုးရ၏သတ်မှတ်ချက်နှင့်လည်း ကိုက်ညီမှုရှိသည်။ ထို့ပြင် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေး၊ သာတူညီမျှရှိရေးနှင့် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံပညာကို ကလေးအားလုံးသင်ယူခွင့်ရရှိစေရန် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးရလဒ်များအပေါ်တွင်လည်း ဤမဟာဗျူဟာကို အခြေခံထားပါသည်။ ကျောင်းသားများ အထူးသဖြင့် ကျေးလက်ဒေသတွင်နေထိုင်သည့် နွမ်းပါးသောမိသားစုများမှ ကျောင်းသားများသည် အခြေခံပညာ သင်ယူနိုင်ရေးအတွက် ကျောင်းသို့ရောက်အောင် အခက်အခဲများကြားမှ ရုန်းကန်နေကြရသည်။ ယင်းအချက်သည် ၎င်းတို့၏ ပညာသင်ယူခွင့်အပေါ် ထိခိုက်မှုဖြစ်စေသကဲ့သို့ နိုင်ငံအဆင့် ကျောင်းနေနှုန်းနှင့် ကျောင်းနေမြဲနှုန်းများအပေါ်တွင်လည်း အလားတူသက်ရောက်မှုရှိပါသည်။ ထို့ပြင် အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်ရေးအတွက်လည်း ပြင်းထန်သည့် ရေရှည်ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ဤမဟာဗျူဟာအရ အထောက်အထားများကိုအခြေပြုပြီး လက်ရှိကျောင်းများကို စနစ်တကျနှင့် သာတူညီမျှစွာအဆင့်တိုးမြှင့်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် ကျောင်းအသစ်များဆောက်လုပ်ခြင်း အစရှိသည့်အစီအစဉ်များကို ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းမနေသည့် ကလေးဦးရေအများဆုံးဒေသများကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဝေးလံခေါင်ဖျားသောအရပ်နှင့် ကျေးလက်ဒေသများတွင် တခြားသော ပညာရေးဝန်ဆောင်မှုအစီအစဉ်များရှိပါကလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အခမဲ့မသင်မနေရအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းနှင့် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့သည် ကျောင်းနေနှုန်းကို သိသာစွာမြင့်တက်စေကြောင်း တွေ့ရှိရပါသည်။

အခမဲ့အခြေခံပညာကို ကလေးအားလုံးသင်ယူခွင့်ရရှိစေရေးအစီအစဉ် (Universal Access to Basic Education Programme)ကို ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ အထောက်အထားအခြေပြု၊ သာတူညီမျှမှု ဦးစားပေး၊ ကျောင်းအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (National School Infrastructure Investment Plan-NSIP) ကို

ချမှတ်ကာ အောင်မြင်စွာ အကောင်အထည်ဖော်ရန်ဖြစ်ပြီး တစ်နိုင်ငံလုံးအတွက် အခြေခံပညာသင်ယူမှုအခွင့်အလမ်းကို တိုးမြှင့်ပေးရန် ဖြစ်ပါ သည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းများ ပါဝင်ပါသည်-

### လုပ်ငန်းအစီအစဉ်(၁) ကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေ သတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ အခြေခံသတင်းအချက်အလက်များကောက်ယူခြင်း

ကျောင်းများ၏တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ အခြေခံသတင်းအချက်အလက်များ ကောက်ယူခြင်း တို့ဖြင့် ပညာရေးစီမံခန့်ခွဲသူများက ကျောင်းနေရေးအခွင့်အလမ်းလွှမ်းခြုံမှုနှင့် ပတ်သက်၍ ကွာဟချက်များကို ထည့်သွင်းစဉ်းစားကာ ကျောင်းများတိုးချဲ့ရေးနှင့် အဆင့်တိုးမြှင့်ရေးအတွက် လိုအပ်သောနေရာများ သတ်မှတ်ဖော်ထုတ်နိုင်သည့် ခိုင်မာသော အထောက်အထားအခြေခံတစ်ခုထူထောင်ပါမည်။ အစိုးရမှူကြိုကျောင်းများ၊ ရပ်ရွာအခြေပြုမူကြိုကျောင်းများ၊ ပုဂ္ဂလိကနှင့် ပရဟိတမူကြိုကျောင်းများနှင့် အခြေခံပညာကျောင်းအားလုံးမှ အရည်အသွေးရှိ စာရင်းအင်းအချက်အလက်များကို ကောက်ယူသွားမည်ဖြစ်ပါသည်။ မြို့နယ်ပညာရေးစီမံခန့်ခွဲသူများနှင့် အချက်အလက်စုဆောင်းသူများအနေဖြင့် မိမိတို့သွားရောက်လေ့လာသည့် ကျောင်းများအားလုံးတွင် တိကျသည့် အချက်အလက်များကောက်ယူလာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ပံ့ပိုးမှုနှင့် သင်တန်းပို့ချမှုများရရှိမည် ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ်(၂) တည်ဆဲကျောင်းများ တိုးချဲ့ခြင်း၊ ကျောင်းများအဆင့် တိုးမြှင့်ခြင်းနှင့် ကျောင်းအသစ်များဆောက်လုပ်ခြင်း

ကျောင်းများ၏တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ အခြေခံသတင်းအချက်အလက်များ ကောက်ယူခြင်း တို့မှတွေ့ရှိချက်များသည် အထောက်အထားအခြေပြု၊ သာတူညီမျှမှုကို ဦးစားပေးပြီး တိကျသော ကုန်ကျစရိတ်ကိုဖော်ပြသည့် ကျောင်းအခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးရင်းနှီးမြှုပ်နှံမှုအစီအစဉ် ရေးဆွဲရေးအတွက် အခြေခံဖြစ်ပါသည်။ ကျောင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် ကျောင်းများရှိ ရေမိလ္လာကောင်းမွန်မှုနှင့်သန့်ရှင်းမှု (WASH)ဆိုင်ရာ စံနှုန်းများ၊ ကျား၊ မ အချိုးညီမျှရေး၊ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချမှု(DRR)ဆိုင်ရာစံနှုန်းများ၊ မသန်စွမ်း ကလေးများ လက်လှမ်းမီနိုင်ရေးအပါအဝင် အရည်အသွေးအာမခံမှုဆိုင်ရာ စံနှုန်းများ နှင့် ချိတ်ဆက်နေပါမည် (မဟာဗျူဟာ-၂ တွင်ကြည့်ရန်)။ ကျောင်းအခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ဦးစားပေးကဏ္ဍများတွင် သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလ (၁၂) နှစ် ပါဝင်သော အခြေခံပညာရေးဖွဲ့စည်းပုံအရ စာသင်ခန်းများတိုးချဲ့ရေး၊ အလယ်တန်း ကျောင်းသစ်များဖွံ့ဖြိုးတိုးတက်ရေး၊ မူလတန်းလွန်၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းခွဲများ အဆင့်တိုးမြှင့်ရေးတို့ ပါဝင်ပါသည်။ ကျောင်းအသစ်များနှင့် အဆင့် တိုးမြှင့်ထားသော ကျောင်းများတွင် ဝန်ထမ်းခန့်ထားမှုနှင့် သင်ထောက်ကူပစ္စည်း များ ပံ့ပိုးမှုတို့ကို ကျောင်းအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

### လုပ်ငန်းအစီအစဉ်(၃) အခြေခံပညာကျောင်းများအတွက် သင်ထောက်ကူ ပစ္စည်းများ ပံ့ပိုးပေးခြင်း

အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို စတင်အကောင်အထည်ဖော်ခြင်းနှင့် ပညာသင်ကာလကို တိုးမြှင့်ခြင်းကြောင့် ကျောင်းများတွင် သင်ကြားသင်ယူမှုအထောက် အကူပြုပစ္စည်းအသစ်များ လိုအပ်လာမည်ဖြစ်ပါသည်။ သို့မှသာ ကျောင်းများတွင် ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုနိုင်သော အရည်အသွေးရှိ သင်ယူမှုအရင်းအမြစ်များ ပြည့်စုံလာမည်ဖြစ်သည်။ ကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်းတို့မှရရှိသော အခြေခံစာရင်းသည် ကျောင်းများ၏ သင်ကြားသင်ယူမှု အရင်းအမြစ်လိုအပ်ချက်များကို သတ်မှတ် ဖော်ထုတ်ပေးမည်ဖြစ်သည်။ ယင်းတွင် သူငယ်တန်း၊ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းများအတွက် သင်ထောက်ကူပစ္စည်းအမျိုးမျိုးနှင့် တခြား သင့်လျော်သော သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ (ICT) ပစ္စည်းများလည်း ပါဝင်သည်။ ကျောင်းသားများအား ကျောင်းသုံးစာအုပ်များပံ့ပိုး ရေးနှင့် ဆရာများအတွက် ဆရာလမ်းညွှန်များပံ့ပိုးပေးရေးအစီအစဉ်ကို အခန်း(၇) တွင် ဖော်ပြထားပါသည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာအဆင့်အားလုံးတွင် ကျောင်းဝင်ကြေး၊ မိဘဆရာအသင်းရန်ပုံငွေ၊ အားကစားနှင့် စာကြည့်တိုက်ရန်ပုံငွေကဲ့သို့သော အခကြေးငွေများကောက်ခံမှုမရှိခြင်း၊ ကျောင်းသားများအား ကျောင်းသုံးစာအုပ် များပံ့ပိုးခြင်း၊ အခြေခံပညာကျောင်းများအားလုံး၏ လုပ်ငန်းဆောင်ရွက်ရေးအဆင်ပြေ ချောမွေ့စေရန် ကျောင်းထောက်ပံ့ကြေးများပေးခြင်း၊ မူလတန်းကလေးများအတွက် ကျောင်းဝတ်စုံများထောက်ပံ့ပေးခြင်းကဲ့သို့သော လုပ်ငန်းများဖြင့် အခမဲ့မသင်မနေရ ပညာရေးမူဝါဒကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အခမဲ့အခြေခံပညာကို ကလေးအားလုံး သင်ယူ ခွင့်ရရှိမှုအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ် လာပါမည်။

## ၆.၃.၂။ မဟာဗျူဟာ(၂) မသင်မနေရနှင့် လူတိုင်းအကျုံးဝင် ပညာရေးကို အားကောင်းစေရန်ပံ့ပိုးခြင်း

အခြေခံပညာကျောင်းများကို ဆောက်လုပ်ပေးရုံမျှဖြင့် ကျောင်းအပ်နံပြီးသည့် ကလေးများ ကျောင်းတွင် ဆက်လက်ရှိနေနိုင်မည်ဟုမဆိုနိုင်ပါ။ အကြောင်းအမျိုးမျိုး ကြောင့် ဆင်းရဲနွမ်းပါးသည့် ကလေးများ ကျောင်းမှ ထွက်သွားနိုင်ခြေရှိပါသည်။ အခြေခံပညာအဆင့်အားလုံးတွင် အခမဲ့ပညာရေးကို ဖော်ဆောင်ရန် ပြဋ္ဌာန်းထားရှိ သောကြောင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် အဆိုပါ အမျိုးသားရေး မူဝါဒကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးကြီးပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစီရင်ခံစာများတွင် ကလေးများအနေဖြင့် မူလတန်းမှ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ ကူးပြောင်းတက်ရောက်သည့်အခါ ကျောင်းနေမြဲအောင် ပံ့ပိုးပေးနိုင်မည့် အစီအစဉ်များကို အကောင်အထည်ဖော်ရန် ထောက်ခံအကြံပြုထားပါသည်။ ကျောင်းသားများ ကျောင်းတက်ရောက်ရေးနှင့် ကျောင်းနေမြဲရေးအတွက် အတားအဆီးအခက်အခဲများကို ဖြေရှင်းနိုင်သည့် အစီအစဉ် များသည် သင်ယူမှုအခွင့်အလမ်းနှင့် ကျောင်းနေမြဲရေးတို့အပေါ် အပြုသဘော ဆောင်သော အကျိုးသက်ရောက်မှုရှိနိုင်ပါသည်။ ကျောင်းသားများ ကျောင်းထွက်ရ ခြင်းနှင့်သက်ဆိုင်သည့် အကြောင်းရင်းများကို လေးနက်စွာ သုံးသပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ကုန်ကျစရိတ်နှင့်လျော်ညီစွာ ထိရောက်မှုရှိပြီး တိုင်းတာ နိုင်သည့်အကျိုးရလဒ်များပေါက်မြောက်အောင်မြင်စေမည့်အထောက်အထားအခြေပြု အစီအစဉ်များ ပုံဖော်ရေးဆွဲနိုင်မည် ဖြစ်သည်။

ဤမဟာဗျူဟာတွင် သင်ယူသူအားလုံး၏လိုအပ်ချက်များကို အသိအမှတ်ပြုပြီး ပံ့ပိုးပေးသည့် လူတိုင်းအကျုံးဝင်ပညာရေးကို အဓိကအလေးပေးထားပါသည်။ နိုင်ငံ တကာမူဝါဒဆိုင်ရာ အစီရင်ခံစာများ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာ သုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများတွင် ဘာသာ





စကား၊ ကျား၊ မ ကွဲပြားမှု၊ မသန်စွမ်းမှုနှင့် တခြားသော အကြောင်းရင်းများကြောင့် ကလေးများကျောင်းပြင်ပရောက်ခြင်းကို ဖြေရှင်းနိုင်ရေးအတွက် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်ကို အလေးပေးဆောင်ရွက်ရန် အကြံပြုထားပါသည်။ ထိုအစီအစဉ်သည် ကလေးအားလုံးအတွက် ကျောင်းအသိုက်အဝန်းအတွင်း လူမှုရေးအရသာမက သင်ယူလေ့လာမှုအတွက်လည်း အကျိုးကျေးဇူးများစေပြီး မသန်စွမ်းကလေးများ၏ ပညာသင်ယူမှုအခွင့်အလမ်းကိုပါ အမှန်တကယ်ရရှိလာစေသည့် ကုန်ကျစရိတ်နှင့်လျော်ညီစွာ ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

ကလေးအားလုံးကျောင်းတက်ရောက်ရေး၊ ကျောင်းနေမြဲရေးနှင့် လေ့လာသင်ယူနိုင်ရေးအတွက် လူတိုင်းအကျုံးဝင်ပညာရေးနှင့် စပ်လျဉ်းသည့် မတူကွဲပြားသည့် အတားအဆီးအမျိုးမျိုးကို ဖြေရှင်းပေးနိုင်ရေးအတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းစဉ်းစားထားပါသည်။ ဤအခန်းတွင် လူတိုင်းအကျုံးဝင်မှုကို ပံ့ပိုးပေးမည့်အစီအစဉ်များနှင့်ပတ်သက်၍ အလေးပေးဖော်ပြထားပါသည်။ အထူးသဖြင့် ကျောင်းထွက်နိုင်ခြေရှိသော ကလေးများ၊ မသန်စွမ်းကလေးများနှင့် နွမ်းပါးသောမိသားစုမှ ကလေးများအတွက် ပံ့ပိုးပေးနိုင်မည့် အစီအစဉ်များကို အလေးပေးဖော်ပြထားပါသည်။ ကလေးများ၏ ပညာရေးတွင် အဟန့်အတားဖြစ်စေသည့် တခြားသောအချက်များကို ဖြေရှင်းမည့် မဟာဗျူဟာများကို အခြေခံပညာသင်ရိုးညွှန်းတမ်းအခန်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုအခန်းများတွင်လည်း အဆိုပြုဖော်ပြထားပါသည်။

အဆိုပါ ပြဿနာရပ်များကိုဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနသည် မသင်မနေရနှင့် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ် (Compulsory, Inclusive Education Programme–CIEP) ကို အောက်ပါလုပ်ငန်းများဖြင့် အကောင်အထည်ဖော်ပါမည်-

### လုပ်ငန်းအစီအစဉ်(၁) ရွေ့ပြောင်းစမ်းသပ်ဆောင်ရွက်ခြင်းဖြင့် မသင်မနေရ မူလတန်းပညာရေးကို အားကောင်းစေခြင်း

ကျောင်းများ၏တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်းတို့မှ ရရှိသည့် အချက်အလက်များကိုအသုံးပြု၍ အခြေခံပညာဦးစီးဌာနသည် ကျောင်းအပ်နှံရန်၊ ကျောင်းသို့ ပြန်လည်ဝင်ရောက်လာရန်နှင့် ကျောင်းရှိ ကလေးများကို ထိန်းထားရန် အလိုအပ်ဆုံးမြို့နယ်များကို သတ်မှတ်ဖော်ထုတ်မည်။ ဤလုပ်ငန်းအစီအစဉ်အောက်တွင်ရွေးချယ်သတ်မှတ်ဧရိယာအတွင်းရှိခရိုင်ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများသည် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (Civil Society Organizations - CSOs)နှင့်အတူ ကလေးငယ်များအား ကျောင်းအပ်နှံရေး၊ ကျောင်းပြန်လည်တက်ရောက်ရေးတို့ကို ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ မြို့နယ်ပညာရေးမှူးများသည် ကလေးများကျောင်းအပ်နှံရန်၊ ကျောင်းသို့ ပြန်လည်ဝင်ရောက်လာရန်၊ ကျောင်းနေမြဲရန်အတွက် ကျောင်းလုပ်ငန်းအစီအစဉ်များကို ပံ့ပိုးမည့် ရန်ပုံငွေများအား စီမံခန့်ခွဲရပါမည်။ မြို့နယ်ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် မြို့နယ်အဆင့် (သို့မဟုတ်) အထက်အဆင့်များက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စများ ဥပမာ-ရွှေ့လျားကျောင်းနှင့် အရေးပေါ်ကျောင်းများတည်ထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလာစေရန် တာဝန်ယူရမည်ဖြစ်ပါသည်။

ဥပဒေအရ ပြဋ္ဌာန်းထားသော အခမဲ့မသင်မနေရ မူလတန်းပညာရေးအတွက် အကောင်အထည်ဖော်မှု လမ်းညွှန်ချက်များပြုစုပြီး မြို့နယ်ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်များကို အဆိုပါလမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ သင်တန်းပေးပါမည်။ ထို့ပြင် မိဘများနှင့် ကလေးသူငယ်ပြုစု စောင့်ရှောက်သူများအတွက် ရပ်ရွာလူထု အသိအမြင်မြှင့်တင်ရေးအစီအစဉ်များကိုလည်း ဆောင်ရွက်ပါမည်။

### လုပ်ငန်းအစီအစဉ်(၂) ကျောင်းထွက်နိုင်ခြေရှိသော ကလေးများအတွက် အခြေခံပညာကို သာတူညီမျှ အခွင့်အလမ်းရရှိရေးပံ့ပိုးခြင်း

ကျောင်းမနေနိုင်သည့် (သို့မဟုတ်) ကျောင်းထွက်နိုင်ခြေရှိသည့် နွမ်းပါးသော မိသားစုမှ ကလေးများကို ပံ့ပိုးခြင်းသည် ဤလုပ်ငန်းအစီအစဉ်၏ အဓိက အလေးပေးမှုဖြစ်ပါသည်။ ဤလုပ်ငန်းအစီအစဉ်အောက်ရှိ ဆောင်ရွက်မှုလုပ်ငန်းများတွင် ကုစားပညာရေး၊ ပညာသင်ထောက်ပံ့ကြေးပေးခြင်းနှင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းများပါဝင်ပါသည်။ အရေး၊ အဖတ်နှင့်အတွက်ကဲ့သို့သော စာပေပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတို့တွင် မျှော်မှန်းထားသော တတ်ကျွမ်းမှုမရရှိသည့် ကျောင်းသားများကိုကူညီရန် အခြေခံပညာကျောင်းများတွင် ကုစားပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ပညာသင်ထောက်ပံ့ကြေးပေးခြင်းအစီအစဉ်၏လွှမ်းခြုံမှုကို အလယ်တန်းအဆင့်တွင် တိုးမြှင့်ဆောင်ရွက်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း ထည့်သွင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့ပြင် မူလတန်းကျောင်းများတွင် ကလေးများကျောင်းထွက်ခြင်းကို ဟန့်တားနိုင်ရန် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤလုပ်ငန်းအစီအစဉ်တွင် နွမ်းပါးသောမိသားစုမှ ကလေးများအတွက် အခွင့်အလမ်းနှင့်ဆက်နွယ်သည့် ကုန်ကျစရိတ် (Opportunity Cost) ကို ဖြေရှင်းမည့်တခြားသောနည်းလမ်းများကိုလည်းရှာဖွေဖော်ထုတ်သွားမည်ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ်(၃) အထူးပညာရေးလိုအပ်ချက်များရှိသည့် ကလေးများအတွက် သင်ယူမှုအခွင့်အလမ်းပိုမိုရရှိစေရန် ဆောင်ရွက်ခြင်း

အထူးပညာရေးကျောင်းများတွင် တက်ရောက်သင်ယူရန်လိုအပ်သည့် မသန်စွမ်းကလေးများနှင့် ပုံမှန်ကျောင်းများတွင် သက်တူရွယ်တူများနှင့် အတူတကွ သင်ယူခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်သည့် မသန်စွမ်းကလေးများ စသည်ဖြင့် မသန်စွမ်းကလေးအမျိုးမျိုးရှိပါသည်။ အထူးပညာရေးကျောင်းများတွင် တက်ရောက်နေသည့်တိုင် ယင်းမသန်စွမ်းကလေးများကို ပုံမှန်ကျောင်းများသို့ ကူးပြောင်းတက်ရောက်နိုင်စေရန် အထူးအားထုတ်ဆောင်ရွက်သင့်ပါသည်။

ဤအစီအစဉ်သည် လူတိုင်းအကျုံးဝင်ပညာရေးကို အကောင်အထည်ဖော်ရေးနှင့် မသန်စွမ်းကလေးများ၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ ပညာရေးစနစ်တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည်ဖြစ်သည်။ ဤအစီအစဉ်တွင် (က)ဆရာအတတ်ပညာသင်ဌာနများ၌ လူတိုင်းအကျုံးဝင်ပညာရေးကို ဘာသာရပ်တစ်ခုအဖြစ် အထူးပြုလေ့လာခြင်း၊ အထူးပြုဆရာများမွေးထုတ်ပေးခြင်းတို့ကို ဘွဲ့သင်တန်းများနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာသင်ခန်းစာမော်ဂျူး (Modules) အသစ်များမှတစ်ဆင့် ဖွံ့ဖြိုးအောင် လုပ်ဆောင်သွားပါမည်။ (ခ) လက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းတချို့ကိုရွေးချယ်ကာ လူတိုင်းအကျုံးဝင်ပညာရေး အထောက်အကူပြုအရင်းအမြစ်ကျောင်းများ ဖြစ်လာစေရန် ဆောင်ရွက်သွားမည်။ (ဂ) ပညာရေးကောလိပ်များနှင့် လုပ်ငန်းခွင်သင်တန်းများအတွက် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အထွေထွေသင်ကြားပို့ချပေးသည့် သင်ခန်းစာမော်ဂျူးအသစ်များ (မသန်စွမ်းကလေးများအတွက် အပါအဝင်)ကို ပြုစုပို့ချပေးမည်ဖြစ်သည်။

အသစ်ဆောက်လုပ်သော ကျောင်းများသည် မသန်စွမ်းကလေးများတက်ရောက်သင်ကြားနိုင်သော ကျောင်းများဖြစ်ရပါမည်။ လက်ရှိကျောင်းများ၌ မသန်စွမ်းကလေးများ အဆင်ပြေစွာ တက်ရောက်နိုင်ရေးအတွက် ကုန်ကျစရိတ်သက်သာသည့် နည်းဖြင့် ဆောင်ရွက်ရပါမည်။ ကျောင်းအရည်အသွေးစံသတ်မှတ်ချက်များ (မဟာဗျူဟာ-၃) တွင် လူတိုင်းအကျုံးဝင်မှုဆိုင်ရာအညွှန်းကိန်းများ ပါဝင်ပါမည်။

## ၆.၃.၃။ မဟာဗျူဟာ(၃) ကျောင်းအရည်အသွေးအာမခံမှုစနစ်ဖြင့် ကျောင်းများ၏အရည်အသွေးကို တိုးတက်စေခြင်း

မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းအများစုသည် အရင်းအမြစ် ပြည့်စုံမှု၊ လုံခြုံစိတ်ချရမှုနှင့် ကလေးများအတွက် သက်သောင့်သက်သာဖြစ်မှု အားနည်းသောကြောင့် သင်ကြားမှုအရည်အသွေးနှင့် သင်ယူမှုဝန်းကျင်အပေါ် ထိခိုက်မှုဖြစ်စေပါသည်။ ထို့ပြင် ဆရာများ ခွဲဝေခန့်ထားရာတွင်လည်း တည်နေရာ၊ ကျောင်းသားဦးရေ၊ ဘာသာရပ်လိုအပ်ချက်တို့နှင့် ကိုက်ညီမှုမရှိသောကြောင့် ကျောင်းအများစုတွင် ဆရာများ မလုံလောက်သည့် အခက်အခဲရှိနေပါသည်။ မိဘများနှင့် ရပ်ရွာပြည်သူများထံမှ အပြောင်းအလဲကို တောင်းဆိုမှုများ များပြားလာသည့်တိုင် အဆိုပါအခြေအနေကို ပြောင်းလဲရန်နှင့် ကျောင်းအရည်အသွေးကို မြှင့်တင်ရန် ကျောင်းအုပ်များတွင် လုပ်ပိုင်ခွင့်မရှိသလောက်ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချခြင်းကိုဗဟိုကချုပ်ကိုင်ထားသဖြင့် ကျောင်း၏လိုအပ်ချက်ကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်စွမ်း နည်းပါးပါသည်။ ထို့ပြင် စီမံကိန်း၊ စီမံချက်ရေးဆွဲဆောင်ရွက်မှုအပိုင်းတွင်လည်း အားနည်းပါသည်။ အဆိုပါ အပေါ်မှအောက်သို့ညွှန်ကြားဆောင်ရွက်သည့် ကျောင်းစီမံခန့်ခွဲမှုစနစ်သည် ထိရောက်မှုမရှိဘဲ ကျောင်း၏အရည်အသွေးနှင့် တာဝန်ခံမှုကို အားနည်းစေပါသည်။ လက်ရှိ ကျောင်းစစ်ဆေးမှုစနစ်သည် အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို တိုင်းတာခြင်းမရှိပါ။ ထို့ပြင် ပုဂ္ဂလိကနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကဲ့သို့သော အခြားကျောင်းအမျိုးအစားများကိုပါ လွှမ်းခြုံတိုင်းတာသည့် အမျိုးသားအဆင့် အရည်အသွေး အာမခံမှုစနစ်မရှိသေးပါ။

စာသင်ခန်း ပတ်ဝန်းကျင်အရည်အသွေးကို မြှင့်တင်ခြင်းသည် ကျောင်းနေနှုန်းနှင့် သင်ယူမှု ရလဒ်ကောင်းများကို ဖြစ်ထွန်းစေပါသည်။ ကျောင်းအခြေခံအဆောက်အအုံ တိုးတက်ရေးအတွက်ကျောင်းများသို့ထောက်ပံ့ကြေးတိုက်ရိုက်ပေးခြင်းဖြင့် တစ်ကျောင်းချင်းစီ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ရေးဆွဲနိုင်မည် ဖြစ်ပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး လုပ်ငန်းအစီရင်ခံစာနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစီရင်ခံစာများတွင် စီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ၌ ကျောင်းများ ပိုမိုလွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိရေး၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ကြေးများ ပြောင်းလွယ်ပြင်လွယ်ရှိရေးနှင့် ကျောင်းကိုစောင့်ကြည့်လေ့လာရေးတွင် မိဘများ ပိုမိုပါဝင်လာရေးတို့ကို ထောက်ခံအကြံပြုထားပါသည်။

ကျောင်းနေမြဲမှုနှင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များအပေါ် ထိရောက်သော အကျိုးဆက်များဖြစ်ပေါ်စေရန် အခြေခံအဆောက်အအုံ သွင်းအားစုများကို အခြားသော အရည်အသွေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပေါင်းစပ်ထည့်သွင်းထားသည့် ချဉ်းကပ်နည်းဖြင့် ဆောင်ရွက်ရန်လိုပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအစီရင်ခံစာနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာတို့၏ အဓိကအကြံပြုချက်မှာ အရည်အသွေးရှိသော ပညာရေးကို အကဲဖြတ်မှုပိုမိုကောင်းမွန်စေရန် ကျောင်းစစ်ဆေးရေးစနစ်ကို ပြန်လည်သုံးသပ်ရေးနှင့် ကျောင်းအရည်အသွေးစံနှုန်းသတ်မှတ်ခြင်းအပါအဝင် ကျောင်းအဆင့်အရည်အသွေးအာမခံမှုစနစ်ဖော်ဆောင်ရေးတို့ ဖြစ်ပါသည်။



အဆိုပါ ကျောင်းအရည်အသွေးဆိုင်ရာ ကိစ္စရပ်များကိုဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနသည် ကျောင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (School Quality Improvement Programme - SQIP) ကို အကောင်အထည်ဖော်ပါမည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းများ ပါဝင်ပါသည်-

### လုပ်ငန်းအစီအစဉ်(၁) ကျောင်းအရည်အသွေးစံသတ်မှတ်ချက် အာမခံမှု အညွှန်းဘောင် (School Quality Standards Assurance Framework - SQSAF) ရေးဆွဲခြင်း

အခြေခံပညာဦးစီးဌာနကဦးဆောင်၍ အခြေခံပညာကျောင်းများနှင့် မူကြိုကျောင်းများ၏ ကျောင်းပတ်ဝန်းကျင်အတွက် အနိမ့်ဆုံးအရည်အသွေး စံသတ်မှတ်ချက်များပါဝင်သော ကျောင်းအရည်အသွေးစံသတ်မှတ်ချက် အာမခံမှုအညွှန်းဘောင်ကို ရေးဆွဲပြုစုပါမည်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပညာရေးမှူးရုံးများတွင်ရှိသော ကျောင်းစစ်ဆေးရေးအဖွဲ့များကို အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များအဖြစ် တာဝန်ပေးအပ်မည်ဖြစ်သည်။ လက်ရှိအသုံးပြုနေသော ကျောင်းစစ်ဆေးရေး စံသတ်မှတ်ချက်ပုံစံများကို ကျောင်းအရည်အသွေး အာမခံမှုအကဲဖြတ်ဆန်းစစ်မှုပုံစံဖြင့် အစားထိုးဆောင်ရွက်မည်ဖြစ်သည်။

ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်အောက်တွင် ကျောင်းများ၏ အရည်အသွေးဆိုင်ရာလုပ်ဆောင်ချက်များကိုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လေ့လာသုံးသပ်အစီရင်ခံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနသည် ကျောင်းအရည်အသွေး စံသတ်မှတ်ချက် အာမခံမှုအညွှန်းဘောင်အရ အကဲဖြတ်ဆန်းစစ်မှုမော်ဂျူးကို ဒီဇိုင်းရေးဆွဲပြီး စတင်လုပ်ဆောင်မည်ဖြစ်ပါသည်။ ကျောင်းအရည်အသွေး စံသတ်မှတ်ချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် မြို့နယ်အခြေပြု ကျောင်းအရည်အသွေးအာမခံမှုအဖွဲ့များသည် ကျောင်းများ၏လုပ်ဆောင်ချက်နှင့်ပတ်သက်၍ အကဲဖြတ် ဆန်းစစ်ထားသော နှစ်စဉ်သုံးသပ်ချက် အစီရင်ခံစာများဖြင့် ကျောင်းများသို့သွားရောက်ကာ လိုအပ်ချက်များကို ကြီးကြပ်လမ်းညွှန်မည်ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ်(၂) ကျောင်းအရည်အသွေးစံသတ်မှတ်ချက်အာမခံမှု အညွှန်းဘောင်အရ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ရေးဆွဲဆောင်ရွက်ခြင်း

ကျောင်းအရည်အသွေးစံသတ်မှတ်ချက်အာမခံမှုအညွှန်းဘောင်သည်ကျောင်းများ အရည်အသွေး တိုးတက်ကောင်းမွန်ရေးစီမံချက်များရေးဆွဲရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ကျောင်းအုပ်များကို ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များရေးဆွဲ အကောင်အထည်ဖော်တတ်ရန် သင်တန်းပို့ချပေးမည်ဖြစ်ပြီး မိဘဆရာအသင်းများနှင့် အနီးကပ်ရင်းနှီးစွာ ဆွေးနွေးတိုင်ပင်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆိုသည်မှာကျောင်းများတွင်တွေ့ကြုံနေရသောအရည်အသွေး ဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန် အသေးစိတ်ဆောင်ရွက်ချက်များ ပါဝင်သည့် စီမံချက်တစ်ခုဖြစ်သည်။ ကျောင်းများသည် မိမိတို့၏ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ရေးဆွဲရမည်ဖြစ်ပြီး ၎င်းစီမံချက်ကို ကျောင်းအရည်အသွေး တိုးတက်ရေး ထောက်ပံ့ကြေးရရှိရေးအတွက် အခြေခံအဖြစ် အသုံးပြုပါမည်။ အဆိုပါထောက်ပံ့ကြေး ခွဲဝေပေးပုံသည် လက်ရှိပညာရေးဝန်ကြီးဌာန၏ ကျောင်းထောက်ပံ့ကြေးအစီအစဉ်ကိုပင် အခြေခံထားသဖြင့် လုပ်ငန်းဆောင်ရွက်ပုံခြင်း တူညီနေမည်ဖြစ်ပါသည်။

ကျောင်းတိုင်းတွင် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ အကောင်အထည်ဖော်မှုနှင့် ကျောင်းအရည်အသွေးထောက်ပံ့ကြေးအသုံးပြုမှုတို့ကို မိဘဆရာအသင်းမှ ကိုယ်စားလှယ်များက စောင့်ကြည့်လေ့လာပြီး အစီရင်ခံရပါမည်။ မိဘကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် လုပ်ငန်းသဘာဝအပေါ် မူတည်၍ ကျား၊ မ မျှတစွာ ရွေးချယ်ရပါမည်။

### လုပ်ငန်းအစီအစဉ်(၃) ကျောင်းဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုကို အားကောင်းစေခြင်း

ကျောင်းသားများ၏သင်ယူတတ်မြောက်မှုတိုးတက်ရေးအတွက် မှန်ကန်သော ဖွဲ့စည်းပုံနှင့် ပညာရေးဆိုင်ရာအခြေအနေများဖန်တီးပေးပြီး ကျောင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကျောင်းဦးဆောင်မှုသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။ ကျောင်းအုပ်များသည် -

(၁) ဆရာများ၏အရည်အသွေးတိုးတက်ရေး၊

(၂) ရည်မှန်းချက်ချမှတ်မှု၊ အကဲဖြတ်မှုနှင့် တာဝန်ခံမှုရှိရေး၊

(၃) ဗျူဟာမြောက်အရင်းအမြစ်စီမံခန့်ခွဲမှုရှိရေးနှင့်

(၄) မိဘ၊ ရပ်ရွာစသော ပြင်ပပုဂ္ဂိုလ်များ ပူးပေါင်းဆောင်ရွက်မှုရှိရေး

စသောကျောင်းစီမံခန့်ခွဲရေးလမ်းသွယ် (၄)ခု တိုးတက်စေရေးအတွက် တာဝန်ရှိသူများဖြစ်ကြပါသည်။ သို့ရာတွင် ကျောင်းအုပ်များဖြစ်လာစေရန်အတွက် ကြိုတင်ပြင်ဆင်ပေးသော အစီအစဉ်များ မရှိသေးပါ။ ကျောင်းအုပ်အများစုသည် ကျောင်းစီမံခန့်ခွဲမှု (သို့မဟုတ်) ဦးဆောင်မှုဆိုင်ရာ သင်တန်းများမရှိဘဲ သင်ကြားရေးဆရာလုပ်သက်အပေါ်တွင် အခြေခံ၍ ရာထူးတိုးလာခြင်းဖြစ်သည်။ သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလ (၁၂) နှစ်ပါဝင်သော စနစ်သစ် စတင်အကောင်အထည်ဖော်ခြင်း၊ အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ကျောင်းအုပ်များသည် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် သင်ကြားသင်ယူမှုဆိုင်ရာ ဦးဆောင်သူများအဖြစ် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းအုပ်များအတွက် သင်ကြားသင်ယူမှုဆိုင်ရာ ဦးဆောင်မှုသင်တန်း အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးရပါမည်။

လက်ရှိ မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ဦးတည်နေပြီဖြစ်ပါသည်။ သို့ပါ၍ ကျောင်းများတွင် မိဘပြည်သူနှင့် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ကာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ကျောင်းအုပ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်လိုအပ်ပါသည်။ နိုင်ငံတော်တော်များများတွင် ထိုသို့လုပ်ဆောင်ခြင်းကို ကျောင်းအခြေပြုစီမံခန့်ခွဲမှုဟုခေါ်သည်။ ကျောင်းအရည်အသွေး စံသတ်မှတ်ချက် အာမခံမှုအညွှန်းဘောင်အပေါ်မူတည်၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သောကျောင်းစီမံခန့်ခွဲမှုပြုလုပ်ရန်အတွက် လက်တွေ့ကျပြီး နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ချဉ်းကပ်နည်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအုပ်များ၏ ရာထူးတိုးမြှင့်ရေးနှင့် ခန့်ထားရေးကိုလည်း ပြန်လည်သုံးသပ်ရပါမည်။ တစ်ချိန်တည်းမှာပင် ကျောင်းအုပ်အဖြစ်မခန့်မီ ဦးဆောင်သူများနှင့် စီမံခန့်ခွဲသူများဖြစ်လာစေရန် ပြင်ဆင်ပေးသည့် အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်ဖြစ်သည်။



## ၆.၄။ ရလဒ်အညွှန်းဘောင်များ

### ၆.၄.၁။ အဆင့်မြင့် ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကလေးအားလုံးအရည်အသွေးရှိ အခြေခံပညာကို သင်ယူခွင့်ရရှိပြီး အတန်းစဉ် အဆင့်ဆင့် ဆက်လက်သင်ယူပြီးမြောက်နိုင်ကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ကလေးအားလုံး အခမဲ့အခြေခံပညာကို သင်ယူခွင့်ရရှိစေရန် ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၂)**<br>မသင်မနေရနှင့် လူတိုင်းအကျုံးဝင်ပညာရေးကိုအားကောင်းစေရန် ပံ့ပိုးခြင်း။ | **မဟာဗျူဟာ (၃)**<br>ကျောင်းအရည်အသွေး အာမခံမှုစနစ်ဖြင့် ကျောင်းများ၏ အရည်အသွေးကို တိုးတက်စေခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | ကလေးအားလုံး ယောကျ်ားလေး၊ မိန်းကလေး ညီတူညီမျှဖြင့် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းများတွင် တက်ရောက်သင်ယူကြခြင်း။ | - ကျောင်းသားများသည် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပိုမိုပြီးမြောက်ခြင်း။<br>- ကျောင်းပြင်ပရောက်ကလေးများ ကျောင်းတွင်းသို့ ပိုမိုပြန်လည်ဝင်ရောက်လာပြီး ကျောင်းနေမြဲခြင်း။ | အရည်အသွေးတိုးတက်လာသည့် စာသင်ခန်းများ၊ ကျောင်းများတွင် ကျောင်းသားများ သင်ယူခွင့်ရရှိခြင်း။ |
| ရလဒ် အညွှန်းကိန်းများ | - မူလတန်းကျောင်းနေအရွယ် ကလေးများအနက် အခြေခံပညာကျောင်းတွင် ကျောင်းနေခွင့်ရရှိသော ကလေးရာခိုင်နှုန်း။<br>- အလယ်တန်း ကျောင်းနေအရွယ် ကလေးများအနက် အခြေခံပညာကျောင်းတွင် ကျောင်းနေခွင့်ရရှိသော ကလေးရာခိုင်နှုန်း။<br>- အထက်တန်း ကျောင်းနေအရွယ် ကလေးများအနက် အခြေခံပညာကျောင်းတွင် ကျောင်းနေခွင့်ရရှိသော ကလေးရာခိုင်နှုန်း။ | - အခြေခံပညာ မူလတန်းအဆင့် ပြီးမြောက်နှုန်း။<br>- အခြေခံပညာ မူလတန်းဆင့်မှ အခြေခံပညာအလယ်တန်းဆင့်သို့အဆင့်ကူးပြောင်းနှုန်း။<br>- အခြေခံပညာ အလယ်တန်းအဆင့် ပြီးမြောက်နှုန်း။<br>- အခြေခံပညာ အလယ်တန်းဆင့်မှ အခြေခံပညာ အထက်တန်းဆင့်သို့ အဆင့်ကူးပြောင်းနှုန်း။<br>- အခြေခံပညာ အထက်တန်းအဆင့် ပြီးမြောက်နှုန်း။<br>- ကျောင်းထွက်သွားသော ကလေးများအနက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ ပြန်လည်ဝင်ရောက်လာသည့် ကလေးရာခိုင်နှုန်းနှင့် (၁၂)လ ကျော်သည့်တိုင် ကျောင်းနေမြဲသည့် ကလေးရာခိုင်နှုန်း။ | နိုင်ငံတော်က သတ်မှတ်ထားသည့် အနိမ့်ဆုံး အရည်အသွေးစံများကို ပြည့်မီရေးအတွက် သိသာထင်ရှားသော တိုးတက်မှုများ ပြသသည့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းရာခိုင်နှုန်း။ |

## ၆.၄.၂။ မဟာဗျူဟာ(၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၁) ကလေးအားလုံး အခမဲ့အခြေခံပညာကို သင်ယူခွင့်ရရှိစေရန် ဆောင်ရွက်ခြင်း။ | | | |
|---|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | အခမဲ့အခြေခံပညာကို ကလေးအားလုံးသင်ယူခွင့်ရရှိစေရေးအစီအစဉ် | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>ကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာ ကျောင်းများဆိုင်ရာ အခြေခံသတင်းအချက်အလက်များ ကောက်ယူခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>တည်ဆဲကျောင်းများတိုးချဲ့ခြင်း၊ကျောင်းများအဆင့် တိုးမြှင့်ခြင်းနှင့် ကျောင်းအသစ်များဆောက်လုပ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>အခြေခံပညာ ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | မူကြိုကျောင်းများနှင့် အခြေခံပညာကျောင်းအားလုံးမှ ကောက်ယူထားသည့် အရည်အသွေးရှိ အခြေခံစာရင်းများထည့်သွင်းထားသည့် အချက်အလက်များ စုစည်းထားသည့်နေရာ (Database) အဆင်သင့်ဖြစ်ခြင်း။ | တည်ဆဲ အခြေခံပညာကျောင်းများ၏ အဆောက်အအုံများ တိုးတက်လာခြင်း၊ မူလတန်းလွန်ကျောင်းများနှင့် ရွေးချယ်ထားသော အလယ်တန်းကျောင်းခွဲများကို အလယ်တန်း၊ အထက်တန်းကျောင်းများအဖြစ် အသီးသီး အဆင့်တိုးမြှင့်ခြင်း။ | အခြေခံပညာကျောင်းများတွင် အဆင့်အလိုက်သတ်မှတ်ထားသော သင်ထောက်ကူပစ္စည်းများ လုံလောက်စွာရရှိခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ် လျာထားချက်များ (၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | ကျောင်းများ၏တည်နေရာနှင့် ကျောင်းနယ်မြေ သတ်မှတ်ထားသော မြေပုံရေးဆွဲရန်နှင့် အခြေခံပညာကျောင်းများဆိုင်ရာ အခြေခံသတင်းအချက်အလက်များရရှိရန် ကျောင်းပေါင်း(၄၅,၀၀၀)၊ ရပ်ရွာ အခြေပြု မူကြိုကျောင်း(၅,၀၀၀)နှင့် ကျောင်းမရှိသော ရွာပေါင်း(၂၀၀)တွင် သတင်းအချက်အလက်များ ကောက်ယူခြင်း။ | - အဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုရရှိလာသော အခြေခံပညာကျောင်းပေါင်း ၅၀ ရာခိုင်နှုန်း ရှိလာခြင်း။<br>- အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပြီးသော မူလတန်းလွန် ကျောင်းပေါင်း ၃၀ ရာခိုင်နှုန်း ရှိလာခြင်း။<br>- အထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပြီးသော အလယ်တန်းကျောင်း ၇ ရာခိုင်နှုန်းရှိလာခြင်း။ | အခြေခံပညာ မူလတန်းကျောင်း ၇၀ ရာခိုင်နှုန်းတွင် သင်ထောက်ကူပစ္စည်းများ ပြည့်စုံလာခြင်း။ |

## ၆.၄.၃။ မဟာဗျူဟာ(၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၂) မသင်မနေရနှင့် လူတိုင်းအကျုံးဝင်ပညာရေးကို အားကောင်းစေရန်ပံ့ပိုးခြင်း။ | | | |
|---|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | မသင်မနေရနှင့် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ် | | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)** ရွှေ့ပြောင်းစမ်းသပ် ဆောင်ရွက်ခြင်းဖြင့် မသင်မနေရ မူလတန်းပညာရေးကို အားကောင်းစေခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)** ကျောင်းထွက်နိုင်ခြေရှိသော ကလေးများအတွက် အခြေခံပညာကို သာတူညီမျှ အခွင့်အလမ်းရရှိရေး ပံ့ပိုးခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)** အထူးပညာရေး လိုအပ်ချက်များရှိသည့် ကလေးများအတွက် သင်ယူမှု အခွင့်အလမ်း ပိုမိုရရှိစေရန် ဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | မသင်မနေရ မူလတန်းပညာရေးစီမံချက်ဖြင့် ပံ့ပိုးမှုရရှိထားသော ကလေးများ မူလတန်း ပြီးမြောက်သည်အထိ ကျောင်းနေမြဲခြင်း။ | ကျောင်းထွက်နိုင်ခြေရှိသော ကလေးများနှင့်ကျောင်းထွက်သွားသောကလေးများကို အခြေခံ ပညာကျောင်းများတွင် ကျောင်းနေမြဲရေးအတွက် ပံ့ပိုးမှုပေးခြင်း။ | မသန်စွမ်းသူအခွင့်အရေးများ၊ သင်ယူမှု လိုအပ်ချက်များနှင့် ပတ်သက်သည့် အသိအမြင်များ တိုးတက်လာခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | - စမ်းသပ်အကောင်အထည်ဖော်သည့် ကျောင်းများတွင် မူလတန်းကျောင်းနေသူ ဦးရေ ၅ ရာခိုင်နှုန်းတိုးလာခြင်း။<br>- စမ်းသပ်မြို့နယ်များတွင် မသင်မနေရ ပညာရေးကော်မတီများ ဖွဲ့စည်းထားပြီး၊ အကောင်အထည်ဖော်မှု လုပ်ငန်းအစီအစဉ် ၁၀၀ ရာခိုင်နှုန်းရှိလာခြင်း။<br>- ထောက်ပံ့ကြေးရပြီး အကောင်အထည် ဖော်သည့် လုပ်ငန်းအစီအစဉ် ၈၀ ရာခိုင်နှုန်း ရှိလာခြင်း။ | - ပညာသင် ထောက်ပံ့ကြေးရရှိသော ကျောင်းသား (၁၂၆,၀၀၀) ရှိခြင်း။<br>- အာဟာရ ထောက်ပံ့မှုရရှိသော ကျောင်းသား (၅၀၀,၀၀၀) ရှိခြင်း။ | လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲတက်ရောက်ထားသည့် ကျောင်းများအနက် ၈၀ ရာခိုင်နှုန်းသည် မသန်စွမ်းကလေးများကို ကျောင်းတွင် လက်ခံရေးနှင့်ပတ်သက်ပြီး စည်းရုံး လှုံ့ဆော်မှုလုပ်ငန်းများ ဆောင်ရွက်လာခြင်း။ |

## ၆.၄.၄။ မဟာဗျူဟာ (၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

**မဟာဗျူဟာ (၃)** ကျောင်းအရည်အသွေးအာမခံမှုစနစ်ဖြင့် ကျောင်းများ၏အရည်အသွေးကို တိုးတက်စေခြင်း။

**မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** ကျောင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

| | | | |
|---|---|---|---|
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>ကျောင်းအရည်အသွေး စံသတ်မှတ်ချက် အာမခံမှု အညွှန်းဘောင် (SQSAF) ရေးဆွဲခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ကျောင်းအရည်အသွေး စံသတ်မှတ်ချက် အာမခံမှု အညွှန်းဘောင် (SQSAF) အရ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>ကျောင်းဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုကို အားကောင်းစေခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | - ကျောင်းအရည်အသွေးဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များကို ကျောင်းအုပ်များနှင့် ကျောင်းစီမံခန့်ခွဲမှုကော်မတီများကနားလည်သဘောပေါက်ခြင်း။<br>- ကျောင်းအရည်အသွေး စံသတ်မှတ်ချက် အာမခံမှုအညွှန်းဘောင်အရ ကြီးကြပ်အကဲဖြတ်သော စနစ်ပေါ်ပေါက်လာခြင်း။ | - ကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များရေးဆွဲကာ ကျောင်းအရည်အသွေးတိုးတက်ရေး ထောက်ပံ့ကြေးများကို အသုံးပြုခြင်းဖြင့် ကျောင်းများ၏ အရည်အသွေး တိုးတက်လာခြင်း။<br>- စီမံချက်ရေးဆွဲရာတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ၌ ကျောင်းများ လွတ်လပ်စွာ စီမံခန့်ခွဲမှု ရရှိလာခြင်း။ | ကျောင်းများတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ မိဘနှင့် ရပ်ရွာလူထုပူးပေါင်း ပါဝင်ဆောင်ရွက်မှုတိုးတက်လာခြင်း၊ ကျောင်းဦးဆောင်မှုနှင့် စီမံခန့်ခွဲမှု တိုးတက်လာခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | ကျောင်းအရည်အသွေး အနိမ့်ဆုံးစံသတ်မှတ်ချက်များဆိုင်ရာ သတင်းအချက်အလက်များရရှိသော ကျောင်းများအနက် ထင်သာမြင်သာသော လုပ်ငန်းများဆောင်ရွက်လျက်ရှိသောကျောင်း ၇၀ ရာခိုင်နှုန်း ရှိလာခြင်း။ | - ကျောင်းအသိုက်အဝန်း၏သဘောတူညီမှုရရှိပြီး၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် ကျောင်းအရည်အသွေးအာမခံမှုအကဲဖြတ်ဆန်းစစ်မှုမှ တွေ့ရှိချက်များကို အသုံးပြုသော ကျောင်း ၁၀၀ ရာခိုင်နှုန်း ရှိလာခြင်း။<br>- ကျောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ကြေးကို အသုံးပြုသည့်ကျောင်း ၁၀၀ ရာခိုင်နှုန်း ရှိလာခြင်း။ | - ကျောင်းစီမံခန့်ခွဲမှုနှင့် သင်ကြား သင်ယူမှုဆိုင်ရာ ဦးဆောင်မှုသင်တန်း ရရှိထားသော ကျောင်းအုပ်များရှိသည့်ကျောင်း ၅၀ ရာခိုင်နှုန်း ရှိလာခြင်း။<br>- မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်နှင့် ကျောင်းကောင်စီများ၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများဆိုင်ရာလမ်းညွှန်ချက်များနှင့် ဆောင်ရွက်မှုဆိုင်ရာ မိတ်ဆက်သင်တန်းရရှိပြီးသော ကျောင်းအဖွဲ့အစည်း ၅၀ ရာခိုင်နှုန်း ရှိလာခြင်း။ |

# ၇

# အခြေခံပညာသင်ရိုးညွှန်းတမ်း






၈
၁
၄
၅
၂
၃
၆
၇

အခန်း ၇

# အခြေခံပညာသင်ရိုးညွှန်းတမ်း

## ၇.၀။ နိဒါန်း

အရည်အသွေးရှိသော အခြေခံပညာသင်ရိုးညွှန်းတမ်းသည် မြန်မာနိုင်ငံ၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အခြေခံအုတ်မြစ်ဖြစ်ပြီး အရည်အသွေးရှိသည့် ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်နိုင်ရန်နှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုမြှင့်တင်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ထိုသင်ရိုးညွှန်းတမ်းသည် ဆရာများ၏ သင်ကြားရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။

သို့ဖြစ်၍ အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ (Soft Skills) နှင့် အဆင့်မြင့် စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ (Higher Order Thinking Skills) ကို အလေးပေးခြင်းဖြင့် ကျောင်းသားများ၏ဘဝနှင့် ပိုမိုဆက်စပ်ဆီလျော်မှုရှိသည့် အခြေခံပညာသင်ရိုးညွှန်းတမ်းဖြစ်လာရေးအတွက် ပညာရေးဝန်ကြီးဌာနက ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်မီကောင်းမွန်သော သင်ရိုးညွှန်းတမ်းအရေးပါမှုကို သိရှိသည့်အားလျော်စွာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း(CESR)တွင် သူငယ်တန်းမှ ဒသမတန်းအထိ အခြေခံပညာသင်ရိုးညွှန်းတမ်း အသေးစိတ်လေ့လာခြင်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ မူဝါဒဆိုင်ရာ ထပ်မံလေ့လာ ဖော်ထုတ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) နှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများမှ သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ (က)သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများနှင့် တတ်ကျွမ်းမှုများသည် အထက်အောက်နှင့် ဘေးတိုက် ဆက်စပ်မှုရှိရန်၊ (ခ) လက်ရှိ သင်ရိုးညွှန်းတမ်း၏ များပြားနေသော အကြောင်းအရာများကိုလျှော့ချရန်၊ ထပ်နေသော အကြာင်းအရာများကို ဖော်ထုတ်ရန်၊ ကွာဟနေသော အကြောင်းအရာများကို ဖြည့်ဆည်းရန်၊ (ဂ) ဆရာအတတ်သင်ကြား နည်းပညာများနှင့် စစ်ဆေးအကဲဖြတ်ခြင်းများသည် သင်ရိုးညွှန်းတမ်းအသစ်နှင့်ဆက်စပ်မှုရှိရန်၊ (ဃ) အခြေခံပညာရေးစနစ်ကို သူငယ်တန်း ပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်း (၁၂)နှစ် KG+(5-4-3)သို့ ပြင်ဆင်ပြောင်းလဲရန်၊ (င) လျင်မြန်စွာ ပြောင်းလဲလာသော လူမှုစီးပွားရေးဖွံ့ဖြိုးမှုများနှင့်အညီ နည်းပညာ အခြေပြုလူမှုအဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့်ကိုက်ညီရန်၊ (စ) မြန်မာနိုင်ငံ၏သင်ရိုးညွှန်းတမ်းကို အရည်အသွေးမြင့်မား၍ အာဆီယံဒေသများ အပါအဝင် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထောက်ခံအကြံပြုခဲ့ပါသည်။

အခြေခံပညာကဏ္ဍပညာရေးဆိုင်ရာ ပြန်လည်ပြုပြင်မွမ်းမံမှုများသည် ဆရာအတတ်သင်ကြားနည်းလမ်းများမြှင့်တင်ရန်၊ အရည်အသွေးရှိ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများပံ့ပိုးရန်၊ ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ရန်နှင့် စာမေးပွဲစနစ်များ အားဖြည့်ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ အဆိုပါ အခြေခံပညာကဏ္ဍပညာရေးဆိုင်ရာ ပြန်လည်ပြုပြင်မွမ်းမံမှုများမှတစ်ဆင့် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုဘက်စုံ ပေါင်းစပ်ပြုပြင်မွမ်းမံမှုများသည်ကျောင်းသားများ၏သင်ယူမှုရလဒ်များကိုတိုးတက်စေမည်ဖြစ်ပြီး ကျား၊ မ ကွဲပြားမှု၊ တိုင်းရင်းသားမျိုးနွယ်စု၊ လူမှုစီးပွားရေးအခြေအနေ၊ မသန်စွမ်းမှု အနေအထားစသည့် ဘက်ပေါင်းစုံမှ ကလေးများအတွက် တန်းတူညီမျှ၍ လူတိုင်းအကျုံးဝင်သော သင်ယူမှုများ တိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတကာအထောက်အထားများအရ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်တွင် ၂၁ရာစု ကျွမ်းကျင်မှုများ၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ရရှိမှုဆိုင်ရာကျွမ်းကျင်မှုများနှင့် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုဆိုင်ရာကျွမ်းကျင်မှုများကို အလေးပေးဖော်ပြထားပါသည်။ နိုင်ငံတကာအစိုးရများအနေဖြင့် အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်းသည် ဘဝ၊ အလုပ်ခွင်နှင့် ပညာ ဆက်လက်သင်ကြားရေးတို့အတွက် လိုအပ်သော ဗဟုသုတနှင့် လက်တွေ့ကျွမ်းကျင်မှုများကို ဖြည့်ဆည်းပေးခြင်းဖြင့် ကျောင်းသားအားလုံးအတွက် လိုက်လျောညီထွေမှုရှိသော သင်ရိုးညွှန်းတမ်းဖြစ်သင့်သည်ဟု အတိအလင်းဖော်ပြထားကြပါသည်။

## ၇.၁။ ဥပဒေနှင့် မူဝါဒနောက်ခံ

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅)တွင် အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်းအသစ် ရေးဆွဲအကောင်အထည်ဖော်ရန် အလေးပေးဖော်ပြထားပြီး "သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များအောင်မြင်စေရန်ရည်ရွယ်၍သင်ယူမှုရလဒ်များ၊သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့ အပါအဝင် ကျောင်းတွင်းနှင့် ကျောင်းပြင်ပတို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲသတ်မှတ်ထားသော အစီအစဉ်များကိုဆိုသည်" ဟု ပါရှိပါသည်။ (အခန်း (၁)၊ ပုဒ်မ(၂)၊ ပိုဒ်ခွဲ(လ)တွင် အသေးစိတ်ဖော်ပြထားသည်။)

## ၇.၂။ အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(NESP)၏ အခြေခံပညာ သင်ရိုးညွှန်းတမ်းကဏ္ဍခွဲ အစီရင်ခံစာတွင် (၁) အမျိုးသားပညာရေး ဥပဒေ(၂၀၁၄)နှင့်အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၅)၊ (၂) CESR အဆင့်-၂ အသေးစိတ်လေ့လာဆန်းစစ်တွေ့ရှိချက်များ၊ (၃)ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏မူဝါဒများ၊ (၄)သင်ရိုးညွှန်းတမ်းဆိုင်ရာမဟာဗျူဟာမြောက်စိန်ခေါ်မှုများနှင့် (၅) နိုင်ငံတွင်းနှင့် နိုင်ငံတကာ





သုတေသနသင်ခန်းစာများကို ခြုံငုံထည့်သွင်းထားပြီး ရှုထောင့်စုံမှ အသေးစိတ်လေ့လာ သုံးသပ်ချက်များအပေါ် အခြေပြု၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖော်ပြပါ မဟာဗျူဟာမြောက် အပြောင်းအလဲတစ်ရပ်ကို အခြေခံပညာသင်ရိုးညွှန်းတမ်းအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည်။

၂၀၂၁ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် မဟာဗျူဟာမြောက်အပြောင်းအလဲ –

ကျောင်းသားအားလုံးတွင် မိမိတို့ဘဝနှင့်ဆီလျော်ပြီး မြန်မာနိုင်ငံ၏ ၂၁ ရာစု လူမှုစီးပွားရေး အခြေအနေအရလိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ သဘောထားများနှင့် တတ်ကျွမ်းမှုများ ဖွံ့ဖြိုးတိုးတက်လာကြမည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းမဟာဗျူဟာမြောက် အပြောင်းအလဲကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ထားသော မဟာဗျူဟာများနှင့် အစီအစဉ်များကို ဆက်လက်ဖော်ပြထားပါသည်။

## ၇.၃။ အခြေခံပညာ သင်ရိုးညွှန်းတမ်းဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

ဤအခန်းတွင် ဖော်ပြထားသည့် မဟာဗျူဟာများသည် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ၏ မူဝါဒနှင့်အညီ ပညာရေးဝန်ကြီးဌာနက အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်း အညွှန်းဘောင် အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးမည်ဖြစ်ပါသည်။ အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်သည် မြန်မာနိုင်ငံ၏ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲရာတွင် အရေးပါသော ကနဦးအဆင့်တစ်ခုဖြစ်ပါသည်။ ထိုအညွှန်းဘောင်တွင် (၁) အခြေခံမူများ၊ (၂) ရည်မှန်းချက်များ၊ (၃) သင်ယူမှုနယ်ပယ်အလိုက် အခြေခံပညာ ဘာသာရပ်ဖွဲ့စည်းတည်ဆောက်ပုံ၊ (၄) ဘာသာရပ်တစ်ခုစီအတွက် သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အကြောင်းအရာနှင့် ကျွမ်းကျင်မှုဆိုင်ရာဖော်ပြချက်များ၊ (၅) သင်ကြားသင်ယူမှုဘာသာစကား၊ (၆) ကျောင်းသားများအတွက် စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ ချဉ်းကပ်နည်းများ ပါဝင်ပါသည်။

## ၇.၃.၁။ မဟာဗျူဟာ(၁) အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို ၂၁ရာစုဆိုင်ရာကျွမ်းကျင်မှုများ အလေးပေးပြီး ခေတ်နှင့်လျော်ညီအောင် ပြန်လည်မွမ်းမံခြင်း

အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်သည် အသိပညာဗဟုသုတသာမက သင်ယူမှုအယူအဆများ၊ ပြဿနာဖြေရှင်းမှုဆိုင်ရာဖြစ်စဉ်များ၊ အခြေခံနိယာမသဘောတရားများနှင့်အကြောင်းရင်းများ နားလည်မှုကို အလေးပေးသော သင်ရိုးညွှန်းတမ်းဖြစ်သင့်ပါသည်။ ထို့ပြင် အခြေခံပညာ သင်ရိုးညွှန်းတမ်းသည် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် အပြည့်အဝကိုက်ညီမှုရှိရမည့်အပြင် မိဘများနှင့် ကျောင်းသားများ၏မျှော်မှန်းချက်များနှင့်ထပ်တူကျရန် လိုအပ်ပါသည်။ လက်တွေ့ဘဝနှင့် အလုပ်ခွင်အတွက်ခိုင်မာသော အခြေခံကြိုတင်ပြင်ဆင်မှုများပေးနိုင်ရန် သူငယ်တန်းမှ ဒွါဒသမတန်းအထိ အဆင့်အလိုက် သင်ယူသူအားလုံး၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းဖြစ်ရန်လည်း လိုအပ်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများနှင့် ဆီလျော်မှုရှိပြီး သင်ယူလိုစိတ်ကို လှုံ့ဆော်ပေးနိုင်သည့် သင်ရိုးဝင် အကြောင်းအရာများ၊ ဆရာအတတ်သင်ကြားနည်းပညာများနှင့် သင်ယူမှုရလဒ်များရရှိလာအောင်ဆောင်ရွက်ခြင်းဖြင့် မျှော်မှန်းချက်များ ပြည့်ဝအောင်မြင်လာမည်ဖြစ်ပါသည်။ ၂၁ ရာစု ကျွမ်းကျင်မှုများ၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုဆိုင်ရာကျွမ်းကျင်မှုများ ထည့်သွင်းထားသည့် သင်ရိုးညွှန်းတမ်းပြင်ဆင်ရေးဆွဲခြင်းကို အထူးအလေးပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ရေးဆွဲရာတွင် အာဆီယံအပါအဝင် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်နှိုင်းယှဉ်နိုင်သော သင်ရိုးညွှန်းတမ်းဖြစ်ရန် အလွန်အရေးကြီးပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးနိုင်ရန်အတွက် ကျွမ်းကျင်မှုအမျိုးမျိုးကိုပိုင်ဆိုင်သည့် လူငယ်လုပ်သားအင်အားများ လိုအပ်ပါသည်။ ထို့ကြောင့် ကျောင်းသားများ သင်ယူထားသည့် စာတွေ့နှင့် လက်တွေ့ကျွမ်းကျင်မှုများ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေမည့် အရည်အသွေးရှိသော အခြေခံပညာ သင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်ခြင်းသည် ကျောင်းသားများအတွက်သာမက မိသားစုများနှင့် တိုင်းပြည်အတွက်ပါ အလွန်အရေးကြီးလှပါသည်။ သို့ပါ၍ အကြောင်းအရာနှင့် အသိပညာဗဟုသုတကို အလေးပေးထားသော လက်ရှိသင်ရိုးညွှန်းတမ်းမှတစ်ဆင့် သင်ယူသူများ၏ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးကို ပြုစုပျိုးထောင်ပေးသည့် သင်ရိုးညွှန်းတမ်းသို့ပြောင်းလဲရန် လိုအပ်ပါသည်။

အခြေခံပညာအဆင့်တိုင်းတွင် ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုအခြေပြုသင်ကြားသင်ယူမှုကို ဦးတည်ပြောင်းလဲသည်နှင့်အမျှ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ဆရာများအား သင်တန်းပေးခြင်းတို့ကိုလည်း ဟန်ချက်ညီညီ ယှဉ်တွဲပြောင်းလဲရန် လိုအပ်ပါသည်။ ဤပြောင်းလဲမှုများနှင့် ပတ်သက်၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan-NESP) တွင်ပါရှိသော ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်းအကြောင်းကို အခန်း(၈)တွင်လည်းကောင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကဏ္ဍကို အခန်း(၉)တွင်လည်းကောင်း အသီးသီးဖော်ပြထားပါသည်။ အခြေခံပညာ သင်ရိုးညွှန်းတမ်း အသစ်ကို အောင်မြင်စွာ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိသင်ရိုးညွှန်းတမ်းဌာနခွဲကိုအားဖြည့်ဖွဲ့စည်းမည်ဖြစ်သည်။ သင်ရိုးညွှန်းတမ်းဌာနခွဲသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို အဆင့်အလိုက်ရေးဆွဲနိုင်ရန် အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (ဆရာအတတ်ပညာဌာန)တို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် သင်ရိုးညွှန်းတမ်းဌာနခွဲသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ကလေးများအတွက် တိုင်းရင်းသားဘာသာစကားသင်ကြားရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိပညာရေးဆိုင်ရာအရာရှိများကိုလည်းနည်းပညာပိုင်းဆိုင်ရာကူညီပံ့ပိုးမှုများ ပေးရန် လိုအပ်ပါသည်။

ထိုဦးစားပေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်နိုင်ရန်အတွက် ကျောင်းသားများအား ၂၁ ရာစု လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီသည့် အသိပညာ ဗဟုသုတအသစ်များနှင့်ကျွမ်းကျင်မှုများကို တတ်မြောက်စေရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းအစီအစဉ်များ ပါဝင်ပါသည်-

### လုပ်ငန်းအစီအစဉ်(၁) အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ ဖွဲ့စည်းပုံအသစ်ကို ပြင်ဆင်ပြုစုခြင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်းအညွှန်းဘောင်ကိုအခြေခံ၍ သူငယ်တန်းမှ ဒွါဒသမတန်းအထိ ခြုံငုံမိပြီး အတန်းတစ်တန်းချင်းစီရှိ သင်ယူမှုနယ်ပယ်တစ်ခုစီအတွက် အသေးစိတ်ဖော်ပြထားသော သင်ရိုးညွှန်းတမ်း၏ နယ်ပယ်အကျယ်အဝန်းနှင့် အစီအစဉ်အသေးစိတ်မူကြမ်းကို ပြုစုရပါမည်။ ထို့ပြင် ဘာသာရပ်တစ်ခုစီအတွက် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းအညွှန်းဘောင် ပြုစုပါမည်။ သင်ရိုးညွှန်းတမ်းဆိုင်ရာစံသတ်မှတ်ချက်များ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ သတ်မှတ်ထားသော ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို ပြုစုပြီးနောက် သင်ရိုးမာတိကာများကို ထည့်သွင်းရေးဆွဲရန် လိုအပ်ပါသည်။ သင်ရိုးမာတိကာဆိုသည်မှာ အတန်းတစ်တန်းချင်းစီနှင့် သင်ယူမှုနယ်ပယ်တစ်ခုစီအတွက် မိမိနိုင်ငံ၏ယဉ်ကျေးမှုအရ အကျုံးဝင်သောကျွမ်းကျင်မှုများနှင့် အသိပညာဗဟုသုတများ ပါဝင်သည့် သင်ရိုးဝင်အကြောင်းအရာများကို ဆိုလိုသည်။ ထိုသို့ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ရိုးမာတိကာများရေးဆွဲနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရပါမည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်အကောင်အထည်ဖော်ရာ၌ ဇယား(၇.၁)တွင်ဖော်ပြထားသော ရွေးချယ်ရန် လမ်းသွယ်ငါးခုအနက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် သင့်တော်သော လမ်းသွယ်တစ်ခု ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်သည်။

သင်ရိုးညွှန်းတမ်းအသစ်အကောင်အထည်ဖော်မှု အစီအစဉ်ကို အောက်ပါအချက်များပေါ် တွင် အခြေခံ၍ ရွေးချယ်နိုင်ပါသည်-(က) သင်ရိုးရေးဆွဲသူများ၏ စွမ်းဆောင်ရည်ရှိမှု (ခ) အခြေခံပညာရေးစနစ်သစ် KG+(5-4-3) အရ လုံလောက်သော ဆရာ၊ ဆရာမ ခန့်ထားနိုင်မှု (ဂ) ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များအတည်ပြုပုံနှိပ်ထုတ်ဝေနိုင်မှု (ဃ) အရည်အသွေးရှိသော သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများပြုစုဖြန့်ဝေနိုင်မှု (င) အခြေခံပညာဆရာများအား သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ သင်တန်းများအချိန်မီပို့ချနိုင်မှု (စ) တိုးလာမည့် အတန်း (၂)တန်းအတွက် အဆောက်အအုံ၊ ပရိဘောဂလိုအပ်မှုတို့ဖြစ်ပါသည်။

ဇယား (၇.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ဖြင့် အကောင်အထည်ဖော်မည့်အဆိုပြု လမ်းသွယ်များ

| ရွေးချယ်ရန် လမ်းသွယ် (၁) | ရွေးချယ်ရန် လမ်းသွယ် (၂) | ရွေးချယ်ရန် လမ်းသွယ် (၃) | ရွေးချယ်ရန် လမ်းသွယ် (၄) | ရွေးချယ်ရန် လမ်းသွယ် (၅) | အခြေခံပညာ သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲ ပုံနှိပ်ထုတ်ဝေမည့်နှစ် | အခြေခံပညာ သင်ရိုးညွှန်းတမ်း စတင် အကောင်အထည် ဖော်မည့်နှစ် |
|---|---|---|---|---|---|---|
| သူငယ်တန်း (KG) | သူငယ်တန်း (KG) | သူငယ်တန်း (KG) | သူငယ်တန်း (KG) | သူငယ်တန်း (KG) | ၂၀၁၅/၂၀၁၆ | ၂၀၁၆/၂၀၁၇ |
| ပထမတန်း (G-1) | ပထမတန်း (G-1)<br>ဆဋ္ဌမတန်း (G-6)<br>ဒသမတန်း (G-10) | ပထမတန်း (G-1) | | ပထမတန်း (G-1) | ၂၀၁၆/၂၀၁၇ | ၂၀၁၇/၂၀၁၈ |
| ဒုတိယတန်း (G-2)<br>ဆဋ္ဌမတန်း (G-6) | ဒုတိယတန်း (G-2)<br>သတ္တမတန်း (G-7)<br>ဧကဒသမတန်း (G-11) | ဒုတိယတန်း (G-2) | ပထမတန်း (G-1) | ဒုတိယတန်း (G-2) | ၂၀၁၇/၂၀၁၈ | ၂၀၁၈/၂၀၁၉ |
| တတိယတန်း(G-3)<br>သတ္တမတန်း (G-7)<br>ဒသမတန်း (G-10) | တတိယတန်း(G-3)<br>အဋ္ဌမတန်း (G-8)<br>ဒွါဒသမတန်း (G-12) | တတိယတန်း (G-3)<br>ဆဋ္ဌမတန်း (G-6) | ဒုတိယတန်း (G-2)<br>ဆဋ္ဌမတန်း (G-6) | တတိယတန်း (G-3) | ၂၀၁၈/၂၀၁၉ | ၂၀၁၉/၂၀၂၀ |
| စတုတ္ထတန်း (G-4)<br>အဋ္ဌမတန်း (G-8)<br>ဧကဒသမတန်း (G-11) | စတုတ္ထတန်း (G-4)<br>နဝမတန်း (G-9) | စတုတ္ထတန်း (G-4)<br>သတ္တမတန်း (G-7)<br>ဒသမတန်း (G-10) | တတိယတန်း (G-3)<br>သတ္တမတန်း (G-7)<br>ဒသမတန်း (G-10) | စတုတ္ထတန်း (G-4) | ၂၀၁၉/၂၀၂၀ | ၂၀၂၀/၂၀၂၁ |
| ပဉ္စမတန်း (G-5)<br>နဝမတန်း (G-9)<br>ဒွါဒသမတန်း (G-12) | ပဉ္စမတန်း (G-5) | ပဉ္စမတန်း (G-5)<br>အဋ္ဌမတန်း (G-8)<br>ဧကဒသမတန်း (G-11) | စတုတ္ထတန်း (G-4)<br>အဋ္ဌမတန်း (G-8)<br>ဧကဒသမတန်း (G-11) | ပဉ္စမတန်း (G-5) | ၂၀၂၀/၂၀၂၁ | ၂၀၂၁/၂၀၂၂ |
| | | နဝမတန်း (G-9)<br>ဒွါဒသမတန်း (G-12) | ပဉ္စမတန်း (G-5)<br>နဝမတန်း (G-9)<br>ဒွါဒသမတန်း (G-12) | ဆဋ္ဌမတန်း (G-6) | ၂၀၂၁/၂၀၂၂ | ၂၀၂၂/၂၀၂၃ |
| | | - | | သတ္တမတန်း (G-7) | ၂၀၂၂/၂၀၂၃ | ၂၀၂၃/၂၀၂၄ |
| | | - | | အဋ္ဌမတန်း (G-8) | ၂၀၂၃/၂၀၂၄ | ၂၀၂၄/၂၀၂၅ |
| | | - | | နဝမတန်း (G-9) | ၂၀၂၄/၂၀၂၅ | ၂၀၂၅/၂၀၂၆ |
| | | - | | ဒသမတန်း (G-10) | ၂၀၂၅/၂၀၂၆ | ၂၀၂၆/၂၀၂၇ |
| | | - | | ဧကဒသမတန်း (G-11) | ၂၀၂၆/၂၀၂၇ | ၂၀၂၇/၂၀၂၈ |
| | | - | | ဒွါဒသမတန်း (G-12) | ၂၀၂၇/၂၀၂၈ | ၂၀၂၈/၂၀၂၉ |

### လုပ်ငန်းအစီအစဉ်(၂) ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များနှင့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများပြုစုရေးဆွဲခြင်းနှင့် အပြီးသတ်ပြုစုခြင်း

ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များသည် ဆရာနှင့် ကျောင်းသားများ၏ သင်ကြားသင်ယူမှုဖြစ်စဉ်အတွက် အဓိကအရေးပါသောကြောင့် တိကျမှုရှိ၍ အသုံးပြုလွယ်ကူစေပြီး စိတ်ဝင်စားဖွယ်ဖြစ်ရန် လိုအပ်ပါသည်။ ထို့ပြင် အခန်း(၉)၊ ဆရာအတတ်ပညာနှင့်စီမံခန့်ခွဲမှု ကဏ္ဍတွင် ဆွေးနွေးထားသည့်အတိုင်း ကျောင်းသုံးစာအုပ်များနှင့်ဆရာလမ်းညွှန်များသည် ဆရာများ အနေဖြင့် ဆရာ၊ ကျောင်းသားအပြန်အလှန်ပြောဆိုဆွေးနွေးလုပ်ဆောင်မှုကို ပိုမိုအားပေးသော သင်ကြားသင်ယူမှုအတွက် အရေးတကြီး ထောက်ပံ့ကူညီပေးမည် ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းဌာနခွဲသည် သင်ရိုးညွှန်းတမ်းအသစ်အတွက် ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များ၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြုစုရေးဆွဲရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။

ဆရာလမ်းညွှန်များတွင် သင်ယူနေစဉ်နှင့် သင်ယူမှုအပြီး စစ်ဆေးအကဲဖြတ်သောလုပ်ငန်းစဉ်များ၊ ချဉ်းကပ်နည်းများပါရှိရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် အခန်းဆုံးစစ်ဆေးမှုအတွက် ကျောင်းသားများအနေဖြင့် ကျောင်းသုံးစာအုပ်ပါ အခန်းအလိုက်သင်ခန်းစာများအား အလွတ်ကျက်မှတ်၍ ဖြေဆိုခြင်းကိုလည်း ပြောင်းလဲရမည်ဖြစ်ပါသည်။ အမျိုးသားပညာရည်စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ၏ ကဏ္ဍတစ်ခုဖြစ်သည့် အခန်း(၈) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်းကဏ္ဍတွင် ဖော်ပြထားပါသည်။

သင်ရိုးညွှန်းတမ်းဌာနခွဲသည် ကျောင်းအခြေပြုနှင့် စာသင်ခန်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းအသစ်များအပါအဝင် အမျိုးသားအဆင့် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပံ့ပိုးကူညီမည်ဖြစ်ပါသည်။ ထို့ပြင် အတန်းအလိုက် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ချက်များကို အပြီးသတ်နိုင်ရန် ဆောင်ရွက်နေသကဲ့သို့ အတန်းအလိုက်၊ ဘာသာရပ်အလိုက် လိုအပ်သော စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများနှင့် ချဉ်းကပ်နည်းများ၊ သင်ကြားသင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရွေးချယ်သတ်မှတ်ခြင်းကိုလည်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤသင်ရိုးညွှန်းတမ်း လုပ်ငန်းစဉ်များသည် ကျောင်းသုံးစာအုပ်အသစ်များနှင့် ဆရာလမ်းညွှန်များပြုစုရေးဆွဲရာတွင် အကျိုးဝင်မည့်ဖြစ်စဉ်များဖြစ်ပါသည်။

ကျောင်းသုံးစာအုပ်အသစ်များနှင့်ဆရာလမ်းညွှန်များကို မြန်မာနိုင်ငံတစ်ဝန်း နမူနာအဖြစ် ရွေးချယ်ထားသော ကျောင်းများတွင် ရှေ့ပြေးစမ်းသပ်အသုံးပြုပါမည်။ ထိုကဲ့သို့ စမ်းသပ်အသုံးပြုခြင်းမှာ မြန်မာနိုင်ငံရှိ မတူကွဲပြားခြားနားသော သင်ကြားသင်ယူမှုဝန်းကျင်များနှင့် လိုက်လျောညီထွေမှုရှိစေရန် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် အဆင့်အလိုက် အခြေခံပညာသင်ရိုးညွှန်းတမ်း အကောင်အထည် ဖော်ရေးအစီအစဉ်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သူငယ်တန်း (KG) ဆရာလမ်းညွှန်စာအုပ် သုံးအုပ်ကို အပြီးသတ်ရေးသားပြုစုခဲ့ပါသည်။

### လုပ်ငန်းအစီအစဉ်(၃) တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်း

ဤလုပ်ငန်းအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့်သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို ထောက်ပံ့မြှင့်တင်ပေးနိုင်ရန်ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

တိုင်းရင်းသားဘာသာစကားသင်ရိုးညွှန်းတမ်းကိုပြုစုရေးဆွဲရာတွင် ဒေသဆိုင်ရာ အသိပညာ ဗဟုသုတများ၊ ယဉ်ကျေးမှုများနှင့် ရိုးရာဓလေ့များကို ဖော်ထုတ်နိုင်ရန် အတွက် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သင်ရိုးညွှန်းတမ်း ဌာနခွဲမှ သင်ရိုးရေးဆွဲရေးအဖွဲ့ဝင်များ၊ တခြားကျွမ်းကျင်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ပါမည်။ အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့် သင်ကြားပို့ချခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

တိုင်းရင်းသားကလေးများအနေဖြင့် ဒေသဆိုင်ရာအကြောင်းအချက်အလက်များ၊ ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများ၊ ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများကို အခြေခံခိုင်ခိုင်မာမာရရှိမည့်အပြင် မိမိတို့သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား သာမက ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားကို ဘာသာစကားကြွယ်ဝဖွံ့ဖြိုးရေးအစီအစဉ်များမှတစ်ဆင့် ကျွမ်းကျင်စွာ တတ်မြောက်လာမည်ဖြစ်ပါသည်။



### ၇.၃.၂။ မဟာဗျူဟာ(၂) သင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲသူများ၏ အတတ်ပညာဆိုင်ရာ စွမ်းဆောင် ရည်ကို မြှင့်တင်ပေးခြင်း

ပညာရေးဝန်ကြီးဌာနသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်တွင် သင်ရိုးညွှန်းတမ်းနှင့်သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြုစုရေးဆွဲ ရေးအဖွဲ့ဝင်များပါဝင်သောသင်ရိုးညွှန်းတမ်းဌာနခွဲက အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ် ပြုစုရေးဆွဲရာတွင် ဦးဆောင်မှုပေးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၏ စွမ်းဆောင်ရည်နှင့်လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးကို မြှင့်တင်ပေးရန် အရေးတကြီးလိုအပ်လျက် ရှိပါသည်။ သို့မှသာ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ဝင်များအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ် ရေးဆွဲရာတွင် ဦးဆောင်မှုပေးနိုင်ပြီး သင်ရိုးညွှန်းတမ်းအသစ်ကို ပုံမှန်ပြန်လည် သုံးသပ်ခြင်းနှင့် လေ့လာကြီးကြပ်ခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းအားဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ဝင်များသည် သင်ရိုးညွှန်းတမ်းကို ခေတ်နှင့်လိုက်လျောညီထွေမှုရှိစေရန် အထောက်အထားအခြေပြု ပုံမှန်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာနသည် သင်ရိုးညွှန်းတမ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ဖော်ပြပါလုပ်ငန်းအစီအစဉ်များ ပါဝင်ပါသည်-

#### လုပ်ငန်းအစီအစဉ်(၁) ဆရာများကို သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ သင်တန်းပို့ချပေးခြင်း

ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနခွဲမှ သင်ရိုးညွှန်းတမ်းအဖွဲ့ဝင်များသည် အဆင့်မြင့်ပညာဦးစီးဌာန(ဆရာအတတ်ပညာဌာန)၊ အခြေခံပညာဦးစီးဌာနတို့နှင့်ပူးပေါင်းကာ အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ မိတ်ဆက်သင်တန်းအစီအစဉ်များကို ရေးဆွဲရမည် ဖြစ်ပါသည်။ ထို့နောက် သင်ရိုးညွှန်းတမ်းအဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသုံးစာအုပ်နှင့်ဆရာလမ်းညွှန်ပါ အကြောင်းအရာအသစ်များ၊ ဆရာအတတ် သင်ကြားနည်းပညာအသစ်များ မိတ်ဆက်သည့်သင်တန်းကို ဗဟိုနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်မည့်သူများအား သင်တန်းပို့ချပေးပါမည်။

လုပ်ငန်းခွင်အကြိုသင်တန်းသားများကို သင်ကြားနိုင်ရန်အတွက် ဆရာအတတ်ပညာရှင်များအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်နှင့် ရင်းနှီးမှုရှိရန် လိုအပ်ပါသည်။ ကျောင်းများတွင် သင်ကြားနေသော ဆရာများအနေဖြင့်လည်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းတတ်ကျွမ်းမှုဆိုင်ရာ သင်တန်းအစီအစဉ်များလိုအပ်ပါသည်။ ထိုအစီအစဉ်များတွင် သင်ရိုးညွှန်းတမ်းအသစ်အား မိတ်ဆက်ခြင်း၊ ဆရာအတတ်သင်ကြားနည်းပညာများနှင့် စစ်ဆေးအကဲဖြတ်နည်းများ ပါဝင်ပါသည်။

#### လုပ်ငန်းအစီအစဉ်(၂) သင်ရိုးညွှန်းတမ်း အသစ်ပြုစုရေးဆွဲရေးအဖွဲ့ဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

သင်ရိုးညွှန်းတမ်းပြုစုရေးသားသူများအား နိုင်ငံတကာစံချိန်မီ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များမှတစ်ဆင့် လေ့ကျင့်သင်တန်းပေးမည်ဖြစ်သည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ၏ ပထမနှစ်တွင် ဆောင်ရွက်ခဲ့သော အချိန်တိုအတွင်း လုပ်ငန်းစွမ်းဆောင်ရည်လိုအပ်မှုဆိုင်ရာလေ့လာ ဆန်းစစ်ချက်သည် ဤလုပ်ငန်း အစီအစဉ်အတွက်လိုအပ်သော အချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ထို့နောက် အသိပညာနှင့်ကျွမ်းကျင်မှုများ အလေးပေးသည့် သင်တန်းအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်ပါသည်။ အခြေခံပညာသင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်နေသည်နှင့်အမျှ ကျောင်းသားများသည်လည်း ပညာရေးစနစ်အရ တစ်နှစ်ပြီးတစ်နှစ် အတန်းများပြီးဆုံးချိန်တွင် သင်ယူတတ်မြောက်မှုများ တိုးတက်လာမည်ဖြစ်ပါသည်။ အလုပ်ခွင်အတွင်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်အရ နည်းပညာပိုင်းဆိုင်ရာပညာရှင်များ၏ အကူအညီဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့အား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးရပါမည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပုံမှန်ကာလတိုသင်တန်းများကိုလည်း ပို့ချသွားမည်ဖြစ်ပါသည်။

အထက်ပါလုပ်ငန်းအစီအစဉ်များတွင် မဟာဗျူဟာ-၃ ရှိ သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုမူဝါဒနှင့် သင်ရိုးညွှန်းတမ်းပုံမှန်လေ့လာအကဲဖြတ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့များနှင့် ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များအား သင်တန်းပေးမည့် အစီအစဉ်များပါဝင်မည်ဖြစ်ပါသည်။

#### လုပ်ငန်းအစီအစဉ်(၃) တိုင်းရင်းသား ဘာသာစကားသင်ရိုးညွှန်းတမ်းရေးဆွဲသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

ဤအစီအစဉ်တွင် တိုင်းရင်းသား ဘာသာစကားသင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများနှင့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများပြုစုရေးဆွဲရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသား ဘာသာစကားသင်ရိုးညွှန်းတမ်း ရေးဆွဲသူများကို သင်တန်းပေးပြီး ကူညီပံ့ပိုးမည့် အစီအစဉ်များနှင့် လုပ်ငန်းခွင်ဆရာများအား သင်တန်းပေးမည့် အစီအစဉ်များပါဝင်ပါသည်။ ထိုသင်တန်းပေးမည့် အစီအစဉ်ကို သင်ရိုးညွှန်းတမ်း ဌာနခွဲအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ဘာသာစကား သင်ရိုးညွှန်းတမ်းအဖွဲ့ ဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်းနှင့် ကူညီထောက်ပံ့မှုပေးခြင်းတို့ကို ဦးစီးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၇.၃.၃။မဟာဗျူဟာ(၃) သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ် အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ထိရောက်စွာအားဖြည့်ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ခြင်း

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဤမဟာဗျူဟာကို အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် သင်ရိုးညွှန်းတမ်း စီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို အောက်ဖော်ပြပါ အဓိကလုပ်ငန်းစဉ် (၃)ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်-

#### လုပ်ငန်းအစီအစဉ် (၁) သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်ကို အားဖြည့်ပေးခြင်း

နောက်ခံသုတေသနလေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(NESP)အရ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ ကျောင်းသုံးစာအုပ်အသစ်များနှင့် ဆရာလမ်းညွှန်အသစ်များကို အတည်ပြုထားသည့် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ် အကောင်အထည်ဖော်မည့်အစီအစဉ်အရ ဖြန့်ဝေရန် လိုအပ်ပါသည်။

ဆရာများအား ပိုမိုထောက်ပံ့မှုပေးနိုင်ရန်နှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုတိုးတက်စေရန် အခြေခံပညာကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များအပါအဝင် သင်ကြားသင်ယူမှု အရင်းအမြစ်ပစ္စည်းများကိုလည်း အရည်အသွေး မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျောင်းအားလုံးသို့ ပိုမိုကောင်းမွန်သော အရည်အသွေးရှိသည့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ အချိန်မီပုံနှိပ်ဖြန့်ဝေမည့်စနစ်ကို အားဖြည့်အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။



သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲရာတွင် ကျောင်းသုံးစာအုပ်ကော်မတီအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းစွာ ဖော်ထုတ်ရန်နှင့် သင်ရိုးညွှန်းတမ်းအကဲဖြတ်ခြင်းဆိုင်ရာနည်း ပညာသင်တန်းများပေးရန် လိုအပ်ပါသည်။

သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲရာတွင် ကျောင်းသုံးစာအုပ်ကော်မတီသည် သင်ရိုးညွှန်းတမ်းဆိုင်ရာစီမံခန့်ခွဲရေးမူဝါဒနှင့် ကျောင်းများအတွက် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ လမ်းညွှန်ချက်များရေးဆွဲပြုစု အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် ထောက်ပံ့မှုပေးရန် လိုအပ်ပါသည်။

သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်း စီမံခန့်ခွဲရေးမူဝါဒရေးဆွဲရာတွင် အရည်အသွေးရှိ၍ ငွေကြေးကုန်ကျမှုသက်သာစေရန်၊ ဆရာများနှင့် ကျောင်းသားများအတွက် စိတ်ဝင်စားမှုရှိစေရန်နှင့် တာရှည်ခိုင်ခံ့မှုရှိရန်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဤမူဝါဒတွင် ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များ၏ ဒီဇိုင်းနှင့် ပုံနှိပ်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး လိုအပ်ချက်များနှင့် ပုံနှိပ်ခြင်းဆိုင်ရာ အရည်အသွေး စံသတ်မှတ်ချက်များ၊ ကျောင်းသုံးစာအုပ်ကိုင်တွယ်သုံးစွဲခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ကျောင်းအဆင့် သင်ရိုးညွှန်းတမ်း အရင်းအမြစ်များ စီမံခန့်ခွဲမှုအသေးစိတ်ဖော်ပြချက်များပါဝင်ပါမည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) အကောင်အထည်ဖော်ဆောင်ရွက်မှု အရှိန်ရလာသည့် တတိယနှစ်မှစ၍ ကျောင်းသုံးစာအုပ်များ အပြီးသတ်ပုံနှိပ်ဖြန့်ဝေခြင်း လုပ်ငန်းစဉ်များကို သင်ရိုးညွှန်းတမ်းအသစ်အထောက်အကူပြုပစ္စည်းဆိုင်ရာ စီမံခန့်ခွဲမှုမူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

## လုပ်ငန်းအစီအစဉ်(၂) မီဒီယာအမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ဆောင်ရွက်ခြင်း

ဤကဏ္ဍတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အဓိကအချက်အလက်များကို ဆရာ၊ ကျောင်းသား၊ ခရိုင်နှင့်မြို့နယ်များရှိ ပညာရေးဝန်ထမ်းများနှင့် မိဘပြည်သူများအပါအဝင်ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများအား အသိပေးဆက်သွယ်ပြောဆိုမှုအစီအစဉ်များ ပါဝင်ပါသည်။ ထို့ကြောင့် သင်ရိုးညွှန်းတမ်းအသစ်နှင့် သက်ဆိုင်သည့် အသိပေးဆက်သွယ် ပြောဆိုမှုအစီအစဉ်ကို သင်ရိုးညွှန်းတမ်းဌာနခွဲနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ရာတွင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခြင်း၊ သတင်းစာတွင် ဆောင်းပါးများ ရေးသားခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ နံရံကပ်စာစောင်များဖြန့်ဝေခြင်းနှင့် အွန်လိုင်းမှ တစ်ဆင့်ကြည့်ရှုလေ့လာနိုင်ခြင်း (ဥပမာ-ပညာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်) တို့ဖြင့် မိဘပြည်သူများထံသို့ အရောက်ပို့ဆောင်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၃) သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်ကို အားဖြည့်ပေးခြင်း

ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာသင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်ကို ပုံမှန်လေ့လာကြီးကြပ်မှု၊ စစ်ဆေးအကဲဖြတ်မှုများနှင့်စနစ်ကျသော ပြန်လည်သုံးသပ်မှုဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအသစ်နှင့် အစီအစဉ်များကို အားဖြည့်ရန် လိုအပ်ပါသည်။ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ် ရေးဆွဲအကောင်အထည်ဖော်မှုလုပ်ငန်းများကို တစ်ကြိမ်တည်း ဆောင်ရွက်ရုံမျှနှင့် မလုံလောက်ဘဲ လေ့လာကြီးကြပ်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် ပုံမှန်ပြန်လည် ဆန်းစစ်ခြင်းဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ၏ ရည်မှန်းချက်ပန်းတိုင်ပေါက်မြောက်အောင်မြင်ရေးအတွက် အထောက်အပံ့ပြုမည်ဖြစ်ပါသည်။

ရေတိုကာလအတွင်း၌ သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ စဉ်ဆက်မပြတ် လေ့လာကြီးကြပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ရန် အဖွဲ့တစ်ခုထူထောင်ရမည်ဖြစ်ပါသည်။ ထို့နောက် အောင်မြင်သောသင်ရိုးညွှန်းတမ်းအသစ်အကောင်အထည်ဖော် ဆောင်ရွက်မှုကို အားဖြည့်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ကျောင်းများအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများနှင့် ထပ်မံလိုအပ်သည့် အရင်းအမြစ်များကို ဖော်ထုတ်သတ်မှတ်ပေးရပါမည်။ ထို့အတူ တိုင်းရင်းသားဘာသာစကားသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်မှုအစီအစဉ်တို့ကိုလည်း လေ့လာကြီးကြပ်အကဲဖြတ်ရန် လိုအပ်ပါသည်။

ရေရှည်တွင် ပညာရေးဝန်ကြီးဌာနသည် ပုံမှန်သင်ရိုးညွှန်းတမ်းပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများကို သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သင်ရိုးညွှန်းတမ်းသည်ကျောင်းသားများ၏လိုအပ်ချက်နှင့်ကိုက်ညီမှု၊ပညာရေးရည်မှန်းချက်များအောင်မြင်မှု၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပေါက်မြောက် အောင်မြင်အောင်ဦးတည်ဆောင်ရွက်နိုင်မှုများရှိရမည်ဖြစ်ပါသည်။ တိုင်းရင်းသား ဘာသာစကားသင်ရိုးညွှန်းတမ်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျောင်းသားများအတွက် ဒေသဆိုင်ရာဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သမိုင်းအမွေအနှစ်များနှင့် ကိုက်ညီမှုရှိ၊ မရှိကိုလည်း အကဲဖြတ်ရန် လိုအပ်ပါသည်။ ပညာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များအတွက် သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပုံမှန်ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်မားရေး လုပ်ငန်းများကို မဟာဗျူဟာ (၂)တွင် ဖော်ပြထားသော လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးအစီအစဉ်အရ ပံ့ပိုးကူညီမည်ဖြစ်ပါသည်။

## ၇.၄။ ရလဒ်အညွှန်းဘောင်များ

### ၇.၄.၁။အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက်အပြောင်းအလဲ | ကျောင်းသားအားလုံးတွင် မိမိတို့ဘဝနှင့်ဆက်စပ်ဆီလျော်ပြီး မြန်မာနိုင်ငံ၏ ၂၁ရာစု လူမှုစီးပွားရေးအခြေအနေအရ လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ သဘောထားများနှင့် တတ်ကျွမ်းမှုများ ဖွံ့ဖြိုးတိုးတက်လာကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ(၁)**<br>အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်းကို ၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများ အလေးပေးပြီး ခေတ်နှင့်လျော်ညီအောင် ပြန်လည်မွမ်းမံခြင်း။ | **မဟာဗျူဟာ(၂)**<br>သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲသူများ၏ အတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ | **မဟာဗျူဟာ(၃)**<br>သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ထိရောက်စွာ အားဖြည့်ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ခြင်း။ |
| စီမံကိန်းကာလ အပြီးရလဒ်များ | - ကျောင်းသားများအနေဖြင့် ၂၁ ရာစု စွမ်းရည်များကို အလေးပေးထားသည့် အခြေခံပညာ သင်ရိုးညွှန်းတမ်းအပေါ် တန်ဖိုးထားပြီး လိုလားမှုရှိခြင်း။<br><br>- ဆရာနှင့် ကျောင်းသားများသည် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ အစရှိသည့် သင်ရိုးညွှန်းတမ်း အသစ်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို စိတ်ပါဝင်စားစွာဖြင့် အသုံးပြုနိုင်ခြင်း။ | - သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့များ (Curriculum Development Teams -CDTs) သည် တတ်ကျွမ်းမှုများ (အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ)ကို အသုံးပြု၍ ၂၁ရာစု ကျွမ်းကျင်မှုများ၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရည်ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ (Soft Skills)၊ အဆင့်မြင့်စဉ်းစားတွေးခေါ်တတ်သည့် ကျွမ်းကျင်မှုများ (Higher Order Thinking Skills)ပါဝင်သော အခြေခံပညာသင်ရိုးညွှန်းတမ်း အသစ်နှင့် ဆက်စပ်သည့် သင်ရိုးညွှန်းတမ်း အထောက်အကူပြုပစ္စည်းများကို ရေးဆွဲနိုင်ခြင်း။<br><br>- အခြေခံပညာသင် ဆရာများမှ သင်ရိုးသစ် မိတ်ဆက်သင်တန်းများ တက်ရောက်ပြီး သင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားရန် အသင့်ဖြစ်ခြင်း။ | - သင်ရိုးညွှန်းတမ်းဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များသည် သင်ရိုးအကောင်အထည်ဖော်မှုကို အဆက်မပြတ် စောင့်ကြည့်ကြီးကြပ်ခြင်းဖြင့် အခြေခံပညာ သင်ရိုးညွှန်းတမ်းကို အောင်မြင်စွာအကောင်အထည်ဖော်ခြင်း၊ လတ်တလောတွေ့ရှိရသည့် စိန်ခေါ်မှုများကို ချက်ချင်းဖြေရှင်းခြင်းနှင့် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ အချိန်မီဖြန့်ဝေနိုင်မှုကို အဆက်မပြတ် စောင့်ကြည့်ကြီးကြပ်ခြင်းတို့ အကျိုးဝင်သော အခြေခံပညာသင်ရိုးညွှန်းတမ်းကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်ခြင်း။<br><br>- အခြေခံပညာ ဆရာအားလုံးသည် သင်ကြား သင်ယူမှု အထောက်အကူပြုပစ္စည်းများ (ကျောင်းသုံး စာအုပ်များနှင့် ဆရာလမ်းညွှန်များ)ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း။<br><br>- အခြေခံပညာသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ပြင်ဆင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ၏တတ်မြောက်မှု တိုးတက်လာခြင်း။<br><br>- မိဘပြည်သူများအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်နှင့် စပ်လျဉ်း၍ နားလည်လက်ခံပြီး ကူညီပံ့ပိုးပေးခြင်း။ |

## အညွှန်းကိန်းများ

- အတန်းအလိုက်၊ ဘာသာရပ်အလိုက် ရေးဆွဲပြီးစီးသည့် အရည်အသွေးရှိသော သင်ရိုးညွှန်းတမ်းဆိုင်ရာ စံသတ်မှတ်ချက် အရေအတွက်။

- ၂၁ ရာစု စွမ်းရည်များအပေါ် အလေးပေး ရေးဆွဲပြုစုထားသည့် အရည်အသွေး ပြည့်ဝသော ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ် အရေအတွက်။ (အတန်းအလိုက်နှင့် ဘာသာရပ်အလိုက်)

- သင်ရိုးညွှန်းတမ်းရေးဆွဲရန် ၂၁ရာစု ကျွမ်းကျင်မှုများ၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေ ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ အဆင့်မြင့် စဉ်းစားတွေးခေါ် တတ်သည့် ကျွမ်းကျင်မှုများနှင့် ချိတ်ဆက်ထားသည့်သင်ရိုးညွှန်းတမ်းအထောက်အကူပြုပစ္စည်းများ (ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များ) ပြုစုရေးဆွဲရန် အသိပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ တတ်ကျွမ်းမှုများရှိကြောင်း ဖော်ထုတ်ပြသနိုင်သည့် (CDTs) ဝန်ထမ်းရာခိုင်နှုန်း၊

- CDTs ဝန်ထမ်းများအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကာလ။ (သီတင်းပတ် အရေအတွက်)

- နည်းပညာဆိုင်ရာပညာရှင်များမှ လုပ်ငန်းခွင်အတွင်း သင်တန်းပေးခြင်းဖြင့် အသိပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုများ ရရှိလာမှု အထောက်အထားများ။

- သင်ရိုးသစ်မိတ်ဆက်သင်တန်းများတက်ရောက် ပြီးနောက် သင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားရန် အသင့်ဖြစ်သော အခြေခံပညာ ဆရာဦးရေ။

- သတ်မှတ်ထားသောကာလအတွင်း ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များလက်ခံရရှိသော ကျောင်းအရေအတွက်နှင့် ရာခိုင်နှုန်း။ (ဆိုလိုသည်မှာ ပညာသင်နှစ်အစ ကျောင်းဖွင့်ကာလတွင် ဖြစ်သည်။)

- သင်ရိုးညွှန်းတမ်းဌာနခွဲမှ အရာရှိများ ဆောင်ရွက်သော လေ့လာကြီးကြပ်ခြင်းလုပ်ငန်းအရေအတွက်။

- သင်ရိုးညွှန်းတမ်းဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တခြား သက်ဆိုင်ရာပညာရေးဝန်ထမ်းများရေးသား ပြုစုတင်ပြသော ကြီးကြပ်မှုအစီရင်ခံစာ အရေအတွက်။

- သင်ရိုးညွှန်းတမ်းဌာနခွဲမှ အရာရှိများဆောင်ရွက်သော သင်ရိုးညွှန်းတမ်း စနစ်တကျ ပြန်လည်သုံးသပ်မှုအရေအတွက်။

- သင်ရိုးညွှန်းတမ်းဌာနခွဲရှိ တာဝန်ရှိပုဂ္ဂိုလ်များမှ ရှာဖွေတွေ့ရှိသော သင်ရိုးညွှန်းတမ်းဆိုင်ရာ စိန်ခေါ်မှုရာခိုင်နှုန်း။

- ကျောင်းသုံးစာအုပ်၊ ဆရာလမ်းညွှန်များ ဖြန့်ဝေမှုနှင့်အသုံးပြုမှု၊ လက်ခံရရှိမှု ရာခိုင်နှုန်း။

- ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများကို သင်ရိုးညွှန်းတမ်း အသစ်ဆိုင်ရာ သတင်းအချက်အလက်များ ကြေညာထုတ်လွှင့်သည့်အစီအစဉ် အရေအတွက်။

- အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ အသုံးပြုခြင်းမှတစ်ဆင့် သင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်သည့် သုတေသနပြုလုပ်ထားသော ဆရာ ရာခိုင်နှုန်း။

- မိမိဘဝနှင့် အလုပ်အကိုင်လမ်းကြောင်းများအတွက် အခြေခံပညာ သင်ရိုးညွှန်းတမ်း အသစ်သည် သင့်လျော်မှုရှိသည်ဟု လက်ခံထားသည့် သုတေသနပြုလုပ်ထားသော ကျောင်းသားနှင့် မိဘရာခိုင်နှုန်း။

- သင်ယူတတ်မြောက်မှု တိုးတက်လာသော ကျောင်းသားရာခိုင်နှုန်း။

## ၇.၄.၂။မဟာဗျူဟာ (၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ(၁) အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်းကို ၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများအလေးပေးပြီး ခေတ်နှင့်လျော်ညီအောင် ပြန်လည်မွမ်းမံခြင်း။ | | | |
|---|---|---|---|
| မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ် | အခြေခံပညာသင်ရိုးညွှန်းတမ်းပြန်လည်ပြင်ဆင်မွမ်းမံရေး အစီအစဉ် | | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ်(၁)**<br>အခြေခံပညာ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဖွဲ့စည်းပုံအသစ်ကို ပြင်ဆင်ပြုစုခြင်း။ | **လုပ်ငန်းအစီအစဉ်(၂)**<br>ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များနှင့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြုစုရေးဆွဲခြင်းနှင့် အပြီးသတ်ပြုစုခြင်း။ | **လုပ်ငန်းအစီအစဉ်(၃)**<br>တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | - အကြောင်းအရာများလွန်းခြင်းကို လျှော့ချပြီး ၂၁ ရာစု ပညာသင်ယူသူများအတွက် ခေတ်နှင့် ဆက်စပ်သင့်လျော်သော သင်ရိုးဝင် အကြောင်းအရာများနှင့် ဖွဲ့စည်းထားသည့် သင်ရိုးညွှန်းတမ်းရှိလာခြင်း။<br>- မြန်မာနိုင်ငံအခြေအနေနှင့် သင့်တော်သော ပညာရေးစနစ်သစ်လမ်းသွယ်ကို အကောင်အထည်ဖော်ခြင်း။ | သင်ရိုးညွှန်းတမ်းအသစ်နှင့် ကိုက်ညီသော ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များ ရရှိလာခြင်း။ | တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးသော တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းကို ရေးဆွဲနိုင်ခြင်း။ |
| စီမံကိန်း ကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | သူငယ်တန်းမှ ဒွါဒသမတန်းအထိ ဘာသာရပ်အားလုံးနှင့် အတန်းအားလုံးတွင် ရှင်းလင်းပြတ်သားသော သင်ရိုးညွှန်းတမ်း စံသတ်မှတ်ချက်များ၊ သင်ရိုးမာတိကာများ၊ သင်ယူမှုနယ်ပယ်နှင့် အစီအစဉ်များရေးဆွဲပြီးစီးခြင်း။ | - သူငယ်တန်းမှ ဒွါဒသမတန်းဘာသာရပ်အားလုံးအတွက် ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များကို ပုံနှိပ်ရန် အတည်ပြုခြင်း။<br>- သူငယ်တန်း ဆရာလမ်းညွှန်စာအုပ်များနှင့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြုစုထုတ်ဝေခြင်း။<br>- ဘာသာရပ်အားလုံး၊ အတန်းအားလုံး အတွက် သင်ရိုးဝင် အကြောင်းအရာသစ်များ၊သင်ခန်းစာများ၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို စမ်းသပ်အသုံးပြုသင်ကြားခြင်း။<br>- ဘာသာရပ်အားလုံး၊ အတန်းအားလုံး အတွက် စစ်ဆေးအကဲဖြတ်နည်းအသစ်ဆိုင်ရာ လုပ်ငန်းအနည်းဆုံး ၂၀ ရာခိုင်နှုန်းကို စမ်းသပ်စစ်ဆေးခြင်း။ | - တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းနှင့် သင်ကြားပို့ချခြင်း။<br>- တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုပြီးစီးခြင်း။<br>- တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်ခြင်း။<br>- တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် တိုင်းရင်းသားဘာသာစကားအစီအစဉ် ရေးဆွဲခြင်း။ |

## ၇.၄.၃။ မဟာဗျူဟာ (၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၂) သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲသူများ၏ အတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ | | | |
|---|---|---|---|
| မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ် | သင်ရိုးညွှန်းတမ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအစီအစဉ် | | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ်(၁)**<br>ဆရာများကို သင်ရိုးညွှန်းတမ်းအသစ် ဆိုင်ရာ သင်တန်းပို့ချခြင်း။ | **လုပ်ငန်းအစီအစဉ်(၂)**<br>သင်ရိုးညွှန်းတမ်း အသစ်ပြုစုရေးဆွဲရေး အဖွဲ့ဝင်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။ | **လုပ်ငန်းအစီအစဉ်(၃)**<br>တိုင်းရင်းသား ဘာသာစကား သင်ရိုးညွှန်းတမ်းရေးဆွဲသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | - နည်းပြဆရာများ (ဆင့်ပွား သင်တန်း ပေးသူများ)သည် ဆရာများကို သင်ရိုးညွှန်း တမ်းအသစ်နှင့် ပတ်သက်၍ ပို့ချရန် အသင့် ပြင်ဆင်ပြီးဖြစ်ခြင်း။<br>- သင်တန်းသား ဆရာများ သင်ရိုးညွှန်းတမ်း အသစ်ကို သင်ကြားရန် အသင့်ပြင်ဆင်ပြီး ဖြစ်ခြင်း။ | - သင်ရိုးညွှန်းတမ်း ဌာနခွဲအတွက် လုပ်ငန်း လည်ပတ်မှု ဒီဇိုင်းပုံစံနှင့် အရင်းအမြစ်များ ရရှိခြင်း။<br>- သင်ရိုးညွှန်းတမ်း ရေးဆွဲပြုစုရေးအဖွဲ့သည် အရည်အသွေး ပြည့်ဝသောသင်ရိုးညွှန်းတမ်း များကို ရေးဆွဲနိုင်ခြင်း။ | နည်းပြဆရာများ (ဆင့်ပွားသင်တန်းပေးသူများ) သည် ဆရာများကို တိုင်းရင်းသား ဘာသာ စကား သင်ရိုးညွှန်းတမ်းပို့ချရန် အသင့်ပြင်ဆင် ပြီးဖြစ်ခြင်း။ |
| စီမံကိန်းကာလ အတွင်း ရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | သင်တန်းအစီအစဉ် ဒီဇိုင်းရေးဆွဲပြီး နည်းပြ ဆရာများ (ဆင့်ပွားသင်တန်းပေးသူများ) အတွက် သင်တန်းပို့ချခြင်း။ | အပြည့်အဝ လုပ်ငန်းလည်ပတ်မှုရှိသော သင်ရိုး ညွှန်းတမ်းဌာနခွဲတွင် တစ်ဦးချင်းစီ၏ စွမ်း ဆောင်ရည်လိုအပ်မှု လေ့လာချက်အရ သင်ရိုးညွှန်းတမ်းရေးဆွဲရေး အဖွဲ့ဝင်အားလုံး အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် အကောင်အထည်ဖော်ခြင်း။ | - တိုင်းရင်းသား ဘာသာစကား သင်ရိုး ညွှန်းတမ်း ပြင်ဆင်ပို့ချမည့် ဗဟိုနည်းပြဆရာ များအတွက် အစီအစဉ်ရေးဆွဲပြီးစီးခြင်း။<br>- တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် တိုင်းရင်းသား ဘာသာစကားအစီအစဉ်ဖြင့် သင်တန်းပေးခြင်း။ |

## ၇.၄.၄။ မဟာဗျူဟာ(၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်


| မဟာဗျူဟာ (၃) | သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာအသိပညာပေးခြင်း တို့ကို ထိရောက်စွာ အားဖြည့်ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ခြင်း။ | | |
|---|---|---|---|
| မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ် | သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ထိရောက်စွာအားဖြည့် ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ရေး အစီအစဉ် | | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ်(၁)**<br>သင်ရိုးညွှန်းတမ်း စီမံခန့်ခွဲမှုစနစ်ကို အားဖြည့်ပေးခြင်း။ | **လုပ်ငန်းအစီအစဉ်(၂)**<br>မီဒီယာအမျိုးမျိုးကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ဆောင်ရွက်ခြင်း။ | **လုပ်ငန်းအစီအစဉ်(၃)**<br>သင်ရိုးညွှန်းတမ်း လေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်ကို အားဖြည့်ပေးခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | - အတန်းတွင်း အရင်းအမြစ်များ၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုမြှင့်တင်ခြင်း၊ အရင်းအမြစ်များ ဖြန့်ဝေရာတွင် ပိုမိုမျှတမှုရှိစေခြင်း။<br>- စာသင်နှစ်အတွက် လိုအပ်သော သင်ရိုးညွှန်းတမ်းဆိုင်ရာပစ္စည်းများကို ကျောင်းသားနှင့် ဆရာအားလုံးအား ဖြန့်ဝေခြင်း။<br>- ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များကို ဆရာနှင့်ကျောင်းသားများ အပြည့်အဝကိုင်တွယ်အသုံးပြုခြင်း။ | ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများသည် သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးအတွက် အထူးကူညီထောက်ပံ့မှုပြုခြင်း။ | - သင်ရိုးညွှန်းတမ်း၏ကျိုးကြောင်းဆီလျော်မှုနှင့် အရည်အသွေးသည် အချိန်နှင့်တစ်ပြေးညီ တိုးတက်လာခြင်း။<br>- ဆရာနှင့်ကျောင်းသား၏သင်ကြားသင်ယူမှုဖြစ်စဉ်များ တိုးတက်ပြောင်းလဲလာခြင်း။<br>- မြန်မာနှင့် တိုင်းရင်းသားကလေးများ ဘာသာစကားစွမ်းရည် တိုးတက်လာခြင်း။<br>- တိုင်းရင်းသား ဘာသာစကား သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်မှုနှင့် မြန်မာဘာသာစကား ကြွယ်ဝဖွံ့ဖြိုးရေး အစီအစဉ်ကို လေ့လာကြီးကြပ်ခြင်း။<br>- တိုင်းရင်းသားများ၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိစေရန် သင်ကြားပေးနိုင်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - သင်ရိုးညွှန်းတမ်းအထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲရေးမူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုကို အသုံးပြု ဆောင်ရွက်ခြင်း။<br>- အရည်အသွေးပြည့်ဝသော ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များကို ကျောင်းအားလုံးသို့ ဖြန့်ဖြူးခြင်း။ | တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများသည် သင်ရိုးညွှန်းတမ်း အသစ်ဆိုင်ရာ မိတ်ဆက်အသိပညာပေး အစီအစဉ်များကို သိရှိနားလည်ခြင်း။ | - သင်ရိုးညွှန်းတမ်း လေ့လာသုံးသပ်အကဲဖြတ်ခြင်း လုပ်ဆောင်သည့်စနစ်ကို တည်ဆောက်ခြင်း။<br>- တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စနစ်တကျ အကောင်အထည်ဖော်ခြင်း။<br>- တိုင်းရင်းသားများ၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းတတ်လာခြင်း။<br>- ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားကို ကောင်းစွာတတ်မြောက်သည့် တိုင်းရင်းသားကလေး ၅၀ ရာခိုင်နှုန်း ရှိလာခြင်း။ |

# ၈

# ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း







အခန်း ၈

# ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း

## ၈.၁။ နိဒါန်း

ပညာရေးအဆင့်အသီးသီးတွင် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမှာ ပညာရေးအာမခံမှုရှိရေး၊ ကျောင်းနှင့်ပညာရေးစနစ်တိုးတက်ရေးနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်ရေး ရည်မှန်းချက်များအတွက် ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၏ အဆုံးစွန်သောရည်မှန်းချက်မှာ ပညာအရည်အသွေးတိုးတက်ရေးနှင့် ယင်းသို့ တိုးတက်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များ တိုးတက်ရေးပင်ဖြစ်ပါသည်။ ထိရောက်သော ပညာရည်စစ်ဆေးခြင်းသည် ဆရာနှင့်ကျောင်းသားတို့အတွက် ကျောင်းသားများ၏ ပညာရည်တိုးတက်မှုလမ်းကြောင်းကို ညွှန်ပြနိုင်ရန်နှင့် ကျောင်းသားများအတွက် သင်ယူမှုအားနည်းချက်များကို ဖော်ထုတ်နိုင်ရန်တို့ဖြစ်ပါသည်။ ထို့ပြင် ကျောင်းသားများကို မိမိတို့သင်ယူခဲ့သော အတတ်ပညာ၏ ပညာအရည်အသွေးပြသနိုင်သည့် အခွင့်အလမ်းကို ရရှိစေနိုင်ခြင်းဖြစ်ပါသည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမှရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုလျက် ပညာရေးဝန်ကြီးဌာနအနေနှင့် ဆရာနှင့် ကျောင်းများကို ကြီးကြပ်လမ်းညွှန်နိုင်သည့်အပြင် ပညာရေးမူဝါဒများကို ပိုမိုကောင်းမွန်အောင်လည်း ပြုပြင်ပြောင်းလဲပေးစေနိုင်ပါသည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းသည် အကူအညီလိုအပ်နေသော ကျောင်းသားများနှင့် အထောက်အပံ့လိုအပ်နေသော နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုပိုမိုပြုလုပ်ခြင်းဖြင့်ပညာရေးသာတူညီမျှဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် အထောက်အကူပြုနိုင်ပါသည်။ အနှစ်ချုပ်အနေနှင့် ဆိုရလျှင် ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းသည် ပညာရေးစနစ်၏ မြင့်မားသည့်စွမ်းဆောင်ရည်များကို ရရှိစေနိုင်သော အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးတိုးတက်စေရန် အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် ပညာရည်စစ်ဆေးအကဲဖြတ်ရေးနှင့် စာမေးပွဲစနစ်ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်ကိုလည်း တစ်ပြိုင်တည်း



အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ သင်ခန်းစာများကို အလွတ်ကျက်မှတ်ဖြေဆိုရသောစာမေးပွဲစနစ်မှ ပို၍ဟန်ချက်ညီသော စာမေးပွဲစနစ် ဖြစ်ထွန်းလာရန် ရည်ရွယ်ထားပါသည်။ စာမေးပွဲစနစ်သစ်သည် နိုင်ငံတော်အစိုးရက ချမှတ်ထားသော သင်ယူမှုရလဒ်စံများအရ ကျောင်းသားများ၏ တတ်မြောက်အောင်မြင်မှု အတိုင်းအတာနှင့် ၂၁ရာစုနှင့်သက်တာ သင်ယူနိုင်မှုအတွက် လိုအပ်သောကျွမ်းကျင်မှု ရရှိသည့်အတိုင်းအတာတို့ကို ဦးတည်စစ်ဆေးသော စာမေးပွဲမျိုးဖြစ်ပေသည်။

ယင်းပညာရည်စစ်ဆေးအကဲဖြတ်မှုပုံစံသစ်သည် စဉ်းစားတွေးခေါ်မှု၊ ဆင်ခြင်သုံးသပ်မှု၊ ပြဿနာဖြေရှင်းတတ်မှုနှင့် ၂၁ရာစုနှင့်သက်တာအတွက် ကိုယ်တိုင်သင်ယူတတ်မှုစသည့်ကျွမ်းကျင်မှုကို ဦးစားပေးစစ်ဆေးသည့် ပုံစံမျိုးကျင့်သုံးသင့်ကြောင်း ဖော်ပြထားသည့်နိုင်ငံတကာသုတေသနများနှင့်လည်း ကိုက်ညီပါသည်။ ဤကျွမ်းကျင်မှုများသည် ကျောင်းသားတစ်ယောက်၏ ပညာဆက်လက်သင်ယူမှုအတွက်သော်လည်းကောင်း၊ သက်မွေးပညာဆည်းပူးရေးအတွက်သော်လည်းကောင်း၊ အလုပ်အကိုင်အတွက်သော်လည်းကောင်းလိုအပ်သော ကျွမ်းကျင်မှုများဖြစ်သကဲ့သို့ နိုင်ငံတော်က လိုအပ်နေသော ကျွမ်းကျင်အောင်မြင်သည့် လုပ်သားအင်အားစုကိုလည်း ဖြစ်ထွန်းပေါ်ပေါက်စေနိုင်ပေသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ပညာရည်စစ်ဆေးအကဲဖြတ်မှုစနစ်ပြုပြင်ပြောင်းလဲရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယင်းသို့ပြုပြင်ပြောင်းလဲခြင်း၏ အဓိကရည်ရွယ်ချက်မှာ အတန်းတွင်းသင်ကြားမှုတိုးတက်ရေးနှင့် ကျောင်းသားများ၏သင်ယူတတ်မြောက်မှု မြင့်မားစေရေးပင်ဖြစ်ပါသည်။ ပညာရည်စစ်ဆေးရေးစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အခြေခံပညာသင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်နေပါသည်။ နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရ သင်ရိုးညွှန်းတမ်းအကဲဖြတ်ခြင်းလုပ်ငန်းနှင့် ကျောင်းသားများ၏ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ပညာရေးအဆင့်အသီးသီးတွင် အတူတကွဆောင်ရွက်ခြင်းသည် အလွန်အရေးပါသည့် အချက်တစ်ရပ်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် အခြေခံပညာရေးကဏ္ဍ၏ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ဦးစီးဆောင်ရွက်ရန် တာဝန်အရှိဆုံးဌာနဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် လက်ရှိကျင့်သုံးနေသော ပညာရည်စစ်ဆေးနည်းများဖြစ်သည့် စဉ်ဆက်မပြတ်အကဲဖြတ်၍ အတန်းတင်ပေးသောစနစ်၊ လက်ရှိ အခြေခံပညာစတုတ္ထတန်း (Grade-5)နှင့် လက်ရှိ အခြေခံပညာအဋ္ဌမတန်း (Grade-9) ပြင်ပစစ်စာမေးပွဲများနှင့် (Grade-11) တက္ကသိုလ်ဝင်စာမေးပွဲများကို ကြီးကြပ်ကွပ်ကဲရပါသည်။ ဤစာမေးပွဲများတွင် များသောအားဖြင့် သင်ယူထားသော သင်ခန်းစာများကို အလွတ်ကျက်မှတ်ဖြေဆိုရခြင်းနှင့် ထပ်တလဲလဲ လေ့ကျင့်ထားမှုများကို ဖြေဆိုရခြင်းတို့က အဓိကလွှမ်းမိုးနေသည်ကို လေ့လာတွေ့ရှိရပါသည်။

လွန်ခဲ့သော ပညာသင်နှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စဉ်ဆက်မပြတ်အကဲဖြတ်၍ အတန်းတင်ပေးသောစနစ်သည် ကျောင်းသား၏ အတန်းတွင်းလေ့လာသင်ယူမှုကို တိုင်းတာသည့်စနစ်ဖြစ်သော်လည်း သင်ကြား၊ သင်ယူခြင်းနှင့် စစ်ဆေးခြင်းကို ပေါင်းစပ်ကျင့်သုံးနိုင်မှုအားနည်းခြင်းကြောင့် အကျိုးရှိသင့်သလောက် မရှိဘဲ နောက်ဆုံးတွင် အလွတ်ကျက်မှတ်ဖြေဆိုရသော ပညာရည်စစ်ဆေးခြင်းအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ ယင်းအကဲဖြတ်စနစ်တွင်ပါဝင်သော အခန်းဆုံးစစ်ဆေးခြင်းသည် အခြေခံပညာကျောင်းသားများအား အလွတ်ကျက်မှတ် ဖြေဆိုခြင်းကဲ့သို့သော သင်ယူမှုရလဒ်များကိုသာ ဖြစ်ထွန်းစေခဲ့ပါသည်။ ထို့ပြင် ယင်းကဲ့သို့သော စာမေးပွဲစနစ်တွင် ကျောင်းသားများသည် စာမေးပွဲတွင် ပိုမိုကောင်းမွန်စွာဖြေဆိုနိုင်ရန်အတွက် ပြင်ပတွင် ကျူရှင်ယူရသောကြောင့် ကျောင်းသားမိဘများအနေဖြင့် သားသမီးပညာရေးအတွက် ကုန်ကျစရိတ်သည် သိသိသာသာများလာခဲ့ပါသည်။

အာရှပစိဖိတ်ဒေသရှိ နိုင်ငံများတွင် ပညာရည်စစ်ဆေးရာ၌ ဘာသာရပ်အကြောင်းအရာကိုအဓိကထား၍စစ်ဆေးအကဲဖြတ်ခြင်းမှ ကျွမ်းကျင်မှုကိုအဓိကထား၍ စစ်ဆေးသော ပညာရည်အကဲဖြတ်ခြင်းစနစ်သို့ ပြောင်းလဲကျင့်သုံးလာကြပါသည်။ ကျွမ်းကျင်မှုကိုအခြေခံသော ပညာရည်စစ်ဆေးခြင်းဆိုသည်မှာ ကျောင်းသားများကို ကျောင်းပညာသင်ယူနေစဉ် လိုအပ်သော ကျွမ်းကျင်မှုများသာမက ၂၁ရာစုနှင့်သက်တာ အတွက်လိုအပ်သော ကျွမ်းကျင်မှုကိုပါ ဦးစားပေးစစ်ဆေးခြင်း ဖြစ်ပါသည်။ ယင်းသို့ ကျွမ်းကျင်မှုကို အခြေခံသော ပညာရည်စစ်ဆေးခြင်းကို ကျင့်သုံးနိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးအဆင့်တိုင်းတွင် ကျောင်းသားများ တတ်မြောက်ရမည့်အနိမ့်ဆုံး ကျွမ်းကျင်မှုစံများကို ဦးစွာသတ်မှတ်ရမည်ဖြစ်ပေသည်။ ယင်းစံများကို အခြေခံ၍ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ရမည်ဖြစ်ပေသည်။ ဤကျွမ်းကျင်မှုစံများဆိုသည်မှာ ကျောင်းသားများ ကျောင်းတွင် ပညာသင်ယူရင်း အသက်အရွယ်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် တတ်မြောက်ရမည့်စံနှင့် ကျွမ်းကျင်မှုစံများကို ဆိုလိုပါသည်။

ပညာရေးဝန်ကြီးဌာနက ယင်းပညာရည်စစ်ဆေးအကဲဖြတ်မှုစနစ်သစ်ကို အကောင်အထည်ဖော်ရာတွင် ကျောင်းသားများ၊ ဆရာများ၊ မိဘများနှင့် ပညာရေးစီမံခန့်ခွဲသူများသည် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသောရလဒ်များကို လေ့လာသုံးသပ်၍ ပြုပြင်ပြောင်းလဲမှုများကို ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ နိုင်ငံတော်၏ သင်ကြားရေး ဦးတည်ချက်များ၊ ကျောင်းသား၏သင်ယူမှုရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မှု ရှိ၊ မရှိ မှန်ကန်စွာ စစ်ဆေးအကဲဖြတ်နိုင်ရန်အတွက် အရည်အသွေးကောင်းသော စာမေးပွဲမေးခွန်းလွှာများကို ပြုစုထားရှိရန် လိုအပ်လာပါသည်။ ယင်းသို့စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသောရလဒ်များကိုအခြေခံ၍ မူဝါဒရေးဆွဲသူများက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သကဲ့သို့ တတ်မြောက်အောင်မြင်မှု ဆက်တိုက်ကျဆင်းနေသော ကျောင်းများအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများကိုဆုံးဖြတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေနှင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေသော မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအပါအဝင် ဆက်စပ်ဦးစီးဌာနများရှိဝန်ထမ်းများ၏ပညာရည်စစ်ဆေးခြင်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်လိုအပ်သော ဝန်ထမ်း၊ အခြေခံအဆောက်အအုံနှင့် ခေတ်မီနည်းပညာ ပစ္စည်းများကို ဖြည့်ဆည်းပေးရန်လည်း လိုအပ်ပါသည်။

## ၈.၁။ ဥပဒေနှင့် မူဝါဒနောက်ခံ

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) တွင် ပညာရည်စစ်ဆေးမှုနှင့်ပတ်သက်၍ ကျောင်းသားများ၏ အလွတ်ကျက်မှတ်ဖြေဆိုမှုကို စစ်ဆေးခြင်းထက် ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ဦးစားပေးစစ်ဆေးအကဲဖြတ်ရန် နိုင်ငံတော်အနေနှင့် အတိအလင်းလမ်းညွှန်ထားပါသည်။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) အခန်း(၅)၊ ပုဒ်မ(၁၆)၊ ပုဒ်မခွဲ(ဂ)တွင် သင်ယူတတ်မြောက်မှု အကဲဖြတ်ခြင်းကို ပညာသင်ယူမှုအဆင့်တစ်ဆင့်ပြီးမြောက်တိုင်း စစ်ဆေးအကဲဖြတ်ရန် ဖော်ပြထားပါသည်။ ထို့ပြင် အခန်း(၁၀)၊ ပုဒ်မ(၅၄)၊ ပုဒ်မခွဲ (က)တွင်လည်း ပညာရေးအဆင့်တိုင်းတွင် အရည်အသွေးအာမခံမှုအစီအစဉ်တစ်ရပ်ရှိရမည်ဟုလည်းကောင်း၊ အခန်း(၁၀)၊ ပုဒ်မ(၅၄)၊ ပုဒ်မခွဲ (ခ)တွင်လည်း အရည်အသွေးအာမခံချက်ရှိစေရန် စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းတွင်း/ဌာနတွင်း စစ်ဆေးအကဲဖြတ်ခြင်းသာမက ပြင်ပစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့လည်း ပါဝင်ရမည်ဖြစ်ကြောင်း အလေးထားဖော်ပြထားပါသည်။

အဆိုပါဥပဒေသည် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းအတွက် လိုအပ်သော ပညာရေးစံသတ်မှတ်ချက်များနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ မူများကိုလည်း သတ်မှတ်ပေးထားပါသည်။

## ၈.၂။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ

ပညာရေးဝန်ကြီးဌာနသည် (က) အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၅)၊ (ခ) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ မှ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းအစီရင်ခံစာနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့၏ လေ့လာတင်ပြထားသော စာတမ်းများမှ ထောက်ခံတင်ပြချက်များ၊ (ဂ) အခြေခံပညာရေးကဏ္ဍ ပညာရည်စစ်ဆေးခြင်းနှင့်ပတ်သက်ပြီး ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများနှင့် (ဃ) နိုင်ငံတွင်းနှင့် နိုင်ငံတကာပညာရေးသုတေသနတွေ့ရှိချက်များကိုအခြေခံ၍ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့်ပတ်သက်ပြီး အောက်ပါမဟာဗျူဟာမြောက်အပြောင်းအလဲကို ချမှတ်ထားပါသည်။

### ၂၀၂၁ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် မဟာဗျူဟာမြောက် အပြောင်းအလဲ-

ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက်မြင့်မားရန်အတွက် အရည်အသွေးကောင်းမွန်သော ပညာရည်စစ်ဆေးအကဲဖြတ်မှုစနစ်သစ်တစ်ရပ်ကို ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများက အကောင်အထည်ဖော်ဆောင်ရွက်ကြမည်။

အထက်ပါ မဟာဗျူဟာမြောက်အပြောင်းအလဲ ဖြစ်ပေါ်လာရန်အတွက် ပညာရေးဝန်ကြီးဌာနသည် အောက်ပါမဟာဗျူဟာများကိုချမှတ်ကာ သက်ဆိုင်ရာလုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

## ၈.၃။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း ဆိုင်ရာအပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

အောက်တွင်ဖော်ပြထားသော အချက်များမှာ ပညာရည်စစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာ အတွေ့အကြုံများမှ အထောက်အထားများဖြစ်ပြီး အရည်အသွေးမြင့်သော စာမေးပွဲများဆိုင်ရာ အချက်အလက်များဖြစ်ပါသည်။ ယင်းစာမေးပွဲများသည် ကျောင်းသားများ၏ ခွဲခြမ်းစိတ်ဖြာတတ်သော အခြေခံကျွမ်းကျင်မှုများ၊ မြင့်မားသောတွေးတောဆင်ခြင်တတ်မှုများနှင့် ပြဿနာဖြေရှင်းနိုင်သည့် စွမ်းရည်များကို ရရှိစေရုံမျှမက မိမိကိုယ်တိုင်လေ့လာသင်ယူတတ်စေသော အလေ့အကျင့်ကောင်းများကို ရရှိစေနိုင်ပါသည်။ အဆိုပါအထောက်အထားများက အရည်အသွေးမြင့်သော စာမေးပွဲများကို ဖြေဆိုခြင်းဖြင့် ယှဉ်ပြိုင်မှုမြင့်မား၍ နည်းပညာမြင့်မားသည့် ကမ္ဘာ့စျေးကွက်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုပြည့်ဝသည့် အမျိုးသားလုပ်သားအင်အားစုတစ်ရပ်ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း ဖော်ပြနေပါသည်။

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းပုံစံသစ်သည် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးနှင့်လည်းကောင်း၊ ပြုစုထားသော သင်ရိုးညွှန်းတမ်းစာအုပ်အသစ်များနှင့်လည်းကောင်း၊ အတန်းတွင်း သင်ကြားသင်ယူမှုပုံစံနှင့်လည်းကောင်း ဆက်စပ်မှုရှိမှသာ အောင်မြင်မှုရရှိနိုင်ပေမည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ်တစ်ရပ် အောင်မြင်ရေးမှာ အထက်ပါကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှုရှိမှသာ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ လက်ရှိ အခြေအနေတွေ့ရှိသုံးသပ်ချက်များနှင့် ထောက်ခံအကြံပြုချက်များအရ ပညာရေးဝန်ကြီးဌာနသည်ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းနှင့်ပတ်သက်၍ အောက်ပါ မဟာဗျူဟာ (၂)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

### ၈.၃.၁။ မဟာဗျူဟာ(၁) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်နှင့် စာမေးပွဲများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်း

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်-၂ ၏ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းအစီရင်ခံစာတွင် အလွတ်ကျက် သင်ကြားသင်ယူမှုကို အဓိကထားသော အခြေခံပညာရေးစနစ်မှ ၂၁ရာစုသင်ယူသူများအတွက် လိုအပ်သည့် ကျွမ်းကျင်မှုကိုအခြေခံသော သင်ရိုးညွှန်းတမ်းနှင့် ပညာရည်စစ်ဆေးအကဲဖြတ်မှုသို့ တိုးတက်ပြောင်းလဲရန်လိုအပ်ကြောင်း အကြံပြုတင်ပြထားပေသည်။ ပထမဦးဆုံး ဆောင်ရွက်ရမည့်လုပ်ငန်းမှာ အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ကိုရေးဆွဲကာ ယင်းမူဝါဒနှင့်အညီ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံး ကျင့်သုံးဆောင်ရွက်ရေးပင်ဖြစ်သည်။

ယင်းပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒအောင်မြင်ရန် အခြေခံပညာတစ်ရပ်လုံးကို ဆက်စပ်လွှမ်းခြုံနိုင်သော ပညာရည်စစ်ဆေးခြင်းအညွှန်းဘောင် (Coherent Assessment Framework) ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် ပညာရေးကဏ္ဍအသီးသီးတွင် ကျင့်သုံးလုပ်ဆောင်နေကြသော လုပ်ငန်းများသည်လည်း တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမှသာ ဤမူဝါဒအောင်မြင်မည်ဖြစ်ပေသည်။ ဥပမာ-ကျောင်းများ၊ ကျောင်းသားများ၊ မိဘများက ပြင်ပစစ်စာမေးပွဲနှင့် သင်ယူအပြီးစစ်ဆေးခြင်းရလဒ်ကိုသာ ဦးစားပေးလွန်းပါက ဆရာများသည် အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း (သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း)လုပ်ငန်းကို မှန်ကန်စွာဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်း နှစ်မျိုးကို မျှတစွာ ပေါင်းစပ်ကျင့်သုံးနိုင်မှသာ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒသည် အောင်မြင်နိုင်မည် ဖြစ်ပေသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ အစီရင်ခံစာတွင်လည်း သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း နှစ်ရပ်စလုံးကို အချိုးကျကျပေါင်းစပ်ကျင့်သုံးသင့်ကြောင်း ထောက်ခံအကြံပြုထားခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် သင်ယူအပြီးစစ်ဆေးခြင်းက အချိန်ကာလတစ်ခုအတွင်း ကျောင်းသားများ၏ သင်ယူမှုစွမ်းဆောင်ရည်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပြီး၊ သင်ယူစဉ်စစ်ဆေးခြင်းကမူ သင်ကြားနေစဉ် ကျောင်းသားများ၏ လိုအပ်ချက်အရ ဆရာများက ပြုပြင်သင်ကြားပေးနိုင်သကဲ့သို့ ကျောင်းသားများကိုလည်း ဘဝတစ်သက်တာသင်ယူမှုအတွက် မိမိကိုယ်တိုင်လေ့လာတတ်အောင်လည်း သင်ကြားလေ့ကျင့်ပေးနိုင်ပါသည်။

သင်ယူစဉ်စစ်ဆေးခြင်းနှင့် သင်ယူအပြီးစစ်ဆေးခြင်း နှစ်ရပ်စလုံးပါဝင်သော အတန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်းသည် အထူးသဖြင့် စာမလိုက်နိုင်သော ကျောင်းသားများကို ပိုမို၍အကျိုးကျေးဇူးများ ရရှိစေပါသည်။ သင်ယူစဉ်စစ်ဆေးခြင်းနှင့် သင်ယူအပြီးစစ်ဆေးခြင်းတို့ကို အချိုးမျှမျှတတမဆောင်ရွက်နိုင်ဘဲ တစ်ခုခုကို အသားပေးကျင့်သုံးမိပါက တစ်ခါတစ်ရံတွင် မလိုလားအပ်သော ဆိုးကျိုးများဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ပညာရည်စစ်ဆေးခြင်းဆိုင်ရာမူဝါဒ ရေးဆွဲရာ တွင် ယင်းစစ်ဆေးခြင်းနှစ်မျိုး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တို့ကို ရှင်းရှင်းလင်းလင်းဖော်ပြထားရန် လိုအပ်သကဲ့သို့ ပညာရေးစီမံခန့်ခွဲသူများ၊ ဆရာများ၊ ကျောင်းသားများ၊ ကျောင်းသားမိဘများက ကောင်းစွာနားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ ယင်းစစ်ဆေးခြင်း နှစ်မျိုးသည်လည်း ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ချိတ်ဆက်ထားရမည်ဖြစ်ပြီး ပြဋ္ဌာန်းစာအုပ်အသစ်များ၊ သင်ကြားရေးဦးတည်ချက်များ၊ သင်ယူမှုရလဒ်များ၊ သင်ယူမှုဦးတည်ချက်များနှင့် ဆီလျော်ကိုက်ညီရမည်ဖြစ်ကာ အကြောင်းအရာ အချက်အလက်ကို စစ်ဆေးခြင်းထက် ကျွမ်းကျင်မှုကိုအခြေခံသော စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ရပါမည်။





## လုပ်ငန်းအစီအစဉ်(၁) အမျိုးသား ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒရေးဆွဲခြင်း

မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကဦးဆောင်၍ အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ကို ရေးဆွဲပါမည်။ ယင်းမူဝါဒသည် အခြေခံပညာရေးစစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်ပြီး ပြည့်စုံလွှမ်းခြုံနိုင်မှုရှိသော မူဝါဒဖြစ်ရပါမည်။ ယင်းမူဝါဒသည် အတန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းနှင့် နိုင်ငံတော်၏ ပညာရေးမူဝါဒများကို အကောင်အထည်ဖော်ခြင်းအတွက် ရည်မှန်းချက်ထားရှိရမည်ဖြစ်ပါသည်။

ယင်း အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူဝါဒနှင့် စစ်ဆေးအကဲဖြတ်မှု အညွှန်းဘောင်များသည် အကြောင်းအရာအချက်အလက်များ သင်ယူတတ်မြောက်ခြင်းကို စစ်ဆေးခြင်းထက် သင်ရိုးညွှန်းတမ်းအသစ်ပါ သင်ယူမှုဆိုင်ရာကျွမ်းကျင်မှုများကို စစ်ဆေးခြင်းအပေါ် အဓိကထား၍ ရေးဆွဲသင့်ပါသည်။ ယင်းမူဝါဒထဲတွင် အတန်းတွင်း အကဲဖြတ်ခြင်းလုပ်ငန်းကို စတင်ကျင့်သုံးသည့်အခါ ယင်းလုပ်ငန်းသဘာဝကို ဆရာများ၊ ကျောင်းသားများ၊ ကျောင်းသားမိဘများ သိရှိနားလည်စေရန် အသိပညာပေးရေးလုပ်ငန်းလည်း ပါဝင်ရမည်ဖြစ်ပါသည်။ ထို့ပြင် ပညာရေးအဆင့်ပြီးမြောက်မှုစာမေးပွဲများဖြစ်သော ပဉ္စမတန်း၊ နဝမတန်း၊ ဒွါဒသမတန်းပြင်ပစစ်စာမေးပွဲများနှင့် နမူနာအခြေပြုနိုင်ငံတော်အဆင့် စာမေးပွဲများအညွှန်းဘောင်လည်း ပါဝင်ပါမည်။ အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒကိုလည်း စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်ရန် လမ်းညွှန်ထားရမည် ဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ် (၂) အတန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်း (Classroom-Level Assessment) (ဆရာများကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် အတန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်းသဘာဝကို မိဘများအား သိရှိစေခြင်း)

အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းသည် ဆရာနှင့်ကျောင်းသားများ၏ သင်ကြားသင်ယူခြင်းဆိုင်ရာ သတင်းအချက်အလက်များ ရရှိရန်ရည်ရွယ်၍ လုပ်ဆောင်သောလုပ်ငန်းဖြစ်ပါသည်။ ယင်းတွင် အတန်းတွင်းသင်ယူစဉ်စစ်ဆေးခြင်းနှင့် သင်ယူအပြီးစစ်ဆေးခြင်းဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များပါဝင်သော လုပ်ဆောင်ချက်ဖြစ်ပါသည်။ ယင်းတို့အနက် ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို စစ်ဆေးအကဲဖြတ်၍ အဆင့်သတ်မှတ်ပေးခြင်းကဲ့သို့သော ပုံမှန်လုပ်ဆောင်ချက်များ ပါဝင်သကဲ့သို့ ကျောင်းသားများကို လေ့လာစောင့်ကြည့်မှတ်တမ်းတင်ခြင်း ကဲ့သို့သော ဆောင်ရွက်ချက်များလည်းပါရှိပေသည်။ ဆရာများသည် ယင်းလုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ပေသည်။

အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူဝါဒနှင့် စစ်ဆေးအကဲဖြတ်မှု အညွှန်းဘောင်များကို အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ပါမည်။

(၁) အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းတွင်ပါဝင်သော စီမံခြင်း၊ သင်ကြားခြင်း၊ မှတ်တမ်းထားရှိခြင်း၊ အသိပေးခြင်း၊ သင်ခန်းစာများကို အကဲဖြတ်ခြင်းစသည့် လုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန်အတွက် ဆရာများကို သင်တန်းပေးခြင်း၊ လိုအပ်သော အထောက်အကူပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးခြင်း၊

(၂) ပညာရည်စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ လမ်းညွှန်စာအုပ်များ (မေးခွန်းပြုစုနည်းနှင့် ရမှတ်စိစစ်ခြင်းဆိုင်ရာစာအုပ်များ)ကို ဆရာများလက်ထဲအရောက် ဖြန့်ဝေပေးခြင်း၊

(၃) ကျောင်းနှင့်သင်ကြားရေးအတွက် လိုအပ်သော အထောက်အကူပစ္စည်းများ တင်ပြနိုင်ရန် (မိမိတို့ကိုယ်တိုင်အကဲဖြတ်ခြင်းပုံစံပါဝင်သည့်) လမ်းညွှန်စိစစ်ခြင်းဆိုင်ရာ စာအုပ်များ ဖြန့်ဝေခြင်း၊

(၄) လေ့ကျင့်သင်ကြားပေးထားသော ကျွမ်းကျင်သင်တန်းဆင်း (Master Trainer) များဖြင့် အတန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့် လိုအပ်သော အထောက်အကူပြု ဆင့်ပွားသင်တန်းများပေးခြင်း။

ဆရာများကို ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် မေးခွန်းပြုစုခြင်း၊ စစ်ဆေးအမှတ်ပေးခြင်းနှင့် နိုင်ငံတော်အဆင့်စာမေးပွဲများတွင် စစ်ဆေးအမှတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ပညာရည်စစ်ဆေးခြင်းဆိုင်ရာ အတတ်ပညာများကို လက်တွေ့သင်ကြားပေးပြီး ဖြစ်စေနိုင်ပါသည်။

### လုပ်ငန်းအစီအစဉ်(၃) ကျောင်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်း (School-Level Assessment)

ကျောင်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းသည်လည်း အရေးကြီးသောလုပ်ငန်း ဖြစ်သည့်အတွက် မေးခွန်းများကို စနစ်တကျပြုစုရန် လိုအပ်ပါသည်။ အခြေခံပညာကျောင်းများတွင် လက်ရှိ ကျောင်းအဆင့် စစ်ဆေးခြင်းများကို အခန်းဆုံးစစ်ဆေးခြင်းဟုခေါ်ဆိုသော လစဉ်စာမေးပွဲများဖြင့် အခြေခံပညာဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ တစ်နှစ်လျှင် ၅ကြိမ်မှ ၇ကြိမ်အတွင်း စစ်ဆေးပါသည်။ ယင်းကျောင်းအဆင့် စစ်ဆေးခြင်းများမှရရှိသော စာမေးပွဲရလဒ်များအပေါ်အခြေခံ၍ အောင်/ရှုံးကို ဆုံးဖြတ်ခြင်းဖြစ်သောကြောင့် ကျောင်းသားများအတွက် အရေးကြီးသော စာမေးပွဲများဖြစ်ပါသည်။ ၎င်းစာမေးပွဲများ၏ အကြီးမားဆုံးသောအားနည်းချက်မှာ ကျောင်းသားများ၏ အလွတ်ကျက်ရေတိုမှတ်သားမှုကို အားပေးရာရောက်နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ၎င်းစာမေးပွဲများအစား အဆင့်သတ်မှတ်ပေးသော ပညာရည်စစ်ဆေးခြင်းနည်းဖြင့် အစားထိုးအသုံးပြုမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် ယင်းကျောင်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းဖြစ်သော အတန်းတွင်းစစ်ဆေးအကဲဖြတ်မှုအညွှန်းဘောင်သတ်မှတ်ခြင်း၊ ယင်းကို အခြေခံ၍ အဆင့်သတ်မှတ်ပေးသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မေးခွန်းပြုစုခြင်းလုပ်ငန်း အဆင့်ဆင့်တွင် ဆရာများ ပါဝင်လုပ်ဆောင်ရန် အားပေးသင့်ပါသည်။

### လုပ်ငန်းအစီအစဉ်(၄) အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာအဆင့် ပြီးမြောက်မှုစာမေးပွဲများ (Completion Examinations) ကျင်းပခြင်း

ဤပညာရည်စစ်ဆေးမှုစာမေးပွဲများသည် ကျောင်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းထက် ပိုမို၍ခိုင်လုံမှုရှိရန်၊ ကိုးစားနိုင်မှုရှိရန်၊ စံကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းစစ်ဆေးခြင်းမှရရှိသော ရလဒ်များသည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် သတ်မှတ်ထားသော အမျိုးသားပညာရည်စစ်ဆေးမှုဆိုင်ရာစံနှင့် ကိုက်ညီရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများဖြစ်သော မေးခွန်းပုံစံသတ်မှတ်ခြင်း၊ စာမေးပွဲကျင်းပစစ်ဆေးခြင်း၊ အဖြေလွှာများကိုစစ်ဆေးအမှတ်ပေးခြင်းနှင့် ရမှတ်များစိစစ်သုံးသပ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျောင်းသားများ၏ ပညာအရည်အချင်းကို ခိုင်လုံမှုရှိစွာနှင့် ကိုးစားနိုင်မှုရှိစွာ နှိုင်းယှဉ်အကဲဖြတ်နိုင်ရန် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော စံပြုတတ်မြောက်မှု စစ်ဆေးလွှာများ (Standardized Achievement Tests) ပြုစုရပါမည်။ ဒွိဒသမတန်းသင်ရိုးညွှန်းတမ်းထွက်ရှိလာသောအခါလက်ရှိဒသမတန်းစာမေးပွဲကို ဒွါဒသမတန်းစာမေးပွဲဖြင့် အစားထိုးစစ်မေးရမည် ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ်(၅) နမူနာအခြေပြု နိုင်ငံတော်အဆင့် စစ်ဆေးအကဲဖြတ်မှုများ (National Sample-based Assessments)

နမူနာအခြေပြု နိုင်ငံတော်အဆင့် စစ်ဆေးအကဲဖြတ်မှုများသည် သင်ရိုးညွှန်းတမ်းပေါက်မြောက်အောင်မြင်မှုအတိုင်းအတာကို သိရှိရန်စစ်ဆေးသော စာမေးပွဲအမျိုးအစားဖြစ်သည်။ ဤစာမေးပွဲများက အောက်ပါအခြေအနေများနှင့် လုပ်ငန်းများကို သိရှိစေနိုင်ပါသည်-

(၁) ပညာရေးမူဝါဒများ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ပညာရေးပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်နိုင်မှုအခြေအနေ။ (သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်နိုင်မှု အခြေအနေ)

(၂) ဘာသာရပ်အလိုက်၊ ဒေသအလိုက်၊ ကျား၊ မကွဲပြားမှုအလိုက် ကျောင်းသားများ၏ တတ်မြောက်မှုအတိုင်းအတာ ကွာခြားမှု။

(၃) ကျောင်းသားများ၏ တတ်မြောက်အောင်မြင်မှုကို အဆုံးအဖြတ်ပေးသော အချက်များဖြစ်သည့် ဆရာ၏ နောက်ခံအခြေအနေ၊ ကျောင်းသားများ၏ နောက်ခံအခြေအနေ။

(၄) ကျောင်းနှင့်ကျောင်းသားများ၏ တတ်မြောက်အောင်မြင်မှုတိုးတက်စေရန် လိုအပ်သော ရင်းမြစ်များကို သတ်မှတ်နိုင်ခြင်း။

(၅) ရမှတ်ကို စိစစ်သုံးသပ်ကာ ကျောင်းသားများ၏ အရည်အချင်းတိုးတက်ရေးအတွက် ဆရာများက ကြိုးပမ်းဆောင်ရွက်ရာတွင် အကူအညီဖြစ်စေခြင်း။

(၆) အရည်အသွေးရှိသော ပညာရည်စစ်ဆေးခြင်းဆိုင်ရာ သုတေသနလေ့လာမှုများလုပ်ဆောင်တတ်စေခြင်းနှင့် တွေ့ရှိချက်များကို မူဝါဒရေးဆွဲသူများက ပြန်လည်သုံးသပ်၍ မူဝါဒများပြုပြင်ရေးဆွဲရာတွင် အသုံးချနိုင်ခြင်း။

## ၈.၃.၂။ မဟာဗျူဟာ(၂) ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုကို အားကောင်းစေခြင်း

ပညာရည်စစ်ဆေးအကဲဖြတ်မှု ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းအောင်မြင်နိုင်ရန် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဆက်စပ်ဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်းတို့သည် မရှိမဖြစ်လိုအပ်ပါသည်။






ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းမှာလည်း လွန်စွာအရေးကြီးပေသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်-၂၏ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းအစီရင်ခံစာတွင် ပညာရေးအဆင့်တိုင်းရှိ ဝန်ထမ်းများ၏ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ်ဆိုင်ရာစွမ်းရည်များ မြှင့်တင်ပေးရန် လိုအပ်ကြောင်း ထောက်ပြထားပါသည်။ ထိရောက်လွှမ်းခြုံနိုင်သော ပညာရည်စစ်ဆေးခြင်းအညွှန်းဘောင် ရေးဆွဲသတ်မှတ်နိုင်ရန်မှာလည်း ယင်းကို ရေးဆွဲအကောင်အထည်ဖော်မည့် အဆင့်ဆင့်သော ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားမှုအပေါ်တွင် မူတည်နေပါသည်။ ထို့ပြင် ကောင်းမွန်သော ပညာရည်စစ်ဆေးအကဲဖြတ်မှုစနစ် မည်သို့ပင် ရေးဆွဲထားသည်ဖြစ်ပါစေ၊ အကောင်အထည်ဖော်မည့် ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်နိမ့်ကျနေပါက အကျိုးရှိသင့်သလောက် ရှိနိုင်မည် မဟုတ်ပါ။

နိုင်ငံတကာအတွေ့အကြုံများမှ ရရှိသော သင်ခန်းစာများအရ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာစွမ်းရည်များတိုးတက်စေရန် ဝန်ထမ်းများကို လုပ်ငန်းခွင်မပျက်စေဘဲ အလုပ်လုပ်ရင်း သင်ယူခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝန်ထမ်းများကို အုပ်စုငယ်များဖွဲ့ကာ လုပ်ငန်းကျွမ်းကျင်ပညာရှင်များဖြင့် လေ့ကျင့်သင်ကြားပေးခြင်း၊ သင်ကြားရင်းဆွေးနွေးပို့ချခြင်းတို့ဖြင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပါသည်။ ဆရာများအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ အထူးလိုအပ်ပါသည်။

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ် အောင်မြင်နိုင်ရန်မှာ သက်ဆိုင်ရာပါဝင်ပတ်သက်သူများ၏ တာဝန်သိမှုပေါ်တွင်လည်း များစွာမူတည်ပါသည်။ ပညာရေးနှင့်ဆက်စပ်ပတ်သက်သူများအားလုံးက ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ်၏ ရည်ရွယ်ချက်၊ သဘောသဘာဝနှင့် အသုံးဝင်ပုံများကို နားလည်သဘောပေါက်ထားရန် လိုအပ်လှပေသည်။ ပြည်သူအများသိရှိနိုင်ရန် ပညာပေးလှုပ်ရှားမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ ယင်းသို့သော ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကျောင်းသားနှင့် ကျောင်းသားမိဘများအပါအဝင် ပြည်သူအများသိရှိနိုင်ရန် ရေဒီယို၊ ရုပ်သံတို့မှ ထုတ်လွှင့်ခြင်း၊ သတင်းစာဂျာနယ်များမှ ဖော်ပြခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ အထောက်အကူများစွာ လိုအပ်ပါသည်။ ပညာရေးစနစ်အတွင်းတွင်လည်း စစ်ဆေးအကဲဖြတ်မှု အညွှန်းဘောင်ရေးဆွဲခြင်းလုပ်ငန်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများတွင် ဝန်ထမ်းအများပါဝင်လာအောင် ဆောင်ရွက်ခြင်းဖြင့် တာဝန်သိမှု၊ တာဝန်ရှိမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာလုပ်ငန်းသည် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစနစ်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ စာရင်းအင်းဆိုင်ရာစိစစ်မှုများပြုလုပ်ရန်အတွက်လည်းကောင်း၊ စာမေးပွဲဆိုင်ရာစီမံခန့်ခွဲရေးအတွက်လည်းကောင်း၊ ထိရောက်မြန်ဆန်လုံခြုံစိတ်ချရသော စာမေးပွဲစနစ်ဖြစ်ရန်အတွက်လည်းကောင်း ထိရောက်ကောင်းမွန်သော သတင်းအချက်အလက်နှင့် ဆယ်သွယ်ရေးနည်းပညာစနစ်များသည် မရှိမဖြစ်လိုအပ်ပါသည်။ နိုင်ငံများစွာတွင် အိုင်စီတီအတွက် ဘဏ္ဍာရေးမလုံလောက်မှုကြောင့် စာမေးပွဲဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြစ်သည့် လုံခြုံစိတ်ချရမှုရှိစေခြင်း၊ စာမေးပွဲဆိုင်ရာ မသမာမှုတားဆီးခြင်း၊ စွမ်းဆောင်ရည်မြင့်မားစေခြင်း၊ ကုန်ကျစရိတ်သက်သာစေခြင်းတို့တွင် အောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိခဲ့ပါ။ အိုင်စီတီပစ္စည်းများဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ထိန်းသိမ်းခြင်းများအတွက် ဘဏ္ဍာငွေကြေး လိုအပ်မှုရှိပါသည်။

အထက်ပါအကြောင်းအချက်များကို အခြေပြုကာ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်းဆိုင်ရာ ဖော်ပြပါလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားရှိပေသည်။

## လုပ်ငန်းအစီအစဉ်(၁) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းရန် လိုအပ်နေပါသည်။ ဥပမာအားဖြင့် ပညာရည်စစ်ဆေးအကဲဖြတ်မှုဌာနအသစ်ကို ဖွဲ့စည်းတာဝန်ပေးရန် လိုအပ်နေပါသည်။ သို့မှသာ ကျောင်းသားများ၏ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းများကို မှန်ကန်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လိုအပ်သော ခေတ်မီအိုင်စီတီနည်းပညာဆိုင်ရာပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ အိုင်စီတီကျွမ်းကျင်သူများကိုလည်း လုံလောက်စွာ ခန့်ထားပေးရန် လိုအပ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၂) စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အသိပညာပေးခြင်း

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ်သည် မြန်မာနိုင်ငံ၏ ပညာရည်စစ်ဆေးခြင်း လုပ်ငန်းကဏ္ဍအတွက် အပြောင်းအလဲတစ်ရပ်ကို စတင်ပေးသကဲ့သို့ဖြစ်ပါသည်။ ဥပမာ- ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းကိုပညာသင်ယူ၊သင်ကြားခြင်းနှင့်ပေါင်းစည်းဆက်စပ်ပေးခြင်း၊ စံပြုမေးခွန်းလွှာများတည်ဆောက်ရန်အတွက် စစ်ဆေးခြင်းဆိုင်ရာ စာရင်းအင်းနည်းပညာကို အသုံးပြုရန်လိုအပ်ခြင်းတို့ဖြစ်ပေသည်။ ယင်းပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ် အောင်မြင်ရန်မှာ အခြေခံပညာ ကျောင်းများ၊ ပညာရေးကောလိပ်များနှင့် စာစစ်ဦးစီးဌာနရှိ ဆရာများနှင့် ဝန်ထမ်းများ၏ ပညာရည်စစ်ဆေးခြင်းဆိုင်ရာစွမ်းဆောင်ရည်တိုးမြှင့်ပေးရန် လိုအပ်ခြင်းနှင့် ကောင်းစွာဆက်စပ်မှုရှိကြောင်း ပညာရေးဝန်ကြီးဌာနအနေနှင့် သိရှိထားပေသည်။ ယင်းဌာနများ၏ ပညာရည်စစ်ဆေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လွန်စွာအရေးကြီးလှပေသည်။ နမူနာအခြေပြုနိုင်ငံတော်အဆင့် စစ်ဆေးအကဲဖြတ်မှုကဲ့သို့သော တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ပြန့်စွာ စစ်ဆေးသော စာမေးပွဲမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လက်ရှိဝန်ထမ်းများအပြင် လိုအပ်သော ဝန်ထမ်းသစ်များကိုလည်း ခန့်ထားရန်လိုပါသည်။ ယင်းဝန်ထမ်းများသည် မေးခွန်းပြုစုခြင်း၊ မေးခွန်းများကို လုံခြုံစွာရိုက်နှိပ်ဖြန့်ဝေခြင်း၊ စာမေးပွဲကျင်းပခြင်း ဆိုင်ရာစီမံခန့်ခွဲခြင်း၊ မေးခွန်းစိစစ်ခြင်း၊ ရမှတ်စိစစ်ခြင်းစသည့် ပညာရည်စစ်ဆေးခြင်းနှင့် ပညာရေးသုတေသနဆိုင်ရာ စာရင်းအင်းတွက်ချက်ခြင်းလုပ်ငန်းကို တတ်မြောက်ထားရန် လိုအပ်ပါသည်။

အတန်းတွင်း ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း၊ ကျောင်းအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို ဒေသရှိ ဆရာများနှင့်ဝန်ထမ်းများ ဆောင်ရွက်တတ်စေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးရမည်ဖြစ်ပေသည်။ မေးခွန်းများပြုစုခြင်း၊ မေးခွန်းလွှာများ တည်ဆောက်ခြင်းသာမက ရရှိလာသောရမှတ်များကို စိစစ်သုံးသပ်ကာ ပညာရေးလုပ်ငန်းများ၊ သင်ကြားရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အသုံးပြုတတ်ရန်လည်း လိုအပ်ပေသည်။

ယင်းသို့ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အလုပ်ရုံသင်တန်းများဖွင့်လှစ်ခြင်း၊ နည်းပညာအထောက်အကူပြုအဖွဲ့များဖြင့် လေ့ကျင့်ပညာပေးခြင်း၊ လုပ်ငန်းခွင်အတွင်းပညာပေးခြင်း၊ နိုင်ငံတကာပညာရှင်များအကူအညီဖြင့်ဆောင်ရွက်ခြင်းတို့ပါဝင်ပေသည်။ ယင်းသို့ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများမဆောင်ရွက်မီ ကျောင်းများ၏လိုအပ်ချက်များ၊ ဒေသအလိုက် လိုအပ်ချက်များ၊ ဆရာများ၏လိုအပ်ချက်များကို ဦးစွာလေ့လာသုံးသပ်ရမည် ဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၃) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) နှင့် ဆက်စပ်ပစ္စည်းများ ဖြည့်ဆည်းခြင်း

ပညာရည်စစ်ဆေးခြင်းလုပ်ငန်းများတိုးတက်စေရန်မှာ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာအသုံးပြုမှုပေါ်တွင် များစွာမူတည်နေပါသည်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းရာတွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာအခြေခံ အဆောက်အအုံများ ဖြည့်ဆည်းပေးရန် လိုအပ်နေပါသည်။ အိုင်စီတီပစ္စည်းများ ကိုင်တွယ်အသုံးပြုရန်အတွက်လည်းကောင်း၊ ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ ရမှတ်များကို စိစစ်တွက်ချက်ရန်အတွက်လည်းကောင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်ပေသည်။

အထူးအရေးကြီးသော လုပ်ငန်းတစ်ရပ်မှာ ရမှတ်ဆိုင်ရာ အချက်အလက်များကို စုစည်းထားသည့်နေရာ (Database)များနှင့်ပတ်သက်သော လုံခြုံရေးကိစ္စပင် ဖြစ်ပါသည်။ လက်ရှိအသုံးပြုနေသော အိုင်စီတီပစ္စည်းများနှင့် အနာဂတ်တွင် လိုအပ်လာမည့်ပစ္စည်းများကို ကြိုတင်တွက်ချက်ကာ လုံခြုံမှုလည်းရှိပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနှင့် သင့်တော်မည့်ပစ္စည်းများကို ဖြည့်ဆည်းပေးရပါမည်။ စာမေးပွဲရမှတ်များကို စနစ်တကျ သိုလှောင် သိမ်းဆည်းထားနိုင်သော နည်းပညာစနစ်ကို အသုံးပြုပါမည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အချက်အလက်များကို စုစည်းထားသည့်နေရာ (Database) များသည်လည်း အမျိုးသားအဆင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ် (EMIS)နှင့်လည်း ချိတ်ဆက်မှုရှိရမည်ဖြစ်ပေသည်။ ထိုသို့ချိတ်ဆက်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ (Global ID)များကို အသုံးပြု၍သော်လည်းကောင်း ဆောင်ရွက်နိုင်ပေသည်။

ပညာရည်စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းထားသည့်နေရာ (Database) များ ထူထောင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများ ပါဝင်ပေသည်-

- စာမေးပွဲဆိုင်ရာသတင်းအချက်အလက်များ စုံစမ်းနိုင်ရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏(Online Portal)ကိုအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ အောင်လက်မှတ်များကို စစ်ဆေးပေးခြင်း၊ ကျောင်းသားများ အမှတ်သိလို၍ တောင်းခံလာလျှင် အမှတ်ထုတ်ပေးခြင်း၊ စာမေးပွဲဖြေဆိုရန် (Online) မှ လျှောက်ထားခြင်း။
- လွန်ခဲ့သော (၅)နှစ်၊ (၁၀)နှစ်မှ ယခုအချိန်အထိ ဖြေဆိုခဲ့သော စာမေးပွဲရမှတ်များကို ထိန်းသိမ်းထားသော (Database) များ၊ ပညာရေးသုတေသနပြုလုပ်ရာတွင် ယင်းရမှတ်များကို အသုံးပြုခြင်း။
- မေးခွန်းငယ်များ အသေးစိတ်စိစစ်ခြင်း (Item Analysis) လုပ်ငန်းအတွက် ရှေးရိုးမေးခွန်း စိစစ်နည်း (Classical Item Analysis) ကိုဆောင်ရွက်ရန် (Software) များ အသုံးပြုခြင်း။
- နိုင်ငံတော်အဆင့် စာမေးပွဲများပြုလုပ်ရာတွင် နမူနာကောက်ယူနိုင်ရန်အတွက် နမူနာကောက်ယူနည်းဆော့ဖ်ဝဲ (Sampling Software) များကို အသုံးပြုဆောင်ရွက်ခြင်း။
- မေးခွန်းစိစစ်ခြင်း၊ မေးခွန်းကောင်းများရရှိရန် အသေးစိတ်တွက်ချက်ခြင်းတို့ကိုဆောင်ရွက်ရန်အတွက် မေးခွန်းတစ်ခုချင်းဖြေဆိုမှုအပေါ် စိစစ်ခြင်းနည်းပညာ (Item Reponse Analysis Software) များအသုံးပြုဆောင်ရွက်ခြင်း။
- နှစ်အလိုက် စိစစ်သုတေသနပြုလုပ်ထားသော အချက်အလက်များကို အခြေခံကာ ကိုယ်တိုင်တီထွင်ထားသော မေးခွန်းငယ်ဘဏ်များကို တည်ဆောက်အသုံးပြုခြင်း။



**လုပ်ငန်းအစီအစဉ်(၄) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကြီးကြပ်လမ်းညွှန်သည့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း**

အတန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျောင်းတွင်းစစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများကို ကျောင်းတွင်းစစ်ဆေးအကဲဖြတ်အဖွဲ့များ ဖွဲ့စည်း၍ ကြီးကြပ်လမ်းညွှန်သည်။ ယင်းအဖွဲ့တွင် ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာ ဆရာများပါဝင်ပါသည်။ ကျောင်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ် စစ်ဆေးအကဲဖြတ်ရေးအဖွဲ့များက ကြီးကြပ်လမ်းညွှန်မည် ဖြစ်ပါသည်။

ပညာရေးအဆင့်ပြီးမြောက်ခြင်း စာမေးပွဲများဖြစ်သော အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲများနှင့် တက္ကသိုလ်ဝင်စာမေးပွဲများဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းများကို မြန်မာနိုင်ငံစာစစ် ဦးစီးဌာနမှ နည်းပညာရှင်များအဖွဲ့က ကြီးကြပ်လမ်းညွှန်မည် ဖြစ်ပါသည်။ နမူနာအခြေပြု နိုင်ငံတော်အဆင့် စာမေးပွဲများကျင်းပနိုင်ရေးနှင့် မေးခွန်းလွှာစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကိုလည်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရှိ နည်းပညာရှင်အဖွဲ့က ကြီးကြပ်လမ်းညွှန်မည် ဖြစ်ပါသည်။

## ၈.၄။ ရလဒ်အညွှန်းဘောင်များ

### ၈.၄.၁။ အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက်မြင့်မားရန်အတွက် အရည်အသွေးကောင်းမွန်သော ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သစ်တစ်ရပ်ကို ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများက အကောင်အထည်ဖော်ဆောင်ရွက်ကြမည်။ | |
|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်နှင့် စာမေးပွဲများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်း။ | **မဟာဗျူဟာ (၂)**<br>ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုကို အားကောင်းစေခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာအသိပညာနှင့် ကျွမ်းကျင်မှုများကိုရရှိပြီး အမျိုးသား ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒနှင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း။ | ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။ |
| ရလဒ် အညွှန်းကိန်းများ | - ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒကိုရေးဆွဲခြင်း၊အတည်ပြုခြင်းရှိ/မရှိ။<br><br>- ပညာရည်စစ်ဆေးအကဲဖြတ်သည့် ပုံစံများဖြစ်သော အတန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ပြီးမြောက်မှုစာမေးပွဲများနှင့် နိုင်ငံတော်အဆင့်စာမေးပွဲများကို မူဝါဒ နှင့်အညီ ပြုစုပြီးတစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်ခြင်းရှိ/မရှိ။<br><br>- မူဝါဒနှင့်အညီ ပြုစုထားသော စာမေးပွဲများကိုဖြေဆိုသော ကျောင်းသား ဦးရေ ရာခိုင်နှုန်း။<br><br>- မူဝါဒနှင့်အညီ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းကိုဆောင်ရွက်သော ဆရာဦးရေရာခိုင်နှုန်း။<br><br>- ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒနှင့်အညီ စစ်ဆေးသော နိုင်ငံတော်အဆင့် စာမေးပွဲများမှရရှိသော သတင်းအချက်အလက်များနှင့်ယင်းကို အခြေခံ၍ အမျိုးသားပညာရည်စစ်ဆေးခြင်းဆိုင်ရာ မူဝါဒပြင်ဆင်ခြင်း ရှိ/မရှိ။ | - မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ဦးစီးဦးဆောင်ပြုကာ ပညာရည်စစ်ဆေးခြင်းနှင့် စာမေးပွဲများကျင်းပခြင်းကို လမ်းညွှန်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ လိုအပ်သော ရန်ပုံငွေ သတ်မှတ်ခြင်း ရှိ/မရှိ။<br><br>- စနစ်သစ်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာသင်တန်းတက်ရောက်ပြီး မိမိ၏ လက်တွေ့လုပ်ငန်းတွင်အသုံးချနိုင်သော ဝန်ထမ်းဦးရေ ရာခိုင်နှုန်း။<br><br>- ပညာရည်စစ်ဆေးခြင်းစနစ်သစ်ကို သဘောကျလက်ခံသော ဆရာ၊ ကျောင်းအုပ်၊ မိဘ၊ ကျောင်းသားနှင့် ပညာရေး စီမံခန့်ခွဲသူ ရာခိုင်နှုန်း။<br><br>- သတင်းအချက်အလက်များကို စုစည်းထားသည့်စနစ် ဖြစ်ထွန်းအသုံးပြုခြင်း ရှိ/မရှိ။<br><br>- အိုင်စီတီစနစ်ထိန်းသိမ်းမည့် ဝန်ထမ်းဦးရေ။<br><br>- အိုင်စီတီစနစ် ထိန်းသိမ်းရေးအတွက် နှစ်အလိုက်လိုအပ်သော ဘတ်ဂျက်။ |

## ၈.၄.၂။ မဟာဗျူဟာ(၁)ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

**မဟာဗျူဟာ (၁) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်နှင့် စာမေးပွဲများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်း။**

| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | အမျိုးသားပညာရည်စစ်ဆေး အကဲဖြတ်ခြင်းမူဝါဒ ဆိုင်ရာအစီအစဉ် | | | | |
|---|---|---|---|---|---|
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)** အမျိုးသား ပညာရည် စစ်ဆေးခြင်း မူဝါဒ ရေးဆွဲခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)** အတန်းတွင်း စစ်ဆေး အကဲဖြတ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)** ကျောင်းအဆင့် စစ်ဆေး အကဲဖြတ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)** အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့်အထက် တန်းပညာအဆင့် ပြီး မြောက်မှု စာမေးပွဲများ ကျင်းပခြင်း။ | **လုပ်ငန်းအစီအစဉ် (၅)** နမူနာ အခြေပြု နိုင်ငံတော် အဆင့် စစ်ဆေးအကဲ ဖြတ်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | အမျိုးသား ပညာရည် စစ်ဆေးခြင်းဆိုင်ရာ မူဝါဒ ရေးဆွဲအတည်ပြုခြင်း။ | တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ဆောင်ရွက် ရန် အတန်းတွင်း စစ်ဆေး အကဲဖြတ်ခြင်း အညွှန်း ဘောင်၊ စစ်ဆေးနည်း၊ သင်တန်းအတွက် လိုအပ် သောပစ္စည်းများ ပြင်ဆင် ပြီး ဖြစ်ခြင်း။ | - ကျောင်းများအားလုံး တွင် ကျွမ်းကျင်မှုကို စစ် ဆေးသော မေးခွန်းငယ် ၁၅ ရာခိုင်နှုန်းပါဝင်သော မေးခွန်းလွှာကို အသုံးပြု ခြင်း။<br>- အတန်းတိုင်းတွင် ရမှတ် အလိုက် အဆင့်သတ် မှတ်ထားသော စနစ် (Grading System) အသုံးပြုခြင်း။ | ပညာအဆင့်ပြီးမြောက်မှု စာမေးပွဲများအတွက်နိုင်လုံ မှုနှင့် ကိုးစားမှုရှိသော မေးခွန်းလွှာများကို စံတိုက် ပြီး၊ အဆင့်ဆင့်မိတ်ဆက် အသုံးပြုခြင်း။ | နမူနာအခြေပြု နိုင်ငံတော် အဆင့် စာမေးပွဲများ ဆိုင်ရာ လိုအပ်ချက်များ ကို အဆင်သင့် ပြင်ဆင် ပြီးစီးခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | ပညာရည်စစ်ဆေးအကဲ ဖြတ်ခြင်း မူဝါဒစာအုပ် (၁၀၀,၀၀၀) ရိုက်နှိပ်ကာ ကျောင်းနှင့် ပညာရေးမှူး ရုံးများသို့ ဖြန့်ဝေခြင်း။ | အတန်းတွင်း စစ်ဆေး အကဲဖြတ်ခြင်း အညွှန်း ဘောင် ရေးဆွဲသတ်မှတ် ပြီး ရွေ့ပြောင်း စမ်းသပ်မည့် ကျောင်း (၅,၀၀၀)။ | - အတန်းတိုင်းအတွက် လုံလောက်သောမေးခွန်း အရေအတွက် ရရှိပြီး သည့် မေးခွန်းဘဏ် များ ထားရှိခြင်း။<br>- တိကျသော (Grading System) ထားရှိခြင်း။ | မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စာမေးပွဲများ အတွက် စစ်ဆေးမှု အညွှန်းဘောင် သတ် မှတ် ပြီးစီးခြင်း။ | ရွေ့ပြောင်းစမ်းသပ်မှု (၁၀) ကြိမ် ပြုလုပ်ခြင်း။ |

## ၈.၄.၃။ မဟာဗျူဟာ (၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်


| မဟာဗျူဟာ (၂) ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုကို အားကောင်းစေခြင်း။ | | | | |
|---|---|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေးအစီအစဉ်** | | ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်းတို့ကို အားကောင်းစေရေး အစီအစဉ် | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနကို ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အသိပညာပေးခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) နှင့် ဆက်စပ်ပစ္စည်းများ ဖြည့်ဆည်းခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)**<br>ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကြီးကြပ်လမ်းညွှန်သည့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ပညာရည် စစ်ဆေးအကဲဖြတ်မှုစနစ် ပြုပြင်ပြောင်းလဲခြင်းကို ဦးဆောင်ခြင်း။ | - ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများကို အရည်အသွေးရှိသော စာမေးပွဲကျင်းပခြင်းဆိုင်ရာများ ကျွမ်းကျင်မှုများ လေ့ကျင့်သင်တန်းပေးပြီးဖြစ်ခြင်း။<br><br>- ကျောင်းသားနှင့်မိဘများကို စာမေးပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အသိပညာပေးပြီးဖြစ်ခြင်း။ | စာမေးပွဲဆိုင်ရာ ရလဒ်များကို စုဆောင်းခြင်း၊ သိမ်းဆည်းခြင်း၊ စိစစ်သုံးသပ်ခြင်းကို လုံခြုံစိတ်ချစွာဖြင့် မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ခြင်း။ | - အတန်းတွင်းစစ်ဆေးခြင်းများနှင့် ကျောင်းအဆင့်စစ်ဆေးခြင်းများဆိုင်ရာ အချက်အလက်များကို ကျောင်းအဆင့်ပညာရည်စစ်ဆေးခြင်းအဖွဲ့မှ ပုံမှန်စုဆောင်းရရှိခြင်း။<br><br>- ပြီးမြောက်မှု စာမေးပွဲများနှင့် နိုင်ငံတော်အဆင့် စာမေးပွဲများဆိုင်ရာ အချက်အလက်များကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ စုဆောင်းရရှိခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနကို ဖွဲ့စည်းပုံအသစ်ဖြင့် ပြန်လည်ဖွဲ့စည်းခြင်း။<br><br>- လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။ | - မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများမှ ဝန်ထမ်း ဦးရေ၏ ၅၀ ရာခိုင်နှုန်း ပညာရည်စစ်ဆေးခြင်း စနစ်သစ်ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခြင်း။<br><br>- ကျောင်းသားနှင့်မိဘ ၅၀ ရာခိုင်နှုန်းက ပညာရည်စစ်ဆေးခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအကြောင်း သတင်းအချက်အလက်များကို သိရှိပြီးဖြစ်ခြင်း။ | စွမ်းဆောင်ရည်မြင့်ပြီး အသုံးပြုရလွယ်ကူသော အချက်အလက်များကို စုစည်းထားသည့်နေရာ (Database)များ ထူထောင်ပြီးဖြစ်ခြင်း။ | ကျောင်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို ကျောင်းတွင်းကြီးကြပ်ရေးအဖွဲ့မှ လည်းကောင်း၊ ပြီးမြောက်မှု စာမေးပွဲများနှင့် နိုင်ငံတော်အဆင့် စာမေးပွဲများကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ ကြီးကြပ်လမ်းညွှန်ခြင်း။ |

# ၉

# ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု







အခန်း ၉

# ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု

## ၉.၁။ နိဒါန်း

စာသင်ခန်းတွင်း သင်ကြားမှုအရည်အသွေး တိုးတက်ကောင်းမွန်စေခြင်းသည် မြန်မာနိုင်ငံ၏ ကျောင်းများနှင့် ပညာသင်ယူရာဌာနများရှိ ကျောင်းသားများ၏ သင်ယူမှု ပေါက်မြောက်အောင်မြင်ရန်အတွက် အရေးပါပါသည်။ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော အနိမ့်ဆုံး ဆရာကျောင်းသားအချိုးနှင့် ပညာအရည်အချင်း သတ်မှတ်စံနှုန်းများကို ပြည့်မီစေရန် ကျောင်းတိုင်းတွင် အရည်အချင်းရှိသောဆရာများလုံလောက်စွာ ရရှိစေရေးတို့လည်း ပါဝင်ပါသည်။ ယခုအခါ ပညာရေးဝန်ကြီးဌာနသည် အထူးသဖြင့် ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသရှိ ကျောင်းများအပါအဝင် ကျောင်းအားလုံး၌ အရည်အချင်းရှိသော ဆရာများအား နေရာချထားရာတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပါသည်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းဖြင့် ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် ဘက်စုံထောင့်စုံမှ အဖြေရှာသော ချဉ်းကပ်နည်းကို အသုံးပြု၍ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တွင် ဘက်စုံလွှမ်းခြုံသော ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက် ရှင်းလင်းသော ဥပဒေမူဘောင်တစ်ရပ်ကို ချမှတ်ထားပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ ၏ ဆရာအတတ်ပညာရေးကဏ္ဍ အစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများအပါအဝင် အမျိုးသားပညာရေးဥပဒေကလည်း အရည်အသွေးရှိသော ပညာရေးအတွက် စွမ်းဆောင်လိုစိတ်ထက်သန်ပြီး ကောင်းစွာလေ့ကျင့်ပေးထားသော ဆရာအင်အားစုတစ်ခု ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း အသိအမှတ်ပြုထားပါသည်။ သို့ဖြစ်၍ ဆရာများ၏ အဆင့်အတန်း၊ အရည်အသွေး၊ စီမံခန့်ခွဲမှုနှင့်ဆရာအတတ်ပညာအရည်အသွေးပြည့်မီတိုးတက်ရန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် ကျောင်းအဆောက်အအုံနှင့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံရမည့်အပြင် ဆရာများကို အထောက်အကူပြုပြီး မိဘများကိုပါ ပူးပေါင်းပါဝင် ဆောင်ရွက်စေသည့် ထိရောက်သောစစ်ဆေးအကဲဖြတ်မှုစနစ်များကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးရှိ စွမ်းဆောင်ရည်မြင့်မားသော ပညာရေးစနစ်အားလုံးကိုလေ့လာမည်ဆိုပါက ပညာရေးရလဒ်များတိုးတက်ကောင်းမွန်စေရေးအတွက် ကြိုးပမ်းရာတွင် ဆရာများ၏အခန်းကဏ္ဍသည် ပင်မအချက်အချာဖြစ်နေကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတကာ သုတေသနများက ကျောင်းသားများ၏ သင်ယူမှုရလဒ်အပေါ်တွင် ဆရာ၏သင်ကြားပြသနည်းသည် အဓိကအကျဆုံးဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်ကြားနည်းများကို ပိုင်နိုင်ကျွမ်းကျင်သော ဆရာများသည် ကျောင်းသားများ၏ သင်ယူမှုပြဿနာများကို ပိုမိုဖြေရှင်းနိုင်စွမ်းရှိကြပါသည်။ ထို့ပြင် ဆရာတပည့် အပြန်အလှန် ဆွေးနွေးပြောဆိုပြီး သင်ကြားနည်းအမျိုးမျိုးကို ပေါင်းစပ်ထားသည့် သင်ကြားဟန်ကို အသုံးပြုနိုင်ပါသည်။ ထိုသို့သော သင်ကြားမှုအတတ်ပညာသည် မြန်မာနိုင်ငံတွင် ၁၄ ရာစုနှစ် အင်းဝခေတ်ကတည်းကပင် ရှိခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပီပီပြင်ပြင် အသုံးပြုနိုင်ခြင်းမရှိခဲ့ပါ။

ဖင်လန်၊ တောင်ကိုရီးယား၊ ကနေဒါနှင့် ကျူးဘားနိုင်ငံများကဲ့သို့ ပညာရေးစွမ်းဆောင်ရည်မြင့်မားသောနိုင်ငံများတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးနှင့်အတူ ကျောင်းအခြေပြုဆရာအတတ်ပညာရေး၊ လုပ်ငန်းခွင် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင်လည်း ရင်းနှီးမြှုပ်နှံကြပါသည်။ အောင်မြင်သော လုပ်ငန်းခွင်သင်တန်းများသည် ဆရာများကို ဆရာအတတ်ပညာသင်ယူမှုအသိုက်အဝန်းတစ်ခုအဖြစ် စုစည်းစေပါသည်။ ဆရာများသည် ပြင်ပမှ ကြီးကြပ်လမ်းညွှန်သူ ဆရာများနှင့် စာသင်ခန်းများအတွင်း ပုံမှန်ကြီးကြပ်မှုများဖြင့် ပံ့ပိုးမှုများကိုလည်း ရရှိနိုင်ကြပါသည်။ သင်ကြားရေးတွင် ဦးဆောင်နိုင်သည့် နည်းလမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်အောင် ပြုလုပ်ပေးပါက ကျောင်းအုပ်ကြီးများသည် ဆရာများ၏သင်ကြားရေးထိရောက်မှုကို မြှင့်တင်ပေးနိုင်သည့်အပြင် ၎င်းတို့၏ဆရာအတတ်ပညာဖွံ့ဖြိုးမှုကို ပံ့ပိုးပေးရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်နေကြပါသည်။ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးကို တတ်ကျွမ်းမှုအညွှန်းဘောင်များကဲ့သို့သော ရှင်းလင်းပြီး အများလက်ခံထားသည့် စံနှုန်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျှင် ပိုမိုထိရောက်မည် ဖြစ်ပါသည်။ အဆိုပါ စံနှုန်းများက ဆရာများကို ၎င်းတို့၏ရှင်းလင်းစွာဖော်ထုတ်ချမှတ်ထားသည့် အသက်မွေးဝမ်းကျောင်းဆရာအတတ်ပညာ တိုးတက်ဖွံ့ဖြိုးမှု ပန်းတိုင်သို့ ရောက်ရှိစေရန် လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သင်ကြားမှုလုပ်ငန်းစဉ်များ တိုးတက်စေရန် ကောင်းမွန်ပြီး အထောက်အကူပြုနိုင်သည့် ဆရာစီမံခန့်ခွဲမှု မူဝါဒ လိုအပ်ပါသည်။ အဆိုပါ မူဝါဒကိုရေးဆွဲရာတွင် သုတေသနကောင်းစွာပြုလုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးရမည့်အပြင် မိမိတို့၏ယဉ်ကျေးမှုများ၊ ရပ်ရွာလူ့အဖွဲ့အစည်းများကိုလည်း ထင်ဟပ်စေရပါမည်။ ဆရာများအတွက် ဆရာ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုလမ်းသွယ်များကို ဆရာစီမံခန့်ခွဲမှုမူဝါဒ၌ ရှင်းလင်းစွာ ဖော်ပြထားရန် လိုအပ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဆရာအတတ်ပညာ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် စီမံချက်အမျိုးမျိုးကို စတင်ဆောင်ရွက်နေပါသည်။ ထိုစီမံချက်များတွင် ဆရာအတတ်ပညာရေးစီမံခန့်ခွဲမှု အားကောင်းစေမည့်လုပ်ငန်းများ၊ ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုများ၊ လုပ်ငန်းခွင်ဆရာအတတ်ပညာတိုးတက်ကောင်းမွန်ရေးကို ဦးတည်သော ရှေ့ပြေးဆောင်ရွက်ချက်များ၊ ဆရာအတတ်ပညာရှင်များအတွက် အင်္ဂလိပ်ဘာသာစကားနှင့် သင်ပြနည်းဆိုင်ရာ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ခြင်းအစီအစဉ်များပါဝင်ပါသည်။



ထို့ပြင် ပညာရေးဝန်ကြီးဌာန၏ ဤစီမံချက်များသည် ဆက်လက်ဖော်ပြမည့် မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေပါမည်။

## ၉.၁။ ဥပဒေနှင့်မူဝါဒနောက်ခံ

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)က မြန်မာနိုင်ငံဆရာများအတွက် အောင်မြင်မှုအားကောင်းစေမည့် အရည်အသွေးဆိုင်ရာ မူဘောင်တစ်ခုကို ပြဋ္ဌာန်းထားပါသည်။ ဤဥပဒေအရ ဆရာအားလုံးသည် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာအခြေခံအရည်အချင်းနှင့် ပြည့်စုံရပါမည်။ ထို့ပြင် အရည်အသွေးရှိသော ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကို ဆရာများရရှိအောင် ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာနများက အလေးထားဆောင်ရွက်ကြပါမည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာအတတ်ပညာနှင့် သင်ကြားမှုလုပ်ငန်းများအပါအဝင် ပညာရေးအဆင့်တိုင်းတွင် အရည်အသွေးအာမခံမှုစနစ်တစ်ရပ်ကိုရေးဆွဲထားရှိရန် လိုအပ်ပါသည်။ သို့မှသာ အရည်အသွေးရှိသော သင်ကြားမှုက ကျောင်းသားများ၏ အဓိပ္ပာယ်ရှိသော သင်ယူမှုရလဒ်များကို ပေါ်ထွန်းစေမည်ဖြစ်ပါသည်။

## ၉.၂။ ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲ

မြန်မာနိုင်ငံအခြေခံပညာရေးကဏ္ဍရှိ ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုအပိုင်း၌ တွေ့ကြုံနေရသည့် မဟာဗျူဟာကျသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၁၊ အဆင့်-၂ နှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများတွင် တင်ပြထားသည့် ထောက်ခံအကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ဆရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစေရန်နှင့် သင်ကြားရေး လုပ်ငန်း၊ ဆရာစီမံခန့်ခွဲမှုတို့နှင့် သက်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးပေးရန်တို့ အတွက် ဆရာများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခု လိုအပ်ခြင်း၊

(၂) အရည်အသွေးရှိသော သင်ကြားရေးနှင့် ကျောင်းသား၏သင်ယူတတ်မြောက်မှု တိုးတက်ရေးတို့ကို ဆရာများ တာဝန်ခံနိုင်ရန် ရှင်းလင်း၍ လက်တွေ့ကျသော တတ်ကျွမ်းမှု အညွှန်းဘောင်များလိုအပ်ခြင်း၊

(၃) ပွင့်လင်းမြင်သာပြီး အများလက်ခံမှုရှိသော ဆရာလိုင်စင်စနစ် (သို့မဟုတ်) ဆရာအဖြစ် တရားဝင်အသိအမှတ်ပြုသောစနစ် လိုအပ်ခြင်း၊

(၄) လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အရည်အသွေးကို ပိုမိုတိုးတက် အောင် ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(၅) နိုင်ငံတော်အဆင့် အရည်အသွေးရှိ လုပ်ငန်းခွင်ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ထူထောင်ရန်နှင့် ရေရှည်ဆောင်ရွက်ရန် လိုအပ်ခြင်း၊

လွန်ခဲ့သောနှစ်များတွင် ဆရာများနေရာချထားခြင်းနှင့် ရာထူးတိုးမြှင့်ပေးခြင်းတို့ကို ဆရာ၏စွမ်းဆောင်ရည်နှင့် ချိတ်ဆက်စဉ်းစားခြင်းမပြုဘဲ လုပ်သက်အပေါ်တွင်သာ အခြေခံစဉ်းစားပါသည်။ ဆရာများသည် အခြေခံပညာရေးစနစ်အတွင်းတွင် မူလတန်းပြ ရာထူးမှ အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်းခံရပါသည်။ သို့ဖြစ်ပါ၍ အရည်အသွေးရှိ ဆရာ များ အလိုအပ်ဆုံးဖြစ်သည့် မူလတန်းကျောင်းများမှ ဆရာများသည် ပညာရေးအဆင့် အသီးသီးသို့ တစ်ဆင့်မြှင့်ကူးပြောင်းလုပ်ကိုင်မှုများ ဖြစ်ပေါ်လာပါသည်။ အဝေးဆုံး ဒေသများရှိ မူလတန်းကျောင်းများသို့ ဆရာအတတ်ပညာသင်တန်း တက်ရောက်ရခြင်း မရှိသေးသည့် နေ့စားလပေးဆရာများကို ခန့်ထားစေလွှတ်ခြင်းသည် ထိုဒေသများတွင် အတွေ့အကြုံနည်းသော ဆရာများသာရှိနေသကဲ့သို့ ဖြစ်နေပါသည်။

ဆရာလိုအပ်ချက်နှင့် ဖြည့်ဆည်းရေးဆိုင်ရာ အချက်အလက်များစုဆောင်းလျက် ရှိသော်လည်း ဆရာခန့်ထားမှုစနစ်အကောင်အထည်ဖော်ရန်အတွက် ထိရောက်စွာ အသုံးပြုခြင်းမရှိသေးပါ။ ထို့ပြင် အခြေခံပညာရေးတွင် သူငယ်တန်းပညာရေးပြီးသည့် နောက် ပညာသင်နှစ်စုစုပေါင်းကာလ (၁၂)နှစ်သို့ တိုးမြှင့်မည်ဖြစ်သောကြောင့် လိုအပ် သော ဆရာများခန့်ထားရေးအတွက် အထောက်အထားအခြေပြု ဆရာစီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲမှုနှင့် နေရာချထားမှုစနစ်ကိုအသုံးပြုရမည်ဖြစ်ပါသည်။

သင်ရိုးညွှန်းတမ်းအသစ် ပေါ်ထွက်လာသည့်အခါ ပြဋ္ဌာန်းစာအုပ်အသစ်များကို မိတ်ဆက်ခြင်းနှင့်အတူ သင်ကြားနည်းပြောင်းလဲခြင်းများနှင့် သင်ကြားသင်ယူမှုပစ္စည်းများ အသုံးပြုသင်ကြားတတ်စေရန်အတွက် တစ်နိုင်ငံလုံးရှိ ဆရာများအား အရည်အသွေး ရှိပြီး ကုန်ကျစရိတ်နှင့်ထိရောက်သော လုပ်ငန်းခွင်သင်တန်းများ ပို့ချလေ့ကျင့်ပေးနိုင်ရန် လိုအပ်ပါသည်။ ထို့ပြင် သဘောတရားနှင့် လက်တွေ့ကို ချိတ်ဆက်ဆောင်ရွက်တတ် ရန်နှင့် ပြန်လည်သုံးသပ်သည့် အလေ့အကျင့်ရရှိရန်တို့အတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်အတွင်းဆရာအတတ်ပညာရေး နယ်ပယ်နှစ်ခုလုံးတွင် ရေရှည်ပြုပြင် ပြောင်းလဲမှုများပြုလုပ်ရန်လည်း လိုအပ်ပါသည်။



မြန်မာ့ပညာရေးသမိုင်းကြောင်းတွင် ဝေဖန်ပိုင်းခြားစဉ်းစားတတ်မှုကို အလေးထားသော သင်ကြားမှုဆိုင်ရာအတတ်ပညာကို ကျင့်သုံးမှုရှိခဲ့ပါသည်။ သို့သော် ယခင်သင်ကြားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအနေဖြင့် သင်ကြားမှုအတတ်ပညာအပေါ် အကျိုးသက်ရောက်မှုနည်းပါးခဲ့ပါသည်။ အကြောင်းရင်းမှာ ဆရာများအကြား အပြန်အလှန် ပြောဆိုဆက်သွယ်မှုအားနည်းခြင်း၊ ဆရာများ၏အလေ့အထကို အပြောင်းအလဲဖြစ်စေသည့် ပံ့ပိုးသော ဘဏ္ဍာငွေနည်းပါးခြင်း၊ ဆရာများ အချင်းချင်းဆွေးနွေးညှိနှိုင်းတိုင်ပင်မှုနှင့် လုပ်ကိုင်လိုစိတ်ကို ဖြစ်ထွန်းမှုအားနည်းခြင်း၊ သင်ရိုးညွှန်းတမ်းနှင့်စစ်ဆေးအကဲဖြတ်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများတွင်လည်း အားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဤအကျိုးဆက်ကြောင့် သင်ကြားမှုအများစုသည် ကျောင်းသားများကိုယ်တိုင်ပါဝင်ဆွေးနွေးစေခြင်းထက် အလွတ်ကျက်မှတ်ခြင်းအပေါ်တွင်သာ များစွာအလေးပေးပါသည်။ သို့ဖြင့် သင်ယူမှုရလဒ်များလည်း အားနည်းလာပါသည်။

အဆိုပါ တွေ့ရှိချက်များကို ဖြေရှင်းနိုင်ရန် မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို တင်ပြထားပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်သည့် (၅)နှစ်တာကာလတစ်လျှောက် သင်ကြားရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များသည်လည်း ညှိနှိုင်းဆွေးနွေးနိုင်မည့်အပြင် ပါဝင်ဆောင်ရွက်နိုင်ကြစေမည်လည်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဆရာများ၏အခန်းကဏ္ဍနှင့် ၎င်းတို့အပေါ် လေးစားမှုအဆင့်ကိုလည်း မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

(က) အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅) (ခ) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့် -၂ ဆရာအတတ်ပညာရေးအစီရင်ခံစာများ (ဂ) ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစီရင်ခံစာ (ဃ) မဟာဗျူဟာကျသော စိန်ခေါ်မှုများနှင့် (င) နိုင်ငံတွင်းနှင့်နိုင်ငံတကာ တွေ့ရှိချက်များအပေါ်အခြေခံသည့် အသေးစိတ်လေ့လာ ဆန်းစစ်ချက်များအရ ပညာရေးဝန်ကြီးဌာနသည် ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုအတွက် အောက်ပါ မဟာဗျူဟာမြောက် အပြောင်းအလဲကို သတ်မှတ်ထားပါသည်-

### ၂၀၂၁ ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် မဟာဗျူဟာမြောက်အပြောင်းအလဲ-

ကျောင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆရာနှင့်ကျောင်းသား အပြန်အလှန် ဆက်သွယ်မှုရှိသည့်သင်ကြားသင်ယူမှုကို ဆရာများကအသုံးပြု၍ ကျောင်းသားများကို ပံ့ပိုးကူညီမည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အထက်ဖော်ပြပါ မဟာဗျူဟာမြောက် အပြောင်းအလဲကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ထားသော မဟာဗျူဟာများနှင့် အစီအစဉ်များကို ဖော်ပြထားပါသည်။

## ၉.၃။ ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

### ၉.၃.၁။ မဟာဗျူဟာ(၁) ဆရာအရည်အသွေးအာမခံမှုနှင့်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်တိုးတက်စေခြင်း

သင်ရိုးညွှန်းတမ်းအသစ်ကို မိတ်ဆက်ခြင်း၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ စာအုပ်စာတမ်းနှင့် သင်ကြားသင်ယူမှုပစ္စည်းအသစ်များ အသုံးပြုခြင်း၊ သင်ပြနည်းသစ်များကို အားဖြည့်အသုံးပြုခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းနည်းသစ်များကို စတင်ကျင့်သုံးခြင်းတို့တွင် ဆရာများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြပါသည်။ ကျောင်းအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဖွဲ့စည်းပုံများကို ပိုမိုအားကောင်းစေရန်နှင့် ကလေးများပညာရေးတွင် မိဘများပိုမိုတက်ကြွစွာ ပါဝင်စေရန် တို့အတွက် ဆောင်ရွက်ရာတွင်လည်း ဆရာများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ပြင် ဆရာအများစုသည် ဤပြုပြင်ပြောင်းလဲမှုများကို ဝေးလံခေါင်ဖျားနှင့် အခက်အခဲမျိုးစုံ တွေ့ကြုံနိုင်သော လုပ်ငန်းခွင်ဒေသများတွင် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စနစ်များအားကောင်းအောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ဆရာများအနေဖြင့် လုပ်ငန်းခွင်တွင် လတ်တလောရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် ထိရောက်သော သင်ကြားမှုများဖြစ်ထွန်းစေရန် ရင်ဆိုင်ရသည့် ဟန့်တားမှုများကို ဖြေရှင်းကျော်လွှားနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဆရာများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အတတ်ပညာကို ဆက်လက်တန်ဖိုးထားလေးစားလာစေရေးကို ဖြစ်ပေါ်စေပါမည်။

အထက်ဖော်ပြပါ အခက်အခဲများကို ဖြေရှင်းရန်အတွက် ပညာရေးဝန်ကြီးဌာနသည် ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤအစီအစဉ်သည် မြန်မာနိုင်ငံရှိ ကျောင်းများ၌ သင်ကြားသင်ယူမှုတွင် သိသာထင်ရှားသော တိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စိတ်ဓာတ်တက်ကြွပြီး အရည်အချင်းပြည့်ဝသည့်ဆရာများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။ ဤအစီအစဉ်ကို အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဆရာအတတ်ပညာဌာနခွဲတို့က ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဆိုပြုတင်ပြထားသော ဆရာအတတ်ပညာရေးကောင်စီတို့က ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဤအစီအစဉ်တွင် အောက်ပါလုပ်ငန်းများ ပါဝင်ပါသည်-

#### လုပ်ငန်းအစီအစဉ်(၁) ဆရာအတတ်ပညာရေးကောင်စီ ဖွဲ့စည်းခြင်း

အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း၏ ဤအခန်းနှင့် အခြားသော အခြေခံပညာဆိုင်ရာ အခန်းများတွင် ဖော်ပြထားသည့် ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန်အတွက် ဆရာကိုယ်စားလှယ်များအနေဖြင့် အကြံပြုနိုင်၊ ပံ့ပိုးမှုပြုလုပ်နိုင်ရန် ဆရာအတတ်ပညာရေး ကောင်စီကို တည်ထောင်ဖွဲ့စည်းမည် ဖြစ်ပါသည်။

ဤကောင်စီသည် ဆရာများ၏အရည်အသွေးကို မြှင့်တင်ရန်၊ နည်းပညာဆိုင်ရာ ကူညီလမ်းညွှန်မှုပေးရန်၊ ထိရောက်သော သင်ကြားခြင်းအတွက် အချေအတင်ပြောဆိုဆွေးနွေးပွဲများကျင်းပရန်နှင့် ပြန်လည်သုံးသပ်သော အလေ့အကျင့်ကို အားပေးရန် တို့အတွက် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤကောင်စီသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စံများချမှတ်ကျင့်သုံးရေး၊ အမျိုးသားတတ်ကျွမ်းမှုအညွှန်းဘောင်နှင့် ချိတ်ဆက်ထားသည့် လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တာဝန်ယူပါမည်။

## လုပ်ငန်းအစီအစဉ်(၂) ဆရာအရည်အသွေးအာမခံမှုအတွက် စနစ်တစ်ရပ်ထူထောင်ခြင်း

## အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ဆရာအရည်အသွေး အာမခံမှုစနစ်တွင် အောက်ပါ ပြုပြင်ပြောင်းလဲမှုနှစ်ရပ် ပါဝင်ပါသည်-

### (က) ဆရာတတ်ကျွမ်းမှုအညွှန်းဘောင်

ဆရာအတတ်ပညာ အရည်အသွေးမြှင့်တင်ရေး ပြုပြင်ပြောင်းလဲမှုများအတွက် အညွှန်းဘောင်များ ချမှတ်ပေးရန်အလို့ငှာ ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာနှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၏ အစီရင်ခံစာများက ဆရာအတတ်ပညာစံသတ်မှတ်ချက်များနှင့် ဆက်စပ်မှုရှိသော တတ်ကျွမ်းမှုအညွှန်းဘောင်တစ်ခု ရေးဆွဲရန်တိုက်တွန်းထားပါသည်။ တစ်နည်းဆိုသော် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ဆိုသည်မှာ ရာထူး အဆင့်အသီးသီးတွင် ဆရာများက မည်သည်တို့ကို သိရှိထားရမည်၊ မည်သည့်အရာများကို လုပ်ဆောင်တတ်ရမည် စသည်ဖြင့် တစ်နိုင်ငံလုံး မျှော်မှန်းလက်ခံထားသော တိကျစွာ ဖော်ပြထားသည့် အကျဉ်းချုပ် ဖော်ပြချက်ပင်ဖြစ်ပါသည်။ အရေးကြီးသည့် အချက်မှာ ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်တစ်ခုရေးဆွဲနေသည့် လုပ်ငန်းအဆင့်ဆင့်သည် အဓိကသက်ဆိုင်သူအားလုံးကို ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်လျှောက် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ဖန်တီးပေးသည့် နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် တတ်ကျွမ်းမှုအညွှန်းဘောင်ရေးဆွဲသည့်လုပ်ငန်းသည် ကျောင်းများတွင် အရည်အသွေးမြင့်မားသော သင်ကြားသင်ယူမှုနှင့်စပ်လျဉ်းပြီး အမျိုးသားအဆင့်အများသဘောတူညီချက်တစ်ရပ်ကို ရရှိစေမည် ဖြစ်ပါသည်။

နိုင်ငံတကာသုတေသနအရဆိုလျှင် တတ်ကျွမ်းမှုအညွှန်းဘောင်များသည် ရာထူးအဆင့်နှင့် ကိုက်ညီဆီလျော်သော ဆရာအတတ်ပညာကျွမ်းကျင်မှုကို ရရှိစေနိုင်သည့်အပြင် ဆရာများ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရာတွင်လည်း အသုံးပြုနိုင်ပါသည်။

### (ခ) ဆရာအဖြစ်တရားဝင်အသိမှတ်ပြုသည့် စနစ်

ဆရာအဖြစ် တရားဝင်အသိအမှတ်ပြုသည့်စနစ်သည် ဆရာအတတ်ပညာလုပ်ငန်းတွင် ယုံကြည်မှုပို၍တိုးပွားလာစေပြီး ဆရာများကလည်း မိမိအလုပ်ကို ပို၍ဂုဏ်ယူလာကြမည်ဖြစ်ပါသည်။ နိုင်ငံအများအပြားတွင် ဆရာအရည်အသွေး အာမခံမှုနှင့် စီမံခန့်ခွဲမှုစနစ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆရာလိုင်စင်စနစ် (သို့မဟုတ်) ဆရာအဖြစ်တရားဝင်အသိအမှတ်ပြုသည့်စနစ်များရှိကြပြီး ဆရာလိုင်စင်ကို သတ်မှတ်ကာလပြည့်လျှင် ပုံမှန်သက်တမ်းတိုးရပါသည်။ ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာတွင် ဆရာလိုင်စင်စနစ်ကျင့်သုံးရန် တိုက်တွန်းထားပါသည်။ ဤစနစ်ကို အမျိုးသားပညာရေး မဟာဗျူဟာ (၅)နှစ်စီမံကိန်း၏နောက်ဆုံးနှစ်တွင် ရေးဆွဲပြီး ဆွေးနွေးတိုင်ပင်မှုပြုကာ နောင်လာမည့်စီမံကိန်းများအရ အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၃) ဆရာဖြည့်ဆည်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် နေရာချထားခြင်းဆိုင်ရာသာတူညီမျှ ဆောင်ရွက်သောစနစ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်း

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် ဆရာရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် တချို့သော ဘာသာရပ်နယ်ပယ်များတွင်သော်လည်းကောင်း၊ ပထဝီဝင် အနေအထားအရသော်လည်းကောင်း၊ လူဦးရေအနည်းအများအရသော်လည်းကောင်း လိုအပ်သောဘာသာရပ်များကို သင်ကြားပေးနိုင်သည့် ဆရာများရှားပါးနေပါသည်။ နိုင်ငံအမြောက်အမြားတွင် ကျေးလက်ဒေသများ၌ အရည်အချင်းပြည့်ဝပြီး အတွေ့အကြုံရှိသော ဆရာများရရှိရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းနေရပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိဆရာ ရွေးချယ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးနှင့် နေရာချထားရေးစနစ်တွင် အားနည်းချက်အချို့ရှိနေပါသည်။ ဆရာအလိုအပ်ဆုံးသော ဝေးလံဒေသများတွင် သင်တန်းဆင်းပြီးကာစ ဆရာများကို ခန့်ထားလေ့ရှိပါသည်။ လက်ရှိမူအရ ဆရာလိုအပ်ချက်ဖြည့်ဆည်းရန် နေ့စားလပေးဆရာများကို ထိုဒေသများတွင် ခန့်ထားပါသည်။ ဆရာများ၏စွမ်းဆောင်မှုကို တိုင်းတာရန် စံသတ်မှတ်ချက်မရှိဘဲ ရာထူးတိုးမြှင့်ပေးခြင်းကို လုပ်သက်အပေါ်တွင်သာ အခြေခံပြီးဆောင်ရွက်ပါသည်။ လက်ရှိရာထူးတိုးစနစ်အရ မူလတန်းပြ လုပ်သက်ရှိသော ဆရာများကို အလယ်တန်းပြ ရာထူးတိုးပေးသဖြင့် မူလတန်းကျောင်းများတွင် အတွေ့အကြုံရှိသောဆရာများ လျော့နည်းသွားစေပါသည်။ မူလတန်းကျောင်းများသည် အလယ်တန်း၊ အထက်တန်းအဆင့် သင်ယူမှုများအတွက် အခြေခံအုတ်မြစ်ချပေးသော အရေးကြီးသည့်နေရာများ ဖြစ်ကြပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်း အစီရင်ခံစာများက လက်ရှိဆရာ ရာထူးတိုးစနစ်အစား လမ်းသွယ်တစ်ခုစီအလိုက် ရာထူးတိုးစနစ်သစ်သို့ ပြောင်းလဲကျင့်သုံးရန် ထောက်ခံအကြံပြုခဲ့ကြပါသည်။ အခြေခံပညာ အဆင့်တစ်ခုချင်းအတွင်းတွင် အရည်အသွေးရှိသောဆရာများ ရေရှည်တည်မြဲရေးအတွက် ဆရာလစာနှင့် ချီးမြှင့်ငွေကိုလည်း ပြန်လည်သုံးသပ်သင့်ပါသည်။ ထို့ပြင် ဆရာရာထူးတိုးမြှင့်ခြင်းသည် လုပ်သက်နှစ်များကိုသာ အခြေခံခြင်းမဟုတ်ဘဲ အရည်အသွေးရှိသော ဆရာ၏စွမ်းဆောင်ရည် သုံးသပ်အကဲဖြတ်ခြင်းစနစ်ကို အခြေခံ၍ ဆောင်ရွက်သင့်ပါသည်။

အတွေ့အကြုံရင့်ကျက်ပြီး အရည်အချင်းပြည့်ဝသော ဆရာများကိုဆွဲဆောင်နိုင်ရန် ကျေးလက်နှင့် နယ်စပ်ဒေသများတွင် ပိုမိုကောင်းမွန်သော ဆရာနေရာချထားရေးစနစ်ရှိသင့်ပါသည်။ အားကောင်းသော ဆရာခန့်ထားမှုစနစ်တွင် ရရှိထားပြီးဖြစ်သော သင်ကြားမှုအတွေ့အကြုံကို အသိအမှတ်ပြုခြင်းလည်း ပါဝင်သင့်ပါသည်(ဥပမာ-ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဒုက္ခသည်စခန်းများရှိ ကျောင်းများတွင် သင်ကြားခဲ့ခြင်း)။ ဤသို့ဖြင့် အခွင့်အလမ်းနည်းပါးသောရပ်ရွာဒေသမှ ကလေးများသည် အရည်အသွေးရှိသော သင်ကြားသင်ယူမှု၏ အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ပါသည်။ ကျောင်းများ၏အောင်မြင်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပြီး ရပ်ရွာဒေသ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း ရရှိသွားစေမည် ဖြစ်ပါသည်။

မူလတန်းကျောင်းတစ်ကျောင်းတွင် ဆရာ(၅)ဦးမူဝါဒနှင့် နေ့စားလပေးဆရာခန့်ထားမှုစနစ်တို့ကို ပြန်လည်သုံးသပ်ရပါမည်။ ထို့ပြင် နေ့စားလပေးဆရာများ ဆရာဖြစ်လက်မှတ်ရရှိစေရန်နှင့် ၎င်းတို့၏ ရှေ့တက်လမ်းကိုလည်း သေချာစေရန်တို့အတွက် သင်တန်းအခွင့်အလမ်းများကိုလည်း ဖန်တီးပေးရမည်ဖြစ်ပါသည်။ ဆရာရွေးချယ်ခန့်ထားရေးမူဝါဒသည် ဆရာအဖြစ်အသိအမှတ်ပြုခြင်း၊ တတ်ကျွမ်းမှုအညွှန်းဘောင်အသစ်များအပါအဝင် အကဲဖြတ်ခြင်းစနစ်များနှင့် ဆက်နွှယ်မှုရှိနေရပါမည်။ ဤနည်းဖြင့် တတ်ကျွမ်းမှုအပေါ်အခြေခံ၍ လုပ်ဆောင်မှုကိုအသိအမှတ်ပြုကာ ရာထူးတိုးပေးနိုင်မည် ဖြစ်ပါသည်။

ဆရာများ ရာထူးတိုးမြှင့်ခြင်းနှင့် လစာဆိုင်ရာ မူဘောင်တွင် အပြောင်းအလဲတစ်ခုခုရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကုန်ကျစရိတ်ပြောင်းလဲမှုများကို ဤသုံးသပ်မှုနှင့် စီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ပြုပြင်ပြောင်းလဲထားသော စနစ်သည် အခြေခံပညာရေးစနစ် တိုးချဲ့သည့်အပေါ် အခြေခံပြီး ဆရာလိုအပ်ချက်ခန့်မှန်းမှုနှင့် ချိတ်ဆက်ထားရပါမည်။ ပညာရေးအဆင့်တစ်ဆင့်မှ နောက်တစ်ဆင့် (မူလတန်းပြမှ အလယ်တန်းပြ၊ အလယ်တန်းပြမှ အထက်တန်းပြ)သို့ တိုးမြှင့်၍ လစာချီးမြှင့်သည့် ပုံစံကြောင့် သက်ရောက်မှုမရှိစေရန်အတွက် မြို့ပြနှင့်ဝေးလံခေါင်ဖျားဒေသရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ဆရာများအား




မိမိတို့အထူးပြု ပညာရေးတစ်ခုတည်းအတွင်း စွဲစွဲမြဲမြဲ ဆောင်ရွက်လိုမှုကိုစေ့ဆော်ပေးသည့်အချက်များအား ပြုပြင်ရေးဆွဲမည့်စနစ်တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဥပမာ- မူလတန်း ပညာရေးနယ်ပယ်တစ်ခုအတွင်းတွင် ရာထူးတိုးသောစနစ်ကို ဆိုလိုပါသည်။ အလားတူ ပြုပြင်ပြောင်းလဲမှုမျိုးကို ဆောင်ရွက်ခဲ့ကြသည့် တခြားအာရှနိုင်ငံများ၏ အတွေ့အကြုံများကိုလည်း သင်ခန်းစာ ယူနိုင်ပါသည်။

ပြုပြင်ရေးဆွဲမည့် ဆရာခန့်ထားနေရာချထားခြင်းနှင့် ရာထူးတိုးစနစ်သည် အဆိုပြုထားသော တတ်ကျွမ်းမှုအညွှန်းဘောင်များနှင့် ချိတ်ဆက်မှုရှိစေရန် ကိုက်ညီဆီလျော်သည့် နည်းလမ်းများကို ပြုစုထားသင့်ပါသည်။ ဆရာ၏လုပ်ဆောင်မှုနှင့်လစာကို တိုက်ရိုက်ချိတ်ဆက်နိုင်သည့် တတ်ကျွမ်းမှု အညွှန်းဘောင်ကိုအခြေခံပြီး ဆရာအားလုံးအပေါ် စစ်ဆေးအကဲဖြတ်သည့်စနစ်ထူထောင်ရန် လက်တွေ့ကျကောင်းမှကျပါမည်။ သို့ရာတွင် တတ်ကျွမ်းမှုအညွှန်းဘောင်များကို ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ခြင်းက ပို၍ လက်တွေ့ကျနိုင်ပါသည်။ ဆရာများအား အကဲဖြတ်ရာ၌လည်း တတ်ကျွမ်းမှုကို အခြေခံထားသော ဆရာအတတ်ပညာအရည်အချင်းများကို သွယ်ဝိုက်အညွှန်းကိန်းများအဖြစ် အသုံးပြုစစ်ဆေးခြင်းက ပို၍လက်တွေ့ကျနိုင်ပါသည်။ ရွေးချယ်နိုင်သည့် စစ်ဆေးအကဲဖြတ်မှုဆိုင်ရာနည်းလမ်းအမျိုးမျိုးရှိသည့်အနက် မည်သည့်နည်းလမ်းသည် မြန်မာ့ပညာရေးစနစ်အတွက် အသင့်လျော်ဆုံးဖြစ်သည်ကို လေ့လာသုံးသပ်ရန် လိုအပ်ပါသည်။

## ၉.၃.၂။ မဟာဗျူဟာ(၂)လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေး အရည်အသွေးတိုးမြှင့်ခြင်း

ဆရာအတတ်ပညာသင်ဌာနများဖြစ်ကြသော ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်များ၏ သင်ကြားသင်ယူမှု အရည်အသွေး တိုးတက်ကောင်းမွန်လာစေရန်နှင့် ထိုပညာသင်ဌာနများ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေရန်တို့အတွက် အပြောင်းအလဲများ ပြုလုပ်ရန် လိုအပ်ပါသည်။

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အကြောင်းအရာများမှာများပြားပြီး ခေတ်နှင့်လျော်ညီရန်လိုအပ်နေပါသည်။ သင်တန်းသားများ အနေဖြင့် သင်ယူခဲ့ရသည်များကို လက်တွေ့အသုံးပြုနိုင်သော အခွင့်အလမ်းနည်းပါးပါသည်။ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကိုလည်း ထိရောက်စွာအသုံးမပြုနိုင်သေးပါ။ ကွဲပြားခြားနားသော သင်ယူမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အထူးသင်တန်းများ မရှိသေးပါ။ ဥပမာ- မူကြိုပညာရေးနှင့် သူငယ်တန်းပညာရေး၊ အထူးလိုအပ်ချက်ရှိသူများအတွက် ပညာရေး၊ ပြန်လည်ထူထောင်မှုပညာရေး (resilience education) နှင့် ပတ်သက်သော အရေးပါသည့် စွမ်းရည်နှင့် အသိပညာတို့ဖြစ်ပါသည်။ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးတွင် ကျင့်သုံးနေသော လက်ရှိစာမေးပွဲစနစ်သည် သင်ကြားမှုအတတ်ပညာဆိုင်ရာ အပြောင်းအလဲများအတွက် အဟန့်အတားတစ်ခုဖြစ်နေပါသည်။



ဆရာအတတ်ပညာရှင်များသည် အလွတ်ကျက်မှတ်စေသည့် သင်ကြားမှုပုံစံကို အလေးပေး သင်ကြားနေကြရာ ကျောင်းများမှ ဆရာများသည်လည်း ထိုပုံစံအတိုင်း ဆောင်ရွက်နေကြပါသည်။ သို့ဖြင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များ အားနည်းလာပါသည်။ ဆရာအတတ်ပညာရှင်များ ကိုယ်တိုင်ကလည်း လုပ်ငန်းခွင်အကြို သင်တန်းများ တက်ရောက်ခဲ့မှုနည်းပါးပြီး လုပ်ငန်းခွင်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အခွင့်အလမ်းအနည်းငယ်သာ ရရှိကြပါသည်။ ဆရာအတတ်ပညာသင်ဌာနများ၏ စီမံခန့်ခွဲမှုစွမ်းရည်တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် စီမံအုပ်ချုပ်သူဆရာများသည် ရာထူးသစ်မခန့်မီ ထိုအဆင့်နှင့် လိုက်လျော ညီထွေမှုရှိသော သင်တန်းတက်ရောက်ပြီးသူများဖြစ်ရပါမည်။ သင်တန်းသားများတွင် ရှိရမည့် ကနဦးဝင်ခွင့်သတ်မှတ်ချက်ကိုလည်း ပြန်လည်သုံးသပ်သင့်ပါသည်။ ဆရာအတတ်ပညာရှင်များ ရွေးချယ်ခန့်ထား၊ နေရာချထားမှု မူဝါဒကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။ ဆရာအတတ်ပညာသင်ဌာနများ၏ အခြေခံအဆောက်အအုံ အရည်အသွေးမှာလည်း အမျိုးမျိုးကွဲပြားနေပါသည်။ ကျွမ်းကျင်ပိုင်နိုင်သော ဆရာတစ်ဦးဖြစ်ရန် အတွက် မူလတန်းဆရာအတတ်ပညာသင်တန်းနှင့် အလယ်တန်းဆရာအတတ်ပညာ သင်တန်းကာလများမှာ (၂)နှစ်ထိသာရှိ၍ အာဆီယံဒေသတွင်းနိုင်ငံများ၏ ဆရာအတတ်ပညာသင်တန်း အချိန်ကာလနှင့်နှိုင်းယှဉ်ပါက တိုတောင်းလွန်းနေပါသည်။

အဆိုပါစိန်ခေါ်မှုများကိုဖြေရှင်းရန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးစနစ်တစ်ခုလုံး အဆင့်မြှင့်တင်ရန်လိုအပ်နေသည်ဟု အကြံပြုထားပါသည်။ ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးနည်းလမ်းများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်အာရုံစိုက်ရပါမည်။ အထူးသင်တန်းများ ဖွင့်လှစ်ခြင်း၊ ခိုင်မာသော မိတ်ဖက်ကျောင်းများမှတစ်ဆင့် သင်ကြားရေးအလေ့အကျင့် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အခွင့်အလမ်းဖန်တီးပေးခြင်း၊ ဆရာအတတ်ပညာသင်တန်းများကို ဘွဲ့အဆင့်သို့တိုးမြှင့်ခြင်းတို့ ပြုလုပ်ရပါမည်။ ရှေ့ဆက်လက်၍ ပြဋ္ဌာန်းလာမည့် ဘာသာစကားမူဝါဒနှင့်အညီ တိုင်းရင်းသားဘာသာစကားပြောဆိုသော ကလေးများကို သင်ကြားပေးနိုင်ရန်အတွက် ပညာရေးတွင် အကောင်းဆုံးစတင်နိုင်ရန် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ဆရာအတတ်ပညာရေးတို့၌ ပြောင်းလဲမှုများ လိုအပ်လာပါမည်။

ဆရာအတတ်ပညာသင်ဌာနများသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားရန်အဆင်သင့်ဖြစ်မည့် ဆရာများ လုံလောက်စွာ ရရှိရေးနှင့် သင်ကြားနည်းအသစ်များအသုံးပြုရေးကို အာမခံပေးရန် လိုအပ်ပါသည်။ ထိုသင်ကြားသင်ယူချဉ်းကပ်မှုများတွင် အပြန်အလှန် ဆွေးနွေးပြောဆိုမှုများ ပိုမိုပါဝင်သင့်ပါသည်။

အဆိုပါ အခက်အခဲများကို ဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနသည် ဆရာအတတ်ပညာသင်ဌာနများ၏ အစီအစဉ်ကို အောက်ပါလုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်-

## လုပ်ငန်းအစီအစဉ်(၁) ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းနှင့် သင်တန်းပုံစံများကို ကာလတိုအတွက် ပြန်လည်ပြင်ဆင်ခြင်း

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းနှင့် စစ်ဆေးအကဲဖြတ်မှု အညွှန်းဘောင်သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသော အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ အခြေခံပညာပြုပြင်ပြောင်းလဲမှုများဟုဆိုရာတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်များကို မည်သို့သင်ကြားရမည်၊ သင်ကြားသင်ယူမှုပစ္စည်းအသစ်များကို သင်ကြားရေးတွင် ကိုက်ညီအောင် မည်သို့အသုံးပြုမည်၊ သင်ကြားပြသနည်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့ကို မည်သို့သော ပုံစံသစ်ဖြင့် ချဉ်းကပ်အသုံးပြုမည် စသည့် အချက်များပင်ဖြစ်ပါသည်။ ဆရာအတတ်ပညာသင်ဌာနများနှင့် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဆရာအတတ်ပညာဌာနခွဲသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို အတန်းတစ်တန်းစီအတွက် ရေးဆွဲသည်နှင့်တစ်ပြိုင်နက် ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းကို ပြုပြင်မွမ်းမံနိုင်ရန် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ဆရာအတတ်ပညာဌာနခွဲသည် သင်ရိုးညွှန်းတမ်းအသစ်ကို ဆရာများအား သင်ကြားပို့ချနိုင်ရန်အတွက် အစီအစဉ်များရေးဆွဲ၍ သင်တန်းများ စီစဉ်ဖွင့်လှစ်ပေးပါမည်။ ဤသို့ဖြင့် ဆရာအတတ်ပညာရှင်များသည်လည်း သင်ရိုးညွှန်းတမ်းအသစ် အစီအစဉ်ကို သင်တန်းသားများအား ဆက်လက်ပို့ချနိုင်မည် ဖြစ်ပါသည်။

ပညာရေးကောလိပ်များသည် သင်တန်းသားများအတွက် ရွှေ့လျားသင်တန်းကို စီစဉ်ပေးခြင်းအားဖြင့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ရည်ရွယ်ချက်မှာ ဝေးလံခေါင်ဖျားဒေသများမှ ပညာရေးကောလိပ်များသို့ တက်ရောက်ခြင်းမပြုနိုင်သောသူများအား ဆရာများအဖြစ် လေ့ကျင့်သင်တန်းပေးနိုင်ရန် အခွင့်အလမ်းဖန်တီးပေးခြင်းဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၂) ပညာရေးကောလိပ်များရှိ (၂) နှစ် သင်တန်းအစီအစဉ်များကို အထူးပြုဘွဲ့အစီအစဉ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း

လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေး ရေရှည်ပြုပြင်ပြောင်းလဲမှုတွင် ပညာရေးကောလိပ်၏ သင်တန်းကာလကို (၂) နှစ်မှ (၄) နှစ်သို့ တိုးမြှင့်သည့်အစီအစဉ်မျိုးဖြင့် ဘွဲ့ချီးမြှင့်သည့် ဆရာအတတ်ပညာရေးအစီအစဉ်များ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ပညာရပ်အထူးပြု (သို့မဟုတ်) လူ့စွမ်းအားအရင်းအမြစ်စွမ်းရည် ရှားပါးသည့် နယ်ပယ်များအတွက် အထူးပြုဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ရန် လိုအပ်ပါသည်။

အထူးပြုဘာသာရပ်များတွင် မူကြိုပညာရေး၊ သူငယ်တန်း၊ မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေး အထူးပြုဘာသာရပ်များပါဝင်ပါသည်။ ဤလုပ်ငန်းအစီအစဉ်သည် မဟာဗျူဟာ (၁)၊ လုပ်ငန်းအစီအစဉ် (၃)ဖြစ်သည့် သာတူညီမျှရှိသော ဆရာဖြည့်ဆည်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် နေရာချထားခြင်းစနစ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

ဤအပိုင်းတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်-

(၁) အထူးပြုသင်တန်းများအတွက် Master Plan ရေးဆွဲခြင်း၊

(၂) လက်ရှိ သင်တန်းများနှင့် အဆိုပြုထားသော အထူးပြုသင်တန်းများအတွက် ဆရာအတတ်ပညာသင်ဌာနများရှိ လူ့စွမ်းအားအရင်းအမြစ်များ၊

(၃) ဆရာတတ်ကျွမ်းမှုအညွှန်းဘောင်များ၊

(၄) ဆရာအတတ်ပညာသင် သင်တန်းသားဦးရေလိုအပ်ချက် တွက်ချက်ခန့်မှန်းခြင်းတို့ဖြစ်ပါသည်။

ဤပြုပြင်ပြောင်းလဲမှုသည် ဆရာအတတ်ပညာသင်ဌာနများ၊ ပုဂ္ဂလိက ကဏ္ဍမှ ဖွင့်လှစ်သည့် ပညာသင်ဌာနများအပါအဝင် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးအစီအစဉ်တို့တွင် အထူးပြုဘွဲ့ သင်တန်းဖွင့်လှစ်နိုင်ရန် အခွင့်အလမ်းများဖန်တီးပေးပါမည်။

ပညာရေးဝန်ကြီးဌာနသည် ဆရာအတတ်ပညာရေး ရေရှည်ပြုပြင်ပြောင်းလဲရေးအတွက် ရှေ့လုပ်ငန်းစဉ်ချမှတ်ရန် အဖက်ဖက်မှ လေ့လာသုံးသပ်မှုပြုလုပ်ပါမည်။ ထို့ပြင် ပညာရေးကောလိပ်များ (စမ်းသပ်ရွေးချယ်ထားသော ပညာရေးကောလိပ်များ)တွင် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘွဲ့သင်တန်းနှင့် အထူးပြုသင်တန်းများ စတင်ဖွင့်လှစ်မည့်အဆင့်အတွက် ကုန်ကျစရိတ်စီမံချက်များ ရေးဆွဲပါမည်။

## လုပ်ငန်းအစီအစဉ်(၃) မိတ်ဖက်ကျောင်းများသတ်မှတ်ခြင်းနှင့် လက်တွေ့တန်းပြဆင်းခြင်း အစီအစဉ်ကို ပြုပြင်ပြောင်းလဲခြင်း

ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းများတွင် လက်တွေ့သင်ကြားရေးကို ပြုပြင်ရန်လိုအပ်ပါသည်။ သို့မှသာ ဆရာအတတ်ပညာသင် သင်တန်းသားများသည် ၎င်းတို့သင်ယူခဲ့သည်များကို လက်တွေ့အသုံးချနိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ကာ မဖြစ်မနေယူရမည့် ပြန်လည်အသိပေးချက်များနှင့် အကြံဉာဏ်များလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် အပြန်အလှန်ဆက်သွယ်မှုရှိသော သင်ကြားနည်းနှင့်ဆိုင်သည့် အယူအဆများ၊ သဘောတရားများ စတင်မိတ်ဆက်ရာတွင် လက်တွေ့သင်ကြားခြင်းသည် အထူးအရေးပါ ပါသည်။ ပညာရေးကောလိပ်များသည် ဆရာအတတ်ပညာသင် သင်တန်းသားများအနေဖြင့် သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများတွင် လက်တွေ့အသုံးချသင်ကြားခွင့်ရရှိစေရန် မိတ်ဖက်ကျောင်းများကို ထူထောင်ရန်လိုအပ်ပါသည်။

ဆရာအတတ်ပညာသင် သင်တန်းသားများသည် ၎င်းတို့သင်ယူခဲ့ကြသည်ကို လက်တွေ့သင်ကြားရန် အခွင့်အလမ်းအနည်းငယ်သာရကြပါသည်။ ပညာရေးကောလိပ်များတွင် လက်ရှိကျင့်သုံးနေသော တန်းပြဆင်းခြင်းပုံစံမှာ သင်တန်းသားနေထိုင်ရာဒေသတွင်သာ လက်တွေ့သင်ကြားကြပြီး လုံလောက်သော ကြီးကြပ်လမ်းညွှန်မှု၊ ပြန်လည်သုံးသပ်အကြံဉာဏ်ပေးမှု ပြည့်စုံစွာ မရရှိကြပါ။

နိုင်ငံတကာသုတေသနပြုချက်များအရ အထိရောက်ဆုံး လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးတွင် သဘောတရားနှင့်လက်တွေ့ကို ပေါင်းစပ်အသုံးပြုကြောင်း၊ ကျောင်းအခြေပြုသင်ယူမှုနှင့် ထိုသင်ယူမှုကို အကဲဖြတ်ကာ တတ်နိုင်သမျှ ပြန်လည်အသိပေးခြင်းပြုလုပ်မှုကို ဆောင်ရွက်ကြောင်း တွေ့ရပါသည်။ ဤနည်းလမ်းသည် လက်တွေ့သင်ကြားမှုကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်ကို ဖန်တီးပေးပါသည်။

## လုပ်ငန်းအစီအစဉ်(၄) ဆရာအတတ်ပညာသင်ဌာနများ၏ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုကိုအားကောင်းစေခြင်း

ဆရာအတတ်ပညာသင်ဌာနများတွင် လက်ရှိကျင့်သုံးနေသော စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်များမှာထိရောက်မှုနည်းပါးပါသည်။ ဤစနစ်များကို မြှင့်တင်ရန်လိုအပ်ပါမည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ရန် ဆရာအတတ်ပညာသင်ဌာနများဖြစ်သော ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့တွင် အရည်အသွေးရှိသော ဝန်ထမ်းများအား ခန့်ထားရန်လိုအပ်ပါမည်။ ဆရာအတတ်ပညာသင်ဌာနများသည် ဆရာအတတ်ပညာသင် သင်တန်းသားများနှင့် ဆရာအတတ်ပညာရှင်များ၏ လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်စွမ်းတို့ကို ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ရန်အတွက် အချက်အလက်များရယူနိုင်ရန် လိုအပ်ပါမည်။ ဘက်စုံလွှမ်းခြုံသော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များဖြင့် ဤပြောင်းလဲမှုများကို ပံ့ပိုးပေးရန် လိုအပ်ပါမည်။

## ၉.၃.၃။ မဟာဗျူဟာ(၃) လုပ်ငန်းခွင်ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု အရည်အသွေး တိုးမြှင့်ခြင်း

ဆရာများသည် အရည်အသွေးရှိသည့် ကျောင်းအခြေပြုနှင့် ကျောင်းအုပ်စုအခြေပြု စဉ်ဆက်မပြတ် လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများရရှိရန် လိုအပ်လျက်ရှိပါသည်။ ထိုအခွင့်အလမ်းများရရှိခြင်းဖြင့် အောက်ပါအောင်မြင်မှုများရရှိနိုင်ပါသည်-

(၁) စိန်ခေါ်မှုရှိသော သင်ကြားသင်ယူမှုဝန်းကျင်တွင် အောင်မြင်စွာ သင်ကြားနိုင်ရန်အတွက် အသိပညာနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးခြင်း၊

(၂) အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်နှင့် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း၊

(၃) ဘာသာစကားဆိုင်ရာ မူဝါဒကဲ့သို့သော မူဝါဒအသစ်များကိုလည်း အကောင်အထည်ဖော်နိုင်ခြင်း၊

(၄) အထူးလိုအပ်ချက်ရှိသည့် ကလေးများ တက်ကြွစွာပါဝင်လာရန် ဆောင်ရွက်ခြင်း၊

(၅) အခြေခံပညာရေးစနစ် ချဲ့ထွင်ခြင်းအရ သူငယ်တန်းမှစ၍ သင်ရိုးညွှန်းတမ်းအသစ်များကို အောင်မြင်စွာ စတင်အသုံးပြုနိုင်ခြင်းတို့ ဖြစ်ပါသည်။

သင်ကြားနည်းတိုးတက်ကောင်းမွန်စေခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်ကောင်းမွန်စေရန် အဓိကကျပါသည်။ ဆရာများ၏သင်ကြားမှုဆိုင်ရာအလေ့အကျင့် ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများက လုပ်ငန်းခွင်သင်တန်းအစီအစဉ်များရေးဆွဲရန် အကြံပြုထားပါသည်။ သို့မှသာရှင်းလင်း၍ ကြောင်းကျိုးညီညွတ်သော တတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့်အညီ လေ့လာသင်ယူခဲ့သမျှကို လက်တွေ့ကျင့်သုံးနိုင်ပြီး ကိုယ်တိုင်ပြန်လည် သုံးသပ်တတ်မည် ဖြစ်ပါသည်။

ဆရာများလုပ်ငန်းခွင်တွင် သင်ယူနိုင်ရန်နှင့် ပြန်လည်သုံးသပ်တတ်သည့် အလေ့အကျင့်များရရှိရန် အထိရောက်ဆုံးပုံစံတစ်ခုမှာ ကျောင်းနှင့် ကျောင်းအုပ်စုအခြေပြု စဉ်ဆက်မပြတ် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုပုံစံဖြစ်သည်ဟု နိုင်ငံတကာသုတေသနများက ဆိုပါသည်။ အဆိုပါပုံစံတွင် ပြင်ပ ပညာရှင်၏ သင်တန်းပေးခြင်းနှင့် လမ်းညွှန်ကူညီမှုပေးခြင်း၊ အဝေးသင် သင်ယူမှုဆိုင်ရာ စာအုပ်စာတမ်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းအခြေပြု လမ်းညွှန်ကူညီမှု ကွန်ရက်များဖြင့် ပံ့ပိုးပေးခြင်းတို့ပါဝင်ပါသည်။ ဤကဲ့သို့သော အရည်အသွေးမြှင့် သင်တန်းများသည် ဆရာများ၏ သင်ကြားမှု နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုကို ကာလရှည်ကြာစွာ ထိန်းသိမ်းမြှင့်တင်ပေးနိုင်ပါမည်။

နိုင်ငံတကာသုတေသနများက ကျား၊ မ ဘက်လိုက်မှုကင်းဝေးသည့် သင်ကြားမှုအလေ့အကျင့်များကို သေချာစွာ ဆောင်ရွက်နိုင်ရန် တိကျသော နည်းလမ်းများ လိုအပ်ကြောင်း ဖော်ပြကြပါသည်။ ထုံးတမ်းစဉ်လာအရ ကျား၊ မ ဘက်လိုက်မှုသည် မိန်းကလေးများကို နစ်နာစေပါသည်။ မိန်းကလေးများသည် အရည်သွေးရှိသော ပညာရေးကို မရရှိဘဲ အခြေခံလူ့အခွင့်အရေး ဆုံးရှုံးပါသည်။ မကြာသေးမီကာလပိုင်းတွင် ယောကျ်ားလေးများ၏ စာပေပိုင်းဆိုင်ရာပါဝင် ဆောင်ရွက်မှုပို၍ အားနည်းလာကြောင်း တွေ့ရပါသည်။ ပုံသေလက်ခံထားသော ကျား၊ မဆိုင်ရာ ယူဆချက်များက ကျောင်းသားများ၏ ကျရှုံးမှုအပေါ် မည်မျှသက်ရောက်နေသည်ကို စဉ်းစားစရာဖြစ်လာပါသည်။ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ လိုအပ်ချက်နှင့် အတွေ့အကြုံကိုနားလည်ပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးသည့် ပညာရေးသည် ပိုမိုကောင်းမွန်သော သင်ယူမှုရလဒ်ကို ရရှိစေပါသည်။

အရေးတကြီးလုပ်ဆောင်ရမည်မှာ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်အကောင်အထည်ဖော်ရေး၏အပိုင်းတစ်ခုဖြစ်သော သင်ကြား သင်ယူမှုပစ္စည်း အသစ်များအသုံးပြုရန်နှင့် လက်ရှိဆရာများအား သင်ရိုးညွှန်းတမ်းအသစ်ကို အသုံးပြုနိုင်ရေးအတွက် သင်တန်းပေးရန် လိုအပ်ပါသည်။ ထိုလုပ်ငန်းတွင် သင်ကြားနည်းပြောင်းလဲရေး၊ ကျား၊မနှင့် အားလုံးအကျုံးဝင်ခြင်းဆိုင်ရာ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရေးတို့လည်း ပါဝင်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ အဆင့်နှစ်ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။


ယင်းတို့မှာ- (၁) သူငယ်တန်းနှင့် ပထမတန်း သင်ရိုးညွှန်းတမ်းအတွက် ဆရာများအား လုပ်ငန်းခွင်သင်တန်းများပေးခြင်း (ကျန်အတန်း သင်ရိုးညွှန်းတမ်းများ အတွက်လည်း ဆက်လက်သင်တန်းပေးသွားပါမည်) (၂) ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်မှု အစီအစဉ်များတို့ဖြစ်ပါသည်။ အဆိုပါလုပ်ငန်း အစီအစဉ်များကို အောက်တွင် ဖော်ပြထားပါသည်-

## လုပ်ငန်းအစီအစဉ်(၁) အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာန (National Centre for Teacher Professional Development-NCTPD) ဖွဲ့စည်းခြင်း

ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာနအား တည်ထောင်ပါမည်။ ဤဗဟိုဌာနသည် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် လိုအပ်သောစွမ်းရည်ကို ရေရှည်ပံ့ပိုးရန် ဆောင်ရွက်ပါမည်။ အစီအစဉ်တွင် မြို့နယ်များနှင့် ကျောင်းအုပ်စုများရှိ ဆရာများကို ကျောင်းအခြေပြုလုပ်ငန်းခွင်သင်တန်းပေးခြင်းနှင့် လမ်းညွှန်ကူညီခြင်းတို့ပါဝင်ပါသည်။ ထိုသင်တန်းများသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၅)နှစ်တာ ကာလအတွင်းရှိသည့် အခြေခံပညာဆရာများအတွက် ရည်ရွယ်ပါသည်။

ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် ကူညီလမ်းညွှန်အကြံပေးခြင်း အစီအစဉ် ဖွဲ့စည်းပုံကို ပုံ (၉.၁)ဖြင့် ဖော်ပြထားပါသည်-

ပုံ (၉.၁) ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် ကူညီလမ်းညွှန်အကြံပေးခြင်း အစီအစဉ်ဖွဲ့စည်းပုံ



လက်ရှိကာလတွင် ပညာရေးကောလိပ်များ၌ လုပ်ငန်းခွင် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် အကောင်အထည်ဖော်ဆောင်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ် မပြည့်စုံပါ။ ပညာရေးကောလိပ်များသည် ဤအခန်း၏ မဟာဗျူဟာ (၂)တွင် ဖော်ပြခဲ့သည့် လက်ရှိပညာရေးကောလိပ်သင်တန်းအစီအစဉ်များ၏ အရည်အသွေးကို ကောင်းမွန်စေရန်နှင့် သင်ယူမှုအခွင့်အလမ်းပိုမိုပေးရန် အလေးထား ဆောင်ရွက်ရပါမည်။

အမျိုးသားဆရာအတတ်ပညာ ဖွံ့ဖြိုးမှုဗဟိုဌာနတွင်ပညာရှင် (၁၅)ဦးမှ (၂၀)ဦး အထိ ခန့်ထားပါမည်။ ရွေးချယ်ခန့်ထားရာတွင် ပွင့်လင်းမြင်သာသော ယှဉ်ပြိုင်မှု စနစ်ကိုသုံးပါမည်။ ပညာရှင်များသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ကျွမ်းကျင်မှု နှင့် အတွေ့အကြုံများရှိကြပြီး သင်တန်းသင်ခန်းစာပြုစုခြင်း၊ ကူညီလမ်းညွှန်သင်တန်း ပေးသူ (Trainer And Mentor-TAM) များအတွက် သင်တန်းပေးခြင်း၊ အစီအစဉ်အတွက် အရည်အသွေးအာမခံမှု၊ မြို့နယ်ပညာရေး အရာရှိများကို အကြံပေးခြင်းနှင့် ကူညီ လမ်းညွှန်သင်တန်းပေးသူများကို လမ်းညွှန်ခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်နိုင် သူများ ဖြစ်ကြရပါမည်။ သို့သော် ပထမ(၂)နှစ်တွင် အမျိုးသားဆရာအတတ်ပညာ ဖွံ့ဖြိုးမှုဗဟိုဌာန ဝန်ထမ်းများအား ထပ်ဆောင်းသင်တန်းများပေးရန် လိုအပ်ပါဦးမည်။ နိုင်ငံတွင်းနှင့် နိုင်ငံတကာအကြံပေးပညာရှင်များ၏ နည်းပညာအကူအညီနှင့်အတူ အစီအစဉ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ၎င်းတို့၏ စွမ်းရည် ကို ပိုမိုအားကောင်းစေရန် ဖြစ်ပါသည်။

အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာနက အဓိကရည်ရွယ်သည်မှာ လုပ်ငန်းခွင်ဆရာအတတ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များရှင်သန်တိုးတက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်ဖြစ်ပါသည်။ အမျိုးသားဆရာအတတ်ပညာ ဖွံ့ဖြိုးမှု ဗဟိုဌာနသည် အမျိုးမျိုးသော ဆရာများ (ဥပမာ- အခြေခံပညာကျောင်းများရှိ နေ့စား လပေးဆရာများ၊ မူလတန်းပြဆရာများ၊ အလယ်တန်းပြဆရာများ၊ အထက်တန်းပြ ဆရာများနှင့် ကျောင်းအုပ်ကြီးများ) အတွက်ရည်ရွယ်၍ လုပ်ငန်းခွင်ဆရာအတတ် ပညာဆိုင်ရာ သင်တန်းအစီအစဉ်အမျိုးမျိုးကို ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ် ပါသည်။

အမျိုးသားဆရာအတတ်ပညာ ဖွံ့ဖြိုးမှုဗဟိုဌာနက အကောင်အထည်ဖော်သော လုပ်ငန်းခွင်သင်တန်းများအားလုံးကို အပြည့်အဝ တရားဝင်အသိအမှတ်ပြုရန် အသင့် လျော်ဆုံး ဆရာအတတ်ပညာသင်ဌာနကြီးများမှာ ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များပင် ဖြစ်ပါသည်။ သို့မှသာ လုပ်ငန်းခွင်ဆရာများသည် ရာထူး တိုးမြှင့်ခန့်ထားခံရခြင်းနှင့်လုပ်ငန်းခွင်အကျိုးခံစားခွင့်များရရှိခြင်းစသည့်အကျိုးတရား များရစေနိုင်သော လုပ်ငန်းခွင်သင်တန်းပြီးမြောက်ကြောင်း တရားဝင် အရည်အချင်း သတ်မှတ်ချက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းခွင် ဆရာအတတ်ပညာရေး သင်တန်းအားလုံးသည် မဟာဗျူဟာ(၁)တွင် ဆွေးနွေးဖော်ပြထားသော ဆရာ တတ်ကျွမ်းမှု အညွှန်းဘောင်နှင့်လည်း ချိတ်ဆက်မှုအားကောင်းမည်ဖြစ်ပါသည်။



အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာနသည် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများရှိကျောင်းအုပ်ကြီးများအတွက် လုပ်ငန်းခွင်သင်တန်းဖွင့်လှစ်နိုင်ရေးကို အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် နိုင်ငံတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများက အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာနကို အထောက်အပံ့ပေးမည် ဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၂) ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ရေးဆွဲအကောင်အထည်ဖော်ခြင်း

အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာနသည် ပညာရှင်များပါဝင်သော အဖွဲ့များကိုတည်ထောင်ပြီး ပူးပေါင်းဆောင်ရွက်သွားပါမည်။ ထိုအဖွဲ့တွင် ဆရာအတတ်ပညာသင်ဌာနများ၊ မိတ်ဖက်အဖွဲ့များ၊ တက္ကသိုလ်နှင့် တခြားပြည်တွင်းအဖွဲ့အစည်းများမှ ပညာရှင်များပါဝင်ပြီး ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွက် သင်ခန်းစာများကို ပြုစုပါမည်။

ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် ကူညီလမ်းညွှန်သင်တန်းပေးသူများကို ရွေးချယ်လေ့ကျင့်ပေးပြီး နေရာချထားပါမည်။ မြို့နယ်တစ်ခုစီရှိ သတ်မှတ်ထားသောကျောင်းအုပ်စုမှ ဆရာများအား ရေရှည်လုပ်ငန်းခွင် ဆရာအတတ်ပညာသင်တန်းပေးရန်နှင့် ကူညီလမ်းညွှန်မှုပေးရန်တို့အတွက် ဖြစ်ပါသည်။ ကူညီလမ်းညွှန်သင်တန်းပေးသူများကို အခြေခံပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဌာနခွဲတို့မှ ချမှတ်ထားသော စံသတ်မှတ်ချက်များအရ ရွေးချယ်မည်ဖြစ်ပါသည်။ အဆိုပါ စံသတ်မှတ်ချက်များတွင် လျှောက်ထားသူ၏ ပညာအရည်အချင်း၊ ဆရာအတတ်ပညာအတွေ့အကြုံ၊ ဘာသာရပ်ကျွမ်းကျင်မှု၊ လုပ်သက်နှင့် ဆရာအတတ်ပညာ စွမ်းဆောင်မှုများပါဝင်ပါမည်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရွေးချယ်ရေးအဖွဲ့များက စံသတ်မှတ်ချက်များအရ ရွေးချယ်မည်ဖြစ်ပါသည်။

ကူညီလမ်းညွှန်သင်တန်းပေးသူများကို သက်ဆိုင်ရာမြို့နယ်များတွင် အခြေစိုက်ဆောင်ရွက်စေပါမည်။ ကူညီလမ်းညွှန်သင်တန်းပေးသူများသည် တာဝန်ချထားခံရသော ကျောင်းအုပ်စုများအတွင်းရှိ ဆရာများကို သင်တန်းပေးရန်နှင့် လမ်းညွှန်ကူညီရန် တာဝန်ရှိပါသည်။ ကူညီလမ်းညွှန်သင်တန်းပေးသူများကို ကျောင်းအဆင့်အရ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများအတွက် ကူညီလမ်းညွှန်သင်တန်းပေးသူများဟူ၍ ရွေးချယ်ထားပါမည်။

ကူညီလမ်းညွှန်သင်တန်းပေးသူများသည် ကျောင်းများသို့ ပုံမှန်သွားရောက်ကာ မျက်နှာချင်းဆိုင် တွေ့ဆုံသင်တန်းပေးခြင်း၊ ဆရာတစ်ဦးချင်းအပြင် ဆရာအုပ်စုများကိုပါ လမ်းညွှန် ကူညီပံ့ပိုးပေးခြင်းစသည်တို့ကို ဆောင်ရွက်ပါမည်။ ထို့ပြင် တာဝန်ချထားပေးသော ကျောင်းအုပ်စုအတွင်းရှိ သီးခြားသတ်မှတ်ထားသော ဆရာအုပ်စုများအတွက်လည်း စနစ်တကျ စီစဉ်ရေးဆွဲထားသည့် သင်တန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ အဆိုပါ သင်တန်းများတွင် မတူညီကွဲပြားသော သင်ယူနည်းအမျိုးမျိုးကို အသုံးပြုသင်ကြားမည်ဖြစ်ပါသည်။ ထိုသင်ယူနည်းများမှာ မျက်နှာချင်းဆိုင်သင်ယူခြင်း၊ အိမ်တွင် ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများပေးခြင်း၊ စာသင်ခန်းများအတွင်း သရုပ်ပြသင်ခန်းစာများကို လေ့လာကြည့်ရှုခြင်း၊ အုပ်စုလိုက် ကျွမ်းကျင်မှုနှင့်အတွေ့အကြုံဖလှယ်မှုများပြုလုပ်ပေးခြင်းနှင့် အုပ်စုလိုက်/နှစ်ယောက်တွဲ တာဝန်များ ပေးခြင်းတို့ဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၃) နိုင်ငံတစ်ဝန်းတွင် အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်အတွက် ကာလတိုလုပ်ငန်းခွင်သင်တန်းပေးခြင်း

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားနည်းအမျိုးမျိုးနှင့် စစ်ဆေးအကဲဖြတ်နည်းများဖြင့်သင်ကြားနိုင်ရေးအတွက် ဆရာများအားသင်တန်းပေးရန်လိုအပ်ပါသည်။ ကျောင်းအုပ်ကြီးများ၏ အခန်းကဏ္ဍသည် လက်ရှိဆရာများ၏ သင်ရိုးညွှန်းတမ်းအသစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် လမ်းညွှန်မှုပေးရာတွင် အရေးပါပါသည်။ သို့ဖြစ်၍ ကျောင်းအုပ်ကြီးများအတွက်လည်း သင်ကြားသင်ယူမှုဆိုင်ရာဦးဆောင်မှု သင်တန်းပေးရန် လိုအပ်ပါသည်။

ဆရာအတတ်ပညာသင်ဌာနများသည် သင်ရိုးညွှန်းတမ်းအသစ်နှင့် သင်ကြားနိုင်ရေးအတွက် လုပ်ငန်းခွင်ဆရာအတတ်ပညာသင်တန်းသင်ရိုးညွှန်းတမ်းများရေးဆွဲရန်နှင့် သင်ကြားနည်းလမ်းညွှန်များကိုရေးဆွဲရန် သင်ရိုးညွှန်းတမ်းအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။ သင်တန်းနည်းပြများအတွက် သင်တန်းပေးရန်စီမံချက်များသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအခန်းတွင် ဖော်ပြထားပါသည်။ သင်တန်းနည်းပြများသည် သင်ရိုးညွှန်းတမ်းအသစ်အတွက် နိုင်ငံတစ်ဝန်းရှိ ဆရာများအား သင်တန်းပြန်လည်ပို့ချမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်သင်တန်းများတွင် အခြေခံပညာဆရာများသာမက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုဂ္ဂလိကကျောင်းနှင့် တခြားပညာရေးဝန်ဆောင်မှုပေးသော ကျောင်းများမှ ဆရာများပါတက်ရောက်သင်ယူနိုင်ရေးအတွက် စီစဉ်ပေးရန်မှာ အရေးကြီးပါသည်။

အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာန တည်ထောင်ဖွဲ့စည်းပြီးပါက ဆရာများအတွက် လုပ်ငန်းခွင်စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများပို့ချနိုင်ပြီး ကြီးကြပ်ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ သို့သော် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်သည့် ပထမပိုင်း (၂)နှစ် စတင်နေစဉ်တွင် သင်ရိုးညွှန်းတမ်းအသစ်နှင့်ဆိုင်သည့် သင်တန်းများကို အဆိုပါ ဗဟိုဌာနမပါဘဲ ဖွင့်လှစ်ပို့ချရန် လိုအပ်မည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် ဤသင်တန်းအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်သူများနှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

အခြေခံပညာရေး၏ အခွင့်အလမ်းတိုးမြှင့်ရန်နှင့် မူလတန်းမှ အလယ်တန်း၊ အထက်တန်းကျောင်းများသို့ ကူးပြောင်းနှုန်းတိုးမြင့်ရန်အတွက် အခြေခံပညာဦးစီးဌာန၏ကြိုးပမ်းမှုနှင့်အတူ ဆရာအတတ်ပညာသင်ဌာနများသည် အလယ်တန်းပြ၊ အထက်တန်းပြဆရာများအတွက် ဘာသာရပ်နယ်ပယ်အလိုက်တိုးတက်မှုရရှိစေရန် သင်တန်းများပေးပါမည်။ ဤသင်တန်းများသည် အခြေခံပညာ မူလတန်းပြမှ အလယ်တန်းပြ၊ အလယ်တန်းပြမှ အထက်တန်းပြသို့ ရာထူးတိုးသော ဆရာများနှင့် လုပ်ငန်းခွင်ဝင်ရောက်ကာစ ဆရာများအား ဘာသာရပ်နယ်ပယ်အလိုက် အသိပညာနှင့် ကျွမ်းကျင်မှုများကို ပေးပါမည်။

ထို့ပြင် အခြေခံပညာရေးစနစ်သစ်ဖြစ်သော (သူငယ်တန်းပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလ ၁၂နှစ်) စနစ်အရ အထက်တန်းပြဆရာများသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်နှင့်အညီ အဆင့်အလိုက် ဘာသာရပ်ဆိုင်ရာသင်တန်းများလိုအပ်ပါမည်။ ထို့ကြောင့် အလယ်တန်းပြနှင့် အထက်တန်းပြဆရာများအတွက် ဘာသာရပ်ကျွမ်းကျင်မှုရရှိစေရန် ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်းများကို စီစဉ်ရပါမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များမှ ဘာသာရပ်ကျွမ်းကျင်သူ ဆရာများကဦးဆောင်၍ ဘာသာရပ်အလိုက်အသိပညာနှင့် ကျွမ်းကျင်မှုများကိုပေးခြင်းဖြင့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် သင်ကြားသင်ယူမှုအရည်အသွေးများ တိုးမြင့်လာမည်ဖြစ်ပါသည်။

## ၉.၄။ ရလဒ်အညွှန်းဘောင်များ

### ၉.၄.၁။ အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက်အပြောင်းအလဲ | ကျောင်းသားအားလုံးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆရာနှင့်ကျောင်းသား အပြန်အလှန် ဆက်သွယ်မှုရှိသည့် သင်ကြား သင်ယူမှုကို ဆရာများက အသုံးပြု၍ ကျောင်းသားများကို ပံ့ပိုးကူညီမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှု ပိုမို ကောင်းမွန်တိုးတက်စေခြင်း။ | **မဟာဗျူဟာ (၂)**<br>လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အရည်အသွေး တိုးမြှင့်ခြင်း။ | **မဟာဗျူဟာ (၃)**<br>လုပ်ငန်းခွင် ဆရာအတတ်ပညာ ဖွံ့ဖြိုး တိုးတက်မှု အရည်အသွေးတိုးမြှင့်ခြင်း။ |
| စီမံကိန်းကာလအပြီး ရလဒ်များ | - ဆရာများသည် ဆရာအတတ်ပညာ သင်တန်းများတက်ရောက်ပြီးနောက် ဆရာ တတ်ကျွမ်းမှုအညွှန်းဘောင်ပါ ကျွမ်းကျင်မှု အဆင့်များရရှိခြင်း။<br><br>- ဆရာခန့်ထားရေး၊နေရာချထားရေး၊ ရာထူး တိုးမူဝါဒနှင့် စနစ်တို့ကို ချမှတ် အကောင် အထည်ဖော်ခြင်းဖြင့် ဆရာများတွင်သာတူ ညီမျှအခွင့်အလမ်းများရရှိခြင်း။ | - ဆရာအတတ်ပညာလက်မှတ်နှင့် ပညာရေး ဘွဲ့ရရှိပြီးသူ ဆရာများသည် ဆရာနှင့် ကျောင်းသားအပြန်အလှန် ပြောဆိုသင်ကြား သောနည်းဖြင့်အခြေခံပညာကျောင်းများတွင် သင်ကြားပေးခြင်းနှင့် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ပါ စံသတ်မှတ်ချက်များကို ပြည့်မီခြင်း။<br><br>- ဆရာအတတ်ပညာသင်ဌာနများတွင် ပြုပြင် ရေးဆွဲပြီးသောသင်ရိုးညွှန်းတမ်းဖြင့်သင်ကြား ခြင်း။<br><br>- အထူးပြုဘွဲ့ အပ်နှင်းနိုင်သော သင်တန်း များဖွင့်လှစ် သင်ကြားခြင်း။ | လုပ်ငန်းခွင်အတွင်းရှိ ဆရာများသည် ကူညီ လမ်းညွှန် သင်တန်းပေးသူများ၏ သင်ကြား လမ်းညွှန်မှုလုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် တက်ကြွစွာပါဝင်၍ ဆရာနှင့် ကျောင်းသား အပြန်အလှန်ပြောဆို သင်ကြား သော နည်းဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးနိုင်မည့်အပြင် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ပါ စံသတ်မှတ်ချက်များကို ပြည့်မီခြင်း။ |
| ရလဒ် အညွှန်းကိန်းများ | - ဆရာတတ်ကျွမ်းမှုအညွှန်းဘောင်နှင့် ချိတ်ဆက်ထားသည့်ဆရာအတတ်ပညာဖွံ့ဖြိုး တိုးတက်ရေးသင်တန်းများ အရေအတွက်။<br><br>- အရည်အချင်းပြည့်မီ (ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်အရ)သည့် ဆရာများ ခန့်ထား သော ဝေးလံခေါင်ဖျားဒေသများရှိ ကျောင်း များ အရေအတွက်။<br><br>- ဆရာတတ်ကျွမ်းမှုအညွှန်းဘောင်ပါ တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကိုရရှိသော ဆရာများ၊ ကျောင်းအုပ်ကြီးများ ရာခိုင်နှုန်း။ | - ဆရာအတတ်ပညာသင်ဌာနများတွင် ဆရာ နှင့် ကျောင်းသား အပြန်အလှန် ပြောဆို သင်ကြားသောနည်းဖြင့် သင်ကြားပြသနိုင် သော ဆရာအတတ်ပညာရှင်များရာခိုင်နှုန်း။<br><br>- ဆရာအတတ်ပညာလက်မှတ်နှင့် ပညာရေး ဘွဲ့ရရှိပြီးနောက် (၂) နှစ်တာကာလအတွင်း ဆရာနှင့်ကျောင်းသား အပြန်အလှန် ပြောဆို သင်ကြားသောနည်းကို အသုံးပြုနိုင်သည့် ဘွဲ့ ရရှိပြီးကာစ ဆရာများရာခိုင်နှုန်း။<br><br>- ဆရာအတတ်ပညာသင်ဌာနများ၏ အကဲ ဖြတ်ချက်အရ အခြေခံပညာသင်ရိုးညွှန်းတမ်း အသစ်နှင့် ဆရာအတတ်ပညာ ကျွမ်းကျင်ပိုင် နိုင်မှုကို ဖော်ထုတ်ပြသနိုင်သောသင်တန်းသား ဆရာများ ရာခိုင်နှုန်း။ | - ကူညီလမ်းညွှန်သင်တန်းပေးသူများ၏ သင်ကြားလမ်းညွှန်မှုလုပ်ငန်းများကိုအကောင် အထည်ဖော်ရာတွင် ပုံမှန်ပါဝင်သော လုပ်ငန်းခွင် ဆရာများ ရာခိုင်နှုန်း။<br><br>- ဆရာနှင့်ကျောင်းသား အပြန်အလှန်ပြောဆို သင်ကြားခြင်းကို လေ့ကျင့်သင်တန်းပေးနိုင်ရန် ပို့ချသည့်သင်တန်းကိုတက်ရောက်အောင်မြင်ပြီး လုပ်ငန်းခွင်မှ ဆရာများ ရာခိုင်နှုန်း။<br><br>- ဆရာနှင့်ကျောင်းသား အပြန်အလှန် ပြောဆို သင်ကြားဟန်ကို ယုံကြည်ချက် အပြည့်အဝ ဖြင့် အသုံးပြုနိုင်သည့် ဆရာများ ရာခိုင်နှုန်း။<br><br>- လုပ်ငန်းခွင်မှ ဆရာများ၏ ပြောဆို သင်ကြားဟန်ကို အပြုသဘောတုံ့ပြန်သည့် ကျောင်းအုပ်ကြီးများ ရာခိုင်နှုန်း။ |

## ၉.၄.၂။ မဟာဗျူဟာ(၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

**မဟာဗျူဟာ (၁) ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုပိုမိုကောင်းမွန်တိုးတက်စေခြင်း။**

| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ် | | |
|---|---|---|---|
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ်(၁)**<br>ဆရာအတတ်ပညာရေးကောင်စီ ဖွဲ့စည်းခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ဆရာအရည်အသွေး အာမခံမှုအတွက် စနစ်တစ်ရပ် ထူထောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>ဆရာဖြည့်ဆည်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် နေရာချထားခြင်းဆိုင်ရာ သာတူညီမျှ ဆောင်ရွက်သော စနစ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | ဆရာအတတ်ပညာရေးနှင့် ဆရာအရည်အသွေးအာမခံမှုကို ဦးဆောင်မည့် ဆရာအတတ်ပညာရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခြင်း။ | - ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ကို ကျယ်ပြန့်စွာ အသုံးပြုနေခြင်း။<br>- ကျောင်းအုပ်ကြီးများနှင့် ဆရာများသည် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်အကြောင်းကို နှံ့စပ်ကျွမ်းဝင်ခြင်းနှင့် ပံ့ပိုးကူညီခြင်း။ | ဆရာဖြည့်ဆည်းခန့်ထားခြင်း၊ နေရာချထားခြင်းနှင့် ရာထူးတိုးမြှင့်ပေးခြင်းဆိုင်ရာ မူဝါဒစနစ်များနှင့်အညီ ဆရာများကို သာတူညီမျှ ခန့်ထားခြင်း၊ နေရာချထားခြင်းနှင့် ရာထူးတိုးမြှင့်ပေးခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | ဆရာအတတ်ပညာရေးကောင်စီသည် လုပ်ငန်းတာဝန်များကို အပြည့်အဝ ဆောင်ရွက်လျက်ရှိပြီး ရန်ပုံငွေ ထောက်ပံ့မှုရရှိခြင်း။ | ဆရာတတ်ကျွမ်းမှုအညွှန်းဘောင်များကို ပုံမှန်ပညာရေးလမ်းကြောင်းတွင် အသုံးပြုခြင်း။ | ဆရာခန့်ထားမှု၊ နေရာချထားမှုနှင့် ရာထူးတိုးမြှင့်ပေးခြင်းဆိုင်ရာမူဝါဒနှင့် စနစ်တို့ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |

### ၉.၄.၃။ မဟာဗျူဟာ(၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၂) လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အရည်အသွေး တိုးမြှင့်ခြင်း။ | | | | |
|---|---|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အရည်အသွေး မြှင့်တင်ရေးအစီအစဉ် | | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းနှင့် သင်တန်းပုံစံများကို ကာလတိုအတွက် ပြန်လည်ပြင်ဆင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ပညာရေးကောလိပ်များရှိ (၂) နှစ် သင်တန်းအစီအစဉ်များကို အထူးပြုဘွဲ့ အစီအစဉ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>မိတ်ဖက်ကျောင်းများ သတ်မှတ်ခြင်းနှင့် လက်တွေ့တန်းပြဆင်းခြင်း အစီအစဉ်ကို ပြုပြင်ပြောင်းလဲခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)**<br>ဆရာအတတ်ပညာသင်ဌာနများ၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုကို အားကောင်းစေခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | အခြေခံပညာ သင်ရိုးညွှန်းတမ်း အသစ်ကို သင်ကြားနိုင်ရန်နှင့် သင်ကြားနည်းအသစ်များနှင့် စစ်ဆေးအကဲဖြတ်စနစ် အသစ်များကို အသုံးချနိုင်ရန် လုံလောက်သည့် အသိပညာနှင့် ကျွမ်းကျင်မှုတို့ဖြင့် ဖြည့်ဆည်းပေးထားပြီး အခြေခံပညာ ဆရာများ။ | - အထူးပြုဘွဲ့ ပေးသည့် အစီအစဉ်များ ရေးဆွဲခြင်းနှင့် စတင်ဆောင်ရွက်ခြင်း။<br><br>- ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းအသစ်ကို လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာသင်ဌာနများတွင် ရှေ့ပြေးစမ်းသပ်ရန် ပြင်ဆင်ခြင်း။ | ဆရာအတတ်ပညာသင် သင်တန်းသားများသည် မိတ်ဖက်ကျောင်းများရှိ စာသင်ခန်းများတွင် မိမိတို့ သင်ယူထားသည်များကို လက်တွေ့အသုံးချနိုင်ခြင်း။ | ဆရာအတတ်ပညာသင်ဌာနများတွင် ပိုမိုထိရောက်၍ စွမ်းဆောင်ရည်မြင့်မားသော စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်ရှိခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | -ပညာရေးကောလိပ်များ၊ပညာရေး တက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တို့တွင် အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ကို အသုံးပြုသင်ကြားခြင်း။<br><br>- ပညာရေးကောလိပ်များမှ ဆရာများ ရွေ့လျားအလှည့်ကျသင်တန်း ပေးထားသော သင်တန်းသားဦးရေ (၅၀၀)။ | - လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးစနစ်ကို ဘက်ပေါင်းစုံမှ ပြန်လည် သုံးသပ်၍ ရေရှည်အတွက် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရန် စီမံချက် ရေးဆွဲခြင်း။<br><br>- ပညာရေးကောလိပ်များ၏ အထူးပြုဘွဲ့ သင်တန်း အစီအစဉ်များ စတင်နိုင်ခြင်း။ | ပညာရေးကောလိပ်များ၊ ပညာရေး တက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တို့သည် တည်ရှိရာ နယ်နိမိတ်အတွင်း မိတ်ဖက်ကျောင်းများ သတ်မှတ်ခြင်းနှင့် လက်တွေ့တန်းပြဆင်းခြင်း အစီအစဉ်များ ဆောင်ရွက်ခြင်း။ | ပညာရေးကောလိပ်များ၊ ပညာရေး တက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တို့ရှိ ဝန်ထမ်းများကို သင်တန်းများ ပေးထားပြီး စီမံခန့်ခွဲမှု စနစ်များကို ပြန်လည်သုံးသပ်၍ အဆင့်မြှင့်တင်ခြင်း။ |

## ၉.၄.၄။ မဟာဗျူဟာ(၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ(၃) လုပ်ငန်းခွင် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု အရည်အသွေး တိုးမြှင့်ခြင်း။ | | | |
|---|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>အမျိုးသားဆရာအတတ်ပညာ ဖွံ့ဖြိုးမှု ဗဟိုဌာန (National Centre for Teacher Professional Development - NCTPD) ဖွဲ့စည်းခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် ရေးဆွဲအကောင်အထည်ဖော်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>နိုင်ငံတစ်ဝန်းတွင် အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်အတွက် ကာလတို လုပ်ငန်းခွင် သင်တန်းပေးခြင်း။ |
| စီမံကိန်းကာလ အတွင်း ရလဒ်များ | မြန်မာနိုင်ငံတွင် ဆရာအတတ်ပညာ ဖွံ့ဖြိုးမှုအတွက် နည်းပညာပံ့ပိုးမှုပေးနိုင်သော ဌာနတစ်ခု ရှိခြင်း။ | လုပ်ငန်းခွင်တွင်းမှ ဆရာများသည် ဆရာနှင့် ကျောင်းသား အပြန်အလှန် ပြောဆိုဆွေးနွေးသည့်နည်းဖြင့် စာသင်ခန်းအတွင်း တပည့်များကို ပံ့ပိုးကူညီခြင်း။ | ဆရာများအားလုံး သင်တန်းရရှိပြီး သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပြသနေခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ<br><br>(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | NCTPD အပြည့်အဝ လုပ်ငန်းလည်ပတ်လျက်ရှိပြီး အရည်အချင်းပြည့်ဝသော သင်တန်းဆိုင်ရာ ကျွမ်းကျင်သူများ တာဝန်ထမ်းဆောင်ခြင်း။ | အကောင်အထည်ဖော်ဆောင်ရွက်ပြီးသော နိုင်ငံတစ်ဝန်း ဆရာအတတ်ပညာ ဖွံ့ဖြိုးရေး အစီအစဉ်။ | ဆရာများအားလုံး ပေါ်ထွက်လာသည့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ သင်တန်းပြီးမြောက်ခြင်း။ |



၁၀

# ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး







၈
၁
၄
၉
၂
၃
၈
၆
၇
၅
၁၀

အခန်း ၁၀

# ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး

## ၁၀.၁။ နိဒါန်း

ကမ္ဘာ့နိုင်ငံများတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးသည် စွမ်းဆောင်ရည်မြင့်မားသော ပညာရေးစနစ်၏အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ မျက်မှောက်ခေတ်လူ့ဘောင်အဖွဲ့အစည်း၏စွမ်းဆောင်ရည်မြင့်မားသော စိန်ခေါ်မှုများကို ကျောင်းပညာရေးစနစ်တစ်ခုတည်းဖြင့် မဖြေရှင်းနိုင်ဘဲ ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရန်နှင့်လူကြီးတိုင်းဘဝတစ်သက်တာသင်ယူခွင့်ရရှိရန်အတွက်ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးစနစ်ကသာ ပညာရေးရည်မှန်းချက်များကို ပေါက်မြောက်စေသည်ဟု ကမ္ဘာတစ်ဝန်းက တစ်ပြေးညီခံယူသုံးသပ်ထားပါသည်။

ကျောင်းပညာရေးစနစ်နှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစနစ် ကွာခြားသည်မှာ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစနစ်သည် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ကျောင်းပညာရေး သင်ယူခွင့်ရရှိရန် အခက်အခဲရှိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အခြေအနေနှင့်လျော်ညီစွာ လိုက်လျောဆောင်ရွက်ပေးနိုင်မှုပင်ဖြစ်သည်။ သို့ရာတွင် ကျောင်းပညာရေးစနစ်နှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစနစ်တို့အကြားတွင် အဓိကတူညီသောအချက်ရှိပါသည်။ ၎င်းမှာ စနစ်နှစ်ခုအကြားသင်ယူမှုများကို လွယ်ကူစွာကူးပြောင်းနိုင်စေရန် မရှိမဖြစ်လိုအပ်သော အရည်အသွေးစံနှုန်းများ တူညီ မှုရှိခြင်းပင်ဖြစ်သည်။

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဟူသောဝေါဟာရတွင် ကျောင်းပြင်ပနှင့်တစ်သက်တာသင်ယူမှုအစီအစဉ်ပေါင်းများစွာပါဝင်ပြီး အဆင့်တစ်ခုချင်းစီတွင် ရည်ရွယ်ချက်များရှိသည်။ ၎င်းတို့တွင် တန်းညှိအစီအစဉ်များပါဝင်ပြီး ကျောင်းပညာရေးမှ သင်ယူမှုများကို ကျစ်လျစ်သိပ်သည်းသော ပုံစံများဖြင့် ဖော်ထုတ်ပံ့ပိုးပေးခြင်း၊ ကလေးနှင့် အရွယ်ရောက်ပြီးသူများအတွက်ရည်ရွယ်သည့် အခြေခံနှင့်လုပ်ငန်းအကျိုးပြု စာတတ်မြောက်မှုအစီအစဉ်၊ သင်ယူသူများ၏ ဝင်ငွေရှာနိုင်မှုစွမ်းရည်မြင့်မားလာစေရန်အတွက် သက်မွေးပညာအခြေခံကျွမ်းကျင်မှုများ၊ ဘဝတစ်သက်တာသင်ယူရေးနှင့်အခွင့်အလမ်းများ ဖန်တီးပေးသော စဉ်ဆက်ပညာရေးအစီအစဉ်များ ပါဝင်ပါသည်။

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအတွက် ပံ့ပိုးမှုကို ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနက အဓိကစီမံခန့်ခွဲသည်။ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနက ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုကို ပံ့ပိုးပေးသည်။

ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပ မူလတန်းပညာရေးတန်းညှိအစီအစဉ်နှင့် လူငယ်များနှင့် သက်ကြီးများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် လုပ်ငန်းအကျိုးပြုစာတတ်မြောက်ရေး အစီအစဉ်ဟူ၍ အဓိကအစီအစဉ်နှစ်ခုကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ အစီအစဉ်များအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ နိုင်ငံတကာအဖွဲ့အစည်းများ (INGOs)နှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBOs)များက ဆောင်ရွက်လျက်ရှိသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်ပေါင်းများစွာလည်းရှိပါသည်။ ဤအစီအစဉ်များတွင် အခြေခံနှင့် လုပ်ငန်းအကျိုးပြု စာတတ်မြောက်ရေးအစီအစဉ်၊ သက်မွေးမှုသင်တန်း၊ ဘဝတစ်သက်တာကျွမ်းကျင်မှု၊ ကျောင်းပြင်ပ မူလတန်းပညာရေး တန်းညှိအစီအစဉ်များလည်းပါဝင်ကြသည်။ ထိုအစီအစဉ်များနှင့်ပတ်သက်သော အချက်အလက်အနည်းငယ်သာရှိပြီးပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အားနည်းပါသည်။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များတွင် ပညာရေးဝန်ကြီးဌာနနှင့်အတူ တခြားသော ဝန်ကြီးဌာနများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေကြပါသည်။ ၎င်းတို့သည် အဓိကအားဖြင့် ကျောင်းပြင်ပကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ပို့ချပေးကြပါသည်။

လက်ရှိ မြန်မာ့ပညာရေးစနစ်သည် သင်ယူသူအားလုံး၏ လိုအပ်ချက်နှင့် ကိုက်ညီမှုအားနည်းနေပါသည်။ ခန့်မှန်းခြေ (အသက်၅နှစ်မှ ၁၆နှစ်အတွင်း) ကလေးပေါင်း ၂ ဒသမ ၇ သန်းခန့်သည် ကျောင်းဝင်ရောက်မှုမရှိသူများနှင့်ကျောင်းထွက်သွားသော ကလေးများဖြစ်ကြသည်။ ၎င်းအပြင် ၁၅နှစ် အထက် သက်ကြီး ၃ ဒသမ ၅ သန်းခန့်သည် စာမတတ်သူများဖြစ်ကြသည်။ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်နှုန်းမှာ ၈၉ ဒသမ ၅ ဖြစ်သည်။

မြန်မာနိုင်ငံရှိ ကလေးလူငယ်များနှင့်လူကြီးများသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကို သင်ယူခွင့်ရရှိရေးအတွက် အဟန့်အတားများနှင့်ကြုံတွေ့နေကြရသည်။ ၎င်းတို့တွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးသင်ယူမှု အခွင့်အလမ်းများမှ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများတွင် နွေရာသီလုပ်အားပေး စာတတ်မြောက်ရေးလုပ်ငန်းများကိုသာဆောင်ရွက်နိုင်ပြီး တန်းညှိအစီအစဉ်များ ဆောင်ရွက်နိုင်မှုအားနည်းခြင်း၊ သင်ကြားမှုနှင့်သင်ယူမှု အရည်အသွေးအားနည်းခြင်းကဲ့သို့သော ပံ့ပိုးမှုဆိုင်ရာ အဟန့်အတားများနှင့် ဆင်းရဲချို့တဲ့ခြင်း၊ မသန်စွမ်းခြင်း၊ ဘာသာစကား အခက်အခဲရှိခြင်းနှင့် ပဋိပက္ခဖြစ်ပွားခြင်းစသော သင်ယူသူဘက်မှ အဟန့်အတားများလည်းပါဝင်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ထိုသို့သော အဟန့်အတားများကို ဖြေရှင်းနိုင်ရေးအတွက် ပညာရေးအဆင့်အတန်းနှင့် အသက်မွေးဝမ်းကျောင်း အမျိုးမျိုးကွဲပြားနေသည့် သင်ယူသူများ၏ မတူညီသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေးပြည့်မီပြီး လွယ်လင့်တကူရရှိနိုင်သော နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

ကျောင်းထွက်သွားသော လူငယ်များတွင် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုအတွက် အထုံပါရမီ၊ စွမ်းရည်နှင့်ရည်မှန်း ချက်များရှိကြပါသည်။ အခြေခံပညာ



အထက်တန်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့် ပညာသင်ယူ နိုင်ရေးနှင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအထိ လက်တွေ့ဘဝနှင့်ယှဉ် လျက်ရေးဆွဲထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလမ်းသွယ်ဖြင့် သင်ယူခွင့်ရရှိခြင်းသည် အကျိုးကျေးဇူးအထူးရရှိမည်။ ထိုသို့ ကောင်းမွန်သင့်လျော် သော အထောက်အပံ့နှင့်လမ်းကြောင်းများကို ဖွင့်လှစ်ပေးနိုင်လျှင် လူငယ် အများ အပြား၏ ပင်ကိုစွမ်းရည်တို့သည် နိုင်ငံ၏ထုတ်လုပ်မှုနှင့်ယှဉ်ပြိုင်မှုတို့ကို အကျိုးပြု နိုင်ပြီးနိုင်ငံအတွင်း လိုအပ်နေသော ကျွမ်းကျင်မှုများကို ကူညီဖြည့်ဆည်းပေးနိုင် ပါမည်။ နောက်ထပ်အခွင့်အလမ်းအနေဖြင့်ဆောင်ရွက်ပေးခြင်းဖြစ်သော်လည်း ကျောင်းပြင်ပရောက် လူငယ်များအတွက် ရွေးချယ်ခွင့်ပေးမည့် လမ်းကြောင်းများ သည် ခိုင်မာမှုရှိရမည်ဖြစ်ပြီး တတ်ကျွမ်းမှုများနှင့် စွမ်းဆောင်ရည်အရည်အချင်းများကို ပေးစွမ်းနိုင်ရန် အလေးထားရပါမည်။ သို့မှသာ ပိုမိုကောင်းမွန်သော လုပ်အားခနှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ အခွင့်အလမ်းများကို ရရှိစေနိုင်မည်ဖြစ်သည်။

အဆိုပါကျောင်းပြင်ပရောက်လူငယ်များကို ၂၁ ရာစု စီးပွားရေးအတွက် စွမ်းဆောင်ရည် အရည်အချင်းရှိသော ကျွမ်းကျင်လုပ်သားများအဖြစ်သို့ ပြောင်းလဲ စေနိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ပေမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးတွင် ရင်းနှီးမြှုပ်နှံ ခြင်းအားဖြင့် ပြန်လည်ရရှိလာမည့် အကျိုးကျေးဇူးများဖြစ်သည့် အခွန်အကောက် များတိုးမြှင့်ရရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်မားလာခြင်း၊ လူမှုရေးကဏ္ဍကုန်ကျ စရိတ်များ လျော့နည်းသွားခြင်းတို့နှင့် စပ်လျဉ်း၍ အဆပေါင်းများစွာ အကျိုးကျေးဇူး များ ပိုမိုဖြစ်ထွန်းလာနိုင်စရာရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကျောင်းပြင်ပ ရောက်လူငယ်များအတွက် ဆန်းသစ်သောပညာရေးနှင့် လေ့ကျင့်ရေးလမ်းသွယ် များကို ဖန်တီးပေးနိုင်ရန် စံနမူနာယူလေ့လာနိုင်သည့် ဒေသတွင်းနှင့် နိုင်ငံတကာ အတွေ့အကြုံသင်ခန်းစာများ အများအပြားပင်ရှိပါသည်။

## ၁၀.၁။ ဥပဒေနှင့် မူဝါဒနောက်ခံ

၂၀၁၄ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြုခဲ့ရာ ကျောင်းပြင်ပ ပညာရေးကို မြန်မာနိုင်ငံပညာရေးဥပဒေတွင် ပထမဆုံးအကြိမ်အဖြစ် အသိအမှတ် ပြုခြင်းဖြစ်သည်။ အမျိုးသားပညာရေးဥပဒေတွင် ကျောင်းပြင်ပ ပညာရေးဆိုသည်မှာ "သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်ပြင်ပတွင်ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံး သင်ကြားပေးသည့်ပညာရေး"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုဥပဒေသည် ကျောင်း ပညာရေးနှင့်တန်းတူသော အရည်အသွေးအဖြစ်တန်းညှိအစီအစဉ်များကိုလည်း အသိ အမှတ်ပြုထားသည်။

ယင်းဥပဒေ၏ အခန်း(၅) အမျိုးသားပညာရေးစနစ်တွင် ကျောင်းပြင်ပ ပညာ ရေးနှင့် ပတ်သက်၍ အရေးကြီးသော အညွှန်းဘောင် လေးရပ်ကို ဖော်ပြထားသည်။

---

(၁) ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အတူတကွ ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ အကောင်အထည်ဖော်မှုကို အားပေးရန်၊

---

(၂) အခြေခံစာတတ်မြောက်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ရန်၊

---

(၃) ပုံမှန်ကျောင်းပညာရေးစနစ်(သို့မဟုတ်) နည်းပညာနှင့်သက်မွေး ပညာရေး နှင့် လေ့ကျင့်ရေးကို ဆက်လက်၍ ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းပြင်ပ ရောက်သွားသော ကလေးများအား တန်းညှိအစီအစဉ်များဖြင့် အကောင်အထည် ဖော်ဆောင်ပေးရန်၊

---

(ဌ) နိုင်ငံသားတိုင်း အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန် ကိုယ်တိုင်သင်ယူပညာရေးအပါအဝင် စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းများကို ဖန်တီးပေးရန်

စသည်တို့ကို ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ရန် အသေးစိတ်ဖော်ပြထားပါသည်။

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးနည်းဥပဒေများသည် အခြေခံပညာရေး နည်းဥပဒေ (မူကြမ်း) အောက်တွင် ပါဝင်သည်။ ၎င်းဥပဒေတွင် အဓိကအညွှန်းဘောင်သုံးရပ်ကို ဖော်ပြထားပါသည်-

- ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဖွဲ့စည်းထားခြင်းဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစီမံအုပ်ချုပ်မှုကို အားဖြည့်ပေးခြင်း၊
- ကျောင်းပညာရေးနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအပြန်အလှန်လွယ်ကူစွာ ကူးပြောင်းနိုင်ရေးအတွက် စနစ်နှစ်ခုအကြား တန်းညှိစံနှုန်းများကို ထားရှိဆောင်ရွက်ခြင်း၊
- ကျောင်းပြင်ပရောက်လူငယ်များအတွက် အရည်အသွေးရှိသော ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဆိုင်ရာနည်းလမ်းပေါင်းစုံဖြင့် သင်ယူခွင့်တိုးချဲ့ခြင်းတို့ဖြစ်ပါသည်။

## ၁၀.၂။ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာမဟာဗျူဟာမြောက်အပြောင်းအလဲ

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍခွဲတွင် အသေးစိတ်လေ့လာဆန်းစစ်မှုကို အခြေခံထားသည်။ ၎င်းတို့မှာ-

(က) အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅)

(ခ) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အဆင့်-၂ အစီရင်ခံစာ၊

(ဂ) ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းအဖွဲ့၏ မူဝါဒစာတမ်း၊

(ဃ) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍခွဲတွင် ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုများနှင့်

(င) ပြည်တွင်း၊ ပြည်ပသုတေသနပြုချက်များအရ လေ့လာတွေ့ရှိရသော သင်ခန်းစာများဖြစ် ပါသည်။

### ၂၀၂၁ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် မဟာဗျူဟာမြောက်အပြောင်းအလဲ-

ပညာသင်ယူသူများအနေဖြင့် ၎င်းတို့၏ဘဝတစ်သက်တာသင်ယူမှုနှင့် အလုပ်အကိုင် မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် အရည်အသွေး အာမခံမှုရှိပြီး အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်များဖြင့် သင်ယူတတ်မြောက်လာနိုင်ကြမည်။

## ၁၀.၃။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာ ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

ဤအခန်းမှ မဟာဗျူဟာများတွင် ကမ္ဘာတစ်ဝန်း၌ရှိသော ကျောင်းပညာရေးစနစ်များဖြင့် ကျောင်းပြင်ပရောက်လူငယ်များ၏လိုအပ်ချက်အမျိုးမျိုးကိုဖြည့်ဆည်းပေးရန်လုံလောက်သောရင်းမြစ်များမရှိကြောင်းကို နိုင်ငံတကာအထောက်အထားများအရ သိခွင့်ရပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချကာ အစိုးရမဟုတ်သော ပံ့ပိုးဆောင်ရွက်မည့်သူများအား ဆောင်ရွက်စေခြင်းသည် တချို့သောအဟန့်အတားများကို ပိုမိုကျော်လွှားစေနိုင်ကြောင်း သုတေသနပြုချက်များက သက်သေပြ လျက်ရှိသည်။ ရလဒ်အခြေပြုအရည်အသွေး အာမခံမှုမူဘောင်အတွင်း ဆောင်ရွက်နေနိုင်သရွေ့ ရည်မှန်းထားသော အထောက်အပံ့များသည် ထိရောက်သော သင်ယူမှုကို ဖြစ်ပေါ်စေကြောင်း သာဓကများရရှိနေပါသည်။ နိုင်ငံတကာ သုတေသနများတွင်လည်း ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး သင်ယူမှုရလဒ်များကို အသိအမှတ်ပြုခြင်းနှင့် တရားဝင်ပြုလုပ်ခြင်းတို့၏အရေးပါမှုသည် လုပ်သားဈေးကွက်ရှိ လူသားအရင်းအမြစ်များ၏ ကျွမ်းကျင်မှုများကို မြင့်တက်စေကြောင်း သက်သေပြလျက်ရှိသည်။

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းသည် တစ်သက်တာလုပ်ငန်းစဉ်ဖြစ်၍သင်ယူသူတစ်ဦးချင်းအနေဖြင့်ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးလမ်းသွယ်အမျိုးမျိုးကိုလိုက်၍ သင်ယူနိုင်သည်။ ၎င်းတို့၏အသိပညာနှင့်ကျွမ်းကျင်မှုကို တိုးတက်ဖွံ့ဖြိုးစေ၍ အဆိုပါ သင်ယူလေ့လာမှုများကို အလုပ်အကိုင်အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်မှုရှိရမည်ဟု မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကျွမ်းကျင်သူများသည် ကျယ်ကျယ်ပြန့်ပြန့် သဘောထားခံယူချက်ချင်း တူညီကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်ရရှိနိုင်သော လက်ရှိသင်ယူနိုင်မှုလမ်းကြောင်းများမှာ အကန့်အသတ်များရှိနေသေးသဖြင့် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ချဲ့ထွင်ရေးအတွက် အတားအဆီး ဖြစ်နေပါသည်။

အထက်ပါ အချက်သုံးချက်ပေါ်အခြေခံ၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍခွဲအစီရင်ခံစာ၏ တွေ့ရှိချက်များကို တင်ပြထားသည်။ ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအတွက် အောက်ပါမဟာဗျူဟာသုံးရပ်ကိုလာမည့် (၅)နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်-

### ၁၀.၃.၁။ မဟာဗျူဟာ(၁) ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို မြှင့်တင်ခြင်း

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ အစီရင်ခံစာနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းအဖွဲ့၏ မူဝါဒများတွင် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍခွဲညှိနှိုင်းမှုနှင့်စီမံခန့်ခွဲမှု တိုးတက်လာမည်ဟု အကြံပြုထားသည်။ ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့က လုပ်ငန်းတာဝန်များကို လက်တွေ့ကျစွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ကွန်ရက်တစ်ရပ်ဖွဲ့စည်းရန် ထောက်ခံအကြံပြုထားပါသည်။ ဗဟိုထိန်းချုပ်မှုလျှော့ချရေးကို ဆောင်ရွက်ရန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး လုပ်ငန်း အဆင့်-၂ အစီရင်ခံစာတွင် ထောက်ခံထားပြီး နိုင်ငံတော်အစိုးရဦးဆောင်သည့်

ကဏ္ဍခွဲများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ရန်အတွက် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီကိုဖွဲ့စည်းရန် ထောက်ခံအကြံပြုထားပါသည်။

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဝန်ဆောင်မှုတွင် လိုက်လျောညီထွေပြောင်းလဲနိုင်မှုသည်အရေးကြီးပြီး၎င်းကိုဒေသအခြေပြု၍ဗဟိုထိန်းချုပ်မှုလျော့ချသော လည်ပတ်မှုပုံစံနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီး ဌာနအရာရှိများနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအကြံပေးပညာရှင်များ ဆွေးနွေးခဲ့ကြပါသည်။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစနစ် စီမံအုပ်ချုပ်မှုအပေါ် နိုင်ငံတကာအကောင်းဆုံးလေ့လာဆန်းစစ်မှု သာဓကများအရ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဖွဲ့စည်း၍ ဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန် (သို့မဟုတ်) ယင်းအဖွဲ့ကို ပညာရေးဝန်ကြီးဌာနလက်အောက်တွင် ထားရှိရန် အချက်ကို တညီတညွတ်တည်းလက်ခံထားကြသည်။ ယင်းအဖွဲ့သည် တရားဝင်အသိအမှတ်ပြုထားသော အဖွဲ့အဖြစ်ရပ်တည်ကာ အရည်အသွေး အာမခံမှုရှိသော စနစ်တစ်ခုကို ထိန်းသိမ်းရန်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် ဤမဟာဗျူဟာ၏ အောက်တွင် အောက်ပါကဏ္ဍများပါဝင်သော ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည် -

### လုပ်ငန်းအစီအစဉ်(၁)အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးမူဝါဒနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန၏ စွမ်းဆောင်နိုင်ရည်

#### (၁) အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးညှိနှိုင်းမှု ယန္တရားတစ်ခု တည်ထောင်ရေးသည် ပညာရေးဝန်ကြီးဌာနအတွက် ဦးစားပေးလုပ်ငန်းဖြစ်ပြီး ယင်းယန္တရားသည် အစိုးရနှင့် အစိုးရမဟုတ်သော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအကျိုးသက်ရောက်မှုရှိရန် အထောက်အကူပြုစေနိုင်ပါသည်။ အဆိုပြုထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးပူးပေါင်းဆောင်ရွက်မှုကော်မတီသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ၎င်းတို့ကအထောက်အကူပြုသည့် အကြံဉာဏ်များပေးရန်ဖြစ်သည်။

#### (၂) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးမူဝါဒရေးဆွဲခြင်း

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနအနေဖြင့် လတ်တလောတွင် ဦးစားပေး လုပ်ဆောင်ရမည့်လုပ်ငန်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကို သက်ဆိုင်သူအားလုံးနှင့် ဆွေးနွေးညှိနှိုင်း၍ ဘက်စုံလွှမ်းခြုံသည့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးမူဘောင်တစ်ရပ်ကိုအမျိုးသားအဆင့်ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ ပံ့ပိုးမှုဖြင့် ရေးဆွဲရပါမည်။ ဤအမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍခွဲအစီရင်ခံစာတွင် အဓိက စိန်ခေါ်မှုအဖြစ် သတ်မှတ်ထားသောကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးမူဘောင်ကိုရှင်းလင်းစွာ ဆွေးနွေးဖော်ပြထားသည်။





### (၃) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန၏စွမ်းဆောင်နိုင်ရည်

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍခွဲ အစီရင်ခံစာတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်အစိုးရ၏အထောက်အပံ့ဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရေရှည်တည်တံ့ခိုင်မြဲစေပြီး သီးခြားဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းရန်နှင့် အဆိုပါဦးစီးဌာနအတွင်း ဝန်ထမ်းများ လုံလောက်စွာ ခန့်ထားရန် လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။

## လုပ်ငန်းအစီအစဉ် (၂) အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာ အခြေခံအချက်အလက်နှင့် အချက်အလက်များကို စုဆောင်းထားသော စနစ်တစ်ခု ထူထောင်ခြင်း

### ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလိုအပ်ချက်နှင့် လုပ်ငန်းဆောင်တာဆိုင်ရာ အမျိုးသားအဆင့် အခြေခံအချက်အလက်

လက်ရှိ အထောက်အထားအားလုံးသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်ချက်နှင့် လုပ်ဆောင်နိုင်သည့် အချက်အားလုံး ပါဝင်သည့် အမျိုးသားအဆင့်အခြေခံအချက်အလက် ထိန်းသိမ်းထားရေး စနစ်တစ်ခုထူထောင်ရန် အထူးလိုအပ်ကြောင်း ထောက်ပြထားပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများကို မည်သူက မည်သည့်ဒေသတွင်လုပ်ဆောင်လျက်ရှိကြောင်း ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်မှ သင်ယူသူများက မည်သည်ကို အလိုရှိကြောင်း ပြည့်စုံစွာမသိဘဲ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကို မျှတမှုရှိအောင် လုပ်ဆောင်ပေးနိုင်မည်မဟုတ်ပါ။ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့် ကျေးလက်ကွဲပြားမှု၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်း လိုအပ်ချက်မြင့်မားသော ခရိုင်များ၊ မြို့နယ်များအလိုက် အချက်အလက်များရရှိမှုကိုစုဆောင်း၍ဖော်ထုတ်နိုင်ရမည်။

အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာ အချက်အလက်များစုစည်းထားသည့်နေရာ (Database) ထူထောင်ရာတွင် ပထမခြေလှမ်းအနေဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆောင်ရွက်နေသော အစိုးရ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း အားလုံး၏ အမျိုးသားအဆင့် အခြေခံအချက်အလက်များ ကောက်ယူရရှိရေးပင်ဖြစ်ပါသည်။ တာဝန်ယူ အကောင်အထည်ဖော်မည့် ဦးစီးဌာနသည် ကိန်းဂဏန်းအချက်အလက်များကို အပြည့်အစုံ ကောက်ယူနိုင်သည့် ပုံစံနှင့်ဇယားများ ရေးဆွဲစမ်းသပ်ရန် လိုအပ်ပါသည်။ အဆိုပြုထားသော အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဆိုင်ရာ အချက်အလက်များ စုစည်းထားသည့်နေရာ (database)သည် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ် (EMIS) နှင့် အပြည့်အဝချိတ်ဆက်ထားရပါမည်။

## ၁၀.၃.၂။ မဟာဗျူဟာ(၂) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာနည်းလမ်းပေါင်းစုံဖြင့် သင်ယူခွင့်တိုးချဲ့ပေးခြင်း

ပညာရေးဝန်ကြီးဌာနက လူတိုင်းအတွက်ပညာရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေးဖွံ့ဖြိုးမှု မြင့်မားရေးကို ဆောင်ရွက်ပေးရာတွင် အရည်အသွေးပြည့်ဝသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကို လက်လှမ်းမီသင်ယူနိုင်ခွင့်တိုးမြှင့်ပေးရန် လိုအပ်ပါသည်။ ကျောင်းပြင်ပရောက် ကလေးသူငယ်နှင့် လူငယ်၊ လူကြီးအရွယ်မရွေး လက်လှမ်းမီ၍ အရည်အသွေးရှိသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလမ်းကြောင်းများကို တိုးချဲ့ပေးရန် လိုအပ်နေကြောင်း အများသဘောတူလက်ခံထားကြပါသည်။


ယခုအချိန်၌ မြန်မာနိုင်ငံတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကို လက်လှမ်းမီမှုမှာများစွာ အားနည်းလျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များကို သတ်မှတ်ထားသော သင်ယူသူများအတွက်သာ ရည်ရွယ်ထားသဖြင့် မြို့နယ်အနည်းငယ်တွင်သာ သင်ယူခွင့်ရရှိနေပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးသင်ယူမှုလမ်းသွယ်အမျိုးမျိုးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်လှမ်းမီအောင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးတန်းညှိ အစီအစဉ်များနှင့် နိုင်ငံအနှံ့အပြားတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များကို တိုးချဲ့ရန် ကျွမ်းကျင်မှုရှိသော မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်သောအစိုးရမဟုတ်သော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဝန်ဆောင်မှု လုပ်ငန်းကို ကူညီထောက်ပံ့သူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကို ပေါက်မြောက်အောင်မြင်နိုင်ကြောင်း သိရှိထားပါသည်။


လက်ရှိအချိန်တွင် ကျောင်းပြင်ပ ရောက်နေသော လူငယ်များအတွက် ပညာသင်ယူနိုင်သော နည်းလမ်းများထဲတွင် ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ်သည် အဓိက နည်းလမ်း ဖြစ်သည်။ လူငယ်အများစုအတွက် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရန် ကျောင်းပြင်ပမူလတန်း ပညာတတ်ရုံမျှဖြင့် လုံလောက်မှုမရှိခြင်း၊ ကျောင်းပြင်ပအလယ်တန်းပညာသင်ယူနိုင်သည့်လမ်းကြောင်း မရှိသေးခြင်းသည် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုအတွက် အတားအဆီးဖြစ်စေပါသည်။ ကျောင်း ပြင်ပမူလတန်းပညာရေးတန်းညှိအစီအစဉ်မှ လေးပုံတစ်ပုံထက်နည်းသော သင်ယူသူများသည်သာ ပုံမှန်အလယ်တန်းကျောင်းသို့ ကူးပြောင်းရောက်ရှိခြင်းက ၎င်းတို့အတွက် တခြားသောလမ်းကြောင်းများ လိုအပ်နေသည်ကို ညွှန်ပြနေပါသည်။ အဆိုပါ လမ်းကြောင်းများမရှိခြင်းကြောင့် မိမိရင်းနှီး အားထုတ်မှုများကို အလုပ်အကိုင်အခွင့်အလမ်းများထဲသို့ ထည့်သွင်းအသုံးပြုနိုင်ခွင့်မရှိခြင်းက ကျောင်းပြင်ပ ပညာရေးတန်းညှိအစီအစဉ်ကို တန်ဖိုးလျော့စေပါသည်။ ထို့ကြောင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဖွံ့ဖြိုးတိုးတက်စေခြင်းတွင် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်၊ လူငယ်များနှင့်သက်ကြီးများအတွက်အခြေခံစာတတ်မြောက်ရေးနှင့်လုပ်ငန်းအကျိုးပြုစာတတ်မြောက်ရေးအစီအစဉ်တို့ကိုတိုးချဲ့ဆောင်ရွက်နိုင်ရန် အလေးပေးသင့်ပါသည်။

ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ်နှင့် ယခုအခါ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသော ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များအတွက် တရားဝင် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးမှာ အရေးကြီးသောပြဿနာတစ်ရပ်ဖြစ်နေပါသည်။ အတန်းပညာပြီးမြောက်မှုလက်မှတ်များသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးသင်ယူသူများအတွက် ဆက်လက်ပညာသင်ယူရန်လည်းကောင်း၊ အလုပ်အကိုင်လမ်းကြောင်းရွေးချယ်နိုင်ရန်လည်းကောင်း အဓိကဖြစ်နေပါသည်။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များအတွက် ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် ပြီးမြောက်မှု လက်မှတ်များမရရှိလျှင် သင်ယူသူများအဖို့ ရှေ့ဆက်ပညာ သင်ယူရန်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် လည်းကောင်း၊ ဆက်လက်လျှောက်လှမ်းရန် ခဲယဉ်းသွားပါမည်။ ဖော်ပြပါ ပုံ (၁၀.၁) တွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလမ်းကြောင်းများနှင့် ပညာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသော ကျောင်းပညာရေးလမ်းကြောင်းတို့အကြား ပြီးမြောက်မှုလက်မှတ်များ၏ ဆက်နွယ်ပုံကို ဖော်ပြထားသည်။

ပညာရေးဝန်ကြီးဌာနသည် ပညာသင်ယူသူများအတွက် ရွေးချယ်စရာလမ်းကြောင်းများကိုချဲ့ထွင်၍ ဆက်လက်ပညာဆည်းပူးရန် (သို့မဟုတ်) ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြုထားသောပြီးမြောက်မှု လက်မှတ်များဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးစနစ်နှင့်ပုံမှန်ကျောင်းပညာရေးစနစ်များအကြားကူးပြောင်းနိုင်ရန် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလမ်းကြောင်းအမျိုးမျိုးဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ယင်းအစီအစဉ်တွင် အောက်ပါလုပ်ငန်းစဉ်များ ပါဝင်ပါသည်-

ပုံ (၁၀.၁) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လမ်းသွယ်များပြပုံ






**လုပ်ငန်းအစီအစဉ်(၁) ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ်၊ အခြေခံနှင့်လုပ်ငန်းအကျိုးပြု စာတတ်မြောက်ရေးလုပ်ငန်းများနှင့် တခြားကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းအစီအစဉ်များကို တိုးချဲ့ခြင်း**

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် တရားဝင်အသိအမှတ်ပြုထားသည့် အစိုးရမဟုတ်သော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဝန်ဆောင်မှုပံ့ပိုးသူများနှင့် ပုဂ္ဂလိကမူလတန်းကျောင်း ဖွင့်ထားသူများ၏အရေအတွက်ကို တိုးမြှင့်ခြင်းဖြင့် ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ် ပညာသင်ယူခွင့်များကို တိုးချဲ့ရန် လိုအပ်ပါသည်။ တန်းညှိအစီအစဉ်တိုးချဲ့မှုနှင့် တခြားကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းအစီအစဉ်များကို မူလတန်းကျောင်းထွက်မှုနှုန်း အများဆုံးရှိသော ဒေသများတွင်လည်းကောင်း၊ ဝေးလံခေါင်ဖျားသောဒေသများတွင် လည်းကောင်း အဓိကထား၍ဆောင်ရွက်ပါမည်။ ကျောင်းပြင်ပ မူလတန်းပညာရေး တန်းညှိအစီအစဉ် ပြီးမြောက်သူများအား အခြေခံပညာမူလတန်းအဆင့်ပြီးမြောက်သည်ဟု အသိအမှတ်ပြုထားပြီးဖြစ်၍ ကျောင်းပညာရေး အလယ်တန်းအဆင့်သို့လည်းကောင်း၊ တခြားကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များသို့လည်းကောင်း ဆက်လက်တက်ရောက်သင်ကြားနိုင်ခွင့် ရရှိပါမည်။

**လုပ်ငန်းအစီအစဉ်(၂) ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ် ရှေ့ပြေး စမ်းသပ်ခြင်းနှင့် တိုးချဲ့ခြင်း**

အလယ်တန်းပညာရေးအစီအစဉ်ကို နိုင်ငံတော်အစိုးရ လုပ်ငန်းအစီအစဉ်အဖြစ် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ပြီးနောက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ဆောင်ရွက်သွားရပါမည်။ ဤအစီအစဉ်တွင်ပါဝင်သော မိတ်ဖက်အဖွဲ့အစည်းများကို ပညာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုပေးမည်ဖြစ်ပါသည်။ အလယ်တန်းပညာရေးအစီအစဉ်အောင်မြင်သူများအား ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုပြီးမြောက်ကြောင်း အောင်လက်မှတ်ကို ထုတ်ပေးရပါမည်။ သို့မှသာ အထက်တန်းကျောင်းနှင့်တခြား ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များတွင် ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

**လုပ်ငန်းအစီအစဉ်(၃) အမျိုးသားအဆင့် လူငယ်ပညာရေးအောင်လက်မှတ် အစီအစဉ် ဆောင်ရွက်ခြင်း**

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့်လူငယ်ပညာရေးအောင်လက်မှတ်ကို ထုတ်ပေးလိမ့်မည်။ ဤအောင်လက်မှတ်ဖြင့် ကျောင်းပြင်ပရောက် လူငယ်များအတွက် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်မှ သင်ယူမှုလမ်းသွယ်ဖြစ်သော နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာနှင့် လုပ်ငန်းအတတ်ပညာရပ်များကို ဆက်လက်သင်ယူနိုင်ကြလိမ့်မည်။ မကြာမြင့်သေးသည့် နှစ်များအတွင်း၌ လူငယ်များအတွက်ရည်ရွယ်၍ဖွင့်လှစ်မည့် အချိန်တို သင်တန်းအစီအစဉ်အများအပြားအတွက် အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ်ကို ထုတ်ပေးရန် စီစဉ်ထားသည်။ အမျိုးသားအဆင့် လက်တွေ့သင်တန်းများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် လူငယ်များလိုလားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာနှင့် လုပ်ငန်းအတတ်ပညာရပ်များကို တခြားသောနိုင်ငံများတွင် သင်ကြားပေးသည့် အလားတူအစီအစဉ်များ၏အကောင်းဆုံးပုံသဏ္ဌာန်များနှင့်ညှိနှိုင်း၍ပို့ချပေးရပါလိမ့်မည်။ အထူးသဖြင့် အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ်ကို ရယူရာတွင် သင်ယူမှုချဉ်းကပ် နည်းအမျိုးမျိုးဖြစ်သော အတန်းတွင်းသင်တန်း အခြေပြု သင်ကြားနည်း၊ အလုပ်သင်အဖြစ် လက်တွေ့သင်ယူနည်းများနှင့် လုပ်အားပေးအဖြစ် ပညာသင်ယူနည်းများပါဝင်လိမ့်မည်။ ပုံ(၁၀.၁)တွင် ဖော်ပြထားသည့်အတိုင်း အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ်များသည် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်နှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီး ဌာနမှ ဖွင့်လှစ်လျက်ရှိသော သင်တန်းများပါဝင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားအဆင့်

လူငယ်ပညာရေး အောင်လက်မှတ် (National Youth Education Certificate) များ ထုတ်ပေးခြင်းသည်ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးနှင့်နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးတို့အကြား ချိတ်ဆက်ပေးသောအရေးပါသည့် နိုင်ငံအဆင့်၏ အစီအစဉ်တစ်ခုဖြစ်လာပါမည်။

## ၁၀.၃.၃။မဟာဗျူဟာ(၃) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းများ၏ အရည်အသွေးကို အားကောင်းအောင် မြှင့်တင်ခြင်း

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ အစီရင်ခံစာတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအရည်အသွေးအပေါ် ကြီးကြပ်မှုနှင့်စီမံခန့်ခွဲမှုတိုးတက်ရန် လိုအပ်ကြောင်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကိုပံ့ပိုးသော အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှပေးသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဝန်ဆောင်မှုများ၏ အရည်အသွေးကို အကဲဖြတ်ရန်လိုကြောင်း ထောက်ခံ အကြံပြုထားပါသည်။ နိုင်ငံတကာမှ ပညာရေးဆိုင်ရာစာပေများက ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်အရည်အသွေးနှင့် စပ်လျဉ်း၍ အကဲဖြတ်မှုဆိုင်ရာ စံနှုန်းများ၊ အခြေပြုနည်းများ၏ အရေးကြီးပုံကို ထောက်ပြထားသည်။ ရင့်ကျက်၍ အစဉ်အလာကြီးမားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစနစ်များရှိသည့် တိုင်းပြည်များ၌ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဝန်ဆောင်မှုပေးသူများ လိုက်နာရမည့် အနိမ့်ဆုံးစံနှုန်းများကို သတ်မှတ်ထားကြပါသည်။ အဆိုပါ စံနှုန်း သတ်မှတ်ချက်များအရ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဝန်ဆောင်မှု ပေးသူ မည်သူမဆို၊ ဒေသနှင့်ကိုက်ညီသော အကြောင်းအရာအပေါ် အခြေခံ၍ အရည်အသွေး ဆိုင်ရာအင်္ဂါရပ်များကိုမည်သို့မည်ပုံရွေးချယ်သင့်ကြောင်းသတ်မှတ်ပေးလေ့ရှိပါသည်။ သင်ယူမှုရလဒ်များနှင့် ဆက်စပ်စံနှုန်းများကို နှစ်စဉ် အရည်အသွေးအကဲဖြတ်ခြင်းဖြင့် တိုင်းတာကြပါသည်။အရည်အသွေးမြင့်မားပြီးသင်ယူသူဗဟိုပြုသောကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်နေသူများအတွက် စံနှုန်းအခြေပြုအရည်အသွေးအကဲဖြတ်မှုဘောင်ကို ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် သိသာစွာ တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။

၎င်းပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ပညာရေးဝန်ကြီးဌာနသည်ဤလုပ်ငန်း အစီအစဉ်အရ အရည်အသွေးရှိသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်အမျိုးမျိုးကို အကောင်အထည်ဖော်ရပါမည်။

### လုပ်ငန်းအစီအစဉ်(၁) နိုင်ငံတော်အဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အရည်အသွေးစံအကဲဖြတ် အညွှန်းဘောင် ရေးဆွဲပြုစုခြင်း

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနသည် မြန်မာနိုင်ငံစာတတ် မြောက်ရေး အထောက်အကူပြုပြင်မဌာနနှင့်အတူ တခြားသော အဓိကပူးပေါင်း ဆောင် ရွက်သူများနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး စံနှုန်းအရည်အသွေး အကဲဖြတ်အညွှန်းဘောင်ကို ဖော်ထုတ်ပါမည်။ ယင်းအကဲဖြတ် အညွှန်းဘောင်သည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစာသင်ဌာနများတွင် သင်ယူမှုပတ်ဝန်းကျင်၊ လက်တွေ့သင်ကြားမှုများ၊ သင်ယူမှုရလဒ်များ၊ သင်ထောက်ကူပစ္စည်းများကို ထိန်း သိမ်းခြင်း၊ ရေနှင့်မိလ္လာစနစ်၊ သင်ယူမှုရင်းမြစ်များ၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဌာနဆိုင်ရာစီမံခန့်ခွဲမှုအစရှိသည့် သင်ကြားသင်ယူမှု လုပ်ငန်းအမျိုးမျိုး အတွက် အနိမ့်ဆုံးအရည်အသွေးစံနှုန်းများ သတ်မှတ်ပေးရပါမည်။ ဤအညွှန်းဘောင် အန္တိမရည်မှန်းချက်မှာ သင်တန်းသားများ၏ သင်ယူမှုရလဒ်များပင်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်စီမံခန့်ခွဲသူများက ကျောင်းပြင်ပနှင့်တစ်သက် တာ ပညာရေးအတွက် ကူညီထောက်ပံ့ပေးနေသောအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ဝန်ဆောင်မှု လုပ်ငန်းနှင့်စပ်လျဉ်း၍ အရည်အသွေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရန် ယုံကြည်ကိုးစားနိုင်သော ကိန်းဂဏန်းအချက်အလက်များကို စုဆောင်းရန် လိုအပ်ပါ သည်။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အရည်အသွေးစံနှုန်းများကို အလို အလျောက်စိစစ်၍ အစီရင်ခံနိုင်ရန်အတွက် နိုင်ငံတော်အဆင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး အရည်အသွေးအာမခံမှုအကဲဖြတ် အညွှန်းဘောင်ဆိုင်ရာ ကွန်ပျူတာပရိုဂရမ် (software) နှင့် အချက်အလက်ထိန်းသိမ်းရေးစနစ် (Database System) များကို ပုံဖော်ရေးဆွဲကာ အကောင်အထည်ဖော်ရန်လိုအပ်ပါလိမ့်မည်။

မြို့နယ်အခြေပြု ကျောင်းစစ်ဆေးသူများနှင့် စာရင်းသွင်းမည့် အမှုထမ်းများ အား အရည်အသွေးစံနှုန်းအကဲဖြတ်အညွှန်းဘောင်နှင့် ဆက်စပ်ကွန်ပျူတာပရိုဂရမ် အကြောင်း သင်တန်းပေးရပါမည်။ အဆိုပါ အမှုထမ်း၊ အရာထမ်းများသည် ပညာရေး စနစ်ထဲမှ တခြားဌာနများနှင့်ဆက်သွယ်ပြီး အချက်အလက်များကိုမျှဝေသုံးစွဲနိုင်ရန် ထိန်းသိမ်းရေးစနစ် (Database System) ထဲသို့ ထည့်သွင်း စုဆောင်းထားနိုင်ရန် ကြိုးပမ်းသင့်ပါသည်။

### လုပ်ငန်းအစီအစဉ်(၂) အမျိုးသားအဆင့်အောင်လက်မှတ်စနစ်ကို ရေးဆွဲပြုစုခြင်း

ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ်မှ သင်ယူအောင်မြင်သူ သင်တန်းသားများအား ပြီးမြောက်မှုအောင်လက်မှတ်ထုတ်ပေးပါသည်။ နိုင်ငံတော် အစိုးရက ဆောင်ရွက်သော နွေရာသီအခြေခံစာတတ်မြောက်ရေးအစီအစဉ်တွင်လည်း သင်တန်းပြီးဆုံးကြောင်း လက်မှတ်ထုတ်ပေးနေပါသည်။ ဤလက်မှတ်များဖြင့် တခြားသော သင်ယူမှုလမ်းကြောင်းများကို ဆက်လက်သင်ယူခွင့်ရရှိနိုင်သော်လည်း၊ အလုပ်အကိုင်ရရှိရေးအတွက် အာမခံမှုမပေးနိုင်သေးသည့် အနေအထားတွင် ရှိနေပါသည်။ တချို့သော ပြည်တွင်းအဖွဲ့အစည်းများ၏ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်များအနေဖြင့် ကျွမ်းကျင်မှုအခြေပြုအောင်လက်မှတ်များ ထုတ်ပေး သော်လည်း ယင်းလက်မှတ်များကို ပညာရေးဝန်ကြီးဌာနက အသိအမှတ်မပြုပါ။ ဤကဲ့သို့ အသိအမှတ်ပြုမှုမရှိခြင်းသည် သင်ယူသူတို့အား အလုပ်အကိုင်ရရှိရေးနှင့် ရှေ့ဆက်လက်၍ ပညာသင်ယူရေးအတွက် အာမခံချက်မရှိသော အနေအထားတွင် ရှိနေပါသည်။ဤသို့ဖြင့်နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကို ဆက်လက် ၍ ဆည်းပူးလိုသူများအတွက် လိုအပ်သောပညာရေးဆိုင်ရာအရည်အချင်းနှင့်ပတ်သက် ၍ အသိအမှတ်ပြုသည့်အထောက်အထားပြသရန် အခက်အခဲရှိနေပါသည်။

အကယ်၍ ပညာရေးဝန်ကြီးဌာနက ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး၏ တန်းညှိအစီအစဉ်ကို အသိအမှတ်ပြုနိုင်ပါက နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးလမ်းကြောင်းများ၊ လုပ်သားဈေးကွက်နှင့်ပုံမှန်ကျောင်းပညာရေးစနစ်များ သို့ ဝင်ရောက်ရန်သင်ယူလိုသူ အများအပြားအတွက် လမ်းပွင့်လာမည်ဖြစ်ပြီး ကျောင်း ပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များအပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများရရှိနိုင်ပါသည်။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်အားလုံးအတွက် အမျိုးသားအဆင့်ပြီးမြောက်မှုလက်မှတ်များထုတ်ပေးရန် မလိုအပ်သေးသော်လည်း၊ ပညာရေးဝန်ကြီးဌာနက အတည်ပြုထားသည့် ကျောင်းပြင်ပ နှင့်တစ်သက်တာ ပညာရေးအစီအစဉ်များအတွက် သင်ယူပြီးမြောက်သူတို့အား ပြီး မြောက်ကြောင်း အောင်လက်မှတ်များထုတ်ပေးရန် လိုအပ်ပါမည်။

ဤအစီအစဉ်တွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနက သင်တန်း သားများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်အသိအမှတ်ပြုသည့် ပြီးမြောက်ကြောင်း အောင်လက်မှတ်များ ထုတ်ပေးသော စနစ်တစ်ခုကို ဖော်ဆောင်ရပါမည်။

## လုပ်ငန်းအစီအစဉ်(၃) ဆရာအတတ်ပညာတတ်ကျွမ်းမှုနှင့် ဆရာအတတ်ပညာသင်တန်း အစီအစဉ်ရေးဆွဲပြုစုခြင်း

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးနှင့် ကျောင်းပညာရေးစနစ်များတွင် သင်ယူမှုရလဒ်များတိုးတက်ကာ ရေရှည်တည်တံ့စေရန်အတွက် ဆရာများသည် အဓိကကျကြောင်း နိုင်ငံတွင်းနှင့်နိုင်ငံတကာ သုတေသနတွေ့ရှိချက်များက ဖော်ပြနေပေသည်။ ထို့ကြောင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးအစီအစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအနေဖြင့် အမျိုးသားအဆင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဆရာအတတ်ပညာသင်တန်း အစီအစဉ်တစ်ခုကို သီးသန့်ရေးဆွဲ၍အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ အဆိုပါအစီအစဉ်အတွက် အရေးကြီးဆုံးပထမခြေလှမ်းမှာ ဆရာ၏ကျွမ်းကျင်မှု အရည်အချင်းကို အကဲဖြတ်၍ အသိအမှတ်ပြုမည့် အစီအစဉ်တစ်ရပ် ရေးဆွဲအတည်ပြုရေးပင် ဖြစ်ပါသည်။ အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဆရာအတတ်ပညာလေ့ကျင့်ရေးအစီအစဉ်ကို ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး သင်တန်းကျောင်းများတွင် ဆရာအတတ်ပညာကျွမ်းကျင်သည့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး သင်တန်းဆရာများက ပို့ချလေ့ကျင့်ပေးရပါမည်။



## ၁၀.၄။ ရလဒ်အညွှန်းဘောင်များ

### ၁၀.၄.၁။ အဆင့်မြင့်ရလဒ် အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ပညာသင်ယူသူများအနေဖြင့် ၎င်းတို့၏ ဘဝတစ်သက်တာ သင်ယူမှုနှင့် အလုပ်အကိုင် မျှော်မှန်းချက်များပေါက်မြောက် အောင်မြင်စေရန် အရည်အသွေးအာမခံမှုရှိပြီး အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်များဖြင့် သင်ယူတတ်မြောက်လာနိုင်ကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို မြှင့်တင်ခြင်း။ | **မဟာဗျူဟာ (၂)**<br>ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာနည်းလမ်း ပေါင်းစုံဖြင့် သင်ယူခွင့် တိုးချဲ့ပေးခြင်း။ | **မဟာဗျူဟာ (၃)**<br>ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး လုပ်ငန်းများ၏ အရည်အသွေးကို အားကောင်းအောင်မြှင့်တင်ခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | ပညာရေးဝန်ကြီးဌာနနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများသည်ကျောင်းပြင်ပရောက် သင်ယူသူများအတွက် အရည်အသွေးရှိသော ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိအစီအစဉ်၊အလယ်တန်းပညာရေးအစီအစဉ်များနှင့် တခြားကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခြင်း။ | ကျောင်းပြင်ပ မူလတန်း ပညာရေး တန်းညှိအစီအစဉ်၊ အလယ်တန်းပညာရေး အစီအစဉ်၊ နိုင်ငံတော်အစိုးရခွင့်ပြုထားသော တခြား ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်များတွင် တက်ရောက်သော ကျောင်းသားများ အောင်မြင်ပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းကို စွမ်းဆောင်နိုင်ရန် ၎င်းတို့၏ အောင်မြင်မှုကို အသိအမှတ်ပြုသည့်နိုင်ငံတော်အစိုးရအသိအမှတ်ပြုအောင်လက်မှတ်များကို ရရှိထားခြင်း။ | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဝန်ဆောင်မှုပေးသူများသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အကောင်အထည်ဖော်မှုကို တိုးတက်ကောင်းမွန်စေရန်နှင့် အနိမ့်ဆုံးအဆင့် အမျိုးသားအရည်အသွေး စံသတ်မှတ်ချက်များကို ပြည့်မီလာစေရန်အတွက် နှစ်စဉ်အရည်အသွေး စံအကဲဖြတ်မှုမှ တွေ့ရှိချက်များကိုအသုံးပြုနိုင်ခြင်း။ |
| ရလဒ် အညွှန်းကိန်းများ | -ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိ အစီအစဉ်နှင့် အလယ်တန်းပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်ရန် တည်ထောင်ထားသော မိတ်ဖက်အဖွဲ့ အစည်းအရေအတွက်။<br><br>- တခြား ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်ရန် တည်ထောင်ထားသော မိတ်ဖက်အဖွဲ့ အစည်းအရေအတွက်။<br><br>-ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိ အစီအစဉ်နှင့် အလယ်တန်း ပညာရေး အစီအစဉ်များကို သင်ယူခွင့်ရသော လူငယ်ရာခိုင်နှုန်း။<br><br>-ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိ အစီအစဉ်နှင့် အလယ်တန်း ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်သော မြို့နယ်များရာခိုင်နှုန်း။ | - ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ်နှင့် အလယ်တန်း ပညာရေးအစီအစဉ်များကို အောင်မြင်ပြီး ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြုထားသော တန်းညှိအောင်လက်မှတ်များရရှိသော သင်ယူသူများရာခိုင်နှုန်း။<br><br>- နိုင်ငံတော်အစိုးရ ခွင့်ပြုထားသော တခြား ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီ အစဉ်များကို အောင်မြင်ပြီး ပညာရေး ဝန်ကြီးဌာန အသိအမှတ်ပြုထားသောတန်းညှိအောင်လက်မှတ်များ ရရှိထားသော သင်ယူသူများ ရာခိုင်နှုန်း။ | -ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး၏ လွတ်လပ်သော အရည်အသွေး စံအကဲဖြတ်မှုအရ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး အမျိုးသားအခြေခံအချက်အလက်တွင် စာရင်းသွင်း မှတ်ပုံတင်ထားသော ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးစခန်းများ ရာခိုင်နှုန်း။<br><br>- အနိမ့်ဆုံး အရည်အသွေးစံသတ်မှတ်ချက်မမီ၍ ပညာရေးဝန်ကြီးဌာနက စွမ်းဆောင်ချက် ပြုပြင် (သို့မဟုတ်) မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန်စာဖြင့် အကြောင်းကြားထားသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစခန်းများ ရာခိုင်နှုန်း။ |

## ၁၀.၄.၂။ မဟာဗျူဟာ(၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၁) ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို မြှင့်တင်ခြင်း။ | | |
|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | ပူးပေါင်းဆောင်ရွက်ရေးနှင့်စီမံခန့်ခွဲရေးအစီအစဉ် | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဖွဲ့စည်းခြင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးမူဝါဒရေးဆွဲခြင်းနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန၏ စွမ်းဆောင်နိုင်ရည်မြှင့်တင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာ အခြေခံအချက်အလက်နှင့် အချက်အလက်များကိုစုဆောင်းထားသော စနစ်တစ်ခုထူထောင်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနသည် (၁) အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ အကြံပြုချက်များဖြင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍကို ပူးပေါင်းဆောင်ရွက်ခြင်း၊ (၂) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအမျိုးသားလုပ်ငန်း အစီအစဉ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း၊ (၃) ဆန်းသစ်သော မူဝါဒ ဖြေရှင်းမှုများနှင့် လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အမျိုးသားအဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးအခြေခံအချက်အလက်များကို အသုံးပြုနိုင်ခြင်း။ | ပညာရေးစနစ်အဆင့်အားလုံးတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အမျိုးသားအဆင့် အချက်အလက်များကို အသုံးပြုနိုင်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးမူဝါဒ(ကျဉ်း) စောင်ရေ (၁၀,၀၀၀) ကို နိုင်ငံတစ်ဝန်းရှိပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများသို့ ဖြန့်ဝေခြင်း။ | - ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစခန်း (၂၀၀၀)ကို အခြေခံအချက်အလက် ကောက်ယူခြင်း။<br><br>- အမျိုးသားအဆင့် (ICT) အခြေပြုကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအခြေခံ အချက်အလက်များကို စုဆောင်းထားရှိခြင်းနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဦးစီးဌာနတွင် ဝန်ထမ်းများသည် ယင်းတို့ကို အမြဲမပြတ် အသုံးပြုခြင်း။<br><br>- ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအချက်အလက်များကိုအချိန်နှင့် တစ်ပြေးညီ ညှိထားနိုင်ရန် အစီရင်ခံသည့်စနစ်ကို ထားရှိခြင်း။ |

## ၁၀.၄.၃။ မဟာဗျူဟာ (၂)ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

**မဟာဗျူဟာ (၂)** ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာနည်းလမ်းပေါင်းစုံဖြင့် သင်ယူခွင့်တိုးချဲ့ပေးခြင်း။

**မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဆိုင်ရာနည်းလမ်းပေါင်းစုံဖြင့် သင်ယူခွင့်အစီအစဉ်

| | | | |
|---|---|---|---|
| **လုပ်ငန်းအစီအစဉ်များ** | **လုပ်ငန်းအစီအစဉ် (၁)**<br>ကျောင်းပြင်ပ မူလတန်းပညာရေး တန်းညှိအစီအစဉ်၊ အခြေခံစာတတ်မြောက်ရေး၊ လုပ်ငန်းအကျိုးပြု စာတတ်မြောက်ရေးလုပ်ငန်းများနှင့်တခြားကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်များကို တိုးချဲ့ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ် ရွေ့ပြောင်းစမ်းသပ်ခြင်းနှင့် တိုးချဲ့ခြင်း။။ | **လုပ်ငန်းအစီအစဉ် (၃)**<br>အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ် အစီအစဉ်ဆောင်ရွက်ခြင်း။ |
| **စီမံကိန်းကာလ အတွင်း ရလဒ်များ** | မြို့နယ်များ၏၂၀ရာခိုင်နှုန်းတွင်ကျောင်းပြင်ပ မူလတန်း ပညာရေးတန်းညှိအစီအစဉ်၊ အခြေခံစာတတ်မြောက်ရေး၊ လုပ်ငန်းအကျိုးပြု စာတတ်မြောက်ရေးလုပ်ငန်းများနှင့် တခြားကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အစီအစဉ်များကိုဆောင်ရွက်နေသောမိတ်ဖက် NGOs, INGOs, CBOs နှင့် Private sector အဖွဲ့အစည်းများကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | မြို့နယ်များ၏ ၂ရာခိုင်နှုန်းတွင် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်ကိုဆောင်ရွက်နေသော မိတ်ဖက် NGOs, INGOs, CBOsနှင့် Private sector အဖွဲ့အစည်းများကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် စမ်းသပ်အကောင်အထည်ဖော်ခြင်း။ | အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ်ထုတ်ပေးခြင်း၊ ရွေ့ပြောင်းစမ်းသပ် ဆောင်ရွက်ခြင်းနှင့် တရားဝင်စတင်ဆောင်ရွက်ခြင်း။ |
| **စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး)** | ကျောင်းပြင်ပ မူလတန်းပညာရေး တန်းညှိအစီအစဉ်၊ အခြေခံစာတတ်မြောက်ရေး၊ လုပ်ငန်းအကျိုးပြု စာတတ်မြောက်ရေးလုပ်ငန်းနှင့် တခြားကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် NGOs, INGOs, CBOs နှင့် Private Sector မိတ်ဖက်အဖွဲ့အစည်းများ ၂၀ ရာခိုင်နှုန်းကိုအသိအမှတ်ပြုခြင်း။ | ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် NGOs, INGOs, CBOs နှင့် Private Sector မိတ်ဖက် အဖွဲ့အစည်းများ ၂ရာခိုင်နှုန်းကို အသိအမှတ်ပြုခြင်း။ | အမျိုးသားအဆင့်လူငယ် ပညာရေး အောင်လက်မှတ်အကောင်အထည်ဖော်နေသည့် NGOs, INGOs, CBOs နှင့် Private Sector မိတ်ဖက် အဖွဲ့အစည်းများ ၂၅ ရာခိုင်နှုန်းကို အသိအမှတ်ပြုခြင်း။ |

## ၁၀.၄.၄။ မဟာဗျူဟာ (၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၃) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလုပ်ငန်းများ၏အရည်အသွေးကို အားကောင်းအောင်မြှင့်တင်ခြင်း။ | | | |
|---|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | အရည်အသွေးရှိသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ် | | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>နိုင်ငံတော်အဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အရည်အသွေး စံအကဲဖြတ် အညွှန်းဘောင်ရေးဆွဲပြုစုခြင်း။(AE-QSAF) | **လုပ်ငန်းအစီအစဉ် (၂)**<br>အမျိုးသားအဆင့် အောင်လက်မှတ် စနစ်ကို ရေးဆွဲပြုစုခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>ဆရာအတတ်ပညာတတ်ကျွမ်းမှုနှင့်ဆရာအတတ်ပညာသင်တန်း အစီအစဉ်ကို ရေးဆွဲပြုစုခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး သင်ယူခွင့်နှင့် အရည်အသွေးတိုးတက်ရန် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ထောက်ပံ့ပေးသူများသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အရည်အသွေး စံသတ်မှတ်ချက်အကဲဖြတ် အစီရင်ခံစာမှ အချက်အလက်များကို အသုံးပြုခြင်း။ | ကျောင်းပြင်ပ မူလတန်းပညာရေးတန်းညှိ အစီအစဉ်၊ အလယ်တန်းပညာရေး အစီအစဉ်နှင့် တခြားကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်များပြီးမြောက်သော ကျောင်းသားများသည် ပညာရေးဝန်ကြီးဌာနက ထုတ်ပေးသည့် နိုင်ငံတော်အဆင့်အောင်လက်မှတ်ရရှိခြင်း။ | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး တန်းညှိအစီအစဉ်နှင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်များ အောင်မြင်စွာအကောင်အထည် ဖော်ရန် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ကူညီထောက်ပံ့သူ ဆရာများ (Facilitators) သည် အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများရရှိလာခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး စာသင်ဌာနများတွင် အရည်အသွေးဆိုင်ရာစံ သတ်မှတ်ချက် အကဲဖြတ်မှု အစီရင်ခံစာ (၃၀၀)ပြုစုရိုက်နှိပ်ဖြန့်ချီခြင်း။ | ကျောင်းပြင်ပ မူလတန်းပညာရေး တန်းညှိ အစီအစဉ်၊ အလယ်တန်း ပညာရေး အစီအစဉ်နှင့်တခြား ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး အစီအစဉ်များတွင် တက်ရောက်သော သင်တန်းသား ၅၀ ရာခိုင်နှုန်းသည် အောင်မြင်ပြီးမြောက်ကာ နိုင်ငံတော် အသိအမှတ်ပြု အောင်လက်မှတ်ရရှိခြင်း။ | ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ကူညီပံ့ပိုးသူ စုစုပေါင်း (၃၀၀)ဦးသည် ဆရာအတတ်ပညာ သင်တန်းတက်ရောက်ခြင်း။ |

၁၁

# နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး








နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး

အခန်း ၁၁

# နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး

## ၁၁.၀။ နိဒါန်း

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ အဓိကရည်ရွယ်ချက်မှာ သင်ယူသူတို့အား အလုပ်အကိုင်ရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အသိပညာရပ်များ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများကို သင်ကြားပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် လုပ်သားဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်အစိုးရ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်လည်း ကောင်းစွာချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အရည်အသွေးမြင့်မားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် လုပ်ငန်းကျွမ်းကျင်ပြီး အရည်အသွေးရှိသော လုပ်သားများကို မွေးထုတ်ပေးနိုင်၍ နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါသည်။ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်အစိုးရ၏ အဓိကစီးပွားရေးကဏ္ဍဖြစ်ပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ၏ ၃၆ ရာခိုင်နှုန်း ရရှိစေကာ လုပ်သားအင်အား၏ ၅၂ ရာခိုင်နှုန်းကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ပါသည်။ McKinsey သုတေသနအဖွဲ့၏ အစီရင်ခံစာ၌ မြန်မာနိုင်ငံတွင် အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်မှု၏ ၉၀ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတို့ဖြစ်မည်ဟု ခန့်မှန်းထားသည်။ သို့အတွက်ကြောင့် လာမည့်နှစ်များတွင် နိုင်ငံတော်အစိုးရ၏ စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့တွင် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လျက်ရှိနေမည် ဖြစ်ပါသည်။

နိုင်ငံတကာလေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းသော နိုင်ငံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများ လာမည့်နှစ်များအတွင်း သိသိသာသာပိုမို ဝင်ရောက်လာနိုင်မည်ဟု ခန့်မှန်းထားကြပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို စက်မှုဇုန် (၁၈) ခုတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်လျက်ရှိသော စက်မှုလုပ်ငန်းများသည် နိုင်ငံတော်အစိုးရ၏ စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုး (GDP) ကို ၂၀ ရာခိုင်နှုန်းကျော် ပံ့ပိုး ပေးလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ အကူအညီဖြင့် အထူးစီးပွားရေးဇုန် (၃)ခုတည်ဆောက်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ်တွင် စီးပွားရေးလုပ်ငန်း ၃,၀၀၀ မှ ကောက်ယူခဲ့သော မြန်မာ့စီးပွားရေးစစ်တမ်းအရ စီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၏အဓိကအဟန့်အတားတစ်ခုမှာ ကျွမ်းကျင်လုပ်သား နည်းပါးခြင်းပင်ဖြစ်သည်။ ထို့ပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအများစု၏ စွမ်းဆောင်ရည်မှာ အကန့်အသတ်နှင့်ရှိနေပါသည်။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍတစ်ခုလုံးအတွက် ဝန်ကြီးဌာနအချင်းချင်းနှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်အတွက် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ (TVET Task Force) ကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

နေပြည်တော်သဘောတူညီချက် (Nay Pyi Taw Accord) အရ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးမည့် မဟာဗျူဟာများကို နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးမှုမိတ်ဖက်များ၏အကူအညီဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့ (EOSWG)ကို ဖွဲ့စည်းခဲ့သည်။ လက်ရှိအခြေအနေတွင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ တစ်ခုလုံးကိုစုစည်း၍ ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ခု လိုအပ်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များနှင့်ပါ ပေါင်းစည်းမိပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏အမျိုးသားအဆင့် အရည်အသွေးမူဘောင်သည် အာဆီယံအရည်အသွေးမူဘောင် (ASEAN Qualifications Reference Framework) နှင့် ကိုက်ညီ၍ အချိတ်အဆက်မိရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်သည် စီးပွားရေးကဏ္ဍအသီးသီးရှိ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရည်အသွေးမြင့်မားသော လုပ်သားအင်အားစုကို မွေးထုတ်နိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများသည်လည်း အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ ကျွမ်းကျင်မှုစံများနှင့် ရင်ပေါင်တန်းနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အားနည်းနေသော ကဏ္ဍများတွင် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လိုသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနေသူများအတွက်လည်း သင့်လျော်ဆီလျော်မှုရှိသော လိုအပ်ချက်အခြေပြု နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများ ဖွင့်လှစ်သွားရန် လိုအပ်လျက်ရှိပါသည်။

## ၁၁.၁။ ဥပဒေနှင့်မူဝါဒနောက်ခံ

မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးနှင့် ဆက်စပ်လျက်ရှိသော အဓိက ဥပဒေ (၃)ခုရှိပါသည်။ ၎င်းတို့မှာ အမျိုးသားပညာရေးဥပဒေ၊ စက်မှု၊ စိုက်ပျိုးနှင့်သက်မွေးပညာရေး ဥပဒေ (၁၉၇၄)နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(၂၀၁၃) တို့ဖြစ်သည်။

၁၉၇၄ ခုနှစ် စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေအား ခေတ်နှင့်အညီ ပြန်လည်ရေးဆွဲနိုင်ရန် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကျွမ်းကျင်မှုနယ်ပယ်အားလုံးကို လွှမ်းခြုံနိုင်ရန်အတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ဥပဒေ(မူကြမ်း)ကို အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ (TVET Task Force) က ဦးဆောင်၍ ရေးဆွဲခဲ့ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာအရည်အသွေး ပြည့်ဝစေရေးအတွက် အမျိုးသားပညာရေးဥပဒေနှင့်ဆက်စပ်ဥပဒေများဖြစ်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကပညာရေးဥပဒေတို့က အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်သကဲ့သို့ အဆိုပါဥပဒေများနှင့်လည်း လုပ်ငန်းခွင်ထဲ ရောက်ရှိနေသူများနှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်လာသူများအတွက် လေ့ကျင့် သင်ကြားပေးသော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့်လည်း ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၁၁.၂။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ


ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ အစီရင်ခံစာများတွင် ဖော်ပြပါရှိသော အချက်အလက်များ၊ ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ မူဝါဒများ၊ ဆက်စပ်ဥပဒေများပါ ပြဋ္ဌာန်းချက်များကိုအခြေခံ၍ မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် အောက်ပါမဟာဗျူဟာမြောက်အပြောင်းအလဲကို သတ်မှတ်ထားပါသည်။

### ၂၀၂၁ ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် မဟာဗျူဟာမြောက်အပြောင်းအလဲ

ပိုမိုထိရောက်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်အောက်တွင် အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက်၏ လိုအင်နှင့် လိုက်လျောညီထွေမှုရှိသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအစီအစဉ်များကို သင်ယူသူများသည် ပိုမိုတက်ရောက်ခွင့်ရရှိလာပြီး ပြီးဆုံးသည်အထိ အောင်မြင်တတ်မြောက်လာကြမည်။



**ပုံ (၁၁.၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး လမ်းသွယ်များပြပုံ**






## ၁၁.၃။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက် အောင်မြင်စေမည့် မဟာဗျူဟာများ

နိုင်ငံတွင်းနှင့် နိုင်ငံတကာလေ့လာဆန်းစစ်ချက်များအရ အရည်အသွေးပြည့်ဝသော လုပ်သားများရှိခြင်းသည် စီးပွားရေးကဏ္ဍတွင် ယှဉ်ပြိုင်လုပ်ဆောင်နိုင်မှုကို များစွာ အထောက်အကူပြုပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွား၍ ဆင်းရဲမှု လျော့ကျစေကာ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရည်အသွေး မြင့်မား၍ ကဏ္ဍစုံလွှမ်းခြုံပြီး တစုတစည်းတည်းဖြစ်စေသည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍက အဓိကလုပ်ဆောင်ပေးပါသည်။

အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်သူများ၊ သက်မွေးပညာရပ်ကို စိတ်ဝင်စားသောသူများ၊ ကျေးလက်ဒေသနေသူများ၊ အခွင့်အလမ်းနည်းပါးသူများနှင့် မသန်စွမ်းသူများ သင်ယူနိုင်သော လိုအပ်ချက် အခြေပြု နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းမျိုး ဖြစ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရှိလူငယ်များ၏ အလုပ်လက်မဲ့ပြဿနာကိုဖြေရှင်းရန်နှင့် နိုင်ငံတော်အစိုးရ၏စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် အရေးပါသောအခန်းကဏ္ဍတစ်ခု ဖြစ်လာပါသည်။ မြန်မာနိုင်ငံ၏စီးပွားရေးသည် ခေတ်မီနည်းပညာကိုအခြေခံသောစနစ်သို့ ရွေ့လျားကူးပြောင်းနေသည်ဖြစ်ရာ စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် နည်းပညာများ၏ တောင်းဆိုမှု မြင့်မားလာသောကြောင့် အလယ်အလတ်နှင့် အဆင့်မြင့်ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်လည်း မြင့်မားလာပါသည်။ သို့အတွက်ကြောင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ၏ လိုအပ်ချက်များလည်း အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေမည် ဖြစ်ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး လိုအပ်သောနယ်ပယ်များတွင် လုပ်ငန်းရှင်များနှင့် သင်တန်းကျောင်းများ ချိတ်ဆက်ပူးပေါင်းလုပ်ဆောင်နိုင်ပါက ပိုမိုထိရောက်လာမည်ဖြစ်ပါသည်။ ထို့ပြင် ဆက်စပ်ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းခိုင်မာရန်လည်း လိုအပ်လျက်ရှိပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်မှု အခွင့်အလမ်းများနှင့် လုပ်ငန်းခွင်သို့သွားနိုင်မည့် လမ်းသွယ်များ ပြပုံကို ပုံ (၁၁.၁) တွင် ဖော်ပြထားပါသည်။

အဆိုပါအချက်အလက်များပေါ် အခြေခံ၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၌ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ ကဏ္ဍခွဲအစီရင်ခံစာတွင် နောင်လာမည့် (၅)နှစ်အတွင်း နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး မဟာဗျူဟာ အပြောင်းအလဲဖြစ်ထွန်းနိုင်ရန် အောက်ဖော်ပြပါ မဟာဗျူဟာများကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

## ၁၁.၃.၁။မဟာဗျူဟာ(၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးသို့ တက်ရောက်လိုသူများ (မသန်စွမ်းသူများ၊ အခွင့်အလမ်းနည်းပါးသောသူများ စသည်တို့အပါအဝင်) သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအတွင်း နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများသို့တက်ရောက်လိုသူများ (မသန်စွမ်းသူများ၊ အခွင့်အလမ်း နည်းပါးသောသူများ၊ ကျေးလက်နှင့် ဝေးလံဒေသရှိသူများ စသည်တို့အပါအဝင်) သင်ယူနိုင်သော အခွင့်အလမ်းများတိုးချဲ့ဆောင်ရွက်ရန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်-၂၊နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအစီရင်ခံစာ၌ ထောက်ခံအကြံပြုထားပါသည်။ ၂၀၁၃ခုနှစ် ခန့်မှန်းတွက်ချက်မှုအရ အခြေခံပညာမူလတန်းမှအထက်တန်းထိ တစ်သုတ်လျှင် ကျောင်းသား (၁,၀၀၀,၀၀၀) ခန့်ကျောင်းပြင်ပသို့ ရောက်ရှိသွားသည့်အတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍမှ သင်ယူမှုအခွင့်အလမ်းများ ပိုမိုပေးရန်လိုအပ်နေပါသည်။ ထို့ပြင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကို စိတ်ဝင်စားသောသူများတက်ရောက်နိုင်ရန်အတွက်လည်း အခွင့်အလမ်းများဖန်တီးပေးရမည်ဖြစ်ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများသို့ တက်ရောက်နိုင်မှု အခွင့်အလမ်း အကန့်အသတ်ဖြစ်နေခြင်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များရှိနေခြင်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးတိုးတက်မှုကို အဟန့်အတားများဖြစ်စေနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် (၅)နှစ်အထက် အသက်မွေးဝမ်းကျောင်းသင်တန်းတက်ရောက်ပြီးသော ဦးရေသည် (၆၀,၂၇၀)ဦးဖြစ်ပြီး လူဦးရေ၏ ၀.၁၃ ရာခိုင်နှုန်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်၍ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး အခွင့်အလမ်းများ ပိုမိုတိုးချဲ့ရန် အရေးတကြီးလိုအပ်လျက်ရှိပြီး အထူးသဖြင့် အခွင့်အလမ်းနည်းပါးသောသူများ (ဝေးလံခေါင်ဖျား ဒေသရှိသောသူများနှင့် ဆင်းရဲနွမ်းပါးသောသူများ)အတွက် သင်ယူမှုအခွင့်အလမ်းများ ပိုမိုဖန်တီးပေးရပါမည်။

ယခုအခါကျွမ်းကျင်လုပ်သားရင်းမြစ်လိုအပ်ချက်များ မြင့်မားလာလျက်ရှိရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးစွမ်းဆောင်ရည်ကို အလျင်အမြန်တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်လျက်ရှိနေသည်။ သို့ဖြစ်ပါ၍ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး အခွင့်အလမ်းများတိုးမြှင့်ရန်အတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်း၍ အခွင့်အလမ်းပိုင်းဆိုင်ရာလမ်းကြောင်းများကို တစုတစည်းတည်းဖြစ်အောင် ပြုပြင်စီမံထားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

ဤစီမံကိန်းလုပ်ငန်း၏ ပထမရည်ရွယ်ချက်မှာ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်စေရေးအတွက် လက်ရှိသင်ကြားလျက်ရှိသော ကာလရှည်သင်တန်းများ၊ ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းများ၊ ဝေးလံဒေသနှင့် ကျေးလက်ဒေသများတွင် ရွေ့လျားသင်တန်းကျောင်းများဖွင့်လှစ်ရန်ဖြစ်ပြီးဒုတိယရည်ရွယ်ချက်မှာ ဒေသလိုအပ်ချက်အရ တစ်နေရာတည်းတွင် တစုတစည်းတည်း သင်ကြားနိုင်သော ပိုလီတက်ကနစ်ကျောင်း/သိပ္ပံများကိုဖွင့်လှစ်ရန်ဖြစ်ပါသည်။ ပိုလီတက်ကနစ်ကျောင်းများသည် ဝန်ကြီးဌာနများမှဖွင့်လှစ်သင်ကြားနေသော သက်မွေးသင်တန်းများကိုစုစည်း၍ သင်ကြားမည်ဖြစ်ပြီး ကွဲပြားပြန့်ကျဲနေသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍကို ပေါင်းစည်းခွင့်ရရှိစေမည်ဖြစ်ပါသည်။ အခွင့်အလမ်းပိုင်းဆိုင်ရာ တစုတစည်းတည်းဖြစ်စေသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍကို အကောင်အထည်ဖော်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းအစီအစဉ် (၅)ရပ်ကို ဖော်ထုတ်ရေးဆွဲထားပါသည်။

### လုပ်ငန်းအစီအစဉ်(၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ အခွင့်အလမ်းပိုင်းဆိုင်ရာ လမ်းကြောင်းများကို စုစည်းထားသောစနစ်တစ်ခု ဖော်ဆောင်ခြင်း

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍအတွင်း သင်တန်းတစ်ခုနှင့်တစ်ခု ပေါင်းကူးနိုင်သောလမ်းကြောင်းများပိုမိုထားရှိနိုင်ရန်အတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအခွင့်အလမ်းပိုင်းဆိုင်ရာ လမ်းကြောင်းများကို စုစည်းထားသော စနစ်တစ်ခု ဦးစွာတည်ဆောက်ရပါမည်။ ထို့ပြင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးမှ အဆင့်မြင့်ပညာရေးသို့ ပေါင်းကူးနိုင်သော လမ်းကြောင်းများလည်း ပိုမိုထားရှိရပါမည်။ ထိုသို့ပေါင်းကူးရာတွင် လိုအပ်လျှင် ပေါင်းကူး ချိတ်ဆက်နိုင်မည့် သင်တန်းအစီအစဉ်များထားရှိရပါမည်။ ဤလုပ်ငန်းအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ သင်ယူသူများအနေဖြင့် ပေါင်းကူးချိတ်ဆက်သင်ကြားနိုင်မည့် လမ်းသွယ်များကို ဖော်ဆောင်ပေးရန်ဖြစ်ပါသည်။ အဆိုပါလမ်းသွယ်ပြပုံအား နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး လမ်းကြောင်းပြပုံ ပုံ(၁၁.၁) တွင် ဖော်ပြထားပါသည်။

### လုပ်ငန်းအစီအစဉ်(၂) လက်ရှိကာလရှည်သင်တန်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအခွင့်အလမ်းတိုးတက်စေရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကမှ ဖွင့်လှစ်ထားသော သင်တန်းကျောင်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့် လိုအပ်သော စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် တတ်ရောက်လိုသော သူများအတွက် အခွင့်အလမ်းသာမက သင်တန်းကျောင်းများ၏ အရည်အသွေးမြင့်မားရေးအတွက်ပါ များစွာလုပ်ဆောင်ရပါမည်။ လက်ရှိသင်ကြားလျက်ရှိသော ကာလရှည်သင်တန်းများကို ဒေသလိုအပ်ချက်အရ ဖွင့်လှစ်ပေးပါက သင်ယူမှုအခွင့်အလမ်းများ ပိုမိုများပြားလာပါမည်။ ဒေသလိုအပ်ချက်နှင့်ကိုက်ညီပြီး တစ်နေရာတည်းတွင် တစုတစည်းတည်း သင်ကြားနိုင်သော ပိုလီတက်ကနစ်သိပ္ပံများကို ပြည်နယ်/တိုင်းဒေသကြီး အလိုက်ဖွင့်လှစ်ရပါမည်။ ဖွင့်လှစ်ထားသောသင်တန်းများသည် လုပ်သားဈေးကွက်၏လိုအပ်ချက်နှင့် အညီသင်ကြားနိုင်ရေးအတွက် သင်တန်းကျောင်းများသည် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရပါမည်။



## လုပ်ငန်းအစီအစဉ်(၃) ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းများ ဖွင့်လှစ်ခြင်း

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အခွင့်အလမ်းများတိုးမြှင့်ရန် အတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့၏အဓိကအကြံပြုချက်တစ်ခုမှာ ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးရန်ဖြစ်ပါသည်။ ကာလရှည်သင်တန်းများ ဖွင့်လှစ်မပေးနိုင်သော နေရာဒေသများတွင် ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်း များနှင့် ရွေ့လျားသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် နည်းပညာနှင့်သက်မွေး ပညာ ရေးနှင့်လေ့ကျင့်ရေးသင်ယူခွင့်အခွင့်အလမ်းကို တိုးချဲ့နိုင်မည်ဖြစ်သည်။ ကျွမ်းကျင်မှု အခြေပြုကာလတိုသင်တန်းများသည် ကျေးလက်နှင့်မြို့ပြခေတ်မီဖွံ့ဖြိုးစေရန်အတွက် အခြေခံကျွမ်းကျင်မှုကွာဟချက်များကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။ ဒေသတွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ပိုလီတက်ကနစ်သင်တန်းကျောင်းများတွင် လည်း ကာလတိုသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

ကျွမ်းကျင်မှုအခြေပြုကာတိုသင်တန်းများသည် ကျောင်းထွက်သူများနှင့် ကျွမ်းကျင် မှုမပြည့်ဝသောသူများအတွက် အဓိကရည်ရွယ်၍ ဖွင့်လှစ်ထားပါသည်။ ၎င်းကာလတို သင်တန်းများသည် ကျွမ်းကျင်မှုစံနှုန်းများကို အခြေခံမည်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့ အစည်းများက အသိအမှတ်ပြုပေးရပါမည်။ သင်တန်းသားများအနေဖြင့် အသိအမှတ် ပြုထားသော သင်တန်းတစ်ခုပြီးဆုံးခဲ့ပါက ဆက်လက်သင်ယူနိုင်သော အခွင့်အရေး ရှိနိုင်ရန်နှင့် လုပ်သားဈေးကွက်သို့လည်း ဝင်ရောက်လုပ်ကိုင်နိုင်သော အခွင့်အလမ်း များကို ဖန်တီးပေးရပါမည်။

## လုပ်ငန်းအစီအစဉ်(၄) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေးအဆင့်မီသော Centre of Excellence (COE) သင်တန်း ကျောင်းများ တည်ထောင်ခြင်း

မြန်မာနိုင်ငံ၏နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးအတွက်စံနမူနာ ဖြစ်စေမည့်သက်မွေးသင်တန်းများပြုလုပ်သွားရန်နှင့်လိုအပ်သောသုတေသနလုပ်ငန်း များ၊ တီထွင်ဆန်းသစ်မှုများပါ လုပ်ဆောင်ရန်အတွက် Centre of Excellence (COE) သင်တန်းဌာနနှစ်ခုကို ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်သွား မည်ဖြစ်ပါသည်။ Centre of Excellence (COE) သင်တန်းကျောင်းများသည် အရည် အသွေးမြင့်မားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပညာရပ်များ အားလုံးကို ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းကိရိယာများဖြင့် လေ့ကျင့်သင် ကြားပေးသွားမည်ဖြစ်ပါသည်။ သက်မွေးပညာရပ်အမျိုးမျိုးကို ကျွမ်းကျင်စွာသင်ကြားပေး မည့် သင်ကြားရေးဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေး သွားမည်ဖြစ်ပြီး အဆိုပါ သင်ကြားရေးဝန်ထမ်းများကိုလည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ် ဌာနများနှင့်ပူးပေါင်း၍ လိုအပ်သောသင်တန်းများပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် Centre of Excellence (COE) သင်တန်းကျောင်းများသည် သက်မွေးပညာ လေ့ကျင့် သင်ကြားပေးခြင်းနှင့်စပ်လျဉ်းသော နည်းလမ်းအသစ်များကို သုတေသနပြုလုပ်၍ စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လုပ်ငန်းအစီအစဉ်(၅) အခွင့်အလမ်းနည်းပါးသောသူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုပိုမိုပေးခြင်း**

အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များ ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုအစီအစဉ်များကို တခြားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းများတွင် တက်ရောက်နေသော သင်တန်းသားများအတွက်ပါ ပါဝင်လာစေရန် တိုးချဲ့သွားရပါမည်။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများသို့ အခွင့်အလမ်းနည်းပါးသောသူများ ပိုမိုတက်ရောက်လာနိုင်ရန်အတွက် ပညာသင်ထောက်ပံ့ကြေးပေးခြင်းနှင့် ပညာသင်ဆုပေးခြင်းဖြင့် ၎င်းတို့၏ သင်ယူမှုအခွင့်အလမ်းများကို ပိုမိုတိုးတက်စေပါမည်။ ထိုသို့လုပ်ဆောင်ရာတွင် ထားရှိရမည့် သတ်မှတ်စံနှုန်းများကို နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးနှင့်ဆိုင်သော ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကနှင့် သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများတို့ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ပညာသင်ထောက်ပံ့ကြေးနှင့်ပညာသင်ဆုများဖြန့်ဝေပေးနိုင်ရန်အတွက် ဌာနတစ်ခုထူထောင်၍ ငွေကြေးထုတ်ပေးမည့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် တက်ရောက်သူပိုမိုများပြားစေရန်အတွက် အသက်နှင့်ပညာအရည်အချင်း ကန့်သတ်ချက်များကို လိုအပ်သလို ပြုပြင်မွမ်းမံသင့်ပါသည်။

## ၁၁.၃.၂။ မဟာဗျူဟာ(၂) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့်ကိုက်ညီစေရန် ဆောင်ရွက်ခြင်း

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအရည်အသွေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများသို့တက်ရောက်နိုင်မှု အခွင့်အလမ်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရာတွင် အရေးပါလှပေသည်။ အရည်အသွေးကောင်းမွန်သောနည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် သင်တန်းဆင်းပြီးသောသူများကို အလုပ်အကိုင်ကောင်းများရရှိစေပြီး လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက သင်ယူသူများ၏ သင်တန်းတက်ရောက်လိုမှုမှာလည်း မြင့်မားလာစေမည်ဖြစ်ပါသည်။ စီမံခန့်ခွဲမှု၊ သင်ကြားမှုစွမ်းရည်၊ အရည်အသွေးအာမခံမှု၊ လုပ်ငန်းခွင်လိုအပ်ချက်နှင့် ဆီလျော်မှုစသည့် အရည်အသွေးပိုင်းဆိုင်ရာ စိန်ခေါ်မှုများကိုဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးအစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများတွင် ဖော်ထုတ်ခဲ့ပြီးဖြစ်ပါသည်။

အရည်အသွေးကောင်းမွန်သော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် သင်ကြားရေးနှင့်စီမံအုပ်ချုပ်သူဝန်ထမ်းများအနေဖြင့် အရည်အသွေးပြည့်ဝနေရန် လိုအပ်ပါသည်။ နိုင်ငံတကာ သင်ခန်းစာများအရ ထိရောက်သောသင်ကြားမှုစွမ်းရည်နှင့် ခေတ်မီလုပ်ငန်းခွင်အတွေ့အကြုံရှိသော သင်တန်းဆရာများအနေဖြင့် ခေတ်မီသင်ကြားမှုပစ္စည်းကိရိယာများပြည့်စုံမှုမရှိသောသင်တန်းကျောင်းများမှ ကျောင်းသားများကို သင်တန်းပို့ချရာတွင်ပင် သက်ဆိုင်ရာပညာရပ်နှင့်ဆီလျော်သော ကျွမ်းကျင်မှုရရှိအောင် သင်ကြားပေးနိုင်စွမ်းရှိကြောင်းသိရှိရပါသည်။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပိုမိုထိရောက်မှုရှိစေရန်အတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများတွင် လုပ်ငန်းခွင်လေ့လာသင်ယူမှုများကို စနစ်တကျချိတ်ဆက်ဆောင်ရွက်နိုင်ရန် စာသင်ချိန်နှင့် လက်တွေ့ချိန်ကို အချိုးကျစွာထားရှိရန်လိုအပ်ပါသည်။

ကျွမ်းကျင်မှုအခြေပြု သင်ရိုးညွှန်းတမ်းသည် ကျွမ်းကျင်မှုစံတစ်ခု၌ သတ်မှတ်ထားသော အရည်အချင်းများကို ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်တန်းသားများအား သင်ကြားလေ့ကျင့်ပေးနိုင်ရန်အတွက် လမ်းပြမြေပုံတစ်ခုဖြစ်ပါသည်။

ကျွမ်းကျင်မှုစံများသည် သင်တန်းအဆင့်တစ်ခု၌ သတ်မှတ်ထားသော ကျွမ်းကျင်မှုများကို သင်တန်းပြီးဆုံးသွားသောသူများ၊ လုပ်ငန်းအတွေ့အကြုံများနှင့် လေ့လာသိရှိမှုများအပေါ် အခြေခံပြီး အသိအမှတ်ပြုလက်မှတ်ရယူလိုသူများ(RPL)နှင့် သင်တန်းပြီးဆုံးသူတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုအဆင့်ကို စစ်ဆေးအသိအမှတ်ပြုနိုင်ရန်အတွက် အခြေခံတစ်ခုဖြစ်ပါသည်။ ကျွမ်းကျင်မှုစံနှုန်းများ ရေးဆွဲပြုစုရာတွင် နိုင်ငံတကာ စံနှုန်းများနှင့်ချိန်ညှိပြီး ပေါ်ပေါက်လာမည့် အမျိုးသားအဆင့် အရည်အသွေးမူဘောင်နှင့် ချိတ်ဆက်မှုရှိကာ စက်ရုံများ၏ ကျွမ်းကျင်မှုလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်အောင်ရေးဆွဲရပါမည်။ အသိအမှတ်ပြုလက်မှတ်ရ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်းဖြစ်ရန်အတွက် သက်ဆိုင်ရာ စံသတ်မှတ်ရေးအဖွဲ့က သတ်မှတ်ထားသော အရည်အသွေးစံများနှင့်ကိုက်ညီအောင် လိုက်နာဆောင်ရွက်ရ မည်ဖြစ်ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းများအနေဖြင့် အသိအမှတ်ပြုလက်မှတ်ရယူရာ၌ သက်ဆိုင်ရာ သင်တန်းကျောင်းသည် သင်တန်းသားများအား ကျွမ်းကျင်မှုစံနှင့်ကိုက်ညီအောင် သင်ကြားပို့ချ နိုင်မည့် စွမ်းဆောင်ရည် ရှိ/မရှိဆိုသည့်အချက်ပေါ်တွင် မူတည်ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ် (၅)ရပ် ဖော်ထုတ်ရေးဆွဲထားပါသည်။ ၎င်းတို့မှာ- (၁) နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်းနှင့်ဆိုင်သောစီမံအုပ်ချုပ်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများဖွင့်လှစ်သွားခြင်း၊ (၂) လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်ရောက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆရာများအတွက် သင်ကြားမှုအတတ်ပညာသင်တန်းများနှင့် လက်တွေ့ကျွမ်းကျင်မှုနည်းပညာသင်တန်းများဖွင့်လှစ်ခြင်း၊ (၃) အရည်အသွေးပြည့်ဝသော သင်တန်းဆင်းများဖြစ်လာစေရန်အတွက် သင်တန်းကျောင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအပြန်အလှန် သင်ကြားရေးအစီအစဉ်ဆောင်ရွက်ခြင်း၊ (၄) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းအဆင့်မီစေရန် ဖော်ထုတ်ခြင်းနှင့် (၅) အရည်အသွေးအာမခံမှုစနစ် ထူထောင်ခြင်းတို့ဖြစ်သည်။

**လုပ်ငန်းအစီအစဉ်(၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းနှင့်ဆိုင်သော စီမံအုပ်ချုပ်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ ဖွင့်လှစ်ခြင်း**

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲရန်အတွက် လုပ်ဆောင်ရာတွင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍအဆင့်အသီးသီးရှိ စီမံခန့်ခွဲမှုတာဝန်ရှိသူများအနေဖြင့် မူဝါဒများရေးဆွဲခြင်း၊ နည်းဥပဒေစည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊ ညှိနှိုင်းစီမံဆောင်ရွက်ခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းစသည့် စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများ လိုအပ်မည်ဖြစ်ပါသည်။ မူဝါဒဆိုင်ရာဆွေးနွေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ မဟာဗျူဟာစီမံကိန်းများရေးဆွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းစသည့် မန်နေဂျာလုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီမံအုပ်ချုပ်သူများကို စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများနှင့် စီမံအုပ်ချုပ်သူများကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ

ပို့ချသွားမည်ဖြစ်သည်။ ရှေးဦးစွာ သင်တန်းဆရာများ (Master Trainers) ကို မွေးထုတ်၍ ၎င်းတို့မှတစ်ဆင့် သင်တန်းများ ဆင့်ကဲပို့ချသွားမည်ဖြစ်ပါသည်။ အဆိုပါ သင်တန်းများမှတစ်ဆင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစီမံခန့်ခွဲသူများစွာ ပေါ်ပေါက်လာမည်ဖြစ်ပြီး သင်တန်းကျောင်းများ၏ အရည်အသွေးပိုမိုကောင်းမွန်လာအောင်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

**လုပ်ငန်းအစီအစဉ်(၂) လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်ရောက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ဆရာများအတွက် သင်ကြားမှု အတတ်ပညာသင်တန်းများနှင့် လက်တွေ့ကျွမ်းကျင်မှု နည်းပညာသင်တန်းများဖွင့်လှစ်ခြင်း**

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကို လိုအပ်ချက်အခြေပြု၊ ကျွမ်းကျင်မှုအခြေပြု နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်ဖော်ဆောင်ရာတွင် သင်ကြားရေးတာဝန်ရှိသူများအနေဖြင့် ခေတ်နှင့်အညီ လိုက်လျောညီထွေမှုရှိသော အသိပညာ၊ အတတ်ပညာများတတ်မြောက်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ရောက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ဆရာများအတွက် ထိရောက်သော သင်ကြားမှုအတတ်ပညာသင်တန်းများနှင့် လက်တွေ့ကျွမ်းကျင်မှုနည်းပညာသင်တန်းများ ပြုလုပ်သွားရပါမည်။

စက်မှုနည်းပညာပူးပေါင်းမြှင့်တင်ရေးသင်တန်းဌာန(ဘယ်လင်း)ကို နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆရာများ လေ့ကျင့်ရေးသင်တန်းဌာနအဖြစ်အဆင့်မြှင့် တင်သွားမည်ဖြစ်ပြီး ၎င်းသင်တန်းဌာနမှ သင်တန်းဆရာများ (Master Trainers) နှင့် လက်တွေ့သင်တန်းများပို့ချပေးနိုင်မည့် ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများကို လေ့ကျင့်မွေးထုတ်သွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းများကို အထက်မြန်မာပြည် (၃) နေရာနှင့် အောက်မြန်မာပြည်(၃)နေရာတို့၌ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**လုပ်ငန်းအစီအစဉ်(၃) အရည်အသွေးပြည့်ဝသော သင်တန်းဆင်းများဖြစ်လာစေရန်အတွက် သင်တန်းကျောင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန အပြန်အလှန် သင်ကြားရေးအစီအစဉ်ဆောင်ရွက်ခြင်း**

သင်တန်းကျောင်းနှင့်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအပြန်အလှန်သင်ကြားရေးအစီအစဉ် (Dual Training System) သည် သင်တန်းပြီးဆုံးသွားသောသူများအား လုပ်ငန်းခွင်သို့ အလွယ်တကူ ဝင်ရောက်နိုင်ရန် အဆင်သင့်ဖြစ်စေပါမည်။ အဆိုပါ အစီအစဉ်သည် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ စွမ်းဆောင်ရည်ကို ပိုမို ကောင်းမွန်စေ၍ လုပ်ငန်းခွင်နှင့် ပိုမိုဆီလျော်မှုရှိစေမည်ဖြစ်ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၊ သင်တန်းကျောင်း/သိပ္ပံများ၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်သူအားလုံး ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်၍ Dual Training System ကို အကောင်အထည် ဖော်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်နှင့် သင်တန်းကျောင်း အပြန်အလှန်သင်ကြားရေး အစီအစဉ်ကို သတ်မှတ်ထားသော ပိုလီတက်ကနစ် ကျောင်း/သိပ္ပံများတွင် ရှေ့ပြေးစမ်းသပ် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ရှေ့ပြေးစမ်းသပ်မှုများ အောင်မြင်ပြီးနောက် တခြားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းများတွင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

**လုပ်ငန်းအစီအစဉ်(၄) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းအဆင့်မီစေရန်ဖော်ထုတ်ခြင်း**

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ လက်ရှိ သင်ရိုးညွှန်းတမ်းများကို ဒေသလိုအပ်ချက်နှင့်ကိုက်ညီရန်နှင့် စာတွေ့၊ လက်တွေ့ရာခိုင်နှုန်း သင့်လျော်မှန်ကန်စွာ အချိုးကျစေရန်အတွက် ပြန်လည်မွမ်းမံရေးဆွဲရန် လိုအပ်လျက်ရှိနေကြောင်းကို ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများတွင် ထောက်ခံအကြံပြုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွမ်းကျင်မှုစံများနှင့်ကိုက်ညီသော ကျွမ်းကျင်မှုအခြေပြု သင်ရိုးညွှန်းတမ်းများ ရေးဆွဲရန်အတွက် သင်ရိုးညွှန်းတမ်းကော်မတီကိုဖွဲ့စည်းရန် လိုအပ်မည်ဖြစ်ပါသည်။

**လုပ်ငန်းအစီအစဉ်(၅) အရည်အသွေးအာမခံမှုစနစ်ထူထောင်ခြင်း**

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေးအာမခံမှုစနစ်တွင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအရည်အသွေး မူဘောင်၊ အမျိုးသား ကျွမ်းကျင်မှုစံများ၊ ကျွမ်းကျင်မှု အခြေပြုသင်ရိုးညွှန်းတမ်းများ၊ သင်တန်းကျောင်းများနှင့် တစ်ဦးချင်းစီကို စစ်ဆေးအကဲဖြတ် အသိအမှတ်ပြုခြင်းတို့ပါဝင်မည်ဖြစ်သည်။ အရည်အသွေးအာမခံမှုစနစ်ထူထောင်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စက်မှုလက်မှုလုပ်ငန်းဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သက်ဆိုင်သူများ ပါဝင်လျက် ညှိနှိုင်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အရည်အသွေးအာမခံမှုစနစ်အတွက် ချိတ်ဆက်အကောင်အထည်ဖော်ရာတွင် အဓိကကျသောအဖွဲ့များမှာ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ (National Accreditation and Quality Assurance Committee-NAQAC)၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကောင်စီနှင့် အမျိုးသားကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (NSDA)တို့ဖြစ်ပါသည်။

## ၁၁.၃.၃။ မဟာဗျူဟာ(၃) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ဆိုင်ရာစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ အစီရင်ခံစာတွင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်မှုနှင့် တာဝန်ယူဆောင်ရွက်မှု ကွဲပြားနေခြင်းကြောင့် အားလုံးပူးပေါင်းပါဝင်ပြီး ထိရောက်အောင်မြင်သော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်ကို ထူထောင်ရန် လိုအပ်နေကြောင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်ကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (OECD) မှ လေ့လာသုံးသပ်ရာတွင်လည်း အောင်မြင်ထိရောက်သော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ခိုင်မာသော ယန္တရားတစ်ခု တည်ထောင်ခြင်းသည် အဓိကကျသည့် အခြေခံအဆောက်အအုံဖြစ်ကြောင်းသုံးသပ်ဖော်ပြထားပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဥပဒေအပြင် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဥပဒေနှင့်စပ်လျဉ်းသော ညွှန်ကြားချက်များနှင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒအညွှန်းဘောင်များရေးဆွဲခြင်းဖြင့် လိုအပ်ချက်အခြေပြု တစုတစည်းတည်းဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်ကို ဖော်ဆောင်နိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။



ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည်လည်း မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးနှင့် စပ်လျဉ်းသော ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုပိုမိုထိရောက်ကောင်းမွန်လာရန်အတွက် အရေးပါလှပေမည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဥပဒေများ၊ သင်တန်းအခွင့်အလမ်းပိုင်းဆိုင်ရာ လမ်းကြောင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အများပြည်သူများသိရှိစေရန် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်းဖြင့် သင်ယူမှုအခွင့်အလမ်းများကို ပိုမိုတိုးတက်စေမည်ဖြစ်ပါသည်။ အဆိုပါ သတင်းအချက်အလက်များတွင် သင်ယူသူများ (သင်တန်းတက်ရောက်လိုသူများ) အား မည်သည့် သင်တန်းတက်ရောက်နိုင်မည်ကို သိရှိစေပြီး၊ သင်တန်းကျောင်းများအနေဖြင့်လည်း မည်သည့်သင်တန်းများပို့ချသင့်သည်ကို သိရှိစေနိုင်သော လုပ်ငန်းစဉ်များပါဝင်ရပါမည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ် (၆)ရပ် ဖော်ထုတ်ရေးဆွဲထားပါသည်။ ၎င်းတို့မှာ-(၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် တစုတစည်းတည်းဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေသော စနစ်တစ်ခုကို ရေးဆွဲဖော်ဆောင်ခြင်း၊ (၂) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကောင်စီဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသဆိုင်ရာ သက်မွေးပညာရပ် အကြံပေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊ (၃) ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှု စနစ်တစ်ခုဖော်ဆောင်ခြင်း၊ (၄) သတင်းအချက်အလက်စီမံခန့်ခွဲပုံစနစ်တစ်ခုဖော်ဆောင်ခြင်း၊ (၅)နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် သုတေသနလုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် (၆) အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ခြင်းတို့ဖြစ်သည်။

### လုပ်ငန်းအစီအစဉ်(၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် တစုတစည်းတည်းဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေသော စနစ်တစ်ခုကို ရေးဆွဲဖော်ဆောင်ခြင်း

ဤလုပ်ငန်းအစီအစဉ်သည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်း၏ အကြံပြုချက်အရ ရည်ရွယ်ချက်မှာ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အတွက်ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေသော စနစ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ တိုးတက်ပြောင်းလဲနေသော လုပ်သားဈေးကွက်တွင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးမှ မွေးထုတ်ပေးလိုက်သောသူများ၏ အရည်အသွေးနှင့်အခွင့်အလမ်းကိုတိုးတက်စေရန်၊ ဝန်ကြီးဌာနများအကြား နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများ ကွဲပြားနေခြင်းကို ဖြေရှင်းရန်နှင့် စီမံခန့်ခွဲမှုအားကောင်းလာစေရန်အတွက် ချိတ်ဆက်ဆောင်ရွက်နိုင်သော စနစ်တစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက်ရပါမည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အဓိကလုပ်ငန်းစဉ်များမှာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ ရေးဆွဲနိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိကများမှ အဆင့်မြင့်ပုဂ္ဂိုလ်များပါဝင်သော မူဝါဒဖိုရမ်များကျင်းပပြီး မူဘောင်များရေးဆွဲခြင်း၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကောင်စီနှင့်ဒေသဆိုင်ရာသက်မွေးပညာရပ်အကြံပေးအဖွဲ့တို့၏လုပ်ငန်းများထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ချိတ်ဆက်နိုင်သော မူဝါဒများရေးဆွဲခြင်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးအတွက် မူဘောင်နှင့်မူဝါဒများရေးဆွဲခြင်း တို့ဖြစ်ပါသည်။ အဆိုပါ ရေးဆွဲခြင်း ဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်ပြီးသည့်အခါ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကောင်စီနှင့် ဒေသဆိုင်ရာ သက်မွေးပညာရပ်အကြံပေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရပါမည်။

### လုပ်ငန်းအစီအစဉ်(၂) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကောင်စီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသဆိုင်ရာ သက်မွေးပညာရပ် အကြံပေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း

နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကောင်စီကိုသက်ဆိုင်ရာဝန်ကြီးဌာနက အဆင့်မြင့်အရာရှိကြီးများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကိုယ်စားလှယ်များနှင့် ပြင်ပ ပညာရှင်များဖြင့်ဖွဲ့စည်း၍ စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ ကောင်စီသည် တာဝန်ခံဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ရပါမည်။ ထို့ပြင် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသအလိုက် သက်မွေးပညာရပ်အကြံပေးအဖွဲ့၊ လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သော ကော်မတီ (သို့မဟုတ်) အဖွဲ့များဖွဲ့၍ တာဝန်ပေးအပ်ရပါမည်။ ထိုသို့ လုပ်ငန်းများကို လုပ်ဆောင်နိုင်ရေးအတွက် သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် သုတေသန လုပ်ငန်းများကိုစဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ နည်းပညာနှင့် သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကောင်စီသည် အရည်အသွေးပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးအတွက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ရေးကော်မတီ (NAQAC)၊ အမျိုးသားကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (NSDA)တို့နှင့် ချိတ်ဆက်ဆောင်ရွက်ရပါမည်။ ထို့ပြင် နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကောင်စီသည်ပုဂ္ဂလိကအဖွဲ့အစည်းများမှဖွင့်လှစ်ထားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်း ကျောင်းများအတွက် ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရပါမည်။

ပြည်နယ်/တိုင်းဒေသကြီးအလိုက်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ အဆင့်မြင့်အရာရှိများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သင်တန်းကျောင်းများမှ အရာရှိများနှင့် ကျွမ်းကျင်ပညာရှင်များ ပါဝင်သောဒေသဆိုင်ရာ သက်မွေးပညာရပ်အကြံပေးအဖွဲ့ကို ဖွဲ့စည်းရပါမည်။ အဆိုပါ သက်မွေးပညာရပ်အဖွဲ့သည် ဒေသတွင်းလိုအပ်သော သက်မွေးပညာရပ်များကို ဖော်ထုတ်ခြင်း၊ ဒေသတွင်း သက်မွေးပညာရပ် သင်ယူလိုသောသင်တန်းသားဦးရေများဖော်ထုတ်ပေးခြင်း၊ သင်တန်းကျောင်းနှင့်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ အပြန်အလှန်သင်ကြားနိုင်ခြင်းကို ပံ့ပိုးပေးခြင်း၊ သင်တန်းကျောင်းတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ အိပ်ဆောင်များနှင့် သင်တန်းအတွက် တခြား လိုအပ်ချက်များကို အကြံပြုချက်များပေးခြင်းတို့ကို ကူညီပံ့ပိုးဆောင်ရွက်ရပါမည်။ ထို့ပြင် သင်တန်းကျောင်း တစ်ကျောင်းချင်းစီအလိုက် အလုပ်အကိုင်လမ်းညွှန်မှုပေးနိုင်သော (Career counseling) ရုံးခန်းများ ထားရှိနိုင်ရေးအတွက်လည်း ကူညီဆောင်ရွက်ရပါမည်။

### လုပ်ငန်းအစီအစဉ်(၃) ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှု စနစ်တစ်ခု ဖော်ဆောင်ခြင်း

ဘဏ္ဍာငွေကိုအကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုစနစ်တစ်ခုကို ထားရှိသင့်ပါသည်။ အဆိုပါစနစ်တွင် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာငွေသုံးစွဲမှုအတွက် ပံ့ပိုးပေးနိုင်သော မူဝါဒများပါရှိရပါမည်။ ထို့ပြင်ဘဏ္ဍာငွေပံ့ပိုးခြင်းဆိုင်ရာ မူဝါဒများကိုလည်း အများပြည်သူများ သိရှိအောင်ဆောင်ရွက်ရပါမည်။

### လုပ်ငန်းအစီအစဉ်(၄) သတင်းအချက်အလက်စီမံခန့်ခွဲပုံစနစ်တစ်ခု ဖော်ဆောင်ခြင်း

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်ကို ပိုမိုကောင်းမွန်လာစေရန် ကနဦးသတင်း အချက်အလက်စုဆောင်းခြင်း၊ လုပ်သားဈေးကွက် အခြေအနေကို လေ့လာအကဲဖြတ်ခြင်းနှင့်ဈေးကွက် အခြေပြု (Market - driven) နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်ကို ထောက်ပံ့ပေးနိုင်ခြင်းတို့ပါဝင်သော သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ဖော်ဆောင်ရန်အတွက် ဆောင်ရွက်ရပါမည်။ သတင်းအချက်အလက်များဖြန့်ဖြူးရေးအတွက် လိုအပ်သော ပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးခြင်းနှင့် သင်တန်းပေးခြင်းအစီအစဉ်များကို ဦးစွာလုပ်ဆောင်ရပါမည်။ ထို့နောက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကို ပြည်သူများ ပိုမိုသိရှိနားလည်နိုင်ရန်နှင့် စိတ်ဝင်စားမှုပိုမိုရရှိစေရန်အတွက် ပညာပေးဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ခြင်း၊ ဂျာနယ်များ၊ စာစောင်များဖြင့်လည်း အများပြည်သူဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရပါမည်။ သတင်းအချက်အလက်များကို သင်တန်းကျောင်းအလိုက်ကောက်ယူပြီး အချက်အလက်များစုစည်းထားသည့်နေရာ (Database) ထဲတွင် ထည့်သွင်းပြီး website တည်ထောင်နိုင်ရေးကိုလည်း လုပ်ဆောင်ရပါမည်။

### လုပ်ငန်းအစီအစဉ်(၅) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အတွက် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်း

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် လိုအပ်သော လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး ထောက်ခံအကြံပြုချက်များပေးနိုင်သော သုတေသနဌာနတစ်ခုကိုတည်ထောင်ရပါမည်။ အဆိုပါဌာနသည်လိုအပ်သော ကျွမ်းကျင်မှုအမျိုးအစားများ၊ ဒေသအလိုက်လိုအပ်သော အလုပ်အကိုင် အမျိုးအစားများ၊ သင်တန်းတစ်ခုချင်းစီအလိုက်လိုအပ်သော ဆရာအရေအတွက်၊ သင်ကြားရေးနည်းစနစ်နှင့်သင်ထောက်ကူပစ္စည်းများ၊ ခေတ်နှင့်အညီတိုးတက်နေသော သက်မွေးပညာရပ်များ စသည်တို့ကို လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး အကြံပြုချက်များပေးသွားရမည် ဖြစ်ပါသည်။ ထို့ပြင် လုပ်သားဈေးကွက်မှ လေ့လာထားသောစာတမ်းများကိုအသုံးပြု၍ နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍမှ မွေးထုတ်ပေးရမည့် သင်တန်းသားဦးရေများကို သတ်မှတ်ပေးရပါမည်။

### လုပ်ငန်းအစီအစဉ်(၆) အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ခြင်း

အရည်အသွေးရှိသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ပညာရပ်များကို လေ့ကျင့်သင်ကြားနေသော ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်ရပါမည်။ သင်တန်းဆင်းပြီးသောသူများကို စစ်ဆေးအကဲဖြတ်နိုင်သော ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ဌာန (Testing Centre) များ ပေါ်ထွက်လာရေးကို အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် သင်တန်းအမျိုးအစားအလိုက် ကျွမ်းကျင်မှုစစ်ဆေးသူ (Assessor) များကို ဦးစွာမွေးထုတ်ပေးရပါမည်။ ထို့နောက် သင်တန်းကျောင်းအလိုက်သော်လည်းကောင်း၊ သင်တန်းတစ်ခုချင်းစီအလိုက်သော်လည်းကောင်း ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်သော ဌာနများကိုအစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ထူထောင်ရပါမည်။



## ၁၁.၄။ ရလဒ်အညွှန်းဘောင်များ

### ၁၁.၄.၁။ အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ပိုမိုထိရောက်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်အောက်တွင် အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက်၏ လိုအင်နှင့် လိုက်လျောညီထွေမှုရှိသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအစီအစဉ်များကို သင်ယူသူများသည် ပိုမိုတက်ရောက်ခွင့်ရရှိလာပြီး ပြီးဆုံးသည်အထိ အောင်မြင်တတ်မြောက်လာကြမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>မြန်မာနိုင်ငံအတွင်း နည်းပညာနှင့်သက်မွေး ပညာရေး နှင့်လေ့ကျင့်ရေးသင်တန်းများသို့တက်ရောက်လိုသူများ (မသန်စွမ်းသူများ၊ အခွင့်အလမ်းနည်းပါးသောသူများ စသည်တို့ အပါအဝင်) သင်ယူနိုင်သော အခွင့်အလမ်း များတိုးချဲ့ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၂)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး အရည်အသွေး ပိုမိုကောင်းမွန် စေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၃)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့် ရေး ဆိုင်ရာစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ |
| စီမံကိန်း ကာလအပြီး ရလဒ်များ | - နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများသို့ တက်ရောက်လိုသူများအတွက် သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိလာစေခြင်း။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကို မြို့ပြသင်ယူမှုအခွင့်အလမ်းအတိုင်း ကျေးလက် ဒေသများတွင်လည်း သင်ယူနိုင်သော အခွင့်အလမ်း များ ပိုမိုရရှိလာစေခြင်း။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး တွင် အဆင့်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းချိတ်ဆက် သင်ကြားနိုင်မည့်အခွင့်အလမ်းများပိုမိုရရှိလာစေခြင်း။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကို တက်ရောက်သူများအတွက် ပညာသင်ထောက်ပံ့ ကြေးနှင့် ပညာသင်ဆုများ ပိုမိုပေးရေးအစီအစဉ်များ အကောင်အထည်ဖော်နိုင်ခြင်း။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး မှ အဆင့်မြင့်ပညာရေးသို့ ကူးပြောင်း ချိတ်ဆက် သင်ကြားနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။ | - နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး စီမံအုပ်ချုပ်သူများ၊ စီမံရေးရာ ဝန်ထမ်းများအနေဖြင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်း များ၏ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ပိုမို တိုးတက်ကောင်းမွန်လာစေခြင်း။<br>- လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ရောက် ဆရာများသည် ကျွမ်းကျင်မှုစံများနှင့်အညီ သင်ကြားနိုင်သော ဆရာများ ဖြစ်လာစေခြင်း။<br>- စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ လိုအပ် သော ကျွမ်းကျင်မှုနှင့် ကိုက်ညီသောသူများ အဖြစ် လေ့ကျင့်သင်ကြားပေးနိုင်ခြင်း။<br>- ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများရေးဆွဲနိုင်ခြင်း။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းများသည် အရည်အသွေးအာမခံချက်ရှိပြီးသင်တန်းပြီးဆုံး သွားသောသူများသည် ကျွမ်းကျင်မှုစံများနှင့် ကိုက်ညီသောသူများ ဖြစ်လာစေခြင်း။ | - ဝန်ကြီးဌာနအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများအချင်းချင်း ပူးပေါင်းဆောင် ရွက်နိုင်မှုကို နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ကောင်စီမှ ညှိနှိုင်းပေးခြင်း။<br>- လိုအပ်သော ဘဏ္ဍာငွေများကို အဆင်ပြေ ချောမွေ့စွာ သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်လာစေခြင်း။<br>- သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် ပိုမို ကောင်းမွန်လာစေခြင်းနှင့် စီမံခန့်ခွဲ သူများအနေ ဖြင့်သတင်းအချက်အလက်ကောက်ယူလေ့လာ ဆန်းစစ်ခြင်း၊ အထောက်အထားအခြေပြု အစီရင်ခံစာများရေးသားခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများ ပိုမိုကောင်းမွန်စွာ လုပ်ဆောင် လာနိုင်ခြင်း။<br>- သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင် ကိုယ်စားလှယ်များသည် လုပ်ငန်းစီမံချက် များနှင့် မူဝါဒများ ပိုမိုခိုင်မာလာစေရန်အတွက် သုတေသနပြုလုပ်ထားသော အချက်အလက် များကို အသုံးပြုလာနိုင်ခြင်း။<br>- အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက် မှုလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး အရည်အသွေးနှင့် အခွင့်အလမ်း ပိုမိုကောင်းမွန်လာခြင်း။ |
| ရလဒ် အညွှန်းကိန်းများ | - သင်တန်းကျောင်းဆင်းပြီးသော ဦးရေ။<br>- မြို့ပြမှ တက်ရောက်နေသော ကျောင်းသားနှင့် ကျေးလက်မှ တက်ရောက်နေသောကျောင်းသားအချိုး။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပညာရပ်အတွင်း တစ်ခုနှင့် တစ်ခုပေါင်းကူးသင်ကြား ခဲ့သောဦးရေ။<br>- ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆု ပေးခဲ့ သောဦးရေ။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး မှ အဆင့်မြင့်ပညာရေးသို့ ပေါင်းကူးဦးရေ | - စီမံချက်စာတမ်းအရ သင်တန်းများပို့ချနိုင်မှု ရာခိုင်နှုန်း။<br>-ပို့ချမှုဆိုင်ရာသင်တန်းများအကောင်အထည် ဖော်ရေးအတွက် ကျွမ်းကျင်မှုစံနှင့်အညီ သင်ကြားနိုင်သော ဆရာဦးရေ။<br>- အရည်အသွေးရှိသော ကျောင်းသား မွေးထုတ်နိုင်မှုဦးရေ။<br>- လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီသော ကျောင်းသားဦးရေ။ | -ညှိနှိုင်းဆောင်ရွက်နေသော ဌာနအရေအတွက်။<br>-ဘဏ္ဍာရေးစီမံခန့်ခွဲပုံစနစ် ပေါ်ပေါက်လာခြင်း။<br>- သင်တန်းဆိုင်ရာနှင့် လုပ်သားဈေးကွက် ဆိုင်ရာအချက်အလက် စီမံခန့်ခွဲမှုစနစ်ပေါ် ပေါက်လာခြင်း။ |

## ၁၁.၄.၂။ မဟာဗျူဟာ (၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

| **မဟာဗျူဟာ(၁)** | နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသို့ တက်ရောက်လိုသူများ (မသန်စွမ်းသူများ၊ အခွင့်အလမ်းနည်းပါးသောသူများ စသည်တို့အပါဝင်) သင်ယူနိုင်သော အခွင့်အလမ်းများတိုးချဲ့ဆောင်ရွက်ခြင်း။ | | | | |
|---|---|---|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | တစုတစည်းတည်းဖြစ်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးမည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများသို့ ပိုမိုတက်ရောက်နိုင်မှုအခွင့်အလမ်းများ ဖန်တီးပေးခြင်းအစီအစဉ် | | | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏အခွင့်အလမ်းပိုင်းဆိုင်ရာ လမ်းကြောင်းများကို စုစည်းထားသော စနစ်တစ်ခု ဖော်ဆောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>လက်ရှိကာလရှည်သင်တန်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>ကျွမ်းကျင်မှု အခြေပြု ကာလတို သင်တန်းများ ဖွင့်လှစ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး အရည်အသွေး အဆင့်မီသော Centre of Excellence (COE) သင်တန်းကျောင်းများ တည်ထောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၅)**<br>အခွင့်အလမ်း နည်းပါးသောသူများအတွက် ပညာသင် ထောက်ပံ့ကြေးနှင့် ပညာသင်ဆု ပိုမိုပေးခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | - နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အတွက် တစ်ခုနှင့်တစ်ခု ပေါင်းကူးသင်ကြားနိုင်သော အခွင့်အလမ်း လမ်းကြောင်းများ ပိုမိုဖော်ထုတ်နိုင်ခြင်း။<br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးမှ အဆင့်မြင့် ပညာရေးသို့ အရည်အချင်း ပြည့်မီသူများ အတွက် ပေါင်းကူးသင်ကြားနိုင်သော အခွင့်အလမ်း လမ်းကြောင်းများ ဖော်ထုတ်နိုင်ခြင်း။ | - ခေတ်မီ သင်ထောက်ကူ ပစ္စည်းများနှင့် အိပ်ဆောင်များ ဖြည့်ဆည်းပေးခြင်း။<br>-မြို့ပြရှိသူများအား သက်မွေး ပညာရပ်များ ပိုမိုသင်ယူနိုင်သော အခွင့်အလမ်းများ ပိုမိုပေးနိုင်ခြင်း။<br>- ဘာသာရပ်ပေါင်းစုံ ပါဝင်ပြီး တစုတစည်းတည်း သင်ကြားနိုင်သော ဆရာနှင့်ပစ္စည်း ပြည့်စုံသည့် ပိုလီတက်ကနစ် ကျောင်းနှင့်သိပ္ပံများ ပေါ်ထွက်လာစေခြင်း။ | - ရေတို၊ ရေရှည်စီမံကိန်းများနှင့် ဒေသလိုအပ်ချက်များ အရသင်တန်းများ ပေါ်ထွက်လာစေခြင်း။<br>- ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်ဒေသများရှိ ကျောင်းထွက်သွားသောသူများအား သက်မွေးပညာရပ်များ ပေးနိုင်ခြင်း။<br>- ဘာသာရပ် ပေါင်းစုံပါဝင်ပြီး တစုတစည်းတည်း သင်ကြားနိုင်သော ပိုလီတက်ကနစ်ကျောင်း (၁၁) ကျောင်း ပေါ်ထွက်လာစေခြင်း။ | - Centre of Excellence (COE) သင်တန်းကျောင်း (၁)ကျောင်း တည်ထောင် ဖွင့်လှစ်နိုင်ခြင်း။<br>- သက်မွေးပညာရပ် သင်တန်းများ အရည်အသွေး မြင့်မားလာခြင်း။ | အခွင့်အလမ်း နည်းပါးသော သူများအတွက် ပညာသင် ထောက်ပံ့ကြေးနှင့် ပညာသင်ဆု ပေးနိုင်ခြင်း၊ |
| စီမံကိန်းကာလ အတွင်း ရလဒ် လျာထားချက် များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး) | နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်ကြားနိုင်သော လမ်းကြောင်းသစ်များ ဖော်ထုတ် ရေးဆွဲနိုင်ခြင်းနှင့် ရှိပြီး လမ်းကြောင်းဟောင်းများကို ပြုပြင်နိုင်ခြင်း။ | - ကာလရှည် သင်တန်းများအတွက် သင်ထောက်ကူ ပစ္စည်းများနှင့်အိပ်ဆောင်များ အတော်အသင့် ဖြည့်ဆည်းပေးနိုင်ခြင်း။<br>-ကာလရှည်သင်တန်းများသို့ သင်တန်းသား(၂၂၈၁၅) ဦး တက်ရောက်လာစေခြင်း။ | - ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ကာလတို သင်တန်းများ ပိုမိုဖွင့်လှစ်နိုင်ခြင်း။<br>- တစုတစည်းတည်း သင်ကြားနိုင်သော ပိုလီတက်ကနစ်ကျောင်း (၁၁) ကျောင်း ဖွင့်လှစ်နိုင်ခြင်း။ | Centre of Excellence (COE) သင်တန်းကျောင်း (၁)ကျောင်း တည်ထောင် ဖွင့်လှစ်နိုင်ခြင်း။ | နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သို့တက်ရောက်သောသူများ အနက် (၂၂၈၆၁၅) ဦးအား ပညာသင် ထောက်ပံ့ကြေးများ ပေးနိုင်ခြင်း။ |

## ၁၁.၄.၃။ မဟာဗျူဟာ (၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

| | | | | | |
|---|---|---|---|---|---|
| **မဟာဗျူဟာ (၂)** နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။ | | | | | |
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေးအစီအစဉ်** | နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ အရည်အသွေးပိုမိုကောင်းမွန်ရေး အစီအစဉ် | | | | |
| **လုပ်ငန်း အစီအစဉ်များ** | **လုပ်ငန်းအစီအစဉ် (၁)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းနှင့်ဆိုင်သော စီမံအုပ်ချုပ်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများ ဖွင့်လှစ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်ရောက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ဆရာများအတွက်သင်ကြားမှုအတတ်ပညာသင်တန်းများနှင့် လက်တွေ့ကျွမ်းကျင်မှု နည်းပညာ သင်တန်းများ ဖွင့်လှစ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>အရည်အသွေး ပြည့်ဝသော သင်တန်းဆင်းများ ဖြစ်လာစေရန် အတွက် သင်တန်းကျောင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန အပြန်အလှန် သင်ကြားရေး အစီအစဉ် ဆောင်ရွက်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်ရိုး ညွှန်းတမ်း အဆင့်မီစေရန် ဖော်ထုတ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၅)**<br>အရည်အသွေး အာမခံမှုစနစ် ထူထောင်ခြင်း။ |
| **စီမံကိန်းကာလ အတွင်း ရလဒ်များ** | နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းများရှိ စီမံခန့်ခွဲခွင့်ရှိသူများအား စွမ်းဆောင်ရည်မြှင့် သင်တန်းများ ပို့ချခြင်း။ | -သင်တန်းများပို့ချမှုစနစ်ဆိုင်ရာ စီမံချက်စာတမ်းအရလုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ရောက် ဆရာများအတွက် သင်တန်းများပေးခြင်း။<br><br>-လုပ်ငန်းခွင်အကြိုနှင့်လုပ်ငန်းခွင်ရောက် ဆရာများအားလုံး သင်ကြားနိုင်သော သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရန် လက်ရှိ သင်ကြားနေသောလက်တွေ့ကျွမ်းကျင်မှု သင်တန်းများအား အဆင့်မြင့်ဆောင်ရွက်နိုင်ရန်နှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း။ | - သင်တန်းကျောင်း နှင့် လုပ်ငန်းခွင် အပြန်အလှန် သင်ကြားနိုင်သော Dual training များ ဖြစ်လာစေခြင်း။<br><br>- သင်တန်း ဆင်းသွားပြီး လုပ်ငန်းခွင်တွင် အရည်အသွေးရှိသော လုပ်သားများ ရရှိလာခြင်း။ | - ကျွမ်းကျင်မှုစံနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြုစုနိုင်ခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းအဖွဲ့များ ဖွဲ့စည်းနိုင်ခြင်း။ | လိုအပ်သော ကျွမ်းကျင်မှုစံများနှင့် အရည်အသွေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး လုပ်ငန်းများကို ကောင်စီမှ ဦးစီး၍ ဆောင်ရွက်သွားခြင်း။ |
| **စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး)** | နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းရှိ စီမံခန့်ခွဲခွင့်ရှိသူ (၂၀၀) ဦးကို မန်နေဂျာ အဆင့်ထိရောက်ရှိအောင် လေ့ကျင့်သင်ကြားပေးခြင်း။ | -လုပ်ငန်းခွင်အကြိုနှင့်လုပ်ငန်းခွင်ရောက် ဆရာများကို သင်တန်း တက်ရောက်စေခြင်း။<br><br>- လက်တွေ့ကျွမ်းကျင်မှု သင်တန်းများအတွက် ဆရာ ဦးရေ (၁၂၀)တက်ရောက်နိုင်စေခြင်း။ | သင်တန်း ကျောင်းတွင် စာတွေ့ ၅၀ ရာခိုင်နှုန်းနှင့် လက်တွေ့ လုပ်ငန်းခွင် ၅၀ ရာခိုင်နှုန်း သင်ကြားနိုင်သော အစီအစဉ် ဖန်တီးပေးခြင်း။ | - ပညာရပ် (၂၅) ခု အတွက် ကျွမ်းကျင်မှုစံနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲနိုင်ခြင်း။<br><br>- ပညာရပ်အလိုက် ရေးဆွဲနိုင်သော သင်ရိုးညွှန်းတမ်းအဖွဲ့များ ဖွဲ့စည်းနိုင်ခြင်း။ | ပညာရပ် (၂၅) ခု အတွက် ကျွမ်းကျင်မှုစံများ ရေးဆွဲ၍ သင်ကြားနိုင်ခြင်း။ |

## ၁၁.၄.၄။ မဟာဗျူဟာ (၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၃) နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ | | |
|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေးအစီအစဉ်** | နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ အစီအစဉ် | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အတွက် တစုတစည်းတည်းဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေသော စနစ်တစ်ခုကို ရေးဆွဲဖော်ဆောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကောင်စီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသဆိုင်ရာ သက်မွေးပညာရပ် အကြံပေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | - ဥပဒေအရ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို ရေးဆွဲနိုင်ခြင်း။<br><br>- ပါဝင်လုပ်ဆောင်နေသောသူများ၏ အခန်းကဏ္ဍကို ရှင်းလင်းစွာဖော်ပြထားသော ဖွဲ့စည်းပုံတစ်ခုပေါ်ပေါက်လာခြင်း။<br><br>-အစိုးရမဟုတ်သော အဖွဲ့များမှရရှိသော ဘဏ္ဍာငွေများကို ဘဏ္ဍာငွေဆိုင်ရာ ခွဲဝေသုံးစွဲရေးအတွက် လမ်းညွှန်ချက်များ ပေးနိုင်ခြင်းနှင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ကဏ္ဍတစ်ခုလုံးအတွက် ဘဏ္ဍာရေး မူဘောင် ရေးဆွဲပြုစုနိုင်ခြင်း။ | - ဝန်ကြီးဌာန အချင်းချင်း၊ အစိုးရနှင့် ပုဂ္ဂလိက အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေခြင်း။<br><br>-ပြည်တွင်းပြည်ပလုပ်သားဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေခြင်း။<br><br>-တစ်နေရာတည်းတွင်တစုတစည်းတည်းသင်ယူနိုင်သော ပိုလီတက်ကနစ်ကျောင်း၊ သိပ္ပံများ ပေါ်ထွက်လာစေခြင်း။<br><br>-ဒေသလိုအပ်ချက်အရ ဖွင့်လှစ်နိုင်သောကျောင်း၊ သိပ္ပံများ ပေါ်ထွက်လာစေခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - ဥပဒေအရ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို ရေးဆွဲနိုင်ခြင်း။<br><br>- ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းစေသော စနစ်တစ်ခု ပေါ်ပေါက်လာစေခြင်း။<br><br>-အစိုးရမဟုတ်သောအဖွဲ့များမှရရှိသော ဘဏ္ဍာငွေများကို ဘဏ္ဍာငွေဆိုင်ရာ ခွဲဝေသုံးစွဲရေးအတွက် လမ်းညွှန်ချက်များ ပေးနိုင်ခြင်း။ | - ဝန်ကြီးဌာန အချင်းချင်းသော်လည်းကောင်း ဝန်ကြီးဌာန - ပုဂ္ဂလိကသော်လည်းကောင်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကဏ္ဍတစ်ခုလုံးအတွက် အချိတ်အဆက်ရှိရှိ လုပ်ငန်းများ လုပ်ဆောင်လာစေခြင်း။<br><br>-တစ်နိုင်ငံလုံးတွင် တစုတစည်းတည်း သင်ကြားနိုင်သောပိုလီတက်ကနစ်ကျောင်း(၁၁)ကျောင်း ပေါ်ထွက်လာစေခြင်း။<br><br>- ဒေသလိုအပ်ချက်အရ တခြားသင်တန်းများ ဖွင့်လှစ်သွားခြင်း။ |

| | | | |
|---|---|---|---|
| **လုပ်ငန်းအစီအစဉ် (၃)**<br>ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုစနစ်တစ်ခုဖော်ဆောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)**<br>သတင်းအချက်အလက် စီမံခန့်ခွဲပုံစနစ်တစ်ခု ဖော်ဆောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၅)**<br>နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးအတွက် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၆)**<br>အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ခြင်း။ |
| - ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာမူဝါဒ များ ပြင်ဆင်သုံးသပ်ခြင်း။<br><br>- ဘဏ္ဍာငွေ သုံးစွဲမှုအတွက် အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။<br><br>- ပညာသင် ထောက်ပံ့ကြေး ပိုမိုပေးနိုင်ခြင်း။ | - နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး လုပ်ဆောင်နေသော လုပ်ငန်းဆောင်တာများကို မီဒီယာဖြင့် အများပြည်သူများ သိရှိနိုင်အောင် ဖြန့်ဖြူးပေးခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ကို သင်ကြားလေ့ကျင့်နေသော သင်တန်းအသီးသီး၏ အချက်အလက်များကို တစ်နေရာတည်းတွင် ရရှိလာစေခြင်း။ | - လိုအပ်သော ကျွမ်းကျင်မှု၊ သင်ထောက်ကူပစ္စည်းများ၊ ဆရာအရေအတွက်၊ ကျွမ်းကျင်သူများစသည်တို့ကို ပိုမိုမှန်ကန်စွာ သိရှိလာနိုင်ခြင်း။<br><br>- ပေါင်းကူးသင်ကြားနိုင်သော ပညာရပ်များ ဖော်ထုတ်ပေးနိုင်ခြင်း။ | - စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် သင်တန်းကျောင်းများ ချိတ်ဆက်သင်ကြားပေးနိုင်ခြင်း။<br><br>- သင်တန်းဆင်းပြီးသောသူများအား ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နိုင်သော Testing Centre များကို ဖွင့်လှစ်နိုင်ခြင်း။ |
| သင်တန်းကျောင်းများအနေဖြင့် အစိုးရမှရရှိသော ဘဏ္ဍာရေးအပြင် ပြင်ပမှ လှူဒါန်းသောငွေကြေးများကို ကိုယ်ပိုင်ရန်ပုံငွေတစ်ရပ်အဖြစ် ထူထောင်ခြင်း။ | - နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ပညာရပ်များကို ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုနိုင်သော မီဒီယာများ ဖြစ်လာစေခြင်း။<br><br>- နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ပညာသင်ကျောင်းများမှ အချက်အလက်များကို လွယ်ကူစွာ လေ့လာခွင့် ရရှိလာနိုင်ခြင်း။ | နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ကဏ္ဍတစ်ခုလုံး၏ အားသာချက် အားနည်းချက်များကို သုတေသနလုပ်ငန်းမှ ရရှိလာနိုင်ခြင်း။ | - သင်တန်းဆင်းပြီးသော သူများအား လုပ်ငန်းခွင် လက်တွေ့သင်ကြားနိုင်ခြင်း။<br><br>- Testing Centre (၁၅၃) ခု တည်ထောင်လာနိုင်စေခြင်း။ |

၁၂

# အဆင့်မြင့်ပညာရေး







၁
၂
၃
၄
၅
၆
၇
၈
၉
၁၀
၁၁
၁၂

အခန်း ၁၂

# အဆင့်မြင့်ပညာရေး

## ၁၂.၀။ နိဒါန်း

အဆင့်မြင့်ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံ လိုအပ်ချက်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍနှင့် စက်မှုလက်မှုလုပ်ငန်းစသည်တို့တွင် လိုအပ်နေသော အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ် (Human Capital)ကို ပြုစုပျိုးထောင်ပေးရန် အဆင့်မြင့် ပညာကဏ္ဍတွင် တာဝန်ရှိပါသည်။ အဆင့်မြင့်ပညာကျောင်းများအနေဖြင့် ကမ္ဘာ တစ်ဝန်းစီးပွားရေးယှဉ်ပြိုင်မှုများပြားသည့် လူမှုဝန်းကျင်တွင် လိုအပ်၍ တီထွင်ဖန်တီး နိုင်စွမ်းရှိသော လူတို့၏ စွမ်းဆောင်ရည်ကိုလည်း ဖွံ့ဖြိုးစေနိုင်ပါသည်။ နိုင်ငံတကာ သုတေသနများက အဆင့်မြင့်ပညာကျောင်းများ၏အရည်အသွေးနှင့် စီးပွားရေး ကဏ္ဍဆိုင်ရာအတွေ့အကြုံများသည်နိုင်ငံအချင်းချင်းယှဉ်ပြိုင်မှုအတွက်ပိုမိုအရေးကြီး လာကြောင်း သက်သေပြနေကြပါသည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်ပညာကဏ္ဍ၏ အရေးပါမှုကို "ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် မြန်မာနိုင်ငံကို တည်ထောင်ရာတွင် မြန်မာနိုင်ငံ၏အဆင့်မြင့်ပညာရေးစနစ်မှ တစ်ဆင့် အရည်အချင်းပြည့်မီသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန် လိုအပ် သည်"ဟူသော အဆင့်မြင့်ပညာကဏ္ဍ၏ ရည်မှန်းချက်က ထင်ဟပ်စေပါသည်။ အဆင့်မြင့် ပညာကဏ္ဍရှိ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်စုစုပေါင်း ၁၇၁ ကျောင်းမှာ ကာကွယ်ရေး၊ နယ်စပ်ရေးရာ၊ သာသနာရေးနှင့်ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့်ဆည်မြောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစား စသည့် ဝန်ကြီးဌာန (၈) ခု၏ ကြီးကြပ်မှုအောက်တွင် ရှိပါသည်။

ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာကဏ္ဍကို အာဆီယံ ဒေသတွင်းနိုင်ငံများ၏ ပညာရေးအဆင့်မှသည် နိုင်ငံတကာပညာရေးအဆင့်အထိ မြှင့်တင်နိုင်ရန် အနှစ်(၂၀) ရေရှည်စီမံကိန်းကို ၂၀၁၁ ခုနှစ်မှစတင်ကာ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် တက္ကသိုလ်များတွင် သိပ္ပံ၊ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကဏ္ဍများ၌ တီထွင်ဖန်တီး နိုင်သော အတွေးအခေါ်အသစ်များကို ကြံဆနိုင်စွမ်းရှိမည့် အသိပညာနှင့် အတတ် ပညာရှင်များကို ပျိုးထောင်ပေးရပါမည်။ လွန်ခဲ့သောနှစ်များတွင် မြန်မာနိုင်ငံ အဆင့်မြင့်ပညာကျောင်းများ၌ သင်ကြားသင်ယူနည်းများ၊ စစ်ဆေးအကဲဖြတ်နည်း စနစ်များ၊ ကျောင်းတွင်း အရည်အသွေးအာမခံမှု (Internal Quality Assurance)နှင့် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များစသည်တို့ကို ပြုပြင်ပြောင်းလဲရာတွင်လည်း ပုံမှန်တိုးတက် လျက်ရှိကြောင်း တွေ့ရပါသည်။ ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာ (Memoranda of Understanding) ရေးထိုးရာတွင် ကန့်သတ်ချက်များကို ယေဘုယျအားဖြင့် ဖြေလျှော့ပေးထားပါသည်။

သို့သော် ကမ္ဘာ့ဘဏ်၏ ၂၀၁၂ခုနှစ် ပညာအခြေပြုစီးပွားအညွှန်းကိန်း (Knowledge-based Economy Index - KEI)အရ မြန်မာနိုင်ငံသည် ကမ္ဘာ့တစ်ဝန်း လုံး၌ ၁၄၅ နေရာသို့ ရောက်နေသောကြောင့် မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာကျောင်း များတွင် ရင်းနှီးမြှုပ်နှံမှု၊ လွတ်လပ်စွာ စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှုအပိုင်းတို့၌ လိုအပ်ချက်များရှိနေပါသည်။ ဆရာ ၅၀ ရာခိုင်နှုန်းခန့်မျှသာ သုတေသနစာတမ်း များ ရေးသားထုတ်ဝေနိုင်သည့် သုတေသနလုပ်ငန်းမျိုးကို ဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရသဖြင့် အဆင့်မြင့်ပညာကျောင်းများ၏သင်ကြားရေးနှင့် သုတေသန အရည်အသွေးနစ်မျိုးစလုံး၌ အားနည်းနေသေးသည်ဟု ယူဆနိုင်ပါသည်။ လူမှုစီးပွား ဖွံ့ဖြိုးမှု အခြေအနေကြောင့် ကျောင်းသားများ အဆင့်မြင့်ပညာကျောင်းများသို့ တက်ရောက်သင်ကြားခွင့်ရရှိရေးတွင် အဟန့်အတားများရှိနေပါသည်။ အဆင့်မြင့် ပညာကဏ္ဍတွင်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက်ကျောင်းသားထက်ဝက် ကျော်ခန့် တက်ရောက်နေသည့် အဝေးသင်တက္ကသိုလ်များတွင် အရင်းအမြစ်မပြည့်စုံ သည့်အခက်အခဲနှင့်ကြုံတွေ့နေပါသည်။ ထိုကဏ္ဍ၌အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုအပိုင်းတွင် လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများသည် မြန်မာ့အဆင့်မြင့် ပညာကျောင်းများအား မြင့်မား၍ ထက်မြက်သော ပညာရပ်များကို ဖွံ့ဖြိုးစေလျက် အသိပညာထုတ်ကုန်များ (Knowledge production) ပိုမိုထုတ် လုပ်နိုင်မည့် ပြုပြင်ပြောင်းလဲမှုများဖြင့် အထောက်အကူပြုနိုင်ပါသည်။ ထို့အတူ အဆင့် အတန်း မြင့်မားသောသုတေသနဗဟိုဌာနများထူထောင်ဖွင့်လှစ်ပေးခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်ပါမည်။ ဤပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ကို အဓိကနယ်ပယ်သုံးခုဖြစ်သော (၁) စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး၊ (၂) အရည်အသွေး နှင့်ပညာရပ်လိုက်လျောညီထွေမှုရှိရေး၊(၃) အခွင့်အလမ်းနှင့်အကျိုးခံစားခွင့် သာတူ ညီမျှရှိရေးစသည်တို့အပေါ် တွင် အလေးထားဆောင်ရွက်သွားရပါမည်။

## ၁၂.၁။ ဥပဒေနှင့်မူဝါဒနောက်ခံ

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)ကိုပြန်လည်ပြင်ဆင်သည့်ဥပဒေ(၂၀၁၅)အရ အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့်သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေး မူဝါဒ ကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုက လေ့ကျင့်သင်ကြားပေးသော ပညာရေးကိုဆိုသည် (အခန်း-၁၊ ပုဒ်မ-၂၊ ပုဒ်မခွဲ(ဓ))။ တက္ကသိုလ်ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ၎င်းတို့ နှင့် အဆင့်တူညီသောပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဆရာများက ရွေးချယ်သော ကိုယ်စားလှယ်များ၊ ကျောင်းသားများက ရွေးချယ်သောကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းသည့်ကောင်စီကိုဆိုသည် (အခန်း-၁၊ ပုဒ်မ-၂၊ပုဒ်မခွဲ(ဠ))။

## ၁၂.၂။ အဆင့်မြင့်ပညာရေးဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲ

အထောက်အထားအခြေပြု လေ့လာသုံးသပ်မှုတွင် တင်ပြထားသော (၁)အဆင့်မြင့်ပညာရေး အခန်းနှင့်အဆင့်မြင့်ပညာကဏ္ဍခွဲအစီရင်ခံစာ၊ (၂)အမျိုးသား ပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)၊ (၃)ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ အဆင့်မြင့်ပညာရေး အစီရင်ခံစာ၊ (၄)ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာ၊(၅) အဆင့်မြင့်ပညာကဏ္ဍတွင် ရင်ဆိုင်နေရသောမဟာဗျူဟာမြောက် စိန်ခေါ်မှုများနှင့် (၆)ပြည်တွင်းနှင့်နိုင်ငံတကာသုတေသနများမှ လေ့လာရရှိသော အတွေ့အကြုံနှင့်ရလဒ်များ အစရှိသည်တို့အပေါ်တွင် အခြေခံ၍ပြုစုထားသော ပညာရေးဝန်ကြီးဌာန၏ အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်း အလဲမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

### ၂၀၂၁ ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် မဟာဗျူဟာမြောက်အပြောင်းအလဲ-

ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ်ဖြင့် ကျောင်းသားများ သာတူညီမျှ ပညာ ဆည်းပူးခွင့်ရ၍ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိနိုင်ကာ ပညာအခြေပြုစီးပွားရေး တည်ဆောက်ရာတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခွင့်ရရှိစေမည်။

အဆင့်မြင့်ပညာရေး မဟာဗျူဟာမြောက်အပြောင်းအလဲ ပေါက်မြောက် အောင်မြင်နိုင်ရန် ချမှတ်အကောင်အထည်ဖော်ဆောင်မည့် မဟာဗျူဟာများနှင့် အစီအစဉ်များကို ဆက်လက်ဖော်ပြထားပါသည်။





## ၁၂.၃။ အဆင့်မြင့်ပညာရေးဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အဆင့်မြင့်ပညာကဏ္ဍခွဲ အစီရင်ခံစာ၏ လေ့လာတွေ့ရှိချက်များအပေါ်တွင် အခြေခံ၍ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများက နောင်လာမည့် (၅)နှစ်အတွင်း အကောင်အထည်ဖော်ဆောင်မည့် မဟာဗျူဟာ (၃)ရပ်နှင့် အစီအစဉ်များကို ဖော်ပြထားပါသည်။

### ၁၂.၃.၁။မဟာဗျူဟာ(၁) အဆင့်မြင့်ပညာရေး၏အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအားကောင်းစေခြင်း

အဆင့်မြင့်ပညာကဏ္ဍ၏ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု အားကောင်းစေရန် အလေးထားဆောင်ရွက်ပါမည်။ ဤသို့အလေးထားဆောင်ရွက်မည့် လုပ်ငန်းများအောင်မြင်စေရန် ရေရှည်ရင်းနှီးမြှုပ်နှံမှုအဖြစ်အဆင့်မြင့်ပညာရေးအဖွဲ့အစည်းသစ်နှစ်ခုဖြစ်သောအမျိုးသား အဆင့်မြင့်ပညာဖွံ့ဖြိုးရေးကျောင်း (National Institute for Higher Education Development-NIHED) နှင့် အဆင့်မြင့်ပညာအရည်အသွေးအာမခံမှုအဖွဲ့/အေဂျင်စီ (Higher Education Quality Assurance Agency-HEQAA) တို့ကို ဖွဲ့စည်းတည်ထောင်ပါမည်။အဆိုပါအဖွဲ့အစည်းသစ်နှစ်ခုမှာအုပ်ချုပ်မှု၊စီမံခန့်ခွဲမှုနှင့်အရည်အသွေးရှိသော ပညာရေးကိုတိုးတက်စေခြင်းဖြင့် အရည်အသွေးရှိ၍ အဆင့်မြင့်ပညာရပ်များသင်ယူရန် အခွင့်အလမ်းကိုလည်း အထူးသိသာစွာတိုးတက်လာစေပါမည်။

အဆင့်မြင့်ပညာကျောင်းများ၏ စီမံခန့်ခွဲမှု အားကောင်းလာစေရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ကြားရေးဝန်ထမ်းများ၏ ရာထူးဌာနအပြောင်းအရွှေ့နှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ကိုချမှတ်ရန် လိုအပ်ပါသည်။ လက်ရှိအချိန်တွင် သင်ကြားရေးဝန်ထမ်းများအား အဆင့်မြင့်ပညာ ကျောင်းတစ်ကျောင်းတွင် နှစ်အနည်းငယ် ခန့်ထားပြီးနောက် တခြားအဆင့်မြင့်ပညာကျောင်းသို့မဟုတ် အစိုးရဌာနသို့ ရာထူးတိုးမြှင့်/ပြောင်းရွှေ့တာဝန်ချထားလေ့ရှိပါသည်။ အဆိုပါ အလေ့အကျင့်သည် သင်ကြားရေးဝန်ထမ်းများအတွက် ဘာသာရပ်အထူးပြုနယ်ပယ်အလိုက် နှစ်ရှည် သုတေသနလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်မည့် လုပ်ငန်းကိုအဟန့်အတားဖြစ်စေပါသည်။ ဤသည်ကိုဖြေရှင်းနိုင်ရန်အတွက် အရည်အသွေးနှင့် စွမ်းဆောင်ရည်ရှိသော သုတေသနပညာရှင်များကို အဆင့်မြင့်ပညာကျောင်းတစ်ကျောင်းတည်းတွင် နှစ်ရှည်လများဦးစားပေး၍ တာဝန်ထမ်းဆောင်ခွင့်ရရှိစေမည့် မူဝါဒတစ်ခုလိုအပ်ပါမည်။

ပထမဦးစားပေးအနေဖြင့် တက္ကသိုလ်ဆရာများထဲတွင် နိုင်ငံခြားတက္ကသိုလ်များမှ ပါရဂူဘွဲ့ရရှိလာသူများ (သို့မဟုတ်) သုတေသနလုပ်ငန်းပြုလုပ်ပြီး ရလဒ်များကို နိုင်ငံတကာပညာရပ်ဂျာနယ် တစ်ခုခုတွင် ဖော်ပြထုတ်ဝေခွင့်ရခဲ့သူများ (သို့မဟုတ်) နိုင်ငံခြားတက္ကသိုလ်သင်ကြားရေးတာဝန် ထမ်းဆောင်ဖူးသူများ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသောအခါ အဆင့်မြင့်ပညာကျောင်းများ၌ နှစ်ရှည်ခန့်အပ်တာဝန်ပေးသင့်ပါသည်။ ထို့အပြင်အဆိုပါမူဝါဒအရ အဆင့်မြင့်ပညာကျောင်းများ၌ ဦးစားပေးပညာရပ်များအလိုက် အဓိကဘာသာရပ်ကျွမ်းကျင်ပညာရှင်များအတွက် နှစ်ရှည်ခန့်အပ်တာဝန်ထမ်းဆောင်နိုင်မည့် ရာထူးနေရာများကို အလုံအလောက်ဖန်တီးပေးထားရပါမည်။ ဒုတိယဦးစားပေးအနေဖြင့် ရေရှည်ပြုလုပ်ရသော သုတေသနလုပ်ငန်းမျိုးအတွက် တာဝန်ထမ်းဆောင်မည့်ကာလကို စွမ်းဆောင်ရည်ပေါ် မူတည်၍ လုပ်သက်နှင့်ဆက်နွယ်ပြီး သက်တမ်းတိုးမြှင့်ပေးရပါမည်။ ထို့ပြင် နှစ်ရှည်ပြုလုပ်ရမည့် သုတေသီများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းကိရိယာများကို အလုံအလောက်ပံ့ပိုးပေးသည့် အစီအမံများကိုလည်း ရေးဆွဲချမှတ်ထားရပါမည်။ အကယ်၍ ဆရာများအနေဖြင့် အခြေအနေပေးလျက် စွမ်းဆောင်ရည် တစ်စုံတစ်ရာ မပြသနိုင်ခဲ့လျှင် တခြားဆရာများနည်းတူ တက္ကသိုလ်တစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရပါမည်။ အဆိုပါ စီမံခန့်ခွဲရေးစနစ်မှတဆင့် အထူးပြုပညာရပ်နယ်ပယ် အသီးသီးတွင် သုတေသနလုပ်ငန်းများပြုလုပ်စေခြင်းဖြင့် အဆင့်မြင့်ပညာကျောင်းများ၏ ဂုဏ်သတင်းသည် နိုင်ငံတော်အတွင်း၌ ပိုမိုကျော်ကြားလာစရာရှိပါသည်။

လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံတော်အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် သင်ကြားရေးဝန်ထမ်းများကို ပြည်ပသို့ ပညာသင်သွားရောက်ရန် ရွေးချယ်စေလွှတ်ခြင်းဖြစ်ပါသည်။ အရေးအကြီးဆုံးအချက်မှာ နိုင်ငံခြားတွင် ပညာသင်ကြားသည့် ကာလပြီးဆုံးချိန်၌ အဆိုပါ သင်ကြားရေးဝန်ထမ်းများ မြန်မာနိုင်ငံသို့ ရောက်ရှိလာသောအခါ မိခင်ဌာနတွင် ၎င်းတို့၏ တာဝန်များအား ပြန်လည်၍ ထမ်းဆောင်စေရပါလိမ့်မည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ဘွဲ့ရပညာရှင်များ၏ အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှုဖြင့် အဆင့်မြင့်ပညာ ကျောင်းများကို အားကောင်းလာစေပြီး ကမ္ဘာ့အဆင့်မီ သုတေသနကို အလေးပေးသည့် အမျိုးသားတက္ကသိုလ်များထူထောင်နိုင်ရန် အစီအစဉ်များရေးဆွဲရပါမည်။ ထို့ကြောင့် ပညာရှင်များအနေဖြင့် ၎င်းတို့၏ မိခင်တက္ကသိုလ်၌ သတ်မှတ်ထားသည့် အချိန်ကာလတစ်ခု ဥပမာ- သုံးနှစ်ကြာ အချိန်ပြည့်သင်ကြားပို့ချခြင်း၊ သုတေသနပြုလုပ်ခြင်းဖြင့် တာဝန်ထမ်းဆောင်ပြီးသူများကိုသာ ပြည်ပသို့ သွားရောက်ကာ ပညာသင်ယူရန်လည်းကောင်း (သို့မဟုတ်) သုတေသနပြုလုပ်ရန်လည်းကောင်း လျှောက်ထားခွင့်ပြုသင့်ပါသည်။ နိုင်ငံခြားတွင်ပညာသင်ယူပြီးစီး၍ ပြန်လာသော ပညာရှင်များအတွက် ၎င်းတို့၏ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သော ဓာတ်ခွဲစမ်းသပ်ခန်းနှင့် အထောက်အကူပြုပစ္စည်းများကိုလည်း ပံ့ပိုးပေးရပါမည်။

ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများသည် အောက်ပါလုပ်ငန်းအစီအစဉ် (၅)ရပ်ပါဝင်သည့် တက္ကသိုလ်ဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်ပါသည်-

#### လုပ်ငန်းအစီအစဉ်(၁) အလေ့အကျင့်ကောင်းများကို မှတ်သားထားရန်နှင့် မိတ်ဖက်များ ထူထောင်ရန် နိုင်ငံခြားလေ့လာရေးခရီးစဉ်များစေလွှတ်ခြင်း

ဤအစီအစဉ်အောက်တွင် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအား ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဆင့်မြင့်ပညာကဏ္ဍ၌ ကျင့်သုံးနေသော အလေ့အကျင့်ကောင်းများနှင့် ထိတွေ့မှုရှိစေရန် လေ့လာရေးခရီးစဉ်များကို စီစဉ်စေလွှတ်ပေးပါမည်။ ဖိတ်ကြားခြင်းခံရသော ပုဂ္ဂိုလ်များအနေဖြင့် ခရီးစဉ်များမှ ပြန်လည်ရောက်ရှိလာသောအခါ လေ့လာတွေ့ရှိချက်များကို လေ့လာရေးခရီးစဉ် အစီရင်ခံစာများတွင် ပြည့်စုံစွာရေးသားပြီး အဆင့်မြင့်ပညာကျောင်းအားလုံးသို့ ဖြန့်ဝေပေးရပါမည်။ ထို့ပြင် နိုင်ငံခြားလေ့လာရေးခရီးများသွားရောက်ခဲ့သော အဆင့်မြင့်အရာရှိကြီးများ၏ အဖွဲ့တစ်ဖွဲ့ချင်းသည် မြန်မာနိုင်ငံ အဆင့်မြင့်ပညာကျောင်းများနှင့် နိုင်ငံတကာ တက္ကသိုလ်များ၊ သုတေသနဗဟိုဌာနများနှင့် မိတ်ဖက်များအဖြစ်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အခွင့်အလမ်းများကို စူးစမ်းလေ့လာနေရပါမည်။

နိုင်ငံခြားခရီးစဉ်များတွင် နိုင်ငံတော်အစိုးရ၏ခွင့်ပြုငွေကို အပြည့်အဝရရှိနေရာမှ နိုင်ငံတော် ဘဏ္ဍာငွေ၊ ကိုယ်ပိုင်ရန်ပုံငွေနှင့် ထောက်ပံ့လှူဒါန်းငွေအဖြစ် ရရှိထားသော ငွေကြေးကို သုံးစွဲရာတွင် ငွေကြေးလိုအပ်ချက်ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်းဇယားများကို လေ့လာဆန်းစစ်၍ မှတ်တမ်းမှတ်ရာများ ပြုစုထားရပါမည်။ ထို့ပြင် နိုင်ငံတကာ အဆင့်မြင့်ပညာကျောင်းများနှင့်လည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း





ပူးပေါင်းဆောင်ရွက်နိုင်ရေး အထူးသဖြင့် သုတေသနနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ် (Research and Innovation) အကြောင်းကိုလည်း စူးစမ်းလေ့လာရပါမည်။ တချို့ခရီးစဉ်များသည် အထူးသဖြင့် ဆေးပညာ၊ အင်ဂျင်နီယာပညာနှင့် သတင်းအချက်အလက်နည်းပညာကဲ့သို့သော အဆင့်မြင့်ပညာနှင့် ဆက်စပ်လျက်ရှိသည့် နည်းပညာဆိုင်ရာ နယ်ပယ်များအပေါ်တွင် အာရုံပိုမိုစူးစိုက်၍ လေ့လာရပါမည်။

### လုပ်ငန်းအစီအစဉ်(၂) အမျိုးသားအဆင့်မြင့်ပညာဖွံ့ဖြိုးရေးကျောင်း တစ်ကျောင်းတည်ထောင်ခြင်း

အဆင့်မြင့်ပညာကဏ္ဍ၏အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးတိုးတက်ကောင်းမွန်လာစေရန်နှင့် တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းလာစေရေးအတွက် အမျိုးသားအဆင့်မြင့်ပညာဖွံ့ဖြိုးရေးကျောင်း (National Institute for Higher Education Development) တစ်ကျောင်းကို တည်ထောင်ပါမည်။ ဤဖွံ့ဖြိုးရေးကျောင်းသည် လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ခြင်းနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် တွေ့ကြုံနေရသော အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြဿနာတို့ကို လေ့လာဆန်းစစ်ရပါမည်။

အဆင့်မြင့်ပညာဖွံ့ဖြိုးရေးကျောင်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(သို့မဟုတ်) အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ အစိတ်အပိုင်းအဖြစ်သော်လည်းကောင်း၊ သီးခြားအဖွဲ့အစည်းအဖြစ်သော်လည်းကောင်းဖွင့်လှစ်တည်ထောင်ပါမည်။ အဆင့်မြင့်ပညာကဏ္ဍမှ ဝါရင့်ပညာရှင်များက နိုင်ငံတကာ ပညာရေးအဆင့်အတန်းသတ်မှတ်ထားသည့် သင်တန်းအစီအစဉ်များကို ပို့ချပေးကြပါမည်။ သင်တန်းများတွင် ပညာရေးမူဝါဒနှင့်ကိုက်ညီမည့် ပြည်တွင်းပြည်ပ သုတေသနရလဒ်များကို ထည့်သွင်းပို့ချပေးသွားပါမည်။ အဆင့်မြင့်ပညာကဏ္ဍ၌စီမံခန့်ခွဲရေးအပိုင်းကို ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာသင်တန်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ရပါမည်။ သင်တန်းတက်ရောက်ပြီးစီးသူများအား ဒေသတွင်း အာဆီယံမိတ်ဖက်အဖွဲ့အစည်းများသို့ စေလွှတ်ပြီး ဘာသာရပ်ဖွံ့ဖြိုးရေး၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများအကြောင်းကို လေ့ကျင့်ပေးရပါမည်။

### လုပ်ငန်းအစီအစဉ်(၃) တက္ကသိုလ်ပဋိညာဉ်စာတမ်းများရေးဆွဲခြင်းနှင့် တက္ကသိုလ်ကောင်စီများဖွဲ့စည်းခြင်းအားဖြင့် အဆင့်မြင့်ပညာကျောင်းများ၏ စီမံအုပ်ချုပ်မှုကို အားကောင်းစေခြင်း

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)အရ အဆင့်မြင့်ပညာကျောင်းများကို ကိုယ်ပိုင်စီမံခန့်ခွဲမှု ကျင့်သုံးဆောင်ရွက်ခွင့်ပြုပါလိမ့်မည်။ သို့သော် ဤကိုယ်ပိုင်စီမံခန့်ခွဲမှုအောင်မြင်စေရန်အတွက်တက္ကသိုလ်ပဋိညာဉ်စာတမ်းတစ်ခုစီကိုတက္ကသိုလ်တိုင်းက ရေးဆွဲပြီးအမျိုးသားပညာရေးမူဝါဒကော်မရှင်သို့တင်ပြ၍အတည်ပြုချက်ရယူရပါမည်။ တက္ကသိုလ်တိုင်းသည် မိမိရေးဆွဲအတည်ပြုချက် ရယူထားသည့် ပဋိညာဉ်စာတမ်းအတိုင်း တက္ကသိုလ်ကောင်စီကိုဖွဲ့စည်းပြီး ကိုယ်ပိုင်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ခွင့်ရှိပါမည်။ အတည်ပြုချက်ရယူပြီးသည့် ပဋိညာဉ်စာတမ်းပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန် လိုအပ်သည့် အကူအညီများကို အဆင့်မြင့်ပညာ ကျောင်းများအား ပံ့ပိုးမှုပေးပါမည်။ ဤသို့အကောင်အထည်ဖော်သည့် လုပ်ငန်းများဖြစ်သော ပညာပို့ချရေး၊ အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုအစရှိသည့် လုပ်ငန်းများကို ကြီးကြပ်ပြီး၊ စီမံကွပ်ကဲဦးဆောင်ပေးမည့် ခိုင်မာသော ယန္တရားတစ်ခုကို ထူထောင်ရန် အရေးကြီးပါသည်။



အဆင့်မြင့်ပညာကျောင်းများအား ကြီးကြပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းကို အထောက်အပံ့ပေးသည့် မဟာဗျူဟာမြောက် ဦးဆောင်မှုပေးသော တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းနိုင်ရန် ပံ့ပိုးပေးရပါမည်။ ဤသို့ဖွဲ့စည်းမည့် တက္ကသိုလ်ကောင်စီကို အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (Higher Education Coordination Committee-HECC) က အတည်ပြုပေးရပါမည်။ တစ်ချိန်တည်းမှာပင် အမျိုးသားအဆင့်မြင့်ပညာဖွံ့ဖြိုးရေးကျောင်းက ၎င်းတို့၏ အခန်းကဏ္ဍထိရောက်စေရန် လိုအပ်သော သင်တန်းများကို ပို့ချလေ့ကျင့်ပေးပါမည်။

တက္ကသိုလ်ကောင်စီတွင် တက္ကသိုလ်၏ ရည်မှန်းချက်များကို ထိရောက်ပြီး ထင်သာမြင်သာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီနိုင်စွမ်းရှိသူများ၊ အတွေ့အကြုံဗဟုသုတရှိသူများအား အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ပေးရပါမည်။ တက္ကသိုလ်ကောင်စီအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးမည့် မူဝါဒများ ရေးဆွဲချမှတ်ပေးရမည်ဖြစ်သကဲ့သို့ သင်ကြားသင်ယူမှု၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှု၊ အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအဝဝ စွမ်းဆောင်နိုင်မှုကို စောင့်ကြည့်ကြီးကြပ်ရန် တာဝန်ရှိပါသည်။ ထို့ပြင် စီမံခန့်ခွဲရေး (သို့မဟုတ်) အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အငြင်းပွားဖွယ်ကိစ္စရပ်များ

ပေါ်ပေါက်လာပါက စုံစမ်းစစ်ဆေးရန်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရန်လည်းကောင်း တက္ကသိုလ်ကောင်စီတွင် တာဝန်ရှိပါသည်။

တက္ကသိုလ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို သက်ဆိုင်ရာတက္ကသိုလ်က အဆိုပြုပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန (သို့မဟုတ်) ကော်မရှင် (သို့မဟုတ်) သက်ဆိုင်ရာ ကော်မတီက အတည်ပြုပေးရပါမည်။ တက္ကသိုလ်ကောင်စီ၌ အဖွဲ့ဝင်နေရာ လစ်လပ်နေခဲ့လျှင် လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သူ (သို့မဟုတ်) အရည်အချင်းပြည့်မီသူကို ရွေးချယ်၍ လစ်လပ်နေရာကို ဖြည့်ပေးရပါမည်။

## လုပ်ငန်းအစီအစဉ်(၄) အဆင့်မြင့်ပညာကျောင်းများ၏ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်နှင့် တာဝန်ခံမှု အားကောင်းစေခြင်း

ပညာပို့ချရေး၊ စီမံခန့်ခွဲရေး၊ ဝန်ထမ်းခန့်ထားရေး၊ ငွေရေးကြေးရေးအပါအဝင် ကိုယ်ပိုင် စီမံခန့်ခွဲပိုင်ခွင့်နှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးဥပဒေ(၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅)တွင် အဆင့်မြင့်ပညာကျောင်းများ လွတ်လပ်စွာ စီမံပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတွင်းနှင့် နိုင်ငံတကာ သုတေသနအတွေ့အကြုံများအရ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ပေးခြင်းဖြင့် ကျောင်းသားများ အရည်အသွေးရှိသော အဆင့်မြင့်ပညာကိုပိုမိုသင်ယူခွင့်ရရှိကြပါမည်။

သို့ရာတွင် ကိုယ်ပိုင်စီမံခန့်ခွဲမှု ပိုမိုရရှိသဖြင့် လုပ်ငန်းအောင်မြင်ရန် အလို့ငှာ အဆင့်မြင့်ပညာကျောင်းများအား တာဝန်ခံနိုင်ရန် ပွင့်လင်းမြင်သာမှုရှိပြီး လုပ်ငန်းလည်ပတ်ရေးအတွက် ထိရောက်သောအစီအမံများ လိုအပ်ပါမည်။ ယခုအခါ ကမ္ဘာတစ်ဝန်း၌ အစိုးရအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် ကိုယ်ပိုင်စီမံခန့်ခွဲမှုနှင့် တာဝန်ခံမှုကို သဟဇာတဖြစ်အောင် ညှိနှိုင်းရေးသည် မူဝါဒအရ အဓိကစိန်ခေါ်မှု တစ်ရပ် ဖြစ်နေပါသည်။

အဆင့်မြင့်ပညာကျောင်းများအား ကိုယ်ပိုင်စီမံခန့်ခွဲမှုကို အလွန်အမင်းပေးမိခဲ့လျှင် ဖွံ့ဖြိုးမှု နေးကွေးသောဒေသမှ တိုင်းရင်းသားလူနည်းစုနှင့်စီးပွားရေးနောက်ခံ အားနည်းသော ကျောင်းသားများကို ကျောင်းဝင်ခွင့်ပေးရေးအတွက် အစိုးရအနေဖြင့် တိုက်တွန်းရန် လိုအပ်လာပါမည်။ ထို့ပြင်ဝန်ကြီးဌာနများက မူဝါဒသစ်များကို အကောင်အထည်ဖော်စေရာတွင်လည်း အခက်အခဲကြုံတွေ့နိုင်ပါသည်။ အဆင့်မြင့်ပညာကျောင်းများအပေါ်တွင်ဗဟိုထိန်းချုပ်မှုများလွန်းပါကလည်းပြုပြင်ပြောင်းလဲမှုလုပ်ငန်းကို ကြန့်ကြာစေနိုင်ပါသည်။

တာဝန်ခံမှုနှင့်အတူ ကိုယ်ပိုင်စီမံခန့်ခွဲမှုပေးခြင်းသည် အဆင့်မြင့်ပညာကျောင်းများ၏ စီမံခန့်ခွဲမှုကို ပိုမိုထိရောက်စေခြင်း၊ အဆင့်မြင့်ပညာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ် ပိုမိုရရှိနိုင်ခြင်း၊ အရည်အသွေးရှိသော အဆင့်မြင့်ပညာသင်ကြားခွင့် သိသာစွာတိုးတက်လာခြင်း အစရှိသောအကျိုးကျေးဇူးများရရှိရန် အလားအလာရှိကြောင်း အသိအမှတ်ပြုရပါမည်။

ထို့ကြောင့် ကနဦးဦးစားပေးမည့်လုပ်ငန်းမှာအဆင့်မြင့်ပညာကျောင်းများအတွက် ခိုင်မာသော တာဝန်ခံမှုနှင့် ပေါင်းစပ်လျက် ပိုမိုကောင်းမွန်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို ကျင့်သုံးခွင့်ပြု၍ အောင်မြင်ခဲ့သည့် နိုင်ငံများ၌ အစိုးရက ဦးဆောင်၍ ပြုပြင်ပြောင်းလဲပေးခဲ့သော အဆင့်မြင့်ပညာရေးအကြောင်းကို စူးစမ်းလေ့လာကာ မှတ်တမ်းတင်ရန် ဖြစ်ပါသည်။ ဤစူးစမ်းလေ့လာမှုသည် အဆင့်မြင့်ပညာကျောင်းများအတွက် ကိုယ်ပိုင်စီမံခန့်ခွဲမှု၊ တာဝန်ခံမှုနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများရေးဆွဲချမှတ်ရန် အထောက်အကူဖြစ်စေပါမည်။

အတည်ပြုထားသော နည်းဥပဒေများနှင့်အညီ အဆင့်မြင့်ပညာကျောင်းများ အနေနှင့် မိမိတို့ အဆိုပြုထားသည့် တာဝန်ခံမှုကိုအားဖြည့်ပြီး ကိုယ်ပိုင်စီမံခန့်ခွဲမှုကို ပိုမိုတိုးချဲ့ထားသည့် အခြေအနေအကြောင်း ရှေ့ပြေးစမ်းသပ်မှု(Pilot Test)များပြုလုပ်နိုင်ပါသည်။ ဥပမာ-အဆင့်မြင့်ပညာကျောင်း တစ်ကျောင်းအနေဖြင့် ဘဏ္ဍာငွေဆိုင်ရာ ကိုယ်ပိုင်စီမံခန့်ခွဲမှုကို တောင်းဆိုထားခဲ့လျှင် လွတ်လပ်စွာ သုံးစွဲခွင့်ရှိသော ရန်ပုံငွေတစ်ရပ်ကို ကျောင်းလခနှင့် တခြားဝင်ငွေများဖြင့်ထူထောင်ကာ ဦးစားပေး လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခွင့်ရရှိပါမည်။ တစ်ချိန်တည်း၌ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများ (Stakeholders) အားလုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်များဖြင့် တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းနိုင်ပါသည်။ သို့တည်းမဟုတ် အားဖြည့်ပေးနိုင်ပါသည်။

လွှတ်တော်မှ အတည်ပြုထားသော အစိုးရဘတ်ဂျက်ခွဲဝေမှုကို အကယ်၍ တစ်လုံးတစ်ခဲတည်းရရှိခဲ့လျှင် တက္ကသိုလ်များ၏ဖွံ့ဖြိုးရေးမှာ အရှိန်အဟုန်ဖြင့်မြင့်တက်လာနိုင်ပါသည်။ သို့သော် လက်ရှိစနစ်အရ ဘတ်ဂျက်ခေါင်းစဉ်များအောက်မှ ရန်ပုံငွေခွဲဝေမှုသည် တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးရေးတို့ကို နှောင့်နှေးစေပါသည်။ တက္ကသိုလ်နှစ်စဉ် (သို့မဟုတ်) ကာလလတ်ဖွံ့ဖြိုးရေးအစီအစဉ်ကို အခြေပြုလျက် လိုအပ်သော ဘဏ္ဍာငွေများခွဲဝေရန် ကောင်စီနှင့်အုပ်ချုပ်ရေးအဖွဲ့ကို ကိုယ်ပိုင်စီမံခန့်ခွဲခွင့် ပေးအပ်သင့်ပါသည်။ အစိုးရ စာရင်းစစ်များအနေဖြင့် တက္ကသိုလ်များ၏ ငွေကြေးသုံးစွဲမှုနှင့် ဘဏ္ဍာငွေဆိုင်ရာ ဆုံးဖြတ်ချက်များကိုစာရင်းစစ်ပါမည်။ သို့သော်တက္ကသိုလ်များအတွက် ပွင့်လင်းမြင်သာမှုပိုမိုမြင့်မားပြီး ဘဏ္ဍာငွေဆိုင်ရာ ကိုယ်ပိုင်စီမံပိုင်ခွင့်ရရှိစေရန် လက်ရှိဘဏ္ဍာ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်သင့်ပါသည်။ ထို့ပြင် နိုင်ငံတော် အစိုးရနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်တို့၏ ဘဏ္ဍာငွေဆိုင်ရာမူဝါဒများနှင့် စည်းမျဉ်းများ ကိုက်ညီမှုရှိပါက တက္ကသိုလ်များအား ရန်ပုံငွေမြှင့်တင်ရေး၊ ဥပမာ- ကျောင်းသားဟောင်းများ (သို့မဟုတ်) မိတ်ဖက်အဖွဲ့အစည်းများထံမှရရှိသော ရန်ပုံငွေများကို တက္ကသိုလ်၏ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံရေးအတွက် အသုံးပြုနိုင်သည့် အခွင့်အာဏာပေးသင့်ပါသည်။ ဤနည်းလမ်းသည် တက္ကသိုလ်အားလုံး၏အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမှုကို အထောက်အပံ့ဖြစ်စေမည်။

## လုပ်ငန်းအစီအစဉ်(၅) အဆင့်မြင့်ပညာအရည်အသွေးအာမခံမှု အေဂျင်စီတစ်ခု ဖွဲ့စည်းခြင်း

အဆင့်မြင့်ပညာအရည်အသွေးအာမခံမှုအေဂျင်စီ (Higher Education Quality Assurance Agency - HEQAA) သည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ (NAQAC) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနသည် ကျောင်းတွင်းအရည်အသွေးအာမခံမှု (IQA) ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး NAQAC သည် ပြင်ပအရည်အသွေးအာမခံမှု (EQA) နှင့် သက်ဆိုင်ရာ နယ်ပယ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ချမှတ်ပေးပါမည်။ ဤသို့စီစဉ်ခြင်းသည် အဆင့်မြင့်ပညာအရည်အသွေးအာမခံမှု တိုးတက်စေရန်အတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၏ ထောက်ခံအကြံပြုချက်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။ အဆင့်မြင့်ပညာအရည်အသွေးအာမခံမှုအေဂျင်စီက မြန်မာ့ပညာရေး အရည်အသွေးအညွှန်းဘောင်ကို အာဆီယံအဆင့်မြင့်ပညာအရည်အသွေး အာမခံမှုအညွှန်းဘောင်(AQRFHE)၏ အကောင်းဆုံးအင်္ဂါရပ်များနှင့်ပေါင်းစပ်၍ ရေးဆွဲပါမည်။

အဆင့်မြင့်ပညာအရည်အသွေးအာမခံမှုအေဂျင်စီသည်အဆင့်မြင့်ပညာကျောင်းအားလုံး၏ အရည်အသွေးအာမခံမှုကို တာဝန်ယူပြီး အရည်အသွေးအဆင့်မြင့်မားလာစေရန် ဦးဆောင်မှုပေးပါမည်။ ဤသို့ဖြင့် အဆင့်မြင့်ပညာ အရည်အသွေးအာမခံမှုအေဂျင်စီသည် အရည်အသွေးဆိုင်ရာ လိုအပ်ချက်၊ အားနည်းချက်များထက် အဆင့်အတန်းမြှင့်တင်နိုင်ရေးကို ပိုမိုဦးတည်ဆောင်ရွက်ပါမည်။ အဆင့်မြင့်ပညာအရည်အသွေးအာမခံမှုအေဂျင်စီနှင့် အမျိုးသားအဆင့်မြင့်ပညာ ဖွံ့ဖြိုးရေးကောင်းတို့ညှိနှိုင်း၍ အဆင့်မြင့်ပညာကျောင်းများ၏ အရည်အသွေးအကဲဖြတ်မှုလုပ်ငန်းကို တိကျစွာအသေးစိတ်ဆောင်ရွက်ပါမည်။ အဆင့်မြင့်ပညာကျောင်းများက

အရည်အသွေးအာမခံမှုဆိုင်ရာ အကဲဖြတ်လုပ်ငန်းအစီရင်ခံစာများတွင် ဖော်ပြထားသော ထောက်ခံအကြံပြုချက်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် အမျိုးသားအဆင့်မြင့် ပညာဖွံ့ဖြိုးရေးကျောင်းသည် အဆင့်မြင့်ပညာကျောင်းများအားသင်တန်းများ ဖွင့်လှစ်ပို့ချပေးပါမည်။

## ၁၂.၃.၂။ မဟာဗျူဟာ(၂) အဆင့်မြင့်ပညာ၏ ဆက်စပ်ဆီလျော်မှုနှင့် အရည်အသွေးမြင့်မားလာအောင် ဆောင်ရွက်ခြင်း

ပညာရေးဝန်ကြီးဌာနသည် အဆင့်မြင့်ပညာ၏ ဆက်စပ်ဆီလျော်မှုနှင့် အရည်အသွေးမြင့်မားလာစေရန် အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ် (၆)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်-

### လုပ်ငန်းအစီအစဉ်(၁) အမျိုးသားသုတေသနနှင့် တီထွင်မှုရန်ပုံငွေတစ်ရပ်နှင့်အတူ တက္ကသိုလ်များတွင် သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနများ တည်ထောင်ခြင်း

အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်း၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ အစီရင်ခံစာတွင် သုတေသန၏အရေးပါမှုကို မီးမောင်းထိုးပြထားပါသည်။ သုတေသန၏ အကျိုးကျေးဇူးများအနေဖြင့် ဆရာများသည် ၎င်းတို့၏သုတေသန တွေ့ရှိချက်များကို သင်တန်းအတွင်း၌ သင်ကြားရေးအထောက်အကူပစ္စည်းအသစ်များနှင့် ပေါင်းစပ်၍ လက်တွေ့ပို့ချပြသပေးနိုင်ပါမည်။ ကျောင်းသားများအနေဖြင့်လည်း အရေးကြီးသောမူဝါဒဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်သော တွေ့ရှိချက်များကိုအခြေခံ၍ သင်ကြားပေးမှုများကြောင့် အကျိုးကျေးဇူးရနိုင်ပါမည်။ ဆရာများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များကိုခေတ်နှင့်လိုက်လျောညီထွေအောင် ပြုလုပ်ဆောင်ရွက်ခြင်းနှင့် တခြားပြည်တွင်း/ပြည်ပ အဆင့်မြင့်ပညာကျောင်းများမှ သုတေသနပညာရှင်များနှင့်လည်း ချိတ်ဆက်နိုင်ပြီး သုတေသနကွန်ရက်ထူထောင်၍ ပူးပေါင်းဆောင်ရွက်နိုင်ပါမည်။

ပညာရေးဝန်ကြီးဌာနသည် အဆင့်မြင့်ပညာကျောင်းများ၌ ရေရှည်တည်တံ့မည့် သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (R&D) များကို ထူထောင်နိုင်ရန် ပံ့ပိုးပေးခြင်းဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဆန်းသစ်တီထွင်ခြင်းလုပ်ငန်းများကို အားပေးရာရောက်ပါမည်။ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၏တာဝန်မှာ သုတေသနပြုလုပ်ပြီး ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသုံးကုန်နှင့်စက်မှု ထုတ်ကုန်နယ်ပယ်များတွင် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ အဆင့်မြင့်ပညာ ကျောင်းများ၌ရှိသော အသိဉာဏ်ပညာအရင်းအမြစ်များကိုဖော်ထုတ်၍သုတေသနနှင့်တီထွင်ဆန်းသစ်မှုနယ်ပယ်ကို ချဲ့ထွင်ခြင်းဖြင့် သင်ကြားသင်ယူမှုတို့ကို အကျိုးရှိစေသည့်အပြင် တက္ကသိုလ်က စီမံခန့်ခွဲသည့် ဝင်ငွေရရှိမည့် လုပ်ငန်းများကို အားကောင်းစေပါမည်။

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားသုတေသနနှင့် တီထွင်မှု ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပေးပြီး အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ ဆပ်ကော်မတီတစ်ခုက စီမံအုပ်ချုပ်ရပါမည်။ ရန်ပုံငွေခွဲဝေနိုင်ရေးနှင့်ပတ်သက်၍ အသေးစိတ်လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲရေး လမ်းညွှန်ချက်များရေးဆွဲနိုင်ရန် ကူညီဆောင်ရွက်ပေးရပါမည်။ သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနများထူထောင်ပြီးအကောင်အထည်ဖော်ဆောင်ရွက်နေကြသော အဆင့်မြင့်ပညာကျောင်းအားလုံးသည် ထောက်ပံ့ကြေး (grant)ကို လျှောက်ထားခွင့်ရှိပါသည်။ ရန်ပုံငွေအဖွဲ့၏ သတ်မှတ်ချက်များကို ပြည့်မီစွာဆောင်ရွက်နိုင်မှုပေါ် မူတည်၍ တစ်နှစ် (သို့မဟုတ်) နှစ်နှစ်အတွက် သုံးလတစ်ကြိမ်ခွဲ၍ ထောက်ပံ့ကြေးကို ထုတ်ပေးပါမည်။

သုတေသနထောက်ပံ့ကြေးများချီးမြှင့်နိုင်ရန် အမျိုးသားသုတေသနနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေတွင် အလားအလာကောင်းသောမူဝါဒ၊ ဝန်ဆောင်မှုပေးနိုင်မှု၊ မြန်မာနိုင်ငံသားများအတွက် လူမှုရေး၊ စီးပွားရေးအကျိုးအမြတ်များ ဖန်တီးနိုင်မှု၊ တက္ကသိုလ်ဝင်ငွေစီးကြောင်းပေါ် ထွန်းနိုင်မှုအခွင့်အလမ်းများ၊တက္ကသိုလ်၏လက်ရှိသင်ရိုးများတွင် ချက်ချင်းအသုံးချနိုင်မှုစသည့်ရှင်းလင်းသော စံသတ်မှတ်ချက်များရှိရပါမည်။ ထောက်ပံ့ကြေးလျှောက်ထားသည့် အဆင့်မြင့်ပညာကျောင်း အားလုံးသည် ထောက်ပံ့ကြေးကို ရယူနိုင်ခြင်း ရှိကောင်းရှိပါမည်။ အမျိုးသားသုတေသနရန်ပုံငွေအဖွဲ့၏ ရည်ရွယ်ချက်မှာ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီက ချမှတ်ထားသော စံနှုန်းများကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်သော အဆင့်မြင့်ပညာကျောင်းများကိုသာ ထောက်ပံ့ကြေးပေးရန်ဖြစ်ပါသည်။ အလားတူပြည်ပအဖွဲ့အစည်းများ၏အကောင်းဆုံးလုပ်နည်းလုပ်ဟန်များကိုလေ့လာပြီး ရန်ပုံငွေစီမံခန့်ခွဲမှု လမ်းညွှန်ချက်များကို ချမှတ်ပေးပါမည်။

### လုပ်ငန်းအစီအစဉ်(၂) ကမ္ဘာ့အဆင့်မီ အမျိုးသားတက္ကသိုလ်များနှင့် ဘက်စုံတက္ကသိုလ်များ တည်ထောင်ရေးအတွက် မူဝါဒနှင့် မဟာဗျူဟာချမှတ်ခြင်း

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်မီ အမျိုးသားအဆင့် တက္ကသိုလ်နှစ်ကျောင်း (သို့မဟုတ်) သုံးကျောင်း၊ ဘက်စုံလွှမ်းခြုံနိုင်သော တက္ကသိုလ်တစ်ကျောင်း (သို့မဟုတ်) နှစ်ကျောင်းတည်ထောင်ရေးနှင့်စပ်လျဉ်း၍အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများအကြောင်း နားလည်သဘောပေါက်ရန် လေ့လာဆန်းစစ်မှု ပြုလုပ်ရပါမည်။ ထို့ကြောင့် ဤလုပ်ငန်းစဉ်သည် ကမ္ဘာ့အဆင့်မီ အမျိုးသားတက္ကသိုလ်များနှင့် ဘက်စုံလွှမ်းခြုံနိုင်သော ဘာသာရပ်စုံတက္ကသိုလ်များ တည်ထောင်ရေးအတွက် အချက်အလက်ခိုင်လုံသည့် မူဝါဒချမှတ်ရေးသို့ အလေးပေး၍ ဆောင်ရွက်ရပါမည်။ ဤကဲ့သို့သော မူဝါဒချမှတ်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သင်ခန်းစာများကို အထူးအာရုံစိုက်လေ့လာရပါမည်။ မူဝါဒအတည်ပြုချက်ရယူပြီးနောက် အသေးစိတ်ချမှတ်ထားသော မဟာဗျူဟာကို ကမ္ဘာ့အဆင့်မီ ဘက်စုံလွှမ်းခြုံနိုင်သော တက္ကသိုလ်များ တည်ထောင်နိုင်ရေးအတွက် လမ်းပြမြေပုံအဖြစ် မှတ်ယူနိုင်ပါသည်။

အနည်းဆုံးအနေနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် သမိုင်းအစဉ်အလာကြီးမားပြီးလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ အမျိုးသားရေးအတွက် အရေးကြီးသည့် တက္ကသိုလ်တစ်ကျောင်းကို အဆင့်မြှင့်တင်ပေးရန်လိုအပ်ပါသည်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အစရှိသော တက္ကသိုလ်များ၏အရည်အသွေးကို (၅)နှစ်တာကာလအတွင်း၌ မြှင့်တင်ပေးရပါမည်။ စားနပ်ရိက္ခာထုတ်လုပ်ရေး၊ အလုပ်အကိုင်ဖန်တီးရေးကဲ့သို့သော အလားအလာကောင်းရှိ၍ ဘာသာရပ်အထူးပြုသင်ကြားပေးနေသည့် တက္ကသိုလ်၊ ကောလိပ်တချို့ကို ကမ္ဘာ့အဆင့်မီ ဘက်စုံလွှမ်းခြုံနိုင်သော တက္ကသိုလ်မထူထောင်နိုင်သေးမီကြားကာလအတွင်း(နှစ်တို)၌တက္ကသိုလ်အစုအဖွဲ့ (University Clusters) အဖြစ် စုစည်းပေးသင့်ပါသည်။

### လုပ်ငန်းအစီအစဉ်(၃) ရွေးချယ်ထားသော အဆင့်မြင့်ပညာကျောင်းများရှိ အထောက်အပံ့ အသုံးအဆောင်ပစ္စည်းများကို အဆင့်မြှင့်တင်ခြင်း

မြန်မာနိုင်ငံ၌ အဆင့်မြင့်ပညာကျောင်းများ၏ ရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံများ၏ အရည်အသွေးကိုအားဖြည့်ရာတွင် အထူးသဖြင့် သိပ္ပံနှင့် အင်ဂျင်နီယာဆိုင်ရာ လက်တွေ့ဓာတ်ခွဲစမ်းသပ်ခန်းအစီအမံများ၊ အရင်းအမြစ်များစသည်တို့ကို ပိုမိုပြည့်စုံခေတ်မီရန် ဖြည့်ဆည်းမှုကို အားဖြည့်ပေးရပါမည်။ မရှိမဖြစ်လိုအပ်သော သင်ထောက်ကူပစ္စည်းများ အထူးသဖြင့် အဏုကြည့်မှန်ပြောင်းနှင့် ဓာတုပစ္စည်းများ၊ ကျွမ်းကျင်ဓာတ်ခွဲစမ်းသပ်ခန်းအကူများ (Lab Technicians) ကို ထပ်မံဖြည့်ဆည်းပေးရပါမည်။ အဆင့်မြင့်ပညာကျောင်းတချို့တွင် ဓာတ်ခွဲစမ်းသပ်ခန်းများရှိနှင့်ပြီးဖြစ်သော်လည်း လက်ရှိဓာတ်ခွဲစမ်းသပ်ခန်းအားလုံးကို ဘွဲ့ကြိုသင်တန်းများ ပို့ချရာတွင် သင်ထောက်ကူပစ္စည်းနှင့် ကျွမ်းကျင်ဝန်ထမ်းအင်အားအလုံအလောက်မရှိသေးသဖြင့် အပြည့်အဝသုံးစွဲခွင့် မရရှိသည်ကို တွေ့ရပါသည်။



ထို့ကြောင့် အဆင့်မြင့်ပညာကျောင်းတချို့ကို ရွေးချယ်၍ ဓာတ်ခွဲစမ်းသပ်ခန်းသုံး ပစ္စည်းများနှင့် အဆောက်အအုံများကို အဆင့်မြှင့်တင်ပေးပါမည်။ မည်သည့် အဆင့်မြင့် ပညာကျောင်းအား ဦးစားပေးထောက်ပံ့ရမည်ကို ကနဦးလိုအပ်ချက် အကဲဖြတ် မှုများ (Needs Assessments) ဖြင့် ဆုံးဖြတ်ပေးနိုင်ပါမည်။ ထို့ပြင် သိပ္ပံပညာ ရပ်များနှင့် အင်ဂျင်နီယာဘာသာရပ်များ သင်ယူရာတွင် လက်တွေ့ စမ်းသပ်လေ့လာ နည်းကို တိုးချဲ့ခွင့်ပြုပေးနိုင်ရန်အတွက် လက်ရှိ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်း များကို ပြန်လည်သုံးသပ်ရပါမည်။ အဆင့်မြင့်သုတေသနနှင့် လက်ရှိဘွဲ့ကြိုတန်းများ အတွက် အရည်အသွေးရှိပြီး ကုန်ကျစရိတ်သက်သာသော ဓာတ်ခွဲစမ်းသပ်ခန်းပုံစံ တစ်ခုကို ရေးဆွဲပြုစုပါမည်။ အဆင့်မြင့်ပညာကျောင်းများတွင် လက်တွေ့သင်ကြား သင်ယူလေ့လာနိုင်သောပုံစံသစ်ပေါ် အခြေပြုသည့် နိုင်ငံတကာစံချိန်မီ ဓာတ်ခွဲစမ်းသပ် ခန်းများနှင့် ဓာတ်ခွဲစမ်းသပ်ခန်းသုံးပစ္စည်းကိရိယာများပြည့်စုံအောင် တပ်ဆင် ဖြည့်တင်းပေးပါမည်။ ဘွဲ့ကြိုသင်တန်းအစီအစဉ်များနှင့် ဓာတ်ခွဲစမ်းသပ်ခန်း အသုံးပြုမှုကို ထိရောက်စွာပေါင်းစပ်နိုင်ရန် ဓာတ်ခွဲစမ်းသပ်ခန်းသုံး ပစ္စည်းကိရိယာသစ် များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန် ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်း အကူများအား သင်တန်းပေးပါမည်။

## လုပ်ငန်းအစီအစဉ်(၄) အီလက်ထရောနစ်စာကြည့်တိုက်များနှင့် အီလက်ထရောနစ်သင်ယူမှုဗဟိုဌာနများ၏ အဆင့်အတန်းကို မြှင့်တင်ခြင်း

မြန်မာနိုင်ငံ၌ အဆင့်မြင့်ပညာကျောင်းများတွင် အင်တာနက်ရင်းမြစ်ရယူအသုံးပြု မှုနှင့် စာကြည့်တိုက် အသုံးပြုမှုကို တိုးမြှင့်ပေးရန်လိုအပ်နေပါသည်။ ပညာရေးဝန်ကြီး ဌာနအနေဖြင့် တခြားဝန်ကြီးဌာနများနှင့် မိတ်ဖက်များအဖြစ်ပူးတွဲပြီး အမျိုးသား စာကြည့်တိုက်ကွန်ရက် တစ်ခုထူထောင်ကာ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ထုတ်ဝေထားသော စာအုပ်များ၊ ပညာရပ်ဂျာနယ်များကို မျှဝေပေးရန် လိုအပ်ပါသည်။ စာကြည့်တိုက်အတွက်လိုအပ်သည့် ကွန်ပျူတာ၊ စကမ်နာ (Scanner)၊ ပရင်တာ (Printer)စသည့် ရုံးသုံးစက်ကိရိယာများကို အသုံးပြု၍ အီးမေးစနစ်ဖြင့် လိုအပ်သော အချက်အလက်များကို ဆရာများနှင့် ကျောင်းသားများအား မျှဝေပေး နိုင်ပါသည်။

ဤဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန အနေဖြင့် စူးစမ်းလေ့လာ၍ မြန်မာနိုင်ငံ အဆင့်မြင့်ပညာကျောင်းများတွင် အသုံးချ နိုင်ပြီး ကုန်ကျစရိတ်သက်သာသော အများစုလက်လှမ်းမီနိုင်သည့် အီလက်ထရောနစ် သင်ယူမှုဗဟိုဌာနများ (e-learning centers) ပုံစံတစ်ခုကို ထူထောင်သွားပါမည်။ သင်ကြားသင်ယူမှုအတွက် ကျောင်းသားများနှင့် ဆရာများအားအင်တာနက်မှတစ်ဆင့် လေ့လာခွင့်ရရှိရန် အဆင့်မြင့်ပညာကျောင်းများနှင့် ဆက်သွယ်ပေးမည့် အွန်လိုင်း ကွန်ရက်တို့နှင့် ချိတ်ဆက်ပေးရပါမည်။ အဆင့်မြင့်ပညာကျောင်းများတွင် ကွန်ရက် စနစ်ကို ကွပ်ကဲနိုင်ရန် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ထမ်းများအား ကျွမ်းကျင်မှုသင်တန်းများပေးပါမည်။ ထို့ပြင်ပေါင်းစပ်သင်ကြားနည်း ထိရောက်စေရန် စနစ်သစ်နှင့် သင်ထောက်ကူ ပစ္စည်းများကို အသုံးပြုနိုင်ရေးအတွက် စာကြည့် တိုက်မှူးနှင့် ဆရာများကို လေ့ကျင့်ပေးပါမည်။

## လုပ်ငန်းအစီအစဉ်(၅) အဝေးသင်ပညာရေးစနစ်၏ ထိရောက်မှုကို တိုးတက်စေခြင်း

မြန်မာနိုင်ငံရှိ ဘွဲ့ကြိုကျောင်းသား ထက်ဝက်ကျော်သည် အဝေးသင် တက္ကသိုလ်များတွင် ပညာသင်ယူနေကြပါသည်။ အနာဂတ်တွင် အဆင့်မြင့်ပညာကို အဝေးသင်ပညာရေးပုံစံတစ်မျိုးမျိုးဖြင့်သင်ယူကြပေလိမ့်မည်ဟုမျှော်မှန်းနိုင်ပါသည်။ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်-၂ အဆင့်မြင့်ပညာရေးအစီရင်ခံစာတွင် အဝေးသင်ပညာရေး၏ ပညာရပ်ဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့် အရည်အသွေးကို အဆောတလျင် မြှင့်တင်ပေးရန် လိုအပ်နေသည်ဟု ဖော်ပြထားပါသည်။ တစ်ချိန်တည်း၌ပင် လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရရှိထားသော အဆင့်မြင့်ပညာကျောင်းများအနေဖြင့် ကိုယ်ပိုင်အဝေးသင်ပညာရေး စနစ်ကို တည်ထောင်၍ ဘွဲ့လက်မှတ်များအပ်နှင်းခွင့်ရရှိမည့် အလားအလာကိုလည်း စူးစမ်းလေ့လာသင့်ပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းအဆင့်-၂ အဆင့်မြင့်ပညာရေးအစီရင်ခံစာအရ နှစ်ရှည်စီမံကိန်းဖြင့် လက်ရှိအဝေးသင်တက္ကသိုလ်များကို Open University များအဖြစ်အသွင်ပြောင်းလဲပေးရပါမည်။ အနာဂတ်တွင် ဘဝတစ်သက်တာ သင်ယူမှုပုံစံအပေါ် အခြေခံသည့် အစီအစဉ်ဖြင့် မည်သူမဆိုဘွဲ့ပေးအပ်မည့် သင်တန်းတစ်ခုခုကို Online မှတစ်ဆင့် သင်ယူလေ့လာနိုင်ပါမည်။ ထိုသို့ သင်ယူရာတွင် ကြိုတင်ဆည်းပူးထားရမည့် ကန့်သတ်ချက်များမရှိဘဲ အခြေခံမှစတင် တက်ရောက်သင်ယူနိုင်မည်ဖြစ်သကဲ့သို့ အဆင့်မြင့်ပညာကျောင်းများက သင်တန်းသားတစ်ဦးချင်းအား သင်ကြားလမ်းညွှန်ကြီးကြပ်ပေးသည့် အစီအစဉ်များ၊ သင်တန်းများနှင့်လည်း ချိတ်ဆက်ပြီး အကူအညီရယူနိုင်ပါမည်။ ရှေးဦးစမ်းသပ်မှုအနေဖြင့် ရန်ကုန်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်များကို တဖြည်းဖြည်း Open University များအဖြစ် ပြောင်းလဲစေပါမည်။ ထိုအခါ Online သင်ခန်းစာပို့ချရန်နှင့် တခြားနည်းလမ်းများဖြင့် သင်ကြားရန် တက္ကသိုလ်ဆရာများ ပိုမိုခန့်အပ်ပေးပြီး အဝေးသင်ပညာရေးမှတစ်ဆင့် ကျောင်းသားများအား ပိုမိုထောက်ပံ့ကူညီမှုပေးကာ Online သင်ခန်းစာများကိုလည်း တိုးချဲ့သင်ကြားပေးပါမည်။

## လုပ်ငန်းအစီအစဉ်(၆) အဆင့်မြင့်ပညာကျောင်းများမှ ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်းကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးခြင်း

အဆင့်မြင့်ပညာရေးစနစ်၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးသည် ဆရာများ၏ သင်ကြားရေး အရည်အသွေးအပေါ် မူတည်နေပါသည်။ အဆင့်မြင့်ပညာကဏ္ဍမှ ဆရာများ၏ သင်ကြားမှု၊ သုတေသန ဆောင်ရွက်နိုင်မှု၊ စီမံခန့်ခွဲမှုအရည်အသွေးများ



အစဉ်အမြဲတိုးတက်စေခြင်းသည် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကိုလည်း မြင့်မားစေပါသည်။ ထို့ပြင် ကျောင်းသားများ၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆရာများက အဓိကအခန်းကဏ္ဍမှ လမ်းညွှန်ပေးလျက်ရှိကြပါသည်။ သင်ကြားသင်ယူရေး စစ်ဆေးအကဲဖြတ်မှုတွင် အထူးပြုဘာသာရပ်များ၊ အရည်အသွေးရှိ သုတေသနနှင့် အသုံးချအလေ့အကျင့်များအတွက် အတတ်ပညာဆိုင်ရာဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ပါမည်။ ဆရာများ၏အရည်အချင်းကို အစဉ်သဖြင့် တိုးတက်ရေးသို့ ဦးတည်၍ ဆရာများ၏ စွမ်းဆောင်မှုကို ရှုထောင့်အမျိုးမျိုးမှ စနစ်တကျအကဲဖြတ်မှုများပြုလုပ်ရပါမည်။

ဆရာများ နိုင်ငံတကာအတွေ့အကြုံနှင့် ထိတွေ့မှုပိုမိုရရှိရေးအတွက် နိုင်ငံခြားအလုပ်ရုံ ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများ၊ ညီလာခံများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့်ပြည်တွင်းတက္ကသိုလ်များအကြား၌ဆရာများ အပြန်အလှန် ကူးလူးဆက်ဆံရေးအစီအစဉ်များကိုတိုးချဲ့ဆောင်ရွက်သွားပါမည်။ သင်ကြားရေးအပိုင်းတွင်စက်ကိရိယာ၊ စမ်းသပ်ကိရိယာများအပါအဝင် လက်တွေ့ဓာတ်ခွဲစမ်းသပ်ခန်းများကို ထိရောက်စွာ အသုံးချနိုင်ရန် အထူးပြုဘာသာရပ်များကို သရုပ်ပြသင်ကြားနိုင်ရေးအတွက် လက်တွေ့ဓာတ်ခွဲစမ်းသပ်ခန်းကျွမ်းကျင်သူများကို အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးမှုသင်တန်းများ ပေးပါမည်။

## ၁၂.၃.၃။ မဟာဗျူဟာ(၃) အဆင့်မြင့်ပညာသင်ယူခွင့် သာတူညီမျှရရှိမှုကို တိုးချဲ့ပေးခြင်း

ဆင်းရဲနွမ်းပါးမှုသည် အဆင့်မြင့်ပညာသင်ယူခွင့်ကို အဟန့်အတားဖြစ်စေသော အဓိကအကြောင်းအရာတစ်ခု ဖြစ်ပါသည်။ အဓိကအခက်အခဲမှာ အဆောင်နေထိုင်ရေးပင် ဖြစ်ပါသည်။ အဆောင်နေထိုင်ခွင့်ရရှိစေခြင်းဖြင့် ကျောင်းသားများ၊ အထူးသဖြင့် ကျေးလက်ဒေသရှိ ကျောင်းသားများအား အထောက်အကူပြုနိုင်ပါမည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက အဆင့်မြင့်ပညာကို သာတူညီမျှသင်ယူခွင့်ရရှိရေးအစီအစဉ်ကို အကောင်အထည်ဖော်ပေးရပါမည်။ ဦးစားပေး အဆင့်မြင့်ပညာကျောင်းများကိုသတ်မှတ်ပြီး ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များကို တိုးချဲ့ပေးခြင်းဖြင့် ဝင်ငွေနည်းသော မိသားစုမှ ကျောင်းသားများ အဆင့်မြင့်ပညာကို ပုံမှန်ဆက်လက်သင်ယူနိုင်ပါမည်။ ပညာသင်ဆုများနှင့်ကျောင်းသားပညာရေးချေးငွေအစီအစဉ်ဖြင့် ငွေကြေးထုတ်ချေးပံ့ပိုးခြင်းသည်လည်း ကျောင်းသားများ အဆင့်မြင့်ပညာသင်ယူခွင့်ကို အားပေးရာရောက်ပါသည်။ ငွေကြေး ထောက်ပံ့မှုအစီအစဉ်များကို စီမံခန့်ခွဲရန် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများအား ရွေးချယ်ခန့်ထားပေးပါမည်။

ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများသည် အဆင့်မြင့်ပညာ သင်ယူခွင့် သာတူညီမျှရရှိစေရန် အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ် (၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

### လုပ်ငန်းအစီအစဉ်(၁) အဆင့်မြင့်ပညာကျောင်းများ၌ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်း ဖန်တီးခြင်း

ဝေးလံခေါင်ဖျားဒေသများမှ ကျောင်းသားများနှင့် ဝင်ငွေနည်းသော မိသားစုများမှ ကျောင်းသားများ အဆင့်မြင့်ပညာသင်ယူနိုင်ရန် တက္ကသိုလ်ပရိဝုဏ်အတွင်း၌ ကုန်ကျစရိတ် သက်သာပြီး အရည်အသွေးရှိသည့် အိပ်ဆောင်၊ ကျောင်းဆောင်များကို အဆင့်မြင့်ပညာကျောင်းများတွင် တိုးချဲ့ဆောက်လုပ်ပေးပါမည်။

ကျောင်းသားများ နေထိုင်ရေးအတွက် အဆင့်မြင့်ပညာကျောင်းပရိဝုဏ်အတွင်း၌ အရည်အသွေးကောင်းမွန်သော ကျောင်းဆောင်များတွင် ကုန်ကျစရိတ်သက်သာစွာ နေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီး ကုစားသင်ကြားခြင်း၊ အချိန်ပိုသင်ကြားခြင်း၊ လူမှုရေးဆိုင်ရာကိစ္စများဖြေရှင်းခြင်းနှင့် သင်ယူမှုရင်းမြစ်များရယူနိုင်ရန် ပံ့ပိုးမှုများပြုလုပ်ပါမည်။ တက္ကသိုလ်၊ ကောလိပ်ဝန်းကျင်၌ ကျောင်းသားများ တက်ကြွပျော်ရွှင်စွာ ပညာသင်ယူခွင့်ရရှိစေရန် ဆရာများ၊ ကျောင်းသားများအတွက် ဝါသနာပါရာအသင်းအဖွဲ့များ ဖွဲ့စည်းပေးရန်လိုအပ်ပါသည်။ အဆိုပါအဖွဲ့အစည်းတို့၏ လှုပ်ရှားမှုများတွင် ပါဝင်ခြင်းဖြင့် အလုပ်ခွင်သို့ ဝင်ရောက်သည့်အချိန်၌ လိုအပ်မည့် လူမှုဆက်ဆံရေး အစရှိသည့် ကျွမ်းကျင်မှုမျိုးကို ရရှိစေနိုင်ပါသည်။

လက်ရှိနေထိုင်လျက်ရှိသော အဆောက်အအုံများ၏ အခြေအနေကို လေ့လာ၍ အဆင့်မြှင့်တင်ရန် လိုအပ်သည်များကို ဆောင်ရွက်ပေးပါမည်။ အဆင့်မြင့်ပညာကျောင်းပရိဝုဏ်အတွင်း၌ တန်ဖိုးနည်း အိပ်ဆောင်များဆောက်လုပ်ရန် ပုံစံ သို့မဟုတ် ပုံစံများရေးဆွဲတည်ဆောက်ခြင်း၊ အထူးသဖြင့် ဝေးလံခေါင်ဖျား ကျေးလက်ဒေသများ၌ဖြစ်စေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့ပြဆင်ခြေဖုံး အရပ်၌ဖြစ်စေ တည်ရှိသော တက္ကသိုလ်၊ ကောလိပ်များတွင် အိပ်ဆောင်များတည်ဆောက်ရန် အစီအစဉ်များ ရေးဆွဲချမှတ်ထားရပါမည်။ ထို့ပြင် ပညာသင်ချိန်ကာလအတွင်း၌ ကျောင်းသားများအား လိုအပ်ပါက ကာလအပိုင်းအခြားတစ်ခုအတွင်း၌ ငွေကြေးထောက်ပံ့ခြင်း၊ ဝန်ထမ်းတချို့ကို ရွေးချယ်၍ ပြန်လည်ကုစားသင်ကြားနည်းနှင့် အချိန်ပိုသင်ကြားနည်းအကြောင်း သင်တန်းပေးထားပါမည်။ အထူးသဖြင့် လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးခြင်းနှင့် တက္ကသိုလ်ပရိဝုဏ်အတွင်းမှ ဆရာ၊ ကျောင်းသား အသင်းအဖွဲ့များအတွက် ကူညီပံ့ပိုးခြင်းများကို ဆောင်ရွက်ရပါမည်။

### လုပ်ငန်းအစီအစဉ်(၂) ကျောင်းသားထောက်ပံ့ကြေးပေးရေးအစီအစဉ် တိုးမြှင့်ခြင်း

အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း အချက်အလက်များ (၂၀၀၉-၂၀၁၀)ကို ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းမှလေ့လာချက်အရဝင်ငွေနည်းသောမိသားစုများမှလူငယ်လူရွယ်အနည်းစုသာ အဆင့်မြင့်ပညာကို သင်ယူနိုင်ကြောင်းတွေ့ရပါသည်။ အဆောင်နေစရိတ်ကြီးမြင့်ခြင်းသည်တက္ကသိုလ်တက်ရောက်ရန်အဓိကအဟန့်အတားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ မိသားစုများမှလူငယ်များ သိပ္ပံနှင့်နည်း ပညာစသည့် ဘာသာရပ်သင်ရိုးနယ်ပယ်တွင် အဆင့်မြင့်ပညာကို ဆက်လက်သင်ယူရန် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးပါမည်။

ကျောင်းသားများအား အထောက်အကူပြုရေးအစီအစဉ်သည် အခြေခံပညာအထက်တန်းအဆင့် နောက်ဆုံးနှစ်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး တက္ကသိုလ်မရောက်မီငွေကြေး အခက်အခဲရှိသည့် ကျောင်းသားများအား အကူအညီပေးရန် အဓိကရည်ရွယ်ထားပါသည်။ ယနေ့အထိ တက္ကသိုလ်ကောလိပ်(၁၈) ကျောင်းတွင် "ကျောင်းသားဝန်ဆောင်မှုဗဟိုဌာနများ" (Student Service Centres) ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ ဤကျောင်းများ၏ အတွေ့အကြုံသည် ကျောင်းသားအထောက်အကူပြုရေးအစီအစဉ်အတွက် ပုံစံဖော်ထုတ်ရာတွင် အထောက်အကူရနိုင်ပါသည်။ ဤအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို စိစစ်အကဲဖြတ်ပြီး မျှတမှုအတွက်လိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ အထောက်အကူပြုရေး အစီအစဉ်အတွက် ဘဏ္ဍာငွေ စီမံခန့်ခွဲခြင်း အစရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တက္ကသိုလ်ကောလိပ်မှ အရာထမ်းများအား လေ့ကျင့်ပေးပါမည်။

## ၁၂.၄။ ရလဒ်အညွှန်းဘောင်များ

### ၁၂.၄.၁။ အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ်ဖြင့် ကျောင်းသားများ သာတူညီမျှ ပညာဆည်းပူးခွင့်ရ၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကာ ပညာအခြေပြု စီးပွားရေးတည်ဆောက်ရာတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခွင့်ရရှိစေမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>အဆင့်မြင့်ပညာရေး၏အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု အားကောင်းစေခြင်း။ | **မဟာဗျူဟာ (၂)**<br>အဆင့်မြင့်ပညာ၏ ဆက်စပ်ဆီလျော်မှုနှင့် အရည်အသွေးမြင့်မားလာအောင် ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၃)**<br>အဆင့်မြင့်ပညာ သင်ယူခွင့် သာတူညီမျှရရှိမှုကို တိုးချဲ့ပေးခြင်း။ |
| စီမံကိန်းကာလ အပြီးရလဒ်များ | အရည်အသွေးပြည့်မီသော အဆင့်မြင့် ပညာသင်ယူခွင့်ကိုပိုမိုရရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများရှိ အဆင့်မြင့်ပညာကျောင်းများမှ စီမံခန့်ခွဲရေးအရာထမ်းများ၏ ပံ့ပိုးမှုဖြင့်အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုကို အားကောင်းစေခြင်း။ | - အဆင့်မြင့်ပညာကဏ္ဍရှိ စီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းများသည် စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။<br>-ဆရာများသည်သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။ | ကျောင်းသားများ လူမှုစီးပွား နောက်ခံအခြေအနေကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ အဆင့်မြင့်ပညာကို သာတူညီမျှလေ့လာသင်ယူခွင့်ရှိခြင်း။ |
| ရလဒ်အညွှန်းကိန်းများ | ကိုယ်တိုင်ပြင်ဆင်ဖော်ဆောင်နိုင်မည့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ လုပ်ဆောင်မှုအစီအစဉ်များ၊ ငွေရေးကြေးရေးကိစ္စများနှင့် အရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်သော အဆင့်မြင့်ပညာကျောင်း ရာခိုင်နှုန်း (အဆင့်မြင့်ပညာကျောင်းနှစ်စဉ် အစီရင်ခံစာနှင့်ပြင်ပမှ အရည်အသွေးစစ်ဆေးအကဲဖြတ်မှု သုံးသပ်ချက်တို့ဖြင့် စိစစ်အတည်ပြုခြင်း) | -နှစ်စဉ်ကျောင်းသားများအဆင့်မြင့်ပညာရေးအပေါ်တွင် ကျေနပ်မှုရှိကြောင်း ဖော်ပြသောကျောင်းသား ရာခိုင်နှုန်း။<br>-အဆင့်မြင့်ပညာကျောင်းများမှလုပ်ငန်းကျွမ်းကျင်မှုရှိသော ဘွဲ့ရကျောင်းသားရာခိုင်နှုန်း။<br>- မြန်မာ့တက္ကသိုလ် အဆင့်သတ်မှတ်ရေးစနစ် (အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ တည်ထောင်ပြီးနောက် အကောင်အထည်ဖော်ရန်) | - လူမှုစီးပွား နောက်ခံအခြေအနေ ဖွံ့ဖြိုးမှုနေးကွေးသောမိသားစုများမှနှစ်စဉ်အဆင့်မြင့်ပညာတက်ရောက်သော ကျောင်းသား ရာခိုင်နှုန်း။<br>- လူမှုစီးပွား နောက်ခံအခြေအနေ ဖွံ့ဖြိုးမှုနေးကွေးသော မိသားစုများမှ နှစ်စဉ်ပညာသင်ထောက်ပံ့ကြေးနှင့် တခြား ထောက်ပံ့ငွေများရရှိသည့် ကျောင်းသားအရေအတွက်။ |

## ၁၂.၄.၂။ မဟာဗျူဟာ (၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်း ရလဒ်အညွှန်းဘောင်

**မဟာဗျူဟာ (၁)** အဆင့်မြင့်ပညာရေး၏အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု အားကောင်းစေခြင်း။

**မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်တိုးမြှင့်ရေးအစီအစဉ်

| | | | | | |
|---|---|---|---|---|---|
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>အလေ့အကျင့်ကောင်းများကို မှတ်သားထားရန်နှင့် နိုင်ငံတကာ တက္ကသိုလ်များ၊ သုတေသန ဗဟိုဌာနများ၊ တခြားအဆင့်မြင့် ပညာကျောင်းများနှင့်မိတ်ဖက်များ ထူထောင်ရန်နိုင်ငံခြား လေ့လာရေး ခရီးစဉ်များ စေလွှတ်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>အဆင့်မြင့်ပညာရေး အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်စေရန်တစ်ဦးချင်းအလိုက်ကျွမ်းကျင်မှုများကို တည်ဆောက်ရန်နှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များကို အားကောင်းစေရန် အမျိုးသားအဆင့်မြင့် ပညာဖွံ့ဖြိုးရေး ကျောင်း တစ်ကျောင်းတည်ထောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၃)**<br>တက္ကသိုလ် ပဋိညာဉ်စာတမ်းများ ရေးဆွဲခြင်းနှင့် တက္ကသိုလ်ကောင်စီများ ဖွဲ့စည်းခြင်းအားဖြင့် အဆင့်မြင့်ပညာကျောင်းများ၏ စီမံအုပ်ချုပ်မှုကို အားကောင်းစေခြင်း။။ | **လုပ်ငန်းအစီအစဉ် (၄)**<br>ပိုမိုထိရောက်မှုရှိပြီး စွမ်းဆောင်ရည်ရှိသည့် စီမံခန့်ခွဲမှု၊ ကုန်ကျသည့်ငွေကြေးနှင့်အညီ ထိုက်တန်သော အကျိုးရလဒ်ရရှိမှုနှင့်အရည်အသွေးရှိ အဆင့်မြင့်ပညာ သင်ယူခွင့် ထင်ရှားစွာ တိုးတက်လာစေရန်အဆင့်မြင့်ပညာကျောင်းများ၏ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်နှင့် တာဝန်ခံမှု အားကောင်းစေခြင်း။ | **လုပ်ငန်းအစီအစဉ် (၅)**<br>အဆင့်မြင့် ပညာရေးအတွက် အမျိုးသားအဆင့် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ရာတွင် ဦးဆောင်ပေးရန်နှင့် အဆင့်မြင့်ပညာကျောင်းအားလုံး၏ အရည်အသွေးကို အာမခံသည့် စစ်ဆေး အကဲဖြတ်မှုများ ဆောင်ရွက်ရန် အဆင့်မြင့် ပညာအရည်အသွေး အာမခံမှု အေဂျင်စီတစ်ခု ဖွဲ့စည်းခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | အဆင့်မြင့်ပညာကျောင်း များမှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အကြီးတန်းအရာရှိကြီးများ အနေဖြင့် အကျိုးတူ ပူးပေါင်းအားထုတ်ခြင်း၊ လွတ်လပ်စွာ စီမံခန့်ခွဲခြင်း၊ စည်းရုံး လှုပ်ရှားခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းအစရှိသည့်နယ်ပယ်အသီးသီးတွင် အာရုံပိုမို၍ စူးစိုက်မှုရှိလာခြင်း။ | - ခေါင်းဆောင်မှုဆိုင်ရာနှင့် နည်းပညာဆိုင်ရာအဆင့်မြင့် သင်တန်းတိုများ ဖွင့်လှစ်ပို့ချနိုင်သည့် အမျိုးသား အဆင့်မြင့် ပညာဖွံ့ဖြိုးရေး ကျောင်းတစ်ကျောင်း တည်ထောင်မှု အစီအစဉ်ဖြစ်မြောက်လာခြင်း။<br>- ဘက်စုံလွှမ်းခြုံနိုင်သော သင်ရိုးနှင့်အစီအစဉ်များ၊ သင်တန်းသုံး သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ပြီးစီးခြင်း။ | ပထမအသုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တက္ကသိုလ်များ အတွက် အုပ်ချုပ်မှု လုပ်ငန်း အရပ်ရပ်လည်ပတ်ခြင်း။ | ကိုယ်ပိုင် စီမံခန့်ခွဲခွင့်နှင့် တာဝန်ခံခွင့်ဆိုင်ရာ နည်းဥပဒေများကို သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အတည်ပြုချက် ရယူထားသော အဆင့်မြင့်ပညာကျောင်း တချို့၌ ရှေ့ပြေးစမ်းသပ်ခွင့်ရှိခြင်း။ | မြန်မာနိုင်ငံအတွက်အဆင့်မြင့်ပညာ အရည်အသွေးအာမခံ အေဂျင်စီ စံချိန်၊ စံညွှန်းများ ရေးဆွဲပြီးမြောက်ပြီး အာဆီယံ အရည်အသွေး အာမခံမှု အညွှန်းဘောင်နှင့် တစ်ပြေးညီရှိခြင်း။ |
| စီမံကိန်းကာလ အတွင်း ရလဒ်လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | အဆင့်မြင့်ပညာ ကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိကြီးများ(၁၇၆)ဦးခန့် နိုင်ငံတကာ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်း။ | ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် အရာရှိကြီး ၁၀ ရာခိုင်နှုန်းသည် အမျိုးသား အဆင့်မြင့်ပညာဖွံ့ဖြိုးရေး ကျောင်းကပို့ချပေးသော ကာလတိုစီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်ပြီးစီးခြင်း။ | - အဆင့်မြင့်ပညာကျောင်း များမှ (၂၇၀၀) ဦးမျှသော ကိုယ်စားလှယ်များသည် တက္ကသိုလ် ပဋိညာဉ်စာတမ်း (မူကြမ်း) ရေးဆွဲခြင်းနှင့် တက္ကသိုလ်ကောင်စီများ တည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများသို့ တက်ရောက်ပြီးစီးခြင်း။<br>- အဆင့်မြင့်ပညာကျောင်းများမှ အနည်းဆုံး(၁၀)ကျောင်းသည် လွတ်လပ်စွာစီမံခန့်ခွဲခွင့် ရရှိနေခြင်း။<br>- ပဋိညာဉ်စာတမ်းများ အတည်ပြုပြီးကောင်စီများ၏ လုပ်ငန်း လည်ပတ်နေခြင်း။ | - အဆင့်မြင့်ပညာ ကျောင်း ၃၀ ရာခိုင်နှုန်းက နည်းဥပဒေကို အတည်ပြုပြီးခြင်း။<br>-နည်းဥပဒေကို ကိုယ်ပိုင်စီမံခန့်ခွဲခွင့်နှင့် တာဝန်ခံခွင့် အားဖြည့်ထားမှု အကြောင်း ရှေ့ပြေး စစ်ဆေးနည်းဖြင့် အောင်မြင်စွာ စူးစမ်းထားသည့် အဆင့်မြင့်ပညာကျောင်း ၁၅ ရာခိုင်နှုန်းခန့် ရှိခြင်း။ | အဆင့်မြင့် ပညာကျောင်းများမှ ၁၀ ရာခိုင်နှုန်းခန့်သည် အဆင့်မြင့်ပညာ အရည်အသွေးအာမခံမှု အေဂျင်စီမှ ချမှတ်ထားသော အရည်အသွေး စံချိန်၊ စံညွှန်းများ ရရှိပြီးကြောင်း အထောက်အထား ပြသနိုင်ခြင်း။ |


## ၁၂.၄.၃။ မဟာဗျူဟာ (၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ် အညွှန်းဘောင်

| မဟာဗျူဟာ (၂)အဆင့်မြင့်ပညာ၏ ဆက်စပ်ဆီလျော်မှုနှင့် အရည်အသွေးမြင့်မားလာအောင်ဆောင်ရွက်ခြင်း။ | | |
|---|---|---|
| **မဟာဗျူဟာပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | အဆင့်မြင့်ပညာရေး၏ အရည်အသွေး၊ အလုပ်အကိုင်နှင့်ပညာရပ်ဆီလျော်မှုတို့ကို တိုးတက်ကောင်းမွန်စေရေးအစီအစဉ် | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>တက္ကသိုလ်သင်ကြားသင်ယူရေးကို အကျိုးပြုရန်နှင့် တက္ကသိုလ်မှ စီမံခန့်ခွဲသော ဝင်ငွေစီးကြောင်းများကို ဖွံ့ဖြိုးရန် အမျိုးသား သုတေသနနှင့် တီထွင်မှု ရန်ပုံငွေတစ်ရပ်နှင့်အတူ တက္ကသိုလ်များတွင် သုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာနများ တည်ထောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ကမ္ဘာ့အဆင့်မီ အမျိုးသား တက္ကသိုလ်များနှင့်ဘက်စုံ တက္ကသိုလ်များ တည်ထောင်ရေးအတွက် မူဝါဒနှင့် မဟာဗျူဟာ ချမှတ်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | -၂၅ ရာခိုင်နှုန်းသော အဆင့်မြင့်ပညာကျောင်းများရှိ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနများ၏ လုပ်ငန်းများ လည်ပတ်နေခြင်း။<br><br>- အဆင့်မြင့်ပညာသုတေသနနှင့် တီထွင်မှုရန်ပုံငွေသည် ရန်ပုံငွေရရှိမှုနှင့် လျှောက်ထားရေးလုပ်ငန်း လမ်းညွှန်မှုများနှင့်အညီ အင်အားအပြည့်လည်ပတ်နေခြင်း။<br><br>- အမျိုးသားသုတေသနနှင့် တီထွင်မှုရန်ပုံငွေကို အဆင့်မြင့်ပညာကျောင်းများအတွက် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီမှ အတည်ပြုပေးခြင်း။ | - ကမ္ဘာ့အဆင့်မီ အမျိုးသားတက္ကသိုလ်များနှင့် ဘက်စုံ တက္ကသိုလ်များ ထူထောင်ရေးအတွက် အထောက်အထားခိုင်လုံသော မူဝါဒကို အတည်ပြုပြီးဖြစ်ခြင်း။<br><br>-ကမ္ဘာ့အဆင့်မီအမျိုးသားတက္ကသိုလ်များနှင့်ဘက်စုံ တက္ကသိုလ်များ ထူထောင်ရေးအတွက် ကုန်ကျစရိတ်တွက်ချက်မှုပါဝင်သော မဟာဗျူဟာကိုရေးဆွဲပြီး အကောင်အထည် ဖော်ခြင်း။ |
| စီမံကိန်းကာလ အတွင်း ရလဒ် လျာထားချက်များ<br><br>(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | - အဆင့်မြင့်ပညာကျောင်းများရှိ ၂၅ ရာခိုင်နှုန်းသော သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနများ အင်အားအပြည့် လည်ပတ်နေခြင်း။<br><br>- အတည်ပြုထားသော ရန်ပုံငွေသုံးစွဲရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမျိုးသားသုတေသနနှင့်တီထွင်မှုရန်ပုံငွေတစ်ရပ် လုပ်ငန်းများလည်ပတ်နေခြင်း။<br><br>- အမျိုးသားသုတေသနနှင့် တီထွင်မှုရန်ပုံငွေများကို အနည်းဆုံး အဆင့်မြင့်ပညာ ကျောင်း (၁၀) ကျောင်းအတွက် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီမှ အတည်ပြုချက်ရရှိခြင်း။ | ကမ္ဘာ့အဆင့်မီ အမျိုးသားတက္ကသိုလ်များနှင့် ဘက်စုံ တက္ကသိုလ်များ တည်ထောင်ရေးအတွက် မူဝါဒ အတည်ပြုပြီးခြင်း။ |

| | | | |
|---|---|---|---|
| **လုပ်ငန်းအစီအစဉ် (၃)**<br>ရွေးချယ်ထားသော အဆင့်မြင့်ပညာကျောင်းများရှိ အထောက်အပံ့ အသုံးအဆောင်ပစ္စည်းများကို အဆင့်မြှင့်တင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)**<br>အီလက်ထရောနစ်စာကြည့်တိုက်များနှင့် အီလက်ထရောနစ် သင်ယူမှုဗဟိုဌာနများ၏ အဆင့်အတန်းကို မြှင့်တင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၅)**<br>အဝေးသင်ပညာရေးစနစ်၏ ထိရောက်မှုကို တိုးတက်စေခြင်း။ | **လုပ်ငန်းအစီအစဉ် (၆)**<br>အဆင့်မြင့်ပညာကျောင်းများမှ ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်းကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ပေးခြင်း။ |
| အဆင့်မြင့်ပညာ ကျောင်းသားများသည် ၎င်းတို့ဘွဲ့သင်တန်းများ၏ အစိတ်အပိုင်းအဖြစ် လက်တွေ့အသုံးချ ကျွမ်းကျင်မှုများကို လေ့လာသင်ယူခြင်း။ | ရွေးချယ်ထားသော တက္ကသိုလ်များတွင် အီလက်ထရောနစ် သင်ကြားသင်ယူမှုဗဟိုဌာနများ တည်ထောင်ပြီး လိုအပ်သောပစ္စည်းများ ဖြည့်တင်းပြီးဖြစ်ခြင်း။ | -ပိုမိုကောင်းမွန် သောအဝေးသင် ပညာရေး သင်ရိုးများသည် လုပ်သားဈေးကွက် လိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုရှိခြင်း။<br><br>- Online အစီအစဉ်များ ပိုမိုတိုးချဲ့နိုင်ခြင်း။<br><br>- မျက်နှာချင်းဆိုင် လေ့လာသင်ယူမှုအခွင့်အလမ်းများအတွက် အရင်းအမြစ်များတိုးချဲ့ရရှိခြင်း။ | တက္ကသိုလ်ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်းကျွမ်းကျင်ဝန်ထမ်းများသည် ထိရောက်မှုရှိပြီး၊ အပြန်အလှန် အကျိုးသက်ရောက်မှုရှိသော သင်ကြားရေးကို ဆောင်ရွက်နေခြင်း။ |
| အဆင့်မြင့်ပညာကျောင်းများ၏၁၀ ရာခိုင်နှုန်းသည် သင်တန်းများ၌ လက်တွေ့လေ့ကျင့်ခွင့်ရကြောင်း အထောက်အထားပြသနိုင်ခြင်း။ | -အဆင့်မြင့်ပညာကျောင်း ၅၀ရာခိုင်နှုန်းတွင် အီလက်ထရောနစ် သင်ယူမှုဗဟိုဌာနနှင့် အီလက်ထရောနစ်စာကြည့်တိုက်များလည်ပတ်နေခြင်း။<br><br>- သင်ကြားရေး အစီအစဉ်အနည်းဆုံး ၅၀ ရာခိုင်နှုန်းအတွက် ပေါင်းစပ်သင်ယူမှု သင်ရိုးနှင့် သင်ပြနည်းများပြုစုပြီးစီးခြင်း။ | - အဝေးသင်ဘွဲ့ရ အရေအတွက် နှစ်စဉ် ၃၀ ရာခိုင်နှုန်း တိုးပွားနေခြင်း။<br><br>- အဝေးသင်ပညာရေး ဘွဲ့ရများအနက် ၃၀ ရာခိုင်နှုန်းတို့သည် မိမိတို့သင်ကြားခဲ့သောဘာသာရပ်နှင့် ဆက်နွှယ်သော နယ်ပယ်တွင် တစ်နှစ်အတွင်း အလုပ်အကိုင်ရရှိခြင်း။ | ပြည်တွင်းပြည်ပသင်တန်းများသို့ ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်း ကျွမ်းကျင်ဝန်ထမ်း (၉၀၀၀)ကျော်တက်ရောက်ပြီးစီးခြင်း။ |

## ၁၂.၄.၄ မဟာဗျူဟာ (၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| | | |
|---|---|---|
| **မဟာဗျူဟာ (၃)** အဆင့်မြင့်ပညာသင်ယူခွင့် သာတူညီမျှရရှိမှုကို တိုးချဲ့ပေးခြင်း။ | | |
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | အဆင့်မြင့်ပညာသင်ယူခွင့်သာတူညီမျှရရှိမှုကို တိုးချဲ့ရေးအစီအစဉ် | |
| လုပ်ငန်းအစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>အဆင့်မြင့်ပညာကျောင်းများ၌ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းဖန်တီးခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>ကျောင်းသားထောက်ပံ့ကြေးပေးရေးအစီအစဉ်တိုးမြှင့်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်များ | လူမှုစီးပွားရေးအခြေအနေအမျိုးမျိုးမှ ကျောင်းသားများ ပိုမို၍ ကျောင်းပရိဝုဏ်အတွင်းနေထိုင်ပြီး ဘွဲ့ကြိုဒီဂရီများပြီးဆုံးအောင် တက်ရောက်ခြင်း။ | ဘွဲ့ကြိုဒီဂရီသင်တန်းများသို့ အမည်စာရင်းသွင်းရန်နှင့် ပြီးဆုံးသည်အထိ သင်ယူလေ့လာနိုင်ရန် အထောက်အပံ့ရရှိသော လူမှု စီးပွား နောက်ခံအခြေအနေအမျိုးမျိုးမှ ကျောင်းသားများ ပိုမိုများပြားလာခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | လူမှုစီးပွားရေးအညွှန်းကိန်းများအရ ကျောင်းသားများ၏ အဆောင်နေထိုင်မှု ရာခိုင်နှုန်းတိုးတက်လာခြင်း။ | ကျောင်းလခကင်းလွတ်ခွင့်၊ ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များရရှိသော ကျောင်းသားအရေအတွက် တိုးပွားလာခြင်း။ |



၁၃

# စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု







အခန်း ၁၃

# စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှု နှင့် အရည်အသွေးအာမခံမှု

## ၁၃.၁။ နိဒါန်း

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) အထောက်အထား အခြေပြုလေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ခဲ့ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများ ရေရှည်တည်တံ့ခိုင်မြဲမှုကို ပံ့ပိုးပေးနိုင်မည့် ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာမြောက်တွန်းအား (၅) ရပ်ကို ဖော်ထုတ်ခဲ့ပါသည်။ ထိုပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာမြောက်တွန်းအား (၅) ရပ်ကို ပုံ (၁၃.၁) တွင် ဖော်ပြထားပါသည်။ ပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာမြောက်တွန်းအား(၅)ရပ် တစ်ခုချင်းစီအား တစ်ဖက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြထားပါသည်။


**အဓိကအချက်များ**

(က) မဟာဗျူဟာမြောက်တွန်းအား (၅)ရပ်ဖြင့် ပညာရေး ကဏ္ဍပြုပြင်ပြောင်းလဲမှုအားကောင်းစေမည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်း။

(ခ) ပံ့ပိုးပေးထားသော စွမ်းဆောင်နိုင်စွမ်းရှိသည့် ဝန်းကျင်တွင် မဟာဗျူဟာမြောက်အပြောင်းအလဲနှင့် အဆင့်မြင့်ရလဒ်များရရှိခြင်း။

(ဂ) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်စေခြင်း။

ပုံ(၁၃.၁) ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာမြောက်တွန်းအားများ





## (၁) ပညာရေးဝန်ကြီးဌာနအရည်အသွေးအာမခံမှုစနစ် (Ministry of Education Quality Assurance System - MQAS)

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)အရ နိုင်ငံတော်အစိုးရသည် ကျောင်းများ၊ ပညာသင်ယူရာဌာနများတွင် အရည်အသွေးစံသတ်မှတ်ချက်များ၏ ပေါက်မြောက်အောင်မြင်မှုကို စစ်ဆေးအကဲဖြတ်ရန် အတွင်းနှင့်ပြင်ပအရည်အသွေး အာမခံမှုစနစ်တစ်ခုထူထောင်မည်ဖြစ်ပါသည်။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ (National Accreditation and Quality Assurance Committee-NAQAC) သည် ပြင်ပအရည်အသွေးအာမခံမှုအတွက် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနသည် အတွင်းအရည်အသွေးအာမခံမှုအတွက် တာဝန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။ အမျိုးသား ပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၅)တွင် ဖော်ပြထားသည့်အတိုင်း NAQAC သည် အမျိုးသားပညာရေးမူဝါဒကော်မရှင် (National Education Policy Commission-NEPC) သို့ အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် အတွင်းအရည်အသွေးအာမခံမှုစနစ်ကို အကောင်အထည် ဖော်ဆောင်ရွက်မည်ဖြစ်ပြီး NAQAC သည် ပြင်ပအရည်အသွေးအာမခံမှုစနစ်ထူထောင်ခြင်း၊ နယ်ပယ်သတ်မှတ်ခြင်းများနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်များကိုချမှတ်ပေးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ အရည်အသွေးအာမခံမှုနှင့် တရားဝင်အသိအမှတ်ပြုမှု အခန်းကဏ္ဍများနှင့် ပတ်သက်၍ NAQAC သည် အပြည့်အဝ တာဝန်ရှိပါသည်။ NAQAC ၏ လုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနသည် (အရည်အသွေး အာမခံမှုဆိုင်ရာလုပ်ငန်းစဉ်များ၊ အချက်အလက်ကောက်ယူမှုပုံစံများနှင့် ကျောင်းအရည်အသွေးအာမခံမှုအစီရင်ခံစာများအပါအဝင်) အတွင်းအရည်အသွေး အာမခံမှုစနစ် (Internal Quality Assurance System- IQAS) မှရရှိသည့် သတင်းအချက်အလက်များကို NAQAC သို့ တင်ပြအစီရင်ခံရမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ ပညာရေးဝန်ကြီးဌာနသည် စံသတ်မှတ်ချက်အခြေပြု အရည်အသွေးအာမခံမှုစနစ်ကို ကျောင်းများနှင့် ပညာသင်ယူရာဌာနများအားလုံးတွင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် တည်ဆဲအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဖွဲ့စည်းပုံများ(မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများနှင့် ပညာရေးဝန်ကြီးဌာန)အရ ကျောင်းများနှင့် ပညာသင်ယူရာဌာနများ (မူကြိုကျောင်းများ၊ ပညာရေးကောလိပ်များ၊ သက်မွေးပညာသင်ကျောင်းများ၊ နည်းပညာကျောင်းများ၊ တက္ကသိုလ်များ)တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဝန်ကြီးဌာန၏ အတွင်းအရည်အသွေးအာမခံမှုစနစ်သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP)၏ အပြောင်းအလဲများရရှိနိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) အရည်အသွေးအာမခံမှုကို ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများနှင့်ချိတ်ဆက်ကာ အခန်း (၅) ခန်းစလုံးတွင် ထည့်သွင်းထားပါသည်။ သို့ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးစီးဌာနများသည် တည်ရှိနေသော လူ့စွမ်းအားအရင်းအမြစ်၏ စွမ်းဆောင်ရည်၊ ဘဏ္ဍာရေးအခြေအနေနှင့် တခြားသော အချက်အလက်များကို အခြေခံ၍ ကဏ္ဍအလိုက် အရည်အသွေးအာမခံမှုမူဘောင်များ ဖွဲ့စည်းချမှတ်နိုင်ရန် အချိန်ကာလကို သတ်မှတ်ရမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၅)နှစ်တာကာလအတွင်း ပညာရေးဝန်ကြီးဌာနသည် MQAS ကို စတင်တည်ထောင်ရမည်ဖြစ်ပါသည်။ နောက်ဆက်တွဲ (၁၃.၁) တွင် ဖော်ပြထားသည့် ပြုပြင်ပြောင်းလဲမှု (၅) ရပ်ကို အခြေပြုထားသော ပုံစံအရ ကဏ္ဍ (၅) ခု (မူကြိုနှင့် သူငယ်တန်းပညာရေး၊ အခြေခံပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး၊ အဆင့်မြင့်



ပညာရေး)တို့တွင် ကဏ္ဍတစ်ခုချင်းစီအလိုက်ရေးဆွဲ၊ စမ်းသပ်၊ ဖွဲ့စည်းပြီးဖြစ်သော စံသတ်မှတ်ချက် အခြေပြုအရည်အသွေးအာမခံမှု မူဘောင်များကို ရေးဆွဲပြီးချိန်တွင်သာ MQAS ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

NESP (၅)နှစ်တာကာလတွင် MQAS တည်ထောင်ခြင်းကို ပံ့ပိုးကူညီမည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (Department of Educational Research, Planning and Training- DERPT) ၏ အဓိကအခန်းကဏ္ဍမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် အရည်အသွေးအာမခံမှု မူဘောင်များကို အသုံးချခြင်း (Application) မှ ရရှိသော အချက်အလက်များကို လေ့လာဆန်းစစ်ဖော်ပြနိုင်မည့် ဆော့ဖ်ဝဲပရိုဂရမ်များနှင့် ချိတ်ဆက်ထားသော MQAS အချက်အလက်များကို စုစည်းထားသည့်နေရာ (Database) တည်ထောင်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ခြင်း။

(၂) စံသတ်မှတ်ချက်အခြေပြု အရည်အသွေးအာမခံမှု မူဘောင်ချမှတ်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးစီးဌာနများအား ပံ့ပိုးကူညီခြင်းနှင့် အကြံဉာဏ်များပေးခြင်း။

အရည်အသွေးအာမခံမှု မူဘောင်ချမှတ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက်လုပ်ငန်းစီမံကိန်းများတွင် ဖော်ပြထားပြီးဖြစ်သဖြင့် MQAS နှင့်ပတ်သက်၍ ဤအခန်းတွင် သီးသန့်ဖော်ပြထားခြင်းမရှိပါ။ စံသတ်မှတ်ချက် အခြေပြု အရည်အသွေး အာမခံမှုမူဘောင်များချမှတ်ရန် အစီအစဉ်၊ ကျိုးကြောင်းပြချက်နှင့်သက်ဆိုင်သော ထပ်ဆောင်းသတင်းအချက်အလက်များကို မူကြိုနှင့် သူငယ်တန်းပညာရေးကဏ္ဍ၊ အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍနှင့် အဆင့်မြင့်ပညာရေး ကဏ္ဍများ၏ ကဏ္ဍအလိုက်စီမံကိန်းများ (အခန်း-၂)တွင် တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

## (၂) ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများ

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ကြီးမားကျယ်ပြန့်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ပါ၍ ပညာရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် နိုင်ငံတော်အဆင့် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက် ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရပါမည်။ သို့ဖြစ်ပါ၍ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ရေရှည်ပံ့ပိုးကူညီနိုင်ရန်

နိုင်ငံတော်အဆင့် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် ထိရောက်မှုရှိ၍ အားလုံးပါဝင်နိုင်သော ပေါင်းစပ်ညှိနှိုင်းရေး နည်းလမ်းများရှိရန် မဖြစ်မနေ လိုအပ်ပါသည်။

ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် အကျိုးကျေးဇူးများရရှိရေးအတွက်ပိုမိုအားထုတ်လုပ်ဆောင်ရန်လိုအပ်လာသည်ကိုပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်များ၌ ကျင့်သုံးခွင့်ရလာသော ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများသည် နိုင်ငံတော်အစိုးရ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး မူဝါဒကို စတင်အကောင်အထည်ဖော်ရာတွင် အလွန်အရေးပါလာပါသည်။ အဘယ်ကြောင့်ဆိုသော် အရေးပါသော လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်နိုင်ရေးအတွက် ဒေသဆိုင်ရာအစိုးရအရာရှိများအား လုပ်ပိုင်ခွင့်များပေးရန် ရည်ရွယ်ထားသောကြောင့် ဖြစ်ပါသည်။

## (၃) စီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ပစ္စည်းများ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တည်ဆဲစီမံခန့်ခွဲမှု ဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ပစ္စည်းများ အားကောင်းစေရန် ဖွဲ့စည်းပုံ၊ စီမံခန့်ခွဲမှုစနစ်နှင့် အထောက်အပံ့ပစ္စည်းအသစ်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်လာပါမည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် လုပ်ဆောင်မှုနည်းလမ်းသစ်များ လိုအပ်သကဲ့သို့ ရှိပြီးဖြစ်သော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များတွင် အပြောင်းအလဲများ လုပ်ဆောင်ရန်လည်း လိုအပ်လာပါသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာန၏ ဌာနတွင်း လုပ်ထုံးလုပ်နည်းများတွင် ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ပါသည်။

**ဇယား (၁၃.၁) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဦးစီးဌာနများ၊ အခန်းများနှင့် ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများ**

| ဦးဆောင်အကောင်အထည်ဖော်မည့် ဦးစီးဌာနများ | NESP အခန်း | NESP ကဏ္ဍခွဲအလိုက် လုပ်ငန်းစီမံကိန်းများ |
|---|---|---|
| အခြေခံပညာဦးစီးဌာန (Department of Basic Education-DBE) | အခန်း(၄) မူကြိုနှင့် သူငယ်တန်းပညာရေး။<br>အခန်း(၆) အခြေခံပညာရေး- အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု။ | မူကြိုနှင့် သူငယ်တန်းပညာရေးကဏ္ဍ လုပ်ငန်းစီမံကိန်း။<br>အခြေခံပညာရေး-အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| ပညာရေးသုတေသန၊စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (Department of Educational Research, Planning and Training-DERPT) | အခန်း(၇) အခြေခံပညာ သင်ရိုးညွှန်းတမ်း။ | အခြေခံပညာ သင်ရိုးညွှန်းတမ်း ကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန (Department of Myanmar Nationalities' Languages-DMNL) | အခန်း(၇) အခြေခံပညာ သင်ရိုးညွှန်းတမ်း။ | အခြေခံပညာ သင်ရိုးညွှန်းတမ်းကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန (Department of Myanmar Examinations-DME) | အခန်း(၈) ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း။ | ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်းကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| အဆင့်မြင့်ပညာဦးစီးဌာန (Department of Higher Education-DHE) | အခန်း(၉) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု။ | ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန (Department of Alternative Education-DAE) | အခန်း(၁၀) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး။ | ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီး ဌာန (Department of Technical and Vocational Education and Training-DTVET) | အခန်း(၁၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး။ | နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| အဆင့်မြင့်ပညာဦးစီးဌာန (Department of Higher Education-DHE) | အခန်း(၁၂) အဆင့်မြင့်ပညာရေး။ | အဆင့်မြင့်ပညာရေးကဏ္ဍ လုပ်ငန်းစီမံကိန်း။ |
| ပညာရေးသုတေသန၊စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (Department of Educational Research, Planning and Training-DERPT) | အခန်း(၁၃) စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု။ | စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အရည်အသွေး အာမခံမှုကဏ္ဍ လုပ်ငန်းစီမံကိန်း။ |

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ အခန်းများ၊ ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများ၏ ရလဒ်အညွှန်းဘောင်များတွင်ဖော်ပြထားသော မဟာဗျူဟာမြောက် အပြောင်းအလဲများနှင့် ရလဒ်များပေါက်မြောက်အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များက တာဝန်ခံရမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ပညာရေးဝန်ကြီးဌာန၏ ဦးစီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါ ဦးစီးဌာနများက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအခန်းများနှင့်ကဏ္ဍအလိုက်လုပ်ငန်းစီမံကိန်းများကိုဇယား(၁၃.၁)တွင်ဖော်ပြထားပါသည်။

စီမံကိန်းလုပ်ငန်း စီမံခန့်ခွဲမှုများတွင် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတွင်းနှင့် နိုင်ငံတကာ အကောင်းဆုံးအလေ့အကျင့်များကို ပြုစုပျိုးထောင်သွားမည်ဖြစ်ပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာဦးစီးဌာနများတွင် စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များ (Programme Management Teams-PMTs)ကို ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များ၏ အဓိကရည်ရွယ်ချက်မှာ ဦးစီးဌာနများအလိုက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းအစီအစဉ်များကို ခြုံငုံလေ့လာကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန်ဖြစ်ပါသည်။

## (၄) လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည်

လာမည့် (၅)နှစ်တာကာလအတွင်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသော ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးပြီး ရေရှည်တည်တံ့စေရန် ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဦးစီးဌာနများရှိ စီမံခန့်ခွဲသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ အရာရှိများ၏ စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာနှင့်ကျွမ်းကျင်မှုများကို မြှင့်တင်ပေးနိုင်မည့် ဘက်စုံလွှမ်းခြုံနိုင်သော စွမ်းဆောင်ရည်မြှင့်တင်မှုစနစ်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များ (PMTs)နှင့် အဆင့်အားလုံးရှိ စီမံခန့်ခွဲသူများအား အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုက်ရိုက်ကူညီပံ့ပိုးနိုင်ရန်ရည်ရွယ်လျက် ဤအစီအစဉ်ကို စီစဉ်ရေးဆွဲမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းအစီအစဉ်ကို ပညာရေးဝန်ကြီးဌာနမှ အရာထမ်းများ၏စွမ်းဆောင်ရည်တိုးတက်ကောင်းမွန်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ချဉ်းကပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပုံမှန်သင်တန်းများ၊ နိုင်ငံတွင်းနှင့်နိုင်ငံတကာ နည်းပညာအထောက်အကူများဖြင့် အဖွဲ့လိုက်သင်ယူသည့်သင်တန်းများ၊ အုပ်စုလိုက် လက်တွေ့လုပ်ကိုင်သင်ယူခြင်း၊ လေ့လာရေးခရီးထွက်ခြင်း၊ အချက်အလက်များ စုဆောင်းဖြန့်ဝေခြင်းနှင့် မိမိဘာသာလေ့လာသင်ယူခြင်းစသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး ချဉ်းကပ်နည်းအမျိုးမျိုးကို အသုံးပြုသွားမည်ဖြစ်သည်။

## (၅) အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချခြင်း

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေကြပြီဖြစ်ရာ ၎င်းကို အထောက်အထားအခြေပြု မူဝါဒချမှတ်ခြင်းနှင့် အထောက်အထားအခြေပြုစီမံခန့်ခွဲခြင်းဟူ၍လည်း သိရှိထားကြပါသည်။ အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချခြင်းသည် အားလုံးနှင့်သက်ဆိုင်သည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာမြောက်တွန်းအား တစ်ရပ်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၎င်းကို ပြောင်းလဲမှုဆိုင်ရာ တခြားသော မဟာဗျူဟာမြောက် တွန်းအား (၄) ရပ်တွင် ထည့်သွင်းအကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို အကောင်အထည်ဖော်ရာတွင် တစ်ဦးချင်းစီ၏အတွေ့အကြုံနှင့် နားလည်သဘောပေါက်မှုကို အခြေခံပြီး မိမိသဘောအလျောက် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များချခြင်းမှ တိကျမှန်ကန်၍ အချိန်နှင့် တစ်ပြေးညီရရှိသော အချက်များဖြင့် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းသို့ ပြောင်းလဲရမည်ဖြစ်ပါသည်။

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းသည် ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များအတွက် အသစ်ဆောင်ရွက်ရမည့် လုပ်ငန်းမဟုတ်ပါ။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR) အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အထောက်အထားအခြေပြုဆုံးဖြတ်ချက်အရ ဖြစ်ကြောင်းကို မြင်တွေ့နိုင်ပါသည်။

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။ အကျိုးကျေးဇူးတစ်ခုစီ၏ ရှင်းလင်းချက်ကို နောက်ဆက်တွဲ (၁၃.၂) တွင် ဖော်ပြထားပါသည်။

(၁) အမျိုးသားပညာရေးစနစ်တွင် အခွင့်အလမ်းပိုင်းဆိုင်ရာ မညီမျှမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ခြင်း။

(၂) ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင်ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်း။


(၃) ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် ဘက်လိုက်မှု၊ အဂတိလိုက်စားမှု လျော့နည်းလာခြင်း။

(၄) ပညာရေး၌ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်းနှင့်ထိုပမာဏနှင့်အညီ အကျိုးရှိစေခြင်း။

### ၅.၁။ အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို အဆင့်အားလုံးရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရေးစီမံခန့်ခွဲသူများ ဆောင်ရွက်ရမည့် အဆင့် (၃) ဆင့်ပါသော လုပ်ငန်းစဉ်အဖြစ် အောက်ပါ အတိုင်း ဖော်ပြထားပါသည်-

အဆင့်(၁) ပညာရေးစီမံခန့်ခွဲမှု အခက်အခဲပြဿနာများ (သို့မဟုတ်) မူဝါဒဆိုင်ရာ အချက်အလက်များနှင့်သက်ဆိုင်သော အထောက်အထားများကို စုဆောင်းခြင်းနှင့် ဆန်းစစ်ခြင်း။




အဆင့်(၂) သာတူညီမျှမှုနှင့် ပညာရေးစံသတ်မှတ်ချက်များဆိုင်ရာ အမြင်ဖြင့် ရရှိလာသော အထောက်အထားများကို လေ့လာသုံးသပ်ခြင်း။

အဆင့်(၃) ပေးပို့ထားသော အထောက်အထားများအရ ဆုံးဖြတ်ချက် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ချမှတ်ခြင်း။

အထက်ဖော်ပြပါ အဆင့်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါအခြေအနေ (၃) ရပ်သည် အရေးကြီးပါသည်-

(က) အထောက်အထားအခြေပြု ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက် အဆင့်တိုင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရေးစီမံခန့်ခွဲသူများအား လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာပေးသည့် မူဝါဒများနှင့် စည်းမျဉ်းများချမှတ်ခြင်း။

(ခ) ဘဏ္ဍာရေးအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်နှင့် တက်ကြွသော ခေါင်းဆောင်မှုပေးနိုင်ခြင်း။

(ဂ) အရည်အသွေးရှိသော ပညာရေးစနစ်၊ ကျောင်းနှင့်ကျောင်းသားများ၏ လုပ်ငန်းစွမ်းဆောင်မှုတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များရရှိနိုင်ခြင်း။

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို လက်ခံဆောင်ရွက်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်-

(၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပြုပြင်ပြောင်းလဲမှုများနှင့် စီမံကိန်းကာလ အတွင်းရလဒ်များ၊ အဆင့်မြင့်ရလဒ်များ ပေါက်မြောက်အောင်မြင်တိုးတက်ခြင်း။

(၂) အချိန်တိုအတွင်း ကုန်ကျစရိတ် အနည်းဆုံးဖြင့် အမျိုးသားပညာရေး စံသတ်မှတ်ချက်များ စနစ်တကျ အောင်မြင်မှုရရှိခြင်း။

## ၁၃.၁။ ဥပဒေနှင့် မူဝါဒနောက်ခံ

ပေါင်းစပ်ညှိနှိုင်းမှု၊ စီမံခန့်ခွဲမှု ဖွဲ့စည်းပုံများနှင့် စနစ်များကို ပိုမိုအားကောင်းလာစေရန် အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၂၀၁၅) တို့က အမျိုးသားမျှော်မှန်းချက်ကို ချမှတ်ပေးထားပါသည်။

အမျိုးသားပညာရေးဥပဒေသည် အရည်အသွေးအာမခံမှုနှင့်စပ်လျဉ်း၍ ပြောင်းလဲဆန်းသစ်မှုများကို စတင်ပြုလုပ်ထားပါသည်။ ပထမဦးစွာ အမျိုးသားပညာရေးဥပဒေတွင် အမျိုးသားအဆင့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ် စနစ်တကျတိုင်းတာမှုကို အခြေခံ၍ ပညာရေးကဏ္ဍ၏ အရည်အသွေးအာမခံမှုအတွက် မဟာဗျူဟာမြောက် ချဉ်းကပ်နည်းအသစ်တစ်ခုကို ဖော်ပြထားပါသည်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ(က)တွင် "ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေး အာမခံမှု အစီအစဉ် တစ်ရပ်ရှိရမည်"ဟု ဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ အရည်အသွေး အာမခံမှု စနစ်များကို ပညာရေးကဏ္ဍအားလုံးတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒုတိယအနေဖြင့် အတွင်းအရည်အသွေးနှင့် ပြင်ပအရည်အသွေး အာမခံမှုဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းတွင် တာဝန်ခံမှုများရှိစေရေးအတွက် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) တွင် "ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် အတွင်းအရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှအရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ပါဝင်ရမည်" ဟု ဖော်ပြထားပါသည်။

## ၁၃.၂။ စီမံခန့်ခွဲမှု၊စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ

အထက်တွင်ဖော်ပြခဲ့ပြီးသော တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြု ဆက်စပ်နေသည့် မဟာဗျူဟာမြောက်တွန်းအား(၅)ရပ်သည် စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေး အာမခံမှုတို့အတွက် မဟာဗျူဟာမြောက်အပြောင်းအလဲကို အောင်မြင်စေရန် ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။

**၂၀၂၁ ခုနှစ်တွင် ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် မဟာဗျူဟာမြောက်အပြောင်းအလဲ-**

ပညာရေးကဏ္ဍအသီးသီးရှိ ပညာရေးစီမံခန့်ခွဲသူများသည် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို အသုံးပြုပြီး ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် တိုးတက်အောင်မြင်သောသင်ကြားသင်ယူမှုအတွက် တာဝန်ယူဆောင်ရွက်စေမည်။

အထက်တွင် ဖော်ပြထားသော မဟာဗျူဟာမြောက်အပြောင်းအလဲကို ရရှိစေရန် ဆောင်ရွက်ရမည့် မဟာဗျူဟာများနှင့် အစီအစဉ်များကို ဆက်လက်ဖော်ပြထားပါသည်။

## ၁၃.၃။ စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ

ပညာရေးဝန်ကြီးဌာနသည် (၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ပါ မဟာဗျူဟာ (၃)ရပ်ကို ချမှတ်ခဲ့ပါသည်။

### ၁၃.၃.၁။ မဟာဗျူဟာ (၁) ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို အားဖြည့်ဆောင်ရွက်ခြင်း

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဦးစီးဌာန အသီးသီးရှိ တာဝန်ရှိပုဂ္ဂိုလ်များကသာ တာဝန်ယူဆောင်ရွက်ရမည်ဆိုပါက အောင်မြင်မှု ရရှိနိုင်မည်မဟုတ်ဘဲ လေ့လာကြီးကြပ်ခြင်း၊ အစီရင်ခံတင်ပြခြင်းကဲ့သို့သော အပြန်အလှန် အကျိုးပြုလုပ်ငန်းများနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများတွင် ပညာရေးအဆင့်တိုင်းရှိ ဝန်ထမ်းများကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများ၏ ပံ့ပိုးမှုမရရှိပါကလည်း အောင်မြင်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အဆိုပါအဖွဲ့အစည်းများနှင့် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုသည် အလွန်ပင်အရေးပါလှပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များနှင့် အကျိုးရလဒ်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် အပြုသဘောဖြင့် ဖြည့်ဆည်းပေးနိုင်ရန် အဆိုပါအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများကို အကျိုးရှိထိရောက်စွာ ဖော်ဆောင်ပေးရမည်ဖြစ်ပါသည်။

မကြာမြင့်သေးသည့် နှစ်များအတွင်း ပညာရေးဝန်ကြီးဌာနသည် ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းခြင်းလုပ်ငန်းများ အားကောင်းအောင် ဆောင်ရွက်ရာတွင် အောင်မြင်မှု ရရှိခဲ့ပါသည်။ သိသာထင်ရှားသော အောင်မြင်မှုများမှာ (က) ပညာရေးကဏ္ဍတွင် ကဏ္ဍအလိုက်နှင့်ကဏ္ဍခွဲအလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများအတွက် ဥပဒေမူဘောင်ချမှတ်ပေးခဲ့သည့် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့်အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅) ပြဋ္ဌာန်းခြင်း (ခ) တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား မူဝါဒချမှတ်ဆွေးနွေးနိုင်သည့် ပညာရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (ESCC)ကို တည်ထောင်ခြင်း (ဂ) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပညာရေးဝန်ကြီးဌာနအတွင်း ဖွဲ့စည်းပုံပြောင်းလဲနိုင်ခဲ့ခြင်းတို့ ဖြစ်ပါသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းမှု အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤအစီအစဉ်ဆောင်ရွက်ရာတွင် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ တခြားဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ်သည် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့်အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၅) တို့တွင် ဖော်ပြထားသော ညှိနှိုင်းဆောင်ရွက်မှု၊ ကြီးကြပ်မှုနှင့် တာဝန်ခံမှုဆိုင်ရာ နည်းလမ်းများဖြစ်သည့် အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ထိုကော်မရှင်ကို အစီရင်ခံတင်ပြရသောကော်မတီများ ဖွဲ့စည်းထူထောင်ခြင်းကို လွှမ်းခြုံနိုင်မည်မဟုတ်ပါ။ အဆိုပါကော်မတီများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် လွှတ်တော်မှ ထူထောင်မည်ဖြစ်ပါသည်။

ထို့ပြင် အဆိုပါအစီအစဉ်တွင် ESCC နှင့် ကဏ္ဍအလိုက်ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို အားဖြည့်ရန် မျှော်မှန်းကုန်ကျစရိတ်မရှိသည့်အတွက်ကြောင့် သီးသန့်ရည်ရွယ်ထားသည့် လုပ်ငန်းအစီအစဉ်များမပါဝင်ပါ။ ESCC နှင့် ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အသေးစိတ်ဖော်ပြဆွေးနွေးထားပါသည်-

### ပညာရေးကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (Education Sector Coordination Committee -ESCC)

ပညာရေးကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (ESCC)သည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ဆက်စပ်မှုရှိသည့် ဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား အစိုးရဦးဆောင်သော ပညာရေးကဏ္ဍညှိနှိုင်းဆောင်ရွက်မှုနှင့် မူဝါဒဆွေးနွေးမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဓိကကျသောအဖွဲ့အစည်း ဖြစ်ပါသည်။ ESCC သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ မြန်မာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Myanmar Development Cooperation Forum) သို့ နှစ်စဉ် အစီရင်ခံတင်ပြပါသည်။ အမျိုးသားပညာရေးဥပဒေ(၂၀၁၄)၊ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၅)နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များအား အထောက်အကူပြုနိုင်မည့် ကဏ္ဍအလိုက်သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (၇)ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ESCC ကို ပိုမိုအားကောင်းအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဝါဒအသစ်တစ်ရပ် ချမှတ်၍ ESCC ကို ပြောင်းလဲဖွဲ့စည်းမည်ဖြစ်ပါသည်။

## ကဏ္ဍခွဲအလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများ

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အဆင့်-၂ အစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများတွင် အဓိကပညာရေးကဏ္ဍများအတွင်း ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို အားဖြည့်ဆောင်ရွက်ရန် ထောက်ခံအကြံပြုထားပါသည်။ ထိုကဲ့သို့ ထောက်ခံအကြံပြုခြင်းမှာ ထိရောက်ပြီးအကျိုးရှိသော ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများ တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို စစ်ဆေးအကဲဖြတ်နိုင်မည့် မျှော်မှန်းရလဒ်များနှင့် သက်ဆိုင်သော အထောက်အထားများကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းမှ သက်ဆိုင်ရာအခန်းများနှင့် ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ဖော်ပြထားပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ်ကို အောက်ပါလုပ်ငန်းအစီအစဉ် (၂) ရပ်ဖြင့် ဖွဲ့စည်းထားပါသည် -

## လုပ်ငန်းအစီအစဉ်(၁) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပညာရေးကော်မတီများကို အားကောင်းလာစေခြင်း

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အဓိကစီမံခန့်ခွဲအုပ်ချုပ်မှုအဆင့်များတွင် ထိရောက်အကျိုးရှိသော ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများ လိုအပ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပညာရေးကော်မတီများ ဖွဲ့စည်းထားရှိခြင်းမှာ ကောင်းမွန်သော်လည်း ၎င်းတို့သည် မည်ကဲ့သို့လည်းပတ်ဆောင်ရွက်နေသည်နှင့် အရည်အသွေးရှိသော ပညာရေး ဖြစ်စေရန် လုပ်ဆောင်ရာတွင် မည်ကဲ့သို့အောင်မြင်မှုရရှိနေသည်ကို သိရှိနိုင်ရန်မှာ ခက်ခဲလှပါသည်။ ထို့ကြောင့် အဆိုပါကော်မတီများ အားကောင်းစေရေးအတွက် ပထမအဆင့်အနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအားလုံး အသေးစိတ်လေ့လာဆန်းစစ်ခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်။ ထို့နောက် ဒုတိယအဆင့်အနေဖြင့် အဆိုပါကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု အားကောင်းစေရန် လမ်းညွှန်ချက်များချမှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကော်မတီဝင်များကို လမ်းညွှန်ချက်အသစ်များနှင့်အညီ သင်တန်းများပို့ချပေးခြင်းသည် တတိယလုပ်ငန်းစဉ် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့်အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တွင် ဖော်ပြထားသည့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးမူဝါဒများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဤလုပ်ငန်းအစီအစဉ်ဖြင့် ပံ့ပိုးကူညီပေးမည်ဖြစ်ပါသည်။

## လုပ်ငန်းအစီအစဉ်(၂) တိုင်းဒေသကြီး/ပြည်နယ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း

ဤလုပ်ငန်းအစီအစဉ်၏အဓိကရည်ရွယ်ချက်မှာ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများအကြားပူးပေါင်းဆောင်ရွက်မှုများအားကောင်းလာစေရန်ဖြစ်ပါသည်။ အရည်အသွေးရှိ အခြေခံပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးနှင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးတို့တွင် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများမှ ပညာရေးစီမံခန့်ခွဲသူများ အရေးတကြီးရင်ဆိုင်နေသည့် စိန်ခေါ်မှုများဖြေရှင်းနိုင်ရန်နှင့် သုတေသနများပြုလုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးပေးခြင်းဖြင့် ဤလုပ်ငန်းအစီအစဉ်၏ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင် နိုင်မည် ဖြစ်ပါသည်။

ထို့ပြင် ဤလုပ်ငန်းအစီအစဉ်သည် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် အထောက်အထားအခြေပြုစီမံကိန်းရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့ကို အားကောင်းလာစေပါမည်။ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ် (၂)ရပ်မှာ (က)တိုင်းဒေသကြီး/ပြည်နယ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရေးဆွဲခြင်းနှင့် (ခ) တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီတွင်ရှိသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ဘဏ္ဍာငွေပံ့ပိုးပေးခြင်းတို့ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် ပညာရေးဝန်ဆောင်မှု အားကောင်းစေခြင်းသည် နောင်လာမည့်နှစ်များ၌ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် အကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းအစီအစဉ်သည် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများရှိ ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ကို မြင့်မားတိုးတက်စေမည့် အခွင့်အလမ်းများကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ပံ့ပိုးရာတွင် သုတေသနလုပ်ငန်းများ၊ ပုံမှန်သင်တန်းများ၊ ကွန်ရက်အခြေပြုသတင်းအချက်အလက်မျှဝေခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအကြားအကောင်းဆုံးအလေ့အကျင့်များလဲလှယ်နိုင်ရန် နီးနှောဖလှယ်ပွဲကျင်းပခြင်း၊ နိုင်ငံတွင်း၊ နိုင်ငံတကာလေ့လာရေးခရီးစေလွှတ်ခြင်းစသည့် စွမ်းဆောင်ရည်မြှင့်တင်မည့် လုပ်ငန်းများဖြင့် အားဖြည့်လုပ်ဆောင်ရပါမည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး ပထမအဆင့်အနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှု (၂)နှစ်အတွင်း (၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈)တွင် အချိန်တိုအတွင်း လေ့လာဆန်းစစ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် CESR ၏ လုပ်ငန်းအတွေ့အကြုံများအပေါ်အခြေခံ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အချိန်တိုအတွင်း လေ့လာဆန်းစစ်ခြင်းများ ပြုလုပ်ပြီးနောက် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးစီမံခန့်ခွဲသူများသည် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ထားသော ပညာရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းများအား နိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များက ပူးပေါင်း၍ အထောက်အပံ့ပေးသွားမည်ဖြစ်ပါသည်။

## ၁၃.၃.၂။ မဟာဗျူဟာ (၂) ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ပစ္စည်းများ အားကောင်းလာစေခြင်း

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ ပစ္စည်းများဆိုင်ရာ စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည့် အဓိကလုပ်ငန်းအစီအစဉ် (၆) ရပ် ရှိပါသည်။

### မဟာဗျူဟာ(၂-က) ပညာရေးကဏ္ဍ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ

### လုပ်ငန်းအစီအစဉ်(၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NESP Coordination Committee)၊ စီမံကိန်းလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့များ (Programme Management Teams- PMTs) နှင့် NESP ရုံးအဖွဲ့ (NESP Secretariat) တည်ထောင်ခြင်း

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို ပညာရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာဦးစီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့ပြင် အဆိုပါလုပ်ငန်းအစီအစဉ်များကို အထောက်အပံ့ပေးနိုင်ရန်အတွက်စီမံခန့်ခွဲမှုဖွဲ့စည်းပုံ အသစ် (၃)ခုကို ဖွဲ့စည်းမည် ဖြစ်ပါသည်။ စီမံခန့်ခွဲမှုဖွဲ့စည်းပုံတစ်ခုစီသည် လုပ်ဆောင်ချက်များ ကွဲပြားခြားနားသော်လည်း အချင်းချင်းအပြန်အလှန် အထောက်အပံ့ပေးမည်ဖြစ်ပါသည်။ အဆိုပါ ဖွဲ့စည်းပုံအသစ်များအား အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၅)နှစ်တာကာလအတွင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (၅)နှစ်ကာလအပြီးတွင် ၎င်းတို့အားပြန်လည်ဆန်းစစ်ပြီး သက်ဆိုင်ရာဦးစီးဌာနသို့ ပေါင်းစပ်ခြင်း (သို့မဟုတ်) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအဆင့်-၂ (NESP-2)တွင် ဆက်လက်ဆောင်ရွက်ခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

### (၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NESP Coordination Committee) တည်ထောင်ခြင်း

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသော မဟာဗျူဟာများနှင့်အစီအစဉ်များပေါင်းစပ်ညှိနှိုင်းခြင်း၊ အစီအစဉ် ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ကောင်းမွန်စေရန် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတစ်ရပ်ကို တည်ထောင်ရမည်။ ဤကော်မတီကို ပညာရေးဝန်ကြီးမှ ဦးဆောင်မည်ဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ်များ၊ အကောင်အထည်ဖော်သော ဦးစီးဌာနများမှရွေးချယ်ထားသော ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများအားလုံးသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြမည်။ ဤကော်မတီသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် တွန်းအားပေးရန် ဆုံးဖြတ်ချက်ချခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လွှမ်းခြုံကြီးကြပ်ခြင်းတို့တွင် အဓိကကျသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

### (၂) စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များ (PMTs) တည်ထောင်ခြင်း

လုပ်ငန်းအစီအစဉ်များကို တစ်ဦးချင်းစီ တာဝန်ပေးဆောင်ရွက်ခြင်းထက် အဖွဲ့လိုက် အကောင်အထည်ဖော်ခြင်းက ပိုမိုထိရောက်အောင်မြင်နိုင်သည်ဖြစ်ရာ ဦးစီးဌာနတစ်ခုချင်းစီတွင် စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ (PMT)ကို ဖွဲ့စည်းမည် ဖြစ်ပါသည်။ ထိုသို့ဖွဲ့စည်းခြင်းကြောင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များအတွက် နည်းပညာကျွမ်းကျင်သူ အရာရှိများအား အကောင်အထည်ဖော်ဆောင်ရွက်ရေး တာဝန်ခွဲဝေယူစေနိုင်မည်ဖြစ်ပါသည်။ အသိပညာနှင့် ကျွမ်းကျင်မှုများကို ပူးပေါင်းမျှဝေခြင်းနှင့် လက်တွေ့လုပ်ဆောင်သင်ယူခြင်းသည် လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည်ကိုလည်း တိုးတက်စေနိုင်သောကြောင့် အဖွဲ့အခြေပြုချဉ်းကပ်မှုနည်းလမ်းသည် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိပါသည်။

စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ (PMT) အဖွဲ့တစ်ဖွဲ့ချင်း၏ လုပ်ငန်းတာဝန်များမှာ-

(၁) ပညာရေးဝန်ကြီးဌာန၏ နှစ်စဉ်ဘဏ္ဍာငွေ(သို့မဟုတ်) ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များနှင့်လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်။

(၂) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို ရှာဖွေဖော်ထုတ်ဖြေရှင်းရန်။

(၃) သတင်းအချက်အလက်များကို ဖြန့်ဝေရန်နှင့် ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သော စွမ်းရည်များကို ရရှိစေရန်။

(၄) အစီအစဉ်များ အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို လေ့လာသုံးသပ်ပြီး အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချနိုင်ရန်။

(၅) နိုင်ငံတော်အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ တခြားစီမံကိန်းလုပ်ငန်းများ၊ စီမံချက်များနှင့် ချိတ်ဆက်မှုရှိစေရန်နှင့်

(၆) လုပ်ငန်းရလဒ်များနှင့် ပတ်သက်ပြီး လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များသည်အလွတ်သဘောယာယီအဖွဲ့အစည်းများသာဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာန၏ ဦးစီးဌာနများတွင် ဖွဲ့စည်းပုံအရ ပုံစံတကျ ရာထူးခွဲဝေသတ်မှတ်ဖွဲ့စည်းရန် မလိုအပ်ပါ။ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့တစ်ခုချင်းစီကို ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးမှ ဦးဆောင်မည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်ထံသို့ အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။ ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ဌာနခွဲ သို့မဟုတ် ကဏ္ဍအသီးသီးမှ ဝန်ထမ်းများကို စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့သို့ အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခန့်ထားပါမည်။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုက်ရိုက်ပါဝင် ဆောင်ရွက်နေသော ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရန် လိုအပ်ပါသည်။ ထို့ပြင် ဘတ်ဂျက်ရေးဆွဲခြင်း၊ စီမံအုပ်ချုပ်ခြင်းကဲ့သို့သော ရုံးလုပ်ငန်းတွင် ပါဝင်ပတ်သက်သည့် ပုဂ္ဂိုလ်များကိုလည်း ခန့်ထားနိုင်ပါသည်။ ဤသို့ ခန့်ထားခြင်းဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ အစီအစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများစုပေါင်း၍ အတူတကွလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များသည် လိုအပ်သည့်အခါများတွင် တွေ့ဆုံဆွေးနွေးရမည်ဖြစ်သည်။ သို့ရာတွင် အထောက်အထား အခြေပြုဆုံးဖြတ်ချက်ချခြင်း၊ ဝေဖန်ပိုင်းခြားခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း စသည်တို့ပါဝင်သည့် အဖွဲ့အစည်းဖြင့် အလုပ်လုပ်တတ်သည့် အလေ့အထဖြစ်ပေါ်စေရန် အပတ်စဉ်ဆွေးနွေးတိုင်ပင်ရမည်ဖြစ်ပါသည်။

## (၃) NESP ရုံးအဖွဲ့ (NESP Secretariat) တည်ထောင်ခြင်း

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းများကို ပေါင်းစပ်ညှိနှိုင်းရေးနှင့် ယေဘုယျခြုံငုံကြီးကြပ်ရေးတို့အတွက် NESP ရုံးအဖွဲ့ (NESP Secretariat)ကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအောက်တွင် ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်။ NESP ရုံးအဖွဲ့သည် ပညာရေးဝန်ကြီးထံသို့ အစီရင်ခံတင်ပြရမည်ဖြစ်ပြီး လိုအပ်သောပံ့ပိုးမှုများပေးရမည်ဖြစ်သည်။ နိုင်ငံတွင်းနှင့်နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံ၍ ကမ္ဘာ့နိုင်ငံအများအပြားတွင်သာမက မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများတွင်ပါ တည်ထောင်ထားသည့် ဖော်ဆောင်ရေးယူနစ် (Delivery unit)ကဲ့သို့ ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်။

NESP ရုံးအဖွဲ့ (NESP Secretariat) သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ဦးစီးဌာနများအား လိုအပ်သော နည်းပညာအကြံဉာဏ်များ၊ ပံ့ပိုးမှုများပေးရန်ဖြစ်ပါသည်။ NESP ရုံးအဖွဲ့ (NESP Secretariat) ၏ အဓိကအခန်းကဏ္ဍမှာ-

(၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်းအတွက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအား အကူအညီပေးရန်။

(၂) ရန်ပုံငွေပံ့ပိုးထားသောစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်မှုအခြေအနေကို တိုင်းတာမည့် အဓိကကျသော စွမ်းဆောင်ရည်အညွှန်းကိန်းများ ပြုစုဆောင်ရွက်ရေးအတွက် ဦးဆောင်အကောင်အထည်ဖော်မည့် ဦးစီးဌာနများအား အကူအညီပေးရန်။





(၃) အကောင်အထည်ဖော်သည့် ဦးစီးဌာနများကို နည်းပညာအကူအညီနှင့် ပံ့ပိုးမှု အထောက်အကူများပေးရန်။

(၄) ဦးစီးဌာနများရှိ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များအတွက် တီထွင်ဆန်းသစ်သော စွမ်းရည်တည်ဆောက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ပေးရန်။

(၅) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် အစည်းအဝေးများ (ဥပမာ- နှစ်စဉ် ကဏ္ဍအလိုက် ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်စဉ်ကဏ္ဍအလိုက် စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်း)ကို ဦးဆောင်ရန်။

(၆) မူဝါဒများကို အတတ်ပညာပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာစွာ အသေးစိတ် လေ့လာသုံးသပ်ရန်။

(၇) ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၏ စွမ်းဆောင်ရည်ကို ဘက်စုံလွှမ်းခြုံ ပုံမှန် အကဲဖြတ်စစ်ဆေးပြီး အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ ထောက်ခံအကြံပြုချက် အစီရင်ခံစာများ တင်သွင်းခြင်းဖြင့် မြှင့်တင်ပေးရန်။

(၈) ပညာရေးဝန်ကြီးဌာနအားပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများနှင့်ထိရောက်စွာ ဆက်သွယ်ပြီး အမျိုးသားပညာရေးစနစ် အဆင့်အားလုံးတွင် မိတ်ဖက်များ ထူထောင်ခြင်းကို အထောက်အကူပြုရန်။

(၉) ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းကို အလေးထားဆောင်ရွက်သည့် လေ့လာကြီးကြပ်မှုနှင့် အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ပြီး အထောက်အကူပြုရန်။

(၁၀) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းအစီအစဉ်များကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် စွမ်းဆောင်ရည်လိုအပ်ချက်များနှင့် အရင်းအမြစ်များကို လေ့လာကြီးကြပ်ရန်။

(၁၁) လုပ်ငန်းစွမ်းဆောင်ရည် လေ့လာကြီးကြပ်မှုနှင့် အကဲဖြတ်မှုဆိုင်ရာ အစီရင်ခံစာများ၊ မူဝါဒရှင်းလင်းချက် မှတ်စုများ (Policy Briefing Notes) ရေးသား၊ ဖြန့်ချိရန်နှင့်

(၁၂) ပညာရေးဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအား လိုအပ်သော အကူအညီများပေးရန်

တို့ ဖြစ်ပါသည်။

NESP ရုံးအဖွဲ့ (NESP Secretariat) တွင် တာဝန်ထမ်းဆောင်ရန် ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းမည်ဖြစ်ပါသည်။ NESP ရုံးအဖွဲ့တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးစီးဌာနများမှအရာရှိတစ်ဦး(သို့မဟုတ်)အရာရှိများသည်(၁၂)လတာတာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ထို့နောက် တာဝန်ပေးအပ်ခြင်းခံရသော အရာရှိများသည် အသိပညာကျွမ်းကျင်မှုအသစ်များဖြင့် စီမံကိန်းများ လက်တွေ့အကောင်အထည်ဖော်မှုကိုပံ့ပိုးရန် မိခင်ဌာနသို့ ပြန်လည်တာဝန်ထမ်းဆောင်ရမည် ဖြစ်ပါသည်။ ဦးစီးဌာနများမှ နောက်ထပ်အရာရှိများအား NESP ရုံးအဖွဲ့သို့ တစ်နှစ်လျှင်တစ်ဖွဲ့ စီမံကိန်းကာလ (၅)နှစ်အတွင်း ပြောင်းလဲတာဝန်ပေးအပ်ရမည်ဖြစ်ပါသည်။

## မဟာဗျူဟာ(၂-ခ) စီမံခန့်ခွဲမှု စနစ်များ

### လုပ်ငန်းအစီအစဉ်(၂) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းပြုခြင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း

ဤလုပ်ငန်းအစီအစဉ်တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေ ငွေစာရင်းပြုခြင်း လုပ်ငန်းစဉ်ကို ပုံ (၁၃.၂) တွင် ဖော်ပြထားသည့်အတိုင်း ပညာရေးဝန်ကြီးဌာနကအကောင်အထည်ဖော်ပါမည်။အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များ၊ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး

အတွက်ပံ့ပိုးပေးရန်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်အောက်တွင် နှစ်စဉ်စီမံကိန်းများကို တစ်နှစ်ချင်းအလိုက် အောက်ပါအတိုင်းရေးဆွဲဆောင်ရွက်မည် ဖြစ်သည်။

### (၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှစ်အလိုက် ဦးစားပေး လုပ်ငန်းများ စီမံကိန်း

(NESP Annual Priorities Plan)

နိုင်ငံတော်အစိုးရ၏ နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေလျာထားခြင်း လုပ်ငန်းတွင် ပညာရေးကဏ္ဍ၏ အဓိကအရေးကြီးသော ဦးစားပေးအစီအစဉ်များကို ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲရေးစာတမ်းရှိရမည်ဖြစ်ပါသည်။ ထို့ပြင် (က) နိုင်ငံတော်အစိုးရ၏မူဝါဒအသစ်များ (ခ) ဦးစီးဌာနများ၏ မကြာမြင့်သေးသည့်နှစ်များအတွင်း ဆောင်ရွက်မှုများ (ဂ) လက်ရှိလူ့စွမ်းအားနှင့်ဘဏ္ဍာအရင်းအမြစ်များဆိုင်ရာ ကန့်သတ်ချက်များနှင့် (ဃ) မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဖြေရှင်းနိုင်ရန် ပညာရေးစီမံခန့်ခွဲသူများကို အထောက်အကူပြုမည့် စီမံကိန်းရေးဆွဲရေးစာတမ်းတစ်စောင်ရှိရန် အရေးကြီးပါသည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်းတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ စီမံကိန်းကို မွမ်းမံပြင်ဆင်သွားမည် ဖြစ်သည်။ ထိုစီမံကိန်း၏အဓိကကျသော ရည်မှန်းချက်မှာ -

(က) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များနှင့် လုပ်ငန်း အစီအစဉ်များကို အဆင့်အလိုက် (တစ်ဆင့်ပြီးတစ်ဆင့်) အကောင်အထည်ဖော်နိုင်ရန် သတ်မှတ်ပေးရန် နှင့်

(ခ) (၅)နှစ်တာကာလအတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းများ၏ လျာထားချက်များ သတ်မှတ်ပေးရန်တို့ ဖြစ်ပါသည်။

နှစ်စဉ်ဦးစားပေးလုပ်ငန်းများစီမံကိန်းအရ ပညာရေးဝန်ကြီးဌာနက နှစ်အလိုက် လုပ်ငန်းစီမံကိန်းများကို ရေးဆွဲဆောင်ရွက်မည်ဖြစ်သည်။ ထိုလုပ်ငန်းစီမံကိန်းများ၏ အဓိကရည်မှန်းချက်မှာ အကောင်အထည်ဖော်မည့် ဦးစီးဌာနများက ကုန်ကျစရိတ်တွက်ချက်ခြင်းကိုဆောင်ရွက်နိုင်စေရန်အတွက် အသေးစိတ်လုပ်ငန်းများ ဖော်ထုတ်စုစည်းပေးရေး ဖြစ်သည်။

### (၂) ဦးစီးဌာနများ၏ နှစ်အလိုက်အကောင်အထည်ဖော်ရေး စီမံကိန်းများ (Department Annual Implementation Plans-DAIPs)

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှစ်အလိုက် ဦးစားပေးလုပ်ငန်းများ စီမံကိန်းနှင့် ပညာရေးဝန်ကြီးဌာနအသုံးစရိတ်ကို အတည်ပြုချက်ရရှိပြီးသောအခါတွင် အကောင်အထည်ဖော်မည့်သက်ဆိုင်ရာဦးစီးဌာနများ၏နှစ်အလိုက်အကောင်အထည်ဖော်ရေးစီမံကိန်းများ (Department Annual Implementation Plans-DAIPs) ရေးဆွဲရမည်ဖြစ်ပါသည်။ ဦးစီးဌာနများ၏နှစ်အလိုက် အကောင်အထည်ဖော်ရေး စီမံကိန်းများသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း နှစ်အလိုက်ဦးစားပေး လုပ်ငန်းများစီမံကိန်းတွင်ပါရှိပြီး ရန်ပုံငွေရရှိထားသည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာဦးစီးဌာနများ အသုံးပြုရမည့် အဓိကစီမံခန့်ခွဲမှုနည်းလမ်းတစ်ခုဖြစ်သည်။

ဦးစီးဌာနများ၏ နှစ်အလိုက် အကောင်အထည်ဖော်ရေးစီမံကိန်းများတွင် လာမည့်နှစ်များ၌ အကောင်အထည်ဖော်မည့် အစီအစဉ်အလိုက် သတ်မှတ်ထားသော လုပ်ငန်းအသေးစိတ်ကို ရေးဆွဲထားသည့် စီမံချက်များပါဝင်သည်။ ထို့ပြင် (၃)လတာ ကာလတစ်ခုအတွင်း ပေါက်မြောက်အောင်မြင်ရန် မျှော်မှန်းထားသည့် အဓိကမိုင်တိုင်များလည်း ပါဝင်မည်ဖြစ်သည်။ ဦးစီးဌာနများ၏ နှစ်အလိုက် အကောင်အထည်ဖော်ရေး စီမံကိန်းများတွင် (၃)လတစ်ကြိမ် အောင်မြင်ပြီးမြောက်ရန် သတ်မှတ်ထားသောအဓိကစွမ်းဆောင်ရည်အညွှန်းကိန်းများ (Key Performance Indicators-KPIs) နှင့် လုပ်ငန်းအစီအစဉ်များအတွက် ဘတ်ဂျက်အသေးစိတ်ကိုလည်း ပြုစုထားပါသည်။ ဤစီမံကိန်းအတွက် ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် တွက်ချက်ထားသော ခန့်မှန်းကုန်ကျစရိတ်များကို ပြုစုတင်ပြ၍ တခြားဦးစီးဌာနများကို ပံ့ပိုးပေးရန် တာဝန်ရှိမည်ဖြစ်သည်။

### (၃) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း နှစ်စဉ်လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစီမံကိန်း (NESP Annual Monitoring and Evaluation Plan)

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်မည့် ဦးစီးဌာနများသည် စီမံကိန်းလုပ်ငန်းများနှင့်လုပ်ငန်းအစီအစဉ်များအား လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းလုပ်ငန်းများအတွက် တာဝန်ရှိမည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် ဦးစီးဌာနများ၏ လေ့လာအကဲဖြတ်မှုလုပ်ငန်းများနှင့် ဆက်နွယ်သော အသေးစိတ်လေ့လာခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို အထောက်အကူပေးရန် နှစ်စဉ်လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစီမံကိန်းတစ်ရပ်ကို ရေးဆွဲပြုစုလုပ်ဆောင်မည်ဖြစ်ပါသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှစ်စဉ် လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစီမံကိန်း (NESP Annual Monitoring and Evaluation Plan) ကို တာဝန်ယူရေးဆွဲအတည်ပြုချက်ရယူကာ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ရန်ဖြစ်သည်။ ထိုဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာန၏ နှစ်စဉ်ဘဏ္ဍာငွေကို အတည်ပြုချက်ရယူပြီးနောက် ဌာနအသီးသီးရှိ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များမှ နှစ်စဉ်လေ့လာကြီးကြပ်မှုနှင့် အကဲဖြတ်မှုဆိုင်ရာ အရာရှိများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးစီးဌာနအားလုံးသည် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ထားမှုပါဝင်သော နှစ်အလိုက်အကောင်အထည်ဖော်ရေး စီမံကိန်းများတွင် လေ့လာကြီးကြပ်မှုနှင့် အကဲဖြတ်မှုဆိုင်ရာလုပ်ငန်းများကိုလည်း ထည့်သွင်းပြုစုရန် လိုအပ်ပါသည်။




ပုံ(၁၃.၂) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေ ငွေစာရင်းပြုခြင်းလုပ်ငန်းစဉ်

ထိုနှစ်စဉ် လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစီမံကိန်း (Annual M&E Plan) သည် နောင်လာမည့်နှစ်များအတွက် အလားတူ အစီအစဉ်များ၏အသေးစိတ်လမ်းပြမြေပုံဖြစ်ပါသည်။ ၎င်းအသေးစိတ်လမ်းပြမြေပုံတွင် ဦးစီးဌာနများ၏ နှစ်အလိုက် အကောင်အထည်ဖော်ရေးစီမံကိန်းများမှ ချမှတ်ထားသော စွမ်းဆောင်ရည်အညွှန်းကိန်းများ(KPIs)အား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များ ကောက်ခံရာတွင် အသုံးပြုမည့်နည်းလမ်းများကို စာရင်းပြုစုခြင်း၊ မည်သူက မည်သည့်အချိန်တွင် မည်သည့်လုပ်ငန်းများ ဆောင်ရွက်မည်ကို ရှင်းလင်းတင်ပြခြင်းနှင့် ကောက်ခံရရှိသော အချက်အလက်များကို အသေးစိတ်လေ့လာဆန်းစစ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းများဆိုင်ရာကဏ္ဍအားလုံး ပါဝင်မည်ဖြစ်ပါသည်။

ထို့ပြင် နှစ်စဉ် လေ့လာကြီးကြပ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းစီမံကိန်း(Annual M&E Plan) တွင် သုတေသနပြုလုပ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများလည်းပါဝင်မည်ဖြစ်ပါသည်။ မူဝါဒချမှတ်ခြင်းနှင့် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းတို့ကို အထောက်အကူဖြစ်စေရန် အရည်အသွေးပြည့်မီသော အချက်အလက်များနှင့် အရင်းအမြစ်များပံ့ပိုးရန် ပညာရေးဝန်ကြီးဌာနသည် နောင်လာမည့်နှစ်များအတွင်း လုပ်ဆောင်ရမည့် အရေးပါသော သုတေသနလေ့လာချက်များကို အသေးစိတ်ဖော်ပြမည်ဖြစ်ပါသည်။

နှစ်စဉ် လေ့လာကြီးကြပ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းစီမံကိန်းတွင် ပါဝင်သည့် အဓိကအကဲဖြတ်ခြင်းလုပ်ငန်းများမှာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကာလ (၃)နှစ်မြောက် (၂၀၁၈-၂၀၁၉)နှင့် စီမံကိန်းကာလအပြီး(၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ဧပြီ သို့မဟုတ် မေလ) အကဲဖြတ် အစီအစဉ်များနှင့် သက်ဆိုင်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကာလ (၃)နှစ်အပြီးတွင် ကာလဝက် အကဲဖြတ်မှုအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုအစီအစဉ်တွင် ပထမဦးစွာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာမြောက် အပြောင်းအလဲများနှင့် အဆင့်မြင့်ရလဒ်များအောင်မြင်မှုအခြေအနေတို့နှင့် စပ်လျဉ်းသည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ စီမံကိန်းလုပ်ငန်းများ အကျိုးသက်ရောက်မှုကို တိုင်းတာရေးအတွက်လုံလောက်သော အချိန်ကာလတစ်ခုနှင့် ဒုတိယအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ စီမံကိန်းလုပ်ငန်းများ အခြေခိုင်ပြီး တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သောအချိန်ကာလရရှိစေရန်ဖြစ်သည်။ အထူးအလေးထားရမည်မှာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကာလ (၃)နှစ်အပြီးတွင် ဆောင်ရွက်သည့် အကဲဖြတ်မှုလုပ်ငန်းသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အဆင့်-၂ ရေးဆွဲရေးအတွက် အချက်အလက်များပံ့ပိုးပေးရန် အရေးပါသော အထောက်အထားအခြေခံတစ်ရပ်အဖြစ် ဖြည့်ဆည်းပေးမည်ဟူသောအချက်ဖြစ်သည်။

**လုပ်ငန်းအစီအစဉ် (၃) လူ့စွမ်းအားအရင်းအမြစ် သတင်းအချက်အလက်စနစ် (Human Resource Information System-HRIS)နှင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Education Management Information System-EMIS)ကို အားကောင်းအောင် ပြုလုပ်၍ ပညာရေးပေါ်တယ် (Education Portal) တစ်ခုထူထောင်ခြင်း**

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးရန် ပညာရေးကဏ္ဍ သတင်းအချက်အလက်စနစ်များ ထူထောင်ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် မကြာမြင့်သေးသည့်နှစ်များအတွင်းက တိုးတက်အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် သိသာထင်ရှားသည့် အောင်မြင်မှုများမှာ-

(၁) လူ့စွမ်းအားအရင်းအမြစ် သတင်းအချက်အလက်စနစ် (Human Resource Information System-HRIS) ကို ရေးဆွဲပြီး အသုံးပြုနိုင်ခဲ့ခြင်း။

(၂) ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Education Management Information System-EMIS) ကို ကျောင်းမြေပုံ သတင်းအချက်အလက်များနှင့် ချိတ်ဆက်လျက် အားကောင်းစေရန် ဆောင်ရွက်ခြင်း။

(၃) လက်ရှိ သတင်းအချက်အလက်စနစ်၏ ကွာဟချက်များကို လေ့လာပြီး ၎င်းစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် ရင်းမြစ်လိုအပ်ချက်များကို သတ်မှတ်ပေးထားသည့် (၅)နှစ်ကာလအတွက် EMIS မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခြင်းတို့ ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် အဆိုပါအောင်မြင်မှုများကို အခြေပြုလျက် ပညာရေးပေါ်တယ်ဟု အမည်ပေးထားသော ဗဟိုချုပ်ကိုင်မှု လျှော့ချကာ ဘက်စုံလွှမ်းခြုံပြီး ပေါင်းစပ်ထားသည့် တစ်ခုတည်းသော သတင်းအချက်အလက်စနစ်ကို ထူထောင်မည်ဖြစ်ပါသည်။ ပညာရေးစနစ် အဆင့်အသီးသီးရှိ စီမံခန့်ခွဲသူများနှင့် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ အားလုံးအတွက် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို အထောက်အကူပြုရန် လိုအပ်သော ဘက်စုံလွှမ်းခြုံ၍ တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

သို့သော် ၎င်းလုပ်ငန်းစဉ်၏ အဓိကအကျဆုံးနယ်ပယ်တွင် ကနဦးပံ့ပိုးမှုမှာ လက်ရှိ HRIS နှင့် EMIS စနစ်များကို အပြည့်အဝ ပေါင်းစည်းအားဖြည့်ပေးခြင်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအား အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသော အဆင့်မြင့်ရလဒ်များ ရရှိစေရန်နှင့် မြန်မာနိုင်ငံ၏ တိုးတက်မှုများကို ဖော်ပြမည့် တိကျခိုင်မာပြီး အဓိပ္ပာယ်ပြည့်ဝသော အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ အစီရင်ခံစာများ ပေါ်ထွက်လာစေရန်တို့အတွက် ပညာရေးဝန်ကြီးဌာနအား အထောက်အကူပြုမည်ဖြစ်သည်။ ထို့အတူ အကောင်အထည်ဖော်သည့် သက်ဆိုင်ရာဌာနတစ်ခုချင်း၏စီမံကိန်းရေးဆွဲခြင်း၊စီမံခန့်ခွဲခြင်း၊လေ့လာကြီးကြပ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများကိုလည်း အထောက်အကူပေးမည် ဖြစ်သည်။

တစ်ဆင့်ပြီးတစ်ဆင့် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းဖြင့် အချိန်ရလာသည့်အခါ အောက်တွင်ဖော်ပြထားသော စီမံခန့်ခွဲမှုလုပ်ငန်းများ ပါဝင်သည့် မော်ဂျူးများကို ပညာရေး ပေါ်တယ်တွင် ရေးဆွဲသွားမည် ဖြစ်ပါသည်-

- ဆရာများအားစီမံခန့်ခွဲမှု - ဆရာများခန့်အပ်ခြင်း၊ လုပ်ငန်းခွင်တွင်းသင်တန်းများ၊ နေရာအပြောင်းအရွှေ့၊ တိုင်ကြားစာများ၊ အကြံပေးတောင်းခံလွှာများ၊ ဝန်ထမ်းလစာ၊ သင်တန်းများ၊ ကြေညာချက်များ၊ သင်ကြားမှုအရင်းအမြစ်များ။
- နှစ်စဉ်ကျောင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြည့်စွက်မွမ်းမံခြင်း - ဆက်သွယ်ရန် အချက်အလက်၊ ကျောင်းအပ်နှံမှု၊ အဆောက်အအုံ၊ အသုံးအဆောင်များ၊ သင်ကြားမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ။



- ကျောင်း (အရည်အသွေး) စစ်ဆေးမှုများ - လေ့လာကြီးကြပ်ခြင်း၊ စီမံခန့်ခွဲမှုနှင့်လိုက်ပါဆောင်ရွက်မှု၊အရည်အသွေးစစ်ဆေးမှုအပေါ် အစီရင်ခံခြင်း၊အခက်အခဲများ(ဆရာများပျက်ကွက်မှု၊တက်ရောက်မှု)နှင့်ပတ်သက်၍စစ်ဆေးရေးမှူးများ၏ အစီရင်ခံစာများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို လုပ်ဆောင်ခြင်း။

- ကလေးများ သင်ယူမှုလမ်းကြောင်းအဆင့်ဆင့်ကို သိရှိရန်ဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်း - ကျောင်းအပ်နှံမှု၊ ကျောင်းပြင်ပရောက် ကလေးများကို စီမံခန့်ခွဲမှု၊ အထူးလိုအပ်ချက်ရှိသော ကလေးများကို စီမံခန့်ခွဲမှု။

- ကျောင်းတက်ရောက်မှုနှင့် တတ်မြောက်မှုကို လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း - ကျောင်းသားတစ်ဦးချင်း (သို့မဟုတ်) အတန်းလိုက်တက်ရောက်မှု မှတ်တမ်း၊ ကျောင်းသားတစ်ဦးချင်း (သို့မဟုတ်) အတန်းလိုက် တတ်မြောက်မှု မှတ်တမ်း။

- ကျောင်းထောက်ပံ့ကြေး အသုံးစရိတ်ကို လေ့လာကြီးကြပ်ခြင်း - ကျောင်းထောက်ပံ့ကြေး ခွဲဝေချထားမှု၊ ခွင့်ပြုထားသော ဘဏ္ဍာငွေအသုံးစရိတ်။

- ကျောင်းတည်နေရာပြမြေပုံ - တည်နေရာကိုလိုက်၍ ကျောင်းခွဲဝေချထားခြင်း၊ ကျောင်းများ အဆင့်တိုးမြှင့်ခြင်း၊ ကျောင်းဆောက်လုပ်ရေးနှင့် အရင်းအမြစ်ခွဲဝေချထားမှု အစီအစဉ်များ။

- တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျောင်းအဆင့် လေ့လာဆန်းစစ်ခြင်းနှင့် လေ့လာကြီးကြပ်ခြင်း - ကွဲပြားခြားနားသော အကြောင်းအချက်များနှင့် အခက်အခဲများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်မှု။

- မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်း - ပညာရေးကဏ္ဍအတွက် စီမံကိန်းရေးဆွဲရန်နှင့် လေ့လာကြီးကြပ်ရန် အစီရင်ခံစာများထုတ်ပြန်ခြင်းနှင့်

- တခြားသော လုပ်ငန်းများကို အစပျိုးဆောင်ရွက်နိုင်ရန်ပံ့ပိုးပေးခြင်း - ကျောင်းအရည်အသွေးစံသတ်မှတ်ချက် အာမခံမှုအညွှန်းဘောင် (School Quality Standards Assurance Framework-SQSAF)။

ပညာရေးပေါ်တယ် (Education Portal)တွင် အောက်ပါလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်-

(၁) ပညာရေးဝန်ကြီးဌာနအတွင်း အုပ်ချုပ်ရေးအဆင့်တစ်ခုစီအတွက် သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း။

(၂) အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၏ ကဏ္ဍပေါင်းစုံ (ကျောင်းသားအကဲဖြတ် စိစစ်ခြင်း၊ ကျောင်းဘဏ္ဍာငွေ၊ ကျောင်းအခြေခံ အဆောက်အအုံ၊ ကျောင်းအပ်နှံမှုနှင့် တက်ရောက်မှု၊ သင်ကြား၊ စီမံဝန်ထမ်းများ) ပါဝင်သော သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ သိမ်းဆည်းခြင်း၊ စိစစ်ခြင်းနှင့် အစီရင်ခံခြင်း၊ ကွန်ပျူတာနှင့် အင်တာနက်ရရှိသော ကျောင်းများ၊ တက္ကသိုလ်များသည်ပေါ်တယ်သို့ ကိန်းဂဏန်းအချက်အလက်များ တိုက်ရိုက်ထည့်သွင်းနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာကျောင်း သို့မဟုတ် တက္ကသိုလ်နှင့် ပတ်သက်သော အစီရင်ခံစာများ (ပြုစု)ရေးသားနိုင်ခြင်း။

(၃) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၊ မူကြိုနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဆိုင်ရာ အချက်အလက်များအပါအဝင် တခြားဆက်စပ်ဝန်ကြီးဌာနများနှင့်ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများထံမှ ပညာရေးဝန်ကြီးဌာနသို့ ရောက်ရှိလာသော သတင်းအချက်အလက်များကို သိုလှောင်သိမ်းဆည်းခြင်းတို့ ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ် (၄) လုပ်ငန်းစွမ်းဆောင်ရည် လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ် (Performance Monitoring and Accountability System-PeMAS) ကို ရေးဆွဲအကောင်အထည်ဖော်ခြင်း

အမျိုးသားပညာရေးစနစ်အတွင်း ဆောင်ရွက်ချက်များ လေ့လာကြီးကြပ်ခြင်းနှင့် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို ပံ့ပိုးပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနသည် လုပ်ငန်းစွမ်းဆောင်ရည် လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ် (PeMAS) ကို ရေးဆွဲ အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

PeMAS Dashboard သည် ပညာရေးဝန်ကြီးဌာနအတွင်း အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို ပံ့ပိုးရန် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်၊ စာမေးပွဲဆိုင်ရာ အချက်အလက်များ၊ ကျောင်းများနှင့် တက္ကသိုလ်များမှ အရည်အသွေးအာမခံမှုဆိုင်ရာ အချက်အလက်များ၊ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းလုပ်ငန်းများအတွက် အဓိကစွမ်းဆောင်ရည်အညွှန်းကိန်းများ (KPIs) ကဲ့သို့ အရေးကြီးသည့်အချက်အလက်များကို တာဝန်ရှိပုဂ္ဂိုလ်များ၊ စီမံခန့်ခွဲသူများ အချိန်မရွေး၊ နေရာမရွေး၊ အလွယ်တကူ ရယူသုံးစွဲနိုင်စေရန် တပေါင်းတစည်းတည်း ပြုစုထားသော ICT အခြေပြုစီမံခန့်ခွဲမှု နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနတွင် အထက်ပါ ပညာရေးအချက်အလက်များကို အားကောင်းလာစေရန် (သို့မဟုတ်) အပြည့်အဝရရှိနိုင်စေရန် PeMAS Dashboard ကို တည်ထောင်ခြင်းဖြစ်ပါသည်။

နိုင်ငံတကာ အတွေ့အကြုံများအရ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကို ကိန်းဂဏန်းအချက်အလက်များစွာအသုံးပြု၍မရေးဆွဲမိစေရန်သတိပြုရပါမည်။ ၎င်းစနစ်သည် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရေးစီမံခန့်ခွဲသူများအတွက် ရှင်းလင်းလွယ်ကူစေရမည်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အသွေးရှိ စွမ်းဆောင်ရည် လေ့လာကြီးကြပ်မှုစနစ်သည် အပတ်စဉ်၊ လစဉ်နှင့် (၃)လတစ်ကြိမ်အစီရင်ခံစာများတွင် လက်တွေ့ရယူသုံးစွဲနိုင်မည့် အရေးကြီးသော အချက်အလက်များကိုသာ ထည့်သွင်းဖော်ပြရမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနအတွင်းတွင် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်၌စာမေးပွဲဆိုင်ရာအချက်အလက်များစုစည်းထားသည့်နေရာ (Database)၊ EMIS နှင့် HRIS ကဲ့သို့သော များပြားသည့် အချက်အလက်ပမာဏများစွာ ရှိနေပါသည်။ သို့သော်လည်း ဤအချက်အလက်များကို အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချရာတွင် ပုံမှန်အသုံးပြုနိုင်ခြင်းမရှိပါ။ ကျောင်းအုပ်ကြီးနှင့် ဆရာများ၏တာဝန်ခံမှုကို သေချာစေရန်အတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရေးစီမံခန့်ခွဲသူများက အသုံးပြုနိုင်ခြင်းလည်း မရှိသေးပါ။

အရည်အသွေးပြည့်ဝသည့် (အတိအကျနှင့် အချိန်မီ) အချက်အလက်များ မရရှိနိုင်ပါက တာဝန်ရှိပုဂ္ဂိုလ်များသည် ကြီးကြပ်ကွပ်ကဲမှုနှင့်စီမံခန့်ခွဲမှုတို့တွင် အားနည်းနိုင်ပါသည်။ တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်ကပံ့ပိုးထားသော ရန်ပုံငွေဖြင့် အကောင်အထည်ဖော်နေသောလုပ်ငန်းများ၏ ပြီးမြောက်မှု အတိုင်းအတာကို PeMAS စွမ်းဆောင်ရည်အချက်အလက်များမှတစ်ဆင့် သိရှိနိုင်ပါသည်။ ဤအချက်အလက်များနှင့်ပင် တာဝန်ရှိပုဂ္ဂိုလ်များက ဝန်ထမ်းများအား ၎င်းတို့၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေးနှင့် တာဝန်ယူတတ်စေရန် ကြီးကြပ်တည့်မတ်ပေးနိုင်ပါသည်။

PeMAS နှင့် ပညာရေးပေါ်တယ်တို့၏ အဓိကကွဲပြားခြားနားချက်မှာ PeMAS သည် စီမံခန့်ခွဲသူများအတွက် အရေးအကြီးဆုံးသော စွမ်းဆောင်မှုဆိုင်ရာအချက်အလက်များကို စုစည်းထားခြင်းဖြစ်သည်။ ပညာရေးပေါ်တယ်သည် ပညာရေးဝန်ကြီးဌာနတစ်ခုလုံး၏ အချက်အလက်များကို သိမ်းဆည်းရာ အရင်းအမြစ်တစ်ခုဖြစ်သည်။ PeMAS Dashboard တွင် အဓိကစွမ်းဆောင်ရည်များနှင့် ဆိုင်သည့် အချက်အလက်များကို ပေါင်းစပ်ထားသည့် မော်ဂျူး (၅) ခုဖြင့် ဖော်ပြထားပါသည်။ ဤမော်ဂျူးများကို နောက်ဆက်တွဲ (၁၃.၃) တွင် အသေးစိတ်ဖော်ပြထားသည်။

### လုပ်ငန်းအစီအစဉ် (၅) ပညာရေးကဏ္ဍနှစ်စဉ်စီမံကိန်းရေးဆွဲမှုကို ပုံမှန်ဆောင်ရွက်ခြင်း

ပညာရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းကို အားကောင်းစေရန်အတွက် နှစ်စဉ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်း (နှစ်တစ်နှစ်၏ ဧပြီလ၊ ဘဏ္ဍာနှစ်အဆုံးတွင် ကျင်းပသော) (Annual Sector PerformanceReview-APR)နှင့်နှစ်စဉ်ကဏ္ဍအလိုက်ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်း (နှစ်တစ်နှစ်၏ စက်တင်ဘာ/ အောက်တိုဘာတွင် ကျင်းပသော) (Annual Sector Budget Review-ABR) တို့ပါဝင်သည့် စီမံခန့်ခွဲမှုစနစ်အသစ်တစ်ခုကို ထူထောင်မည်ဖြစ်ပါသည်။

APR သည် လွန်ခဲ့သော (၁၂)လအတွင်း ကဏ္ဍအလိုက် အောင်မြင်မှုရလဒ်များကို အကဲဖြတ်ရန် ရည်ရွယ်ပါသည်။ ABR သည် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းနှစ်စဉ်ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံကိန်းများတွင် ပညာရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန်ဖြစ်ပါသည်။ APR နှင့် ABR ကို နောက်ဆက်တွဲ (၁၃.၄) တွင် ဖော်ပြထားပါသည်။

## မဟာဗျူဟာ(၂-ဂ) စီမံခန့်ခွဲမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ

### လုပ်ငန်းအစီအစဉ်(၆) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအသစ်များကို စမ်းသပ်အသုံးပြုခြင်းနှင့် အခြေခံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာ အထောက်အပံ့ပစ္စည်းများပံ့ပိုးပေးခြင်း

အမျိုးသားပညာရေးစနစ်အဆင့်တိုင်းရှိ ပညာရေးစီမံခန့်ခွဲသူများအား အခြေခံဆက်သွယ်ရေး နည်းပညာအထောက်အပံ့ပစ္စည်းများအစုံလိုက် (ကွန်ပျူတာများ၊ ပရင်တာများ၊ အင်တာနက်ချိတ်ဆက် သုံးစွဲနိုင်မှု၊ ICT အသုံးအဆောင်များနှင့် ICT ဝန်ဆောင်မှုလုပ်ငန်း) ထောက်ပံ့ပေးခြင်းဖြင့် ပညာရေး စီမံခန့်ခွဲမှုတွင် စွမ်းဆောင်ရည်ပြည့်ဝမှုနှင့်အကျိုးသက်ရောက်မှုကို အထောက်အကူဖြစ်စေမည်။

ဤအစီအစဉ်တွင် ပထမအဆင့်အနေဖြင့် ပညာရေးဝန်ကြီးဌာန၏လုပ်ဆောင်ပေးချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပညာရေးမှူးရုံးများတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များက ပံ့ပိုးပေးထားသောဆက်သွယ်ရေးနည်းပညာအထောက်အပံ့ပစ္စည်းများကို ပြန်လည်လေ့လာသုံးသပ်ခြင်းတို့ဖြစ်ပါသည်။ ပညာရေးမှူးရုံးများသည် ဆက်သွယ်ရေးနည်းပညာ အထောက်အပံ့ပစ္စည်းများကို ထိရောက်စွာအသုံးပြုရန်နှင့် ထိန်းသိမ်းနိုင်စေမည့် အချက်များကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ ပြန်လည်လေ့လာသုံးသပ်ပြီးနောက် ဆက်သွယ်ရေးနည်းပညာ အထောက်အပံ့ပစ္စည်းများ ထောက်ပံ့ရေးစီမံကိန်း(မူကြမ်း)ကို ရေးဆွဲပါမည်။ ၎င်းစီမံကိန်းမူကြမ်းသည် ပညာရေးဝန်ကြီးဌာနအတွင်းရှိ ပညာရေးမှူးရုံးများအားလုံးတွင် ဆက်သွယ်ရေးနည်းပညာ အထောက်အပံ့ပစ္စည်းများကို ထောက်ပံ့ပေးရေးဆိုင်ရာ အသေးစိတ်လမ်းပြမြေပုံအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဆက်သွယ်ရေးနည်းပညာ အထောက်အပံ့ပစ္စည်းများ ထောက်ပံ့ရေးစီမံကိန်း (မူကြမ်း) ကို ဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုရယူပြီး ဘဏ္ဍာငွေချပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ပြုလုပ်မည်ဖြစ်ပါသည်။

ဤအစီအစဉ်ကို ပညာရေးဝန်ကြီးဌာနက ရှေ့ပြေးစမ်းသပ်မည်ဖြစ်ပြီး အောင်မြင်သောနေရာများတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောင်းများနှင့် ပညာသင်ယူရာဌာနများမှ နှစ်စဉ်အချက်အလက်များကို တက်ဘလက်များ (သို့မဟုတ်) Mobile Device များဖြင့် ကောက်ယူစုဆောင်းပြီး အစီရင်ခံသွားမည် ဖြစ်သည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနသည် စမတ်ဖုန်း (Smart phone) ကို အခြေခံပြီး အသုံးပြုသော ဆရာများ၏ ဆက်သွယ်မှုနှင့်သင်ယူလေ့လာမှုဆိုင်ရာကွန်ရက်ကို ရှေ့ပြေးစမ်းသပ်ပြီး တိုးချဲ့ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါကွန်ရက်က အခြေခံပညာဆရာများအားလုံးကို -

(က) တစ်ဦးနှင့်တစ်ဦး ကွန်ရက်ချိတ် ဆက်သွယ်ခြင်း (ဥပမာ- သတင်းအချက်အလက်နှင့် အယူအဆများ၊ စိတ်ကူးများ မျှဝေရန်)

(ခ) ဆရာအတတ်ပညာ အထောက်အကူပစ္စည်းကိရိယာများ ရယူသုံးစွဲနိုင်ခြင်း (ဥပမာ- သင်ကြားမှုအလေ့အကျင့်ကောင်းများအပေါ် အခြေပြုသည့် ရုပ်သံမှတ်တမ်းတိုလေးများ ရယူရန်)

(ဂ) ပညာရေးဝန်ကြီးဌာန၏ ရုံးလုပ်ငန်းဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ ရယူနိုင်ခြင်း (ဥပမာ- မူဝါဒအသစ်များ၊ စာမေးပွဲနှင့်စာသင်နှစ်၏သင်တန်းကာလ သတ်မှတ်ခြင်းများ သိရှိရန်)

(ဃ) ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ဆက်နွှယ်သော သင်ကြားရေး အထောက်အကူပစ္စည်းကိရိယာများ ရယူသုံးစွဲနိုင်ခြင်းတို့နှင့်စပ်လျဉ်းပြီး အထောက်အကူပြုပါလိမ့်မည်။

## ၁၃.၃.၃။မဟာဗျူဟာ(၃) ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေး စီမံခန့်ခွဲသူများ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း

ပညာရေးဝန်ကြီးဌာန၏ အဆင့်တိုင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ပညာရေးဆိုင်ရာ စီမံခန့်ခွဲသူများသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင်ရှိပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရေးစီမံခန့်ခွဲသူများတွင် အသိပညာနှင့် ကျွမ်းကျင်မှုများရှိရမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် မကြာမြင့်သေးသည့်နှစ်များက လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ သိသာထင်ရှားသော တိုးတက်မှုကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သိသာထင်ရှားသည့်အောင်မြင်မှုမှာ–(၁)နိုင်ငံတကာ လေ့လာရေးခရီးစဉ်များနှင့်ညီလာခံများ(၂)အစိုးရနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အပြည်ပြည်ဆိုင်ရာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ အကုန်အကျခံသော နည်းပညာဆိုင်ရာသင်ကြားပို့ချချက်များ (၃) (၃)နှစ်ခွဲအချိန်ကာလအတွင်း ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့် - ၁နှင့် အဆင့်-၂ တို့အတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ စာရင်းအင်းများ လေ့လာဆန်းစစ်ခြင်းနှင့် အစီရင်ခံစာမူကြမ်းပြုစုခြင်းတို့ကိုဆောင်ရွက်ခြင်း (၄) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့် - ၃ တွင်



အထောက်အထားအခြေပြု မဟာဗျူဟာမြောက် Quick Wins အစီအစဉ်နှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းလုပ်ငန်းစီမံကိန်းရေးဆွဲခြင်း (၅)နိုင်ငံခြား ပညာတော်သင်အစီအစဉ်များစသည်တို့တွင် ဝန်ထမ်းများအနေဖြင့် ပါဝင်ခွင့်ရခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အစီအစဉ်များကို နောင်လာမည့် (၅)နှစ်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော စွမ်းဆောင်ရည်များ ရရှိထူထောင်နိုင်ရန် လိုအပ်ချက်အများအပြား ရှိနေဆဲဖြစ်ပါသည်။ ဤအစီအစဉ်တွင် အဆင့်တိုင်းရှိ စီမံခန့်ခွဲသူများသည် နည်းပညာနှင့် ကျွမ်းကျင်မှုအသစ်များကို အသုံးပြုနိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးကို စနစ်တကျဆောင်ရွက်ရန် အရေးကြီးပါသည်။

ဤမဟာဗျူဟာသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအတွက် အရေးကြီးဆုံးများထဲမှတစ်ခုဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များကို အားကောင်း အောင် ဆောင်ရွက်ပေးခြင်းမပြုနိုင်ပါက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရှိမည် မဟုတ်ပါ။ ထိုမျှမက အစိုးရနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပညာရေးကဏ္ဍတွင် ရင်းနှီး မြှုပ်နှံမှုနှင့်ရလဒ်များ ပေါက်မြောက်အောင်မြင်မှုတို့သည် ထိရောက်၍ စွမ်းဆောင်ရည် မြင့်မားသော ပညာရေးကဏ္ဍစီမံခန့်ခွဲမှုအပေါ် မူတည်နေသည်။

ခေါင်းဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်အောက်တွင် လုပ်ငန်း အစီအစဉ် (၃) ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ်(၁) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှစ်စဉ် စွမ်းဆောင်ရည်မြှင့်တင်မှုစီမံကိန်း (Capacity Development Plan-CDP)

ပညာရေးဝန်ကြီးဌာနသည် နှစ်စဉ်စွမ်းဆောင်ရည်မြှင့်တင်မှုစီမံကိန်း(Capacity Development Plan-CDP)ကို အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ CDP တွင် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များရှိ ပညာရေးစီမံခန့်ခွဲသူများ အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာနည်းလမ်းများ (ပုံမှန်သင်တန်းများ၊ လုပ်ဆောင်ချက် သုတေသနအစီအစဉ်များအား စမ်းသပ်ဆောင်ရွက်ခြင်း၊ လေ့လာရေး ခရီးထွက်ခြင်း၊ အပြန်အလှန် လှည့်လည်လေ့လာခြင်း (exchange visits)၊ အချက် အလက်များ စုဆောင်းဖြန့်ဝေခြင်းနှင့် ညီလာခံများကျင်းပခြင်း၊ ဆန်းသစ်သော စီမံ ခန့်ခွဲမှုအထောက်အပံ့ပစ္စည်းများနှင့် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးပေးခြင်း)ကို ရေးသား ပြုစုထားမည်ဖြစ်ပါသည်။

CDP သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း နှစ်အလိုက်ဦးစားပေး လုပ်ငန်းများစီမံကိန်းနှင့် လိုက်လျောညီထွေရှိပြီး ဦးစီးဌာနများ၏ နှစ်အလိုက် အကောင်အထည်ဖော်ရေးစီမံကိန်းများနှင့်လည်းချိတ်ဆက်မှုရှိရပါမည်။

ကျောင်းများ၊ တက္ကသိုလ်များ၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကျောင်းများ၊ ပညာရေးကောလိပ်များမှ ဆရာများ၊ ကျောင်းအုပ်ကြီးများနှင့် ပညာရေး စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်များနှင့်ပတ်သက်၍ အမျိုးသား ပညာရေး မဟာဗျူဟာစီမံကိန်း၏ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများတွင် အသေးစိတ် ဖော်ပြပြီး သက်ဆိုင်ရာဦးစီးဌာနများက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက် မည်ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ် (၂) ပညာရေးစီမံခန့်ခွဲမှု သင်တန်းအစီအစဉ်

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးစနစ်၏ အဆင့်အသီးသီးရှိ ပညာရေး စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည် လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် လက်တွေ့ကျပြီး ကျွမ်းကျင်မှုကို အလေးထားသည့် လိုအပ်ချက်အခြေပြု ပညာရေး စီမံခန့်ခွဲမှု သင်တန်းအမျိုးမျိုးကို ရေးဆွဲအကောင်အထည်ဖော်မည် ဖြစ်သည်။ ဝန်ကြီး ဌာနနှင့် ဦးစီးဌာနအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ် အဆင့်များရှိ စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု လိုအပ်ချက်များကိုအခြေပြုပြီး အဆိုပါသင်တန်းများကို ရေးဆွဲဆောင်ရွက်ပါမည်။ ထိုသင်တန်းများတွင် ကာလတို သင်တန်းများ၊ ကာလရှည်သင်တန်းများပါဝင်ပြီး ပညာရေးစီမံခန့်ခွဲမှုအတွက် အချိန်ပိုင်း ဒီပလိုမာများ (သို့မဟုတ်)အသိအမှတ်ပြုလက်မှတ်များပေးမည်ဖြစ်ပါသည်။

ဤလုပ်ငန်းအစီအစဉ်တွင် ဆောင်ရွက်မည့် အဆိုပါသင်တန်းများတွင် သင်တန်း သားများအား အသိပညာနှင့် ကျွမ်းကျင်မှုများကို ထိရောက်စွာ သင်ကြားပြသပေးနိုင်ရန် နိုင်ငံတကာမှ အကောင်းဆုံး သင်ကြားနည်းသစ်များကို အသုံးပြုမည် ဖြစ်ပါသည်။ ထိုနည်းလမ်းများထဲတွင် ဖြစ်ရပ်လေ့လာရေးလုပ်ငန်းများ (case study assignments)၊ အလုပ်အခြေပြုတစ်ဦးချင်းလုပ်ငန်းတာဝန်များ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်း များတွင် အလုပ်သင်အဖြစ် စနစ်တကျစီစဉ်ပေးခြင်းများနှင့် လုပ်ငန်းသုတေသန စီမံချက်များ ပါဝင်ပါသည်။

ဤအစီအစဉ်အရ အဖွဲ့အစည်းအားလုံး၌ သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသားများအား အသိပညာနှင့် ကျွမ်းကျင်မှုများရရှိခြင်း ရှိ/မရှိကို စစ်ဆေး အကဲဖြတ်မည်ဖြစ်ပါသည်။ အကဲဖြတ်ရာတွင် သင်တန်းမစမီနှင့် သင်တန်းအပြီးတွင် စာမေးပွဲစစ်ဆေးခြင်း၊ သင်တန်းကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် လုပ်ငန်းပေး ရေးသားစေခြင်းစသည့် နည်းလမ်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

### လုပ်ငန်းအစီအစဉ်(၃) ခေါင်းဆောင်မှုနှင့် လမ်းညွှန်ပြသမှုအစီအစဉ်

ထိရောက်သော ခေါင်းဆောင်မှုသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း လုပ်ငန်းအစီအစဉ်များ အောင်မြင်စေရန်အတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ စီမံခန့်ခွဲရေးဆိုင်ရာ ခေါင်းဆောင်မှုနှင့် လမ်းညွှန်ပြသမှုအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ခေါင်းဆောင်မှုစွမ်းရည်ကို အားကောင်းစေပါသည်။ ဤအစီအစဉ်သည် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ကာလတိုသင် တန်းများနှင့် တစ်ဦးချင်း လမ်းညွှန်ပြသပေးခြင်းတို့ကို ပေါင်းစပ်ထားသော သင်တန်း အစီအစဉ် ဖြစ်ပါသည်။ အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းသည် ဤအစီအစဉ်၏ အဓိကဦးစားပေး လုပ်ငန်းဖြစ်ပါသည်။



# ၁၃.၄။ ရလဒ်အညွှန်းဘောင်များ

## ၁၃.၄.၁။ အဆင့်မြင့်ရလဒ်အညွှန်းဘောင်

| မဟာဗျူဟာမြောက် အပြောင်းအလဲ | ပညာရေးကဏ္ဍအသီးသီးရှိပညာရေးစီမံခန့်ခွဲသူများသည် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို အသုံးပြုပြီး ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင်တိုးတက်အောင်မြင်သောသင်ကြားသင်ယူမှုအတွက်တာဝန်ယူဆောင်ရွက်စေမည်။ | | |
|---|---|---|---|
| မဟာဗျူဟာများ | **မဟာဗျူဟာ (၁)**<br>ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို အားဖြည့်ဆောင်ရွက်ခြင်း။ | **မဟာဗျူဟာ (၂)**<br>ပညာရေးဆိုင်ရာစီမံခန့်ခွဲမှု ဖွဲ့စည်းပုံ၊ စနစ်နှင့်အထောက်အပံ့ပစ္စည်းများ အားကောင်းလာစေခြင်း။ | **မဟာဗျူဟာ (၃)**<br>ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ |
| စီမံကိန်းကာလ အပြီးရလဒ်များ | အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊ ပညာရေးနှင့် ဆက်စပ်ဆောင်ရွက်သူများအားလုံးသည် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်လာခြင်းဖြင့် အရည်အသွေးပြည့်ဝသော ပညာသင်ယူရန် အခွင့်အလမ်းပိုမိုရရှိခြင်း။ | အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်နှင့် ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် ၎င်းတို့၏ စွမ်းဆောင်ရည်အပေါ် မူတည်လျက် တာဝန်ခံမှုရှိစေရန် ပညာရေးစီမံခန့်ခွဲသူများတွင် လုပ်ပိုင်ခွင့်ရှိလာခြင်း။ | အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အစီအစဉ်များနှင့် ဘဏ္ဍာရေးအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးစီမံခန့်ခွဲသူများတွင် အသိပညာနှင့် ကျွမ်းကျင်မှုများ ရှိလာခြင်း။ |
| ရလဒ်အညွှန်းကိန်းများ | - ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ပြီး (ပြင်ပမှ အကဲဖြတ်မှုအခြေခံဖြင့်) အောင်မြင်စွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရသော ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ် ရှိ/မရှိ။<br><br>- ပြင်ပမှ အကဲဖြတ်မှု အခြေခံဖြင့် ကျောင်းများ၏ သင်ကြားသင်ယူမှုကို ထိရောက်စွာ အကျိုးသက်ရောက်မှု ရှိစေနိုင်သော စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်များကို အထောက်အကူပြုနိုင်မည့် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ် ရှိ/မရှိ။ | - ရရှိလာသော အထောက်အထားအခြေပြု အချက်အလက်များကို အသုံးပြု၍ စီမံခန့်ခွဲမှုပြုလုပ်လာသည်ကို တွေ့ရှိရသောပညာရေးစီမံခန့်ခွဲသူ ရာခိုင်နှုန်း။<br><br>-ရင်းမြစ်များခွဲဝေရာတွင် အထောက်အထားများအသုံးပြုသည်ကို တွေ့ရှိရသော ပညာရေးစီမံခန့်ခွဲသူ ရာခိုင်နှုန်း။<br><br>-ကျောင်းအုပ်ကြီးများ၊ ဆရာများ၏ တာဝန်ယူမှုလုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိလာသော အထောက်အထားများအရ လေ့လာဆန်းစစ်ခဲ့သော မြို့နယ်ပညာရေးမှူး ရာခိုင်နှုန်း။ | - အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအစီအစဉ်များနှင့် ဘဏ္ဍာရေး အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သောပညာရေး စီမံခန့်ခွဲသူရာခိုင်နှုန်း<br><br>- အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအစီအစဉ်များ အကောင်အထည်ဖော်ပြီးစီးမှု ၆၅ ရာခိုင်နှုန်းနှင့်အထက် ရရှိသော ပညာရေးစီမံခန့်ခွဲသူရာခိုင်နှုန်း။ |

## ၁၃.၄.၂။ မဟာဗျူဟာ(၁) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| | | |
|---|---|---|
| မဟာဗျူဟာ(၁) ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို အားဖြည့်ဆောင်ရွက်ခြင်း။ | | |
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေးအစီအစဉ်** တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အစီအစဉ် | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေး ကော်မတီများကို အားကောင်းလာစေခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲမှု အသေးသုံးငွေများ ထောက်ပံ့ပေးထားသော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ပညာရေးကော်မတီများသည် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးတက်စေရန် နှစ်စဉ်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း။ | - တိုင်းဒေသကြီး/ပြည်နယ်များတွင် အချိန်တိုအတွင်း လေ့လာဆန်းစစ်ခြင်းနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်း။<br>- တိုင်းဒေသကြီး/ပြည်နယ်များသည် ပညာရေးဖွံ့ဖြိုး တိုးတက်မှု စီမံကိန်းအကောင်အထည်ဖော်မှုများ စတင်ဆောင်ရွက်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ်လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပြီး) | ပညာသင်ယူနိုင်မှုအခွင့်အလမ်းများနှင့် စပ်လျဉ်း၍ အရည်အသွေးရှိ ပညာရေးတိုးတက်လာကြောင်း အထောက်အထားများပြသနိုင်သည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေး ကော်မတီ ၄၀ ရာခိုင်နှုန်း။ | - အချိန်တိုအတွင်း လေ့လာဆန်းစစ်ရေးလုပ်ငန်းများ ပြီးစီး၍ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများနှင့် ချိတ်ဆက်ထားပြီးဖြစ်သော တိုင်းဒေသကြီး /ပြည်နယ် ၁၀၀ ရာခိုင်နှုန်း။<br>- ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ စတင်အကောင်အထည်ဖော်နေကြောင်း အထောက်အထားပြသနိုင်သည့် တိုင်းဒေသကြီး/ပြည်နယ် ၄၄ ရာခိုင်နှုန်း။ |

## ၁၃.၄.၃။ မဟာဗျူဟာ(၂) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၂) ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့်အထောက်အပံ့ပစ္စည်းများ အားကောင်းလာစေခြင်း။ | | |
|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** | ပညာရေးကဏ္ဍစီမံခန့်ခွဲမှုစနစ်နှင့် အထောက်အပံ့ပစ္စည်းများဆိုင်ရာအစီအစဉ် | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NESP Co-ordination Committee)၊ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေး အဖွဲ့များ (Programme Management Teams-PMTs) နှင့် NESP ရုံးအဖွဲ့ (NESP Secretariat) တည်ထောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၂)**<br>အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းပြုခြင်း လုပ်ငန်းစဉ်ကို အကောင်အထည် ဖော်ခြင်း။ |
| စီမံကိန်း ကာလအတွင်း ရလဒ်များ | NESP ရုံးအဖွဲ့ နှင့် PMT တွင် ဝန်ထမ်းများ ခန့်အပ်ခြင်း၊ လုပ်ငန်းများအပြည့်အဝ အကောင်အထည်ဖော်ခြင်း။ | - ရန်ပုံငွေထောက်ပံ့ပေးပြီး အတည်ပြု ရေးဆွဲထားသည့် ဦးစီးဌာနများ၏ နှစ်အလိုက် အကောင်အထည်ဖော်ရေး စီမံကိန်းများ။<br>- ရေးဆွဲအကောင်အထည် ဖော်ထားသော နှစ်စဉ် လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစီမံကိန်း။ |
| စီမံကိန်း ကာလအတွင်း ရလဒ်လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အပြီး) | သက်ဆိုင်ရာဦးစီးဌာနများမှ PMT များသည် ၎င်းတို့ တာဝန်ယူရမည့် NESP အစီအစဉ်များကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | - အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ကာလ ဒုတိယနှစ်အတွင်းတွင် အတည်ပြု ရေးဆွဲပြီးသော DAIP ၁၀၀ ရာခိုင်နှုန်း။<br>- ရန်ပုံငွေ အပြည့်အဝ ထောက်ပံ့ပေးထားသော DAIP ၇၀ ရာခိုင်နှုန်း။ |

| | | | |
|---|---|---|---|
| **လုပ်ငန်းအစီအစဉ် (၃)**<br>လူ့စွမ်းအားအရင်းအမြစ် သတင်းအချက်အလက်စနစ် (Human Resource Information System-HRIS) နှင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Education Management Information System-EMIS)ကို အားကောင်းအောင်ပြုလုပ်၍ Education Portal တစ်ခုထူထောင်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၄)**<br>လုပ်ငန်းစွမ်းဆောင်ရည် လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ် (PeMAS) ကို ရေးဆွဲ အကောင်အထည်ဖော်ခြင်း။ | **လုပ်ငန်းအစီအစဉ် (၅)**<br>ပညာရေးကဏ္ဍ နှစ်စဉ် စီမံကိန်း ရေးဆွဲမှုကို ပုံမှန်ဆောင်ရွက်ခြင်း | **လုပ်ငန်းအစီအစဉ် (၆)**<br>သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအသစ်များကို စမ်းသပ်အသုံးပြုခြင်းနှင့် အခြေခံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ အထောက်အပံ့ပစ္စည်းများပံ့ပိုးပေးခြင်း။ |
| စီမံကိန်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ပညာရေးအချက်အလက်များကို လေ့လာသုံးသပ်ခြင်းနှင့် လူ့စွမ်းအားနှင့် ဘဏ္ဍာရေးအပါအဝင် ပညာရေးစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ | ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် (PeMAS) ကိုအသုံးပြု၍ စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ကို တာဝန်ခံစေခြင်း။ | APR မှ အကြံပြုချက်များအရ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိ ပုဂ္ဂိုလ်များက တာဝန်ယူဆောင်ရွက်ခြင်း။ | လျှပ်စစ်မီးရရှိသော ခရိုင်နှင့်မြို့နယ်အားလုံးတွင် ICT ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များ အသုံးပြုခြင်း။ |
| ပညာရေးဝန်ကြီးဌာနရှိ ရုံးများ အားလုံးတွင် Education Portal ကို အသုံးပြုလာနိုင်ခြင်း။ | ဒီဇိုင်းရေးဆွဲထားပြီး စမ်းသပ်၍ စတင်အသုံးပြုနေသော PeMAS Software နှင့် ၎င်းကို နိုင်ငံတော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များတွင် စတင်အသုံးပြုနိုင်ခြင်း။ | - နှစ်စဉ် APR တစ်ကြိမ် ကျင်းပခြင်း။<br>- အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်သည်ဟု အထောက်အထားရှိသည့် APR မှ အကြံပြုချက် ၅၀ ရာခိုင်နှုန်း။ | ICT စီမံခန့်ခွဲမှု ဆိုင်ရာ နည်းလမ်းများ ရေရှည်တည်တံ့သုံးစွဲနိုင်ရန် လျှပ်စစ်မီးရရှိပြီးဖြစ်သော ခရိုင်နှင့် မြို့နယ် ၅၀ ရာခိုင်နှုန်းတွင် အခြေခံ ICT နည်းပညာနှင့် ပစ္စည်းများသုံးစွဲခွင့်ရရှိနေခြင်း။ |


## ၁၃.၄.၄။ မဟာဗျူဟာ(၃) ပေါက်မြောက်အောင်မြင်ရေးအတွက် စီမံကိန်းကာလအတွင်းရလဒ်အညွှန်းဘောင်

| မဟာဗျူဟာ (၃) ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ | | | |
|---|---|---|---|
| **မဟာဗျူဟာ ပေါက်မြောက်အောင်မြင်ရေး အစီအစဉ်** ခေါင်းဆောင်မှုနှင့်စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ် | | | |
| လုပ်ငန်း အစီအစဉ်များ | **လုပ်ငန်းအစီအစဉ် (၁)**<br>NESP နှစ်စဉ်စွမ်းဆောင်ရည်မြှင့်တင်မှုစီမံကိန်း။ (Capacity Development Plan-CDP) | **လုပ်ငန်းအစီအစဉ် (၂)**<br>ပညာရေးစီမံခန့်ခွဲမှု သင်တန်းအစီအစဉ်။ | **လုပ်ငန်းအစီအစဉ် (၃)**<br>ခေါင်းဆောင်မှုနှင့် လမ်းညွှန်ပြသမှု အစီအစဉ်။ |
| စီမံကိန်းကာလ အတွင်းရလဒ်များ | NESP နှစ်စဉ်စွမ်းဆောင်ရည်မြှင့်တင်မှု စီမံကိန်းတွင် ဖော်ပြထားသော နည်းလမ်းပေါင်းများစွာဖြင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်ကို အားကောင်းစေရန် ဆောင်ရွက်ခြင်း။ | ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ပညာရေးအရာရှိများသည် ပညာရေးစီမံခန့်ခွဲမှုသင်တန်း တက်ရောက်ပြီးလုပ်ငန်းများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း။ | စီမံခန့်ခွဲရေး ခေါင်းဆောင်မှုနှင့် လမ်းညွှန်ပြသမှုအစီအစဉ်တွင် ပါဝင်ခဲ့ကြသော စီမံခန့်ခွဲသူ အရာရှိများသည် ပိုမိုထိရောက်စွာ စီမံခန့်ခွဲလာနိုင်ခြင်း။ |
| စီမံကိန်းကာလအတွင်း ရလဒ် လျာထားချက်များ (၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အပြီး) | NESP နှစ်စဉ်စွမ်းဆောင်ရည်မြှင့်တင်မှု စီမံကိန်း၏ ၅၀ ရာခိုင်နှုန်းကို ရန်ပုံငွေ အပြည့်အဝထောက်ပံ့ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း။ | ပညာရေးစီမံခန့်ခွဲမှု သင်တန်း တက်ရောက်ပြီးသော ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ပညာရေးအရာရှိ ၅၀ ရာခိုင်နှုန်း။ | စီမံခန့်ခွဲရေး ခေါင်းဆောင်မှုနှင့် လမ်းညွှန်ပြသမှုအစီအစဉ်တွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည့် စီမံခန့်ခွဲသူ အရာရှိ ၆၅ ရာခိုင်နှုန်း။ |



၁၄

# အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်း






၁
၂
၃
၄
၅
၆
၇
၈
၉
၁၀
၁၁
၁၂
၁၃
၁၄

အခန်း (၁၄)


# အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းအတွက်ဘဏ္ဍာငွေ ထောက်ပံ့ခြင်း

## ၁၄.၁။ နိဒါန်း

အမျိုးသားပညာရေးစနစ်တစ်ခုလုံးတွင် အရည်အသွေးပြည့်ဝသော ပညာရေး အခွင့်အလမ်းရရှိမှု တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရသည် ပညာရေးအသုံး စရိတ်ကို မကြာမြင့်သေးသည့် နှစ်များအတွင်း သိသာထင်ရှားစွာ တိုးမြှင့်ပေးခဲ့ပါ သည်။ ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ် အတွင်း နိုင်ငံတော်၏ ပညာရေး အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၂၀၀,၀၀၀) မှ (၁,၃၉၉,၀၀၀) အထိ မြင့်တက် လာခဲ့သည်။ ပုံ (၁၄.၁) တွင် ဖော်ပြထားပါသည်။

အဆိုပါကာလအတွင်းမှာပင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ ကျောင်းထောက်ပံ့ကြေးများနှင့် ပညာသင်ထောက်ပံ့ကြေးများ၊ အခြေခံကျောင်း အဆောက်အအုံများစသည့် အရည်အသွေးအလေးပေး ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေး လုပ်ဆောင်လာခဲ့ခြင်းသည် ပညာရေးကဏ္ဍ တစ်ခုလုံးအတွက် အားထုတ်မှုများပင် ဖြစ်ပါသည်။ ၎င်းအပြင် အစိုးရသည် ဝန်ထမ်းလစာများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်များအတွင်း လေးဆနီးပါးတိုးမြှင့်ပေးခဲ့ပါသည်။

**ပုံ (၁၄.၁) ပညာရေးဝန်ကြီးဌာန၊ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း (၂၀၀၉-၂၀၁၀ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)**




PA = Provisional Actual (ရှေ့ပြေးအမှန်စာရင်း) BE = Budget Estimated (ဘတ်ဂျက်ခန့်မှန်းခြေ)

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅

၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပညာရေးအသုံးစရိတ်၏ ၆၃ ရာခိုင်နှုန်းကို အိမ်ထောင်စုများမှ ကျခံကြရပြီး ၃၁ ရာခိုင်နှုန်းကို နိုင်ငံတော်မှ ပံ့ပိုးပေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပညာရေးအသုံးစရိတ်၏ ၆၆ ရာခိုင်နှုန်းကို နိုင်ငံတော်မှ ပိုမိုကျခံပြီး ၃၀ ရာခိုင်နှုန်းကိုအိမ်ထောင်စုများမှကျခံသည်အထိပြောင်းလဲသွားပါသည်။ဇယား(၁၄.၁)တွင် ဖော်ပြထားသည်။ ပညာရေးစနစ်တွင် အိမ်ထောင်စုများမှကျခံသော အသုံးစရိတ်လျှော့ချနိုင်ခြင်းသည် ပညာသင်ယူမှု အခွင့်အလမ်းတိုးမြှင့်နိုင်ရန် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်သည်။


**ဇယား (၁၄.၁) ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေပံ့ပိုးမှု အရင်းအမြစ်များ(၂၀၀၉-၂၀၁၀ မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)**

| ပညာရေးဘဏ္ဍာငွေ အရင်းအမြစ်များ | ၂၀၀၉-၂၀၁၀ (ရှေ့ပြေး အမှန် စာရင်း) % | ၂၀၁၀-၂၀၁၁ (ရှေ့ပြေး အမှန် စာရင်း) % | ၂၀၁၁-၂၀၁၂ (ရှေ့ပြေး အမှန် စာရင်း) % | ၂၀၁၂-၂၀၁၃ (ပြုပြင်ပြီး ခန့်မှန်းခြေ) % | ၂၀၁၃-၂၀၁၄ (ဘတ်ဂျက် ခန့်မှန်းခြေ) % |
|---|---|---|---|---|---|
| ပညာရေးအတွက်အစိုးရ၏အသုံးစရိတ် | ၃၁ | ၃၆ | ၃၈ | ၅၉ | ၆၆ |
| ပညာရေးအတွက်အိမ်ထောင်စုများ၏ အသုံးစရိတ် | ၆၃ | ၅၉ | ၅၈ | ၃၈ | ၃၀ |
| ပညာရေးအတွက်ပြင်ပအလှူရှင်ပံ့ပိုးမှု | ၆ | ၅ | ၄ | ၃ | ၅ |

ရင်းမြစ်။ အစိုးရ၏ အသုံးစရိတ်လေ့လာသုံးသပ်ခြင်း၊ ကမ္ဘာ့ဘဏ်၊ ၂၀၁၅။

မကြာမြင့်သေးသည့် နှစ်များအတွင်း ပညာရေးဘဏ္ဍာငွေမြင့်တက်လာရသည့် အဓိကအကြောင်းအရင်းမှာ သာမန်အသုံးစရိတ်သည် ကျပ်ငွေ(၂၇၄) ဘီလီယံမှ ကျပ်ငွေ (၁.၁၃) ထရီလီယံအထိ ပိုမိုမြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ ဖော်ပြထားသော ပုံ (၁၄.၂) အရ သာမန်အသုံးစရိတ်တိုးမြှင့်လာခြင်း၏ အကြောင်းရင်းမှာ လစာငွေနှင့် အပိုထောက်ပံ့ကြေးမြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ဆရာများနှင့် ဝန်ထမ်းများ၏လစာများကို တိုးမြှင့်ပေးခြင်းနှင့် ဆရာသစ်များ ခန့်အပ်ခြင်းကြောင့် အဆိုပါအသုံးစရိတ်သည် လေးဆနီးပါး တက်လာပါသည်။ ၂၀၁၃-၂၀၁၄ခုနှစ်တွင် ဆရာပေါင်း (၂၉,၀၀၀)ဦးကို ခန့်ထားခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် (၄၃,၀၀၀)ဦး ထပ်မံခန့်အပ်ခဲ့ပါသည်။


**ပုံ (၁၄.၂) ပညာရေးဝန်ကြီးဌာန၊ သာမန်အသုံးစရိတ်(ကျပ်သန်းပေါင်း) (၂၀၀၉-၂၀၁၀မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်)**




PA = Provisional Actual (ရှေ့ပြေးအမှန်စာရင်း) BE = Budget Estimated (ဘတ်ဂျက်ခန့်မှန်းခြေ)

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅။

ပုံ (၁၄.၃) ပညာရေးဝန်ကြီးဌာန၊ စုစုပေါင်းအသုံးစရိတ်ကို အမျိုးအစားအလိုက် ခွဲခြားဖော်ပြမှု




PA = Provisional Actual (ရှေ့ပြေးအမှန်စာရင်း)   BE = Budget Estimated (ဘတ်ဂျက်ခန့်မှန်းခြေ)

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅။



ဆရာများနှင့် ဝန်ထမ်းလစာများကို တိုးမြှင့်ပေးခဲ့သော်လည်း ပညာရေးဝန်ကြီးဌာန၏ လစာနှင့်ခံစားခွင့်များဆိုင်ရာ အသုံးစရိတ်အချိုးသည် (၆)နှစ် အတွင်း ၇၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းကျော်သို့ လျော့ကျသွားခဲ့ပါသည်။ ပုံ (၁၄.၃) တွင် ဖော်ပြထားပါသည်။ တစ်ချိန်တည်းမှာပင် ငွေလုံးငွေရင်းအသုံးစရိတ်၊ ပစ္စည်းများ၊ လုပ်အားခနှင့်ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ်များသည် စုစုပေါင်းပညာရေးအသုံးစရိတ်၏ အဓိကအစိတ်အပိုင်း ဖြစ်လာခဲ့သည်။ ဤသို့ပညာရေးအသုံးစရိတ်များ ပြောင်းလဲလာရခြင်းသည် ပညာရေးဝန်ကြီးဌာန၏ မူဝါဒဖြစ်သော အခမဲ့ပညာရေးအကောင်အထည်ဖော်မှုနှင့်အညီ ကျောင်းသားအရေအတွက် တိုးပွားလာခြင်းကြောင့် ဖြစ်သည်။

ဇယား (၁၄.၂) တွင် ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း တိုးတက်လာသော ကျောင်းသားဦးရေသည် လူတိုင်းအတွက်ပညာရေး၏ ရည်မှန်းချက် အသားတင်ကျောင်းဝင်နှုန်းကိုပင် ကျော်လွန်သွားခဲ့ကြောင်း ဖော်ပြထားပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဆရာအသစ်များ ခန့်အပ်ခြင်းနှင့်အတူ ကျောင်းသားသစ်များလက်ခံသင်ကြားရန်အတွက် စာသင်ခန်းပေါင်း (၃,၂၃၄)ခန်းကို ထပ်မံဆောက်လုပ်ခဲ့ပါသည်။ အဆိုပါအချက်ကြောင့် ပုံ (၁၄.၃) တွင် ဖော်ပြထားသည့်အတိုင်း ၂၀၁၂-၂၀၁၃ ခုနှစ် နှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ် ပိုမိုတိုးမြှင့်သုံးစွဲလာခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ကျောင်းထောက်ပံ့ကြေးများပေးခြင်း၊ ကျောင်းသုံးစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ဖြန့်ဝေခြင်းတို့ကလည်း ပစ္စည်းများ၊ လုပ်အားခနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်ကို သိသာထင်ရှားစွာ တိုးတက်လာစေခဲ့သည်။

**ဇယား (၁၄.၂) စာသင်ခန်း၊ ဆရာ၊ ကျောင်းသားအရေအတွက်နှင့် တိုးတက်မှု (၂၀၀၇-၂၀၀၈ မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)**


| | ၂၀၀၇-၂၀၀၈ | ၂၀၀၈-၂၀၀၉ | ၂၀၀၉-၂၀၁၀ | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ |
|---|---|---|---|---|---|---|---|
| စာသင်ခန်း အရေအတွက် | ၃၉,၃၉၈ | ၃၉,၄၂၁ | ၃၉,၄၄၅ | ၃၉,၅၁၉ | ၃၉,၇၂၂ | ၃၉,၉၄၇ | ၄၃,၁၈၁ |
| စာသင်ခန်းနှစ်စဉ် တိုးတက်မှုနှုန်း | | ၀.၁% | ၀.၁% | ၀.၂% | ၀.၅% | ၀.၆% | ၈.၁% |
| ဆရာ အရေအတွက် | ၂၅၉,၃၃၂ | ၂၆၁,၄၇၂ | ၂၆၅,၃၆၉ | ၂၇၃,၃၄၆ | ၂၇၇,၆၄၄ | ၂၈၀,၀၉၀ | ၂၈၁,၇၅၉ |
| ဆရာနှစ်စဉ် တိုးတက်မှုနှုန်း | | ၀.၈% | ၁.၅% | ၃.၀% | ၁.၆% | ၀.၉% | ၀.၆% |
| ကျောင်းသား အရေအတွက် | ၇,၇၇၆,၁၄၈ | ၇,၇၆၃,၀၈၆ | ၇,၈၅၁,၀၀၃ | ၇,၈၈၅,၂၂၀ | ၇,၉၉၃,၉၅၅ | ၈,၁၇၉,၅၄၉ | ၈,၅၉၇,၃၄၈ |
| ကျောင်းသားနှစ်စဉ် တိုးတက်မှုနှုန်း | | ၀.၂% | ၁.၁% | ၀.၄% | ၁.၄% | ၂.၃% | ၅.၁% |

ရင်းမြစ်။ လူတိုင်းအတွက် ပညာရေး၊ ၂၀၁၅ (ပညာရေးဝန်ကြီးဌာန)။
မှတ်ချက်။ ဤဇယားတွင် ၂၀၁၃-၂၀၁၄ ခုနှစ်၏ နေ့စားလစာပေး ဆရာအသစ်များ မပါဝင်ပါ။

ပညာရေးဝန်ကြီးဌာနသည် သိသာစွာ တိုးမြင့်လာသော ဘဏ္ဍာငွေများကို အောင်မြင်စွာ စီမံခန့်ခွဲသည့်အပြင် နိုင်ငံတော်အစိုးရ၏ ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုများကိုအကျိုးရှိ ထိရောက်စေရန်အတွက်လည်း အလေးပေးဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြထားသော ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ပံ့ပိုးသည့်အနေဖြင့် ပညာရေးဝန်ကြီးဌာနသည် တချို့သော ငွေကြေးသုံးစွဲမှု ဆုံးဖြတ်ချက်ချမှတ်ခွင့်ကိုလည်း မြို့နယ်ပညာရေးမှူးရုံးများနှင့် ကျောင်းများသို့ ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနသည် မူလတန်းအဆင့်ရှိကျောင်းများကို သာမန်အသုံးစရိတ်များ စီမံခန့်ခွဲနိုင်ရန်နှင့် ဦးစားပေးကိစ္စရပ်များဆောင်ရွက်နိုင်ရန် အတွက် မူလတန်းကျောင်းသားဦးရေအပေါ် မူတည်၍ ထောက်ပံ့ကြေးငွေ မြန်မာကျပ်ငွေဖြင့်(၅)သောင်းမှ(၁)သိန်းကြားကိုတစ်နှစ်အတွင်းနှစ်ကြိမ်ခွဲဝေပေးခဲ့ပါသည်။ဤသို့ အစပြုဆောင်ရွက်ခြင်းအပေါ် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ထောက်ပံ့မှုဖြင့် မြှင့်တင်လာခဲ့ရာ ယခုအခါတွင် မူလတန်းကျောင်းအားလုံးကိုပံ့ပိုးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျောင်းတစ်ကျောင်းလျှင် မြန်မာကျပ်ငွေဖြင့် (၈) သိန်း မှ (၁၆)သိန်းကြားကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင်လည်း အလယ်တန်းနှင့် အထက်တန်းကျောင်းများကိုပါ ထောက်ပံ့နိုင်ခဲ့သည်။ ထောက်ပံ့ကြေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ရပ်ရွာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ ကြီးကြပ်ကွပ်ကဲမှုနှင့် အစီရင်ခံတင်ပြမှု အားနည်းခြင်း၊ အချိန်မီဘဏ္ဍာငွေလွှဲပြောင်းပေးနိုင်မှု နှောင့်နှေးနေခြင်းစသည့် အကောင်အထည်ဖော်မှုဆိုင်ရာစိန်ခေါ်မှုတချို့ရှိနေပါသည်။ သို့သော်ခြုံငုံသုံးသပ်ပါက ထောက်ပံ့ကြေးပေးခြင်း အစီအစဉ်သည် အများနှစ်သက်လက်ခံသောအစီအစဉ်တစ်ရပ်ဖြစ်ပါသည်။

ပုံ (၁၄.၄)အာဆီယံနိုင်ငံများတွင် နိုင်ငံတော်အစိုးရ၏ ပညာရေး အသုံးစရိတ် (GDP ၏ရာခိုင်နှုန်း)




ရင်းမြစ်။ ကမ္ဘာ့ဘဏ်၊ ၂၀၁၅။

နိုင်ငံတော်အစိုးရ၏ ပညာရေးအသုံးစရိတ်သည် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်ကုန်(Gross Domestic Product-GDP) ၏ ၀.၇ ရာခိုင်နှုန်းမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် GDP ၏ ၂.၁ ရာခိုင်နှုန်းသို့ တိုးမြှင့်လာခဲ့သည်။ ပုံ (၁၄.၄) တွင် ဖော်ပြထားပါသည်။ ဤကဲ့သို့ (၂)နှစ်အတွင်း ပညာရေးအသုံးစရိတ်သည် တခြားကဏ္ဍများ၏ အသုံးစရိတ်ထက် သိသာစွာ တိုးတက်လာမှုကို ဖော်ညွှန်းလျက်ရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်သည် GDP ရာခိုင်နှုန်းအရ ဒေသတွင်းတခြားနိုင်ငံ အများစုအောက် နိမ့်ကျလျက်ရှိနေပါသေးသည်။ ပုံ (၁၄.၄) အရ ထိုင်းနိုင်ငံ၏ ပညာရေးအသုံးစရိတ်သည် ၂၀၀၉ ခုနှစ်တွင် GDP ၏ ၄.၁ ရာခိုင်နှုန်း ဖြစ်ပြီး စင်ကာပူနိုင်ငံ၏ ပညာရေးအသုံးစရိတ်သည် ၂၀၁၂ ခုနှစ်တွင် GDP ၏ ၃.၃ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

ထို့ပြင် ၂၀၃၀ ခုနှစ်တွင် အဓိကပညာရေးပန်းတိုင်များသို့ ရောက်ရှိနိုင်ရန် ပညာရေးအသုံးစရိတ်သည် GDP ၏ ၅.၄ ရာခိုင်နှုန်းရှိသင့်သည်ဟု လူတိုင်းအတွက်ပညာရေး (Education For All-EFA) က ထောက်ခံအကြံပြုထားသော်လည်း မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲမှုမှာ နည်းပါးနေပါသေးသည်။ မြန်မာနိုင်ငံ၏ ပညာသင်ယူခွင့်တိုးတက်မြင့်မားလာစေရေး၊ ပညာရေးစနစ် အရည်အသွေးနှင့် သာတူညီမျှရရှိစေရေး စသည့်မျှော်မှန်းချက်များကြောင့် ဤကဏ္ဍတွင် ပိုမိုသုံးစွဲရန် လိုအပ်လျက်ရှိသည်။ ထို့ကြောင့် အလားတူ ဖွံ့ဖြိုးမှုတူညီသော နိုင်ငံတချို့၏ တိုးတက်မှုအဆင့်ကို ရောက်ရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်ကို တိုးမြှင့်ပေးရန် လိုအပ်လျက်ရှိပါသည်။

## ၁၄.၁။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၁၇ခုနှစ်မှ ၂၀၂၀-၂၀၂၁ခုနှစ် အတွင်း ပညာရေးကုန်ကျစရိတ်

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၅)နှစ်တာကာလအတွင်း နှစ်စဉ်ကုန်ကျစရိတ်နှင့် စုစုပေါင်းကုန်ကျစရိတ်များကို မြန်မာနိုင်ငံပညာရေးစနစ်၏ သွင်ပြင် လက္ခဏာများနှင့် ကိုက်ညီစေရန် တည်ဆောက်ထားသော ပညာရေးသရုပ်သဏ္ဍာန်အသွင်တူဖန်တီးမှုပုံစံဖြင့် တွက်ချက်ထားပါသည်။ ခန့်မှန်းတွက်ချက်ထားမှုများသည် လူဦးရေမွေးဖွားနှုန်းနှင့် သေဆုံးနှုန်းများအပေါ် အခြေခံ၍ ကျောင်းသားအရေအတွက်ကိုလည်းကောင်း၊ မူဝါဒဆိုင်ရာရည်မှန်းချက်များကို အခြေခံ၍ ပညာရေး သွင်းအားစုများကိုလည်းကောင်း တွက်ချက်ထားပါသည်။ ခန့်မှန်းခြေများကို တစ်ယူနစ်ကုန်ကျစရိတ်အပေါ် အခြေခံ၍တွက်ချက်ထားပါသည်။ အဆိုပါ ခန့်မှန်းကုန်ကျစရိတ်များသည် အမျိုးသားပညာရေးမဟာဗျူဟာ လုပ်ငန်းအစီအစဉ်များအတွက် နှစ်စဉ်ကုန်ကျစရိတ်အဖြစ် ယူဆထားပါသည်။

ကျောင်းသားအရေအတွက်၊ ကျောင်းအသစ်နှင့် ဆရာလစာ အစရှိသည့် ပညာရေးသွင်းအားစုများ၏ တစ်ယူနစ်ကုန်ကျစရိတ်များ၊ ကျောင်းသားများနှင့် ဆရာများ၏ အရေအတွက်ကို သိသာစွာ ပြောင်းလဲသွားစေနိုင်မည့် ပညာရေးစံများဖြစ်သော အတန်းတက်နှုန်းနှင့် ကျောင်းသား၊ ဆရာအချိုးတို့သည် ပညာရေးအသုံးစရိတ် တွက်ချက်ရာတွင် အဓိကအရေးပါသော အချက်များဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ နယ်ပယ်တစ်ခုလုံးကို ခြုံငုံတွက်ချက်ထားသော ခန့်မှန်းကုန်ကျစရိတ်များသည် ပညာရေးကဏ္ဍ တစ်ခုလုံးအတွက် ဖြစ်ပါသည်။ အဆိုပါ နယ်ပယ်တစ်ခုလုံးတွင် ပညာရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောကဏ္ဍခွဲများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ စီမံခန့်ခွဲသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးနှင့်အတူ အဆင့်မြင့်ပညာရေးကဏ္ဍခွဲများလည်းပါဝင်ပါသည်။ ဤပညာရေးကုန်ကျစရိတ်တွက်ချက်မှုသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်ထားပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အထိ ခန့်မှန်းတွက်ချက်ထားပါသည်။ ပညာရေးသရုပ်သဏ္ဌာန်အသွင်တူဖန်တီးမှုပုံစံတွင် အသုံးပြုထားသော မဟာဗျူဟာမြောက် အဆင့်မြင့်ရလဒ်များကို အခန်း(၃) ဇယား (၃.၁) တွင် ဖော်ပြထားသည်။

## ၁၄.၁.၁။အမျိုးသားပညာရေး ဥပဒေနှင့် ပညာရေးကုန်ကျစရိတ်ဆက်နွှယ်မှုများ

မကြာမြင့်သေးသည့် နှစ်များက အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅) တို့သည် လာမည့်နှစ်များအတွင်း ပညာရေးဘဏ္ဍာငွေကို အကျိုးသက်ရောက်စေမည့် အဓိက အကြောင်းရင်းဖြစ်သည်။ ဥပဒေအရ လက်ရှိအခြေခံပညာရေးစနစ်ကို ပညာသင်နှစ်(၂)နှစ်တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလ (၁၂)နှစ်သင်ယူရမည့် စနစ်သစ်တွင် သူငယ်တန်း ပညာသင်နှစ် (၁)နှစ်နှင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာသင်နှစ် (၁၂)နှစ်တို့ပါဝင်မည်။

အမျိုးသားပညာရေးဥပဒေတွင် အခမဲ့ မသင်မနေရ ပညာရေးအဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးကို အခြေခံမူအဖြစ် ဖော်ပြထားပါသည်။ လက်ရှိအနေအထားတွင် နိုင်ငံတော်အစိုးရသည် မူလတန်းကျောင်းများအတွက် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးနေပြီး မကြာသေးမီက အလယ်တန်းနှင့် အထက်တန်းကျောင်းများအတွက်လည်း အခမဲ့ပညာရေးစနစ်ကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ၁၄.၁.၂။ ပညာရေးပံ့ပိုးမှုအတွက် ဖြစ်နိုင်ခြေရှိသော ကုန်ကျစရိတ်များ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ မဟာဗျူဟာများ၊ အစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်များကို ပုံမှန်ကုန်ကျမည့်စရိတ်နှင့် တိုးမြှင့်သုံးစွဲမည့် ကုန်ကျစရိတ်ဟူ၍ ဖြစ်နိုင်ခြေရှိသော ကုန်ကျစရိတ်(၂)မျိုးကို ဆက်လက်ဖော်ပြထားပါသည်။ အဆိုပါ ကုန်ကျစရိတ် (၂)မျိုးသည် အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ကုန်ကျမည့်စရိတ်များ ခန့်မှန်းဖော်ပြထားခြင်းဖြစ်ပါသည်။

(၁) ပုံမှန်ကုန်ကျစရိတ်တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် နှေးကွေးပြီး အချိန်ကြန့်ကြာနိုင်ဖွယ်ရှိသည်ဟု ယူဆထားပါသည်။ ဤအခြေအနေကို လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေဖြင့် ရည်ညွှန်းထားပါသည်။



(၂) တိုးမြှင့်သုံးစွဲမည့် ကုန်ကျစရိတ်တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အရှိန်အဟုန်တိုးမြှင့်၍ အကောင်အထည်ဖော်နိုင်မည်။ ဤအခြေအနေကို မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေဖြင့် ရည်ညွှန်းထားပါသည်။

အသုံးစရိတ်ဖြစ်နိုင်ခြေ တစ်ခုချင်းစီတွင် ပုံမှန်ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်များနှင့်အတူ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်း အစီအစဉ်များအတွက် ကုန်ကျစရိတ်များကိုလည်း ထည့်သွင်းထားသည်။ အမျိုးသားပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပုံမှန်ကုန်ကျစရိတ်များ၊ ဝန်ထမ်းများအတွက် ကုန်ကျစရိတ်များ (ဥပမာ-ဆရာများ၏လစာများ)၊ လုပ်ငန်းလည်ပတ်ရေး ကုန်ကျစရိတ်များနှင့် ပုံမှန်ငွေလုံးငွေရင်း အသုံးစရိတ်များ (ဥပမာ-ကျောင်းအဆောက်အအုံများ ပြုပြင်မွမ်းမံဆောက်လုပ်ခြင်း) တို့ပါဝင်သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းများ၏ ကုန်ကျစရိတ်ကို ကဏ္ဍအလိုက် ဖော်ပြထားသည့် မဟာဗျူဟာများ၊ အစီအစဉ်များ၊ လုပ်ငန်းအစီအစဉ်များအပေါ်တွင် အခြေခံထားပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် အမျိုးသားပညာရေးစနစ်၏ ပညာသင်ယူမှုအခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှမှုတို့ကို တိုးမြှင့်ပေးနိုင်ရန် ရည်မှန်းထားပါသည်။ ဖော်ပြပါရည်မှန်းချက်များ၏တိုးတက်မှုများကို အခန်း (၃) ဇယား ( ၃.၁) တွင် ဖော်ပြထားသော မဟာဗျူဟာမြောက် အဆင့်မြင့်ရလဒ်များ၏ အောင်မြင်ဖြစ်ထွန်းမှုများကို စောင့်ကြည့်ခြင်းဖြင့်သော်လည်းကောင်း၊ ကဏ္ဍအသီးသီး၏ ရလဒ်အညွှန်းဘောင်များတွင် ဖော်ပြထားသော စီမံကိန်းအပြီးရလဒ်များကို သုံးသပ်ခြင်းဖြင့်သော်လည်းကောင်း တိုင်းတာရပါမည်။

အရည်အသွေးပြည့်ဝသော ပညာရေးအခွင့်အလမ်း တိုးမြှင့်ရေးကို ဦးစားပေးသည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များသည် ကျောင်းသားများ ပိုမိုကျောင်းနေမြဲ၍ အလယ်တန်း၊ အထက်တန်းအဆင့်များသို့ကူးပြောင်းပြီး သင်ယူပြီးမြောက်မှုရှိလာပါမည်။ ထိုသို့ကူးပြောင်းခြင်းဖြင့် အတန်းတက်နှုန်း၊ အတန်းကူးပြောင်းနှုန်းတို့အပေါ် အကျိုးသက်ရောက်စေမည်ဟု မျှော်မှန်းထားပါသည်။ ထို့ကြောင့် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေသည် လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေထက် (၅)နှစ်အတွင်း လျာထားချက်များ ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

**ဇယား (၁၄.၃) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် လျော့နည်း သည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေအရ စုစုပေါင်းပညာရေးကုန်ကျစရိတ် (ကျပ်ငွေသန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

| ကဏ္ဍများ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | စုစုပေါင်း |
|---|---|---|---|---|---|---|
| မူကြိုနှင့်သူငယ်တန်း | ၁၇၈,၆၅၆ | ၂၄၁,၇၉၆ | ၂၈၁,၀၉၇ | ၃၄၅,၀၇၆ | ၃၉၆,၇၅၃ | ၁,၄၄၃,၃၇၈ |
| အခြေခံပညာရေး | ၉၇၈,၃၂၀ | ၁,၃၇၃,၄၆၆ | ၁,၇၅၆,၃၁၆ | ၁,၈၉၆,၁၁၂ | ၁,၉၀၃,၅၄၂ | ၇,၉၀၇,၇၅၆ |
| ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး | ၆၃,၂၆၆ | ၂၆၄,၉၁၇ | ၂၇၃,၃၃၈ | ၃၄၂,၉၀၂ | ၄၁၈,၃၈၆ | ၁,၃၆၂,၈၀၉ |
| နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး | ၄၀၈,၈၀၅ | ၄၄၈,၂၈၉ | ၄၇၉,၅၃၁ | ၅၁၆,၇၇၂ | ၅၅၈,၀၀၃ | ၂,၄၁၁,၄၀၀ |
| အဆင့်မြင့်ပညာရေး | ၉၅,၂၃၅ | ၁၂၆,၉၆၇ | ၁၅၀,၄၆၆ | ၁၇၁,၉၄၆ | ၂၀၂,၁၁၅ | ၇၄၆,၇၂၉ |
| စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု | ၁၀၈,၃၈၇ | ၁၁၄,၉၉၆ | ၁၁၉,၉၂၃ | ၁၂၆,၂၄၈ | ၁၃၃,၀၃၇ | ၆၀၂,၅၉၁ |
| ကုန်ကျစရိတ်စုစုပေါင်း | ၁,၈၃၂,၆၆၉ | ၂,၅၇၀,၄၁၁ | ၃,၀၆၀,၆၇၁ | ၃,၃၉၉,၀၅၆ | ၃,၆၁၁,၈၁၆ | ၁၄,၄၇၄,၆၆၃ |

ရင်းမြစ်။ ပညာရေးသရုပ်သဏ္ဍာန် အသွင်တူဖန်တီးမှုပုံစံ(Simulation Model)၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

**ဇယား (၁၄.၄) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေအရ စုစုပေါင်းပညာရေး ကုန်ကျစရိတ် (ကျပ်ငွေသန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

| ကဏ္ဍများ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | စုစုပေါင်း |
|---|---|---|---|---|---|---|
| မူကြိုနှင့်သူငယ်တန်း | ၂၈၂,၁၈၁ | ၂၄၈,၉၅၉ | ၂၈၆,၃၇၇ | ၃၅၃,၇၈၆ | ၃၉၉,၄၇၈ | ၁,၅၇၀,၇၈၁ |
| အခြေခံပညာရေး | ၁,၁၇၄,၂၄၁ | ၁,၃၃၇,၅၅၅ | ၁,၇၄၀,၈၈၇ | ၁,၉၀၃,၆၂၂ | ၁,၉၄၈,၈၈၄ | ၈,၁၀၅,၁၈၉ |
| ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး | ၁၅၇,၈၇၄ | ၂၂၅,၇၆၆ | ၂၉၁,၁၅၉ | ၃၆၄,၀၀၈ | ၄၄၆,၈၁၃ | ၁,၄၈၅,၆၂၀ |
| နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး | ၄၃၆,၀၈၁ | ၄၉၇,၃၀၆ | ၅၅၃,၄၄၄ | ၆၁၉,၂၉၀ | ၆၉၃,၅၉၅ | ၂,၇၉၉,၇၁၆ |
| အဆင့်မြင့်ပညာရေး | ၉၅,၂၈၇ | ၁၂၃,၃၄၃ | ၁၄၇,၉၇၂ | ၁၆၉,၈၄၇ | ၁၉၉,၂၃၉ | ၇၃၅,၆၈၈ |
| စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု | ၁၀၈,၅၁၁ | ၁၁၅,၃၁၇ | ၁၂၀,၀၀၆ | ၁၂၆,၄၇၅ | ၁၃၂,၇၂၉ | ၆၀၃,၀၃၈ |
| ကုန်ကျစရိတ် စုစုပေါင်း | ၂,၂၅၄,၁၇၅ | ၂,၅၄၈,၂၄၆ | ၃,၁၃၉,၈၄၅ | ၃,၅၃၇,၀၂၈ | ၃,၈၂၀,၇၃၈ | ၁၅,၃၀၀,၀၃၂ |

ရင်းမြစ်။ ပညာရေးသရုပ်သဏ္ဌာန် အသွင်တူဖန်တီးမှုပုံစံ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

### (က) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင် လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေအတွက် ကုန်ကျစရိတ်

ဤဖြစ်နိုင်ခြေသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များ၏ ၈၀ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်လျှင် လာမည့် (၅)နှစ် အတွင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်ကျမည့် စရိတ်များကို ဇယား (၁၄.၃)တွင် ဖော်ပြထားပါသည်။ ဤဖြစ်နိုင်ခြေအရ နောင် (၅)နှစ်အတွင်း ပညာရေးကုန်ကျစရိတ်မှာ နှစ်ဆကျော် မြင့်တက်လာမည်ဖြစ်သည်။ ပညာရေးကုန်ကျစရိတ်မြင့်တက်လာသည့် အကြောင်းရင်းများတွင် နိုင်ငံတော်အစိုးရ၏ မူကြိုပညာရေးတိုးချဲ့ဆောင်ရွက်ခြင်း၊ မသင်မနေရ အခမဲ့ပညာရေးကို အကောင်အထည်ဖော်ခြင်း၊ ဆရာများလစာတိုးမြှင့်ခြင်းနှင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍနှင့် အတူ အဆင့်မြင့်ပညာရေးကဏ္ဍကိုလည်းတိုးချဲ့ဆောင်ရွက်ခြင်းတို့ပါဝင်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်လာသည်နှင့် အမျှ ဆက်စပ်လျက်ရှိသော အဆင့်တိုင်းရှိကျောင်းနေနှုန်း တိုးတက်မြင့်မားလာခြင်းကြောင့် ကျောင်းများနှင့်ပတ်သက်သည့် ပညာရေးအသုံးစရိတ် ပိုမိုတိုးမြင့်လာဖွယ်ရာရှိပါသည်။ ဇယား (၁၄.၃) တွင် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ဤအခြေအနေ၏စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း (၁၄,၄၇၄,၆၆၃) ဖြစ်သည်။ ကဏ္ဍအားလုံးအတွက် ပညာရေးကုန်ကျစရိတ်မှာ မျှော်မှန်းထားသည့်အတိုင်း တစ်နှစ်ပြီး တစ်နှစ်တိုးတက်လာသည်။

### (ခ) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေအတွက် ကုန်ကျစရိတ်

ဇယား (၁၄.၄)တွင် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေအတွက် ကုန်ကျစရိတ် စုစုပေါင်းမှာ ကျပ်သန်းပေါင်း (၁၅,၃၀၀,၀၃၂) ဖြစ်ကြောင်း ဖော်ပြထားသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအတွက် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေတွင် စီမံကိန်းလုပ်ငန်းများ ပိုမိုပါဝင်လျက်ရှိပြီး ကျောင်းနေနှုန်း ပိုမိုမြှင့်တင်နိုင်ရေးရည်မှန်းချက်ကြောင့် ကုန်ကျစရိတ်ပိုမိုမြင့်မားလာသည်။



## ၁၄.၂။ ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပညာရေးအတွက် ဘဏ္ဍာငွေ အရင်းအမြစ်များ

ဤအပိုင်း၏ရည်ရွယ်ချက်မှာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအစီအစဉ်တွင် ဖော်ပြထားသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းများရည်မှန်းထားသည့်အတိုင်း တိုးတက်လာရန် ဘဏ္ဍာငွေထောက်ပံ့မှုအရင်းအမြစ်များလုံလောက်မှုရှိ/မရှိကို လေ့လာရန်ဖြစ်သည်။ ပညာရေးဘဏ္ဍာငွေသည် လက်ရှိအနေအထားတွင် နိုင်ငံတော်ဘဏ္ဍာငွေ၊ အိမ်ထောင်စုများအသုံးစရိတ်နှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏အထောက်အပံ့တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ပညာရေးဘဏ္ဍာငွေ ထောက်ပံ့မှုအတွက် အဓိကဘဏ္ဍာငွေအရင်းအမြစ်မှာ နိုင်ငံတော်ဘဏ္ဍာငွေဖြစ်ပြီး အိမ်ထောင်စုများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ထည့်သွင်းပါဝင်မှုသည်လည်း အထိုက်အလျောက်အရေးပါနေသည်။

အနာဂတ်တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းများအတွက် ခန့်မှန်းရန်ခက်ခဲသည့် အရင်းအမြစ်အခြေအနေကို ထည့်သွင်းစဉ်းစားပြီး အခြေအနေ(၂)မျိုးဖြင့် ထည့်သွင်းတွက်ချက်ဖော်ပြထားပါသည်။ ပထမတစ်ခုမှာ လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေဖြစ်ပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ကာလအတွင်း နိုင်ငံတော်အစိုးရနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ဘဏ္ဍာငွေသည် သင့်တင့်စွာ မြင့်တက်လာမှုကိုဖော်ပြထား၍ တစ်ဖက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ပိုမိုကြီးမားသော ပညာရေးအသုံးစရိတ်များကို တာဝန်ယူခြင်းကြောင့် အိမ်ထောင်စုများ၏ အသုံးစရိတ်များ တဖြည်းဖြည်း လျော့ကျလာစေပါမည်။

ဒုတိယအနေအထားမှာ မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးခြင်းသည် ပိုမိုလျင်မြန်သောနှုန်းဖြင့် မြင့်တက်လာမည်ဖြစ်သောကြောင့် အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်ကို ပိုမို၍ လျှော့ချပေးနိုင်သည်။

**ဇယား (၁၄.၅) ပညာရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေ၊ လျော့နည်းသောအရင်းအမြစ် ဖြစ်နိုင်ခြေ (ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

| ပညာရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| နိုင်ငံတော်၏ပညာရေး ဘဏ္ဍာငွေ စုစုပေါင်း | ၁,၅၁၈,၉၁၅ | ၁,၆၉၂,၈၀၆ | ၁,၈၆၂,၀၈၇ | ၂,၀၄၈,၂၉၅ | ၂,၂၅၃,၁၂၅ |
| နှစ်အလိုက် နိုင်ငံတော်၏ပညာရေးဘဏ္ဍာငွေ စုစုပေါင်းတိုးမြှင့်သုံးစွဲမှု (ရာခိုင်နှုန်း) | ၁၀% | ၁၀% | ၁၀% | ၁၀% | ၁၀% |
| နိုင်ငံတော်၏ပညာရေး ဘဏ္ဍာငွေ စုစုပေါင်း (GDP ရာခိုင်နှုန်း) | ၂.၃၀% | ၂.၃၀% | ၂.၃၀% | ၂.၃၀% | ၂.၃၀% |

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန ၂၀၁၅

### ၁၄.၂.၁။ နိုင်ငံတော်ဘဏ္ဍာငွေ

နိုင်ငံတော်ဘဏ္ဍာငွေသည် မြန်မာနိုင်ငံပညာရေးအတွက် အဓိကဘဏ္ဍာငွေ အရင်းအမြစ်တစ်ခုဖြစ်ပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်စဉ်ကာလအတွင်းတွင်လည်း ဆက်လက်တိုးမြှင့်သွားမည်ဟု မျှော်မှန်းထားသည်။ ဝန်ကြီးဌာနများအတွက် အနာဂတ်ဘတ်ဂျက် သတ်မှတ်ချက်များဆိုင်ရာအချက်အလက်မရှိသဖြင့် လတ်တလောဘတ်ဂျက်သုံးစွဲမှု အနေအထားများအရ ပညာရေးကဏ္ဍတစ်ခုတည်း၏ဘတ်ဂျက်ကိုသာ ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပါသည်။

လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကာလ (၅)နှစ်အတွင်းပညာရေး အသုံးစရိတ်သည် GDP တွင်ပါဝင်မှု ရာခိုင်နှုန်းအရကြည့်လျှင် တစ်သမတ်တည်းရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှာ အသေအချာတိုးမြှင့်လာမည်ဟုယူဆထားသည်။သို့သော်အသုံးစရိတ်မြင့်မားလာမှုသည်စီးပွားရေးလုပ်ငန်းများ တိုးတက်မှုနှင့်အညီ ရှိနေမည် ဖြစ်သည်။ ဤအနေအထားတွင် အသုံးစရိတ်သည် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ပြီး GDP၏ ၂.၃ ရာခိုင်နှုန်း ရှိနေမည်

**ဇယား (၁၄.၆) ပညာရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေ၊ မြင့်မားသော အရင်းအမြစ် ဖြစ်နိုင်ခြေ(ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

| ပညာရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| နိုင်ငံတော်၏ ပညာရေး ဘဏ္ဍာငွေ စုစုပေါင်း | ၁,၆၈၈,၆၀၉ | ၂,၀၃၈,၁၅၁ | ၂ , ၄၆၀, ၀၄၈ | ၂ ,၉၆၉, ၂၇၉ | ၃, ၅၈၃, ၉၁၉ |
| နှစ်အလိုက် နိုင်ငံတော်၏ ပညာရေးဘဏ္ဍာငွေ စုစုပေါင်းတိုးမြှင့်သုံးစွဲမှု (ရာခိုင်နှုန်း) | ၂၀.၇% | ၂၀.၇% | ၂၀.၇% | ၂၀.၇% | ၂၀.၇% |
| နိုင်ငံတော်၏ပညာရေး ဘဏ္ဍာငွေ စုစုပေါင်း (GDP ရာခိုင်နှုန်း) | ၂.၄၀% | ၂.၆၀% | ၂.၇၀% | ၂.၉၀% | ၃.၀၀% |


ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅။

ဖြစ်သည်။ ဇယား (၁၄.၅) တွင်ဖော်ပြထားပါသည်။ ဤအနေအထားကို လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေဟု သတ်မှတ်ထားရခြင်းမှာ နိုင်ငံတော်၏ ပညာရေးဆိုင်ရာအသုံးစရိတ်သည် GDP ရာခိုင်နှုန်းအားဖြင့် တခြားဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် နိမ့်ကျနေပါသည်။ လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အနေအထားအရ နိုင်ငံတော်၏ ပညာရေးအသုံးစရိတ် စုစုပေါင်းသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းပြီးဆုံးသည့်အချိန်တွင် ခန့်မှန်းခြေအားဖြင့် ကျပ်သန်းပေါင်း (၂,၂၅၃,၁၂၅) ခန့် ရှိလာမည်ဖြစ်သည်။ ဇယား (၁၄.၅)တွင် ဖော်ပြထားပါသည်။

ဇယား (၁၄.၆) တွင် နိုင်ငံတော်၏ဘဏ္ဍာငွေအသုံးစရိတ် စုစုပေါင်းသည် မြင့်မားသည့်ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေအရ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် GDP ၏ ၂.၄ ရာခိုင်နှုန်းမှ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် GDP ၏ ၃ ရာခိုင်နှုန်း အထိ တိုးတက်လာမည်ဟု ဖော်ပြထားသည်။ ပညာရေးဆိုင်ရာအသုံးစရိတ် စုစုပေါင်းသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၅)နှစ်ကာလ ပြီးဆုံးချိန်တွင် ကျပ် သန်းပေါင်း (၃,၅၈၃,၉၁၉) ရှိလာမည် ဖြစ်သည်။

ပညာရေးအတွက် GDP ၏ ၃ ရာခိုင်နှုန်း သုံးစွဲခြင်းသည် နိုင်ငံတကာ ပညာရေးကဏ္ဍ ဘဏ္ဍာငွေရည်မှန်းချက်များထက် နိမ့်ကျနေမည်ဖြစ်သော်လည်း ဤအခြေအနေသည် အသုံးစရိတ်မြှင့်တင်ရာတွင် တဖြည်းဖြည်းတိုးတက်မှုနှင့် လက်တွေ့ကျသော ချဉ်းကပ်မှုကို ဖော်ပြသည့်အပြင် ပညာရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများချမှတ်နိုင်မှုနှင့် သုံးစွဲနိုင်မှုအခြေအနေတို့ကိုလည်း မထိခိုက်စေဘဲ လုပ်ဆောင်နိုင်ခွင့်ပြုသည့် သဘောရှိပါသည်။ ဤအဆင့်သည် ဒေသတွင်းအခြေအနေတူ နိုင်ငံများ၏ အထက်တွင်ရှိပြီး စင်ကာပူနိုင်ငံအစိုးရ၏သုံးစွဲမှုထက် ဝ.၃ ရာခိုင်နှုန်းသာ နိမ့်ကျသည်ကို တွေ့ရပါသည်။ ပုံ (၁၄.၄)တွင် ဖော်ပြထားပါသည်။ ထို့ပြင် ဤအခြေအနေတွင် နိုင်ငံတော်၏ ပညာရေးဆိုင်ရာအသုံးစရိတ်သည် GDP ၏ ရာခိုင်နှုန်းအရ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၀.၇ ရာခိုင်နှုန်းမှ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၃ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ရာ (၁၀)နှစ်အတွင်း ၂.၃ ရာခိုင်နှုန်း တိုးတက်မှုသည် သိသာထင်ရှားသော တိုးတက်မှု ဖြစ်ပါသည်။

**ပုံ (၁၄.၅) ပညာရေးဆိုင်ရာ အိမ်ထောင်စု အသုံးစရိတ် အချိုးအစား (၂၀၀၉-၂၀၁၀)**



## ၁၄.၂.၂။ အိမ်ထောင်စုအသုံးစရိတ်

ပညာရေးဘဏ္ဍာငွေအရင်းအမြစ်၏ ဒုတိယအကြီးမားဆုံးအရင်းအမြစ်တစ်ခုမှာ အိမ်ထောင်စု အသုံးစရိတ်ဖြစ်သည်။ သို့ရာတွင် အိမ်ထောင်စုများ၏ပညာရေးအသုံးစရိတ်နှင့်ပတ်သက်၍မည်မျှသုံးစွဲသည်၊ မည်သို့ခွဲဝေသုံးစွဲသည်တို့နှင့်စပ်လျဉ်းသော အချက်အလက်ရရှိမှု အခွင့်အလမ်း နည်းပါးသဖြင့် လက်ရှိနှင့် အနာဂတ်နှစ်မျိုးစလုံး အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏကို ခန့်မှန်းသတ်မှတ်ရန် အခက်အခဲရှိနေသည်။

အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း (၂၀၀၉-၂၀၁၀) အရ အိမ်ထောင်စု အသုံးစရိတ်များကို ပုံ(၁၄.၅)တွင် ဖော်ပြထားသည်။ သို့သော် ယခုအခါ ကြီးမားသောအသုံးစရိတ်အများအပြားကို နိုင်ငံတော်အစိုးရက ကျခံထားပါသည်။ ထို့ကြောင့် အိမ်ထောင်စုများ၏ပညာရေး အသုံးစရိတ်သည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း သိသာစွာကျဆင်းပြီး လာမည့်နှစ်များတွင်လည်းအခမဲ့အခြေခံပညာရေးမူဝါဒအကောင်အထည်ဖော်မှုနှင့်အတူ ဆက်လက်ကျဆင်းမည်ဟု ယူဆထားပါသည်။

ဇယား (၁၄.၇) ပညာရေးဆိုင်ရာအိမ်ထောင်စုများ၏ အသုံးစရိတ်(ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)

| ပညာရေးဆိုင်ရာ အိမ်ထောင်စုများ၏ အသုံးစရိတ် | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေ (အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်ကျဆင်းမှု နှေးကွေးခြင်း) | ၂၅၃, ၇၃၅ | ၂၄၇ ,၅၄၆ | ၂၄၁,၅၀၉ | ၂၃၅,၆၁၈ | ၂၂၉ ,၈၇၁ |
| မြင့်မားသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေ (အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်ကျဆင်းမှု ပိုမိုမြန်ဆန်ခြင်း) | ၂၅၃ ,၇၃၅ | ၂၄၁, ၆၅၂ | ၂၃၀,၁၄၅ | ၂၁၉, ၁၈၆ | ၂၀၈,၇၄၈ |

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅။

လျော့နည်းသည့်ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေတွင် အိမ်ထောင်စုများ၏ပညာရေးအသုံးစရိတ်လျော့ကျမှုနှုန်းသည်မြင့်မားသည့်ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေထက် လျော့ကျရာတွင် ပိုမိုနှေးကွေးမည်ဖြစ်ပါသည်။ ဤအချက်ကြောင့် နိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပိုမိုပံ့ပိုးခြင်းက အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်ကို ပိုမိုလျော့ကျစေမည်ဟူသော အယူအဆနှင့်ကိုက်ညီသည်။ ထို့ကြောင့် မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေတွင် အိမ်ထောင်စုများ၏ပညာရေးအသုံးစရိတ် တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း လျော့ကျနေမည်ဖြစ်ပြီး လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အနေအထားတွင် အိမ်ထောင်စုများ၏ပညာရေးအသုံးစရိတ်မှာ တစ်နှစ်လျှင် ၂.၅ ရာခိုင်နှုန်းသာ လျော့ကျမည်ဖြစ်သည်။ ဇယား (၁၄.၇) တွင် ဖော်ပြထားပါသည်။

## ၁၄.၂.၃။ ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့

ပညာရေးဆိုင်ရာဘဏ္ဍာငွေပံ့ပိုးမှုတိုးမြှင့်ခြင်းကြောင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ပံ့ပိုးမှုသည်လည်း လွန်ခဲ့သော (၅)နှစ်တာကာလအတွင်း မြင့်တက်လာခဲ့သည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပညာရေး ထောက်ပံ့ကူညီမှုသည် မြန်မာကျပ် (၄၀.၅) ဘီလီယံမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြန်မာကျပ် (၈၆.၉) ဘီလီယံထိမြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ ထောက်ပံ့မှုနှစ်ဆတိုးလာသော်လည်း ပညာရေးအသုံးစရိတ်၏ ၅ ရာခိုင်နှုန်းခန့်သာရှိပြီး အိမ်ထောင်စုနှင့် နိုင်ငံတော်အသုံးစရိတ် နှစ်မျိုးစလုံးထက် များစွာနိမ့်ကျလျက်ရှိနေသည်။

ဇယား (၁၄.၈) ပညာရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ (ကျပ် သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)

| ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေ | ၉၆,၈၉၆ | ၉၆,၈၉၆ | ၉၆,၈၉၆ | ၉၆,၈၉၆ | ၉၆,၈၉၆ |
| မြင့်မားသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေ | ၉၆,၈၉၆ | ၁၀၆,၅၈၆ | ၁၁၇,၂၄၄ | ၁၂၈,၉၆၉ | ၁၄၁,၈၆၅ |

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅။

လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ နှစ်စဉ်ထောက်ပံ့မှုမှာ တစ်နှစ်လျှင် မြန်မာကျပ် (၉၆.၉)ဘီလီယံ နှင့်ညီမျှမည်ဟု ယူဆရသည်။ ဇယား (၁၄.၈) တွင် ဖော်ပြထားပါသည်။ ၎င်းသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကာလအတွင်း လက်ရှိရေးဆွဲထားသော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွက် နှစ်စဉ်ပျမ်းမျှ အထောက်အပံ့ဖြစ်သည်။ နောက်ဆက်တွဲ (၁၄.၁)တွင်ဖော်ပြထားပါသည်။ မြင့်မားသည့် ဘဏ္ဍာငွေကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေတွင် ဖွံ့ဖြိုးမှုအထောက်အပံ့သည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ထပ်မံကတိကဝတ်ပြုချက်များကို ထည့်သွင်းစဉ်းစားပါက (၁)နှစ်လျှင် ၁၀ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားသည်။ ဇယား (၁၄.၈) တွင် ဖော်ပြထားပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းများအတွက် ကတိကဝတ်ပြုမှုများနှင့် ငွေကြေးပံ့ပိုးမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် မှတ်တမ်းတင်ကာ လေ့လာကြီးကြပ်ရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ပညာရေးအတွက် ဘဏ္ဍာငွေပံ့ပိုးရန် အဓိကဖြစ်သော်လည်း ဖွံ့ဖြိုးမှုမိတ်ဖက်များသည်လည်း ရန်ပုံငွေပံ့ပိုးမှုအတွက် အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ဦးစားပေးလုပ်ငန်းများအတွက် ရည်မှန်းထားသော အကူအညီများကို ထိရောက်စွာသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပေသည်။

ဇယား (၁၄.၉) နှင့် ဇယား (၁၄.၁၀) တို့သည် လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့်ဖြစ်ပေါ်လာမည့်အခြေအနေနှင့်မြင့်မားသည့်ဘဏ္ဍာငွေကျခံမှုကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေ(၂)မျိုးတို့တွင် သုံးစွဲရန် ခန့်မှန်းထားသည့် စုစုပေါင်း အရင်းအမြစ်များကို ဖော်ပြထားသည်။

**ဇယား (၁၄.၉) ပညာရေးကဏ္ဍ တစ်ခုလုံးအတွက် ရရှိနိုင်မည့် အနိမ့်ဆုံးအရင်းအမြစ် စုစုပေါင်း (ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

| ပညာရေးဘဏ္ဍာငွေအရင်းအမြစ် | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| နိုင်ငံတော်အစိုးရအသုံးစရိတ် | ၁, ၅၃၈, ၉၁၅ | ၁, ၆၉၂, ၈၀၆ | ၁, ၈၆၂, ၀၈၇ | ၂, ၀၄၈, ၂၉၅ | ၂, ၂၅၃, ၁၂၅ |
| အိမ်ထောင်စု အသုံးစရိတ် | ၂၅၃, ၇၃၅ | ၂၄၇, ၅၄၆ | ၂၄၁, ၅၀၉ | ၂၃၅, ၆၁၈ | ၂၂၉, ၈၇၁ |
| ဖွံ့ ဖြိုးမှု အထောက်အပံ့ | ၉၆, ၈၉၆ | ၉၆, ၈၉၆ | ၉၆, ၈၉၆ | ၉၆, ၈၉၆ | ၉၆, ၈၉၆ |
| အနိမ့်ဆုံးအရင်းအမြစ် စုစုပေါင်း | ၁, ၈၈၉, ၅၄၆ | ၂, ၀၃၇, ၂၄၈ | ၂, ၂၀၀, ၄၉၂ | ၂, ၃၈၀, ၈၀၉ | ၂, ၅၇၉, ၈၉၂ |

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅။

**ဇယား (၁၄.၁၀) ပညာရေးကဏ္ဍ တစ်ခုလုံးအတွက် ရရှိနိုင်မည့် အမြင့်ဆုံးအရင်းအမြစ် စုစုပေါင်း (ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

| ပညာရေးဘဏ္ဍာငွေ အရင်းအမြစ် | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| နိုင်ငံတော်အစိုးရအသုံးစရိတ် | ၁,၆၈၈,၆၀၉ | ၂,၀၃၈,၁၅၁ | ၂,၄၆၀,၀၄၈ | ၂,၉၆၉,၂၇၉ | ၃,၅၈၃,၉၃၉ |
| အိမ်ထောင်စု အသုံးစရိတ် | ၂၅၃,၇၃၅ | ၂၄၁,၆၅၂ | ၂၃၀,၁၄၅ | ၂၁၉,၁၈၆ | ၂၀၈,၇၄၈ |
| ဖွံ့ဖြိုးမှုအထောက်အပံ့ | ၉၆,၈၉၆ | ၁၀၆,၅၈၆ | ၁၁၇,၂၄၄ | ၁၂၈,၉၆၉ | ၁၄၁,၈၆၅ |
| အမြင့်ဆုံးအရင်းအမြစ် စုစုပေါင်း | ၂,၀၃၉,၂၄၀ | ၂,၃၈၆,၃၈၉ | ၂,၈၀၇,၄၃၇ | ၃,၃၁၇,၄၃၄ | ၃,၉၃၄,၅၃၂ |

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅။

## ၁၄.၂.၄။ အသုံးစရိတ်အခြေအနေ (၂) မျိုးအရ ပညာရေးပံ့ပိုးမှုအတွက် ဘဏ္ဍာငွေကွာဟချက်

ဇယား(၁၄.၁၁)နှင့်ဇယား(၁၄.၁၂)တို့မှ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကာလအတွင်း အသုံးစရိတ်အခြေအနေ (၂) မျိုးနှင့် အရင်းအမြစ်အခြေအနေ (၂) မျိုးအရ ပညာရေးဘဏ္ဍာငွေ ပံ့ပိုးမှုကွာဟချက်ဖြစ်နိုင်ခြေကို ဖော်ပြထားသည်။ ရန်ပုံငွေကွာဟချက် ပမာဏကို ပုံ (၁၄.၆) တွင် ဖော်ပြထားပါသည်။

ဘဏ္ဍာငွေကွာဟချက် လေ့လာဆန်းစစ်မှုမှ အဓိကတွေ့ရှိချက်များမှာ -

- မကြာမြင့်သေးသည့် နှစ်များအတွင်း စီးပွားရေးခိုင်မာမှုဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပညာရေး ဘတ်ဂျက်တိုးတက်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် ပညာရေးအတွက် ပြည်တွင်းမှ အရင်းအမြစ်များအသုံးပြုမှု ထပ်မံတိုးမြှင့်နိုင်မည့် အနေအထားတွင်ရှိနေပါသည်။
- သို့သော် တစ်ချိန်တည်းမှာပင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ အစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်များကို သေချာစွာ ဦးစားပေးအဆင့်ခွဲခြားပြီး အစီအစဉ်တကျ ဆောင်ရွက်ရန်လိုအပ်သည်။ အမြင့်ဆုံး အရင်းအမြစ်အခြေအနေတွင်ပင် အရင်းအမြစ်များသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အပြည့်အဝ အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေလုံလောက်မည်မဟုတ်ပေ။
- အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အဆင့်မြင့် လျာထားချက်များ ပြည့်မီနိုင်ရန် ရန်ပုံငွေပံ့ပိုးမှုကွာဟချက်သည် လျော့နည်းသည့် ဘဏ္ဍာငွေကျခံမှုကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေတွင် မြန်မာကျပ်သန်းပေါင်း (၄,၂၁၂,၀၄၅) ရှိမည်ဖြစ်ပြီး မြင့်မားသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေတွင် မြန်မာကျပ်သန်းပေါင်း (၈၁၅,၀၀၀) ရှိမည်ဖြစ်သည်။
- ဖော်ပြပါဘဏ္ဍာငွေနှင့်ကုန်ကျစရိတ်ဖြစ်နိုင်ခြေတို့ကိုအခြေခံပြီးနိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသော ကတိကဝတ်ပြုချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးဘဏ္ဍာငွေ တိုးမြှင့်ပေးရန်လိုအပ်ပါမည်။ တစ်ချိန်တည်းမှာပင် ပုဂ္ဂလိကကဏ္ဍများကဲ့သို့သော ဘဏ္ဍာငွေပံ့ပိုးနိုင်မည့် တခြားအရင်းအမြစ်များကိုလည်း ဆန်းစစ်ရှာဖွေသင့်ပါသည်။

ဤအခန်းတွင်ဖော်ပြထားသော ကိန်းဂဏန်းများမှာ မှန်းဆတွက်ချက်ထားခြင်းသာဖြစ်ပါသည်။ ကုန်ကျစရိတ်များသည် မကြာသေးမီက ပညာရေးစနစ်ဆိုင်ရာ အချက်အလက်များ-ဥပမာအားဖြင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Education Management Information System-EMIS)၊ ခန့်မှန်း တစ်ယူနစ်ကုန်ကျစရိတ်(Unit Cost)များ၊ အဓိကယူဆချက်များ၊ ခန့်မှန်းချက်များနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရေးဆွဲစဉ်ကာလအတွင်းရရှိနိုင်သော သတင်းအချက်အလက်များကို အခြေခံထားခြင်းဖြစ်ရာ အချိန်နှင့်အညီ သိသာထင်ရှားစွာပြောင်းလဲမည့် အနေအထားရှိပါသည်။ ထို့ကြောင့် ဤကိန်းဂဏန်းများကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်နေစဉ်ကာလအတွင်း ပုံမှန်ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါသည်။

**ဇယား (၁၄.၁၁) ဘဏ္ဍာငွေ ကျခံမှု အသုံးစရိတ်အခြေအနေ (၂) မျိုးနှင့် အနိမ့်ဆုံးအရင်းအမြစ်အကြား ဘဏ္ဍာငွေ ကွာဟချက် (ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

| | | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှု ကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေ | ကုန်ကျစရိတ် | ၁,၈၃၂,၆၆၉ | ၂,၅၇၀,၄၃၁ | ၃,၀၆၀,၆၇၁ | ၃,၃၉၉,၀၅၆ | ၃,၆၁၁,၈၃၆ | ၁၄,၄၇၄,၆၆၃ |
| | အနိမ့်ဆုံးအရင်းအမြစ်များ | ၁,၈၈၉,၅၄၆ | ၂,၀၃၇,၂၄၈ | ၂,၂၀၀,၄၉၂ | ၂,၃၈၀,၈၀၉ | ၂,၅၇၉,၈၉၂ | ၁၁,၀၈၇,၉၈၇ |
| | ရန်ပုံငွေ ကွာဟချက် | ၅၆,၈၇၇ | - ၅၃၃,၁၈၃ | - ၈၆၀,၁၇၉ | - ၁,၀၁၈,၂၄၇ | - ၁,၀၃၁,၉၄၄ | - ၃,၃၈၆,၆၇၆ |
| အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း မြင့်မားသည့် ဘဏ္ဍာငွေ ကျခံမှု ကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေ | ကုန်ကျစရိတ် | ၂,၂၅၄,၁၇၅ | ၂,၅၄၈,၂၄၆ | ၃,၁၃၉,၈၄၅ | ၃,၅၃၇,၀၂၈ | ၃,၈၂၀,၇၃၈ | ၁၅,၃၀၀,၀၃၂ |
| | အနိမ့်ဆုံးအရင်းအမြစ်များ | ၁,၈၈၉,၅၄၆ | ၂,၀၃၇,၂၄၈ | ၂,၂၀၀,၄၉၂ | ၂,၃၈၀,၈၀၉ | ၂,၅၇၉,၈၉၂ | ၁၁,၀၈၇,၉၈၇ |
| | ရန်ပုံငွေ ကွာဟချက် | - ၃၆၄,၆၂၉ | - ၅၁၀,၉၉၈ | - ၉၃၉,၃၅၃ | - ၁,၁၅၆,၂၁၉ | - ၁,၂၄၀,၈၄၆ | - ၄,၂၁၂,၀၄၅ |

ရင်းမြစ်။ ပညာရေးသုတေသနဂျာနယ်အသွင်တူဖန်တီးမှုပုံစံ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

မှတ်ချက်။ ရန်ပုံငွေကွာဟချက်သည် ဖြစ်နိုင်ခြေအတွက် စုစုပေါင်းကုန်ကျစရိတ်များနှင့် ပညာရေး ရန်ပုံငွေ ရရှိနိုင်မှုအရင်းအမြစ်များအကြား ကွာဟချက်ဖြစ်သည်။

**ဇယား (၁၄.၁၂) ဘဏ္ဍာငွေ ကျခံမှု အသုံးစရိတ်အခြေအနေ (၂) မျိုးနှင့် အမြင့်ဆုံးအရင်းအမြစ်အကြား ဘဏ္ဍာငွေ ကွာဟချက် (ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**


| | | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေ | ကုန်ကျစရိတ် | ၁,၈၃၂,၆၆၉ | ၂,၅၇၀,၄၃၁ | ၃,၀၆၀,၆၇၁ | ၃,၃၉၉,၀၅၆ | ၃,၆၁၁,၈၃၆ | ၁၄,၄၇၄,၆၆၃ |
| | အမြင့်ဆုံးအရင်းအမြစ်များ | ၂,၀၃၉,၂၄၀ | ၂,၃၈၆,၃၈၉ | ၂,၈၀၇,၄၃၇ | ၃,၃၁၇,၄၃၄ | ၃,၉၃၄,၅၃၂ | ၁၄,၄၈၅,၀၃၂ |
| | ရန်ပုံငွေ ကွာဟချက် | ၂၀၆,၅၇၁ | - ၁၈၄,၀၄၂ | - ၂၅၃,၂၃၄ | - ၈၁,၆၂၂ | ၃၂၂,၆၉၆ | ၁၀,၃၆၉ |
| အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း မြင့်မားသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေ | ကုန်ကျစရိတ် | ၂,၂၅၄,၁၇၅ | ၂,၅၄၈,၂၄၆ | ၃,၁၃၉,၈၄၅ | ၃,၅၃၇,၀၂၈ | ၃,၈၂၀,၇၃၈ | ၁၅,၃၀၀,၀၃၂ |
| | အမြင့်ဆုံးအရင်းအမြစ်များ | ၂,၀၃၉,၂၄၀ | ၂,၃၈၆,၃၈၉ | ၂,၈၀၇,၄၃၇ | ၃,၃၁၇,၄၃၄ | ၃,၉၃၄,၅၃၂ | ၁၄,၄၈၅,၀၃၂ |
| | ရန်ပုံငွေ ကွာဟချက် | - ၂၁၄,၉၃၅ | - ၁၆၁,၈၅၇ | - ၃၃၂,၄၀၈ | - ၂၁၉,၅၉၄ | ၁၁၃,၇၉၄ | - ၈၁၅,၀၀၀ |

ရင်းမြစ်။ ပညာရေးသရုပ်သဏ္ဌာန်အသွင်တူ ဖန်တီးမှုပုံစံ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

မှတ်ချက်။ ရန်ပုံငွေကွာဟချက်သည် ဖြစ်နိုင်ခြေအတွက် စုစုပေါင်းကုန်ကျစရိတ်များနှင့် ပညာရေး ရန်ပုံငွေရရှိနိုင်မှုအရင်းအမြစ်များအကြား ကွာဟချက်ဖြစ်သည်။



**ပုံ (၁၄.၆) ပညာရေး ရန်ပုံငွေ ကွာဟချက်များပုံဖော်ခြင်း (ကျပ်သန်းပေါင်း) (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**




ရင်းမြစ်။ ပညာရေးသရုပ်သဏ္ဍာန်အသွင်တူ ဖန်တီးမှုပုံစံ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

## ၁၄.၃။ ပညာရေးဘဏ္ဍာငွေပံ့ပိုးမှု၏ အရည်အသွေးနှင့်သာတူညီမျှရှိမှု

### ၁၄.၃.၁။ ပညာရေးဘဏ္ဍာငွေပံ့ပိုးမှု၏ အရည်အသွေး

ပညာရေးအသုံးစရိတ်သုံးစွဲမှုအရည်အသွေးကိုတိုင်းတာရာတွင်ဘဏ္ဍာငွေသုံးစွဲမှုဖြင့် အောင်မြင်ဖြစ်ထွန်းစေခဲ့သော ပညာရေးရလဒ်များကိုအကဲဖြတ်သုံးသပ်လေ့ရှိသည်။ လတ်တလော အခြေအနေတွင် သင်ယူတတ်မြောက်မှုဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုစံနှုန်းများကို သတ်မှတ်ဆောင်ရွက်ဆဲဖြစ်ရာ အဆိုပါ သတင်းအချက်အလက်များရယူနိုင်မှုသည် ခက်ခဲပြီး ပညာရေးဆိုင်ရာရလဒ်နှင့် စပ်လျဉ်းသောအချက်အလက်များမှာ အကန့်အသတ်ရှိနေပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ပညာရေးဘဏ္ဍာငွေသုံးစွဲမှုအရည်အသွေးကို ပိုမိုကျယ်ပြန့်စွာ ဆန်းစစ်အကဲဖြတ်နိုင်ရန် လုပ်ငန်းပေါင်းများစွာ စီစဉ်ထားပါသည်။ ၎င်းလုပ်ငန်းများမှာ သင်ယူမှုပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Education Management Information System-EMIS) နှင့် ကျောင်းအခြေပြုအရည်အသွေးအာမခံရေးဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ဤသို့ပဏာမ စတင်ဆောင်ရွက်သည့်လုပ်ငန်းများမှ ရရှိနိုင်သည့် သတင်းအချက်အလက်များသည် ရင်းနှီးမြှုပ်နှံမှုများက သင်ယူမှုပေါက်မြောက်အောင်မြင်မှုအပေါ် လိုအပ်သောအကျိုးသက်ရောက်မှု ရှိ/မရှိကိုလည်းကောင်း၊ ရလဒ်များတိုးတက်ပေါက်မြောက်အောင်မြင်ရေးအတွက် လိုအပ်သော အရင်းအမြစ်များကို စီမံခန့်ခွဲသူပုဂ္ဂိုလ်များက ဖြန့်ဖြူးနိုင်မည့်နည်းလမ်းများနှင့် ပတ်သက်၍လည်းကောင်း အသုံးဝင်မည့်အထောက်အပံ့များ ပံ့ပိုးပေးမည်ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကျောင်းထွက်သည့်နှုန်း မြင့်မားမှု၊ အတန်းပြီးဆုံးနှုန်းလျော့နည်းမှုနှင့် သင်ယူမှုရလဒ်များနိမ့်ကျမှုကြောင့်ပညာရေးကဏ္ဍအတွက်ဘဏ္ဍာငွေ



ကုန်ကျစရိတ်များရှိနေမည်ဖြစ်သည်။ ရရှိလာသောသတင်းအချက်အလက်ကိုလေ့လာဆန်းစစ်မှုအရ သူငယ်တန်း၌စတင် ကျောင်းအပ်နှံသည့် ကျောင်းသား (၁.၁) သန်း အနက် (၁၁) နှစ်ကြာသောအခါ အထက်တန်းကျောင်းမှ အောင်မြင်သူ (၁၁၈,၀၈၀) မျှသာရှိသည်။ ထို့ပြင်ကျောင်းအပ်နှံသောကျောင်းသားများ၏သုံးပုံနှစ်ပုံကျော်သည်တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးနေခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာငွေနှင့် မိသားစုမှ ပြင်ပကျူရှင်အတွက် ပံ့ပိုးရသောစရိတ်မှာ ကြီးမားသောကုန်ကျမှုကို ဖြစ်ပေါ်စေသည်။

ဘဏ္ဍာငွေသုံးစွဲမှုအရည်အသွေးကို လေ့လာဆန်းစစ်နိုင်သော တခြားနည်းလမ်းမှာ ပြည်သူ့အရင်းအမြစ်များစီမံခန့်ခွဲမှုကို အကဲဖြတ်ခြင်းဖြစ်သည်။ ၎င်းသည် အရင်းအမြစ်များကို နိုင်ငံတော် အစိုးရ၏ ဦးစားပေးလုပ်ငန်းများနှင့်အညီ ထိရောက်စွာသုံးစွဲခြင်း ရှိ/မရှိ ဆုံးဖြတ်ပေးရန် အထောက်အကူပြုပါမည်။ နိုင်ငံတော်အစိုးရသည် တစ်ဆယ်နှစ်မှ တစ်ဆယ့်ငါးနှစ်အထိ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာ ငွေစီမံခန့်ခွဲမှုတွင် တိုးတက်အောင်မြင်မှုရရှိလာပါသည်။ အထူးသဖြင့် လက်ရှိဆောင်ရွက်နေသော ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် တာဝန်ခံမှု၊ တာဝန်ယူမှုကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်။ ဤပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု ကိုအားကောင်း အောင်ဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း တို့ဖြင့် အောင်မြင်မှုရရှိနိုင်ပါမည်။

နိုင်ငံတော်၏ အရင်းအမြစ်များကို အကျိုးရှိစွာ ခွဲဝေသတ်မှတ်ရာတွင် စီမံကိန်းလုပ်ငန်းများနှင့် ဘဏ္ဍာငွေခွဲဝေသတ်မှတ်မှုလုပ်ငန်းစဉ်များ ပေါင်းစည်းသည့် ပုံမှန်လုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲထူထောင်ခြင်းဖြင့် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုများ ရရှိနိုင်သည်ဟု နိုင်ငံတကာအတွေ့အကြုံများက ဖော်ပြနေပါသည်။

## ၁၄.၃.၂။ ပညာရေးဘဏ္ဍာငွေပံ့ပိုးမှု၏ သာတူညီမျှရှိမှု

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတွင် လူမှုစီးပွားရေးအခြေအနေကွဲပြားခြားနားမှုများကို ကုစားနိုင်ရန်အတွက် အရင်းအမြစ်များကို ခွဲဝေသုံးစွဲမှုတွင် သာတူညီမျှရရှိစေရန် ရည်ရွယ်လျက်မူဝါဒတချို့ကို အကောင်အထည်ဖော်နေပါသည်။ ဝင်ငွေနိမ့်ကျမှုသည် ပညာသင်ယူခွင့်ရရှိရေးအတွက် ထင်ရှားသော အဟန့်အတားတစ်ခုဖြစ်သည်။ ပိုမိုဆင်းရဲချို့တဲ့ပြီး ဝေးလံခေါင်ဖျားဒေသများရှိ အိမ်ထောင်စုများမှ ကလေးများသည်ကျောင်းအပ်နှံရန်၊ ကျောင်းနေမြဲ၍ အခြေခံပညာပြီးမြောက်ရန်အလားအလာပိုမိုနည်းပါးသည်။ လွန်ခဲ့သော (၅)နှစ်အတွင်း ချမ်းသာသော မိသားစုများသည် ဆင်းရဲသောမိသားစုများထက် ၎င်းတို့၏သားသမီးများကို မူကြိုကျောင်းများသို့ ပို့ရန် အလားအလာ ခြောက်ဆရှိသည်ဟု ယူဆရပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် ဆင်းရဲသောမိသားစုများမှ ကလေးများ၏ ကျောင်းနေခွင့်ကို ထိခိုက်စေသည့် ငွေကြေးအဟန့်အတားကို လျော့ကျအောင် ဆောင်ရွက်ရာတွင် တိုးတက်မှုများရရှိခဲ့ပြီး ဖြစ်သည်။ အဆိုပါ မူဝါဒများတွင် ကျောင်းလခများ ကင်းလွတ်ခွင့်ပေးခြင်း၊ လေ့ကျင့်ခန်းစာအုပ်နှင့် ကျောင်းသုံးစာအုပ်ကဲ့သို့ ပညာရေးသွင်းအားစု (Input) များကို အခမဲ့ ပံ့ပိုးပေးခြင်းနှင့် ကျောင်းသားများကျောင်းနေမြဲရန် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ထူထောင်ပေးခြင်းအားဖြင့် အိမ်ထောင်စုများ၏ငွေကြေးဝန်ထုပ်ဝန်ပိုးကို လျှော့ချခြင်းများပါဝင်သည်။ အမျိုးသား

ပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဤလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်းနှင့်အတူ ကျောင်းအာဟာရ ကျွေးမွေးရေးအစီအစဉ်များ၊ ရပ်ရွာဒေသနှင့် ကျောင်းများနီးကပ်မှု ပိုမိုကောင်းမွန်လာစေခြင်း စသည့်လုပ်ငန်းများကို အစပျိုးဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းတွင် ရေးဆွဲထားသော သင်ရိုးညွှန်းတမ်း၊ ဆရာအတတ်သင်ကြားနည်းပညာနှင့် ပညာရည်စစ်ဆေး အကဲဖြတ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများသည် သင်ယူသူများ၏ တတ်မြောက်မှုကို ပံ့ပိုးပေးသည့်အတွက် အိမ်ထောင်စုများ၏ ပညာရေးဆိုင်ရာ အကြီးမားဆုံးအသုံးစရိတ်ဖြစ်သည့် ပြင်ပကျူရှင်အတွက် ကုန်ကျစရိတ်များကို လျှော့ချပေးရာတွင် အရေးပါသော ကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။


လာမည့်နှစ်များတွင်ပိုမို၍သာတူညီမျှရှိသောပညာရေးစနစ်တစ်ခုဖွံ့ဖြိုးလာသည်နှင့်အမျှ ယခင်က ပညာသင်ယူရန် အခွင့်အလမ်းနည်းပါးသော အုပ်စုများသည် ပညာရေးအကျိုးခံစားခွင့် ပိုမိုရရှိလာမည်။ ထို့ပြင်လူ့အဖွဲ့အစည်းများအတွင်း ပြည်သူ့အရင်းအမြစ်များခွဲဝေမှုကိုလည်း ပိုမိုရရှိလာမည်ဖြစ်သည်။ ဤနည်းအားဖြင့် အရင်းအမြစ်များကို ပိုမို၍သာတူညီမျှ ဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။

## ၁၄.၄။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ဘတ်ဂျက်စီးဆင်းမှုနှင့်တစ်ပြေးညီဖြစ်စေခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘတ်ဂျက်လုပ်ငန်းစဉ်များ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သာမန်အသုံးစရိတ် စီမံခန့်ခွဲခြင်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရပါသည်။ နှစ်စဉ် ဘတ်ဂျက်စီးဆင်းမှုကို အောက်ပါပုံ (၁၄.၇)တွင် ဖော်ပြထားသည်။

ဘတ်ဂျက်စီးဆင်းမှုအစတွင် မြို့နယ်ပညာရေးမှူးများသည် ကျောင်းများနှင့် စစ်ဆေးရေးမှူးများထံမှ အစီရင်ခံစာများကိုအခြေခံကာ သာမန်အသုံးစရိတ်လိုအပ်ချက်များကို ပြင်ဆင်ကြသည်။ ၎င်းအချက်အလက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများထံ ဆက်လက်ပေးပို့ပြီး လေ့လာသုံးသပ်ကာ အကြံပြုချက်များ ထည့်သွင်း၍ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရသည်။ ပညာရေးဝန်ကြီးဌာနမှ ဘဏ္ဍာညွှန်ကြားရေးမှူးနှင့် ဘတ်ဂျက်ဌာနခွဲတို့က လေ့လာသုံးသပ်မှုများပြုလုပ်ကာ ဌာနအားလုံး၏ ဘတ်ဂျက်အဆိုပြုလွှာများကို စုစည်း

ပုံ (၁၄.၇) ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်ပြင်ဆင်ခြင်းအတွက် ဘတ်ဂျက်ပြက္ခဒိန် (၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်)




ရင်းမြစ်။ ကမ္ဘာ့ဘဏ်၊ ၂၀၁၅ ခုနှစ်။

၍ သာမန်အသုံးစရိတ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ စက်တင်ဘာလတွင် တင်ပြရသည်။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှတင်ပြသော ငွေလုံးငွေရင်းအဆိုပြုလွှာများကို စိစစ်စုစည်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဩဂုတ်လတွင် တင်ပြရသည်။

စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်းညှိနှိုင်းမှုများပြုလုပ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းတိုင်ပင်ပြီးနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နောက်ဆုံးအဆိုပြုလွှာကို လွှတ်တော်သို့ ဇန်နဝါရီလတွင် တင်သွင်းရသည်။ နောက်ဆုံး အပြောင်းအလဲများအတွက် ဖေဖော်ဝါရီလဆန်းပိုင်းတွင် လွှတ်တော်သို့မတင်သွင်းမီ အနည်းငယ်ပြင်ဆင်ခွင့် ပေးထားပြီး ထိုလ၌ပင် လွှတ်တော်မှ အတည်ပြုသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၆-၂၀၂၁ နှစ်အတွင်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များအတွက် ကြိုတင်ခန့်မှန်း ကုန်ကျစရိတ်များကို ခန့်မှန်းတွက်ချက်ထားပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းအစီအစဉ်များအတွက် ရန်ပုံငွေအလုံအလောက် ပံ့ပိုးပေးနိုင်ရန် အောက်ဖော်ပြပါအဆင့်များကို ဖွန်လနှင့် ဇူလိုင်လများတွင် နှစ်စဉ်လုပ်ဆောင်သွားမည်ဖြစ်သည် -

(၁) အစိုးရ၏ဘတ်ဂျက်စီးဆင်းမှုအစပိုင်းတွင် ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်မည့် ဦးစီးဌာနများသည် နှစ်အလိုက် ဦးစားပေးလုပ်ငန်းအစီအစဉ်များကို ရေးဆွဲပါမည်။

(၂) နှစ်အလိုက်ဦးစားပေးလုပ်ငန်းအစီအစဉ်တွင် ဖော်ပြထားသော ကုန်ကျစရိတ်များကို ဘတ်ဂျက်သင်္ကေတအမှတ်အသားများ(Budget Code) အရ ခွဲဝေပြီး သက်ဆိုင်ရာ ဦးစီးဌာန၏ ဘတ်ဂျက်တွင်ပေါင်းထည့်ပေးရမည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အစီအစဉ်များအတွက် ပုံမှန်ကုန်ကျစရိတ်များမှ ခွဲ၍သီးသန့်တင်ပြနိုင်ပါက အစီအစဉ်များကို ပိုမိုလွယ်ကူစွာလေ့လာကြီးကြပ်နိုင်မည်ဖြစ်သည်။

(၃) ပညာရေးဝန်ကြီးဌာနမှစုစည်းထားသော နှစ်အလိုက်ဦးစားပေးလုပ်ငန်းအစီအစဉ်တွင် စီမံကိန်းလုပ်ငန်းများ၏ရည်ရွယ်ချက်များနှင့် ပညာရေးစနစ်အတွင်း လုပ်ငန်းအစီအစဉ်များကို မည်သို့အားဖြည့်ထောက်ပံ့ပေးကြောင်း ရှင်းလင်းချက်များပါဝင်ပါမည်။ ဤစီမံကိန်းများ၌ ငွေကြေး၏အသုံးဝင်မှုတန်ဖိုးကို တိုင်းတာရာတွင် အသုံးပြုနိုင်သည့် ချမှတ်ထားသော လုပ်ငန်းများ၏ရလဒ်များကို ဖော်ပြပါမည်။ ဤချဉ်းကပ်မှုသည် အစိုးရတစ်ခုလုံး၏ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီရမည် ဖြစ်သည်။

(၄) ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက်ဦးစားပေးလုပ်ငန်းအစီအစဉ်တွင် မည်သည့်လုပ်ငန်းကို အစိုးရမှပံ့ပိုးပြီး မည်သည့်လုပ်ငန်းကို ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ပံ့ပိုးမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြပါမည်။

## ၁၄.၅။ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ရန်ပုံငွေ ပံ့ပိုးနိုင်သည့် နည်းလမ်းများ

ဤအပိုင်းတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအတွက် အလှူရှင်များ၏ ပံ့ပိုးနိုင်မည့် နည်းလမ်းများကို တင်ပြထားပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း အပြီးသတ်မှုနှင့်အညီ အလှူရှင်များသည် လက်ရှိအခြေအနေတွင် ပညာရေးကဏ္ဍကိုပံ့ပိုးမည့်စီမံကိန်းအစီအစဉ်များနှင့် ဘဏ္ဍာငွေပံ့ပိုးမှုနည်းလမ်းများကို ရေးဆွဲနေကြသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအတွက် ဖွံ့ဖြိုးမှုမိတ်ဖက် များကရန်ပုံငွေပံ့ပိုးရာတွင် အထောက်အပံ့ပေးရေးဆိုင်ရာ အခြေခံပုံစံများမှာ အောက်ပါအတိုင်းဖြစ်မည်ဟု မျှော်လင့်ပါသည်။

၁။ ထောက်ပံ့ကြေးနှင့် ချေးငွေအခြေပြု လုပ်ငန်းစီမံချက်ရန်ပုံငွေ။ အဆိုပါပုံစံတွင် ပညာရေးဝန်ကြီးဌာနက သဘောတူညီပြီးဖြစ်သောလုပ်ငန်းစီမံချက်တစ်ခုကိုအကောင်အထည်ဖော်ရေးအတွက်မိတ်ဖက်အဖွဲ့အစည်းတစ်ခုကဖွံ့ဖြိုးမှုအထောက်အပံ့ကိုပံ့ပိုးပါသည်။ အဆိုပါစီမံချက်အတွက် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များအပေါ်ကြီးကြပ်ကွပ်ကဲမှုကို ယေဘုယျအားဖြင့် အဆိုပါမိတ်ဖက်အဖွဲ့အစည်းက ပညာရေးဝန်ကြီးဌာနနှင့် တာဝန် ခွဲဝေယူပါသည်။

၂။ အစိုးရနှင့်မိတ်ဖက်အဖွဲ့အစည်းများ ပူးတွဲစုပေါင်းထည့်ဝင်သည့်ရန်ပုံငွေ။ အဆိုပါပုံစံတွင် ပညာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းတစ်ဖွဲ့(သို့မဟုတ်) မိတ်ဖက်အဖွဲ့အစည်းများက ပူးတွဲသဘောတူညီထားသည့် သတ်မှတ်ထားသောလုပ်ငန်းများအတွက် စုပေါင်းထည့်ဝင်ထားသည့် ဘဏ္ဍာငွေပံ့ပိုးမှုများ (Multi-donor Trust Fund-MDTF) ပါဝင်ပါသည်။ ဤပုံစံတွင် သဘောတူညီထားသည့် နှစ်အလိုက်အညွှန်းကိန်းများအရ စွမ်းဆောင်နိုင်မှုအပေါ် မူတည်ပြီး ဘဏ္ဍာငွေလွှဲပြောင်းမှုကို ယေဘုယျအားဖြင့် ပြုလုပ်ပါသည်။

၃။ ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ဘဏ္ဍာငွေပံ့ပိုးရေးရန်ပုံငွေ။ အဆိုပါပုံစံတွင် ပညာရေးဝန်ကြီးဌာန၏ ကဏ္ဍတစ်ခုလုံးအတွက် အသုံးစရိတ်ထဲသို့ ကန့်သတ်ထားခြင်းမရှိဘဲ ထောက်ပံ့ကြေး(သို့မဟုတ်)ချေးငွေထည့်ဝင်ခြင်းဖြစ်သည်။ အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသော ပညာရေးကဏ္ဍ၏ဦးစားပေးလုပ်ငန်းများကို အဓိကထားသည့် မူဝါဒဆွေးနွေးမှုများအပေါ် အခြေခံပြီးပံ့ပိုးခြင်းဖြစ်သည်။ ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ဘဏ္ဍာငွေပံ့ပိုးရေးရန်ပုံငွေကို အစိုးရ၏ လုပ်ထုံးလုပ်နည်းများအတိုင်း အစိုးရကသာ လုံးလုံးလျားလျားစီမံခန့်ခွဲအသုံးပြုပါသည်။ ဤပုံစံတွင် သဘောတူညီထားသည့် နှစ်အလိုက် အညွှန်းကိန်းများအရ စွမ်းဆောင်နိုင်မှုအပေါ် မူတည်ပြီး ဘဏ္ဍာငွေလွှဲပြောင်းမှုကို ပြုလုပ်ပါသည်။

ပထမဆုံးပူးပေါင်းမှုလုပ်ငန်းစဉ်မှာ ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းများသို့ ဘဏ္ဍာရေးဆိုင်ရာ ကျောင်းစီမံကိန်းဗဟိုချုပ်ကိုင်မှုလျှော့ချထားသောရန်ပုံငွေ အစီအစဉ် (Decentralised Funding to School Project) ဖြစ်သည်။ ၎င်းသည် (၄)နှစ်စီမံကိန်း တစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အစပြုကာ နိုင်ငံတော်အစိုးရ၊ ကမ္ဘာ့ဘဏ်နှင့် Department of Foreign Affairs and Trade-DFAT မှ ပံ့ပိုးသည်။ ကမ္ဘာ့ဘဏ်မှ ချေးငွေအဖြစ် အမေရိကန်ဒေါ်လာသန်း (၈၀)ပံ့ပိုးထားပြီး DFAT မှ အမေရိကန်ဒေါ်လာသန်း (၂၀) ထောက်ပံ့ထားသည်။ ဤစီမံကိန်းလုပ်ငန်းသည် အစိုးရ၏ ကျောင်းထောက်ပံ့ကြေးများ (Grants) အစီအစဉ်ကို တိုးတက်ကောင်းမွန်လာစေရန်နှင့် တိုးချဲ့နိုင်ရန်အတွက် အဓိကပံ့ပိုးပေးသည့်အပြင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များကိုလည်း ပံ့ပိုးသည်။ ယခုအခါ စီမံကိန်းအစီအစဉ်များတိုးချဲ့ရန် ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ရှိ ဆရာများအတွက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ



ပါဝင်သည်။ လက်ရှိ အလှူရှင်များက ၎င်းတို့၏ပံ့ပိုးမှုကိုမြှင့်တင်ရန် စီစဉ်နေချိန်တွင် နိုင်ငံတကာဖွံ့ဖြိုးရေးဦးစီးဌာန (Department for International Development-DFID) နှင့် Danida တို့က ထပ်မံ၍ ရန်ပုံငွေပံ့ပိုးရန် အလားအလာရှိပါသည်။

ဒုတိယပူးပေါင်းမှုလုပ်ငန်းစဉ်မှာ လုပ်ငန်းခွင်အတွက် လူငယ်များအား ပြင်ဆင်ပေးခြင်း အစီအစဉ် (Preparing Youth for the Workplace Program -PYWP) ဖြစ်ပြီး ၎င်းကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းပံ့ပိုးသူ တချို့က ထောက်ပံ့ပေးမည် ဟု မျှော်လင့်ထားပါသည်။ ဤအစီအစဉ်ကို ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်သည်။ အဓိကလုပ်ငန်းများမှာ လုပ်သားထုလိုအပ်ချက်နှင့် ကိုက်ညီသော အခြေခံပညာအထက်တန်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး မူဝါဒအညွှန်းဘောင်များကို အားကောင်းစေခြင်း၊ သင်ရိုးညွှန်းတမ်း မာတိကာများ၊ ဆရာအတတ်သင်ကြားရေးပညာနှင့် ကျောင်းသားအကဲဖြတ်စိစစ်ခြင်းတို့ ပါဝင်သော အခြေခံပညာအထက်တန်းသင်ရိုးညွှန်းတမ်းများပြုပြင်ပြောင်းလဲမှုအတွက် ထောက်ပံ့ခြင်းနှင့် အခွင့်အလမ်းနည်းပါးသော လူငယ်များအား လုပ်သားဈေးကွက်မှ အရေးပေါ် လိုအပ်လျက်ရှိသည့် ကျွမ်းကျင်မှုများနှင့်သင်ကြားပို့ချပေးနိုင်ရေးကို အလေးထားသော တတ်ကျွမ်းမှုအခြေပြုနည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးအစီအစဉ်အသစ်များစတင်ဆောင်ရွက်ခြင်းတို့ပါဝင်သည်။

ဘက်ပေါင်းစုံမိတ်ဖက်အထောက်အပံ့များမှ အလားအလာရှိသော နောက်ထပ်ပံ့ပိုးမှုတစ်ခုမှာ ပညာရေးအတွက် ကမ္ဘာလုံးဆိုင်ရာပူးတွဲဆောင်ရွက်မှု (Global Partnership for Education-GPE) ဖြစ်သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အတည်ပြုပြီးလျှင် မြန်မာနိုင်ငံသည် GPE မိတ်ဖက်မှ ငွေကြေးပံ့ပိုးမှုရယူသုံးစွဲနိုင်မည်ဖြစ်ပြီး စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း (၂)မျိုးအတွက် ငွေကြေးနှင့် နည်းပညာအထောက်အပံ့ရယူရန် အလားအလာရှိနေသည်။ လာမည့် (၂)နှစ်တာကာလတွင် မြန်မာနိုင်ငံက ရရှိနိုင်မည့် အများဆုံးဘဏ္ဍာငွေလျာထားချက်မှာ အမေရိကန်ဒေါ်လာ (၇၃.၇)သန်း ဖြစ်သည်။

# နောက်ဆက်တွဲများ၊ အတိုကောက် စကားလုံးများနှင့် ကျမ်းကိုးစာရင်း





# နောက်ဆက်တွဲများ

## အခန်း ၃

**နောက်ဆက်တွဲ ၃.၁။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထိရောက်သော သင်ကြားရေးကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်ကို တိုင်းတာခြင်း။**

ထိရောက်သော သင်ကြားရေးတွင်ပါဝင်ဖွဲ့စည်းထားသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများမှ လေ့လာတွေ့ရှိချက်များပေါ်တွင် အခြေပြုထားသော နိုင်ငံတကာသုတေသန အထောက်အထားများ မြောက်မြားစွာရှိသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထိရောက်သော စာသင်ခန်း သင်ကြားရေးကို အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် အောက်ဖော်ပြပါ အဆင့် (၃)ဆင့်ကို ဤသုတေသန တွေ့ရှိချက်မှ ကောက်နုတ်ဖော်ပြထားသည်။

**၁။ ထိရောက်သော စာသင်ခန်းတွင်းသင်ကြားမှုဆိုသည်မှာ ဆရာနှင့် ကျောင်းသားများအကြား အပြန်အလှန် ပိုမိုဆက်သွယ်မှုရှိခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။**

နိုင်ငံတကာ သုတေသနလေ့လာမှုစာတမ်း (၄၈၉)စောင်နှင့် လက်တွေ့ကျသော အသေးစိတ်ခွဲခြမ်းစိတ်ဖြာလေ့လာမှု (၅၄)ခုတို့ကို ပေါင်းစပ်၍ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော စနစ်ကျသည့် လေ့လာသုံးသပ်မှုတစ်ခုက စာသင်ခန်းတွင်း အပြန်အလှန်ဆက်သွယ်ပြောဆိုမှုသည် ထိရောက်သော သင်ကြားရေးအတွက် အဓိကကျသည်ဟု သုံးသပ်ထားသည်။

**၂။ အပြန်အလှန်ဆက်သွယ်ပြောဆိုသင်ကြားရေးကို လက်တွေ့သင်ကြားရေးနည်းဗျူဟာ (၃)ရပ်ဖြင့် ဆောင်ရွက်နိုင်သည်။**

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာသုံးသပ်မှုများမှ သင်ကြားရေးနည်းဗျူဟာ(၃)ရပ်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

(၁) လိုအပ်ချက်နှင့် ကိုက်ညီသောညွှန်ကြားချက်များပေးခြင်း၊ လိုအပ်သော အကြံဉာဏ်များပေးခြင်း (Providing feedback) နှင့် ကျောင်းသားအားလုံးပါဝင်စေခြင်း။ တချို့သော ကျောင်းသားများအတွက် လိုအပ်ချက်နှင့်ကိုက်ညီသော ညွှန်ကြားချက်များ ပါဝင်သည့် စာမေးပွဲစစ်ဆေးခြင်းများ၊ အိမ်စာပေးခြင်းနှင့်ကျောင်းသားအားလုံးအတွက် အပြုသဘောဆောင်သော အကြံဉာဏ်ပေးမှုများ ပါဝင်သည်။ ကျောင်းသားအားလုံးသည် သင်ခန်းစာအကြောင်းအရာများနှင့် စာသင်ခန်းတွင်း ဆွေးနွေးမှုများတွင် ပါဝင်ရမည်။

(၂) လုံခြုံဘေးကင်းပြီး ပျော်ရွှင်ဖွယ်ကောင်းသော သင်ကြားသင်ယူမှုဝန်းကျင်ဖန်တီးခြင်း။ သင်ယူမှုဝန်းကျင်တွင် ကျောင်းသားအားလုံးသည် အထောက်အကူရရှိသည်ဟုခံစားစေရပြီး စာသင်ခန်းတွင်းသင်ယူမှုတွင် ပူးပေါင်းပါဝင်လာစေရန် အားပေးရမည်။ ကိုယ်ထိလက်ရောက် ဒဏ်ပေးခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်းကို မပြုလုပ်ရ။

(၃) ကျောင်းသားများ၏နောက်ခံ၊ အသိပညာနှင့်အတွေ့အကြုံများကို ရယူခြင်းနှင့် ကျား၊ မ အလိုက်ကွာဟမှု၊ မျိုးနွယ်စုအလိုက် ကွာဟမှုနှင့် သင်ယူမှုစွမ်းရည်အလိုက် ကွာဟမှုများကို ထည့်သွင်းစဉ်းစားခြင်း။ ဤနည်းဗျူဟာသည် ကျောင်းသားများ၏ နေ့စဉ်ဘဝနှင့် ဆက်စပ်မှုမရှိသည့် သင်ခန်းစာ အကြောင်းအရာများကို ထည့်သွင်းခြင်းမပြုဘဲ ကျောင်းသားများအတွက် အဓိပ္ပာယ်ရှိပြီး ဘဝနှင့် ဆက်စပ်သည့် သင်ခန်းစာ အကြောင်းအရာများကို ရေးဆွဲရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

**၃။ အပြန်အလှန်ဆက်သွယ်မှုရှိသည့် သင်ကြားမှုကို ထိရောက်သော သင်ကြားမှုနည်းလမ်း (၆)ရပ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်သည်။**

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သောလေ့လာသုံးသပ်မှုများမှ အပြန်အလှန်ဆက်သွယ်သင်ကြားမှု အောင်မြင်ဖြစ်ထွန်းစေသည့် ထိရောက်သော သင်ကြားမှုနည်းလမ်း(၆)ရပ်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့မှာ -

(က) ကျောင်းသုံးစာအုပ် အသုံးပြုရုံသာမက အမြင်နှင့်ဆိုင်သော သင်ထောက်ကူပစ္စည်းများ (Visual aids)နှင့် ဒေသတွင်းထုတ်လုပ်သော သင်ထောက်ကူပစ္စည်းများကို မကြာခဏ ဆီလျော်စွာ အသုံးချခြင်း။

(ခ) သတ်မှတ်အဖြေတစ်ခုပေးရသော မေးခွန်း (Closed questions)နှင့် အဖြေအမျိုးမျိုးပေးရသော မေးခွန်းများ (Open questions)မေးခြင်း။

(ဂ) မေးခွန်းဖြေဆိုမှုများပိုမိုလုပ်ဆောင်စေပြီး ကျောင်းသားများမေးခွန်းမေးခြင်းကို အားပေးခြင်း။

(ဃ) လက်တွေ့သရုပ်ပြခြင်းနှင့် ရှင်းလင်းဖော်ပြခြင်း။

(င) ခိုင်မာသော ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအကြောင်းအရာများကို အသုံးပြုခြင်း။

(စ) ဒေသသုံးဘာသာစကားများကို သုံးစွဲခြင်း

တို့ဖြစ်ကြသည်။

အထက်တွင် ဖော်ပြခဲ့သည့် ၂၀၁၃ ခုနှစ် လေ့လာသုံးသပ်ချက်များကို ၂၀၀၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကိုလေ့လာသုံးသပ်ချက်ပေါင်း (၅၀,၀၀၀)ကျော်နှင့် ထပ်ဆင့်လေ့လာချက် (၈၀၀)က ထောက်ခံထားပါသည်။ ဤလေ့လာသုံးသပ်ချက်မှ အပြန်အလှန်သင်ကြားခြင်း၊ အစုအဖွဲ့လိုက် ပူးပေါင်းအလုပ်လုပ်ခြင်းနှင့် သက်တူရွယ်တူအချင်းချင်း သင်ကြားပို့ချခြင်း၊ ကျောင်းသားများ၏နှုတ်မှုစွမ်းရည်နှင့် ဆရာများထံမှ ပြန်လည်တုံ့ပြန်အကြံပြုချက်များကို အားပေးခြင်းကဲ့သို့သော စာသင်ခန်းတွင်း အပြန်အလှန်ဆက်သွယ်သင်ကြားသည့် မဟာဗျူဟာများသည် သင်ခန်းစာအကြောင်းအရာများကို နားလည်စေရန် အားပေးခြင်း၊ သင်ကြားရေးကို အရှိန်အဟုန်မြှင့်ပေးခြင်းနှင့် သင်ယူမှုရလဒ်များကို မြှင့်တင်ပေးခြင်းတို့ကို တွေ့ရှိထားသည်။

အဆိုပါ နိုင်ငံတကာသုတေသနတွေ့ရှိချက်များနှင့် မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော စာသင်ခန်းတွင်း သင်ကြားမှု အခြေခံလေ့လာတွေ့ရှိချက်များကို အခြေပြုကာ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ဤ ၂၀၁၂ ခုနှစ်လေ့လာမှုက မြန်မာနိုင်ငံရှိ စာသင်ခန်းများတွင် လက်ရှိအသုံးပြုလျက်ရှိသော အဓိကသင်ကြားမှု နည်းလမ်း(၆)ရပ်ကို ဖော်ထုတ်ခဲ့သည်။

(၁) **သမားရိုးကျအလွတ်ကျက်မှတ်ခြင်း (traditional rote)**-လေ့ကျင့်ခြင်း၊ အကြောင်းအရာများနှင့် လုပ်ထုံးလုပ်နည်းများကို ထပ်တလဲလဲရွတ်ဆိုခြင်း။

(၂) **နှုတ်တိုက်ရွတ်ဆိုခြင်း (recitation)** - သိသင့်သိထိုက်သော အချက်အလက်များအတွက် မေးခွန်းတိုများ သုံးပြီးရွတ်ဆိုစေခြင်း။

(၃) **သင်ပြခြင်း (instruction)** -ကလေးများအားမည်သည်ကို လုပ်ရမည်၊ မည်ကဲ့သို့ လုပ်ရမည်ကို ပြောပြခြင်း။

(၄) **ရှင်းလင်းဖော်ပြခြင်း(exposition)** -သတင်းအချက်အလက်နှင့်အကြောင်းအရာများကို ရှင်းလင်းခြင်း၊ မျှဝေခြင်း။

(၅) **ဆွေးနွေးခြင်း (discussion)** - စာသင်ခန်းအတွင်း ကျောင်းသားအားလုံးနှင့် ဆရာတို့အကြား ကျောင်းသားများအား မေးခွန်းမေးခြင်း၊အမြင်နှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ပြဿနာများဖြေရှင်းခြင်း။

(၆) **အပြန်အလှန်ပြောဆိုခြင်း (dialogue)** - ကျောင်းသားများနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံခြင်းဖြင့် အသိပညာ အတူတကွဖန်တီးရယူခြင်း၊ ကျောင်းသားများ၏ အဖြေများကို စူးစမ်းစစ်ဆေးခြင်းနှင့် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုကို ရယူတည်ဆောက်ခြင်း။(ဥပမာ- စာသင်ခန်းအတွင်း ဆက်သွယ်ပြောဆိုခြင်း။)

သင်ကြားပို့ချခြင်းနှင့် ကျောင်းသားများသင်ယူမှုတွင် သင်ကြားမှုနည်းလမ်း(၆)ရပ်သည် အရေးကြီးသောကဏ္ဍမှပါဝင်လျက်ရှိပြီး သုတေသနများအရ မြန်မာနိုင်ငံရှိဆရာများသည် ပထမ သင်ကြားနည်း (၄)ရပ်ဖြစ်သော–- သမားရိုးကျ အလွတ်ကျက်မှတ်ခြင်း၊ နှုတ်တိုက်ရွတ်ဆိုစေခြင်း၊ သင်ပြခြင်းနှင့် ရှင်းလင်းဖော်ပြခြင်းတို့ကိုသာ စာသင်ခန်းအတွင်း သင်ကြားပို့ချရာတွင် သုံးစွဲကြောင်း သိရှိရပါသည်။

နိုင်ငံတကာသုတေသနများအရ ကျောင်းသားများသင်ယူမှု အောင်မြင်ပြီးမြောက်ရန်အတွက် အကောင်းမွန်ဆုံးရလဒ်များရရှိစေနိုင်သည်ဟု အတည်ပြုထားပြီးဖြစ်သော အဓိကနည်းလမ်း (၂)ရပ်ဖြစ်သည့် ဆွေးနွေးခြင်းနှင့်အပြန်အလှန်ပြောဆိုခြင်းတို့ကို ဆရာများအနေဖြင့် အသုံးပြု သင်ကြားမှု အားနည်းသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ မူလတန်းကျောင်းပေါင်း(၂၀၀)တွင် သင်ခန်းစာ (၈၀၀)လေ့လာမှုများ ပါဝင်သော ၂၀၁၂ ခုနှစ် အခြေခံအချက်အလက် လေ့လာမှုမှ တွေ့ရှိချက်များကို ဇယား(၁)တွင် ဖော်ပြထားသည်။ ရရှိထားသော အချက်အလက်များအရ အပြန်အလှန် ဆက်သွယ်သင်ကြားမှု တိုးမြှင့်လာစေရန် အဓိကနည်းလမ်း(၂)ရပ်ဖြစ်သော ဆွေးနွေးခြင်းနှင့် အပြန်အလှန်ပြောဆိုခြင်းကို လက်ရှိအနေအထားတွင် မူလတန်းဆရာအနည်းငယ်ကသာ သုံးစွဲလျက်ရှိကြောင်း တွေ့ရှိရသည်။

ဤအချက်နှင့်ပတ်သက်၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်အတွက် ပညာရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် အထောက်အထားအခြေပြု ရှင်းလင်းတင်ပြခဲ့ပြီး အပြန်အလှန်ဆက်သွယ်မှုရှိသော စာသင်ခန်းတွင်း သင်ကြားနည်းကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့ပါသည်။ (ဥပမာ - ဆရာများသည် အပြန်အလှန် ဆက်သွယ်မှုရှိသော သင်ကြားမှုနည်းလမ်း (၆)ရပ်ဖြစ်သော သမားရိုးကျ အလွတ်ကျက်မှတ်ခြင်း၊ နှုတ်တိုက်ရွတ်ဆိုစေခြင်း၊ သင်ပြခြင်း၊ ရှင်းလင်းဖော်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် အပြန်အလှန်ပြောဆိုခြင်းများကို ပေါင်းစည်းလျက် သုံးစွဲနေကြပါသည်။)

ဤလေ့လာသုံးသပ်ချက်အရ ထည့်သွင်းစဉ်းစားရမည့် မဟာဗျူဟာမြောက်အထောက်အထားအခြေပြုတွေ့ရှိချက်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းများနှင့် ပညာသင်ယူရာဌာနများ၌ စာသင်ခန်းတွင်း အပြန်အလှန်ဆက်သွယ်သင်ကြားမှုကို ရေရှည်ဆောင်ရွက်နိုင်ရန် ဆိုသောအချက်ပင်ဖြစ်သည်။မကြာသေးမီကပြုလုပ်ထားသောနိုင်ငံတကာသုတေသနအပေါ်တွင် အခြေပြု၍ အောက်ဖော်ပြပါ မဟာဗျူဟာမြောက်တွေ့ရှိချက်ကို မူကြမ်းရေးဆွဲထားခြင်းဖြစ်သည်။

**၄။ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ စွမ်းဆောင်ရည်မြှင့်မားရေးမှတစ်ဆင့် အပြန်အလှန် ဆက်သွယ်ပြောဆိုသင်ကြားရေးကို ရေရှည်တည်တံ့အောင်ဆောင်ရွက်နိုင်သည်။**

စာသင်ခန်းတွင်း အပြန်အလှန် ဆက်သွယ်ပြောဆိုသင်ကြားရေးကို ဆီလျော်မှုရှိသော ဆရာအတတ်ပညာစွမ်းဆောင်ရည်မြှင့်မားရေး CPD အစီအစဉ်ဖြင့် အထောက်အပံ့ပြုနိုင်ပါက ကျောင်းသားများ သင်ယူပြီးမြောက် အောင်မြင်မှုရရှိရေးတွင် သိသာစွာအကျိုးသက်ရောက်နိုင်သည်။

နိုင်ငံတကာသုတေသန လေ့လာတွေ့ရှိချက်အရ CPDကို (က) တည်တံ့လာစေရန် ဆောင်ရွက်ခြင်း၊ (ခ) ဘာသာရပ်ဆိုင်ရာအကြောင်းအရာသင်ကြားမှုကို အလေးထားဆောင်ရွက်ခြင်းနှင့် (ဂ) စာသင်ခန်းအတွင်း ဆီလျော်စွာ အသုံးချပါက စာသင်ခန်းသင်ကြားမှုနှင့် ကျောင်းသားသင်ယူမှုအပေါ်တွင် အကျိုးသက်ရောက်မှုရှိနိုင်သည်။ စနစ်တကျရေးဆွဲထားသော စမ်းသပ်ချက် အကဲဖြတ်စိစစ်ခြင်းဆိုင်ရာလေ့လာမှုများကို ထပ်ဆင့်လေ့လာချက်အရ ဆရာများအတွက် CPD ကိုတစ်နှစ်လျှင် ပျမ်းမျှ(၄၉)နာရီ (တစ်ပတ်လျှင် တစ်နာရီခန့်) ပြုလုပ်ပေးခြင်းသည် ကျောင်းသားများ၏သင်ယူတတ်မြောက်မှုကို ၂၁ ရာခိုင်နှုန်းနီးပါးထိ တိုးမြှင့်လာစေနိုင်ကြောင်း တွေ့ရှိထားသည်။ တစ်ပတ်လျှင် (၅)နာရီမှ (၁၄)နာရီအတွင်း CPD ပြုလုပ်လျှင်လည်း ကျောင်းသားများ သင်ယူတတ်မြောက်မှုအတွက် သိသာသော အကျိုးသက်ရောက်မှု ပိုမိုလာခြင်းမရှိကြောင်း စာရင်းအင်းများအရ ဖော်ပြလျက်ရှိသည်။

သင်ကြားမှုနည်းလမ်း (၆)ရပ်လုံးကို ဆရာများ၏သင်ကြားမှုအတွက် လေ့ကျင့်သင်ကြားပေးနိုင်ကြောင်း နိုင်ငံတကာသုတေသနက အကြံပြုဖော်ပြလျက်ရှိသည်။ သမားရိုးကျ နည်းလမ်းများဖြစ်သော (အလွတ်ကျက်မှတ်ခြင်း၊ နှုတ်တိုက်ရွတ်ဆိုစေခြင်း၊ သင်ပြခြင်းနှင့် ရှင်းလင်းဖော်ပြခြင်း)များနှင့်အတူ အပြန်အလှန်ပြောဆိုခြင်းနှင့်ဆွေးနွေးခြင်းတို့ဖြင့် ကျောင်းသားများ၏ အသိပညာနှင့် ဝေဖန်ပိုင်းခြားတတ်သော စွမ်းရည်များတိုးတက်လာကာ သင်ယူတတ်မြောက်မှု မြင့်မားလာမည်ဖြစ်သည်။

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်အရ အပြန်အလှန်ဆက်သွယ်မှုရှိသော သင်ကြားခြင်းကို တိုင်းတာခြင်း။**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်တွင် ဖော်ပြထားသော စာသင်ခန်းတွင်း အပြန်အလှန်ဆက်သွယ်မှုရှိသော သင်ကြားခြင်းကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလအတွင်း အောက်ဖော်ပြပါ အပြန်အလှန်ဖြည့်စွက်ပေးမည့် လုပ်ငန်းစဉ်(၂)ရပ်ဖြင့် တိုင်းတာနိုင်ပါသည်-

(၁) ကျောင်းအခြေပြု အရည်အသွေး အာမခံမှုစစ်ဆေးအကဲဖြတ်ခြင်းများနှင့်

(၂) သင်ကြားရေးနည်းလမ်းများနှင့် ကျောင်းသားများ သင်ယူတတ်မြောက်ခြင်း တိုးတက်မှုများ၏ဆက်စပ်မှုကို လေ့လာဆန်းစစ်သော နမူနာအခြေပြု သုတေသနလေ့လာမှုများ

ဖြစ်သည်။

ဤလုပ်ငန်းစဉ် (၂)ရပ်ကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားသည်။

**အရည်အသွေးအာမခံမှုစစ်ဆေးအကဲဖြတ်ခြင်းများ**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ ကျောင်းများအားလုံးနှင့် ပညာသင်ယူရာဌာနများတွင် ပညာရေးစံချိန်စံညွှန်းများ ဖော်ဆောင်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနသည် ပညာရေး အရည်အသွေးအာမခံမှုစနစ် (MQAS) တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ရမည်။ ဤလုပ်ငန်းကို ကဏ္ဍခွဲများအားလုံးတွင် အရည်အသွေးစံနှုန်းများ စစ်ဆေးအကဲဖြတ်ခြင်း မူဘောင်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းအားဖြင့် ရရှိနိုင်မည်ဖြစ်သည်။ (MQAS) ကို အခန်း(၁၃)တွင် အသေးစိတ်ဆွေးနွေးထားသည်။

(MQAS)၏ ပထမအဆင့်တွင် အမျိုးသားအဆင့် အရည်အသွေးစံနှုန်းများ အောင်မြင်ပြီးမြောက်မှုကို တိုင်းတာရန်အတွက် အရည်အသွေးစံနှုန်းများစစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရန် အခြေခံပညာကျောင်းများသို့ သွားရောက်စစ်ဆေးရမည့် မြို့နယ်အခြေပြု စစ်ဆေးရေး အဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရမည်။

**ဇယား (၁) မူလတန်းကျောင်းပေါင်း (၂၀၀) တွင် သင်ခန်းစာ လေ့လာမှုပေါင်း (၈၀၀) မှ အချက်အလက်များ**

| အဓိက သင်ခန်းစာလေ့လာတွေ့ရှိချက်များ | သင်ခန်းစာတစ်ခုချင်းစီအတွက် လေ့လာတွေ့ရှိခဲ့သည့် ဆရာများ၏ သင်ကြားပုံ အကြိမ်အရေအတွက်ကို ရာခိုင်နှုန်းဖြင့်ဖော်ပြခြင်း | | | | |
|---|---|---|---|---|---|
| | လုံးဝမတွေ့ခြင်း (%) | တွေ့ရခဲခြင်း (%) | ရံဖန်ရံခါ တွေ့ခြင်း (%) | အမြဲတွေ့ခြင်း (%) | စုစုပေါင်း |
| ဆွေးနွေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ | ၅၈ | ၂၉ | ၁၂ | ၁ | ၁၀၀ |
| အပြန်အလှန် ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှု | ၆၉ | ၂၆ | ၄ | ၀ | ၁၀၀ |

ကျောင်းများသို့ သွားရောက်စစ်ဆေးစဉ်ကာလအတွင်း အချက်အလက်များကောက်ယူစုဆောင်းရာတွင် မြို့နယ်စစ်ဆေးရေးအဖွဲ့ဝင်များ သုံးစွဲမည့် အရည်အသွေးစံနှုန်းများ စစ်ဆေးအကဲဖြတ်ခြင်းနည်းစနစ်များတွင် စာသင်ခန်းအတွင်း သင်ကြားရေးနည်းစနစ်များ သုံးစွဲခြင်းဆိုင်ရာ အပိုင်းတစ်ခုပါဝင်မည်ဖြစ်သည်။ မြို့နယ်စစ်ဆေးရေးအဖွဲ့ဝင်များသည် စာသင်ခန်းများအတွင်း အပြန်အလှန်ဆက်သွယ်မှုရှိသော သင်ကြားမှုနည်းလမ်း (၆)ရပ်အနက်မှ အသုံးပြုနေသော သင်ကြားရေးနည်းစနစ်များကို သိရှိနိုင်ရန်အတွက် ကျောင်းစစ်ကာလအတွင်း သင်ကြားမှုဆိုင်ရာ လေ့လာမှုများကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းအစီအစဉ်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်၏အစိတ်အပိုင်းဖြစ်သော စာသင်ခန်းတွင်း သင်ကြားမှု တိုးတက်ကောင်းမွန်ရေးဆိုင်ရာအောင်မြင်ပြီးမြောက်မှု အတိုင်းအတာပမာဏနှင့် စပ်လျဉ်း၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် အမျိုးသားအဆင့်များတွင် ကျောင်းများနှင့် ပညာရေးစီမံခန့်ခွဲသူများအား အသုံးဝင်သော အရေအတွက်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

**နမူနာအခြေပြု သုတေသနလေ့လာသုံးသပ်မှုများ**

ကျောင်းသားများ သင်ယူတတ်မြောက်မှု တိုးတက်လာစေရန် သမားရိုးကျ နည်းစနစ်များနှင့် အတူ ဆွေးနွေးခြင်းနှင့်အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း နည်းလမ်းများကို အောင်မြင်စွာသုံးစွဲလျက်ရှိသော ဆရာများထံမှ အလေ့အထကောင်းများကို မှတ်တမ်းတင်ရန်နှင့် ဖြန့်ဖြူးပေးရန်အတွက် လက်တွေ့အသုံးချသုတေသနများကို ပညာရေးဝန်ကြီးဌာနမှ ပံ့ပိုးပေးမည်ဖြစ်သည်။ ဤသို့ဖြင့် ဆရာများသည် စာသင်ခန်းများအတွင်း အပြန်အလှန်ပြောဆိုသင်ကြားခြင်း နည်းလမ်းကို သုံးစွဲရာတွင် ၎င်းတို့အား အထောက်အကူပြုနိုင်မည့် အထောက်အထားအခြေပြု အပြန်အလှန်ပြောဆိုသင်ကြားနည်းစနစ်များနှင့် သင်ထောက်ကူပစ္စည်းများကို ပညာရေးဝန်ကြီးဌာန အနေဖြင့် ရေးဆွဲဖော်ထုတ်မည်ဖြစ်သည်။ အဆိုပြုထားသော လက်တွေ့အသုံးချသုတေသနကို ကျောင်းသားများ သင်ယူတတ်မြောက်မှု တိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် အပြန်အလှန်ပြောဆိုသင်ကြားမှုနည်းလမ်း(၆)ရပ်မှ တစ်ခုချင်းစီ၏ထိရောက်မှုရှိသည့် အတိုင်းအတာကို လေ့လာနိုင်ရန်လည်း အလေးထားမည်ဖြစ်သည်။

နမူနာအခြေပြု သုတေသနလေ့လာသုံးသပ်မှုများသည် အမျိုးမျိုးသော ပညာသင်ယူရာဌာနများ (အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးနှင့် အဆင့်မြင့်ပညာရေး)ရှိ စာသင်ခန်းများအတွင်း အပြန်အလှန်ပြောဆိုသင်ကြားမှုကို အသုံးပြုရာတွင် တန်ဖိုးရှိသော အထောက်အထားများကို ပံ့ပိုးပေးမည်ဖြစ်သည်။ ဤသုတေသနအထောက်အထားသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်သည့် တိုးတက်ကောင်းမွန်သော စာသင်ခန်းတွင်း သင်ကြားမှုအတွက် အောင်မြင်မှုအတိုင်းအတာကိုသိရှိရန် အထောက်အကူပြုမည် ဖြစ်သည်။

**၅။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်အရ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို တိုင်းတာခြင်း**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်တွင် ဖော်ပြထားသော ကျောင်းသားများ၏ သင်ယူတတ်မြောက်ခြင်းဆိုင်ရာ တိုင်းတာမည့်တိုးတက်မှုများကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်စဉ် ကာလအတွင်း အောက်ဖော်ပြပါ အပြန်အလှန် ဖြည့်စွက်ပေးမည့် လုပ်ငန်းများဖြင့် တိုင်းတာနိုင်ပါသည်။

(၁) ပဉ္စမတန်း၊ နဝမတန်းနှင့် ဒွါဒသမတန်းစာမေးပွဲများ၊

(၂) စာသင်ခန်းတွင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့်

(၃) EGRA ကဲ့သို့သော ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကိုတိုင်းတာသည့် နမူနာအခြေပြု သုတေသနလေ့လာမှုများ၊

အထက်ဖော်ပြပါလုပ်ငန်း (၃) ခုသည် ကျောင်းသားသင်ယူတတ်မြောက်မှုဆိုင်ရာ အချိန်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသော အပြောင်းအလဲများနှင့်စပ်လျဉ်း၍ တိကျခိုင်မာလွှမ်းခြုံမှုရှိသော သတင်းအချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

# အခန်း ၁၃

**နောက်ဆက်တွဲ-၁၃.၁။ ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ် (MQAS) စတင်ကျင့်သုံးခြင်း**

ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်ကို ကျောင်းများအားလုံးနှင့် ပညာသင်ယူရာဌာနများတွင် အရည်အသွေးစံသတ်မှတ်ချက်များအရ လက်ခံလာစေမည်ဖြစ်သောကြောင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အပြောင်းအလဲအတွက် အထောက်အကူပြုမည်ဖြစ်သည်။ သင်တန်းတက်ရောက်ပြီးသော မြို့နယ်စစ်ဆေးရေး အဖွဲ့ဝင်များ (မြို့နယ်နှင့် ခရိုင်အရာရှိများ)က ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် နှစ်စဉ်စနစ်တကျဆောင်ရွက်သော ပြင်ပ အရည်အသွေးအာမခံမှုစစ်ဆေးအကဲဖြတ်ခြင်းများကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်ကို တိုင်းတာနိုင်သောအရည်အသွေး စံသတ်မှတ်ချက်ဆိုင်ရာ အချက်အလက်များစုစည်းထားသည့်နေရာ (Database) တစ်ခုကို ထူထောင်နိုင်မည်ဖြစ်သည်။

ဤအချက်အလက်များစုစည်းထားသည့်နေရာ (Database) က ပညာရေးစီမံခန့်ခွဲမှုနှင့် ကျောင်းသားစွမ်းဆောင်ရည်အချက်အလက်များကိုပေါင်းစပ်ကာ အမျိုးသားပညာရေးစနစ်တစ်ခုလုံးရှိ ပညာရေးစီမံခန့်ခွဲသူများအကြား အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့ပြင်ဤအချက်အလက်များစုစည်းထားသည့်နေရာ (Database) သည် စီမံခန့်ခွဲသူများအား အမျိုးသားအဆင့် အရည်အသွေးစံနှုန်းများ အောင်မြင်ဖြစ်ထွန်းမှုကိုအခြေပြုပြီး ကျောင်းများနှင့် ပညာသင်ယူရာဌာနများနှိုင်းယှဉ်ရန်နှင့် အဆင့်သတ်မှတ်ရန် အထောက်အကူပြုစေမည်ဖြစ်သည်။

အထူးသဖြင့် ပညာရေးဝန်ကြီးဌာန၏ အရည်အသွေးအာမခံမှုစနစ်သည် ပညာရေးစံသတ်မှတ်ချက်များအလိုက် ပွင့်လင်းမြင်သာသော စွမ်းဆောင်ရည်အစီရင်ခံစာများကို ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးအား ဖြန့်ဝေပေးမည်ဖြစ်သည်။ အရည်အသွေးအာမခံမှုအကဲဖြတ်စိစစ်ခြင်း ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် အမျိုးသားအဆင့် အနိမ့်ဆုံးအရည်အသွေးစံသတ်မှတ်ချက်များ ပေါက်မြောက်အောင်မြင်မှုအလိုက် ချီးမြှင့်သည့်ရမှတ်များကို ထိုအစီရင်ခံစာများတွင် ဖော်ပြထားပါသည်။

ကျောင်းများနှင့် ပညာသင်ယူရာဌာနများသည် သင်ကြားမှုနှင့် ကျောင်းသားများ သင်ယူတတ်မြောက်မှုတို့တွင် တိုင်းတာရရှိနိုင်သော ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ ဦးတည်နေသည့် ပညာရေးစီမံခန့်ခွဲမှုကို တွန်းအားပေးရန်နှင့် အရည်အသွေးတိုးတက်မြင့်မားမှုများ ရေရှည်တည်တံ့စေရန်အတွက် အရည်အသွေးတိုးတက်မြင့်မားမှုစီမံကိန်းရေးဆွဲရာတွင် ဤကိန်းဂဏန်းအချက်အလက်များကို သုံးစွဲမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ အရည်အသွေးအာမခံမှုစနစ်မှရရှိလာသော ကျောင်းအရည်အသွေးစွမ်းဆောင်ရည်အချက်အလက်များကို ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများအား (ကျောင်းသားများနှင့် မိဘများအပါအဝင်) အနိမ့်ဆုံး အမျိုးသားအဆင့် အရည်အသွေးစံသတ်မှတ်ချက်များ အောင်မြင်ပြီးမြောက်မှုရရှိသည့်အတိုင်းအတာကို အသိပေးရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာန၏ အရည်အသွေးအာမခံမှုစနစ်သည် မိဘများအနေဖြင့် သားသမီးများ မည်သည့်ကျောင်းများတွင် ပညာသင်ယူသင့်သည်ကို ရွေးချယ်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် အဓိကကျသော အခန်းမှ ပါဝင်သည်။

အဓိကအားဖြင့် အမျိုးသားအရည်အသွေးစံသတ်မှတ်ချက်များ အောင်မြင်မှုရရှိစေရေးအတွက် ကျောင်းအုပ်ကြီးများနှင့် ပညာသင်ယူရာဌာနများရှိ ပညာရေးစီမံခန့်ခွဲသူများအား တာဝန်ယူဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်၏ ကျောင်းအရည်အသွေး စွမ်းဆောင်ရည်အချက်အလက်များကို အသုံးပြုကြမည် ဖြစ်သည်။


ပညာရေးဝန်ကြီးဌာနသည်အဆင့် (၅)ဆင့်ပါဝင်သော အရည်အသွေး အာမခံမှုစနစ်မူဘောင်တစ်ခုကို ပုံ(၁)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံရှိ ပညာရေးဝန်ဆောင်မှုပေးသူအားလုံး အသုံးပြုနိုင်ရန်ရေးဆွဲမည်ဖြစ်သည်။ပညာရေးဝန်ကြီးဌာနအရည်အသွေးအာမခံမှုစနစ်မူဘောင်၏ ယေဘုယျ ရည်ရွယ်ချက်မှာ ကျောင်းများနှင့်ပညာသင်ယူရာဌာနများတွင် တိုင်းတာရရှိနိုင်သော သင်ကြားသင်ယူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန အရည်အသွေး အာမခံမှုစနစ်မူဘောင်၏ အဓိကအဆင့် (၅)ဆင့်မှ တစ်ဆင့်ချင်းစီကိုပုံ (၁)တွင် ဖော်ပြထားသည်။

**အဆင့် ၁။ ပညာရေးအရည်အသွေးဝန်ဆောင်မှုစံသတ်မှတ်ချက်များကို ချမှတ်ခြင်း။**

ပညာရေးဝန်ကြီးဌာန၏ အရည်အသွေးအာမခံမှုစနစ် ပထမအဆင့်တွင် မူကြိုကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးပံ့ပိုးသူများ၊ နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဌာနများနှင့် တက္ကသိုလ်များကဲ့သို့သော ပညာရေးဝန်ဆောင်မှု ပေးသည့် ဌာနအားလုံးအတွက် တိုင်းတာရရှိနိုင်သော အရည်အသွေးဝန်ဆောင်မှု စံသတ်မှတ်ချက်များ ပါဝင်သည်။ ဤအမျိုးသားအဆင့် စံသတ်မှတ်ချက်များသည် ၎င်းတို့ကို ရပ်ရွာဒေသနှင့် ကျောင်းအခြေပြုမူကြိုကျောင်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများမှ စီမံအုပ်ချုပ်သည့် မူကြိုကျောင်းများရှိ ပညာရေးဝန်ဆောင်မှု ပေးသူအားလုံးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးပံ့ပိုးသူများ၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဌာနများနှင့် တက္ကသိုလ်များအားလုံးအတွက် ပညာရေးအရည်အသွေးဝန်ဆောင်မှုစံနှုန်းများ တစ်မျိုးတည်းသာရှိရမည်ဖြစ်သည်။

ပညာရေးအရည်အသွေးဝန်ဆောင်မှု စံနှုန်းများသည် အထောက်အထားအခြေပြုဖြစ်ရမည်။ ဆိုလိုသည်မှာ ၎င်းတို့သည် နိုင်ငံတော်အဆင့် (သို့မဟုတ်) နိုင်ငံတကာအဆင့် သုတေသနများနှင့် အတွေ့အကြုံကောင်းများမှ ရရှိလာသော အထောက်အထားများကို အခြေခံရမည်ဖြစ်သည်။ ပညာရေးအရည်အသွေး ဝန်ဆောင်မှုစံနှုန်းများသည် အရေအတွက်ကိန်းဂဏန်းများသာဖြစ်ရမည်။ ဆိုလိုသည်မှာ သီးခြားဝန်ဆောင်မှု ပေးသည့်ဌာနမှ ကျောင်းများအတွက် ပညာရေးအရည်အသွေး ဝန်ဆောင်မှုစံနှုန်းများကို ပွင့်လင်းမြင်သာစွာနှင့် ထိရောက်စွာ နှိုင်းယှဉ်နိုင်စွမ်းရှိစေရန် လိုအပ်ပါသည်။ ထို့ပြင် အရေအတွက်ဆိုင်ရာ ဝန်ဆောင်မှုစံနှုန်းများသည် ကျောင်းများတွင် ဆောင်ရွက်သော အရည်အသွေးအာမခံမှုအကဲဖြတ် စစ်ဆေးခြင်းပြုလုပ်နေစဉ်အတွင်း အချက်အလက်များ ကောက်ယူစုဆောင်းရာ၌ ဘက်လိုက်ခြင်းနှင့် ပုဂ္ဂိုလ်ရေးအမြင် လွှမ်းမိုးခြင်းတို့ကို သိသာစွာ လျော့ကျစေနိုင်ပါသည်။

**ပုံ (၁) ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ် (MQAS) မူဘောင်၏ အဓိကအဆင့်များ**




**အဆင့် ၂။ အရည်အသွေးအာမခံမှု နည်းလမ်းများကို ပုံစံရေးဆွဲခြင်းနှင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း**

ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်မူဘောင် အဆင့်-၂ တွင် အမျိုးသား အရည်အသွေးဝန်ဆောင်မှုစံသတ်မှတ်ချက်များ ပေါက်မြောက်အောင်မြင်မှုကို အကဲဖြတ်စိစစ်ရာတွင် အသုံးပြုသောနည်းစနစ်များနှင့် လုပ်ငန်းစဉ်များ၏ ပုံစံရေးဆွဲခြင်းတို့ပါဝင်ပါသည်။ အရည်အသွေး အာမခံမှုနည်းစနစ်ဆိုသည်မှာ လေ့ကျင့်သင်ကြားပေးထားသောပညာရေးဝန်ကြီး ဌာနမှ အရာရှိများနှင့် အတည်ပြုထားသော မိတ်ဖက်များအနေဖြင့် ကျောင်းများနှင့် ပညာရေး ဝန်ဆောင်မှုပေးသူများအား ပြင်ပအရည်အသွေးအာမခံမှုနှင့်အညီ စစ်ဆေးအကဲဖြတ်ရန် အသုံးပြုမည့်ပုံစံတွင် သေချာစွာရေးဆွဲထားသော မေးခွန်းများပါဝင်ပါသည်။ အဆိုပါ စံသတ်မှတ်ချက် ပုံစံတွင် ပြင်ပမှ စစ်ဆေးအကဲဖြတ်သူများ အသုံးပြုမည့် အသေးစိတ်လမ်းညွှန်ချက်များပါဝင်ပါသည်။ လမ်းညွှန်ချက်များတွင် အရည်အသွေး အာမခံမှုမူဘောင်နှင့်အညီ အမျိုးသားအဆင့် အရည်အသွေးစံနှုန်းများ၏ အနိမ့်ဆုံးရရှိနိုင်မှုအတိုင်းအတာကို အကဲဖြတ်စိစစ်နိုင်ရန်အတွက် ကျောင်းတစ်ကျောင်းချင်းစီအား အမှတ်ပေးစနစ်များ ပါဝင်ပါသည်။

ကျောင်းတစ်ကျောင်း၏ အရည်အသွေးကို အလွယ်တကူ အကဲဖြတ်နိုင်စေရန် အရည်အသွေး အာမခံမှုစံသတ်မှတ်ချက်များ ပြုစုနိုင်ရေးဆိုင်ရာသင်တန်းပေးရပါမည်။ အဆိုပါ သတ်မှတ်ချက်များသည် ကျောင်းများအတွက် လိုက်နာဆောင်ရွက်ရန် လွယ်ကူရပါမည်။ သို့မှသာ ကျောင်းများအနေဖြင့် ၎င်းတို့၏ကျောင်းတွင် သင်ကြားသင်ယူမှုတိုးတက်ကောင်းမွန်လာစေရေး အတွက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းများနှင့် ပညာရေးဝန်ဆောင်မှုပေးသူများကို ပြင်ပ အရည်အသွေးအာမခံမှု အကဲဖြတ်စိစစ်ခြင်းများဆောင်ရွက်နိုင်ရန် ခရိုင်နှင့် မြို့နယ်အဆင့်များရှိ အရာရှိများကို ခန့်အပ်ကာ သင်တန်းပေးရန်လိုအပ်မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနသည် လက်ရှိ ကျောင်းစစ်ဆေးရေးအဖွဲ့များကို အရည်အသွေးအာမခံမှုဆိုင်ရာ အကြံပြုချက်ပေးနိုင်သူ များဖြစ်လာစေရန်နှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အဆင့် ၃။ အရည်အသွေးစံသတ်မှတ်ချက်များဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း**

ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်မူဘောင်၏ တတိယအဆင့်တွင် အရည်အသွေးအာမခံမှုအကဲဖြတ်ခြင်းများဆောင်ရွက်ရန် ကျောင်းများနှင့် ပညာသင်ယူရာဌာနများသို့ သွားရောက်ခြင်းများပါဝင်သည်။ အရည်အသွေးအာမခံမှုစနစ် တစ်ခုလုံးကို တိုးတက်ကောင်းမွန်ရန်အတွက် အကဲဖြတ်စိစစ်မှုများကို စနစ်တကျဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။ ဥပမာ- အရည်အသွေးအာမခံမှုအကဲဖြတ်စိစစ်ခြင်းများကို မြို့နယ်တစ်ခုအတွင်းမှ တချို့ကျောင်းများတွင်သာ ဆောင်ရွက်ပြီး တချို့တွင် ဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအဆင့်အရည်အသွေး စံသတ်မှတ်ချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် လိုအပ်သောကျောင်းများကို နှိုင်းယှဉ် ဖော်ထုတ်ရန် မဖြစ်နိုင်ပေ။

ထို့ပြင်ကျောင်းများတွင် အရည်အသွေးအာမခံမှုအကဲဖြတ်စိစစ်ခြင်းများ ပုံမှန်မပြုလုပ်ပါက ကျောင်းအုပ်များနှင့် ကျောင်းအကျိုးဆောင်အဖွဲ့များအနေဖြင့် သင်ကြားသင်ယူမှု တိုးတက်ကောင်းမွန်လာစေရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို တိုင်းတာရန် မဖြစ်နိုင်ပါ။

**အဆင့် ၄။ အရည်အသွေးစံသတ်မှတ်ချက်များဆိုင်ရာ အချက်အလက်များကို အသုံးပြုခြင်း**

ပညာရေးဝန်ကြီးဌာန၏ အရည်အသွေးအာမခံမှုစနစ်အောက်တွင် အရည်အသွေးအာမခံမှု အကဲဖြတ်စိစစ်ခြင်းများမှအချက်အလက်များကိုအမျိုးသားအဆင့်အချက်အလက်များစုစည်းထားသည့်နေရာ (Database) တွင်ထည့်သွင်းပြီး သုံးစွဲရန်အတွက်လွယ်ကူသော အချက်အလက် စီမံခန့်ခွဲမှု နည်းစနစ်များနှင့်ချိတ်ဆက်ကာ လက်တွေ့ကျပြီး အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်မည့် စနစ်များချမှတ်ထားရမည်။ ဤသို့ဖြင့် အမျိုးသားပညာရေးအဆင့်အားလုံးရှိ ပညာရေးစီမံခန့်ခွဲသူ များအနေဖြင့် အရည်အသွေးစံသတ်မှတ်ချက်များဆိုင်ရာအချက်အလက်များကိုအသုံးပြုပြီး အရင်း အမြစ်များ ခွဲဝေနေရာချထားသတ်မှတ်နိုင်မည်ဖြစ်သည်။ ဥပမာ-ပညာရေးဝန်ကြီးဌာနက သတ်မှတ် ထားသော အနိမ့်ဆုံးအမျိုးသားစံသတ်မှတ်ချက်များပြည့်မီရန် ကြိုးစားဆောင်ရွက်နေရသော ကျောင်းများသို့ အရင်းအမြစ်များခွဲဝေသတ်မှတ်ပေးရန် (သို့မဟုတ်) (၂)နှစ်တာကာလအတွင်း အမျိုးသားအဆင့် စံသတ်မှတ်ချက်များပေါက်မြောက်အောင်မြင်မှုတွင် တိုးတက်မှု တစ်စုံတစ်ရာ မရှိသော ကျောင်းများ၏ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။

### အဆင့် ၅။ ကျောင်းများတွင် သင်ကြားသင်ယူမှု တိုးတက်ကောင်းမွန်စေခြင်း

ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်၏နောက်ဆုံးနှင့်အရေးအကြီးဆုံးအဆင့်မှာ ကျောင်းများတွင် သင်ကြားသင်ယူမှုတိုးတက်မြင့်မားလာစေရန် ပြုလုပ်ပေးသည့် စွမ်းဆောင်မှုကို အချိန်နှင့်အမျှ အကဲဖြတ်စိစစ်ရန်အတွက် အရည်အသွေးစံသတ်မှတ်ချက်များဆိုင်ရာ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာမှုများပြုလုပ်ရမည်။ ဆရာအတတ်သင်တန်းများ၊ ကျောင်းသုံးစာအုပ်များ၊ စာသင်ခန်းများပြုပြင်မွမ်းမံခြင်း၊ စီမံခန့်ခွဲမှုသင်တန်းများ ပံ့ပိုးပေးခြင်းသည် ကျောင်းများကို အစိုးရကသတ်မှတ်ထားသော အရည်အသွေးစံသတ်မှတ်ချက်များ အနိမ့်ဆုံး အဆင့်ရရှိစေရေးအတွက် အတိုင်းအတာတစ်ခုအထိ ပံ့ပိုးပေးမည့် အလွန်အရေးကြီးသော အဆင့်ဖြစ်ပါသည်။ ဤလေ့လာမှုသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးရှိသော ပညာရေးဖြစ်စေရန်နှင့် ကျောင်းများတွင် သင်ကြားသင်ယူမှုများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ရန်ပုံငွေတိုးချဲ့ပံ့ပိုးပေးရန် ဦးစားပေးရွေးချယ်ကာ ထောက်ခံတင်ပြနိုင်မည်ဖြစ်သည်။

## နောက်ဆက်တွဲ ၁၃.၂။ ဆုံးဖြတ်ချက်ချရန်အတွက်အများယုံကြည်လက်ခံသော အထောက်အထားအခြေပြုနည်းလမ်းတစ်ခု၏အကျိုးကျေးဇူးများ

အထောက်အထားအခြေပြုဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍအတွက် အပြုသဘောဆောင်သော သိသာထင်ရှားသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်သည်။ ၎င်းတို့မှာ -

### (၁) အမျိုးသားပညာရေးစနစ်တွင် အခွင့်အလမ်းပိုင်းဆိုင်ရာ မညီမျှမှုများကိုဖြေရှင်း ဆောင်ရွက်နိုင်ခြင်း

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီမံခန့်ခွဲသူများအနေဖြင့် ကျောင်းများတွင်သင်ကြားသင်ယူမှုများ တိုးတက်စေရေးအတွက် လူသားအရင်းအမြစ်နှင့် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် သာတူညီမျှ ရှိလာနိုင်စေမည်ဖြစ်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ပြည်သူလူထုအားလုံးသို့ အရည်အသွေးရှိသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဖြန့်ဖြူးရာတွင် နိုင်ငံတော်အစိုးရ၏မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်ကို အပြည့်အဝ အထောက်အကူပြုမည်ဖြစ်သည်။

အစိုးရ၏မူဝါဒများ၊ စီမံကိန်းများနှင့် အစီရင်ခံစာများတွင် သာတူညီမျှမှုကို မကြာခဏ ထောက်ခံတင်ပြနေသော်လည်း လက်တွေ့တွင် ကျင့်သုံးရန် များစွာခက်ခဲသည်ကို သိရှိနားလည်ရန် အရေးကြီးပါသည်။ လက်ရှိမညီမျှမှုများကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းနိုင်မည့် လက်တွေ့ကျသောအဆင့်များနှင့် နည်းစနစ်များ ပံ့ပိုးပေးခြင်းဖြင့် အဆိုပါအဟန့်အတားကို ပညာရေးဝန်ကြီးဌာန၏ အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချမှတ်သည့် ချဉ်းကပ်နည်းဖြင့် အသုံးပြု ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

### (၂) ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့်တာဝန်ခံမှုရှိခြင်း

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဆုံးဖြတ်ချက်တစ်ခု မည်ကဲ့သို့ ချမှတ်ရသည်ကို နားလည်စေရန် တိကျသည့် အထောက်အထားရှိသောကြောင့် ပွင့်လင်းမြင်သာမှုကို သိသာစွာ တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။ ဥပမာ - စာသင်ခန်းဆောက်လုပ်ရာတွင် နိုင်ငံတစ်ဝန်းပြုလုပ်သော အိမ်ထောင်စု ဆင်းရဲနွမ်းပါးမှုအချက်အလက်သည် မြို့နယ်အဆင့် သာတူ ညီမျှရှိစေရေးအတွက် တိကျသော အထောက်အထားတစ်ခုဖြစ်ပါသည်။ ပညာရေး



စံသတ်မှတ်ချက်များ အခြေအနေကို အကဲဖြတ်စိစစ်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ကျောင်းများအတွက် ချမှတ်ပေးထားသော အမျိုးသားအဆင့် စံသတ်မှတ်ချက်များထဲတွင် ကျောင်းသားနှင့်စာသင်ခန်း အချိုးဆိုင်ရာ အချက်အလက်များကို ထည့်သွင်းပြုစုဖော်ပြပေးနိုင်ပါသည်။

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာများကို တာဝန်ယူ၊ တာဝန်ခံတတ်စေရန်အတွက် ကိုင်တွယ်အသုံးပြုနိုင်မည့် ခိုင်မာသော စနစ်တစ်ခု ပံ့ပိုးပေးမည်ဖြစ်ပါသည်။

**(၃) ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင်ဘက်လိုက်မှု၊ အဂတိလိုက်စားမှုလျော့နည်းလာခြင်း**

အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အားနည်းစေမည့် ဘက်လိုက်မှု (သို့မဟုတ်) ဖိအားပေးမှုများကို ပပျောက်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အထောက်အထားများသည် ၎င်းတို့ကိုယ်တိုင် အခြေအနေမှန်ကို ရှင်းရှင်းလင်းလင်းဖော်ပြနေသောကြောင့် ဖြစ်သည်။

အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချခြင်းသည် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ကျင့်ဝတ်နှင့်မလျော်ညီသော ဆုံးဖြတ်ချက်များချမှတ်ရန် ဖိအားပေးခံရသည့် အခြေအနေတွင် အထောက်အကူပေးနိုင်ပါသည်။ အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းက အဂတိလိုက်စားမှုကိုလည်း လျှော့ချပေးနိုင်ပါသည်။

**(၄) ပညာရေး၌ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်းနှင့်ထိုပမာဏနှင့်အညီ အကျိုးရှိစေခြင်း**

အထောက်အထားအခြေပြုဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ပညာရေးသွင်းအားစုများကို အလိုအပ်ဆုံးကျောင်းများသို့ ရောက်ရှိသွားမည်ဖြစ်သောကြောင့် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို အမြင့်မားဆုံး အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ဤအချက်က ရင်းနှီးမြှုပ်နှံမှုများသည် ကျောင်းများ၌ သင်ကြားသင်ယူမှုအပေါ်တွင် အပြုသဘောဆောင်သည့် အကြီးမားဆုံး အကျိုးသက်ရောက်မှုအလားအလာရှိစေမည် ဖြစ်သည်။

## နောက်ဆက်တွဲ ၁၃.၃။ လုပ်ငန်းစွမ်းဆောင်ရည်လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ် (PeMAS) ရေးဆွဲအကောင်အထည်ဖော်ခြင်း

လုပ်ငန်းစွမ်းဆောင်ရည် လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ်သည် ကွန်ရက်အခြေပြု ဆော့ဝဲအပလီကေးရှင်းတစ်ခုဖြစ်ပြီး ပညာရေးစီမံခန့်ခွဲသူများအနေဖြင့် အင်တာနက် အသုံးပြု၍ရသော မည်သည့်နေရာမဆို တိကျမှန်ကန်သော သတင်းအချက်အလက်များကို ရယူအသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။ ၎င်းစနစ်သည် Desktop ကိုပါ အခြေခံထားသော ပုံစံဖြစ်သောကြောင့် အင်တာနက်မရရှိသော ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်များက ပြုစုထားသော စီဒီများကိုအသုံးပြု၍ ပညာရေးစီမံခန့်ခွဲသူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီစုဆောင်းထား Database အချက်အလက်များကို (၃)လ တစ်ကြိမ် ရရှိမည်ဖြစ်သည်။

လုပ်ငန်းစွမ်းဆောင်ရည် လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ်တွင် မော်ဂျူး (၅)ခုပါဝင်သော လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ အဓိကအချက်အလက်များ ဖော်ပြထားပါသည်။ မော်ဂျူးတစ်ခုစီကို အောက်တွင် အသေးစိတ်ရှင်းလင်းဖော်ပြထားပါသည်။

### PeMAS မော်ဂျူး ၁။ ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ခြင်းနှင့်စာမေးပွဲများ ကျင်းပခြင်းဆိုင်ရာအချက်အလက်များ

ဤမော်ဂျူးမှ အခြေခံပညာကျောင်းများ၏ စာမေးပွဲဆိုင်ရာအချက်အလက်များကို ဖော်ပြမည်ဖြစ်ပြီးနောက်ပိုင်းတွင် တက္ကသိုလ်အားလုံးနှင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းဌာနများမှ စာမေးပွဲအချက်အလက်များ ပါဝင်လာမည်ဖြစ်သည်။ ဤမော်ဂျူး အောက်ရှိ အချက်အလက်များအတွက် မြန်မာနိုင်ငံစာစစ်အဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ သို့သော် ၎င်းအဖွဲ့သည် စာမေးပွဲဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို ကွန်ပျူတာသုံး အချက်အလက်များ (Electronically)အဖြစ် ရရှိစေနိုင်ရန် (PeMAS)နှင့် ချိတ်ဆက်ထားမည်ဖြစ်သည်။ ဥပမာ- PeMASတွင် သတ်မှတ်ကျောင်းတစ်ကျောင်းက တစ်ဦးချင်းစီ၏အမှတ်များ (သို့မဟုတ်) ကျောင်းသားများ၏အမည်များနှင့်ပတ်သက်သော အချက်အလက်များလိုအပ်မည်မဟုတ်ဘဲ အထက်တန်းကျောင်းတစ်ခုလုံး၏ ပျမ်းမျှတက္ကသိုလ်ဝင်စာမေးပွဲ အမှတ်များသာ လိုအပ်မည်ဖြစ်သည်။

ဤမော်ဂျူးတွင် တာဝန်ရှိပုဂ္ဂိုလ်များ စောင့်ကြည့်လေ့လာရမည့် အရေးအကြီးဆုံး စွမ်းဆောင်မှု အချက်အလက်များမှာ တစ်ကျောင်းချင်းအလိုက် စာမေးပွဲဖြေဆိုကြသော ပဥ္စမတန်း၊ နဝမတန်းနှင့် ဒွါဒသမတန်းစာမေးပွဲအောင်သည့် ကျောင်းသားအားလုံးအတွက် စုစည်းထားသော ပျမ်းမျှရမှတ် စာရင်းများဖြစ်ပါသည်။ ဤအချက်အလက်များသည် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပုံမှန် လေ့လာသုံးသပ်မှုများပြုလုပ်နိုင်ရန်အတွက် အလွန်အရေးပါပါသည်။

### PeMAS မော်ဂျူး ၂။ ပညာရေးဝန်ကြီးဌာနအရည်အသွေးအာမခံမှုစနစ် (MQAS)အချက်အလက်များ

ဤမော်ဂျူးသည် မြန်မာနိုင်ငံရှိ မူကြို၊ အခြေခံပညာကျောင်းများနှင့် ပညာသင်ယူရာဌာနများအားလုံးအတွက် ကျောင်းအရည်အသွေးအာမခံမှုဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုရမှတ် အချက်အလက်များ(Quality Assurance Assessment-QAA)ကိုဖော်ပြမည်ဖြစ်သည်။ အရည်အသွေးအာမခံမှုဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုကို စစ်ဆေးရေးမှူးများမှ နှစ်စဉ် (သို့မဟုတ်) (၆)လလျှင် တစ်ကြိမ်ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းတို့သည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အနိမ့်ဆုံးရှိရမည့် အရည်အသွေးစံ သတ်မှတ်ချက်များကို ကျောင်းများက မည်သည့်အတိုင်းအတာထိ အောင်မြင်မှုရရှိနေသည်ကို ဆောင်ရွက်ရမည်ဖြစ်သည်။

### PeMAS မော်ဂျူး ၃။ ကျောင်းများ၏တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ အချက်အလက်များကောက်ယူခြင်း

PeMAS မှ တတိယမော်ဂျူးသည် ကျောင်းများ၏တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းမှ ရရှိသော အချက်အလက်များကို ဖော်ပြမည်ဖြစ်သည်။ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သော ပထမနှစ်အတွင်း အခြေခံပညာဦးစီးဌာနသည် မူကြိုကျောင်းများနှင့် အခြေခံပညာကျောင်းအားလုံးမှ အဓိကကျသောပညာရေးစီမံခန့်ခွဲမှု ဆိုင်ရာ အချက်အလက်များကောက်ယူနိုင်ရန်အတွက် အဆိုပါမော်ဂျူး (၃)ခုကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤစီမံခန့်ခွဲမှု အချက်အလက်များတွင် အဓိကကျသော ကျောင်းစွမ်းဆောင်မှုနှင့် အရည်အသွေးအညွှန်းကိန်းပေါင်းစုံ ပါဝင်မည်ဖြစ်သည်။ ၎င်းတို့မှာ ကျောင်းသားများ အမှန်တကယ်ကျောင်းဝင်ရောက်မှု၊ ဆရာများ ခန့်ထားမှု၊ ကျောင်း၏အခြေခံအဆောက်အအုံ (စာသင်ခန်းများ၊ သိုလှောင်ခန်းများ၊ ဆရာများ နေအိမ်) အခြေအနေ၊ ဆရာများ အိမ်ခန်းရရှိမှု၊ အနီးဆုံးမြို့နယ်ပညာရေးမှူးရုံးမှ အကွာအဝေး၊ အနီးဆုံးဈေးနှင့်ဘဏ်မှအကွာအဝေး၊ ကျောင်းသုံးစာအုပ်အရေအတွက်နှင့်အခြေအနေ၊ သင်ထောက်ကူ ပစ္စည်းရရှိမှု၊ ရေနှင့်သန့်ရှင်းရေးရရှိနိုင်မှု၊ ကျောင်းထွက်သွားသော ကျောင်းသားအရေအတွက်၊ ပညာသင်ကြားခွင့်ရရှိသော မသန်စွမ်းကလေးအရေအတွက် (သို့မဟုတ်) ကျောင်းထွက်သွားသော မသန်စွမ်းကလေးအရေအတွက်၊ လျှပ်စစ်နှင့် မိုဘိုင်းဖုန်းသုံးစွဲနိုင်သောအခြေအနေ၊ အနီးဆုံး အလယ်တန်းနှင့် အထက်တန်းကျောင်း (အကွာအဝေး)သို့ တက်ရောက်နိုင်မှု စသည်တို့ဖြစ်ကြသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ပါဝင်သော မူကြိုနှင့် အခြေခံပညာရေးဆိုင်ရာ အထောက်အထားအခြေပြု စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ အချက်အလက်များသည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။ ဥပမာ-အခြေခံပညာဦးစီးဌာနသည် နိုင်ငံတစ်ဝန်းရှိ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူမှု အခွင့်အလမ်းတိုးချဲ့ပေးနိုင်စေရန် ထိုကျောင်းများတွင် သင်ယူမှုအခွင့်အလမ်းနှင့်ပတ်သက်သော အချက်အလက်များရရှိရန် လိုအပ်ပါသည်။ လက်ရှိ အလယ်တန်းကျောင်းများကို အထက်တန်းကျောင်းများအဖြစ်တိုးမြှင့်ပေးရန်နှင့် အခွင့်အလမ်းအနည်းဆုံးမြို့နယ်များတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းအသစ်များ တိုးချဲ့ဆောက်လုပ်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရန် အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်းအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တစ်ခုရေးဆွဲရာတွင် မူလတန်းကျောင်းတစ်ကျောင်းမှ အနီးဆုံး အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများနှင့် မည်မျှကွာဝေးသည်ဟူသည့် အချက်အလက်များကို သုံးစွဲနိုင်မည်ဖြစ်ပါသည်။

ဤအချက်အလက်ကောက်ယူသူများသည် PeMAS မော်ဂျူးတွင် ပုံများ (images) ထည့်သွင်း ဖော်ပြနိုင်ရန် သွားရောက်ခဲ့သော ကျောင်းများ၏ ဓာတ်ပုံများကိုလည်း ရိုက်ယူရန် လိုအပ်ပါသည်။ ဤသို့ဖြင့် ပညာရေးစီမံခန့်ခွဲသူများအတွက် ကျောင်းနှင့်ပတ်သက်သော အညွှန်းကိန်းများစွာပါဝင်သည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းဆိုင်ရာ အချက်အလက် ဇယားတစ်ခု ထည့်သွင်းထားသော ကွန်ပျူတာမှ ဒီဂျစ်တယ်မြေပုံကိုအသုံးပြု၍ ကျောင်းတစ်ကျောင်း၏ အချက်အလက်များကို ရယူနိုင်မည်ဖြစ်သည်။ ဤအချက်အလက်များသည် ကျောင်းတစ်ကျောင်း၏ မှတ်တမ်းတစ်ခုအဖြစ် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ သက်ဆိုင်ရာကျောင်း၏ဘက်စုံ အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်မည်ဖြစ်သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၅)နှစ်အပြီးတွင် အဆိုပါစီမံကိန်းအစီအစဉ်များ၏ အကျိုးသက်ရောက်မှုနှင့် ပေါက်မြောက်အောင်မြင်မှုများကို တိုင်းတာရန်အတွက် အချက်အလက်များ ကောက်ယူရန် လုပ်ငန်းအပြီးသတ်လေ့လာမှု (End-Line Study) တစ်ခုကို ဆောင်ရွက်ရပါမည်။

**PeMAS မော်ဂျူး ၄။ လူ့စွမ်းအားအရင်းအမြစ်သတင်းအချက်အလက်စနစ် (HRIS) နှင့် ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (EMIS)**

ဤမော်ဂျူးတွင် HRIS နှင့် EMIS database များထဲမှ စွမ်းဆောင်မှုဆိုင်ရာ အဓိက အညွှန်းကိန်းများကို ရွေးချယ်တင်ပြထားသည်။ ဤသတင်းအချက်အလက်များကို မော်ဂျူး(၃)တွင် ဆွေးနွေးထားသည့် ကျောင်း၏သတင်းအချက်အလက်များနှင့်အတူ ပေါင်းစပ်ကာ ယှဉ်တွဲ၍ တင်ပြနိုင်သည်။

**PeMAS မော်ဂျူး ၅။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းအစီအစဉ် လေ့လာကြီးကြပ်ခြင်း (Dashboard)**

ဦးစီးဌာနအသီးသီး၏ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သော စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ဤမော်ဂျူးတွင် ဖော်ပြထားပါသည်။ ထိုသတင်းအချက်အလက်များမှာ (၃)လတာအတွင်းလုပ်ဆောင်ရမည့် အဓိကလုပ်ငန်းများ၊ အစိုးရမှ ဘဏ္ဍာငွေ ရရှိနိုင်မှု အခြေအနေ၊ (၃)လတစ်ကြိမ် ပြီးမြောက်ရန် ရည်ရွယ်ထားသော လုပ်ငန်းများဆောင်ရွက်မှုနှင့် ရလဒ်များ ဖြစ်ပါသည်။

အဆိုပါသတင်းအချက်အလက်များသည် အောက်တွင် ဖော်ပြထားသော စစ်ဆေးမှု(၅)ရပ်ကို ခြုံငုံမိစေပါသည်။

**စစ်ဆေးမှု ၁။ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်အချက်အလက်များ**

ဤစစ်ဆေးမှုတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အစိုးရ၏ ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ အဓိက စွမ်းဆောင်ရည်အချက်အလက်များကို ဖော်ပြထားပါသည်။ အဆိုပါ ကြီးကြပ်တိုင်းတာမှု ဇယားပုံကို အသုံးပြုပါက (၃)လတာအလိုက် အတည်ပြုချက်ရရှိသော ဘဏ္ဍာငွေနှင့် ဘဏ္ဍာငွေသုံးစွဲမှုတို့ကို ဖော်ပြနိုင်ပါလိမ့်မည်။ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အစိုးရမှအတည်ပြုရရှိသော ဘဏ္ဍာငွေသုံးစွဲမှုကို အဆိုပါကြီးကြပ်တိုင်းတာမှုဇယားပုံတွင်အလွယ်တကူသိရှိနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ (၃)လ တစ်ကြိမ် အသုံးစရိတ်များသည် ကနဦး ရည်မှန်းထားသည်ထက် လျော့နည်းနေပါက တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြန်လည်ဖြည့်ဆည်းလုပ်ဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

**စစ်ဆေးမှု ၂။ လုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်အချက်အလက်များ**

သက်ဆိုင်ရာဦးစီးဌာနများ၏ နှစ်အလိုက်အကောင်အထည်ဖော်ရေး စီမံကိန်းများတွင် စာရင်းပြုစုထားသော လုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်အညွှန်းကိန်းများအရ ရရှိသော အချက်အလက်များကို ဖော်ပြထားပါသည်။ ဤသတင်းအချက်အလက်များအရ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် စီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နေသော ဝန်ထမ်းများနှင့် မဆောင်ရွက်နိုင်သော ဝန်ထမ်းများကိုပါ အလွယ်တကူသိရှိနိုင်ပါမည်။

**စစ်ဆေးမှု ၃။ အစီအစဉ်ဆိုင်ရာ အထောက်အထားအချက်အလက်များ**

သက်ဆိုင်ရာဦးစီးဌာနများ၏ နှစ်အလိုက်အကောင်အထည်ဖော်ရေးစီမံကိန်းများတွင် စာရင်းပြုစုထားသည့် လုပ်ငန်းအောင်မြင်မှုများကို သိသာထင်ရှားသော အထောက်အထားများဖြင့် ဤစစ်ဆေးမှုမှ ဖော်ပြပေးပါမည်။ အဆိုပါအချက်သည် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် စပ်လျဉ်း၍ အလွန်အရေးကြီးသော စစ်ဆေးမှုတစ်ခုဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ပြီးစီးသောအခါ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ် (PeMAS)တွင် လုပ်ငန်းပြီးစီးသော အထောက်အထားများကို စာရင်းပြုစုကာ အောက်ပါအချက်များ အတိုင်းဖော်ပြရပါမည်။

(၁) ဆောင်ရွက်သောလုပ်ငန်းများ - အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများဆောင်ရွက်ရာတွင် အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာများကို စာရင်းပြုစုရပါမည်။ ထိုသို့ ပြုစုရာတွင် တက်ရောက်သူများစာရင်းနှင့် ဥပမာ-အခမ်းအနားကျင်းပသောရက်စွဲပါ မှတ်တမ်းဓာတ်ပုံများကဲ့သို့သော တခြားအထောက်အထားများပါဝင်ရပါမည်။

(၂) ဝယ်ယူဖြန့်ဖြူးခဲ့သောပစ္စည်းများ - ကျောင်းသုံးစာအုပ် (သို့မဟုတ်) စာသင်ခန်းဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများကဲ့သို့ ဝယ်ယူဖြန့်ဖြူးခဲ့သော ပစ္စည်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဝယ်ယူခွင့်တရားဝင်အမှာစာ၊ ပုံစံများ၊ ငွေချေသည့်ချက်လက်မှတ်မိတ္တူများ၊ တရားဝင်ပြေစာများနှင့်လက်မှတ်ရေးထိုးထားသည့် စာချုပ်များကို သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် စာရင်းပြုစုရန် လိုအပ်ပါသည်။ အဆောက်အအုံများဆောက်လုပ်ခြင်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ပြထားသော မှတ်တမ်းဓာတ်ပုံများနှင့် တည်ဆောက်ရေးကြီးကြပ်မှုအစီရင်ခံစာများကို စာရင်းပြုစုရန်လည်း လိုအပ်သည်။

ပုံ (၂) လုပ်ငန်းစွမ်းဆောင်ရည် လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ် (PeMAS)



**စစ်ဆေးမှု ၄။ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာစွမ်းဆောင်ရည်အချက်အလက်များ**

စစ်ဆေးမှု ၃ တွင် ဖော်ပြထားသော သက်ဆိုင်ရာဝန်ထမ်းများက တင်သွင်းထားသည့် အထောက်အထားများအပေါ် အခြေခံ၍ စစ်ဆေးမှု ၄ တွင် တာဝန်ရှိပုဂ္ဂိုလ်များက စိစစ်အကဲဖြတ်ရာ၌ အသုံးပြုမည့်စွမ်းဆောင်ရည်အချက်အလက်များကို ဖော်ပြထားပါသည်။ အဆိုပါ တိုင်းတာမှုသည် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်စပ်လျဉ်း၍ အလွန်အရေးကြီးသော အချက်အလက်စစ်ဆေးမှုတစ်ခုဖြစ်ပါသည်။ ထိုသို့စစ်ဆေးရာတွင် စစ်ဆေးမှု ၃ တွင် တင်သွင်းထားသည့် အထောက်အထားအချက်အလက်များကို စစ်ဆေးရန်နှင့် လက်ခံဆောင်ရွက်နိုင်သော အခြေအနေရှိပါက အတည်ပြုပေးရန် (သို့မဟုတ်) အကြောင်းပြချက် မလုံလောက်ပါက ငြင်းပယ်ရန်အတွက် online စနစ်ကို အသုံးပြုခြင်းဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**စစ်ဆေးမှု ၅။ အဆင့်မြင့်ရလဒ်များဆိုင်ရာ စွမ်းဆောင်ရည်အချက်အလက်များ**

ဤစစ်ဆေးမှုတွင် လုပ်ငန်းအစီအစဉ်တစ်ခုချင်းစီအတွက် အဆင့်မြင့်ရလဒ်ဇယားတွင် ဖော်ပြထားသော ကြားကာလ ရည်မှန်းချက်များနှင့် ရလဒ်များ၊ စီမံကိန်းအပြီးရလဒ်များ၏ အောင်မြင်မှုနှင့်စပ်လျဉ်းသော စွမ်းဆောင်ရည်အချက်အလက်များကို ဖော်ပြထားပါသည်။ ဤ စစ်ဆေးမှုက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့် အဆင့်မြင့်ရလဒ်များနှင့် စပ်လျဉ်းပြီး မည်သည့်အတိုင်းအတာအထိ ပေါက်မြောက်အောင်မြင်မှုရှိသည်ကို တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ကြီးကြပ်နိုင်မည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ ၁၃.၄။ နှစ်စဉ်ပညာရေးကဏ္ဍအလိုက် စွမ်းဆောင်ရည်နှင့် ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်း**

**နှစ်စဉ်ပညာရေးကဏ္ဍအလိုက် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်း (Annual Performance Review- APR)**

APR သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်မှုနည်းလမ်း အသစ်တစ်ခုဖြစ်ပါသည်။ နှစ်စဉ်ကဏ္ဍအလိုက်စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းဆိုသည်မှာ ပြီးခဲ့သည့် (၁၂)လအတွင်း ပညာရေးကဏ္ဍ၌ မည်သည့်အောင်မြင်မှုများရရှိခဲ့ကြောင်းကို တစ်ပတ်ကြော ပြန်လည်သုံးသပ်ခြင်း ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနက ဦးဆောင်သော နှစ်စဉ်ကဏ္ဍအလိုက်စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းအစီအစဉ်တွင် ပညာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရေးဝန်ကြီးဌာန အရာရှိကြီးများ၊ အဆင့်မြင့်ပညာရေးအကြံပေးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအစရှိသော ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ ကျယ်ပြန့်စွာ ပါဝင်ပါသည်။ နှစ်စဉ်ကဏ္ဍအလိုက်စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းအစီအစဉ်သည် ခရိုင်နှင့်မြို့နယ်များမှ ပညာရေးစီမံခန့်ခွဲသူများကို ပါဝင်စေသည့် အခွင့်အရေးများကို ဖန်တီးပေးသည်။

နှစ်စဉ်ကဏ္ဍအလိုက်စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းအစီအစဉ်၏ ရည်မှန်းချက်မှာ ပညာရေးကဏ္ဍ တစ်ခုလုံးတွင် ပြီးခဲ့သည့် (၁၂)လအတွင်း အောင်မြင်ဖြစ်ထွန်းမှုရလဒ်များကို အကဲဖြတ်နိုင်ရန်ဖြစ်သည်။ အဆိုပါ ပြန်လည်သုံးသပ်ခြင်းသည် အောက်ပါအခွင့်အရေးများကိုလည်း ဖန်တီးပေးသည်-

(၁) စီမံကိန်းလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုကို ပိုမိုအားကောင်းစေခြင်းနှင့် စွမ်းဆောင်ရည်အစီအစဉ်များ ဖော်ထုတ်ခြင်းတို့ကို အထူးအလေးပေးထားသော ကဏ္ဍများအချင်းချင်း အပြန်အလှန်သုံးသပ်စစ်ဆေးမှုကို ဆောင်ရွက်ခြင်း။

(၂) လုပ်ငန်းအစီအစဉ်တစ်ခုချင်းစီ၏ ဆောင်ရွက်မှုများကို နှိုင်းယှဉ်ခြင်းဖြင့် လုပ်ငန်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုကို အကဲဖြတ်ခြင်းနှင့် နားလည်သဘောပေါက်လာခြင်း။

(၃) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းအစီအစဉ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်များအကြား ပူးပေါင်းမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုများကို အားကောင်းလာစေရန် အခွင့်အလမ်းများကို ဖော်ထုတ်ခြင်း။

(၄) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်မှုကို အဟန့်အတားဖြစ်စေသည့် မူဝါဒဆိုင်ရာအားနည်းချက်များနှင့်တခြားအခက်အခဲများကို သိရှိခြင်းနှင့် ဖြေရှင်းခြင်း။

(၅) လွန်ခဲ့သော (၁၂)လအတွင်း အကောင်းဆုံးစွမ်းဆောင်ခဲ့သော စီမံခန့်ခွဲသူများကို အသိအမှတ်ပြုချီးမြှင့်ခြင်း။

(၆) အကောင်အထည်ဖော်မှုစွမ်းဆောင်ရည်တိုးတက်ကောင်းမွန်စေရန် လာမည့်လများတွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ထောက်ခံအကြံပြုချက်များကို ဖော်ထုတ်ခြင်း။

(၇) ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတစ်ခုလုံး အကောင်အထည်ဖော်မှုအထောက်အကူပြုရေးအတွက် လာမည့်လများတွင် ထည့်သွင်းစဉ်းစားနိုင်ရန် နှစ်စဉ်စွမ်းဆောင်ရည်ပြန်လည်သုံးသပ်မှုအစီရင်ခံစာတွင် ဖော်ပြထားသော ထောက်ခံအကြံပြုချက်များကို ဖော်ထုတ်ခြင်း။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ပထမဆုံး (၃)နှစ်တွင် နှစ်စဉ်ကဏ္ဍအလိုက်စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းအစီအစဉ်များ ဆောင်ရွက်မှုအောင်မြင်ပါက ပညာရေးဝန်ကြီးဌာနသည် အဆိုပါညှိနှိုင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်မှုနည်းလမ်းကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ နှစ်စဉ်ကဏ္ဍအလိုက်စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းအထိ တိုးချဲ့ရန် ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်သည်။

ပုံ (၃) - အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအစီအစဉ်များစွမ်းဆောင်ရည် Dashboard (Program Performace Dashboard-PPD) ၏စစ်ဆေးမှု (၅)ခု



**နှစ်စဉ်ပညာရေးကဏ္ဍအလိုက် ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်း (Annual Budget Review-ABR)**

နှစ်စဉ်ကဏ္ဍအလိုက် ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်း (Annual Budget Review-ABR) သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်မှု ဒုတိယနည်းလမ်းဖြစ်သည်။ နှစ်စဉ်ကဏ္ဍအလိုက်ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်း အစီအစဉ်သည် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဓိက ဆက်စပ်ဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များက လာမည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအဆိုပြုလွှာများကို (၂)ရက်ကြာ အသေးစိတ်ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။ နှစ်စဉ် ကဏ္ဍအလိုက် ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်း အစီအစဉ်၏ရည်မှန်းချက်မှာ ဦးစီးဌာနတစ်ခုစီမှ အဆိုပြုလာသော အစီအစဉ်များ၊ ကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍ နည်းစနစ်ကျကျ အသေးစိတ် ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်ရန်ဖြစ်သည်။ နှစ်စဉ် ဘဏ္ဍာငွေ ပြန်လည်သုံးသပ်မှုဆောင်ရွက်ခြင်းဖြင့် အောက်ပါအခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်-

(၁) သက်ဆိုင်ရာဦးစီးဌာနများ၏ ဘဏ္ဍာငွေအဆိုပြုလွှာများသည် (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ပုံစံများကို အခြေခံ၍) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ စီမံကိန်းလုပ်ငန်းအစီအစဉ်များ၊ အမျိုးသားပညာရေးဥပဒေနှင့် အစိုးရ၏ မကြာသေးမီကထုတ်ပြန်ထားသော ကြေညာချက်များနှင့် မည်သည့်အတိုင်းအတာအထိ ကိုက်ညီမှုရှိသည်ကို လေ့လာအကဲဖြတ်ခြင်း။

(၂) သက်ဆိုင်ရာဦးစီးဌာနများ၏ဘဏ္ဍာငွေ အဆိုပြုလွှာများသည် (က) တိကျမှန်ကန်စွာတွက်ချက်ထားမှု (ခ) လာမည့် ဘဏ္ဍာရေးနှစ်အတွင်း အပြည့်အဝ အောင်မြင်နိုင်ခြေရှိမှုနှင့် (ဂ)အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ငွေကြေးကျခံသုံးစွဲမှုများအတွက် မည်သည့်အတိုင်းအတာအထိ အကျိုးဖြစ်ထွန်းမည့် အလားအလာရှိမှုတို့ကို အကဲဖြတ်ခြင်း။

(၃) သက်ဆိုင်ရာဦးစီးဌာနများမှ ဘဏ္ဍာငွေအဆိုပြုလွှာများသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ရည်မှန်းချက်ပန်းတိုင်နှင့်မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို အောင်မြင်ဖြစ်ထွန်းစေရန် မည်သည့်အတိုင်းအတာအထိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို ပြန်လည်သုံးသပ်ခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း။

(၄) သက်ဆိုင်ရာဦးစီးဌာနများ၏ ဘဏ္ဍာငွေအဆိုပြုလွှာများသည် Unit Costs များအပေါ် အခြေခံ၍ အသေးစိတ်ရေးဆွဲထားသောဘတ်ဂျက်ဇယားများကို သုံးသပ်ခြင်း။

(၅) လွန်ခဲ့သော (၁၂)လအတွင်း လုပ်ငန်းရလဒ်များ၊ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာဆန်းစစ်ခြင်း။

# အခန်း ၁၄

## နောက်ဆက်တွဲ ၁၄.၁။ AIMS ဖွံ့ဖြိုးမှုအထောက်အပံ့

အောက်ပါဇယားတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကာလအတွင်း ပညာရေးကဏ္ဍကို ထောက်ပံ့ရန် စီစဉ်ထားသော အထောက်အပံ့ဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ပြထားသည်။ ကိန်းဂဏန်းများကို နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှု သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (AIMS)မှ ရရှိသည်။

ဤဇယားသည် NESP ကာလတွင် မျှော်လင့်ထားသော အထောက်အပံ့ကို အရိပ်မြွက်မျှသာ ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးမှုမိတ်ဖက်များစွာတို့သည် (ဥပမာ - UKAID နှင့် DFAT) လာမည့်နှစ်များအတွက် ၎င်းတို့လုပ်ငန်းများကို အစီအစဉ် မချမှတ်ရသေးပေ။ NESP အတွက် ၎င်းတို့၏ ကနဦးအစီအစဉ်များ နောက်ဆုံးရေးဆွဲသည့် အဆင့်တွင်သာရှိသည်။ ထို့ပြင် NESP မစတင်မီက စီစဉ်ခဲ့သော ငွေကြေးထောက်ပံ့မှုများဖြစ်သောကြောင့် NESP လုပ်ငန်းများကို ခြုံငုံမိမည်မဟုတ်ပေ။

ဤနှစ်ချက်စလုံးကို ထည့်သွင်းစဉ်းစားပါက ဇယားတွင် NESP အတွက် စုစုပေါင်းဖွံ့ဖြိုး တိုးတက်ရေး အထောက်အပံ့ကို လျှော့ပြီးခန့်မှန်းထားဟန်ရှိသည်။ ဤကိန်းဂဏန်းများအရ NESP စီမံကိန်းကာလအတွက် မျှော်မှန်းထားသော ကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ ၄၈၄ ဘီလီယံခန့်ရှိသဖြင့် တစ်နှစ်လျှင် မြန်မာကျပ်ငွေ ၉၆.၉ ဘီလီယံနှင့် ညီမျှသည်။

ဇယား - (၁) ။ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကာလအတွင်း (လက်ရှိအစီအစဉ်အတွက်သာ) အထောက်အပံ့ မြန်မာ ကျပ်သန်းပေါင်း

| ဖွံ့ဖြိုးမှုမိတ်ဖက်များ | စီစဉ်ထားသည့် အထောက်အပံ့ | ထောက်ပံ့မည့်ကာလ |
|---|---|---|
| WB - ကမ္ဘာ့ဘဏ် | ၈၇,၉၂၀ | ၂၀၁၄ - ၂၀၁၈ |
| ADB - အာရှ ဖွံ့ဖြိုးရေးဘဏ် | ၂,၁၉၈ | ၂၀၁၄ - ၂၀၁၆ |
| UNICEF - ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေ | ၅၁,၇၉၅ | ၂၀၁၄ - ၂၀၁၇ (အမျိုးမျိုး) |
| DFAT - ဩစတြေးလျအကူအညီ အစီအစဉ် | ၁၂,၄၈၅ | ၂၀၁၂ - ၂၀၁၆ |
| DFID - အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန | ၄,၀၀၉ | ၂၀၁၄ - ၂၀၁၆ |
| EU | ၂၉၁,၇၆၄ | ၂၀၁၄ - ၂၀၂၀ |
| KOICA | ၁၂,၀၈၉ | ၂၀၁၅ - ၂၀၁၇ |
| JICA | ၈,၄၅၅ | ၂၀၁၃ - ၂၀၁၇ နှင့် ၂၀၁၄ - ၂၀၁၇ |
| နော်ဝေအစိုးရ | ၆,၈၅၉ | ၂၀၁၄ - ၂၀၁၆ ၊ ၂၀၁၃ - ၂၀၁၆ နှင့် ၂၀၁၅ - ၂၀၁၈ |
| DANID ဒင်းနစ် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ | ၁,၁၅၄ | ၂၀၁၄ - ၂၀၁၆ |
| NZAIDA – New Zealand Internationl Aid and Development Agency | ၈၂၇ | ၂၀၁၄ - ၂၀၁၇ နှင့် ၂၀၁၅ - ၂၀၁၉ |
| KfW Entwickungs bank | ၄,၉၂၄ | ၂၀၁၅ - ၂၀၁၇ |
| စုစုပေါင်း | ၄၈၄,၄၇၈ | |

ရင်းမြစ်။ AIMS (၁၉ - ၅ - ၂၀၁၅)။ မှတ်ချက်။ (၁) ADB ၏ PYWP ဆွေးနွေးချက်များသည် ဤနေရာတွင် မပါရှိပါ။ (၂) ငွေကြေး လက်ခံရရှိခြင်းမရှိသေးသော်လည်း ဥရောပသမဂ္ဂ၏ လျာထားသော အထောက်အပံ့ကို ဇယားတွင် ထည့်သွင်းထားသည်။ (၃) ငွေလဲနှုန်းသည် ၁၉ - ၅ - ၂၀၁၅ ကို အခြေပြုထားသည်။ (၄) တချို့သော အလှူရှင်များ၏ ရန်ပုံငွေထောက်ပံ့မှုသည် အချိန်ကာလတစ်ခု သတ်မှတ်ဖော်ပြထားသော်လည်း ၎င်းအချိန်ပြင်ပတွင်လည်း သုံးစွဲနိုင်သည်။

# အတိုကောက် စကားလုံးများ

| | |
|---|---|
| ASEAN | Association of Southeast Asian Nations |
| AQRFHE | ASEAN Quality Reference Framework for Higher Education |
| APR | Annual Sector Performance Review |
| ABR | Annual Sector Budget Review |
| AY | Academic Year |
| ADB | Asian Development Bank |
| AIMS | Aid Information Management System |
| AECC | National Alternative Education Co-ordination Committee |
| AE-QSAF | Alternative Education Quality Standards Assessment Framework |
| BE | Basic Education |
| BOT | Board of Trustees |
| CESR | Comprehensive Education Sector Review |
| CDTs | Curriculum Development Teams |
| CAPS | Continuous Assessment and Progression System |
| CETs | Chapter End Tests |
| CFS | Child-friendly School |
| CCA | Child-centred Approach |
| CVT | Centre for Vocational Training (CVT) |
| CBOs | Community-based Organisations |
| CIEP | Compulsory and Inclusive Education Programme |
| CSOs | Civil Society Organisations |
| CPD | Continuous Professional Development |
| COEs | Centres of Excellence |
| DAE | Dept. of Alternative Education |
| DE | Distance Education |
| DBE | Department of Basic Education |
| DERPT | Dept. of Educational Research, Planning and Training |
| DHE | Dept. of Higher Education |
| DME | Dept. of Myanmar Examinations |
| DMNL | Dept. of Myanmar Nationalities' Languages |
| DRI | Dept. of Research and Innovation |
| DRR | Disaster Risk Reduction |
| DTPC | Dept. of Technology Promotion and Coordination |
| DTVET | Dept. of Technical, Vocational Education and Training |
| DG | Director General |
| DDG | Deputy Director General |
| DAIP | Department Annual Implementation Plan |
| DFID | Department for International Development |
| DFAT | Australian Department of Foreign Affairs and Trade |
| ECCD | Early Childhood Care And Development |
| EFA | Education for All |
| EGRA | Early Grade Reading Assessment |
| ESDL | Employment and Skills Development Law |
| EMIS | Education Management Information Systems |
| EOSWG | Employment Opportunities Sector Working Group |
| EPSSim Myanmar | Education Policy and Strategy Simulation Model |
| ESCC | Education Sector Co-ordination Committee |
| GDP | Gross Domestic Product |
| GPE | Global Partnership for Education |
| HEIs | Higher Education Institutions |
| HEQAA | Higher Education Quality Assurance Agency |
| HRIS | Human Resource Information System |
| INGOs | International Non-governmental Organisations |
| ITCs | Industrial Training Centres |
| IQA | Internal Quality Assurance |
| ICT | Information and Communication Technology |
| JICA | Japan International Co-operation Agency |
| KG | Kindergarten |
| KPIs | Key Performance Indicators |
| MOE | Ministry of Education |
| MQAS | Ministry of Education Quality Assurance System |
| MSWRR | Ministry of Social Welfare, Relief and Resettlement |
| MLA | Monitoring of Learning Achievement |
| MMK | Myanmar Kyat |
| MNQF | Myanmar National Quality Framework |
| MoRA | Ministry of Religious Affairs |
| MLRC | Myanmar Literacy Resource Centre |
| MIS | Management Information System |
| M&E | Monitoring and Evaluation |
| MDEF | Multi-donor Education Fund |

| | |
|---|---|
| MDTF | Multi-donor Trust Fund |
| NESP | National Education Strategic Plan |
| NFE | Non-formal Education |
| NEL | National Education Law |
| NFPE EP | Non-formal Primary Education Equivalency Programme |
| NGOs | Non-governmental Organisations |
| NIR | Net Intake Rate |
| NCF | National Curriculum Framework |
| NSSA | National Skills Standards Authority |
| NSIP | National School Infrastructure Investment Plan |
| NCF | National Curriculum Framework |
| NAP | National Assessment Policy |
| NCTPD | National Centre for Teacher Professional Development |
| NFMS EP | Non-formal Middle School Education Equivalency Programme |
| NYEC | National Youth Education Certificate |
| NAQAC | National Accreditation and Quality Assurance Committee |
| NIHED | National Institute for Higher Education Development |
| NEPC | National Education Policy Commission |
| OECD | Organisation for Economic Co-operation and Development |
| PTAs | Parent Teacher Associations |
| PPP | Private–Public Partnerships |
| PMTs | Programme Management Teams |
| PeMAS | Performance Monitoring and Accountability System |
| PFM | Public Financial Management |
| PYWP | Preparing Youth for the Workplace Programme |
| QAS | Quality Assurance System |
| RPL | Recognition of Prior Learning |
| R&D | Research and Development |
| SDG | Sustainable Development Goal |
| SBLP | Summer Basic Literacy Programme |
| SIP | School Improvement Plan |
| SQSAF | School Quality Standards Assurance Framework |
| SBM | School-based Management |
| SSWGs | Sub-Sector Wroking Groups |
| TVET | Technical and Vocational Education and Training |
| TAMs | Teacher Trainers and Mentors |
| TOC | Theory of Change |
| TEOs | Township Education Offices |
| TEC | Teacher Education Council |
| TEIs | Teacher Education Institutions |
| TPTC (Baelin) | Technical Promotion Training Centre (Baelin) |
| UN | United Nations |
| USD | United States Dollar |
| UNESCO | United Nations Educational, Scientific, and Cultural Organisation |
| UOEs | Universities of Education |
| UDNR | University for the Development of National Races for the Union |
| UNICEF | United Nations Children's Fund |
| UKAID | United Kingdom International Development Assistance |
| WASH | Water, Sanitation and Hygiene |

# ကျမ်းကိုးစာရင်း


Abe, Masato and Margit Molnar, Myanmar Business Survey 2014: Survey Results, Organisation for Economic Co-operation and Development and United Nations Economic and Social Commission for Asia and the Pacific, 2014.

Aga Khan Foundation, Improving Learning Achievement in Early Primary in Low-Income Countries: A review of the research, Aga Khan Foundation, Geneva, 2010.

Akyeampong, K. et al., 'Improving teaching and learning of basic maths and reading in Africa: does teacher preparation count?' International Journal of Educational Development, vol. 33, 2013, pp. 272-282.

Alexander, Robin, Culture and Pedagogy: International comparisons in primary education, Wiley-Blackwell, Malden, Mass, 2001.

Ang, Lynn, Early Childhood and Peacebuilding in the Asia-Pacific Region: A literature review to inform a regional research agenda – Final report, United Nations Children's Fund and Institute of Education, University of London, London, 2014.

Asian Development Bank:

Asian Development Outlook 2015: Financing Asia's Future Growth, ADB, Manila, March 2015.

CESR Supplementary Annex: Updated Analysis of Education Access, Retention, and Attainment in Myanmar, with a Focus on Post-Primary Education, 2014.

Higher Education Across Asia: An overview of issues and strategies, ADB, Manila, 2011.

Myanmar in Transition: Opportunities and Challenges, ADB, Manila, August 2012.

Australian Bureau of Statistics, 'What is evidence based decision making?', 20 October 2010, <www.abs.gov.au/ausstats/abs@.nsf/lookup/1500.0chapter32010>, accessed 4 September 2015.

Basaninyenzi, Uwimana, 'Case Study: A communication approach to El Salvador's EDUCO education reform efforts', World Bank Communication for Governance and Accountability Program Discussion Paper 64982, World Bank, September 2011.

Bennett, Randy Elliot, 'Formative Assessment: A critical review', Assessment in Education: Principles, Policy & Practice, vol. 18, no. 1, 2011, pp. 5-25.

Bernbaum, Marcia and Audrey-marie Schuh Moore, Examining the Role of International Achievement Tests in Education Policy Reform: National education reform and student learning in five countries, EQUIP 2 Policy Paper, United States Agency for International Development.

Best, Maura, et al., The Impact of National and International Assessment Programmes on Education Policy, Particularly Policies Regarding Resource Allocation and Teaching and Learning Practices in Developing Countries, Final report, Evidence for Policy and Practice Information and Co-ordinating Centre, Social Science Research Unit, Institute of Education, University of London, London, 2013.

Bethell, George, Examination and Assessment Reform: An overview of experiences in central and eastern Europe, Open Society Institute, July 2003.

Bohan-Baker, Marielle and Priscilla Little, The Transition to Kindergarten: A review of current research and promising practices to involve families, Harvard Family Research Project, Cambridge, Mass., 2002.

Burnet Institute and the Monastic Education Development Group, Monastic Schools in Myanmar – A Baseline Study, February 2014.

Byrne, Elaine, Anne-Katrin Arnold and Fumiko Nagano, Building Public Support for Anti-Corruption Efforts: Why anti-corruption agencies need to communicate and how, World Bank Communication for Governance and Accountability Program, Washington D.C., 2010.

Cabañero-Verzosa, Cecilia and Helen Garcia, 'Using Strategic Communication to Build Commitment to Reform', ch. 1 in Building Commitment to Reform through Strategic Communication: The five key decisions, World Bank, Washington, D.C., pp. 5-26.

Cambridge Education, System Strengthening in Burma: International comparison of achievements and challenges, PowerPoint presentation, February 2015.

Center for Theory of Change, 'What is Theory of Change?' <www.theoryofchange.org/what-is-theory-of-change>, accessed 11 October 2015.

Centre for Higher Education Transformation, Capacity Building Initiatives in Higher Education, CHET, Sunnyside, South Africa, 2002.

Cordingley, Philippa, et al., Developing Great Teaching: Lessons from the international reviews into effective professional development, Teacher Development Trust, 2015.

Daly, Eoin and Seelan Singham, Delivery 2.0: The new challenge for governments, McKinsey & Company, September 2012.

Darling-Hammond, Linda, Creating a Comprehensive System for Evaluating and Supporting Effective Teaching, Stanford Center for Opportunity Policy in Education, Stanford, Calif., 2012.

Darling-Hammond, Linda and Frank Adamson, Beyond Basic Skills: The role of performance assessment in achieving 21st century standards of learning, Stanford Center for Opportunity Policy in Education, Stanford, Calif., 2010.

Doolittle, Peter E. et al., 'Reciprocal Teaching for Reading Comprehension in Higher Education: A strategy for fostering the deeper understanding of texts', International Journal of Teaching and Learning in Higher Education, vol. 17, no. 2, 2006, pp. 106-118.

Education for All Global Monitoring Report, 'Pricing the Right to Education: The cost of reaching new targets by 2030', Policy Paper 18, United Nations Educational, Scientific and Cultural Organization, Paris, March 2013.

Education Inequalities, 'World Inequality Database on Education', <www.education-inequalities.org>, accessed 11 October 2015.

Education Management Information System Strategic Plan 2016-2021, January 2015.

Education Promotion and Implementation Committee, 'Non-formal Education Working Group Policy Paper'.

Education Sector Development National Consultative Meeting Report: Higher education sector, September 2012.

Engle, Patrice et al., 'Strategies to Avoid the Loss of Developmental Potential in More than 200 Million Children in the Developing World,' The Lancet, vol. 369, no. 9557, 20 January 2007, pp. 229-242.

European Union Quality Assurance in Vocational Education and Training, 'Glossary: Quality assurance', <www.eqavet.eu/qa/gns/glossary/q/quality-assurance.aspx>, accessed 10 October 2015.

Glewwe, Paul and Michael Kremer, 'Schools, Teachers and Educational Outcomes in Developing Countries', in Handbook of the Economics of Education, Volume 2, edited by Eric A. Hanushek and Finis Welch, Elsevier B.V., 2006.

Glewwe, Paul et al., 'School Resources and Educational Outcomes in Developing Countries: A review of the literature from 1990 to 2010', Working Paper 17554, National Bureau of Economic Research, 2011.

Global Campaign for Education, Send All My Friends to School: A Global Campaign for Education UK evaluation of the UK's aid to education for children with disabilities, GCE UK, 2014.

Global Education First Initiative, <www.globaleducationfirst.org/218.htm>, accessed 11 October 2015.

Global Initiative on Out-of-School Children, <http://allinschool.org>, accessed 11 October 2015.

Hanushek, Eric A. and Ludger Woessmann, 'The Economics of International Differences in Educational Achievement', Discussion Paper No. 4925, IZA, Bonn, May, 2010.

Universal Basic Skills: What countries stand to gain, Organisation for Economic Co-operation and Development (OECD), OECD Publishing, 2015.

Hanushek Eric A., Victor Lavy and Kohtaro Hitomi, 'Do Students Care About School Quality? Determinants of Dropout Behavior in Developing Countries', Journal of Human Capital, vol. 2, no. 1, Spring 2008, pp. 69-105.

Hardman, Frank et al, Baseline Study: Child-centred approaches to teaching and learning practices in selected primary schools in child-friendly school focused townships in Myanmar, United Nations Children's Fund and the University of York, 2012.

'Developing a Systematic Approach to Teacher Education in Sub-Saharan Africa: Emerging lessons from Kenya, Tanzania and Uganda', Compare: A Journal of Comparative and International Education, vol. 41, issue 5, 2011, pp. 669–684.

'Developing Pedagogical Practices in Myanmar Primary Schools: Possibilities and constraints', Asia Pacific Journal of Education, 28 April 2014.

Harris, Erin, 'Ask the Expert: An introduction to theory of change', Evaluation Exchange: A Periodical on Emerging Strategies in Evaluation, vol. XI, no. 2, Summer 2005.

Hattie, John, Visible Learning: A synthesis of over 800 meta-analyses relating to achievement, Routledge, Abingdon, UK, 2009.

Heckman, James J. and Dimitriy V. Masterov, The Productivity Argument for Investing in Young Children. Early Childhood Research Collaborative, Minneapolis, 2006.

Inter-Agency Network for Education in Emergencies (INEE), Gender Equality in and Through Education: INEE pocket guide to gender, INEE, Geneva, 2010.

Japan International Cooperation Agency, Data Collection Survey on Education in Myanmar: Final Report, 2013.

Jaramillo, Adriana and Alain Mingat, 'Can Early Childhood Programs Be Financially Sustainable in Africa?' In Africa's Future, Africa's Challenge: Early Childhood Care and Development in Sub-Saharan Africa, edited by Marita Garcia, Alan Pence, and Judith L. Evans, World Bank, Washington, D.C., 2008.

Johannesen, Kurt, 'Policy Brief: How to improve the employability of higher education graduates', Association for the Development of African Education, 2015.

Kennedy, Aileen, 'Models of Continuing Professional Development: A framework for analysis'. Journal of In-service Education, vol. 31, no. 2, 2005, pp. 235–249.

KPMG, Infrastructure in Myanmar, KPMG, Yangon, 2013.

Kremer, Michael, Conner Brannen and Rachel Glennerster, 'The Challenge of Education and Learning in the Developing World', Science, vol. 340, no. 6130, 19 April 2013, pp. 297-300.

Krishnaratne, Shari, Howard White and Ella Carpenter, 'Quality Education for All Children? What Works in Education in Developing Countries', Working Paper 20, International Initiative for Impact Evaluation (3ie), New Delhi, September 2013.

Latchem, Colin, Quality Assurance Toolkit for Open and Distance Non-formal Education, Commonwealth of Learning, Vancouver, 2012.

Le Fanu, Guy, 'Reconceptualising inclusive education in international development', in Education Quality and Social Justice in the Global South: Challenges for policy, practice and research, edited by Leon Tikly and Angeline Barrett, Routledge, New York, 2013, pp.40-56.

Learning Metrics Task Force, Toward Universal Learning: A global framework for measuring learning. Report No. 2 of 3, United Nations Educational, Scientific and Cultural Organisation Institute for Statistics and the Center for Universal Education at the Brookings Institution, Washington, July 2013.

Looney, Janet W., 'Integrating Formative and Summative Assessment: Progress toward a seamless system?', Organisation for Economic Co-operation and Development Education Working Paper No. 58, OECD, 2011.

Lythe, David, 'Industry Leadership of Human Resources Development in Myanmar', International Labour Organization – Asia Pacific Working Paper Series, ILO, March 2015.

Meyers, Marcia K. et al., 'Inequality in Early Childhood Care and Education: What do we know?' In Social Inequality, edited by Kathryn Neckerman, Sage, New York, 2004.

Ministry of Education, Malaysia, Malaysia Education Blueprint 2013-2025, September 2012.

Malaysia Education Blueprint Annual Report, 2013.

Ministry of Education, Myanmar, Comprehensive Education Sector Review (CESR) Phase 2 Curriculum Report: Technical Annex on the Secondary Education System and Supplementary Appendix, 2014.

Comprehensive Education Sector Review Integrated Household Living Conditions Survey (IHLCS), 2009/10.

'Comprehensive Education Sector Review Phase 2 Primary Education Brief Report (draft)', 2014.

'Comprehensive Education Sector Review Phase 2 Report: In-Depth Analysis, Supplementary Annex: Updated Analysis of Education Access, Retention, and Attainment in Myanmar, with a Focus on Post-Primary Education' (draft), 3 February 2014.

Comprehensive Education Sector Review Phase 2 Report on Assessment (Grades 1-11), November 2013.

Comprehensive Education Sector Review Phase 2 Report on Early Childhood Care and Development, 2014.

Comprehensive Education Sector Review Phase 2 Report on Educational Policy, Legislation, Management, Financing, Supervision and Quality Assurance, 2014.

Comprehensive Education Sector Review Phase 2 Report on Higher Education, 2014.

Comprehensive Education Sector Review Phase 2 Report on Non-formal Education, 2014.

Comprehensive Education Sector Review Phase 2 Report on Primary Education, 2014.

Comprehensive Education Sector Review Phase 2 Report on Secondary Education, 2014.

Comprehensive Education Sector Review Phase 2 Report on Teacher Education, 2014.

Comprehensive Education Sector Review –Technical and Vocational Education and Training Working Group, Phase 1 – Rapid Assessment Report.

Comprehensive Education Sector Review Phase 2 SES Supplementary Appendix on IHLCS analysis, Appendix 5 (draft)', 2013.

Education for All 2015 National Review Report: Myanmar, March 2014.

National Education Development Long-Term Plan (2011–2013 to 2030–2031), Higher Education Sector.

'Recent Development in the CESR Sector Reform Process', PowerPoint presentation, December 2013.

Ministry of Education, Myanmar, Asian Development Bank, and Australian Aid, Comprehensive Education Sector Review Phase 2 Supplementary Annex: Updated Analysis of Education Access, Retention, and Attainment in Myanmar, with a Focus on Post-Primary Education, Yangon, 2014.

Ministry of National Planning and Economic Development, Myanmar and United Nations Children's Fund, Situation Analysis of Children in Myanmar. Nay Pyi Taw, July 2012.

Montenegro, Claudio E. and Harry Anthony Patrinos, 'Returns to Schooling Around the World', Background paper for the World Development Report 2013, World Bank, 2013.

Myanmar, Early Childhood Care and Development Policy, 2014.

Framework for Economic and Social Reforms – Policy Priorities for 2012-15 towards the Long-Term Goals of the National Comprehensive Development Plan, 14 January 2013, p. 8, <www.themimu.info/sites/themimu.info/files/documents/Ref%20Doc_FrameworkForEconomicAndSocialReform2012-15_Govt_2013%20.pdf>, accessed 11 October 2015.

National Education Law, 2014.

Naing, Ei Thae Thae, 'Education Policy in Planning Stages', Myanmar Times, 18 November 2013, <www.mmtimes.com/index.php/national-news/8816-education-policy-in-planning-stages.html>.

Nelson, Mark, Does Training Work? Re-examining donor-sponsored training programs in developing countries, World Bank, Washington, D.C., 2006.

Odugbemi, Sina and Thomas Jacobson, eds.,, Governance Reform Under Real World Conditions: Citizens, stakeholders and voice, World Bank, Washington, D.C., 2008.

Oo, Zaw, et al., Making Public Finance Work for Children in Myanmar: An overview of public finance trends 2011-12 to 2014-15, United Nations Children's Fund and the Myanmar Development Resource Institute – Centre for Economic and Social Development, Yangon, 2015.

Organisation for Economic Co-operation and Development, Building a High Quality Teaching Profession: Lessons from around the world, OECD, Paris, 2011.

Education Today 2010: The OECD perspective, OECD, 2010.

'Evaluation and Assessment Frameworks for Improving School Outcomes: Common policy challenges', OECD, 2010.

Inclusive Education at Work: Students with Disabilities in Mainstream Schools, OECD, Paris, 1999.

Skills Beyond School: Synthesis Report, OECD Reviews of Vocational Education and Training, 2014.

Synergies for Better Learning: An international perspective on evaluation and assessment, OECD, 2013.

Parliamentary Assembly of the European Council, Committee on Culture and Education, Report: Non-formal Education, Doc. 8595, 15 December 1999.

Peters, Susan J., Inclusive Education: An EFA Strategy for All Children, World Bank, November 2004.

Porter, Eduardo, 'More in School, but Not Learning', New York Times, 12 May 2015.

Postlethwaite, T. Neville and Thomas Kellaghan, National Assessments of Educational Achievement, International Academy of Education and International Institute for Education Planning, United Nations Educational, Scientific and Cultural Organization, Paris, 2008.

Sabates, Ricardo, et al, 'School Drop Out: Patterns, Causes, Changes and Policies', Background paper prepared for the EFA Global Monitoring Report 2011, The Hidden Crisis: Armed Conflict and Education, University of Sussex and the United Nations Educational, Scientific and Cultural Organization, 2010.

Save the Children, Qualitative Assessment: Consolidated Report, Myanmar School Grant and Stipend Programme, Phase 1 & 2, Save the Children, Yangon, 6 February 2015.

Review: Teacher support and development interventions, Save the Children, London, June 2012.

Shaeffer, Sheldon, Comprehensive Education Sector Review Phase 2 Report: Enhanced primary school quality through management reform and improved classroom practices, Ministry of Education, Myanmar, 2013.

Shillabeer, Anna, Terry F. Buss and Denise M. Rousseau, Evidence-Based Public Management: Practices, issues and prospects, Routledge, Abingdon, U.K., 2014.

Stiggins, Rick and Jan Chappuis, 'What a Difference a Word Makes: Assessment FOR learning rather than assessment OF learning helps students succeed', Journal of Staff Development, vol. 27, no. 1, Winter 2006, pp. 10-14.

Sui-chu Ho, Esther, 'Student Learning Assessment', United Nations Educational, Scientific and Cultural Organization Asia-Pacific Education System Review Series, no. 5, 2013.

Sutcliffe, Sophie and Julius Court, Evidence-Based Policymaking: What is it? How does it work? What relevance for developing countries? Overseas Development Institute, November 2005.

Suzuki, Shin'ichi and Edward R. Howe, eds., Asian Perspectives on Teacher Education, Routledge, London, 2010.

Task Force on Higher Education and Society, Higher education in developing countries: Peril and promise, World Bank, Washington, D.C., 2000.

Timperley, Helen, Realising the Power of Professional Learning, Open University Press, Maidenhead, UK, 2011.

Todd, Robin, John Martin and Andy Brock, Delivery Units: Can they catalyse sustained improvements in education service delivery? Cambridge Education, February 2014.

United Nations Children's Fund, Comprehensive Education Sector Review Phase 1 Early Childhood Care and Development Situation Analysis, 2012.

United Nations Children's Fund and Cambridge Distance Education Consultancy, Open and Distance Learning for Basic Education in South Asia: Its potential for hard-to-reach children and children in conflict and disaster areas, UNICEF and CDEC, Kathmandu, 2009.

United Nations Department of Economic and Social Affairs, World Population Prospects: 2012 Revision, Low Fertility Scenario, 2012, < http://esa.un.org/unpd/wpp/Publications/>, accessed 10 October 2015.

United Nations Educational, Scientific and Cultural Organization, Achieving Education for All through Equivalency Programmes in Asia-Pacific: A regional overview with highlights from India, Indonesia, Thailand and the Philippines, UNESCO, Bangkok, 2010.

Asia Pacific Regional Guide to Equivalency Programmes, UNESCO, Bangkok, 2012.

Education for All 2000-2015: Achievements and challenges, Education for All Global Monitoring Report, UNESCO, Paris, 2015.

Flexible Learning Strategies: Country case report, UNESCO, Bangkok, 2013.

'Inclusion of Children with Disabilities: The early childhood imperative', Policy Brief on Early Childhood, no. 46, Paris, April-June 2009.

Overcoming Inequality: Why governance matters, Education for All Global Monitoring Report 2009, UNESCO, Paris, 2009.

'Quality Assurance', <www.unesco.org/new/en/education/themes/strengthening-education-systems/higher-education/quality-assurance/>, accessed 10 October 2015.

Strong Foundations: Early Childhood Care and Education, Education for All Global Monitoring Report 2007, UNESCO, Paris, 2006.

Synergies Between Formal and Non-formal Education: An overview of good practices, UNESCO, Paris, 2006.

Teaching and Learning: Achieving quality for all, Education for All Global Monitoring Report 2013/14, UNESCO, Paris, 2014.

Understanding and Responding to Children's Needs in Inclusive Classrooms: A guide for teachers, UNESCO, Paris, 2001.

United Nations Educational, Scientific and Cultural Organization Bangkok, 'Community Learning Centres (CLCs)', <www.unescobkk.org/education/literacy-and-lifelong-learning/community-learning-centres-clcs>, accessed 11 October 2015.

United Nations Educational, Scientific and Cultural Organization Institute for Statistics and United Nations Children's Fund, Fixing The Broken Promise of Education for All: Findings from the Global Initiative on Out-of-School Children, UIS and UNICEF, Montreal, 2015.

United Nations Population Fund, 2014 Myanmar Housing and Population Census, <http://countryoffice.unfpa.org/myanmar/census/>, accessed 10 October 2015.

Verdisco, Aimee, 'Solving Latin America's Most Urgent Problems: ECD and the Consulta de San Jose', Coordinators' Notebook: Funding the Future: Strategies for Early Childhood Investment, Costing and Financing, no. 30, Consultative Group on Early Childhood Care and Development, Toronto, 2008.

Vine, K., Quantitative Study of Child Friendly School Implementation in Myanmar, United Nations Children's Fund, 2010.

Walker, Susan P. et al., 'Child Development: Risk factors for adverse outcomes in developing countries', The Lancet, vol. 369, no. 9556, 13 January 2007, pp. 145-157.

Wang, Lianqin, 'Capacity Building Under Reimbursable Technical Assistance Programs: The case of Oman's education sector', MNA Knowledge and Learning Fast Briefs, no. 94, World Bank, February 2013.

Werquin, Patrick, Recognising Non-Formal and Informal Learning: Outcomes, policies and practices, Organisation For Economic Co-Operation And Development, Paris, 2010.

Westbrook, Jo et al., Pedagogy, Curriculum, Teaching Practices and Teacher Education in Developing Countries: Final report, Education Rigorous Literature Review, Institute of Education, Evidence for Policy and Practice Information and Co-ordinating Centre, London, 2013.

Wilger, Andrea, Quality Assurance in Higher Education: A literature review, National Center for Postsecondary Improvement, Stanford, Calif., 1997, <http://siher.stanford.edu/documents/pdfs/6-03b_qualityassurance.pdf >, accessed 10 October 2015.

Wood, John, 'Let Us Prioritise Investment in Education Management Information Systems', Educational Technology Debate, June 2011, <http://edutechdebate.org/education-management-information-systems/let-us-prioritise-investment-in-education-management-information-systems/>, accessed 4 September 2015.

World Bank, Driving Performance through Center of Government Delivery Units, World Bank, Washington, D.C., 2010.

Early Grades Reading Assessment, 2014. 'Overview: Myanmar', 2015, <www.worldbank.org/en/country/myanmar/overview>, accessed 11 October 2015.

'Project Appraisal Document: Myanmar decentralizing funding to schools project', Report No. PAD704, World Bank, 16 April 2014.

Public Expenditure Review, 2014.

Public Expenditure Review, 2015.

Teachers for Rural Schools: Experiences in Lesotho, Malawi, Mozambique, Tanzania, and Uganda, World Bank, Washington, D.C., 2008.

What is school-based management?, World Bank, Washington, D.C., 2008.

World Development Report 1998/1999: Knowledge for development, New York, Oxford University Press, 1998.

World Bank Group, Myanmar Investment Climate Assessment: Sustaining reforms in a time of transition, Report No. 93848-MM, January 2015.

Ending Poverty and Boosting Shared Prosperity in a Time of Transition: A systematic country diagnostic, Report No. 93050-MM, November 2014.

World Health Organization, 'What is evidence-informed policy-making?",<www.who.int/evidence/about/en/>, accessed 10 October 2015.

Wrigley, Julia and Joanna Derby, 'Fatalities and the Organization of Child Care in the United States, 1985-2003', American Sociological Review, vol. 70, 2005, pp. 229-257.

Yeboah, David Achanfuo, 'Enhancing Transition from Early Childhood Phase to Primary Education: Evidence from the research literature', Early Years: An international research journal, vo. 22, no. 1, 2002, pp. 51-68.

Yoon, K.S. et al., Reviewing the Evidence on How Teacher professional Development Affects Student Achievement, Issues & Answers Report, REL 2007-No. 033, U.S. Department of Education, Institute of Education Sciences, National Center for Education Evaluation and Regional Assistance, Washington, D.C., 2007.

Zaw, Kan, 'Appointment of Permanent Secretaries is Lawful: Pyidaungsu Hluttaw', Global New Light of Myanmar, 9 April 2015, <www.burmalibrary.org/docs21/PYIDH-GNLM-2015-04-10-en.pdf>, accessed 11 October 2015.

Zussman, David, Evidence-Based Policy Making: Some Observations of Recent Canadian Experience, Social Policy Journal of New Zealand, Issue 20, June 2003, pp. 64-71.







ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်။













၂၀၁၆